
www.burmeseclassic.com



www.burmeseclassic.com

# Quality Publishing House

အမှတ် - ၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၈၃၆၆၄၊ ၃၈၆



ဒဂုန်ရွှေမျှား
**ထောင်မင်းသား ဦးဘိုးထော်**



ဒဂုန်ရွှေမျှား
**ဝိညာဉ်လောက ဝတ္ထုတိုများ**



ဒဂုန်ရွှေမျှား
**ကန္တာရ အကျဉ်းသမား**



ဒဂုန်ရွှေမျှား
**အဏ္ဏဝါရေအောက် ခရီး**



ဒဂုန်ရွှေမျှား
**ပုလဲဒေဝီ**



ဒဂုန်ရွှေမျှား
**နေထွက်ဘုရင်မ**



ဒဂုန်ရွှေမျှား
**ရွှေဝင်နတ်ဘုရား**



ဒဂုန်ရွှေမျှား
**သုံးဖော်ညီနော**



ဒဂုန်ရွှေမျှား
**ရော်ဘင်ဆင် ကရူးဆိုး**



ဒဂုန်ရွှေမျှား
**ကမ္ဘာမြေအောက် ခရီး**

Quality စာအုပ်တိုက်မှ စီစဉ်သည်

Quality Publishing House

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃

www.burmeseclassic.com

www.burmeseclassic.com


ချုပ်အောင်ဆန်း
နှစ်တစ်ရာပြည့်
အထိမ်းအမှတ်
စိစဉ်ထုတ်ဝေထားပြီး
မှာယူသူများအား
အထူးနှုန်းဖြင့်
ချင်းလျှော့ပေးပါမည်

Publishing House
ပြည့်စုံထွန်းစာပေ
– ၅၀၈/၅၁၂ (၂-ခ)
ကုန်သည်လမ်း
ကြော်ငြာ
lityph@gmail

ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အစ္စာပွတ္တိ ရုပ်ပြနှင့် ကာတွန်းအ



ဗိုလ်ချုပ်အောင်ဆန်းအစ္စာပွတ္တိရုပ်ပြ
တန်ဖိုး – ၅၀၀၀ ကျပ်



ပြန်ဟစ်ညာသူ အချစ်မင်း
ဗိုလ်ချုပ်ဦးအောင်ဆ
တန်ဖိုး – ၂၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
တန်ဖိုး – ၅၀၀၀ ကျပ်



စစ်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၀၀၀၀ ကျပ်



ဗိုလ်တေဇ ဘဝကမ္ဘာ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၆၀၀၀ ကျပ်



အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှုမှ စီအိုင်ဒီ အခန်းကဏ္ဍ
တန်ဖိုး – ၀၀၀၀ ကျပ်



အောင်ဆန်း၏ အောင်ဆန်း
ဗိုအောင်လေး
တန်ဖိုး – ၁၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်းရာပြည်
တန်ဖိုး – ၀၀၀၀ ကျပ်

Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# previews

NO.137, June, 2016


ဓာတ်ပုံသက်သေ ၆
ဒရုန်ရွှေများ

၂၇ ဝိုးတကျဆွေ့ကိုယ်
တောင်မှူးကြီးသိန်းဝင်း

ကံကြမ္မာအလှည့်အပြောင်း ၃၇
ဆွေမြင့်

၅၀ ဝိညာဉ်ချစ်ရလေသောသူ
ကျော်အေးရွှေ

ရန်ငြိုးဖွဲ့သောကျားညီနောင် ၆၃
တင့်ထူး (ဧရာဝတီ)

၇၄ မှုခင်းတကရောသန်
မောင်ညိုမှိုင်း (သန်လျင်)

ဆောဘာနှင့်သောက ၈၈
မောင်မြင့်မား (ဗိုလ်ကလေး)

၉၈ နှင်းတို့၏ကမ္ဘာ
ဝေယံသိန်း

ဘဝအဘော ၁၁၇
တောင်မှူးမမ

၁၃၀ တောင်ခြောက်တာလား
မင်းသစ္စာလှိုင် (ကဒုံကနီ)

မုဆိုးလသာတံငါလိုက် ၁၄၀
မန္တလာသား

၁၆၆ သည်မှာဘက်ကမ်း
ရဲမြတ်တင်

လှည့်ကွက် ၁၈၃
နေဝန်းနီ

၁၉၇ အဲဒီညကညဟာညကိုရှက်လို့
လူရှိန်အောင်

အဆုံးသတ်သည့်ဟာကွက် ၂၀၃
သိလှီးသန်းအောင် (မြင်းခြံ)

၂၁၈ တောင်ပြာလဲမှုကိုသြေသင့်
နန္ဒသူ


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ
ဆလှ့မြင့်မောင် (၀၄ ၃၁၁၁၆၉၅၉)

အုပ်ချုပ်အယ်ဒီတာ
နော်မာရွှေ

အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်

ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ မင်းထွဋ်၊
နေဇော်ဟိန်း၊ ဇော်လင်း၊ သန့်ထက်ဇော်
ထွန်းထွန်း၊ ဖြိုးဝင်းဦး၊ ညီညွန့်ဟိန်း၊ မြမြသင်း၊
မြတ်နှင်းနွယ်၊ ကြည်ဇင်သန့်၊ ဇာနည်ဖြိုး၊ မီမီ၊

ပုံနှိပ်သူ
ဖြိုးဝေလှုံပုံနှိပ်တိုက်
ဒေါ်မြင့်မြင့်မွန် (၀၁၂၃၈)

**စာအုပ်ချုပ်**
တင်မေထွန်း

**အုပ်ရေ–၅၀၀**
**တန်ဖိုး– ၂၀၀၀ ကျပ်**

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
အမှတ်–၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၃၆၆၄၊ ၃၈၆၅၃၃။

**ထုတ်ဝေသူ**
ဦးမြင့်ထွန်း (မြ–၀၀၅၆၂)၊ ကမ္ဘာ့အလင်းရောင်စာပေ သကျန
အမှတ်–၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
(သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးဒီဇိုင်း**
မင်းထွဋ်

**အတွင်းသရုပ်ဖော်**
ကံကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ပိုင်းမော်။

**ကွန်ပျူတာနှင့် ဖလင်**
Quality

NEXT MONTH PREVIEW




အောက်ထပ်က အသဲ
ဆွေလှိုင်ဦး




ဝက်ပါ ဆိုသည်မှာ
ဆေ့မြင့်



ကံဆိုးမိကျ
စေသူမင်းသျှင်

www.burmeseclassic.com

www.burmeseclassic.com



က်တာမျှ ချစ်မြတ်နိုးရသူ
က်ခံရသဖြင့် တရားခံကို
ပ်ရှာဖွေပြီး ပြန်လ
ားချေရာမှ
ဆုံးတွင် ..



**ကျွန်ုပ်သည်** ရန်ကုန်ထောင်ကြီး၌
ဒုတိယအကြိမ် အကျဉ်းခံလျက်ရှိစဉ်
ထောင်မှူးကြီး၏ ရုံးခန်းကို နေ့စဉ် သုတ်သင်
ရှင်းလင်းရခြင်း၊ ထောင်မှူးကြီးစေခိုင်းသမျှ ဗာဟီရကိစ္စများကို
ဆောင်ရွက်ရခြင်းစသော အလုပ်ဝတ္တရားကို ဆောင်ရွက်ရ၏။ နံနက် (၉)
နာရီတွင် တစ်ကြိမ်၊ ညနေ (၄)နာရီတွင်တစ်ကြိမ်၊ ဖုန်များကို သုတ်၍ စာအုပ်နှင့်
စာအုပ်ဗီရိုများကို ရှင်းလင်းသုတ်သင်ရ၏။ တစ်နေ့သောနံနက်ခင်း၌ ကျွန်ုပ်သည်
ထောင်မှူးကြီး၏စားပွဲကို ရှင်းလင်းသုတ်သင်လျက်ရှိစဉ် ကုလားကပြား ထောင်မှူးကလေး
တစ်ယောက်ဝင်လာ၍ မောင်စိန်မှန်ဆိုသူ အကျဉ်းသား လူမမာတစ်ယောက်က ကျွန်ုပ်နှင့်
တွေ့လိုကြောင်း ပြောသည်နှင့် ကျွန်ုပ်လည်း ထောင်မှူးထံ ခွင့်တောင်းပြီးလျှင်
မောင်စိန်မှန်ရှိရာသို့ လိုက်သွားလေ၏

www.burmeseclassic.com

www.burmeseclassic.com

မောင်စိန်မှန်၏ အိပ်ရာသို့ရောက်လျှင်မောင်စိန်မှန်မှာ သစ်သားကြမ်းပြင်ပေါ်ရှိအိပ်ရာပေါ်တွင် များစွာ ရှောင်းဆိုးလျက်ရှိလေရာ ဖုဝ်း၏ အသားမှာ နနွင်းတဲ့သို့ ဝါမြီးလျှင် မျက်လုံးတို့မှာလည်း အတွင်းသို့ များစွာ ချိုင့်ဝင်လျက်ရှိသည်ကိုတွေ့ရ၏။ ရုပ်လက္ခဏာကိုကြည့်ခြင်းအားဖြင့် မောင်စိန်မှန်မှာ လူ့ပြည်တွင် တာရှည်စွာ နေရတော့မည်မဟုတ်ဘဲ မကြာမီ အသက်နှင့် စည်းစိမ်ကို စွန့်ခွာသွားရတော့မည့်အကြောင်းကိုသိရလေသည်။

"ဦးဘိုးထော် မှတ်တယ်ဗျ"

"ဟုတ်ပါတယ် ခင်ဗျာ၊ ခင်ဗျားတွေ့ချင်တယ်ဆိုလို့ လာခဲ့တယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒီလိုရှေ့ရိုက်ပြီး ချက်ချင်းလိုက်လာတယ်ဆိုတာ၊ ဒါနဲ့ ဦးဘိုးထော် ကျုပ်တော့ လူ့ပြည်မှာ ကြာကြာမနေရတော့ဘူးဗျ။ ဒီရောင်းဆိုးသွေးပါရောဂါနဲ့ပဲ သွားရတော့မှာပဲ"

"နေပါဦး – ခင်ဗျား ဆေးရုံကိုတက်နေသေးတယ်မဟုတ်လား"

"ဟုတ်တယ် – ဆေးရုံမှာတစ်ပတ်၊ ထောင်ဆေးရုံမှာ အရက် (၂၀) ကျော်ကျော်လောက် နေခဲ့ရတယ်"

"ဒါဖြင့် ဘာဖြစ်လို့ပြန်လာရသလဲ"

"ကျုပ်ကိုယ်ကျုပ် သေမှာသိလို့ မသေခင် ခင်ဗျားနဲ့ တွေ့ပြီး ကျုပ်ဘဝ အဖြစ်အပျက်ကလေး ခင်ဗျားကို ပြောခဲ့ချင်လို့ ဦးဘိုးထော်ရဲ့"

"ဪ – ဒီလိုကိုး"

"ထောင်ထဲက လူတွေရဲ့ အဖြစ်အပျက်တွေကို စုဆောင်းနေတယ်လို့ ကျုပ်ကြားတယ် – ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်လိုသဘောနဲ့ဒီလိုစုဆောင်းတာလဲဗျ"

"ဝါသနာပါလို့လုပ်တာပါကိုစိန်မှန်ရယ်၊ ဘယ်အတွက်ကယ်လို့မှ ရည်ရွယ်ချက်မရှိဘူး။ ထောင်ထဲမှာဆိုတော့ ခင်ဗျားသိတဲ့အတိုင်းတော်တော်ကလေး လူစုံတယ်ဗျ၊ အထက်နယ်က လူလည်းရှိတယ်၊ အောက်မြို့ကျေးရွာကလူလည်းရှိတယ်၊ ဆန်းဆန်းပြားပြား အဖြစ်အပျက်တွေကို တွေ့ကြုံခဲ့တဲ့လူများလည်း ရှိတယ်၊ ဒီတော့ သူတို့ကို တစ်စတစ်စ ထောက်လှမ်းမေးမြန်းပြီးကျုပ်လိုချင်တဲ့ အချက်တွေရတော့ ကျုပ် ဗဟုသုတ တိုးတာပဗျာ"

"အင်း – ဒါကြောင့် – ကျုပ်လည်း မသေခင် ဖွင့်ပြီးပြောခဲ့ချင်တာကလေး တစ်ခုရှိလို့ ခင်ဗျားကိုအခေါ်လွှတ်ရတာပဲဗျို့၊ ဒီအကြောင်းတွေ ခင်ဗျားကို ပြောသွားခဲ့ရလို့ရှိရင် ကျုပ်အသက်ဖြောင့်ဖြောင့် ထွက်ကောင်းပါရဲ့ဗျာ"

မောင်စိန်မှန်သည် သူ၏အိပ်ရာခေါင်းအုံးအောက်တွင် ကျစ်လျစ်သိပ်သည်းစွာဝှက်ထားသောစာရွက်ကလေး (၂)ရွက်ကိုကျွန်ုပ်အားထုတ်ပေးလေရာ တစ်ရွက်မှာ မြေပုံ နှင့် သင်္ကေတ်တူ၍ အခြားတစ်ရွက်မှာ အလွန်ဟောင်းနွမ်းနေသော ဓာတ်ပုံကလေးတစ်ခုဖြစ်လေသည်။

မြေပုံမှာ ထောင့်အစွန်းတစ်ခုတွင် ခရီးအကွာအဝေးကိုအင်္ဂလိပ်မိုင်များဖြင့် စကေးပြုလုပ်၍ ပြထားသည့်ပြင် တစ်ခုသောနေရာ၌ မင်နီဖြင့် ကြက်ခြေခတ်၍ ပြထားသော နေရာတစ်ခုလည်း ပါရှိ၏။ ဓာတ်ပုံမှာ မိန်းကလေးတစ်ယောက်၏ ဓာတ်ပုံဖြစ်၍ စက္ကူမှာ အဝါရောင်သို့ကူးပြောင်းကာ အလွန် ဟောင်းနွမ်းလျက်ရှိနေလေပြီ။ မျက်နှာပုံကို ခပ်ရေးရေးမျှမြင်ရလျက် အသက်အရွယ်အားဖြင့် (၁၄)နှစ်၊ (၁၅)နှစ်ခန့်မျှသာ ရှိပေဦးမည်။ ခပ်ရေးရေးမျှ ပေါ်လွင်လျက်ပင်ရှိသော မျက်နှာကလေးမှာ အတော်ချောမောလှပသော မိန်းမပျိုတစ်ယောက်၏မျက်နှာဖြစ်ရမည်ဟု ခန့်မှန်းရ၏။

"ဦးဘိုးထော် ကျုပ်မရှိတဲ့နောက် ကျုပ်အတွက် ကုသိုလ်ကောင်းမှု တစ်ခုကိုပြုရမယ်ဆိုရင် ပြုနိုင်ပါ့မလား"

"ကျုပ်လည်း ခင်ဗျားလိုပဲ ထောင်နန်းစံပြီး နေရတဲ့ လူတစ်ယောက် ဘယ်မှာ ကုသိုလ်ကောင်းမှုကို သတိရနိုင်ပါ့မလဲ – ကိုစိန်မှန်"

"ဒါကို ပြောတာ မဟုတ်ဘူးဗျ၊ ထောင်ကလွတ်တဲ့အခါကို ပြောတာပါ၊ ကုသိုလ်လုပ်ရမယ်ဆိုတာကလည်း တခြားသူပစ္စည်းနဲ့ လုပ်ရမှာမဟုတ်ဘူး၊ ကျုပ်ပစ္စည်းနဲ့ပါ"

"ဒီလိုဆိုရင် လုပ်နိုင်ရေးရဲ့ဗျာ"

"ကိုင်း – ဦးဘိုးထော်၊ ကျုပ် အရှင်းပြီး ပြောတော့မယ်၊ ကျုပ်မှာ ပစ္စည်းအတော်များများ မြှုပ်နှံထားခဲ့တဲ့ နေရာတစ်ခုရှိတယ်၊ အဲဒီနေရာက ကျုပ်ဇာတိဖြစ်တဲ့ ပြည်မြို့ပဲ၊ အလွယ်တကူသိနိုင်အောင် အရှေ့အနောက် တောင်မြောက်ပြပြီး ပစ္စည်းမြှုပ်ထားတဲ့နေရာကိုတော့ မင်နီနဲ့ကြက်ခြေခတ်ပြထားတယ်၊ ဒါ ခင်ဗျားလက်ထဲက မြေပုံပဲ၊ ဒီတော့ ကျုပ် မြေပုံမှာပါတဲ့အတိုင်း ဥစ္စာပစ္စည်းတွေကို





www.burmeseclassic.com

www.burmeseclassic.com

တူခေါ်ပြီးတစ်ဝက်ကို ခင်ဗျားယူ၊ ကျန်ခဲ့တဲ့တစ်ဝက်ကိုလှူဒါန်းပြီး ကျုပ်အတွက် အရှုအတန်းဝေပါ။ မကောင်းဘူးလား ဗျား ဘယ့်နှယ်လဲ – ဦးဘိုးထော် သဘောပေါက်ပြီမဟုတ်လား"

"ကောင်းပါပြီဗျာ – ကျုပ်အတွက် ရေရှင်နေပါစေ၊ ခင်ဗျားပြောတဲ့အတိုင်း ကျုပ်ဆောင်ရွက်ပါ့မယ်"

"ဒီလိုလည်းမဟုတ်ဘူးလေ၊ ခင်ဗျား ခုတွေ့ရတဲ့အတွက် ခင်ဗျားတစ်ဝက်ဆိုင်တယ်လို့ ကျုပ်ယူဆတယ်။ ကျုပ်မှာ ခင်ဗျားအပြင် ပေးစရာ သားသမီးလည်း မရှိဘူးဗျ၊ ဆွေမျိုးညာတိဆိုလို့လည်း ဟုတ္တိပတ္တိမရှိဘူး။ ဒီတော့ မြေကြီးသြဇာအဖြစ်ခံမယ့် အတူတူ တစ်ဝက်ကို တုသိုလ်လုပ်၊ တစ်ဝက်ကိုကိုယ်နဲ့ခင်မင်တဲ့လူကိုပေးတာ နေရာကျမျိုး ကိုင်းဗျာ ကျုပ်ပြောတာ သဘောတူပြီ မဟုတ်လား"

"ဒါဖြင့်လည်း ကောင်းပါပြီဗျာ၊ နေပါဦး – ဒီဓာတ်ပုံအကြောင်းကကော"

"ကျုပ် အတ္တုပ္ပတ္တိပြောတော့ သူ့အကြောင်းလည်း ပါပါလိမ့်မယ်ဗျာ၊ အလျင်မလိုပါနဲ့ဦး"

ဟု ပြောပြီးနောက် မောင်စိန်မှန်သည် ပြင်းစွာချောင်းဆိုးပြီးလျှင် သွေးတစ်ပွက်နှစ်ပွက်အန်ပြီးနောက်အောက်ပါအကြောင်းအရာများကို ပြောပြသည်ဖြစ်ပါကြောင်း။

မောင်စိန်မှန်နှင့် ဦးဘိုးထော်တို့သည် ရန်ကုန်ထောင်ကြီးတွင် တစ်ယောက်နှင့်တစ်ယောက် အသိအကျွမ်းမဖြစ်မီ နှစ်ပေါင်း(၂၀)ကျော်ခန့်လောက်တွင် အလွန်ပူအိုက်သော တန်ခူးလ ညနေနေဝင်ရီတရောအချိန်၌ပြည်မြို့၏တောင်ဖျား (ယခုမင်းကြီးတောင်) ဟုခေါ်သော တောင်ခြေအနီး တစ်ခုသော ဝင်းခြံကြီး၏ ခြံစည်းရိုးအနီး၌ အသက်(၂၀)ခန့်ရှိသော ယောက်ျားပျိုကလေးတစ်ယောက်နှင့် အသက် (၁၄)နှစ်ခန့်ရှိမိန်းမပျိုကလေးတစ်ယောက်တို့သည် ရင်းနှီးသော သမီးရည်းစားတို့ဘာဝ ချစ်တင်းနှီးနှော စကားပြောဆိုလျက် ရှိကြကုန်၏။

ထိုအရပ်သည်ကား အစိုးရအရာရှိကြီးများနှင့်ပင်စင်အငြိမ်းစားအရာရှိများ နေထိုင်ရာ ရပ်ကွက်ဖြစ်သည့်ပြင် ဝင်းခြံတို့မှာလည်း လွန်စွာကျယ်ဝန်းလှသည်ဖြစ်၍ တစ်အိမ်နှင့်တစ်အိမ် အတော်ပင်ကွာဝေးလျက်ရှိသည့်ပြင် ခြံအတွင်း၌လည်း ထူထပ်သော သစ်ပင်အုပ်တို့သည် ကောင်းကင်မှ ထီးဝန်းမိုးထားဘိသကဲ့သို့ ရှိရကား ချစ်ခင်သော သမီးရည်းစား မောင်နှံတို့မှာ လွတ်လပ်စွာ စကားပြောဆိုခွင့် ရရှိကြလေသည်။

ယောက်ျားကလေးမှာ အသက်(၂၀)ခန့်မျှသာ ရှိသော်လည်း ကျန်းမာသန်စွမ်းဟန် လက္ခဏာရှိ၍ အသားခပ်ညိုညိုရှိပြီးလျှင် မည်းနက်သော ဆံပင်တို့သည် ပုံပန်းကျနသော ဦးခေါင်းကို အန်ဆာဆင်၍ ထားဘိသကဲ့သို့ ရှိ၏၊ ကြည်လင်တောက်ပသော မျက်လုံးတို့မှာ ၎င်း၏ သူရသတ္တိကို ပြဘိသကဲ့သို့ မည်းနက်တောက်ပြောင်လျက်ရှိ၏၊ သူတို့၏ရဲစွမ်းသတ္တိနှင့်စိတ်နေသဘောထားများကို အများအားဖြင့် ၎င်းတို့၏ မျက်နှာ၌ မျက်လုံးတို့၌ ထင်ရှားစွာ တွေ့မြင်နိုင်လေသည်။

မိန်းကလေးမှာ ပင်စင်အငြိမ်းစား ဝန်ထောက်မင်းတစ်ဦး၏ တစ်ယောက်တည်းသော သမီးဖြစ်လေရာ ၎င်းတို့နှစ်ဦးမှာ တိတ်တဆိတ် ချစ်ကြိုက်လျက် ရှိကြသော်လည်း သူငယ်မကလေး၏ မိဘများမှာ ထိုသူငယ်နှင့် သဘောမကျဘဲ မိမိတို့၏ တစ်ယောက်တည်းသောသမီးအတွက် ငွေကြေးချမ်းသာသောကျနစ်မြိုက်ရာယောက်ျား ကိုရှာဖွေရွေးချယ်၍နေရာချထားမည်ကြံစည်ထားလျက်ရှိသည့်အတိုင်း ထိုသူငယ်နှင့် ကလေးချင်းဘာဝ တိတ်တဆိတ် ချစ်ကြိုက်နေခြင်း ဖြစ်လေသည်။

ထိုသူငယ်သည်ကား အခြားမဟုတ် မောင်စိန်မှန်ပင်ဖြစ်၏၊ မောင်စိန်မှန်သည် အထက်ဆင်ပေါင်ဝဲမြို့မှ ပြည်မြို့သို့ လာရောက်၍ အင်္ဂလိပ် – မြန်မာ အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသူတစ်ယောက်ဖြစ်ရာ ဓာတ်ပုံရိုက်ခြင်းကိုလည်း ဝါသနာအလျောက် တတ်မြောက်ခဲ့သူဖြစ်၏၊ ဤသို့ဖြင့် မောင်စိန်မှန်မှာ ကျောင်းစာများထက် မိမိ၏ ဝါသနာဖြစ်သော ဓာတ်ပုံရိုက်ခြင်း အတတ်ကို ပိုမိုလေ့လာဆည်းပူးလျက် ရှိရာ အသက်မွေးဝမ်းကျောင်း ဓာတ်ပုံဆရာတစ်ယောက်ကဲ့သို့ပင် ရိုက်ကူးနိုင်လေသည်။

မောင်စိန်မှန်၏မိဘများမှာအတော်အတန် ချမ်းသာသူများဖြစ်သည့်အတိုင်း မိမိတို့၏သားအား မျက်နှာမငယ်စေရန် ဆိုသည်ထက်ပို၍ လစဉ်တင်ပို့ထောက်ပံ့လျက်ရှိ၏၊ ဤသို့ဖြင့် မောင်စိန်မှန်မှာ အကောင်းဆုံး ကင်မရာများနှင့် ဓာတ်ပုံရိုက်ပစ္စည်းများကိုကောင်းစွာဝယ်ယူနိုင်ခဲ့လေသည်၊ မောင်စိန်မှန် နောက်ဆုံးဝယ်ယူခဲ့သော ဓာတ်ပုံသေတ္တာကလေးမှာ ဂျာမနီနိုင်ငံမှ မှာထားဝယ်ယူသော

www.burmeseclassic.com

မမိလေး၏အလောင်းမှာ အသိုပါ သစ်တုံးပေါ်တွင် ခါးတစ်ပိုင်းတင်လျက် ရှိနေလေရာ ရင်ဝတွင် စိုက်လျက်ရှိသော ဓားမြှောင်မှာ အသွားဆုံးသည်အထိ နစ်မြုပ်စူးဝင်လျက်ရှိသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။ ပိုးအကျီအပြာကလေးမှာ သွေးဖြင့် ရွှဲလျှက်ထားဘိသကဲ့သို့ ခြင်းခြင်းနီပြီးလျှင် မမိလေးသည် ဓားမြှောင်ကို အရင်းမှ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်သေဆုံးနေသည်ကို တွေ့ရ၏။



တင်မရာဖြစ်၍ ဓာတ်ပုံရိုက်သည့်အချိန်ကို နာရီစက်တစ်မျိုးဖြင့် ပြုလုပ်ထားသည့်အတိုင်း မိမိရိုက်ကူးလိုသောအချိန်တို့အတွင်း၌ပါသော နာရီကွက်လက်တံပေါ်သို့ မြားကလေးကို ရွှေ့၍ထားလိုက်က ထိုအချိန်သို့ရောက်သည်နှင့်တစ်ပြိုင်နက်ဖလင်ကော်ပြားကုန်ဆုံးသည်အထိ ပုံ(၁၂)ပုံကို သူ့အလိုအလျောက် ဆက်တိုက်ရိုက်ကူးသွားလေသည်။

ဥပမာဆိုသော် ညနေ(၄)နာရီတိတိအချိန်တွင် ဓာတ်ပုံရိုက်ကူးလိုက အတွင်း၌ပါသော နာရီလက်တံကလေးကို (၄)နာရီအကွက်ပေါ်၌ ထား၍ မြားကလေးကို ထို (၄)နာရီကွက်နှင့် တည့်တည့်ထားလိုက်က ညနေ (၄)နာရီထိုးသည်နှင့် တစ်ပြိုင်နက် မှန်ဘီလူးရှေ့တည့်တည့်တွင် ရှိနေသော အရာဝတ္ထုများကို တစ်စက္ကန့်ကို တစ်ပုံစီ သူ့အလိုအလျောက် (၁၂)ပုံပြည့်သည်အထိ ရိုက်ကူးသွားလေသည်။

သံပတ်မှာ (၁၂)နာရီခံ၍ သော့ပေးသည့်အချိန်မှ (၁၂)နာရီအတွင်း မိမိအလိုရှိသော အချိန်နာရီကို စက္ကန့်ပိုင်းမျှ မလွဲရအောင် ရိုက်ကူးနိုင်လေသည်။

မောင်စိန်မှန်မှာ ထိုကင်မရာအဆန်းကလေးကိုဝယ်ယူခါစဖြစ်သည့်အတိုင်း စမ်းသပ်ရိုက်ကူးရန် ကြိုးစားလျက်ရှိသော အချိန်ဖြစ်လေသည်။

“ဘယ့်နယ်လဲ…မိ၊အစ်ကိုပြောတာ နားလည်ပြီမဟုတ်လား။ လက်ဆွဲအိတ်ကလေးထဲမှာ အဝတ်အစားကလေး နည်းနည်းပါးပါးထည့်ပြီး ယူခဲ့ရုံပေါ့။ လေးလေးပင်ပင် ဘာမှမယူခဲ့နဲ့နော်”

“လက်ဝတ်လက်စားတော့ နည်းနည်းပါးပါး ယူခဲ့ရဦးမယ်။ ပြီးတော့ စရိတ်တလည်း လုံလောက်အောင်ယူခဲ့ဦးမှ အစ်ကိုရဲ့”

“တော်တော်ကြာ ဒီဟာတွေက ခုတွေများနေပါလိမ့်ဦးမယ်။ အစ်ကို့မှာလည်း ပါတန်သလောက် ပါမှာပဲ”

“ပါတာလည်းပါတာပေါ့-အစ်ကိုရဲ့ ငွေဆိုတာ လုံလောက်မှ ကောင်းတယ်”

“အချိန်ကို ဂရုစိုက်နော်။ (၅) နာရီတိတိ ဒီနေရာကို ရောက်အောင် လာခဲ့။ အစ်ကို ဒီနေရာက စောင့်နေမယ်။ (၅) နာရီဆိုရင် လင်းရောင်ကလေး လာပါပြီ။ သင်္ဘောက (၆)နာရီမှာ ထွက်တာ”

သူတို့၏အကြံမှာ နံနက်(၆)နာရီတိတိတွင် မြည်မြို့ဆိပ်ကမ်းမှ ထွက်ခွာသော သရက်မြို့သို့သွားသော သင်္ဘောကလေးဖြင့် လိုက်ရန်ဖြစ်လေသည်။

ထိုအချိန်၌ နေမင်းသည် ရောဝတီမြစ်အနောက်ဘက် တောင်တန်းများထိပ်တွင် ကွယ်သွားပြီဖြစ်၍ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရှု၍ အားမရနိုင်သော သမီးရည်းစားနှစ်ယောက်တို့အား ခွဲခွာရန် အထိမ်းအမှတ်ပြနေသကဲ့သို့ ရှိလေ၏။ မမိလေးသည် မောင်စိန်မှန်၏လက်မောင်းများကို နောက်ဆုံးယုယစွာ ဈစ်ညှစ်ပြီးလျှင် ပေါ့ပါးဖျတ်လတ်စွာ အိမ်မြို့ဘက်သို့ ပြေးဝင်သွားပြီးနောက် သစ်ပင်အုပ်များထဲတွင် ပျောက်ကွယ်သွားလေ၏။

ထိုအခါ မောင်စိန်မှန်သည် အကြံတစ်ခုရသည်နှင့် မိမိ၏ ဓာတ်ပုံသေတ္တာကလေးကိုချုံတစ်ခုအတွင်းသို့ဝှက်ထားပြီးလျှင် ရိုက်ကူးရန် အချိန်ပြမြားတံကို (၅) နာရီတစ်မိနစ်အကွက်တွင်ထား၍ မိမိတို့ထိုင်၍ စကားပြောနေကြနေရာ သစ်တုံးကြီးရှိရာသို့ ကင်မရာကို ချိန်၍ ထားခဲ့၏။ သူ၏အကြံမှာ မိမိ၏အလာကို မျှော်မှန်းနေမည့်မမိလေးဓာတ်ပုံကိုငင်း မသိစေဘဲ ဓာတ်ပုံရိုက်ယူရန် ဖြစ်လေသည်။

မောင်စိန်မှန် ထွက်သွားသည်နှင့် တစ်ပြိုင်နက်ပုလိပ်သားယူနီဖောင်းဝတ်





www.burmeseclassic.com

www.burmeseclassic.com

သားသူတစ်ယောက်သည် ချုံတစ်ချုံအတွင်းမှထွက်လာပြီးနောက်မောင်စိန်မှန်နှင့်မမိလေးတို့ထိုင်၍စကားပြောနေကြနေရာကို အသေအချာ ကြည့်ရှုမှတ်သားပြီးနောက် ကျေနပ်သည့်လက္ခဏာဖြင့် ဦးခေါင်းကို တစ်ချက်နှစ်ချက်မျှ ဆတ်ပြီးလျှင် ခြုံစည်းရိုးကို ကျော်ပြီးနောက် တမ်းနားဘက်သို့ လျင်မြန်စွာ ထွက်သွားလေ၏။

★★★

ထိုညဉ့်၌ မောင်စိန်မှန် ကောင်းစွာ မအိပ်နိုင်ဘဲ မိမိတို့ရှေ့ရေးကိုစဉ်းစားရင်း အချိန်ကုန်ခဲ့ပြီးလျှင် နံနက် (၃) နာရီ ထော်ကျော်မှ အိပ်ပျော်သွားလေ၏။

အိပ်ရာမှလန့်နိုး၍ မျက်စိများကို ဖွင့်ကြည့်လိုက်ရာ မိုးစင်စင်လင်းနေပြီ ဖြစ်ကြောင်း တွေ့ရသည်နှင့် လက်ဆွဲသားရေအိတ်ကိုဆွဲကာ မြင်းရထားတစ်စီးပေါ်သို့ ခုန်တက်ပြီးနောက် ဆင်စုရပ်ဘက်သို့ မောင်းနှင်ခဲ့လေ၏။ နွေရာသီဖြစ်သဖြင့် လူများသည် ညဉ့်ဦးယံ၌ ပူအိုက်လှသဖြင့် ကောင်းစွာ မအိပ်နိုင်ဘဲ နံနက်စောစောအချိန်မှသာ နှစ်ခြိုက်စွာ အိပ်ပျော်တတ်ကြကုန်ရာ၊ မမိလေးတို့အိမ်ဝင်းခြံသောသို့မောင်စိန်မှန်ရောက်သောအခါခြံနားနီးချင်းများမှာ အိပ်ရာမှ မထကြသေးဘဲ လူသွားလူလာလည်း အတော်အတန်ပြတ်စဲနေသည်ကိုတွေ့ရ၏။ ခြံထောင့်တစ်နေရာမှ ဝင်ခဲ့၍ သစ်ပင်အုပ်တစ်ခုကို ကျော်လွန်ပြီးနောက် မမိလေးနှင့်တွေ့ဆုံရန် ချိန်းချက်ထားသည့် သစ်တုံးဆီသို့ လှည့်ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် မောင်စိန်မှန်မှာ သေနတ်ထိမှန်ဘိသကဲ့သို့ခြေလှမ်းများ တုံ့ခနဲ ဖြစ်သွား၏။ လက်ထဲမှ သားရေအိတ်ပင် လွတ်ကျသွား၏။

အဘယ်ကြောင့်ဆိုသော် မမိလေး၏အလောင်းမှာအဆိုပါသစ်တုံးပေါ်တွင် ခါးတစ်ပိုင်းတင်လျက်ရှိလေရာရင်ဝတွင် စိုက်လျက်ရှိသော ဓားမြှောင်မှာ အသွားဆုံးသည်အထိ နစ်မြုပ်စူးဝင်လျက်ရှိသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။ ပိုးအင်္ကျီအဖြူကလေးမှာ သွေးဖြင့် ရွှဲလျှက်ထားဘိသကဲ့သို့ခြင်းခြင်းနီပြီးလျှင် မမိလေးသည် ဓားမြှောင်ကိုအရင်းမှ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်သေဆုံးနေသည်ကို တွေ့ရ၏။ မမိလေးမှာ သေခါနီးတွင် သွေးရူးသွေးတန်းဖြင့် ဓားမြှောင်ကို ဆွဲနုတ်ဟန် လက္ခဏာရှိလေသည်။

မောင်စိန်မှန်သည် အရူးတစ်ယောက်ပမာ ဆောက်တည်ရာမရရှာဘဲ အလောင်းကို ပြေး၍ဖက်ကာ –

“ဖြစ်ရလေ – မိရယ်၊ ပြော်၊ ငါ့ကိုယ်တ မိုက်ပါတယ်လေ၊ မိုးလင်းခါနီးမှပဲ အိပ်ပျော်သွားရသေးသတဲ့”

စသည်ဖြင့်တဖျစ်တောက်တောက် ညည်းညူလျက်ရှိလေ၏။

မောင်စိန်မှန်သည် သတိတရား လွတ်ကင်း၍ သွားဘိသကဲ့သို့ မိမိ မည်တဲ့သို့ ပြုလုပ်နေသည်ကိုမှ မသိရှာဘဲ မိမိဆံပင်များကိုဆွဲခြင်း၊ အသားများကိုလည်း လက်ဖြင့်ကုပ်ဖဲ့ခြင်း၊ လေကို အကြိမ်ကြိမ် အဖန်ဖန် လက်သီးဖြင့် ထိုးခြင်း၊ မိမိကိုယ်ကို မြေပေါ်သို့ပစ်လှဲ၍လူးလှိမ့်ခြင်းကို ပြုရှာလေ၏။ ၎င်းနောက် အတန်ငယ် သတိရလာပြီးလျှင် –

“ဟယ် – သေပြီးအတူ တူ တော့ မထူးတော့ပါဘူး၊ နို့ပေမဲ့ – ငါ့ရည်းစားကို သတ်တဲ့လူကိုတော့ ကမ္ဘာမဆုံးမချင်း ရှာရဦးမှာပေါ့”

ဟု ဇ တ် များကို ဓါ၍ထကာ အလောင်းအနီး၌ ကြည့်ရှုရှာဖွေသော အခါ အလွန်တုံးသောဖိနပ်ဦးဖြင့် နင်းသွားဟန်ရှိသော ခြေရာကြီးကိုလည်းကောင်း၊ ခဲတလုံးဖြင့် အစီးရပုလိပ်ဝန်ထမ်းများ၏ အင်္ကျီတွင် တပ်ဆင်လေ့ရှိသော (B - P) အမှတ်အသားပါရှိသော အင်္ကျီကြယ်သီးကလေးတစ်ခုမှာမြေကြီးနင်းဖိ၍ လိမ်ကောက်နေသည်ကိုဝင်တွေ့ရလေ၏။

ထို့ကြောင့်မမိလေးတို့နေသောအိမ်ဘက်မှ ဆူဆူညံညံအသံများကိုလည်းကောင်း၊ ရောဝတီမြစ်ဆိပ်ကမ်းဆီမှ မီးသင်္ဘောတစ်စင်း၏ဥဩသံကိုလည်းကောင်း၊ တောင်ခါးပန်းဆီမှ ကြက်တွန်သံကိုလည်းကောင်း ကြားလိုက်ရပြီးလျှင် ယောက်ျားပိန်းမ လူလေးငါးဆယ်ယောက်ခန့်တို့သည် ဘေးပတ်ဝန်းကျင်မှ ပြေးလွှားလာကြပြီးနောက် ယောက်ျား (၃ – ၄) ယောက်တို့က –

“ဒီ ကောင်ပဲဟ – ဒီကောင်ပဲ”

ဟုပြောဆိုကာ မောင်စိန်မှန်အား ချုပ်နှောင်ဖမ်းဆီးကြလေ၏။ မောင်စိန်မှန်မှာတစ်စုံတစ်ရာ ရှင်းလင်းပြောဆိုရန် အချိန်မရဘဲ ဌာနသို့ လိုက်ပါသွားရရှာလေ၏။

★★★

ဤနေရာသို့ရောက်လျှင် အတွင်းသား မောင်စိန်မှန်သည် ပြင်းစွာ ငေးငိုင်ဆိုးပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com

“မောလိုက်တာ…ဦးဘိုးတော်ရယ်၊ တဆိတ်ကလေးဗျာ၊ မရှိမသေ ကျုပ်ရင်ဘတ်ကို လက်ကလေးနဲ့ ဖိပေးစမ်းဗျာ”

“ခပ်ဖြည်းဖြည်း ပြောမှပေါ့ဗျ”

“ဒါနဲ့ ကျုပ်ကို လူသတ်မှုနဲ့ ဖမ်း၊ အစိုးရရှေ့နေကလည်း ဝန်ထောက်ကြီးတစ်ယောက်ရဲ့သမီးအမှုဆိုတော့ အင်မတန်ကြိုးစားပြီးလိုက်တာကိုးဗျ၊ မားမြောင်ကိုလည်း ကျုပ်အနားမှာ တွေ့တယ်၊ ကျုပ်ချက်နှာမှာလည်း ကုတ်ဖဲ့ရာတွေ့တယ်၊ သူတို့ချင်းအချိန်းအချက်ပေးပြီးထားလို့ ဒီသူငယ်မလေးဟာ နံနက်စောစော ဒီအချိန်အခါမှာ ရောက်လာရတယ်၊ ရောက်လာတော့ ကျုပ်က လက်ဝတ်လက်စားတွေယူ တော်ရာမှာ ဝှက်ထားပြီးဒီသူငယ်မလေးကိုသတ်ပစ်ဟန်လက္ခဏာရှိတဲ့အကြောင်း လျှောက်လဲတာကိုးဗျ၊ ဒီတော့ စက်ရှင်တရားသူကြီးတလည်း အတော်ကြာ စဉ်းစားပြီး ကျုပ်ကို မောင်မင်း သက်သေပြဦးမလား မေးတာကိုး–ဦးဘိုးတော်ရဲ့”

“ဩော်–ကျုပ်တစ်ခုမေးစရာကျန်နေရစ်တယ်၊ ဟိုနေ့ညက ချုံကြားထဲမှာ ခင်ဗျားဝှက်ပြီး ထားခဲ့တယ်ဆိုတဲ့ ဓာတ်ပုံသေတ္တာကလေးအကြောင်းကကော”

“ပြောပါ့မယ်ဗျာ၊ အဲဒီဓာတ်ပုံသေတ္တာကလေး ဓာယ်ပေလို့ ကျုပ်အသက်ချမ်းသာရာရပေတော့ပေါ့–ဦးဘိုးတော်ရဲ့၊ နို့မဟုတ်ရင် ကြိုးကျပြီး အစုလောက်ရှိအရိုးတောင် ဆွေးနေပြီပေါ့ဗျာ”

“တယ်ကံကောင်းတဲ့ လူပေဗျာ၊ ပြောစမ်းပါဦး”

“ဒီတော့–ကျုပ်လည်းပဲ ကျုပ်ဟာ အင်္ဂလိပ်ကျောင်းသားဖြစ်သော်လည်း ဓာတ်ပုံဘက်မှာ အင်မတန်ဝါသနာပါတဲ့အတွက် ဓာတ်ပုံရိုက်ကျွမ်းကျင်ကြောင်း၊ လူသတ်မှုမဖြစ်မီ တစ်နေ့က အလိုအလျောက် ဓာတ်ပုံရိုက်ယူနိုင်သော ဓာတ်ပုံသေတ္တာ ကင်မရာကလေးတစ်ခုကိုယခုလူသတ်မှုဖြစ်ပွားသောနေရာ၏ နောက် (၁၀)ပေခန့်အကွာ ချုံတစ်ခုအကွယ်တွင်ဝှက်ထားခဲ့ကြောင်း၊ ဓာတ်ပုံသေတ္တာကလေးမှာ သံပတ်ဖြင့် သော့ပေး၍ သော့ပေးသည့်အချိန်မှ (၁၂) နာရီအတွင်း မိမိအလိုရှိသောအချိန်၌ အလိုအလျောက်ရိုက်ယူနိုင်သောဓာတ်ပုံသေတ္တာဖြစ်၍မကြာမီကမှမိမိဝယ်ယူခဲ့ကြောင်း၊ အခင်းမဖြစ်ပွားမီ ညနေစောင်းကမိမိသည်နောက်တစ်နေ့နံနက် (၅)နာရီတိတိ၌ ထိုနေရာတွင် မိမိလေး

[…]င်တွေ့ရန် ချိန်းဆိုထားသည့်အတိုင်း […]သင်ရာအတွင်းရှိအချိန်ပြစက်လက်တံ[…] (၅)နာရီတစ်မိနစ်အတွက်သို့ ချိန်၍[…]ထားခဲ့ကြောင်း၊ ထိုအချိန်မှာ အခင်းဖြစ်[…]ွားနိုင်လောက်သည့် အချိန်ဖြစ်၍ […]တယ်၍ မိမိလေးသာ (၅)နာရီတိတိ[…]ောက်တွင် ထိုနေရာသို့ရောက်ပါက […]သင်ကော်ပြားပေါ်တွင်အရိပ်အယောင် […]စ်ခုတစ်ရာ ပေါ်ရမည်ဖြစ်ကြောင်း၊ မိမိ[…]ာ မမျှော်လင့်ဘဲ စိတ်နှလုံး တုန်လှုပ်[…]ချောက်ချားဖွယ်ရာ အကြောင်းများနှင့်[…]တွေ့ကြုံရသဖြင့် ထိုဓာတ်ပုံသေတ္တာ[…]ကလေး ထားခဲ့သည်ကိုပင် သတိမေ့နေ[…]ပြီးလျှင် ယခုမှ ရုတ်တရက် ပြန်၍သတိ[…]ရတာကြောင်း၊ မိမိထားခဲ့သည်မှာ လုံခြုံ[…]စွာ တွယ်ဝှက်ထားခဲ့ခြင်းဖြစ်၍ ယခုပင်[…]သွားရောက်ရှာဖွေက တွေ့လိမ့်မည်ထင်[…]ကြောင်း၊ ၎င်းပြင် မိမိလေးအားသတ်၍[…]ပစ္စည်းများကိုမိမိက ယူသည်ဟုရုံးတော်[…]က ယူဆခဲ့လျှင် ထိုပစ္စည်းများကို သွား[…]ရောက်သို့ဝှက်ထားရန် မည်သည့်နည်း[…]နှင့်မျှ မိမိမှာ အချိန်မရခဲ့ကြောင်း၊ အကယ်[…]၍မိမိသာတရားခံအစစ်အမှန်ဖြစ်က ထို[…]ပစ္စည်းကို မိမိလက်တွင် လက်ပူးလက်[…]ကြပ်တွေ့ရမည်ဖြစ်ကြောင်း၊ မိမိမှာ ထို[…]နေ့တာအချိန်လွန်၍အိပ်ပျော်သွားသည့်

အတွက်အချိန်အနည်းငယ်မျှနောက်ကျသွားကြောင်း၊ သို့ဖြစ်၍မိမိမှာ ချစ်သူတစ်ယောက် သူတစ်ပါး၏လက် ချက်ဖြင့် ရက်စက်စွာ သုံးရှုံးခြင်းခံရရုံမျှမက ယခုကဲ့သို့ စွပ်စွဲချုပ်နှောင်ခြင်းကိုပင် ခံရကြောင်း၊ အဲဒီလို ကျုပ်လည်းပဲ တစ်ခုမကျန် စီကာပတ်ကုံး လျှောက်လဲထုချေတာကိုးဗျ”

“ဓာတ်ပုံအကြောင်းကတော့ဗျာ၊ ပြောစမ်းပါဦး”

“ဒီတော့ တရားသူကြီးနှင့်တကွ အစိုးရရှေ့နေကြီးရယ်၊ ဝတ်လုံနှစ်ယောက်ရယ်၊ တခြားသက်သေသုံးယောက်ရယ်၊ တစ်ခါတည်း အခင်းဖြစ်ပွားတဲ့ နေရာသွားပြီး ကျုပ်ဓာတ်ပုံသေတ္တာကလေးကို ရှာကြတာပဲဗျ”

“တွေ့ရဲ့လား”

“တွေ့ပေါ့ဗျာ–ဓာတ်ပုံသေတ္တာမှာတွေ့ရတဲ့ကျွဲကော်ပြားကို ချက်ချင်းလိုက်ဆေးကြည့်တော့ မပိလေးက ကျုပ်[…] အမြဲထိုင်ပြီး စကားပြောနေကျ သစ်တုံးပေါ်မှာ ကန့်လန့်ဖြတ်လဲလို့၊ လူတစ်ယောက်က ဓားကို တအားမြှောက်[…] ထိုးမယ်လို့ဟန်ယူနေတဲ့ပုံတစ်ခါတည်း ပေါ်ပြီးလာတာကို–ဦးဘိုးတော်ရဲ့ သူတော်ကောင်း နတ်ကောင်းမ[…]

www.burmeseclassic.com

သလိုပေါ့ဗျာ။ ဒါနဲ့ - ကျုပ်ကို ဒီအမှုက ထရားသေ လွှတ်လိုက်တယ်။ တရားသူကြီးလည်း အင်မတန် ဆန်းပြားတဲ့ ဓာတ်ပုံသက်သေခံချက်များနဲ့ သူ့အင်ခြင်ချက်များကိုစီရင်ချက်ထဲမှာအကျယ်တဝင့် ထုတ်ဖော်ပြီး ရေးတာကိုး . . . ဦးဘိုးထော်ရဲ့"

"သတ်တဲ့လူကကောဗျာ"

"ကျုပ်ထင်တဲ့အတိုင်း ပုလိပ်သားတစ်ယောက်ပေါ့ဗျာ။ နို့နေပေမဲ့ - ဆိုးတာတစ်ခုက ဓားကို လက်တစ်ဖက်နဲ့ မြှောက်ကိုင်ထားတဲ့လူရဲ့မျက်နှာနေရာကို သစ်ပင်အုပ်တစ်ခုက အရိပ်ကလေး တွယ်နေလေတော့ဓာတ်ပုံထဲမှာကောင်းကောင်းမထင်ရှားဘူးဗျ။ ကိုယ်အထက်ပိုင်းပါ ဓာတ်ပုံထဲမှာ ခပ်ဝါးဝါး ဖြစ်နေတယ်။ ဒါပေမဲ့ - ဓာတ်ပုံထဲမှာ ပါတဲ့လူဟာ ကျုပ်အဝတ်အစားနဲ့ရော ကျုပ်ရဲ့ ကိုယ်လုံးကိုယ်ပေါက်နဲ့ရော နှိုင်းယှဉ်ပြီး ကြည့်ရင် ကျုပ်မဟုတ်ဘူးဆိုတာတော့ ကောင်းကောင်းကြီးထင်ရှားတယ်။ အဲဒီအချက်နဲ့ ကျုပ်လွှတ်တာပဲ။

လွှတ်တယ်ဆိုပေမယ့် ဓာတ်ပုံသက်သေခံတင်ရတာနဲ့အင်မတန်တတ်ကျွမ်းတဲ့ ဓာတ်ပုံဆရာခေါ်ပြီး သက်သေခံချက်ယူရတာနဲ့ သုံးလေးခါ ရက်ချိန်းပေးပြီးမှလွှတ်တယ်။ အလဟဿအချိန်ကုန်ပြီး အချုပ်ထဲမှာ (၃)လနီးပါးကြာခဲ့ရတယ်။ ပုလိပ်ကလည်း ဓာတ်ပုံထဲမှာပါတဲ့လူဟာ ဘယ်သူဘယ်ဝါဖြစ်တယ်လို့ ဆက်လက်ပြီး သေသေချာချာ မစုံစမ်းတော့ဘူးပေါ့ဗျာ။

ဒါပေမဲ့ - ကျုပ်မှာတော့ ဓာတ်ပုံထဲမှာပါတဲ့လူရဲ့ဝတ်စုံစားစုံ ကြည့်ရတာရယ်၊ အလောင်းနားမှာ ဦးတုံးတုံး ဖိနပ်ရာကြီးတွေ့ရတာရယ်၊ ပုလိပ်သားများရဲ့ အင်္ကျီပေါ်မှာ တပ်လေ့ရှိတဲ့ (B.P) ဆိုတဲ့ တံဆိပ်ပါတဲ့ဒန်ရောင်ကြယ်သီးကလေး တွေ့ရတာရယ်၊ အားလုံးပေါင်းပြီး စဉ်းစားကြည့်တဲ့အခါ တရားခံဟာ ပုလိပ်သားတစ်ယောက်ဖြစ်ရမယ် ဆိုတာ ကောင်းကောင်းကြီး ထင်ရှားနေတာပေါ့"

"အင်း - ဒီနောက် ဘာဖြစ်သလဲ၊ ပြောစမ်းပါဦး"

"ကျုပ်လည်းပဲ အမှုက လွှတ်သွားသွားချင်း ဆံတော်ရပ်ဌာနာသွားပြီး လူသတ်မှုမဖြစ်ပွားမီ ညနေက ဆင်စုရပ်ကွက် မင်းကြီးတောင်အနီးမှာ ဘယ်ကပဏ္ဍုရောင်ကျတယ်ဆိုတာ စုံစမ်းရတာပေါ့ဗျာ၊ ဌာနအုပ်ကလည်း ကျုပ်မိတ်ဆွေတစ်ယောက်ရဲ့သူငယ်ချင်းဖြစ်လေတော့ စုံစမ်းရတာ မခဲယဉ်းလှဘူး။ ဒီတော့မှ သိရတာကိုး - ဦးဘိုးထော်ရဲ့။ ဒီကောင်ဟာ လွန်ခဲ့တဲ့နှစ်လလောက်တပဲ အလုပ်က ထွက်သွားတယ်ဆိုပဲဗျ။ အကောင်က အထက်သား၊ လူပုံလူပန်း နှင့်တကွ ထောက်လှမ်းသိရှိခဲ့ရတယ်။ ပြီးတော့ သူပြန်ပြီးအပ်တဲ့ အင်္ကျီမှာ လက်ဝဲဘက်ပခုံးက တံဆိပ်တစ်ခုပြုတ်ပြီးနေတာ ကျုပ်စုံစမ်းလို့ သိရတယ်။ ကျုပ်ဝမ်းထဲမှာ လက်စားချေချင်တဲ့စိတ်က အမြဲစွဲနေလေတော့ နိုက်နိုက်ချွတ်ချွတ် ရှာဖွေရတာပဲဗျို့"

"တော်လည်းတော်တဲ့ လူပေပဲဗျ"

"ပြီးတော့ သူ့ဓာတ်ပုံကို တစ်ခါရအောင် ရှာရတာကိုးဗျ။ ဓာတ်ပုံကိုရမှ သူ့ကို အသေအချာ သတင်းမေးပြီး လိုက်နိုင်မှာကိုး။ ဒီနောက် ကျုပ်လည်းပဲ တောင်းတာထွက် ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက်ဆိုပြီးဒီအကောင်ကို ရှာဖွေခဲ့တာ - ဦးဘိုးထော်ရဲ့"

"အင်း - ပြောစမ်းပါဦးဗျာ"

"ဒီလိုနဲ့ ကျုပ်လည်းပဲ တစ်မြို့ကတစ်မြို့ တစ်ရွာကတစ်ရွာ ပြောင်းရှာခဲ့တာ သုံးနှစ်ကျော် လေးနှစ်ကြာခဲ့တယ်။ တွေ့ချင်တော့ နောက်ဆုံး ဖျဉ်းမနားမှာ တောအုပ်အမြှပ်နဲ့ သွားပြီးတွေ့တာတိုးဗျ။ ဒီအကောင်က ပညာခံကလေးဘောလည်း ရှိ၊ ပါးရည်နပ်ရည်ကလည်းရှိ၊ လက်ထဲမှာပိုက်ဆံကလေးလည်းရှိလေတော့အကပ်အရပ်ကောင်းပြီးသစ်တောဘက်မှာ ဒီရာထူးကို ရနေတာနဲ့ တူပါတယ်"

"နေပါဦး - မိမိလေးကို သတ်သွားတဲ့အမှုနဲ့ပတ်သက်ပြီး ဒီအကောင်ကို ပုလိပ်ကတော မလိုက်ဘူးလား"

"ဘယ်လိုက်လိမ့်မလဲဗျာ . . .။ ဒီအကောင် သတ်သွားတယ်ဆိုတာ ကျုပ်တစ်ယောက်သာယုံကြည်ထားတိုးဗျ ။ ဒီအကောင်ကို ထင်တယ်ဆိုတဲ့ အကြောင်းကျုပ်ကလည်းသူတို့ကိုမပြောမပြဘူး။ ပြောရင်လည်းသူတို့ကယုံချင်မှ ယုံမှာ၊ ဒါကြောင့် ကျုပ်တစ်ယောက်တည်း ကြိတ်ပြီး ဒီအကောင်နောက်ကို လိုက်တာကိုး - ဦးဘိုးထော်ရဲ့"

"တော်တော်လည်းဖွဲ့ကောင်းတဲ့ လူခဲဗျာ"

"ကောင်းဆို - ကိုယ့်အရေးနဲ့ပုလိပ်က မေ့လောက်တဲ့အချိန်ရောက်

www.burmeseclassic.com

ပေမယ့် ကျုပ်ကဲ့ မမေ့နိုင်ဘူး၊ ကျုပ်စိတ်ထဲမှာမနေ့တစ်နေ့ကဖြစ်သလိုအောက်မေ့တယ်၊ ဒီအကောင့်နာမည်က ရွှေဖိုးထွဲဗျ၊ မြို့အစွန်မှာ တိုက်အိုကလေးတစ်လုံးငှားပြီးနေတာကိုး ဦးဘိုးထော်ရဲ့၊ ဒီတော့ ကျုပ်လည်းပဲ သူ့အိမ်ကို ဝါဘယ်နည်းနဲ့ဝင်ခွင့်ရပါ့မလဲလို့ကြံလိုက်ရတာဗျာ၊

နောက်တော့မှသူ့လက်အောက်ကအမှုထမ်းတွေ ဘာတွေနဲ့ ရောတန်ရော၊ တစ်နေ့တော့သူ့အိမ်က ထမင်းချက်မယ့်ကောင်ကလေးတစ်ယောက်ထွက်သွားလို့ ထမင်းချက်မယ့် လူတစ်ယောက်အလိုရှိတဲ့အကြောင်းသိရတာနဲ့ကျုပ်ကိုကျုပ် အညာသားယောင် ဆောင် ပြီး ထမင်းချက်အလုပ် လုပ်ရတာကိုးဗျာ၊

ဗိုရောက်ရောက်ချင်းတစ်ခါတည်းနံ့လိုက်မယ် ကြံလိုက်ပါသေးရဲ့၊ နို့ပေမဲ့ ဒီလို အရမ်းလုပ်လိုက်မယ်ဆိုရင် ကျုပ်အပေါ်မှာလည်းရာဇဝတ်ဖြစ်မှုကင်းမယ် မဟုတ်ဘူး၊ သူလည်းပဲ ဘယ်အတွက်သူ့ကို လုပ်တယ်ဆိုတာ သိမယ် မဟုတ်ဘူး၊ ပြီးတော့ လက်စားချေရကျိုးလည်း မနပ်ဘူး၊ ဟုတ်တယ် မဟုတ်လား … ဦးဘိုးထော်"

"ဟုတ်တာပေါ့ဗျာ"

"ကျုပ်အကြံက ဒီအကောင်ကြီးမသေခင် သူ့အမှန်သတ်တယ်ဆိုတာကျုပ်ကိုယ်တိုင်သိရအောင် စမ်းကြည့်ချင်သေးတာကိုးဗျ၊ မမှားသော်ရှိ၊ မှားသော်ရှိဆိုတာလို ဘယ်အရာမဆိုစူးစမ်းဆင်ခြင်ပြီးမှလုပ်ရမယ်မဟုတ်လား၊ လူတစ်ယောက်ဟာ မလုပ်ရဘဲနဲ့ တမင်သက်သက် ခံရမယ်ဆိုရင် တရားရာရောက်ပါ့မလား – ဦးဘိုးထော်"

"အရမ်းလုပ်ရင် ဘယ်တရားမလဲဗျာ"

"မှန်ပေတယ် – မှန်ပေတယ်၊ ကျုပ်က မိုက်တယ်၊ ဆိုးတယ်ဆိုပေမဲ့ အကြောင်းမဲ့သက်သက်ဆိုရင် လူတစ်ယောက်ကို လက်ဖျားနဲ့မျှ မထိဘူး၊ ဒါနဲ့ ပြောရဦးမယ်၊ သူ့အိမ်ကိုရောက်လို့တစ်လလောက်ရှိတော့ သူကလည်းကျုပ်ကို အတော်ခင်မင်ပုံရတယ်၊ ကျုပ်ကလည်း သူ့အကြိုက်ကိုလိုက်ပြော၊ ထမင်းဟင်းချက်ပြုတ်တဲ့နေရာ၊ ဝတ်ကြီးဝတ်ငယ်ပြုလုပ်တဲ့နေရာမှာ တစ်ခုမှမလစ်လပ်အောင် ဆောင်ရွက်လုပ်ကိုင်တာကိုး… ဦးဘိုးထော်ရဲ့၊ ပြီးတော့မှ တစ်စတစ်စအယုံသွင်းပြီး တစ်နေ့တော့ ကျုပ်ကို

ဒီအကောင့်မျက်နှာကြီးဟာနိုတာ ဆိုးတဲ့အပေါ်မှာဖြစ်သွားလိုက်တာဗျာ။ ကျုပ်ဖြင့် ကျုပ်တစ်သက်မှာဘယ်တော့မှ မမေ့နိုင်ပါဘူး။ အခုပြောရင်းဆိုရင်းတောင် မြင်ယောင်မိသေးတယ်။ ဒီနောက် ကျုပ်လည်းပဲထင်ယောင်ထင်မှားဖြစ်အောင် အလောင်းကို သေသေချာချာမြင်၊ သူ့သေနတ်ကိုလည်း နေရာတကျပြန်ထား၊ ရင်ဝမှာ ဓားမြှောင်



၆၆ စိုက်ပြီးထားခဲ့တာကိုးဗျ။

ကျစ် သေသွားတဲ့ မိမိလေးနဲ့တူအောင်ဆင်၊ သူသေတဲ့အခါမှာဝတ်တဲ့ စုရတီလုံချည်အပြာနရောင်ကလေးဝတ်၊ ပိုးအင်္ကျီအဖြူကလေးကိုသွေးနဲ့တူအောင်ဒန်းဆီတွေ ဆိုး၊ ဆံပင်ပုံကို တပ်ပြီးသနပ်ခါးကလေး ဖုန်ဖုန်လိမ်း၊ ရင်ဝမှာဓားမြှောင်ကြီး တန်းလန်းဖြစ်အောင်ကြိုးနဲ့ချည်ပြီး တိုက်နံ့ဘေးက မန်ကျည်းပင်ခွဆုံပေါ်တက်ပြီးကိုယ်ယောင်ပြတာတို့ဗျ"

"တတ်လည်း တတ်နိုင်တဲ့ လူပါပဲဗျာ"

"ရွှေဖိုးက လူပျိုကြီးကိုးဗျ၊ အိမ်မှာတောက်တိုမည်ရမိုင်းဖို့ကောင်ကလေးတစ်ယောက်ရယ်၊ ကျုပ်ရယ်၊ သူရယ် ဒီသုံးယောက်ပဲရှိတယ်၊ ဒီကနေ့တာအိမ်မယ် ကောင်ကလေးကလည်း မရှိဘူး၊ ကျုပ်လည်းပဲ ညကျဆင်ပြီး တောစောကတည်းကပွဲကြည့်သွားဦးမယ်လို့သူ့ဆီမှာ ခွင့်တောင်းပြီး ထွက်ခဲ့တာကိုးဗျ၊ ဒီညဟာ လဆန်း(၈)ရက်နေ့ည၊ ကျုပ် သေသေချာချာ မှတ်မိတယ်၊ လကလေးကလည်းသာလိုက်တာထိန်လို့အဲဒီလိုသူ့ကိုကျုပ်ကခြောက်ပြတော့

www.burmeseclassic.com

သူလည်းပဲ ကျုပ်ကို တကယ်မကောင်း ဆိုးဝါးထင်ပြီး -

"ဒီကောင်မ ဒီလောက်ကြာတောင် လာပြီးခြောက်ရသေးသလား ဟင်၊ နင် တ နစ်ခါပြန်သေချင်တယ်ထင်တယ်"

ဆိုပြီး သူ့ခါးထဲက ခြောက်လုံးပြူးနဲ့ ချွဲပြီးပစ်တာကို - ဦးဘိုးထော်ရဲ့"

"ခင်ဗျားကို မထိဘူးလား"

"ဘယ်ကထိရမှာလဲဗျ၊ သူ့သေနတ် က ယမ်းတောင့်တွေကို ကျုပ်က စော စောကတည်းက ထုတ်ပြီး နိုးထားတာ ဝဲ"

"တယ်လည်း ... ညက်ကောင်းတဲ့ လူဗျာ"

"နောက်တစ်နေ့ညကျတော့ ကျုပ် လည်းပြင်ဆင်စရာရှိတာကိုပြင်ဆင်ပြီး သူ့အရိပ်အကဲကို စောင့်ကြည့်နေတာ ကိုးဗျ၊ နောက်ဖေးက မန်ကျည်းပင် တလေးမှာ သရဲရှိတဲ့အကြောင်း သူက ကျုပ်ကိုပြောတော့ ကျုပ်က မဟုတ်တာ ဆရာ၊ဒါမျိုးတွေကိုကျွန်တော်နည်းနည်း မှမကြောက်ဘူးလို့ ပြောပြီး သူလည်းပဲ ဒီညမှာကောင်းကောင်းမအိပ်နိုင်ပါဘူး။ ဒါနဲ့ သူ့ကိုစောင့်နေခဲ့တာ (၂) နာရီကျော် ကျော်လောက်ရှိတော့ သူအိပ်တဲ့အခန်း ပြတင်းပေါက်ကို အပြင်က ဖွင့်ပြီးဝင် သူ့ ခုတင်နားရောက်တော့ ကျုပ်လည်းပဲ သတ်ရမှာကို ဝမ်းသာလွန်းလို့ မီးရောင် ကလေး ခပ်မှိန်မှိန်မှာ သူ့မျက်နှာကိုစိုက် ပြီးကြည့်နေမိတာ ကျုပ်စိတ်ထင်ဖြင့် (၁၀)မိနစ်လောက် ကြာလိမ့်မယ်ထင် တယ်။

ပြီးတော့မှ ပြတင်းပေါက်တံခါးတွေ လုံအောင်ပိတ်၊ မှန်အိမ်ကိုမီးစာထုတ်ပြီး သူ့ပုခုံးကိုလှုပ်နှိုးတာကို - ဦးဘိုးထော်ရဲ့၊ ဒီတော့မှ သူလည်း အိပ်မှုန်စုံမွှားနဲ့ အိပ် ရာကထပြီး -

"ဟေ့ - ဖိုးသာလား - အလန့် တကြားကွယ်၊ ဘာလဲ"

အဲဒီတုန်းက ကျုပ်နာမည်ကဖိုးသာ ကိုးဗျ၊ ဒီတော့ ကျုပ်လည်း သူ့ရှပ်အင်္ကျီ လည်ပင်းကို ဆုပ်ကိုင်ပြီး -

"ဟေ့ကောင် - ငါ့မျက်နှာ သေသေ ချာချာ ကြည့်စမ်း၊ ဘယ်သူလဲလို့"

"မောင်ဖိုးသာ - မင်း ရူးများနေ သလား"

"အို - မင်းရူးသလား - ငါရူးသလား ဆိုတာ သိရလိမ့်မယ်၊ ဒီကနေ့ညတော့ ...သေဖို့သာပြင်ပေတော့၊ သတ်ရလိမ့် ...ယ်၊ ငါ့ကို မင်းအဟုတ် မသိဘူးလား"

သေနတ်ကို လက်ဖြင့်စမ်းရင်း -

"အဟုတ် ပြောတာလား၊ မင်း ...ညီ ဖိုးသာပဲ - ဖိုးသာပေါ့ကွ"

"သေနတ်တွေ ဘာတွေစမ်းမနေပါ ...နဲ့ သေနတ်က ဟောဒီမှာရောက်နေပြီ၊ ...သာဆိုတာက ငါ့နာမည်ရင်း မဟုတ် ...၊ နာမည်ရင်းက စိန်မှန်တဲ့ နားလည် ...လား၊ ဘယ့်နယ်ကွယ် - ငါ့ရည်းစား ...ည်း သတ်သေးတယ်၊ ငါ့ကိုလည်း ...ပေးအောင်လုပ်ခဲ့သေးတယ်၊ လက် ...ထ်လက်စားတွေလည်း မားပြတိုက် ...သွားသေးတယ်၊ ဒီတစ်သက် ဘယ် ...နိုင်ပါ့မလဲ - ရွှေဖိုးရယ်"

ဒီတော့မှ ဒီအကောင်က အရင် ...အဖြစ်အပျက်တွေ သတိရပြီး တောင်း ...နေတော့တာကိုး - ဦးဘိုးထော်ရဲ့၊ ဘာရ ...လဲဗျာ၊ ကျုပ်လည်းပဲ အိတ်ထဲက ...အဆိပ်ပုလင်းရယ်၊ ဓားမြှောင်ရယ်၊ ...ခြောက်လုံးပြူး သေနတ်ရယ်ပြပြီး -

"ဟေ့ - ရွှေဖိုး - မင်း - မလှုပ်နဲ့နော်၊ ...ကျာက ရွှေမယ်မကြံနဲ့၊ မင်းဦးနှောက် ...ခွေကိုထုတ်လိုက်မယ်နားလည်ရဲ့လား၊ ကိုင်း - ကိုင်း - အချိန်လည်း မရှိဘူး။ ဒီ(၃)မျိုးကြိုက်ရာရွေးပေတော့၊ အဆိပ် နဲ့သေချင်သလား၊ ဓားနဲ့သေချင်သလား၊ သေနတ်နဲ့သေချင်သလား"

လို့မေးတော့သူလည်းပဲတောင်း... လို့မရမှန်းသိတဲ့အတွက် ကျုပ်ကိုပြန်... ကိုင်မယ် ကြံတာကိုးဗျ၊ ဘာရမလဲဗျာ၊ ကျုပ်က လက်ဦးပြီးသားပဲ၊ သူ့ထတဲ့ အထဲမှာ ရင်ဝကို ဓားမြှောင်နဲ့ မထိတထိ ကလေး ထောက်ပြီး ပြန်အထိုင်ခိုင်း၊ အခုပြောတဲ့ (၃)မျိုးကို အရွေးခိုင်းတာ ပေါ့လေ၊ သူလည်း ကျုပ်ကို ပြောလို့မရ... မှန်းသိလေတော့ နောက်ဆုံး အဆိပ်နဲ့... သေပါတော့မယ်လို့ပြောတာကို - ဦးဘိုး... ထော်ရဲ့၊

ဒီတော့မှ ကျုပ်လည်းပဲ သူ့ဝမ္မည်း... ရှိသမျှကို တောင်းတော့ - လား - လား... မိမိလေးဝတ်သွားတဲ့ စိန်ထည်၊ ရွှေထည်... တွေဟာ တချို့တစ်ဝက်တွေရသေးထ... ကိုးဗျ၊ ဒါနဲ့ အားလုံး ကိစ္စပြီးတော့မှ သူ... လည်မျိုကို ဓားမြှောင်နဲ့ ထောက်ပြီ... အဆိပ်ရည်ကို ကုန်အောင်အသော... ခိုင်း၊ ကုလားထိုင်ပေါ်က ကျုပ်ထိုင်စော... ပြီးကြည့်နေခဲ့တာ (၅)မိနစ်လောက်ထ...



www.burmeseclassic.com

www.burmeseclassic.com

ကြာတယ်၊ တကတဲ - ဦးဘိုးတေ်ရယ် ဒီအတောင့်မျက်နှာကြီးဟာ နဂိုက ဆိုးရတဲ့အပေါ်မှာ ဖြစ်သွားလိုက်တာဗျာ၊ ကျုပ်မြင့် ကျုပ်တစ်သက်မှာ ဘယ်တော့မှ မမေ့နိုင်ပါဘူး၊ အခု ပြောရင်းဆိုရင်း တောင် မြင်ယောင်မိသေးတယ်၊ ဒီနောက် ကျုပ်လည်းမဲထင်ယောင်ထင်မှားဖြစ်အောင် အလောင်းကို သေသေချာချာမြင်၊ သူ့သေနတ်ကိုလည်း နေရာတကျပြန်ထား၊ ရင်ဝမှာ ဓားမြှောင်စိုက်ပြီး ထားခဲ့တာကိုးဗျ"

"ဪ - အရင်တလောက ကြားလိုက်မိတယ်ဗျို့"

"အစစ်ပေါ့ဗျာ၊ ဒီဟာ ကျုပ်လက်ချက်ပေါ့"

ဤနေရာသို့ရောက်လျှင် အကျဉ်းသားမောင်စိန်မှန်မှာ မရပ်မနား ချောင်းဆိုးလာပြီးလျှင် သွေးနည်းငယ် အန်ပြီးနောက်...

"ဒါပါပဲဗျာ ... ဦးဘိုးတေ်၊ ကျုပ်လည်း စကားပြောရတာ မောလှပါပြီ၊ ဒီအတောင်တိုသတ်ပြီး ကျုပ်လည်းပဲ အမြဲမပျက် သူ့အိမ်မယ် (၁၀)ရက်လောက်ဆက်ပြီးနေခဲ့သေးတယ်၊ တံခါးပေါက်တစ်ပေါက်ကို အပြင်ကနေ ဖွင့်တဲ့သော့နဲ့ဖွင့်၊ သူ့ပစ္စည်းတွေ ဖရိုဖရဲကြဲထား၊ သူ့သေနတ်ကိုတော်ရာမှာ ပျောက်ဖျက်ပစ်၊ အဲဒီလို ဉာဏ်ဆင်ပြီး အထင်မှားအောင် ကျုပ်က လုပ်ထားလေတော့ ပုလိပ်ကလည်း ကျုပ်အပေါ်မှာ တစ်စွန်းတစ်စမှ မထင်ဘူး၊

ကျုပ်ကိုစစ်တဲ့အခါ ကျုပ်က အိမ်အောက်ထပ် နောက်ဖေးခန်းမှာ ကျုပ်အိပ်ပျော်နေတယ်လို့ အစစ်ခံတဲ့အတိုင်း သူတို့ ယုံကြည်တဲ့ လက္ခဏာပဲ၊ တံကောင်းတာတစ်ခုကလည်း ဒီအခါတုန်းက ပျဉ်းမနားမြို့ပေါ်မယ် ပစ္စည်းယူ၊ လူသတ် အနုကြမ်းစီးသွားတဲ့ အမှုတစ်ခုနှစ်ခုဖြစ်နေလေတော့ ပုလိပ်ကလည်း ဒီအကောင်တွေပဲလို့ ထင်တာပေါ့ဗျာ၊ ပြီးတော့ လုပ်တဲ့ကိုင်တဲ့ နေရာမှာလည်း ကျုပ်က တော်တော်စေ့စပ်တဲ့လူကိုးဗျ၊ ဒါနဲ့ အားလုံးကိစ္စ ချောတော့မှ ကျုပ်လည်းပဲ ရှပ်ဖျောက်ပြီး ရန်ကုန်ကိုထွက်လာခဲ့တယ် - ဦးဘိုးတေ်"

"အဲဒ်း - တော်တော်လည်းကြိုးကြိုးစားစား လုပ်ခဲ့တဲ့လူပဲ"

"ဒီလိုလုပ်ခဲ့ရလို့လည်း ကျုပ်ဟာ သေပျော်ပြီလို့ ပြောတာပေါ့ . . . ဦးဘိုးတေ်ရဲ့"

"ဒါနဲ့ပဲ ရန်ကုန်ကိုရောက်လာပြီးတဲ့နောက်တိုင်းတန်းမှာလူတစ်ယောက်ကိုဓားနဲ့ထိုးတဲ့အမှုနဲ့ထောင်ကိုအခုရောက်လာတာပဲ - ဦးဘိုးတေ်ရဲ့"

"ဪ ..."

"ဒါပါပဲဗျာ၊ ကျုပ်လည်းပဲ စကားပြောရတာ မောလှပါပြီ၊ ဒီတော့ ကျုပ်အခုပေးခဲ့တဲ့မြေပုံမှာပါတဲ့အတိုင်း ကျုပ်မြှုပ်ထားခဲ့တဲ့ ပစ္စည်းတွေကို လူမသိအောင် ခင်ဗျားကိုယ်တိုင် တူးဖော်ပြီး ရတဲ့ပစ္စည်းရောင်းချပြီး တစ်ဝက်ကို ဘုသိုလ်ကောင်းမှုပြု၊ မိမိလေးနဲ့ ကျုပ်အတွက် အမျှအတန်းဝေ၊ ကျန်တဲ့ တစ်ဝက်ကိုတော့ ခင်ဗျားသဘောအတိုင်းပေါ့ဗျာ၊ ကျုပ်လည်းကြာကြာနေရတော့ မယ်မဟုတ်ပါဘူး၊ နာရီပိုင်းလောက်သာ ကျန်ပါတော့တယ်"

"မဟုတ်တာ - ကိုစိန်မှန်ရယ်၊ ခင်ဗျား မသေနိုင်သေးပါဘူးဗျာ၊ အားတင်းမှပေါ့"

"မဟုတ်ဘူး - ဦးဘိုးတေ်၊ ကျုပ်အကြောင်း ကျုပ် သိတယ်၊ မနေ့ညက တစ်ညလုံး ရွှေဖိုးမျက်နှာချည်း မြင်မြင်နေတယ်၊ သူ့လက်ထဲမှာ အဆိပ်ပုလင်းနဲ့ ရော၊ ဓားရော၊ သေနတ်ရော ကိုင်လို့ဗျာ"

"ခင်ဗျားစိတ်စွဲလမ်းလို့ပါ ကိုစိန်မှန်ရယ်"

"တဲ - တဲ - မသေခင် ကျုပ်လုပ်ချင်ရာလုပ်ဖို့အခုလိုဦးဘိုးတေ်ကိုတာဝန်လွှဲပေးခဲ့ရလို့ ကျုပ် ကျေနပ်ပါပြီ၊ ဪ အနိစ္စ - အနိစ္စ - ဘယ်သင်းမှ မမြဲပါကလား - ဦးဘိုးတေ်၊ အခု စကားပြောနေတဲ့ ကျုပ်ရဲ့ခန္ဓာကိုယ်ကြီးဟာလည်း အနတ္တသဘောမို့ မကြာခင်ပဲ ရွှေလျားပြောင်းသွားပြီးပိုးလောက်တို့ရဲ့အစာဖြစ်တော့မယ် - ဦးဘိုးတေ်၊ ကျုပ်မှာတဲ့အတိုင်းသာ မပျက်မကွက် ဆက်ဆောင်ရွက်ပါတော့ - ဦးဘိုးတေ်ရယ်"

"ကောင်းပါပြီဗျာ - စိတ်ချပါ၊ ဆောင်ရွက်စရာရှိရင် ကျုပ်အသက်နဲ့တောင် လဲရလဲရ - ခင်ဗျားပြောတဲ့အတိုင်း တစ်သဝေမတိမ်းအောင် ကျုပ်ဆောင်ရွက်ပါ့မယ်"

မောင်စိန်မှန်မှာ မျက်ရည်များဝင်ကျလျက်ရှိရာလေသည်၊

***

www.burmeseclassic.com

နောက်တစ်နေ့၌ပင် မောင်စိန်မှန် အနီးရောက်ရှာလေသည်၊ ကျွန်ုပ်သည် ထောင်မှလွတ်ခဲ့ပြီးနောက် မောင်စိန်မှန် ၏ပြောပုံအညွှန်းအတိုင်းပြည်မြို့ ရွှေလင်ပန်းတောရအနီးတွင် သူမြှုပ်နှံထားသော ပစ္စည်းများကို သွားရောက်ရှာဖွေရာ ခဲလည်းခြင်းမရှိလှဘဲ တူးဖော်ရရှိခဲ့ပါ၏။ ယင်းပစ္စည်းများကို ထုခွဲရောင်းချပြီးနောက် ကျွန်ုပ်လည်း မောင်စိန်မှန်အား ကတိပြုခဲ့သည့်အတိုင်း ထက်ဝက်ကို အလှူအတန်းပြုလုပ်၍အမျှအတန်းဝေ၏၊ ကျန်တစ်ဝက်ကိုမူ ကျွန်ုပ် ရယူခဲ့လေ သည်။

>> ဒဂုန်ရွှေမျှား

## ဆေးမြီတိုများ

➤ ဆင်ခြေထောက်ရောဂါ

ဖြေူကြီးမြစ်ကို ဆန်ပုံးရည်ဖြင့် သွေး၍ပါးပါးလိမ်းပါ။

➤ ညောင်းညာကိုက်ခဲ

မြင်းခွာရွက်ကို ဆီးဖြူခေါက်နှင့်ရော၍ ဆားအတန်ထည့်။

မြေအိုးသစ်နှင့် သုံးခွက်တစ်ခွက် တင်ကျို၍ နံနက်တိုင်း သောက်ပါ။

➤ ဒူလာမီးယပ်ဆေး

သက်ရင်းကြီးမြစ်၊ ဥသျှစ်မြစ်၊ ခင်ပုပ်မြစ်၊ သနပ်ခါးမြစ်တို့ကို ဆတူရော၍ ငါးခွက်တစ်ခွက် တင်ကျို၊ ထန်းလျက်ဖြင့် စိမ်သောက်ပါ။

➤ ဒူလာမြင်းသရိုက်

ဆီးဖြူသီး စားပေးပါ။

# ဖိုးကျရွှေကိုယ်

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

**ကျွန်တော်တို့ . . .** မိဘများနှင့် ဆွေးလူကြီးသူမများက တစ်ခါတစ်ရံမှ ပေါ်လာထတ်သူ၊ ခင်မင်ရသူ၊ ဆွေမျိုး မိတ်သင်္ဂဟများကို တွေ့ရလျှင် လှိုက်လှဲ စွာ ကြိုဆိုပြီး "ယခုမှ ပေါ်လာရသလား၊ မိုးကျရွှေကိုယ်ရယ်" ဟူ၍ ကင်ပွန်းတပ် လေ့ရှိသည်၊ တောရပ်နေလူတန်းစားက တော့ မိုးကျမှ ပေါ်လာသော ရာသီစာမို့ အချိုးချိုးကို "မိုးကျရွှေကိုယ်" ဟုတင်စား ပြီး ခေါ်ဆိုတတ်ကြသည်၊ အကောင်းမြင် ပြီး ကြိုဆိုဂုဏ်ပြုကြခြင်း ဖြစ်ပါသည်၊

ကျွန်တော့်အမြင်တော့ လွန်စွာစီးမိုး ပြီး အထတ်က ကျလာသော (မိုးပေါ်က ကျလာသော) ပုဂ္ဂိုလ်များကို ခေါ်ဆိုခြင်း ဟု လက်ခံယူဆထားသည်၊ ကျွန်တော် တို့က အစိုးရဝန်ထမ်းများ ဖြစ်ကြသည်၊ ဌာနတစ်ခုခုတွင် အရာရှိပေါက်စတစ်ဦး ဖြစ်ရန် အတော်ကြိုးစားရသည်၊ ရရှိပြန် တော့လည်း မြန်မာပြည်အနှံ့ တာဝန်ကျ ရာ ဒေသအသီးသီး တောတောင်များ အတွင်း အသက်ကိုစွန့်၍ တာဝန်ထမ်း ဆောင်ကြရသည့် သစ္စာဝန်ထမ်းများ ဖြစ်သည်၊

ကျွန်တော်တို့ ၁၉၇၅ – ခုနှစ်တွင် အလုပ်စဝင်ပြီးသည်နှင့် ၁၉၇၇ – ခုနှစ် ခန့်တွင် ကျောက်မိုင်းကော်ပိုရေးရှင်း အဖြစ်ပေါ်သည်နှင့်ယင်းဌာနကိုဖျက်သိမ်း ပြီး အကျဉ်းဦးစီးဌာနနှင့်ပေါင်းသည်၊ သူ တို့က ဌာနဖျက်သိမ်းခံရသော်လည်း လွန်စွာကံကောင်းကြသူများ ဖြစ်ကြပါ သည်၊ အောက်တန်းစာရေးက အထက် တန်းစာရေးအဆင့်၊ အထက်တန်းစာ ရေးက ရုံးအုပ်ကြီးများ အဆင့်မြင့်တစ် ဆင့်တိုးရာထူးများဖြင့် ပြောင်းလာကြ ခြင်းဖြစ်သည်၊ ကျွန်တော်တို့ဌာနရောက် တော့ ထောင်မှူး၊ ထောင်မှူးကြီး၊ ထောင် ပိုင်ရာထူးများ အသီးသီး အဆင့်တိုး၍ ရရှိကြတော့သည်၊

ထိုပုဂ္ဂိုလ်များကိုယင်းတို့၏ကျောက် မိုင်းလုပ်ငန်းများတွင် ရဲဘက်လုပ်သား

> မိုးကျရွှေကိုယ် ဟူသော
> ဝေါဟာရအတိုင်း မိမိမကျွမ်းကျင်သော
> လုပ်ငန်းကြီးကို တာဝန်ယူမိရာမှ
> နောက်ဆုံးတွင် ...

များဖြင့် ပံ့ပိုးပြီး ကျောက်ထုတ်လုပ်ငန်း များ၊ ဆက်လက်လုပ်ကိုင်ကြသည်က ကျွမ်းကျင်ရာလုပ်ငန်းများဖြစ်ကြ၍ အဆင်ပြေသည်၊ အဆင်မပြေသည်က ကျွန်တော်တို့ ထောင်စခန်းများနှင့် ချုပ်သို့ ရောက်လာကြပြီး လုပ်ငန်း သဘာဝ နားမလည်ဘဲ အပေါ်စီးက လူ ကြီးများ လုပ်၍အုပ်ချုပ်ရေးပိုင်းကို င်ရောက်ခြယ်လှယ်ကြခြင်းဖြစ်သည်၊

ကျွန်တော်တို့မှာ ဌာနသို့ မိုးကျရွှေ ကိုယ်များ ဝင်ရောက်လာကြခြင်းဖြစ် သည်၊ သူတို့ထက် စောသူများကတော့ ဘတ်တ ဖြစ်သည်၊ ရာထူးအဆင့်အမျိုး မျိုးမှ ပြောင်းလာကြသော "အိုပယ်" များ ဖြစ်ကြသည်၊ အစဉ်နပျိုနေစေရန် သွေး သစ်လောင်း၍ ဖွဲ့စည်းထားသော တပ် တော်အတွက် အသုံးမတည့်တော့ သော အိုနာကျိုးကန်းများကို နယ်ဘက် ဌာနများသို့ တာဝန်လွှဲပြောင်း ထမ်း ဆောင်ရန်စောင်မကြည့်ရှုခြင်းဖြစ်သည်၊ အတော်ပိုင်းတာ ဗိုလ်ကြီးအဆင့်ကို နယ် ဘက်ဌာနသို့ပြောင်းရွှေ့လျှင်ထောင်ပိုင်၊ အထူးအရာရှိရာထူးများ ပေးသည်၊ ဗိုလ် မှူးအဆင့်ဆိုလျှင်တော့ ညွှန်ကြားရေး မှူးတွဲဖြစ်သည်၊ ဒုဗိုလ်မှူးကြီး၊ ဗိုလ် မှူးကြီးများကတော့ ညွှန်ချုပ်၊ ဒုချုပ် ရာထူးများ အသီးသီးရကြသည်၊

နောက်ပိုင်းတွင်တော့အကျဉ်းဦးစီး ဌာနကောင်းမွန်းသိ၍တပ်မှဗိုလ်အဆင့် သာမက တပ်ကြပ်ကြီးနှင့် အရာခံဗိုလ် များလည်း ပြောင်းလာကြတော့သည်၊ ထို့အပြင် နယ်ဘက်မှ ဌာနများဖြစ်ကြ သော ရဲဌာန၊ သမဝါယမဌာန၊ မီးသတ် ဌာနများက ဝန်ထမ်းများလည်း ပါလာ ကြတော့သည်၊ ပြောင်းရွှေ့လာကြသော ဌာနများက အထက်လူကြီးများ၏ ပေါက်မြောက်မှုအလိုက် ကျွန်တော်တို့ ဌာနသို့ အရောက်တွင် တပ်ကြပ်ကြီးတာ လည်းထောင်မှူးကြီးရာထူးသို့ချက်ချင်း ရနိုင်သည်၊ အထက်လူကြီးများဖြင့် အဆင်မချောသူများကတော့ အရာခံ ဗိုလ်အဆင့်က ပြောင်းရွှေ့လာသူဖြစ် သည့်တိုင် ထောင်မှူးရာထူးလောက်တို့ သာ အနိုင်ရရှိကြတော့သည်၊

ယခင်တပ်ချုပ်ကြီး၏တပည့်ဘော် ဦး ထောင်သို့ ရောက်လာသည်၊ သူက အရာခံဗိုလ်ဖြစ်၍ အကျဉ်းဦးစီးဌာနတာ ထောင်မှူးကြီးရာထူးပေးသည်၊ သူက ဆိုကျေနပ်သေး၍ အလုပ်မဝင်(၂)ပတ် ခန့်ကြာမှ ဒုတိယထောင်ပိုင်ရာထူး တိုး

www.burmeseclassic.com

ကျွန်အလုပ်ဝင်သည်။ တပ်မတော်သား ချင်းတောင်အခွင့်အရေးမတူပါ။ မိမိအား တိုးရာ လူကြီးကြီးလျှင်ကြီးသလို ရာထူး ရနိုင်ပါသည်။ မယုံမရှိနှင့်၊ ကိုယ်တွေ့။

ကျွန်တော်တို့ သခွေ့ဝန်ထမ်းများ၊ ရာထူးတက်ရန် အခွင့်အလမ်းများ ပိတ်ကုန်သည်။ (၅)နှစ်မှ တစ်ကြိမ် ရာထူးတိုးစာမေးပွဲများ ဖြေရပြီး ရာထူးတက်ရန် အတော်ကြိုးစားရှုန်းကန်ကြရသည်။ စခန်းများသို့ ထွက်တော့လည်း သူတို့က ကျွန်တော်တို့၏ အထက်အရာရှိများ အဖြစ် အပေါ်က ဆက်ဆံကြ၍ လွန်စွာ ခံပြင်းခဲ့ရသည်။ အလုပ်သဘောတရားလည်း နားမလည်၊ ခေတ်ပညာလည်း မတတ်၊ တော်တော်ခက်ပါသည်။

***

ဥပမာတစ်ခု ပြောပါဦးမယ်။ ၁၉၈၄ ခုနှစ်၊ ကျွန်တော် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ကော့သောင်းဆီအုန်းစိုက်ပျိုးရေးစခန်းများသို့ ပြောင်းရွှေ့ပြီး တာဝန်ထမ်းဆောင်ရသည်။ ကျွန်တော့်အား ပါလေယ်ပါညန်းဆီကုန်းစခန်းတွင် တာဝန်ထမ်းဆောင်ရာမှ အောက်ချိုင့်ဆီအုန်းခြံသို့ တာဝန်ခံအဖြစ် အထက်လူကြီးများက ပြောင်းရွှေ့တာဝန်ပေးသည်။ အောက်ချိုင့်ဆီအုန်းခြံမှာ ယခင်က ယာယီပျိုးပင် စခန်းသာ ဖြစ်၍ ကျွန်တော် တာဝန်ကျသောအချိန်တွင် မနီမိုး၊ ဝါးထရံကာ၊ တဲကလေးများဖြင့် နေရသည်။ ရုံးစိုက်ရာ တဲကြီးက ယိုင်နဲ့နေပြီ၊ ထောက်ပိုခေါင်းများနှင့် ဝန်ထမ်းတဲများ၊ ရဲဘက်ဘားတိုက်များက ဝါးကြမ်းခင်း၊ မနီကာ၊ အလွန်စုတ်ပြတ်နေသည်။ ထို့ကြောင့် ကျွန်တော် စခန်းတစ်ခုလုံးကို မြေလှန်၍ ပြင်ဆင်ရတော့သည်။ သစ်ပေါ၊ ဝါးပေါ ဒေသဖြစ်သော်လည်း ယခင် စခန်းတာဝန်ခံများ၊ ဖြစ်သလိုနေခဲ့၍ စခန်းမှာ ဖရိုဖရဲ၊ ကျွန်တော် မနေတတ်၍ ဖွဲ့စည်းပုံကအစ ပြင်ဆင်ရတော့သည်။

ရဲဘက်ဝင်းလုံခြုံရေးနှင့် အဆင့်မြင့်စေရန် ဘားတိုက်ကြီးများအား ပျဉ်ခင်း၍ ဝါးထရံကာသည့် ရုံးတဲဟောင်းကြီးအား ဖျက်သိမ်း၍ နှစ်ထပ်ပျဉ်ထောင်ရုံးကြီး ဆောက်သည်။ ဝန်ထမ်းနှင့် အရာရှိအိမ်များကိုလည်း အသစ်ဆောက်ပေးသည်။ ထောက်ကိုခေါင်းများကိုလည်း နေရာပြောင်းရွှေ့၍ အခိုင်အမာ အသစ်ဆောက်သည်။ ယခင်က တစ်ဖေကခန့်သာ ကျယ်ဝန်းသော စခန်းတောင်ယာစိုက်ခင်းကို (၅)ဧကခန့် ချဲ့ထွင်၍ အင်းစိန်ထောင်မှ ပြောင်းရွှေ့လာသော စိုက်ပျိုးရေးကျွမ်းကျင်သည့် တပ်ကြပ်ဦးအေးမောင်ကို တာဝန်ပေးပြီး မျိုးစေ့များ ဝယ်ပေးရသည်။

စခန်းနောက်တန်းတာဝန်ခံအဖြစ် တပ်ကြပ်ကြီး ဦးထွန်းမောင်နှင့် ရဲဘက်ခေါင်းဆောင် ကိုစိုးမြင့်တို့ကို ခန့်ထားပြီး ရှေ့တန်းလုပ်ငန်းခွင်အတွက် တပ်ကြပ်ကြီးဦးတေထွန်းအောင်နှင့် ရဲဘက်ခေါင်းဆောင်၊ မောင်ဝင်း၊ ငှင်းတို့အထက်မှ အုပ်ချုပ်သူ ထောင်မှူးတစ်ဦးအား တာဝန်ပေးပြီး ကျွန်တော်ကိုယ်တိုင် ကြည့်ရသည်။ ဒေသမှာ ၃၀၃ ရိုင်ဖယ်သေနတ်ကြီး ကိုင်၍ စစ်ဆေးကြီးကြပ်ရသည်။ အသော်ရီရိုးမနှင့် ဆက်နေသဖြင့် တောခြံများ ဖြစ်သောကြောင့် ဆီအုန်းပင်များအား ဖျက်ဆီးသော တောကောင်များ အလွန်ပေါသည်။ အထူးသဖြင့် တောဆင်များ ဖြစ်ကြသည်။ ထို့ကြောင့် ဆင်နှာလည်း ပါသောကြောင့် ကျွန်တော် ကိုယ်တိုင် အဖြစ်မှန်းမသိ ဖြစ်လာရသည်။

အသားရိက္ခာ ရှားပါးသော ဒေသဖြစ်သောကြောင့် တောဝက်တစ်ကောင်ရ လျှင် ကျွန်တော်တို့ စခန်းရှိ ဝန်ထမ်းနှင့် ရဲဘက်အင်အား (၃၀၀)လောက် အတွက် အသားရိက္ခာ ဖူလုံသည်။ ထို့ကြောင့် ရဲဘက်မှ ဆိုးကိုလည်း ရွေးချယ်ပြီး ခန့်ထားရသေးသည်။ တောင်တိုင်းနှင့် ကိုင်းများမိလျှင် တော့ ကျွန်တော်နှင့် နောက်တန်းတပ်ကြပ်ကြီး ဦးထွန်းမောင်တို့ ကိုယ်တိုင် သွားပစ်ကြရသည်။

သူများအသက်သတ်ရသော်လည်း ကျွန်တော်တို့ ပျော်သည်။ တောဝက်တစ်ကောင်၊ အသက်တစ်ချောင်းသာ ဖြစ်သော်လည်း စခန်းရှိဝန်ထမ်းနှင့် ရဲဘက် (၃၀၀)ကျော် စာအတွက် အသားရိက္ခာ ဖူလုံသောကြောင့် ကျွန်တော်တို့ ငရဲကြီးမှာကို မကြောက်ပါ။ တောစခန်းနေသူများ ပီပီ တောကောင်ရလျှင် အလွန်ပျော်သည်။ တောကောင်များမှာ ဆီအုန်းခင်းကို ဖျက်ဆီးကြသော တိရစ္ဆာန်များဖြစ်ကြသောကြောင့် တာဝန်ဝတ္တရားအရလည်း ရှင်းလင်းရန် ဌာနက သေနတ်နှင့် ကျည်ဆန်များကို တရားဝင် သုံးစွဲရန်လည်း ခွင့်ပြုထားပါသည်။ တောကောင်များကလည်း တစ်ပတ်လျှင် (၂)ကောင် ခန့်ရသည်။ ရဲဘက်များ ဆီအုန်းခင်း ပေါင်း ရှင်းရင်းလည်း ဖြူ၊ တောဝက်ပေါက်၊ ရှေကောင်နှင့် မြွေကြက်ကြီးများကိုလည်း နေ့စဉ်ရတတ်ပါသေးသည်။ ရဲဘက်များက ဆီအုန်းသီးအမှည့်များအား ထု၍ ရေနွေးဖြင့်ပြုတ်ပြီး ရေခပ်ဆီ

www.burmeseclassic.com

www.burmeseclassic.com

သုတ်၍ထရံရဲ့ ကြော်လော့်၍ စားကြသည်။ အစားအသောက် အလွန်ပေါ သော အချိန်အနေလည်း ဖြစ်လာပါသည်။

ပေါင်းရှင်းလျှင် တောကောင်များရ တတ်သောကြောင့် ဝန်ထမ်းနှင့်ရဲဘက်များစိတ်ပါလက်ပါလုပ်ဆောင်ကြသောကြောင့် ကျွန်တော်တို့ အောက်ချိုင့်ဆီအုန်းခြံစော(၁၀၀)ကျော်စိုက်ခင်းမှာ ပေါင်းမြက်များ တင်းရှင်းပြီး ဆီအုန်းပင်များကြီးထွားလာသောကြောင့်စနစ်ကျပြီး လွန်စွာသာယာလှပပါသည်။ အဝေးက ကြည့်လျှင် အတန်းလိုက် ညီညာစွာ ကြည့်ရှု၍ အလွန်ကောင်းသည်။

တာဝန်ကျရာစခန်းတွင် (၂)နှစ် တာဝန်ထမ်းဆောင်ရစဉ်အချိန်အတွင်း ကျွန်တော်စခန်းအား သာယာလှပ သန့်ရှင်းသပ်ရပ်ပြီး အဆင့်မြင့်စေရန် ပြန်လည်တည်ဆောက်သည့် အပြင် ဗုဒ္ဓဘာသာဝင်ပီပီ နေ့ထူးနေ့မြတ် ဘာသာရေးပွဲများကိုလည်း ဝန်ထမ်းနှင့် ရဲဘက်များ စုပေါင်းပြီး ဦးဆောင်ကျင်းပနိုင်ခဲ့သည်။ လမ်းဖောက်တံတားဆောက်ခြင်း အမှုများကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း စည်းလုံးညီညွတ်ပြီး လှပသာယာသန့်ရှင်းသောစခန်းအဖြစ် ညွှန်ချုပ်ကြီးဦးတင်ဦးကပင် ချီးမွမ်းဂုဏ်ပြုခြင်းကိုခံခဲ့ရပါသည်။ ကျွန်တော့်စခန်းတွင် သနေ့ဝန်ထမ်းနှင့် ရဲဘက်များသာမက ခေတ္တလာရောက်ကြသော ဧည့်သည်များပင် အလွန်ပျော်ကြပါသည်။ ရဲဘက်ဆေးရုံစခန်းဖြင့် ပါ တွဲ၍နေရသောကြောင့်စခန်းမှာကြီးမားကျယ်ပြန့်ပြီး လူအဝင်အထွက်လည်း အလွန်များသည်။ ထိုဝန်ထမ်း၊ရဲဘက်ဧည့်သည်များအတွက်လည်း ကျွန်တော် ချဲ့ထွင်စိုက်ပျိုးထားသော (၅)ဧကခန့်ရှိ နှစ်ရှည်ပင်နှင့်ရာသီပေါ်သီးနှံများအလျှံပယ် ထွက်ရှိသည့် ဥယျာဉ်စိုက်ခင်းကလည်း ပြည့်စုံစွာ ထောက်ပံ့ပေးနိုင်သည်။ ဥယျာဉ်မှ သရက်သီး၊ ဒူးရင်းသီး၊ ရှောက်သီး၊ တညင်းသီးများ ရာသီအလိုက် ထွက်ရှိသလို ရာသီပေါ် သီးနှံပြောင်း၊ ဘူးသီး၊ ဟင်းသီးဟင်းရွက်များကလည်း လုံလောက်ရုံတင်မက ပိုလျှံအောင် ထွက်ရှိပါသေးသည်။ ခြုံငုံ၍သုံးသပ်တင်ပြရလျှင်တော့အလွန်ပျော်စရာကောင်းသည့်ပြည့်စုံကြွယ်ဝသောပဒေသာပင်စခန်းဖြစ်သည်ဟုအမှန်းတင်လိုပါသည်။

***



ကျွန်တော်ဆောက်လုပ်ထားသော နှစ်ထပ်ရုံးအိမ်ကြီးမှာ လွန်စွာခမ်းနားသည်ဝါသည်။ ရုံးအတွင်း၌လည်း အောက်ထပ်၌စတိုခန်းနှင့်ရုံးခန်းကျယ်ကြီးအတွင်း၌ အလုပ်စားပွဲများလည်း ခန့်ညားစွာ ခင်းကျင်းထားသည်။ အပေါ်ထပ်၌လည်း အိပ်ခန်း(၃)ခန်းအတွင်း၌ ခုတင်တစ်လုံးစီနှင့် စာရေးစားပွဲများလည်း ရှိသည်။ ဧည့်ခန်းအလယ်တွင် သီးသန့်ဘုရားခန်းရှိပြီး ဆင်ဝင်ထုတ်၍ အပေါ်ထပ်တွင် ဆက်တီစားပွဲအပြည့် အခုံခင်းကျင်းထားသော ဧည့်ခန်းလည်း ပါသေးသည်။ အရာရှိနှင့် ဧည့်သည်များအတွက်လည်း အရာရှိထမင်းချက်ဖို သီးသန့်ရှိပြီး အသုံးအဆောင်အဖြစ် အိုးခွက်ပန်းကန်၊ ဇန်ခွက်ကအစ ကျွန်တော် အပြည့်စုံအောင် စုဆောင်းထားပါသည်။

၁၉၈၆ - ခုနှစ်၊ (၂)နှစ်ပြည့်၍ ကျွန်တော် ပြောင်းရွှေ့မိန့်ထွက်တော့ အသစ်ရောက်ရှိလာသည့်စခန်းတာဝန်ခံမှာ ကျွန်တော်နှင့် အပတ်စဉ်တူသူ၊ သူငယ်ချင်းထောင်မှူးကြီး ဦးကျော်ကျော်လွင်ဖြစ်သည်။ သူကလည်း ကျွန်တော့်စခန်းကို အလွန်သဘောကျသည်။ လုပ်ငန်းတာဝန်ဝတ္တရားများကို ကျွန်တော့်ကို အစကာ ဝင်ပန်းဆင်းရဲစွာ ပြန်လုပ်ရန် မလိုတော့ဘဲအချိန်ရနေသောစခန်းအုပ်ချုပ်ရေးတာဝန်များကို အေးချမ်းစွာ ဆက်လက်ထမ်းဆောင်ရန်သာ ရှိတော့သည်။

သူနှင့်ကျွန်တော်တာဝန်လွှဲပြောင်းစဉ် အဖွဲ့များ ခွဲ၍ စိုက်ပျိုးစော (၁၀၀) ကျော်ရှိသော ဆီအုန်းပင်များကို စစ်ဆေးရေတွက်ပြီး လွှဲပြောင်းပေးရသည်။ စခန်းအတွင်းရှိ အဆောက်အအုံများ ဖြစ်ကြသည့်ရဲဘက်ဘားတိုက်ကြီးများ ထောက်ကိုဒေါင်များနှင့် ဝန်ထမ်းဘား တိုက်၊ အရာရှိအိမ်များနှင့် ရုံးအဆောက်အအုံကိုလည်းစနစ်တကျလွှဲပြောင်းပေးရသည်။ ကျွန်တော် လက်ခံရယူစဉ်တုန်းက ပျက်စီးယိုယွင်းနေသောတဲများသာဖြစ်ပြီးယခုတော့သန့်ရှင်းသပ်ရပ်ပြီး စနစ်ကျသော ပျဉ်ထောင်အဆောက်အအုံများ ဖြစ်ပါသည်။

ထောင်မှူးကြီး ဦးကျော်ကျော်လွင်က -

"သူငယ်ချင်း လွှဲပြောင်းလက်ခံရတာ မှာ ပြည့်စုံလို့ စိတ်ချမ်းသာပါတယ်၊ ပိုပြည့်စုံသွားအောင် သူငယ်ချင်းလုပ်ကိုင်ထားတဲ့ ဆက်တီစားပွဲတွေပါ လွှဲခဲ့ပါကွာ"

www.burmeseclassic.com

အဲ–တစ်ခုပဲရှိတယ်။ ကိုယ်ပြောင်းခါနီးတော့ ကျောက်မိုင်းက ထောင်မှူးကြီး ဦးသန်း ရောက်လာတယ်။ သူက တရုတ်ကပြား ဆိုတော့ တရုတ်မကြီးလို့လည်း ခေါ်တယ်။ ကိုယ်နဲ့ အလွဲအပြောင်းမှာ သူငယ်ချင်းလွှဲပေးခဲ့တဲ့ တိုက်ပန်းကန်ပြားတွေ၊ ဆက်တီတွေ မ,သွားတဲ့အပြင် စခန်းရုံးမှာ ကိုးကွယ်ထားတဲ့ ငွေမိုးဆောင်း ဘုရားဆင်းတုတော်တောင် မချန်ဘူး 66 အကုန်မ,သွားတယ်။



"ရပါတယ် – သူငယ်ချင်း။ နောက် တော့ ဘာလိုချင်သေးလဲ"

"အဲ – ဘုရားစန်းက ငွေမိုးဆောင်း ဘုရားပါ ပင့်မသွားဘဲ ထားခဲ့စေချင် တယ်"

"အေးပါ – ဘုရားစန်းအသုံး အဆောင်၊ ရုံးစန်းပစ္စည်းတွေကအစ လွှဲခဲ့မှာပါ"

"အဲ – နောက်ပြီးအရာရှိဖို့က တိုက် ပန်းကန်တွေနဲ့ အသုံးအဆောင်ပစ္စည်း တွေကလည်း သူငယ်ချင်းဝယ်ထားတာ ဆို၊ အဲ့ဒါတွေပါ ပေးခဲ့ပါကွာ။ ကိုယ်က ရောက်ခါစ ဘာပစ္စည်းမှ မပြည့်စုံလို့ပါ"

"သူငယ်ချင်း စိတ်ချမ်းသာရင် ပြီး တာပါပဲ၊ အကုန်ထားခဲ့ပါ့မယ်၊ အဲ – တစ် ခုတော့ရှိတယ်၊ ကိုယ်က ကိုယ့်ငွေနဲ့ ကိုယ်၊ ဘုရားဆင်းတုတော်ကအစ အသုံးအဆောင်ပစ္စည်းတွေအထိ ဝယ် ယူစုဆောင်းထားရတာဖြစ်တော့ သူငယ် ချင်းကို ကိုယ်ပိုင်ပေးတာတော့ မဟုတ် ဘူး။ စခန်းတာဝန်ခံ အစဉ်အဆက် အသုံးပြုလို့ရအောင် စခန်းပိုင်ပစ္စည်း တွေအနေနဲ့ စနစ်တကျ စာရင်းအပ်နဲ့ လွှဲခဲ့မယ်၊ သူငယ်ချင်းကလည်း နောက် လူတွေကို လွှဲပေးပါ၊ ကိုယ်ကျိုးအတွက် သူမသွားရဘူးလို့လည်း သတိပေးပါ၊ အများကောင်းကျိုးအတွက်ပါ"

"စိတ်ချပါ – သူငယ်ချင်း၊ ကိုယ် စာတိပေးပါတယ်၊ ကျေးဇူးအလွန်တင်ပါ တယ် – သူငယ်ချင်းရယ်"

***

နောင် (၂) နှစ်ကျော်အကြာ ကျွန် တော်နှင့် ထောင်မှူးကြီး ဦးကျော်ကျော် လွင်တို့ အင်းစိန်ထောင်တွင် ပြန်ဆုံကြ တော့ –

"ဟာ – သူငယ်ချင်း – ဘယ်တုံးက ပြန်ရောက်တာလဲ"

"မနေ့က ပြန်ရောက်တာ – ကိုသိန်း ဝင်းရေ၊ ရုံးချုပ်လာပြီး သတင်းပို့ရင်းနဲ့ သူငယ်ချင်းနဲ့ တွေ့ရအောင် အင်းစိန် ထောင်ဝင်လာတာ"

"သူငယ်ချင်း – ဘယ်မှာတာဝန်ကျ သလဲ"

"ပြည်ထောင်မှာ သူငယ်ချင်း"

"ဒါနဲ့ – ကော့သောင်းစခန်းမှာ အဆင်ပြေရဲ့လား"

"သူငယ်ချင်းရဲ့ – လက်စလက်နကို အတ်လုပ်ရတာဆိုတော့ EASY GOING ပဲ၊ သူငယ်ချင်း အဆင်ပြေခဲ့ပါ တယ်"

"အဲ – တစ်ခုပဲရှိတယ်၊ ကိုယ်ပြောင်း ခါနီးတော့ ကျောက်မိုင်းက ထောင်မှူး ကြီး ဦးသန်း၊ ရောက်လာတယ်၊ သူက တရုတ်ကပြားဆိုတော့ တရုတ်မကြီးလို့ လည်းခေါ်တယ်၊ ကိုယ်နဲ့အလွှဲအပြောင်း မှာသူငယ်ချင်းလွှဲပေးခဲ့တဲ့တိုက်ပန်းကန် ပြားတွေ၊ ဆက်တီတွေ မ,သွားတဲ့အပြင် စခန်းရုံးမှာကိုးကွယ်ထားတဲ့ငွေမိုးဆောင်း ဘုရားဆင်းတုတော်တောင် မချန်ဘူး၊ အကုန်မ,သွားတယ်"

"ဟ – အဲ့ဒါတွေက စခန်းပိုင်ပစ္စည်း အဖြစ် လွှဲခဲ့တာလေ – သူငယ်ချင်းရဲ့"

"ဟုတ်ပါတယ် – ဒါပေမဲ့ – သူက ဘယ်လိုသိသွားသလဲမသိပါဘူး သူငယ် ချင်းရယ်၊ အစိုးရပစ္စည်း မဟုတ်မှန်းသိ သွားလို့ နေမှာပေါ့"

"အော် – တကယ်တော့ လောဘ ကြီးတဲ့သူပဲ၊ စခန်းသာရေးနာရေးတောင် မျက်နှာမထောက်ဘူး၊ လုပ်ရက်လိုက် တာ – မိုးကျရွှေကိုယ်ရယ်၊ ဘုရားတောင် ချမ်းသာမပေးဘူးနော်"

"ဟုတ်ပါ့ – သူငယ်ချင်းရယ်"

***


www.burmeseclassic.com

ကျွန်တော် ၁၉၉၁ - ခုနှစ်၊ ဆွမ်ပရာဘွန်စခန်း ပြောင်းရတော့ ထိုလူကြီးဖြင့် ပြန်လည်ဆုံတွေ့ရတော့သည်။ သူက စခန်းသို့ အလျင်ရောက်နေခြင်းဖြစ်သည်။ ရဲဘက်ဟောင်း(၁၀၀)ခန့်ရှိသော ယာယီစခန်းကို ဒရခရောင်းတစ်ဖက် ထိပ် အင်္ဂလိပ်ခေတ်က ဖောက်လုပ်ခဲ့သော ကျောက်လမ်းဟောင်းတွင် ဝါးကာ၊ လေးရွက်မိုး ဖြစ်သလိုဆောက်လုပ်ထားသော တဲစခန်းကလေး၌ သူကလည်း သခင်ရွာဟောင်းလက်ကျန်တဲအိမ်ကြီး တစ်လုံး၌ နေခြင်းဖြစ်သည်။

ထိုညက ကျွန်တော် ရဲဘက်(၄၀၀) အား လွှဲအပ်ပြီး ခရီးလမ်း၌ အနားယူနေစဉ် မနက်(၄)နာရီခန့်၌ ရဲဘက်သစ် (၄၀)ယောက် ထွက်ပြေးသည်။ ကျွန်တော်သိ၍ သေနတ်ဖောက်ပြီး အချက်ပေးရသည်။ ရဲဘက်အချို့ပြန်ဖမ်းမိသည်။ အချို့လွတ်မြောက်သွားသည်။ ခရ(၁၇)မှ ဗိုလ်မှူးသိသွား၍ ဆူပူကြိမ်းမောင်းပြီး ဦးသန်းအား ရှေ့တန်းစခန်း (လမ်းဆောက်ကြောင်းရှာ) တဝသန်စခန်းသို့ ပို့သည်။ ကျွန်တော့်အား ဒရခစခန်း တာဝန်ခံအဖြစ်ထားသည်၊ ထိုစခန်းတွင် စခန်းသစ် ဆောက်လုပ်ရခြင်းကြောင့် ကျွန်တော်နှင့် တာဝန်ကျဝန်ထမ်း၊ ရဲဘက်များ အလွန်ပင်ပန်းကြသည်။

(၄)လခန့်ကြာတော့ စခန်းသစ်၊ ဆောက်လုပ်ပြီးစီးသည်။ သစ်ပေါ၊ ဝါးပေါဒေသဖြစ်၍ ကျွန်တော်စိတ်တိုင်းကျ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ စခန်း ဆောက်လုပ်ပြီးစီးတော့ ကျွန်တော်တင်ထားသော ထွက်စာကျသဖြင့် ကျွန်တော် ရန်ကုန်သို့ ပြန်ခဲ့သည်။ ဖြစ်သလို နေတတ်သော မိုးကျရွှေကိုယ် ဦးသန်းကတော့ ကျွန်တော် ဆောက်လုပ်ပေးခဲ့သော ဒရခစခန်းသစ်သို့ ပြန်လာပြီး ဝင်ကစွပ်ကောင်လို အငြိမ့်သား စခန်းတာဝန်ခံလုပ်တော့သည်၊ သို့သော် သူလည်း ကံကောင်းရင်းက ကံဆိုးရှာသည်။ ရာထူးတက်ပြီး မြို့တက်၍ ပျော်ပါးနေစဉ် အသတ်ခံရသည်၊ အသတ်ခံရသည်မှာလည်း ရုပ်ပျက်ဆင်းပျက် ကိုယ်လုံးတီးဖြင့်ဖြစ်သည်၊ လုပ်ငန်းသဘာဝမတူ၊ လုပ်ငန်းကျွမ်းကျင်ရန် မကြိုးစား၊ မလေ့လာသူ၊ မိုးကျရွှေကိုယ်များအတွက် အပျော်လွန်၍ အပြစ်ပေးခံရခြင်း ဖြစ်ပါတော့သတည်း။

>> **ထောင်မှူးကြီး သိန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com

**ဝင်စစ်အားဖြင့်** ဤဖြစ်ရပ်သည် ကြည့်နူးစရာဇာတ်လမ်းတစ်ခုတော့ မဟုတ်ပါလေ။ ကျွန်ုပ်၏ဘဝတစ်လျှောက်လုံးတွင် သည်တစ်ကြိမ်သာ ဖြစ်ခဲ့ရပြီး နောက်ထပ် မဖြစ်စေရန် ဆုတောင်းမိသည်။

အစက စတင်ပြောပြမှသာ လိပ်ပတ်လည်မည်ထင်သည်။

ကျွန်ုပ်တို့ မြို့ကလေးသည် တောတေ၊ မြို့တေ အလွန်အေးချမ်းသာယာသောနယ်မြို့လေးတစ်မြို့မျှသာ ဖြစ်သည်။

အိမ်တိုင်းအိမ်တိုင်းသည်ကိုယ့်ဝင်းကိုယ့်ခြံလေးနှင့် တစ်သီးတစ်သန့် နေထိုင်လေ့ရှိကြသည်။ ဝင်ငွေအားဖြင့်လည်းသင့်တင့်မျှတစွာ ရှိသောကြောင့် စားဝတ်နေရေး ပူပင်ကြောင့်ကြစရာမရှိ။

ယခုလို နွေဦးပေါက်ရာသီးရောက်ပြီဆိုမှဖြင့် သာယာသော ဥသြငှက်တွန်သံနှင့်အတူ ပိတောက်နံ့ တသင်းသင်းဖြင့်စိတ်ချမ်းမြေ့စရာဌာနီတစ်ခုဖြစ်လေသည်။ ဤကဲ့သို့သောနယ်မြေဒေသတွင် ကျွန်ုပ်အဖို့ လွမ်းမောစရာဇာတ်လမ်းတစ်ပုဒ်ဖြစ်လာရလိမ့်မယ်ဟု မထင်မိခဲ့ပါချေ။

ကျွန်ုပ်သည် လူလားမြောက်ခါစ အရွယ်တွင် မိဘများ ကားအက်ဆီးဒင့်ဖြင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြပြီးနောက် ဖခင်၏ ညီဖြစ်သော ဦးလေးနှင့်အတူ နေခဲ့ရသည်။ ပညာစကောစကဖြင့် ကျောင်းသို့မြေဦးမလှည့်နိုင်တော့ဘဲ ဒုက္ခရောက်ခဲ့ရသည်။

ဦးလေးသည် သူ့ဇနီး ခေါင်းချရာ ဤအရပ်ဒေသတွင်အခြေချနေခဲ့သူဖြစ်သည်။ သူပိုင်ပစ္စည်းများအနက်စတေရှင်ဝက်ဂွန်းကားအိုတစ်စင်းကို ကျွန်တော့်စားဝတ်နေရေးအတွက် ပေးထားခဲ့သည်။ ကား၏သစ်သားကိုယ်ထည်အချို့နေရာများတွင် ယိုင်နဲ့စပြုနေလေပြီ။

မမျှော်လင့်ဘဲ တွေ့ဆုံလိုက်ရသည့်
မိန်းမတစ်ယောက်ကို ကယ်တင်ရန်
ကြိုးစားခဲ့သော်လည်း နောက်ဆုံးတွင်
အခက်အခဲများစွာဖြင့် ..

ဆေးရောင်များ ပျက်ပြယ်နေသော်လည်း အင်ဂျင်စက်က ယခုအချိန်အထိ ချွတ်ယွင်းသေး၊ ဒုက္ခအလျဉ်းပေးခြင်းမရှိ။

ထိုတစ်နေ့၏ မှတ်မှတ်ရရ ညနေသည်းဆာချိန်တွင် မိုးကောင်းကင်တစ်ပြင်လုံး အန္တရာယ်၏ အသွေးအရောင်မြန်းတောက်ပနေလေသည်။

ကျွန်ုပ်သည်မီးရထားဘူတာဘက်သို့ တားဦးလှည့်၍ မောင်းခဲ့သည်။ ဘူတာသို့ ရောက်သောအခါ မီးရထားထွက်သွားသည်မှာ မကြာသေးသော်လည်းဘူတာတွင်း၌ လူဦးရေခပ်ကျဲကျဲမျှသာ ရှိနေကြသည်။

မကြာမီနေဝင်ဖျိုးဖျမှောင်ကမှလာတော့မည်။ နီညိုရောင်သားရေ ဆလင်းဘက် လွယ်ထားသော အမျိုးသမီးတစ်ဦးက ခရီးဆောင်လက်ဆွဲအိတ်တစ်အိတ်ကို ဆွဲလျက် ဘူတာထွက်ထွက်လာသည်။ သူမ၏ နောက်သို့ လှည့်ကြည့်လှည့်ကြည့်ဖြင့် ဒရောသောပါး ခြေလှမ်းပါး ခြေလှမ်းများကို သုတ်ပြီကာ ကျွန်ုပ် ကားရပ်ထားရာသို့ ဦးတည်လာသည်။

ကျွန်ုပ်က ကားနောက်ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

အမျိုးသမီးသည် ကားနောက်ခန်းထဲသို့ ခုန်တက်ပြီးနောက် ကားတံခါးကို ကမန်းကတန်း ဆွဲပိတ်သည်။

"ကျေးဇူးပြုပြီး မြန်မြန်မောင်းပေးစမ်းပါရှင်၊ ဖြစ်နိုင်ရင် အမြန်ဆုံး မောင်းပေးပါ။ ကျသလောက် ကျွန်မ ပေးပါ့မယ်"

သူမ၏အသံက ပကတိ တုန်ယင်လိုက်မောနေသည်။

"ဘယ်ကိုမောင်းရမှာလဲ"

ကျွန်တော်က စက်နှိုး၍ ဂီယာထိုးရင်း မေးသည်။

"ဘယ်ပဲဖြစ်ဖြစ်ပေါ့ရှင်၊ တော့ဒီဘူတာနဲ့ ဝေးနိုင်သမျှ ဝေးဝေးရောက်အောင် မောင်းလိုက်စမ်းပါ၊ ခပ်မြန်မြန်လေး မောင်းပေးပါရှင့်"

"အိုတော – အမိစိတ်ကြိုက် ဖြစ်ရစေ့မယ်"

ကျွန်ုပ်၏ ရှူးဖိနပ်ဖွာဖြင့် လီဗာတစ်ဆုံး နင်းချလိုက်သောအခါ ကားအိုကြီးသည် မယုံကြည်နိုင်စရာကောင်းလောက်အောင် ကားလမ်းမပေါ်တွင် စတင် ပြေးလွှားနေလေပြီ။

ထိုအခိုက်အတန့်တွင်ကျွန်ုပ်၏နှလုံးထဲတွင် ပေါက်ကွဲသံတစ်ခု သိသာထင်ရှားစွာ ကြားလိုက်ရသည်။ ဆိုပေါက်ကွဲ

www.burmeseclassic.com

သံသည် သေနတ်ပစ်သံဖြစ်ကြောင်း ကျွန်ုပ် သဘောပေါက်လိုက်ပါသည်။ တစ်ချိန်တည်းမှာပင် ကျည်ဆန်ထိပ်ဖူးသည် သေမင်း၏တေးသံကိုတရှဲရှဲဟစ်ကြွေး၍ ကားဘော်ဒီဘေးမှ ကပ်လျက်အပြိုင်လိုက်လာကြောင်း သိလိုက်ရသည်။ သို့ရာတွင် ကျည်ထိပ်ဖူးသာလျှင် အရှိန်ကုန်၍ နောက်တွင် ကျန်ရစ်ခဲ့သည်။

ကျွန်ုပ်မောင်းနေသော စတေရှင်ဝက်ဂွန်းကားကြီးသည် အိုပင် အိုငြားသော်လည်း စက်၏အခြေအနေမှာ အစဉ်သဖြင့် သ,ထားသောကြောင့် အရှိန်အဟုန်မြင့်၍ ခရီးရောက်လာသည်။

အမျိုးသမီးက ကားနောက်သို့ စိုးရိမ်စကာင်းဖြင့်မကြာခဏ လှည့်ကြည့်ထတ်သည်။

"ကျုပ်ကားနောက်က ဘယ်ကားမှ လိုက်လာတာမတွေ့ရပါဘူး။ တကယ်လို့ လိုက်ဖို့ ကြိုးစားရင်လည်း ဒီမြို့မှာ ကျုပ်ကားကို အမီလိုက်နိုင်တဲ့ကား လုံးဝမရှိ၊ စိတ်ချ။ ကဲ - အမိကို ဘယ်အထိ ရောက်အောင် မောင်းပို့ရမှာလဲ - ပြော"

"ဒီနယ်မြေထဲမှာ စိတ်ချရတဲ့နေရာ တစ်ခုခုတော့ ရှိမှာပေါ့နော်"

အမျိုးသမီးကသူ့ဟာသူပြောသလိုလိုဖြင့် မေးသည်။ ကျွန်ုပ်က လေကာမှန်အထက်ရှိ နောက်ခန်းကြည့်မှန်မှတစ်ဆင့် သူမ၏မျက်နှာကို ဖျတ်ခနဲ အကဲခတ်လိုက်သည်။ ရုပ်ရည်အားဖြင့်ခွဲမက်ဖွယ်ရာရှိသည်။ ကိုယ်လုံးနှင့် အရပ်အမောင်းကလိုက်လျောညီထွေအဆင်ပြေသည်။ အသက်ကို ခန့်မှန်းရလျှင် အရွယ်တော်တဆိတ်မဟိုင်းသေးသော နှစ်ဆယ်ကျော် အစိတ်ပိုင်းမျှ ဖြစ်လိမ့်မည်။

"ရှိပါတယ်။ ပောဟ့်ဂိုရှေ့ကာထင်းရှူးတောအဆုံးမှာ ကုန်းမြင့်လေးတစ်ခု ရှိတယ်။ အဲဒီ့ကုန်းမြင့်ပေါ်မှာ ကျုပ်နေတဲ့ တစ်ထပ်တိုက်ပုလေးတစ်လုံးဟာ စိတ်အချရဆုံးနေရာပဲ။ ကုန်းမြင့်ရှေ့ဘက်နဲ့ ဘေးဘယ်ညာက တတ်လာသူမှန်သမျှ ကျုပ်တိုက်ထဲက လှမ်းကြည့်ရင် မြင်နိုင်တယ်။ တိုက်ပုလေးရဲ့ နောက်ဘက်မှာ အင်မတန် မတ်စောက်တဲ့ ကမ်းပါးယံကြီး ရှိနေတယ်။ ဘယ်သူမှ တက်လို့မရဘူး၊ အဲဒီ့ကမ်းပါးယံရဲ့အောက်ခြေမှာ နက်ရှိုင်းတဲ့စမ်းချောင်းဟာအစဉ်သဖြင့် တသွင်သွင်စီးဆင်းနေတယ်။ ကဲ - အမိ ဘာသိချင်သေးလဲ - အမိရဲ့ဆန္ဒက ဘာလဲ"

"ရှင်ပြောတဲ့ တစ်ထပ်တိုက်ပုလေးမှာ ရှင်နဲ့အတူနေတာ ဘယ်သူလဲ"

"အစကတော့ ကျုပ်ဦးလေးနဲ့အတူတူနေတယ်၊ အခုတော့ - သူ တမလွန်ဘဝကို ရောက်သွားတာ တစ်နှစ်ကျော်သွားပြီ"

"ဒါဆို - ရှင်တစ်ယောက်တည်းနေတာပေါ့ - ဟုတ်လား"

"ကျုပ်ပြောတာ အဲဒီ့အဓိပ္ပာယ်ပါ"

"ကောင်းပြီ - ဒါဖြင့် ကျွန်မ အဲဒီ့အိမ်အထိ လိုက်မယ်"

သူမစကားကြောင့် ကျွန်ုပ် မျက်လုံးပြူးသွားသည်။

"အမိက ဘယ်ကလာလို့ ဘယ်လိုအမျိုးအစားမှန်းမသိ၊ ခေါ်သွားမိရင် ကျုပ်မှာ အန္တရာယ် ဖြစ်နိုင်တယ်။ ဒါကြောင့် - လက်ခံသင့်၊ လက်မခံသင့် စဉ်းစားရဦးမယ်"

ကျွန်ုပ်က စကားကိုစဉ်းစဉ်းစားစား ဆွဲဆွဲငင်ငင် ပြောနေစဉ် အမျိုးသမီးက နီညိုရောင်ဆလင်းဘတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်သည်။ ထိုအရာသည် မိန်းမကိုင် ပစ္စတိုတစ်လက် ဖြစ်သည်။ သေနတ်ပြောင်းဝကိုကျွန်ုပ်၏လည်ကုပ်သားထဲသို့ ဖိကာစိနှစ်မြှုပ်လိုက်သည်။

"ရှင့်ဆန္ဒ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျွန်မကို အဲဒီ့တိုက်ကို ခေါ်သွားပါ။ အဲဒီ့တိုက်ရောက်တော့မှ ကျွန်မ ဘယ်သူလဲ၊ ဘာတွေဖြစ်ခဲ့သလဲဆိုတာတွေကို ရှင် သိသင့်သလောက် အပိုင်းအတာအထိ ပြောပြမယ် - ရှင်းလား"

"ရှင်းပါတယ်၊ ဒါပေမဲ့ - ကျုပ်ရဲ့ လည်ကုပ်ကို သေနတ်ပြောင်းနဲ့ အခုလို ဖိကပ်ထောက်နေတာကျုပ်မကြိုက်ဘူး။ မတော်တဆ ကျည်ဆန်ထွက်သွားရင် သေနိုင်တယ်"

"စိတ်ချပါ - မောင်းထိန်းခလုတ် ပိတ်ထားလို့ အန္တရာယ်မရှိပါဘူး"

သူမက ပေါ့တီးပေါ့ဆ ပြောလိုက်သည်။

ထိုအခိုက်အတန့်တွင် မထင်မှတ်သောလုပ်ရပ်တစ်ခုကိုကျွန်ုပ်က ပြုလုပ်လိုက်သည်။ ကားကို အရှိန်ဖြင့် မောင်းနေရာမှ ဒက်စတော့ပ် အုပ်လိုက်သည်။ ထိုအခါ အမျိုးသမီး၏ ခန္ဓာကိုယ်အပေါ်ပိုင်းသည် ကားရှေ့ခန်းဆိုဖာနောက်မှီကို ကျော်လွန်၍ ခါးကုန်းလျက်သားအနေအထား ဖြစ်သွားသည်။ သူမ၏ပါးစပ်မှ "အို - ဘယ်လိုဖြစ်တာလဲ" ဟူသောအာမေဋိတ်သံ ထွက်ပေါ်လာသည်။ ကျွန်ုပ်က

www.burmeseclassic.com

စတ္တန်ပိုင်းမှ ရရှိသော အခွင့်အရေးကို လက်လွှတ်မခံဘဲသူမ၏ညာလက်တွင်း မှ ဗီန်းမကိုင် ပစ္စတိုသေနတ်လေးကို ဆွဲ လှုယူလိုက်သည်။ ထို့နောက် ကားကို အရှိန်ဖြင့် ဆောင့်ထွက်လိုက်သောအခါ အမျိုးသမီး၏ တစ်ကိုယ်လုံးသည် ကား နောက်ခန်းရှိ ကုရှင်ထိုင်ခုံပေါ်သို့ အရှိန် ဖြင့် ဖင်ထိုင်လျက်သား ပစ်ကျသွား သည်။

သူမ၏မျက်နှာက အကြီးအကျယ် သိသာထင်ရှားစွာ ပျက်သွားသည်။

"လက်နက်အားကိုးပြီး အနိုင်ယူဖို့ ကြိုးစားသူတိုင်းဟာ သူတို့လက်ထဲမှာ လက်နက်လဲ မရှိရော တစ်ခါတည်း ဘာ လုပ်ရမှန်းမသိလောက်အောင် စိတ် ချောက်ချားသွားတော့တာပဲ"

ကျွန်ုပ်က မှတ်ချက်ချလိုက်သည်။

သူမက နှုတ်ခမ်းသား ထွေးထွေးအိ အိကို စူပွ စူပွ လုပ်နေသည်။ စိတ်ထဲမှ ကြိတ်၍ ကျိန်ဆဲနေမည်လား မပြော တတ်ပါချေ။

ကျွန်ုပ်သည် ကားကို ရှေ့ဆက်၍ အရှိန်ဖြင့် မောင်းထွက်ခဲ့သည်။

နောက်ဆုံး၌ ကုန်းမြင့်လေးပေါ်ရှိ တစ်ထပ်တိုက်ပုလေးရှေ့သို့ ရောက်ရှိ ကာ ကားရပ်၍ စက်သတ်လိုက်သည်။ ကျွန်ုပ် ကားပေါ်မှ ဆင်းချိန်တွင် သူမ သည်လည်း ရှေ့ဆင့် နောက်ဆင့် ပင် ကားတွင်းမှ ဆင်းသက်သည်။

ကျွန်ုပ်ကတိုက်ရှေ့သံခေါက်တံခါး ကိုသော့ဖွင့်၍လူတစ်ယောက်ဝင်သာရုံ မျှ သေးသို့ တွန်းကပ်ပေးလိုက်သည်။ ကျွန်ုပ်က ရှေ့မှဝင်လိုက်သောအခါ သူမ သည်လည်း ဝင်လိုက်ခဲ့သည်။ သူမ၏ လက်ထဲတွင် ခရီးဆောင်လက်ဆွဲအိတ် ပါသည်။

ကျွန်ုပ်သည် သံခေါက်တံခါးကို ဆွဲ စေ့ကာ အတွင်းမှ သော့ခတ်လိုက်ပြီး လျှင် သူမကို ဆက်တီရှိရာသို့ မေးတစ် ချက် ဆတ်ပြလိုက်သည်။ သူမက စကား တစ်ခွန်းမှ မပြောပဲ လက်ဆွဲအိတ်ကို သေးတွင်ချ၍ နှစ်ယောက်ထိုင်ကုလား ထိုင်တွင် ဝင်ထိုင်သည်။

သူမ၏မျက်နှာက သုန်သုန်မှုန်မှုန် ဖြစ်နေသည်။ သူမထံမှ ဆွဲလုယူထား သော ပစ္စတိုနံသေနတ်လေးကို ကျွန်ုပ်က ကျည်ကပ်ထုတ်ယူလိုက်ပြီးနောက် သူမ ၏ ရှေ့စားပွဲပေါ်သို့ ပစ်ချပေးလိုက်သည်။

"အမိက ထစ်ခနဲရှိ သေနတ်အား ကိုးနဲ့၊ ပစ်လားခတ်လား လုပ်မှာစိုးလို့ ကျည်ကပ်ကို ခဏသိမ်းထားပေးတာပါ။ အမိ - ဒီအိမ်က ထွက်သွားတဲ့အချိန် ပြန် ပေးပါ့မယ် - စိတ်ချပါ"

ကျွန်ုပ်က တည်ငြိမ်စွာ ပြောသည်။ ထို့နောက် ဧည့်ခန်းတွင်းရှိ မီးချောင်းမီး ခလုတ်ဖွင့် လိုက်ရာ လင်းထိန် သွား သည်။ မီးဖိုခန်းရှိရာသို့ ကျွန်ုပ် ဝင်သွား သည်။ လွန်ခဲ့သောညက ဖျော်ထားခဲ့ သော ကော်ဖီသည် ဓာတ်ဘူးထဲတွင် ထည့်ထားသောကြောင့်ပူနွေးဆဲပင်ဖြစ် သည်။ ကျွန်ုပ်သည် ကြွေရည်သုတ်ဖန် ခွက်နှစ်ခွက်ထဲသို့ကော်ဖီငှဲ့လိုက်သည်။ ဘီစကစ်အချို့ကို ပန်းကန်ပြားထဲသို့ ထည့်ကာ အိမ်ရှေ့ဧည့်ခန်းထဲသို့ ပြန် ထွက်ခဲ့သည်။

"ကျုပ်မှာ ကျွေးစရာဆိုလို့ လော လောဆယ် ကော်ဖီနဲ့ဘီစကစ်ပဲရှိတယ်၊ အဆာပြေစားလိုက်ကြရအောင်။ တကယ်လို့ ညစာစားမယ်ဆိုရင်လည်း ဆေးပေါင်းအိုးနဲ့ ပလပ်တပ်ပြီး တည် လိုက်တာပေါ့။ ဟင်းအတွက် ကြက်ဥ ကြော်မယ်၊ ဝက်အူချောင်းပါးပါးလှီးပြီး ကြော်ရင်လဲ ဖြစ်တယ်။ အဲဒါတွေကလွဲ ရင် ဘာများဘာစရာမှမရှိဘူး"

ကျွန်ုပ်သည် ပြောပြောဆိုဆိုဖြင့် သူမ ရှေ့စားပွဲပေါ်သို့ ကော်ဖီမတ်ခွက် တစ်ခွက်နှင့် ဘီစကစ်ပန်းကန်ကိုချပေး သည်။ ကျွန်ုပ်က မတ်ခွက်တစ်ခွက်ထဲမှ ကော်ဖီကိုဖြည်းဖြည်းချင်းမြုပ်သောက် သည်။

သူမသည်လည်း မတ်ခွက်ထဲမှ ကော်ဖီကိုတစ်ကျိုက်ချင်း သောက်ရာမှ ဘီစကစ်တစ်ချပ်ကိုကောက်၍ဝါးသည်။ စောစောက တင်းမာသုန်မှုန်နေသော သူမ၏အသွင်သဏ္ဍာန်မှာ အနည်းငယ် ပျော့ပျောင်းလာသည်၊ ရန်လိုတတ် သော စိတ်နေသဘောထား ပြောင်းလဲ လာပုံရသည်။

"ရှင်တစ်ယောက်တည်းမြို့ပတ်ဝန်း ကျင်နဲ့ အလှမ်းကွာဝေးတဲ့နေရာမှ နေရ တာ စိတ်မချောက်ချားဘူးလား၊ မငြီးငွေ့ ဘူးလား၊ အန္တရာယ်ကို မစိုးရိမ်ဘူးလား"

"ကျုပ် ဒီမှာ လူမှန်းသိတဲ့အရွယ် ကတည်းက ဦးလေးနဲ့ အတူနေလာခဲ့ တာ ဘာပြဿနာမှမရှိဘူး။ ဘယ်သူက မှလဲ အန္တရာယ်မပေးကြဘူး၊ ကျုပ်တို့ တူအရီးမှာ နေ့စဉ်နေ့တိုင်း တစ်ဝမ်းတစ် ခါးအတွက် ရုန်းကန်လှုပ်ရှား၊ ရှာဖွေစား သောက်နေရတာကို လူတိုင်းသိနေကြ တာပဲ။ ပေဟာဒ့်တိုက်တောင်မှတစ်ချိန်က ဦးလေး ငွေကြေးအဆင်မပြေတုန်းက ဝယ်ထားလိုက်တာ။ မိုဟာမေ သဘော

www.burmeseclassic.com

ကြီးနဲ့ အိန္ဒိယကို အပြီးပြန်တော့မယ့် ဘဘဆူကြီးတစ်ယောက်က ကျုပ် ငွေ တစ်ထောင်ထဲနဲ့ လာရောင်းချိန်မှာ ကျုပ် ဦးလေးလက်ထဲမှာ ရှစ်ရာ့ငါးဆယ်ပဲ ရှိလို့၊ အဲဒီလောက်ငွေလေးနဲ့ အရောင် ရလိုက်တာ၊ တကယ်တော့ဒီအကြောင်း တွေကို ကျုပ်ပြောနေတာထက် အမိရဲ့ ဖြစ်စဉ်က ပိုပြီးစိတ်ဝင်စားစရာ ဖြစ်လိမ့် မယ်ထင်တယ်"

ကျွန်ပ်သည် သူမ၏ဖြစ်ရပ်ကို နား စွင့်လိုက်သည်၊

သို့ရာတွင် အမှန်အကန်ဖြစ်လိမ့် မည်ဟု မထင်မိပါချေ၊ မည်သို့ပင်ဖြစ်စေ နားထောင်ချင့်စဖွယ် လိမ်လည်ပြောဆို မည့်ဇာတ်လမ်းတစ်ပုဒ်ဟု ယူဆထား လိုက်သည်၊

"ကျွန်မဖြစ်စဉ်ကလည်း သိပ်တော့ စိတ်ဝင်စားစရာကောင်းလောက်အောင် မထူးခြားပါဘူးရှင်၊ ရထားပေါ်မှာအဖော် မပါ၊ တစ်ယောက်တည်း လိုက်လာမိတဲ့ ကျွန်မဆီမှာ ငွေကြေး မြိုးမြိုးမြက်မြက် ဖြစ်စေ၊ တခြား အဖိုးထိုက်၊ အဖိုးတန် လက်ဝတ်တန်ဆာ ဒါမှမဟုတ် ကျွန်မရဲ့ ကိုယ်ခန္ဓာကိုအရင်းအနှီးတစ်ခုသဘော မျိုးထားပြီး အသုံးချချင်လို့ဖြစ်စေ"

သူမ၏ စကားမဆုံးမီ ကျွန်ပ်က လက်ဝါးကာ၍ တားလိုက်သည်၊

"တော် ပါဖြို - အမိ ပြောတဲ့ အကြောင်းအရာတွေက ယေဘုယျ သဘောမျိုးဆန်လွန်းတယ်၊ ကျုပ်ဆတ် နားထောင်ချင်စိတ် မရှိတော့ပါဘူး၊ အဲဒီ တော့ - ဒီစကား ဒီမှာရပ်ပြီး အမိ ဒီည ဒီမှာ အိပ်ဖို့ ရည်ရွယ်ထားတယ်မဟုတ် လား"

"ဟုတ်"

သူမက ခေါင်းညိတ်ပြသည်၊

"ဒါဆို - ကျုပ် ထမင်းပေါင်းအိုးထဲ ဆန်နဲ့ရေထည့်ပြီးမီးပလပ်တပ်လိုက်ဦး မယ်၊ ဟင်းကတော့ စောစောကပြော ထားတဲ့အတိုင်း ဝက်အူချောင်းကြော်ရ မလား၊ ကြက်ဥ ဟတ်ဖရိုင်းလား ကြိုက် ရာပြော"

"ပစ္စုပ္ပန်အနေအထားအရ အစား အသောက်နဲ့ပတ်သက်လို့ ..."

"ကောင်းပြီလေ - ဒါဆိုနောက်ထပ် နာရီဝက်လောက်ကြာရင် စားစရာဖြစ်ရ ပါစေ့မယ်"

ကျွန်ပ်သည် ပြောပြောဆိုဆိုဖြင့် သူမ၏မျက်မှောက်မှ ထွက်ခွာခဲ့သည်၊ စောစောက ကျွန်ပ် ချပေးထားခဲ့သော

ကျွန်ုပ်၏ဝင်ချက်စတာ (၇၃)
...င်းရှည်မှ ထွက်သွားသောခဲတောင့်
...သည် ထိုလူစိမ်း၏ မေးစိအောက်မှ
...င်းသောက်ရူးဝင်ကာ အုတ်ဆက်ပွင့်
...သည်။ သူ၏တစ်ကိုယ်လုံးသည်
...တန်ခံလိုက်ရသူပမာ နောက်ပြန်
...၍ ဝတ်လက်ဝစ်ကျသွားသည်။
...သော အုတ်ဆက်မှ ဦးနောက်
ဖဖ များစီးထွက်လာသည်။



...ဒီသေနတ်လေးကို ကောက်ယူ ...သူမ၏လက်ဖဝါးပြင်ပေါ်တွင်တင် ... ထဆဆဖြင့် မြှောက်လိုက်၊ ဖမ်း ...ဖြင့် ဆော့တစားနေခဲ့သည်၊

★★★

ထို့နောက် တစ်နာရီနှင့် ဆယ့်ငါး ...ကြာသောအခါ ကျွန်ပ်နှင့် အမျိုး ...သည် စားသောက်ပြီးစီးသွားကြ ...၊ သူမအတွက်အိပ်ခန်းလွတ်တစ်ခု ...င့်ရှိနေသည်၊ တစ်ထပ်တိုက်ပု ...၏ ထောင့်ခန်းတွင် နေရာချလိုက် ...၊

စည့်ကောင်းတောင်တောင်း လာ လျှင် တည်းရန် ခုတင်၊ မွေ့ရာ၊ စောင်နှင့် ခြင်ထောင်အသစ်တို့ဖြင့် ခင်းကျင်းပြင် ဆင်ထားသောကြောင့် အဆင်ပြေနေ သည်၊

"ကျုပ်ကဟော်ဒီရှေ့ခန်းမှာအိပ်နေ ကျ၊ တကယ်လို့ ညရေးညတာ အပေါ့ အပါးသွားချင်ရင် အဲ့ဟို့ရေချိုးခန်းနဲ့တွဲ လျက် အခန်းက ဒဗလျူစီပါပဲ"

ကျွန်ပ်က ညွှန်ပြခဲ့သည်၊

"အိပ်ရင်လည်း အိပ်ခန်းတံခါးကို အတွင်းဘက် ကန့်လန့်ထိုးဖို့ မမေ့နဲ့ နော်"

www.burmeseclassic.com

နောက်ဆုံးစကားပြောပြီးသော အခါ ကျွန်ုပ်သည် သူမ၏မျက်မှောက်မှ ထွက်ခွာ၍ အိပ်ခန်းသို့ ဝင်ခဲ့ပြီးနောက် အိပ်ခန်းတံခါးကို ကန့်လန့်ထိုးသည့် အသံမျိုး ဖန်တီးကာ တံခါးအတွင်းဘက်တွင် ရပ်လျက်သား နားစွင့်နေမိသည်။

အမျိုးသမီး၏အိပ်ခန်းဘက်မှမည် သည့်မသင်္ကာဖွယ်ရာအသံဟူ၍မကြား ရသောအခါတွင် ကျွန်ုပ်သည် စုတင်ထက်ရှိ အိပ်ရာပေါ်သို့ နေရာယူ၍ လဲလျောင်းလိုက်လေသည်။ အခန်းတံခါးတို ကန့်လန့်မထိုးပဲ စေ့ရုံသာ စေ့ထားသည်။

ညည့်ခန်းတွင်းရှိ သံစုံတိုင်ကပ်နာရီကြီးမှ သန်းခေါင်ယံအချိန်ရောက်ပြီဖြစ်ကြောင်း မြည်သံကြားလိုက်ရပြီးနောက် ကျွန်ုပ်သည် လုံးလုံးလျားလျား အိပ်မပျော်ခဲ့ရသည်။ မည်မျှကြာအောင် အိပ်မောကျမိသည်မသိ။ ကျွန်ုပ်၏ အကြားအာရုံထဲတွင် ကျယ်လောင်သော သေနတ်သံနှစ်ချက် တိုးဝင်ရောက်ရှိလာသည်။

ထို့ကြောင့် ကမျာကယာ လူးလဲထ၍ အိပ်ရာအောက်တွင် ထိုးသွင်းထားသော ဝင်ချက်စတာ (၇၃)မောင်းပြန်ပြောင်းရှည်ကို ဆွဲထုတ်ယူလိုက်သည်။ ကျည်ကပ်အသင့် တပ်ဆင်ပြီးနောက် စေ့ထားသောအခန်းတံခါးရှိရာသို့ ဖွဖွသာသာ လျှောက်သွားသည်။ တံခါးရွက်ကို အသံမြည်အောင်ဖွင့်၍ တံခါးရွက်နှင့် တံခါးပေါင်ကြားမှ အခန်းပြင်သို့ လှမ်းကြည့်သည်။

မမျှော်လင့်သောဖြစ်ရပ်တစ်ခု ဖြစ်သွားသည်။

အပြင်မှ တစ်စုံတစ်ယောက်က တံခါးရွက်ကို ဆောင့်ကန်လိုက်သဖြင့် အခန်းတွင်းသို့ ပွင့်သွားသည်။ ကျွန်ုပ်က သွက်လက်စွာ ရှောင်တိမ်းလိုက်သဖြင့်သာ တံခါးရွက်နှင့် မတိုက်မိခြင်းဖြစ်သည်။

အိပ်ခန်းအပြင်သို့ ခုန်ထွက်လိုက်သော ကျွန်ုပ်၏ မြင်ကွင်းထဲတွင် အမျိုးသမီးကိုနောက်မှ ချုပ်ထားသောလူတစ်ယောက်နှင့်အတူ ရိပ်ခနဲ တွေ့လိုက်ရသည်။ အိပ်ခန်းတံခါးကိုဆောင့်ကန်ဖွင့်လိုက်သောလူစိမ်းသည် ကျွန်ုပ်ခုန်ထွက်လာသည်ကို မြင်လိုက်ရသောအခါ သူ့လက်ထဲရှိ ခြောက်လုံးပြူးဖြင့် လျှပ်တစ်ပြက် ထိုးချိန်၍ သေနတ်မောင်းဖြုတ်လိုက်သည်။ သို့ရာတွင် ကျည်ထိပ်ဖူးက ကျွန်ုပ်၏ဦးခေါင်းပေါ်မှ ဖြတ်သွားသည်။

ကျွန်ုပ်သည် ကံကောင်းထောက်မစွာ ရှေ့သို့ ဝမ်းလျားထိုး မှောက်လျက်သားဖြင့် ကြမ်းပြင်ပေါ်တွင် လျောခနဲ ကျသွားသည်။ ချက်ချင်းပင် ကျွန်ုပ်က ကိုယ်ကို တစ်ပတ်လှိမ့်၍ ပက်လက်အနေအထားဖြင့် လူစိမ်းရှိရာသို့ လှမ်းပစ်လိုက်သည်။

ကျွန်ုပ်၏ ဝင်ချက်စတာ (၇၃) ပြောင်းရှည်မှ ထွက်သွားသောခဲတောင့်မှသည် ထိုလူစိမ်း၏ မေးစိအောက်မှ ထွင်းဖောက်စူးဝင်ကာ အုတ်ဆက်ပွင့်သွားသည်။ သူ၏တစ်ကိုယ်လုံးသည် ခြင်းကန်ခံလိုက်ရသူပမာ နောက်ပြန်လွင့်စဉ်၍ ပက်လက်ပစ်ကျသွားသည်။ ဖွင့်ထားသော အုတ်ဆက်မှ ဦးနှောက်များစီးထွက်လာသည်။

မမျှော်လင့်သောဖြစ်ရပ်တစ်ခု တွန့်ပိုင်းအတွင်း အပြောင်းအလဲဖြစ်သွားသည်။ အသာစီးရနေကြသည်ဟူ၍ သေချာပေါက် ယူဆထားသော လက်ရွေ့လူသတ်သမားနှစ်ယောက်အနက် တစ်ယောက်သောသူက ငရဲသို့ ဖြတ်လမ်းမှ ရောက်ရှိသွားလေပြီ။

အမျိုးသမီး၏ ညာလက်ကို လက်ပြန်လိမ်၍ ကျောနောက်သို့ ကပ်လျက်သားချုပ်ထားသူသည် ကျွန်ုပ်အားမိန်းမ ကိုင်ပစ္စတိုလေးဖြင့် ထိုးချိန်ထားပြီး လျှင် -

"ကိုယ့်လူ - ဖြည်းဖြည်းချင်းထ စမ်း။ ငါ့ကိုမျက်စိနောက်အောင်လုပ်ရင်တော့ ဒီပစ္စတိုထဲက ကျည်ထိပ်ဖူးနဲ့ မင်းမျက်နှာကို ဖောက်ထုတ်ပစ်လိုက်ရလိမ့်မယ်၊ နားလည်လား။ မင်းလက်ထဲက ဝင်ချက်စတာ ပြောင်းရှည်ကို ချထားလိုက်"

ထိုလက်မရွံ့ပါးကွက်သားက သွားနှစ်တန်း စေ့လျက် ရင်ခေါင်းထဲမှအသံဖြင့် ခြိမ်းခြောက်အမိန့်ပေးသည်။

ကျွန်ုပ်က သူနှင့်အငြင်းအခုန်မလုပ်တော့ပဲ ပြောင်းရှည်သေနတ်ကို သမံတလင်းကြမ်းပြင်ပေါ်သို့ချ၍ ဖြည်းဖြည်းချင်းထရန် ကြိုးစားသည်။

"တကယ်လို့ ငါ့မျက်စိနောက်အောင်လုပ်ဖို့ကြိုးစားရင်တော့ ဒီမှာတွေ့လား၊ ဒီပစ္စတိုလေးနဲ့ အမျိုးသမီးရဲ့နားထင်ကို အပေါက်ဖောက်ပေးလိုက်မယ်။ နောက်ပြီးမင်းမျက်နှာတစ်ခြမ်းကိုလည်း ဖောက်ထုတ်ပစ်လိုက်မယ်၊ ငါမလုပ်ရဲဘူးထင်ရင် စမ်းကြည့်"

လက်မရွံ့သေနတ်သမားထံမှ ထွက်လာသော သေနတ်ပြောင်းဝသည် အမျိုးသမီး၏

www.burmeseclassic.com

နားထင်ကို ဖိကပ်ထောက်ထားသည်။ ထိုသူ၏ သေနတ်မောင်းကွင်းထဲမှ မောင်းခလုတ်ပေါ်တွင် အသင့်ရောက်ရှိ နေရာယူထားသည်။ ထိုလက်ညှိုးကို တွေးညှစ်လိုက်သည်နှင့်တစ်ပြိုင်နက် ကော်ဒိုက်ယမ်းပေါက်ကွဲသံနှင့်အတူ ကျည်ထိပ်ဖူးသည် ပြောင်းရစ်အတိုင်း လည်၍ထွက်လာမည်။

ဤဖြစ်စဉ်သည် ... သမားရိုးကျ အတွေး ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်၏ ခြေနင်းဖက်ကို ကြမ်းပြင်ပေါ်တွင် မတ်မတ်ရပ်နိုင်သည်နှင့်တစ်ပြိုင်နက် ထိုလက်မရှိလူဆိုးထံသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းသွားသည်။ ထိုလူဆိုးက အလန့်တကြားဖြင့် -

"ဟေ့လူ - ရပ်လိုက်စမ်း။ ငါ့သေနတ်ထဲက ကျည်ဆန်ထွက်လာပြီး မင်းမျက်နှာကြီးကို ဖွဲ့ထုတ်လိုက်ရင် မင်းအမေတောင် မင်းကို မှတ်မိမှာမဟုတ်ဘူး။ နားလည်လား။ မင်းရှောင်နိုင်ရင် ရှောင်ပေတော့"

ထိုလူဆိုးသည် အမျိုးသမီး၏ နားထင်သို့ ထိကပ်ထားသော သေနတ်ပြောင်းဝကို ခွာလိုက်သည်။ ထို့နောက် ကျွန်ုပ်ထံသို့ ထိုးချိန်ကာ မောင်းဖြုတ်သည်။

ထိုအခိုက်အတန့်တွင် ကျွန်ုပ်သည် သူနှင့် ခြေတစ်လှမ်းအကွာသို့ ရောက်နေလေပြီ။ ထို့ကြောင့် စက္ကန့်ပိုင်းအတွင်း အလျင်မြန်ဆုံး ညာခြေတစ်လှမ်း ရှေ့တက်၍ ဘယ်ခြေတစ်ဖက်ဖြင့် သူ့ပေါင်ခွဆုံကြားသို့ ဆောင့်ကန်ထည့်လိုက်သည်။

ထိုသူသည် မယုံကြည်နိုင်အောင် အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရာမှ သူ့ပေါင်ခွဆုံကို သူ့ဟာသူ လက်နှစ်ဖက်ဖြင့် ဖိကာ -

"အမလေး - သေပါပြီဗျ"

ဟူ၍ ကျယ်လောင်စွာ အော်ဟစ်လျက် ဒူးထောက်လျက်သား လဲကျသွားလေတော့သည်။ သူ့လက်ထဲမှ ပစ္စတိုသေနတ်လည်း လွတ်ကျသွားသည်။

"ရှင့်သတ္တိကိုတော့ ချီးကျူးပါတယ်ရှင်။ အင်မတန်ပြောင်မြောက်တဲ့လုပ်ရပ်ပါပဲ။ သေနတ်နဲ့ ချိန်ထားသူကို ခြေထောက်နဲ့ ပြေးကန်တာ နည်းတဲ့သတ္တိမှ မဟုတ်ပဲ"

အမျိုးသမီးက ချီးကျူးသည်။

"အဲဒီသေနတ်က မင်းရဲ့ပစ္စတိုဆိုတာ ကျုပ်သိနေတယ်လေ။ အဲဒီပစ္စတိုထဲက ကျည်ကပ်ကို ကျုပ်ကိုယ်တိုင် ထုတ်ယူထားတာ မင်းမှတ်မိတယ် မဟုတ်လား။ သေနတ်ဆိုတာ ကျည်ဆန်မပါရင် တုတ်တစ်ချောင်းလောက်မှ အသုံးမဝင်ဘူးလေ"

ကျွန်ုပ်က ရှင်းပြလိုက်သည်။

သေနတ်သံကြောင့် မြို့တွင်းမှ ပတ္တရောင်လှည့်လာသော ရဲကားတစ်စင်းသည် ကျွန်ုပ်၏ရှေ့သို့ ဥဩသံပေးလျက် ရောက်ရှိရပ်တန့်လာသည်။ ရဲကားပေါ်မှ တာဝန်ရှိ ရဲအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်အချို့ မကြာမီ ကျွန်ုပ်နားထဲတွင် သေနတ်သံတစ်ချက် ကြားလိုက်ရသည်။

ထိုအချိန်တွင် ကျွန်ုပ်၏ခန္ဓာကိုယ်ကိုကွယ်နေသော အမျိုးသမီးသည် ရုတ်တရက် ရှေ့သို့ မှောက်လျက်သား ပစ်ကျသွားသည်။ သူမ၏ကျောနောက်မှ စူးဝင်ဖြတ်သန်းသွားသော သေနတ်ကျည်ဆန်က ရင်ဘတ်ကို ဖောက်ထွင်းသွားသည်။

ကျည်ဆန်လာရာလမ်းကြောင်းကို ကြည့်လိုက်သောအခါ စောစောက ကျွန်တော့် ကန်ချက်ကြောင့် မှောက်သွားသော လူဆိုးသည် ကျွန်တော်တို့ သတိမထားမိခိုက်တွင် သူဝတ်ဆင်ထားသော ဂျာကင်အကျီအိတ်တွင်းမှ လူသတ်လက်နက် ပြောင်းတို တစ်လက် ကို မထုတ်ပဲအိတ်တွင်း၌ပင်လက်ချိန်လျက် ထိချင်ရာထိဟူသောသဘောမျိုးမောင်း ဖြုတ်လိုက်ခြင်းဖြစ်သည်။

ရဲအရာရှိတစ်ဦးနှင့်ရဲတပ်သားတစ်ယောက် တိုက်တွင်းသို့ အချိန်မီရောက်လာကြသည်။ သူတို့လက်တွင်းမှ သေနတ်ပြောင်းဝသည် လူဆိုးရင်ညွန့်သို့ ထိုးချိန်လျက်သားဖြစ်နေကြသောကြောင့် လက်မရှိပါးကွက်သားလူဆိုးသည် တုတ်တုတ်မှ မလှုပ်ရဲပါတော့ချေ။

မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်နှင့်တရင်းတနှီးသံယောဇဉ်ဖြစ်လုနီးပါးအမျိုးသမီး အတွက် ကြေကွဲစရာ ဖြစ်ခဲ့ရပါတော့သည်။

>> ဆွေမြင့်



www.burmeseclassic.com

www.burmeseclassic.com



# ပိုရှုံးခဲ့ရလေသောသူ

ကျော်အောင်ရွှေ

**လွှတ်လပ်ရေး**ကစီးတဲ့ ...။ လွှတ်လပ်ရေးလမ်းထဲမှာ ဦးကျော်ဆင့် ဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင်၊ ဒီဆိုင်တကိုရွှေလှတို့ သူငယ်ချင်းသုံးယောက် မနက်တိုင်း ဆုံနေကျနေရာ၊ ကိုရွှေလှတစ်ယောက်လက်ဖက်ရည်ဆိုင်ရောက်တော့ ကိုထွန်းထွန်းနှင့် ကိုအောင်တင်တို့ပင်လက်ဖက်ရည်သောက်ပြီးကြလေပြီ။ ဒီနေ့မှ သူ နောက်ကျခြင်းဖြစ်သည်။

"ဟကောင်ကြီး - ဘာဖြစ်လို့ နောက်ကျနေတာလဲ"

လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသောသူ့ကို သူငယ်ချင်းအောင်တင်က ဆီးမေးလိုက်ခြင်းဖြစ်လေသည်။ သူငယ်ချင်းနှစ်ယောက် ထိုင်နေသောစားပွဲဝိုင်းတွင် အသက်(၆၀)ကျော်ခန့် အဘိုးကြီးတစ်ယောက်ပါ ထိုင်နေသည်ကို တွေ့လိုက်ရသည်။

"သူငယ်ချင်း ... ဒါ ... ဒါ့ဘကြီး ဦးဖြူမောင်၊ ဘကြီး - သူက ကျွန်တော့် သူငယ်ချင်း ရွှေလှပါ"

စူးစမ်းသလိုကြည့်ရင်း ဝင်ထိုင်လိုက်သော သူ့ကို ကိုအောင်တင်တဘကြီးဖြစ်သူနှင့် မိတ်ဆက်ပေးလိုက်သည်။

"ဟုတ်ကဲ့ - ကျွန်တော် ရွှေလှပါ။ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျ။ ကျွန်တော့်ကိုလည်း အောင်တင်လိုပဲ ဆိုဆုံးမနိုင်ပါတယ် ခင်ဗျ"

သူက လက်အုပ်ချီ၍ ပြောလိုက်သည်။ ပြီးတော့ သောက်နေကျ ချိုဖြေ တစ်ခွက်ကို လှမ်းမှာလိုက်သည်။

"ကိုင်း - မင်းလာတာ နောက်ကျတဲ့ အကြောင်းရင်းကို ပြောစမ်းပါဦး"

ကိုထွန်းထွန်းက ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်ရင်း သူ့ကို မေးလိုက်

မိဘနှင့် သားသမီးချစ်ခြင်းကို
ရှုထောင့်အမျိုးမျိုးမှ ဖော်ညွှန်းထားပြီး
မိဘက သားသမီးအပေါ် ထားသင့်သည့်အချစ်၊
စွန့်လွှတ်မှု စသည်တို့ကို တွေ့ရမည် ..

www.burmeseclassic.com

သည်၊ သူ့ကို ကြည့်ရသည်မှာ တစ်ခုခု အလိုမကျဟန် ပေါ်နေသည်ဟု ထင်မိ၍ ကိုထွန်းထွန်းက မေးလိုက်ခြင်းဖြစ်သည်၊ ခါတိုင်းဆိုလျှင် သူ့ဟန်ပန်က အမြဲတမ်း တက်ကြွပြီးပြုံးရွှင်နေတတ်သည်မဟုတ်ပါလား။ ကိုထွန်းထွန်းအမေးကို သူစောစောနှင့်မဖြေ၊ ဘာကစပြောရမှန်း သူမသိတော့၊ အတန်ကြာမှ သူ့အသံက တိုးတိုး။

"ငါ့သမီး အမိုက်မပေါ့ကွာ"

"ဟေ - ဘာဖြစ်လို့လဲ - လင်နောက် လိုက်သွားလို့လား"

ကိုအောင်တင်က အလန့်တကြား မေးလိုက်သည်၊

"ဟော့ကောင် - တိုးတိုးမေးပါကွ၊ သေးစားပွဲကလူတွေ ကြားသွားပါဦးမယ်၊ လင်နောက်လိုက်တာ မဟုတ်ပါဘူး၊ ရည်းစားထားတာ - ရည်းစားထားတာ"

"ဟာကွာ - ရည်းစားထားတာ အဆန်းလုပ်လို့၊ အရွယ်ရောက်လာရင် ဖြစ်လေ့ဖြစ်ထရှိတာပဲမဟုတ်လား"

ကိုအောင်တင်က အကဲပိုရန်ကော ဟုသောသဘောဖြင့် သူ့ကို ပြောလိုက်သည်၊

"ဟုတ်ပါတယ် - မင်းပြောတာကိုငါ လက်ခံပါတယ်၊ ငါ့သမီးလေးကို ငါ အရမ်းချစ်တယ်ကွာ၊ ပြီးတော့ - ငါ့သမီး လေးက အရမ်းသိတတ်ပြီး လိမ္မာတယ်၊ ငါ့မျက်စိထဲမှာတော့ ကလေးလေးလိုပဲ မြင်နေတယ်၊ သမီးလေးနဲ့ ငါနဲ့ ခွဲရမှာပဲ ဆိုတဲ့အတွေးက ငါ့ကို ခြောက်လှန့်နေတယ်၊ ပြီးတော့ - သမီးလေးက အသက် မပြည့်သေးဘူး၊ ခုမှ (၁၇)နှစ်ပဲ ရှိသေးတယ်"

သမီးလေးအပေါ်ဘယ်လောက်ချစ်ကြောင်း သူက ပြောပြလိုက်သည်၊

"မင်းသမီးမှာ ချစ်သူရည်းစားရှိနေပြီလို့ ဘယ်သူက ပြောတာလဲ၊ ကြားစကားတွေဖြစ်နေပါဦးမယ်"

ကိုအောင်တင်က သေချာမှုရှိစေရန် မေးလိုက်ခြင်းဖြစ်သည်၊ ဘကြီးဦးဖြူမောင်က သူတို့ စကားဝိုင်းထဲသို့ မဝင်၊ ရေနွေးကြမ်းသောက်ရင်း သူငယ်ချင်းသုံးယောက် ပြောနေသောစကားကိုသာ စိတ်ဝင်စားစွာ နားထောင်နေသည်၊

"ဘယ်သူပြောရမှာလဲကွာ၊ ငါ့မိန်းမ မတင်ဥက အတိအကျကို ပြောတာကွ၊ အခုမနက် မင်းတို့နဲ့ ဆုံနေကျ ဒီလက်ဖက်ရည်ဆိုင်ကို ထွက်လာခါနီးမှာ ပြောလိုက်တာ"

"တော့်သမီး - ရည်းစားထားနေပြီ"

အဲဒီလိုပြောလိုက်တော့ ငါ့ရင်ထဲမှာ ဗုံးတစ်လုံးပေါက်သွားသလို ခံစားလိုက်ရတယ်၊ မင်းတို့လည်း သိပါတယ်၊ ငါ့သမီးမမြလေးကိုငါဘယ်လောက်ချစ်တယ်ဆိုတာ၊ မိဘကို လုပ်ကျွေးနေတဲ့ တစ်ဦးတည်းသောသမီးလေးမို့ အရမ်းချစ်သလို အရမ်းတန်ဖိုးထားတာကွ၊ ငါတို့အတွက်တော့ ဒီသမီးလေးဟာ ထီးပါပဲ၊ ဖြီးတော့ - ချစ်လို့မှမဝသေးတဲ့ ဒီသမီးလေးက ငါ့ရင်ထဲက ထွက်သွားမှာကို ငါမလိုလားတာ အမှန်"

ကိုအောင်တင်ရော ကိုထွန်းထွန်းပါ သူတို့သူငယ်ချင်းအကြောင်းကို ကောင်းကောင်းသိကြပါသည်၊ မိသားစုအပေါ် သံယောဇဉ်ကြီးလွန်းသူ တစ်ယောက် အဖြစ်အစုလိုက်ငိုသံပါကြီးဖြင့် မိဘမေတ္တာကိုဖွင့်ပြောလာတော့ ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားကြသည်၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြလေ၏၊

"ငါ့သမီးလေး - ဒီလောက်မိုက်လိမ့် မယ်လို့မထင်မိဘူးကွာ၊ ပြီးတော့ငါ့သမီး အပျိုကို သမီးက လင်မယူဘူး၊ အပျိုကြီး လုပ်ပြီး မိဘကို လုပ်ကျွေးမှာလို့ ခဏခဏပြောနေတာ"

သူ့စကားကြောင့် ဦးမောင်ဖြူတာ သဘောကျစွာပြုံးရင် ခေါင်းညိတ်နေလေသည်၊

"ငါ့မိန်းမစကားကို မယုံနိုင်ဘူးဖြစ်သွားတယ်၊ ဒါနဲ့ - သေချာအောင် ထပ်မေးကြည့်လိုက်တယ်၊ တော်သမီးနဲ့ စိန်သုံးလုံးချိုချဉ်ဆိုင်မှာ အလုပ်အတူလုပ်တဲ့ ကျုပ်တူမ ပိဆွေရီက အသေအချာကိုပြောပြတာ၊ ရွှေထူအရှေ့ရပ်ထဲက ကောင်လေးတစ်ယောက်နဲ့တဲ့၊ အဲလို ပြောပြီး ငိုတော့တာပါပဲကွာ၊ ငါ့သမီးနဲ့ ကြိုက်နေတဲ့ကောင်လေးက ကျောင်းသားပဲ ရှိသေးတာတဲ့၊ ငါဘာလုပ်ရမလဲဟင်၊ မင်းတို့ပြောစမ်းပါကွ၊ ကောင်လေးကိုငါ သွားတားရမလား၊ သမီးလေးတို့ခဲ ရိုက်ဆုံးမရလား"

စကားပြောရင်း သူ့အသံတွေ တုန်လာသည်၊ စကားဆုံးတော့ ခေါင်းတဆံပင်တွေ ကြားထဲသို့ လက်ဆယ်ချောင်းကို ထိုးသွင်း၍ ကုတ်ဖွနေတော့သည်၊

"မင်းသမီးကိုရော မေးပြီးပြီလား၊ ချစ်သူရှိနေတာ သေချာရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

ကိုထွန်းထွန်းက ခေါင်းငိုက်စိုက်ချထားသော သူ့ကို မေးလိုက်သည်။ သူက ခေါင်းပြန်ထောင်လာပြီး -

"အဲဒါတော့ မမေးရသေးဘူးကွ။ အဖေတစ်ယောက်အနေနဲ့ ဘယ်လိုမေးရမလဲ၊ မေးလည်း မမေးရက်ဘူး၊ ဒါပေမဲ့ မေးဖို့လည်း လိုမယ်မထင်ပါဘူးကွာ၊ တူမဖြစ်တဲ့သူက ပြောတာဆိုတော့ ဟုတ်လို့နေမှာပေါ့ကွာ"

သူ့စကားကြောင့် သူငယ်ချင်းနှစ်ယောက် ဘာပြန်ပြောရမှန်းမသိတော့၊ ငါတို့ရော သူ့လို ကြုံလာလျှင် ဘာလုပ်ကြမလဲဟု တွေးနေကြရော့သလား၊ သူတို့မှာလည်း သားသမီးတွေ ရှိနေကြသည်မဟုတ်ပါလား။ သမီးရှိတဲ့မိဘတိုင်း စံစားရမည့်ဝေဒနာဆိုတာ သူတို့သုံးယောက်လုံး အခုမှ သိလာကြလေတော့သည်၊ ထိုအချိန်မှာပင် ရေနွေးကြမ်းသောက်ရင်း သူတို့သုံးယောက်ပြောနေသော စကားကို နားထောင်နေသော ဘကြီးဦးဖြူမောင်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး စကားဝိုင်းထဲသို့ ဝင်လာသည်။

"ဒီတိုင်းချိုးတာ သမီးရှင်တိုင်း ကြုံတွေ့ရတဲ့အဖြစ်မျိုးပဲလေ၊ မောင်ရွှေလှတို့ တိုယ်ချင်းစာမိပါတယ်၊ သားသမီးတွေကို မိဘတိုင်းက တင့်တောင်းတင့်တယ်ဖြစ်စေချင်ကြတာ အမှန်ပဲလေ၊ အဲ - တင့်တင့်တယ်တယ်ဖြစ်စေချင်ကြတဲ့ ဆန္ဒရှိကြပေမယ့် ဘယ်မိဘကမှ ကိုယ့်သားသမီးကို အိမ်ထောင်ချပေးချင်တဲ့၊ လင်ပေးစားချင်တဲ့စိတ်တော့ မရှိကြတာ များပါတယ်၊ သူတို့ရင်ခွင်ထဲက ထွက်သွားမှာကို မိဘတိုင်းက စိုးရိမ်ကြတယ်၊ သူတို့နဲ့ ရင်အုပ်မကွာ ထားချင်တယ်၊

တကယ်လို့အိမ်ထောင်ကျသွားရင်လည်း လင်ကောင်း သားကောင်းနဲ့ပဲ ရစေ၊ ကျစေချင်ကြတာ အမှန်ပါ၊ ဘယ်မိဘတိုင်းကမှ ကိုယ့်သားသမီးကို အုတ်ကြားမြက်ပေါက်နဲ့သဘောတူမှာမဟုတ်ဘူး၊ အဲဒီလိုပဲ သမီးအပေါ်မှာထားတဲ့ မောင်ရွှေလှရဲ့မိဘမေတ္တာကို ဘကြီး နားလည်ပါတယ်၊ မောင်ရွှေလှပြောနေတဲ့ စကားကိုနားထောင်လိုက်မိတာနဲ့ သမီးလေးကို မောင်ရွှေလှ ဘယ်လောက်ချစ်တယ်ဆိုတာ ဘကြီး ခန့်မှန်းမိပါတယ်၊ သမီး မမြဲလေးက လိမ္မာရေးခြားရှိတယ်ဆိုတော့ ကိုယ့်သမီးကိုယ်နားဝင်အောင် ဆုံးမပေါ့ကွယ်၊ တခြားနည်းလမ်းနဲ့တော့ ခွဲဖို့မစဉ်းစားနဲ့နော်၊ သမီးမမြလေးနဲ့ ကြိုက်နေတဲ့ကောင်လေးနဲ့လည်း သွားမတွေ့နဲ့၊ သွားတွေ့ရင် ဘကြီးလိုအဖြစ်မျိုးနဲ့ ကြုံမှာ စိုးရိမ်လို့ပါကွယ်"

"ဘကြီးလဲ ရွှေလှလိုအဖြစ်မျိုးနဲ့ ကြုံခဲ့ဖူးတယ် - ဟုတ်လား - ဘကြီး"

ဦးဖြူမောင်၏စကားကို ဖြတ်၍ ထွန်းထွန်းကမေးလိုက်သည်၊ ဦးဖြူမောင်က ကိုထွန်းထွန်း၏အမေးကို မဖြေသေးပဲ ရေနွေးကြမ်းတစ်ခွက်ကို အရင်ငုံ့နေလိုက်သည်၊ ပြီးတော့မှ -

"အေး - ဘကြီးလဲ - မောင်ရွှေလှလို အဖြစ်မျိုးကြုံခဲ့ရတယ်၊ ငါ့တူတို့အချိန်ရတယ်မဟုတ်လား၊ ဘကြီးကိုယ်တိုင်ကြုံခဲ့ရတဲ့အဖြစ်ကို ပြောပြမယ်၊ ဘကြီးပြောပြမယ့်ဘကြီးရဲ့အဖြစ်ကိုနားထောင်ပြီးမှ မောင်ရွှေလှအနေနဲ့ ဘာလုပ်ရမယ်ဆိုတာ သိလာပါလိမ့်မယ်၊ အင်း - စာရေးဆရာကြီးသော်တာဆွေရေးခဲ့သလိုပါပဲ၊ သားသမီးဖော အားကြီးမောသတဲ့ကွဲ့"

သူငယ်ချင်းသုံးယောက်လုံးဘကြီးမြူမောင့်အကြောင်းကို စိတ်ဝင်စားသွားကြလေပြီ၊ ကိုအောင်တင်က သောက်လက်စ ရေနွေးကြမ်းပန်းကန်ကို စားပွဲပေါ်သို့ ချထားလိုက်သည်၊ သူမသိသေးသော သူ့ဘကြီးအကြောင်း သိရတော့မည်မဟုတ်ပါလား၊

"ဘကြီးနေတာက မြို့နဲ့ ခါးမိုင်လောက် ဝေးတဲ့ သာယာကုန်းဆိုတဲ့ ရွာကလေးမှာကွ၊ ဘကြီးမှာ မိသားစုသုံးယောက်ပဲရှိတယ်၊ ဘကြီးရယ်၊ နာမည်တော်ဒေါ်သွန်းသီတဲ့၊ ဘကြီးတို့လင်မယားမှာ သမီးလေးတစ်ယောက်ပဲရှိတယ်၊ သမီးလေးနာမည်က ခင်စပယ်ဖြူတဲ့၊ မောင်ရွှေလှသမီး မမြလေးလိုပဲ သိတတ်လိမ္မာတဲ့သမီးလေးပေါ့ကွယ်၊ တစ်ဦးတည်းသောသမီးဆိုတော့ ဘကြီးတို့လင်မယားက ဖူးဖူးမှုတ်မတတ် ချစ်ကြတာပေါ့ကွယ်၊ သမီး ခင်စပယ်ဖြူက မြို့ကျောင်းမှာ ကျောင်းတက်နေတဲ့ ဆယ်တန်းကျောင်းသူ၊ ရည်မှန်းချက် အရမ်းကြီးတယ်၊ ပညာတတ်တစ်ယောက် သိပ်ဖြစ်ချင်တာ၊ အဖေတို့ အမေတို့တ သေတစ်ရှင်စာလောက်ပဲ ရေးတတ်ဖတ် တတ်လို့ အခုလိုဘဝမျိုးနဲ့နေရတာ လို မကြာခဏ ပြောတတ်တယ်၊ ဘကြီးတို့ လို မိုးရွာမရှောင်၊ နေပူမရှောင်လုပ်ရတဲ့ တောင်သူအလုပ်ကို စိတ်မဝင်စားဘူး မလုပ်ချင်ဘူး၊ မလုပ်ချင်ပေမဲ့ မိဘ အလုပ်ဆိုတော့ ကျောင်းပိတ်ရက်တို့ မိဘတွေကို သနားတော့ ဝင်ကူလုပ်ပေး ရှာပါတယ်၊ အဖေ့ကို သနားလို့ ဝင်

www.burmeseclassic.com

ထားနော်၊ အဲဒီအလုပ်ကို သမီးက ပါသနာမပါဘူးလို့ ပြောတတ်တယ်၊ အဖေတို့အဖေတို့က စာတတ်လို့ ပင်ပင်ပန်းပန်း လုပ်ကိုင်နေရတာ၊ သမီးကတော့ ဘွဲ့ရပညာတတ်ကြီးဖြစ်အောင် လုပ်ပြီးအဖေတို့ကိုဒီဘဝထဲက ဆွဲထုတ်မှာ၊ အဖေတို့ပင်ပန်းတာကို သမီးက မကြည့်ရက်ဘူးလို့ မျက်ရည်ဝဲပြီး ငိုမဲ့မဲ့နဲ့ ပြောတတ်တယ်"

ဦးဖြူမောင်က စကားရှည်ရှည် ပြောလိုက်ရသဖြင့် မောသွားပုံရလေသည်၊ ကိုအောင်တင် ငှဲ့ပေးထားသော ရေနွေးကြမ်းတစ်ပန်းကန် ကောက်ယူ၍ မော့သောက်လိုက်သည်၊ ပြီးတော့ တော်တော်နှင့်စကားမပြော၊ လက်ဖက်ရည်ဆိုင် အပြင်ဘက်သို့ ငေးကြည့်နေသည်၊ ဦးဖြူမောင်တစ်ယောက်အတိတ်ကို ပြန်လည်တူးဆွနေလေသလားမသိတော့၊ ခေတ်ကြာမှ အသံထွက်လာသည်၊

"သမီးလေးက မြို့ကျောင်းကို စက်ဘီးနဲ့သွားရတယ်၊ နေ့တိုင်းကျောင်းသွား ကျောင်းပြန် စက်ဘီးနဲ့ သွားနေရတာ ပင်ပန်းတဲ့အတိုင်းပါပဲကွယ်"

"ပြောလိုချင်တာကို - ဘကြီးရဲ့"

ကိုအောင်တင်က သူ့ဘကြီးစကားကို ဝင်ထောက်လိုက်သည်၊

"ဟုတ်တယ် - ပညာတတ် သိပ်ဖြစ်ချင်တယ်၊ ဆယ်တန်းကို နှစ်ချင်းပေါက် အမှတ်ကောင်းကောင်းနဲ့ အောင်ရမယ်လို့ ပြောထားတာကွ၊ ဘကြီးကလည်း ကိုယ့်သမီးလေး ဆယ်တန်းအောင်ပြီး ဘွဲ့ရပညာတတ်ကြီးဖြစ်စေချင်တာဆိုတော့ တက္ကသိုလ်ကို ဆက်ထားနိုင်အောင် အလုပ်ကို ကြိုးစားလုပ်ပြီး ပိုက်ဆံစုရတာပေါ့၊ သမီးလေးကို အရမ်းချစ်တော့ သမီးလေးရဲ့ကြီးမားတဲ့ရည်မှန်းချက်ကို ဖြည့်ဆည်းပေးချင်တယ်၊

ဘွဲ့ရပညာတတ်ကြီး ဖြစ်သွားရင် ဘကြီးတို့ဘဝလည်းပြောင်းလဲသွားမယ်လို့ယုံကြည်မိတယ်လေ၊ ကျောင်းတက်လို့ နှစ်ဝက်လောက်ရှိတော့ ကျောင်းကပြန်လာတဲ့ သမီးလေးရဲ့မျက်နှာဟာ စိတ်ရှုပ်ပြီး အလိုမကျတဲ့ပုံ ဖြစ်လာတယ်၊ တစ် ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မက၊ မျက်နှာထားဟာတင်းမာလာတယ်၊ နောက်ဆုံးတော့ ဘကြီးလည်း မနေနိုင်တော့တာနဲ့ ဘာဖြစ်နေတာလဲလို့ မေးလိုက်တယ်၊ သမီးလေးက ဘာမှမဖြစ်ပါဘူးလို့ပြောပေမယ့် ဘကြီးက မယုံဘူးလေ၊ ဘာဖြစ်လို့လည်းဆိုတော့ သမီးလေးကို ဘကြီးက အရိပ်တကြည့်ကြည့်နဲ့ကြည့်နေတဲ့သူလေ၊ သိတာပေါ့၊ သမီးလေးမှာ စိတ်အနှောင့်အယှက်တစ်ခုခု ဖြစ်နေပြီဆိုတာ ဘကြီး ရိပ်မိတယ်၊ ဘကြီးတို့ လင်မယားနှစ်ယောက်လုံး တစ်ယောက်တစ်လှည့် ဘယ်လိုပဲမေးမေး ဘာမှမဖြစ်ပါဘူးလို့ပဲ ပြောတယ်၊ အဲဒီအချိန်တုန်းက ဘကြီးအသက်က ငယ်သေးတယ်၊ မဟုတ်မခံစိတ်လည်း ရှိတယ်၊ တစ်ခါတလေသောက်တတ်ပြီး ပြဿနာဖြစ်ရင် လက်ပါတတ်တယ်၊ ဘကြီးအကြောင်းကို သိနေတဲ့သမီးက သူ့ကြောင့် ပြဿနာဖြစ်မှာကို စိုးရိမ်ပြီး ဘာမှမပြောတာနဲ့ တူပါတယ်၊

ဒါပေမဲ့ - သမီးက ဘာမှမပြောပဲ နှုတ်ဆိတ်ထားပေမယ့် နောက်ဆုံး ဘကြီး အကြောင်းစုံသိလာရတာပါပဲ၊ ကျောင်းဆင်းလာတဲ့သမီးလေး နောက်ကို မြို့ကကောင်လေးတစ်ယောက် ရွာထိပ်အထိ လိုက်လိုက်လာတာကို ရွာထဲက မြင်တဲ့သူတွေက ဘကြီးကို လာပြောကြတယ်လေ၊ သမီးလေး ပညာတစ်ပိုင်းတစ်စနဲ့ အပျက်ဖြစ်မှာ စိုးရိမ်ကြတယ်လေ"

ကိုအောင်တင်က ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့၍ ဘကြီးဖြူမောင်ရှေ့မှာ ချထားလိုက်ပြီး သူ့ကို လှမ်းကြည့်လိုက်သည်၊ ဘကြီး ဦးဖြူမောင်က ရေနွေးကြမ်းပန်းကန်ကိုယူပြီးအာခေါင်ခြောက်သွားဟန်ဖြင့် သောက်နေတော့သည်၊

"ရွာထဲက မြင်တဲ့သူတွေ လာပြောမှပဲ သမီးလေးစိတ်အနှောင့်အယှက်ဖြစ်ရတဲ့အကြောင်းရင်းကို ဘကြီး သိလာရတာ၊ သမီးလေးအတွက် အရမ်းစိုးရိမ်သွားမိတယ်၊ သမီးလေးမှာ ချစ်သူရည်းစားရှိနေပြီလားလို့ တွေးလိုက်ပြန်တော့လည်း မဖြစ်နိုင်ဘူးလို့ တွေးမိပြန်ရော၊ ဘာဖြစ်လို့လည်းဆိုတော့ သမီးလေးက ရည်မှန်းချက်ကြီးကြီးရှိတဲ့သူ သူ့ဘဝတိုးတက်ရေးကိုပဲ ဦးစားပေးတဲ့သူ၊ သူ့ပညာရေးကိုထိခိုက်မယ့်အလုပ်မျိုးကိုလုပ်မှာ မဟုတ်ဘူးလို့ ယုံကြည်ထားမိတယ်လေ၊ ဘကြီးအနေနဲ့လည်း ပညာတစ်ပိုင်းတစ်စနဲ့ လေလျော့ရင်း တက်ကျွံတဲ့ဘဝကို အရောက်မခံနိုင်ဘူးလေ"

ဘကြီး ဦးဖြူမောင်အဖြစ်နှင့် သူ့အဖြစ် တူလာပြီဟု ကိုရွှေလှ သိလိုက်ရလေပြီ၊ သမီးကို ချစ်တဲ့မိဘတိုင်းရဲ့ စေတနာဟာ အတူတူပါပဲလားဟု သူတွေးလိုက်မိလေပြီ၊

"သမီးလေးကို အရမ်းစိုးရိမ်သွားတယ်၊ ငါ့သမီးလေး ရည်းစားထားနေပြီလားလို့ပေါ့ကွာ၊ ဒါနဲ့ ဘကြီးလည်း တစ်ညနေ စက်ဘီးနဲ့ ကျောင်းကပြန်လာတဲ့ သမီးကို ဖွင့်မေးလိုက်တယ်၊ ဒီတော့




www.burmeseclassic.com

www.burmeseclassic.com



အကြော်တဲထဲမှာ ရှိနေတဲ့ ထင်းချောင်းတွေထဲက ထင်းချောင်းတစ်ချောင်းကို ဆွဲကောက်ပြီး စက်ဘီး ပေါ်က ဆောင်းပဲသမီးလေးကို ငုံ့ကြည့်နေတဲ့ ကောင်လေးရဲ့ ခေါင်းကို ရိုက်ချလိုက်တယ်။ သားသမီးကို ချစ်တဲ့ ဖေဖော်ကော်ကြီးတာကွ။ 'တဲ့တွာ' ဆိုပြီး နောက်တစ်ချက် ထပ်ရိုက်အပြီးမှာ 'မလုပ်နဲ့ အဖေ မလုပ်နဲ့' လို့ သမီးလေး အော်သံ ၆၆ ထွက်လာတယ်။

လည်း သမီးတ ပွင့်ပွင့်လင်းလင်းပဲ ပြောပါတယ်။ သမီးအရွယ်က အိမ်ထောင်ပြုရမယ့်အရွယ် မဟုတ်သေးဘူး - အဖေ။ ပညာရှာရမယ့်အရွယ်ပဲ ရှိသေးတယ်၊ ပြီးတော့ - ဒါတွေကို သမီးစိတ်မဝင်စားဘူး။ သမီးအသိ၊ သမီးဦးနှောက်ထဲမှာ မိဘကို ကျွေးမွေးစောင့်ရှောက်နိုင်ဖို့ ပညာတတ်မဖြစ်မယ်ဆိုတာပဲ ရှိတယ်၊

ဘယ်တော့မှ သမီးမိုက်ဆိုတဲ့ဘွဲ့ကို သမီး မယူဆိုတာ အဖေသိထားပါ၊ အခုတာတလည်း သူ့ဘာသာသူ ကြိုက်လို့ လိုက်လာတာပါ၊ အဲဒီလို နေ့တိုင်း ကျောင်းသွားကျောင်းပြန် လိုက်စကားပြောနေတော့ စိတ်အနှောင့်အယှက်တော့ဖြစ်တာပေါ့၊ သမီးဘဝမှာ မိဘနှစ်ပါးကလွဲပြီး ဘယ်သူမှ ပိုမချစ်နိုင်ပါဘူးလို့ ပြန်ပြောရှာပါတယ်၊ အဲဒီမှာ ဘကြီးအသိ ဘကြီးဦးနှောက်ထဲမှာ သမီးလေးကို ရည်းစားစကား လိုက်ပြောတဲ့ ကောင်လေးဟာ ငါ့သမီးရဲ့ ဘဝတက်လမ်းအတွက် အဟန့်အတား အဖျက်အဆီး တစ်ခုအဖြစ် ဝင်လာတယ်"

သည်နေရာအရောက်တွင် ဘကြီးဦးမြမောင်၏ မျက်နှာဟာ တင်းမာလာ သည်ဟု သူ ထင်လိုက်သည်၊ ဘကြီးဦးမြမောင်၏ ခံစားချက်နှင့် သူ၏ခံစားချက် တူညီလာပြီဆိုတာ သိလိုက်ရသည်၊

"ဘကြီးဦးနှောက်ထဲမှာ သမီးလေးကိုလိုက်နှောင့်ယှက်နေတဲ့ကောင်လေးကို တားမှဖြစ်တော့မယ်လို့ သိလိုက်တယ်၊ ပြီးတော့ - ဘယ်လိုဖြစ်ဖြစ်ရအောင်တားမယ်လို့ဆုံးဖြတ်လိုက်တယ်၊ သတ်တယ်လေ၊ ဘကြီးချစ်တဲ့ သမီးသားရဲ့ဘဝရည်မှန်းချက်တွေကိုအပျက်အစီးမှမခံနိုင်တာ၊ ဒါနဲ့ - နောက်တစ်နေ့ သမီးလေး ကျောင်းက ပြန်လာချိန်ကို ချိန်ပြီး ရွာအဝင်လမ်းထိပ်က နစ်ချို့ ညောင်ပင်ကြီးနောက်ကသွားစောင့်နေလိုက်တယ်၊

အဲဒီညောင်ပင်အောက်မှာရွာထဲက အကြော်ရောင်းတဲ့ ဒေါ်ခင်မြရဲ့ အကြော်တဲ ရှိတယ်၊ ညနေစောင်းဆိုတော့ အကြော်တဲမှာ လူမရှိတော့ဘူး၊ လူသွားလူလာဆိုလို့ မြို့ကျောင်းက ပြန်လာတဲ့ ကျောင်းသားတွေပဲ ရှိတော့တာ၊ သမီးနောက်ကို လိုက်လာတဲ့ ကောင်လေး အပြင်မှာစောင့်ပြီး သမီးလေးကိုမနှောင့်ယှက်ဖို့ပြောမယ်ဆိုတဲ့အတွေးနဲ့ ညောင်ပင်နောက်မှာပုန်းပြီး စောင့်နေလိုက်တာပါ၊ ပုန်းတာကလည်း သမီးလေး မတွေ့စေချင်လို့ပါ၊ သိပ်ကြာကြာ မပုန်းလိုက်ရပါဘူး၊ ဘကြီးမြင်ကွင်းထဲကို သမီးလေး စက်ဘီးနဲ့ စက်ဘီးချင်း ယှဉ်စီးလာတဲ့ ကောင်လေးတစ်ယောက်ဝင်လာတယ်၊ ပြီးတော့ - သမီးလေးရဲ့ ဒေါသတကြီး အော်ဟစ်ပြောလိုက်တဲ့အသံကိုပါ ကြားလိုက်ရတယ်"

"နင့်ကို ဘယ်နခါပြောရမလဲ၊ ဒါတွေကို စိတ်မဝင်စားဘူး"

"စပယ် စိတ်မဝင်စားပေမဲ့ ... ငါကတော့ စိတ်ဝင်စားတယ်၊ စပယ်ကို ချစ်တယ်၊ ငါ့ကို ပြန်ချစ်ပါတယ်လို့ မပြောမချင်း စပယ်နောက်ကို လိုက်နေမှာပဲ၊ မလိုက်စေချင်ရင် ငါ့ကို ချစ်တယ်လို့ ပြောလေ"

"ငါ့ကို မနှောင့်ယှက်နဲ့နော်၊ ငါ အေးအေးဆေးဆေး စာသင်ပါရစေ"

သမီးလေးရဲ့ တောင်းပန်သံကို ကြားလိုက်ရတော့ သမီးလေးကို တော်တော်သနားသွားသလို ကောင်လေး အပေါ်ကိုလည်း ဘကြီးရဲ့ဒေါသတွေ စုပုံကျသွားတယ်၊ တဖြည်းဖြည်းနဲ့ ဘကြီး ပုန်းနေတဲ့ ညောင်ပင်နားကို ရောက်လာမယ်၊ ညောင်ပင်နောက်က ခေါင်းပြူ ချောင်းကြည့်လိုက်တော့ သမီးတို့လိုက်

www.burmeseclassic.com

ပြီးနောင့်ယှက်နေတဲ့ကောင်လေးမို့လား မသိဘူး၊ မြင်မြင်ချင်း တော်တော်လေး အမြင်ကတ်သွားတယ်၊ ထောင့်မကျိုးတဲ့ ဂုံစံလို့ ထင်မိလိုက်တယ်၊

"ငါလိုချင်တဲ့ အဖြေကို သာ ပေး လိုက်ပါ၊ နင် အေးအေးဆေးဆေး စာ သင်ရပါစေမယ်"

"ရွာနားရောက်လာပြီ - နင် ပြန် တော့"

သမီးလေးရဲ့မျက်နှာဟာ တင်းမာ နေပြီး ဒေါသထွက်နေပါတယ်၊ သူတို့နှစ် ယောက် အပြန်အလှန်ပြောနေတာကို ကြားနေရတယ်၊

"ပြန်စေချင်ရင် ငါ့ကို ချစ်တယ်လို့ ပြောလိုက်လေ"

ကောင်လေးရဲ့ နိုင်ထက်စီးနင်း ပြောလိုက်တဲ့စကားဟာ ဘကြီးရင်ကို လာထိတယ်၊ ကောင်လေးက ပြောပြော ဆိုဆို စက်ဘီးလက်ကိုင်ကို ထိန်းထား တဲ့ သမီးလေးရဲ့လက်ကို လှမ်းဆွဲလိုက် တယ်၊

"နင် ဘာလုပ်တာလဲ - ခွေးသူ တောင်းစား"

သမီးလေးက ဒေါသတကြီး အော် လိုက်ပြီး ကောင်လေးကိုင်ထားတဲ့လက် ကို ရုန်းလိုက်တာမှာ ဟန်ချက်ပျက်ပြီး စက်ဘီးရော လူပါ လဲသွားတယ်၊ ဒါကို မြင်လိုက်ရတဲ့ ဘကြီးဟာ ဘယ်လိုမှ စိတ်ထိန်းလို့မရတော့၊ သမီးလေးကို နိုင့်ထက်စီးနင်းလုပ်နေတဲ့ကောင်လေး အပေါ်အရမ်းဒေါသထွက်သွားတယ်၊

ညောင်ပင်နောက်ပြေးထွက်လိုက် ပြီး ဒေါ်ခင်မြအကြော်တဲထဲမှာ ရှိနေတဲ့ ထင်းချောင်းတွေထဲက ထင်းချောင်းတစ် ချောင်းကို ဆွဲကောက်ပြီး စက်ဘီးပေါ်က မဆင်းပဲ သမီးလေးကို ငုံ့ကြည့်နေတဲ့ ကောင်လေးရဲ့ခေါင်းကို ရိုက်ချပစ်လိုက် တယ်၊ သားသမီးကို ချစ်တဲ့ဖေ တော် တော်ကြီးတာကွ၊ "ကဲကွာ" ဆိုပြီး နောက်တစ်ချက် ထပ်ရိုက်အပြီးမှာ "မလုပ်နဲ့အဖေ - မလုပ်နဲ့" လို့သမီးလေး အော်သံထွက်လာတယ်၊ မြင်မြင်ချင်း ထောင့်မကျိုးလို့ကြည့်မရတဲ့အထဲ သမီး လက်ကို ဆွဲလိုက်တော့ ဘကြီး စိတ် မထိန်းနိုင်တော့ဘူးဖြစ်သွားတယ်၊ ဘကြီး ရိုက်လိုက်တာကြောင့် ကောင် လေးဟာ စက်ဘီးတခြား လူတခြား လဲ ကျသွားတယ်၊

ဘကြီးမျက်စိထဲမှာ ဒေါသကြောင့် ဘာမှမမြင်တော့သလို ဘာမှလဲ မကြား တော့ဘူး၊ လဲကျနေတဲ့ ကောင်လေးကို နောက်တစ်ချက်ထပ်ရိုက်လိုက်မိတယ်၊

အချိန်မှာ သမီးလေးဟာ အတင်းပြေး ဝင်လာပြီး ဘကြီးကို ဖက်ထားတယ်၊ ကျောင်းကပြန်လာတဲ့ကျောင်းသားတွေ ကလည်းဘကြီးကိုဝိုင်းဆွဲထားကြတယ် လေ၊ဘကြီးရိုက်လိုက်တဲ့ကောင်လေးရဲ့ ခေါင်းမှာလည်းသွေးသံရဲရဲပေါ့၊ ရွာထဲက လူတွေပြေးထွက်လာပြီးကောင်လေးကို ကြည့်လိုက်တော့ အသက်မရှိတော့ ဘူး၊ ကောင်လေး သေသွားပြီလို့ ကြား လိုက်ရတော့ ဘကြီးခေါင်းတွေ ချာချာ လည်သွားသလို ခံစားလိုက်ရတယ်၊

သူ တို့ သုံး ယောက် အကြည့် က ဘကြီးဦးဖြူမောင်မျက်နှာပေါ်သို့ရောက် သွားသည်၊

"သမီးလေးအတွက် ထွက်နေတဲ့ ဒေါသတွေလည်း ပျောက်သွားတယ်၊ ဘကြီးကို ဖက်ပြီးငိုနေတဲ့သမီးလေးရဲ့ ခေါင်းကိုပဲ ပွတ်သပ်နေမိလိုက်တယ်၊ ဒီလိုပြောရရင်တော့ ကောင်လေးကို သတ်တဲ့မှုနဲ့ ဘကြီး ထောင်ကျခဲ့တယ်၊ ဘင်ပြည်ရှယ်ပြီး သတ်မယ်ဆိုတဲ့ဆန္ဒ မရှိခဲ့ တဒင်္ဂထွက်လာတဲ့ဒေါသကို ထိန်းချုပ်နိုင်တော့ လူသတ်မိတဲ့အထိ ဖြစ်သွားတာပေါ့၊ သမီးလေးကို အရမ်း ချစ်တဲ့ စိတ်ကြောင့်ဆိုရင်လည်း မမှားပါ ဘူး၊ ဘကြီးက မိဘဖြစ်နေတာကိုး၊

အဲဒီလူသတ်မှုနဲ့ ဘကြီး ထောင်ကျ တယ်၊ထောင်ကလွတ်လာတော့ဘကြီး ဖြစ်စေချင်တဲ့အတိုင်း သမီးလေးဟာ ဘွဲ့ရပညာတတ်တစ်ယောက်တော့ ဖြစ် လာပါတယ်၊ ဒါပေမဲ့ - မိဘကို ဘယ် လောက် ချစ်ပါတယ်၊ မိဘကလွဲပြီး ဘယ်သူ့မှ ပိုမချစ်နိုင်ပါဘူးလို့ ပြောခဲ့တဲ့ စကားဟာ ဘကြီး ထောင်က ထွက်လာ တဲ့အချိန်မှာ ကတိစကားတွေမမှန်တော့ ဘူးဆိုတာ တွေ့လိုက်ရတယ်"

"ဘယ် လို တွေ့ လို က် ရတာလဲ ဟင်"

သူက အလောတကြီး မေးလိုက် သည်၊ သူ့အမေးရဲ့အဖြေကို ကိုအောင် တင်နှင့် ကိုထွန်းထွန်းပါ သိချင်နေမိကြ သည်၊

"အေး - သမီးလေးခင်စပယ်ဖြူဟာ သူပြောခဲ့တဲ့စကားကိုသူမေ့သွားတယ်၊ ဘကြီးကို သမီးလေးပြောခဲ့တာတာ "သမီးဘဝမှာ မိဘနှစ်ပါးကလွဲပြီး ဘယ် သူ့မှ ပိုမချစ်နိုင်ပါဘူး" လို့ပြောခဲ့တာတွေ၊ ဘကြီး ထောင်က လွတ်လာတော့ အိမ် ပေါက်ဝရောက်တာနဲ့ဘကြီးချစ်တဲ့သမီး လေးဟာ ဘကြီးဆီကို ဝမ်းသာအားရ ပြေးကြိုရှာပါတယ်၊ ဒါပေမဲ့ - သမီးလေး တစ်ယောက်တည်း မဟုတ်ဘူးတဲ့"

www.burmeseclassic.com

ဘကြီး ဦးဖြူမောင်က စကားပြောရပ်လိုက်ပြီး အာခြောက်သွားဟန်ဖြင့် ရေနွေးကြမ်းတစ်ခွက်ကို ထပ်မံသောက်လိုက်သည်။

"သမီးလေးဟာ ကလေးလေးတစ်ယောက်ကို ချီပြီးပြေးလာတာလေ၊ သိလိုက်ပါပြီ။ သမီးလေး အိမ်ထောင်ကျသွားပြီဆိုတာ၊ ဒီတော့ မောင်ရွှေလှကို ဘကြီးပြောချင်တာက ကိုယ်ချစ်တဲ့ ကိုယ့်သမီးကို ချစ်သူရည်းစားမထားဖို့ ချုပ်ချယ်မယ့်အစား သင့်တော်တဲ့ အိမ်ထောင်ဖက်ကို ရှာတွေ့ပါစေလို့ ဆုတောင်းပေးလိုက်ပါကွာ။ တို့မိဘတွေကို ဘယ်လောက်ပဲ ချစ်ပါတယ်ပြောပြော၊ မိဘတွေထက် ပိုချစ်ရတဲ့သူကို တွေ့သွားရင် သူတို့ပြောခဲ့တဲ့စကားကို မေ့သွားကြတာပဲကွ။ အခုပဲ ဘကြီးအကြောင်း မောင်ရွှေလှကို ပြောပြပြီးပြီပဲ၊ သမီးလေးကို ဘကြီးဘယ်လောက်ပဲ ချစ်ချစ်၊ သမီးလေးက ဘကြီးကို ဘယ်လောက်ချစ်ပါတယ်လို့ပြောပြော အချိန်တန်တော့ ဘကြီးထက် ပိုချစ်ရတဲ့သူကို တွေ့သွားကြတာပါပဲ။ ဘကြီးတို့ မောင်ရွှေလှတို့ လုပ်ရမှာက ကိုယ့်သားသမီးကို ချုပ်ချယ်တင်းကြပ်မယ့်အစား သင့်တော်တဲ့အိမ်ထောင်ဖက်ကို ရွေးချယ်တတ်အောင် သွန်သင်ဆုံးမဖို့ပဲ လိုပါတယ်ကွယ်"


ဘကြီးဦးဖြူမောင်စကားဆုံးတော့ သူ့မျက်နှာဟာ ကြည်လင်ဝင်းပလာသလို သူ့အသိထဲမှာလည်း ပိုင်သာပိုင်မဆိုင်ပါလားဆိုတဲ့အသိလေး ဝင်သွားခဲ့ပြီမဟုတ်ပါလား။

➢➢ ကျော်အေးရွှေ

## တင်းတိပ်

- ➤ ဒန္တသုခရွက်စိမ်းရည်နှင့် သနပ်ခါးစပ်၍ အိပ်ရာဝင်တိုင်း လူးပါ။
- ➤ နနွင်းနှင့် ဖြေ့ကြီးအစေးကို သွေး၍ လိမ်းပေးပါ။





တင့်ထွန်း (ဓေယျာဝတီ

www.burmeseclassic.com

www.burmeseclassic.com

**ကိုလှခင်တို့** နေထိုင်သော . . . ရွာကလေးမှာ တောင်ခြေနှင့်နီးသော ရွာကလေးဖြစ်သည်။ တောင်ခြေရွာကလေးဖြစ်သည့်အတွက်တောတောင်ထဲသွားလာရသည်မှာလွယ်ကူလှသည်။ ရွာမှ ထွက်သည်နှင့် နာရီဝက်ခန့်သာ သွားလျှင်တောထဲသို့ရောက်လေသည်။ တောထဲမှ ဝါး၊ ထင်းတို့ အလိုရှိလျှင် ပခုံးထမ်း၊ ခေါင်းရွက်ဖြင့် သွားရောက်သယ်ယူကြသည်။ မိုးဥတုတွင် တောထဲရှိဝါးရုံများအရင်းတွင် ပေါက်ထွက်လာသော ဝါးမျှစ်စို့များကိုလိုက်လံရှာဖွေချိုးယူကာ အိမ်ရောက်လျှင် ပြုတ်၍ မျှစ်ပြုတ်များ ရရှိလာပြီး ငါးပိရည် တို့စရာ၊ မျှစ်ကြော် များအဖြစ်စားသုံးနိုင်ကြလေသည်။ တချို့တမျှစ်များကိုတောထဲမှာပင်ရသလောက် လိုက်ချိုး၍အိမ်မှ အသင့်ယူလာခဲ့သော သံပုံးထိပ်ပွင့်ထဲ စီထည့်ကာ ရေထည့်ပြီး တောထဲမှာပင်ကျက်အောင်ပြုတ်သည်။ ကျက်လျှင် အခွံမှာများ နွာထုတ်လျှင် နူးညံ့ပျော့ပျောင်းသော မျှစ်ချောင်းများ ရရှိလာသည်။ ထိုမျှစ်ချောင်းငါးချောင်းမှ ကိုနီးဖြင့်တွဲ၍ရွာထဲတွင်လိုက်လံရောင်းချပြီး ဝင်ငွေရှာကြသည်။

"သားလေး သံချောင်းရေ - တောထဲကို နွားတွေ သွားကျောင်းရင် မျှစ်ချိုးလာပါလား - သားရယ်။ မျှစ်ပြုတ်တို့၊ မျှစ်ကြော်တို့ စားရတာပေါ့ကွယ်"

တောထဲမှမျှစ်စို့များကို ချိုးယူကာ ဝါးတစ်ထစ်၏အရှားပိုင်းအား အစိတ်သေးသေးများ စိတ်ထားပြီး ဝါးစိတ်တစ်စိတ်၏ထိပ်တွင် မျှစ်အရင်းပိုင်းအား ထိုးထားလျှင် ဝါးစိတ်အားလုံးတွင် မျှစ်များ ထိုးထားသဖြင့် ကြံပဒေသာပင်ကဲ့သို့ မျှစ်ချောင်းများ တွဲပြီးရလာသည်။ ထိုမျှစ်ပဒေသာပင်လို အတွဲနှစ်တွဲရအောင် ချိုးယူပြီးညနေနွားတွေရှာကိုပြန်မောင်းလာလျှင်ထိုမျှစ်ပဒေသာပင်ကိုဝါးထမ်းပိုးနှင့် ရှေ့တစ်တွဲ၊ နောက်တစ်တွဲ ထားကာ ထမ်းပြန်လာခဲ့လေသည်။ အိမ်ရောက်မှ သိုမျှစ်စိမ်းများကို ကျက်အောင်ပြုတ်ယူရသည်။

သံချောင်းကသူ၏မိခင်မျှစ်အကျက်များကို တွယ်ရိုက်အဖျားနှင့် အမျှင်ကလေးများလုပ်နေသည်ကိုကြည့်နေမိသည်။

"အမေ - မျှစ်ချောင်းတွေကို တွယ်ရိုက်နဲ့ အမျှင်ကလေးတွေရအောင် စိတ်နေတာ ဘာလုပ်မှာလဲ ဟင်"

"အို - သားကလည်း - ဒီလိုအမျှင်ကလေးတွေစိတ်ပြီးရင် ငါး၊ ပုဇွန်ခြောက်နဲ့ရောပြီးကြော်ရင်မျှစ်ကြော်ရလာတယ်လေ"

"အိုဗျာ - အမေမှ မျှစ်ကြော်လုပ်ရတာတလည်း လက်ဝင်လိုက်တာဗျာ၊ သားတို့က တောထဲမှာဗိုက်ဆာရင်မျှစ်စို့တွေချိုးပြီး မီးဖုတ်လိုက်တယ်။ ကျက်ရင် အခွံမာတွေ နွာလိုက်ပြီး အထဲက မျှစ်အသားနုတွေကို အချောင်းလိုက် ကိုက်စားကြတာဗျ"

"မင်းတို့စားနည်းကဗိုက်ဆာတော့ ပြေမယ် အရသာမရှိလှဘူးကွယ်၊ ဒီလိုမျှစ်အမျှင်သေးသေးလေးတွေစိတ်ပြီး ကြက်သွန်၊ ပုဇွန်ခြောက်တို့နဲ့ ရောကြော်မှ စားကောင်းပြီး အရသာလည်း ရှိတာကွယ့်"

သံချောင်း၏မိခင်က မျှစ်ကြော်ပြုလုပ်ပုံကို ရှင်းပြနေခြင်းဖြစ်သည်။

တကယ်တော့ - ဝါးပင်အရင်းမှ ဝါးအစို့များ၊ (သို့မဟုတ်) မျှစ်စို့များသည် လူတို့ဟင်းအဖြစ်စားသုံးနိုင်ရုံတင်မကတဲ အထောပြေမီးဖုတ်စားနိုင်၏။ တောတောင်ထဲတွင် သောင်းကျန်းသူ ရန်သူများကို လိုက်လံရှာဖွေ ချေမှုန်းကြရသော တပ်မတော်သားများသည် စားရိက္ခာ ပြတ်လပ်သည့်အခါ ထိုမျှစ်များကို ချိုးယူပြီး မီးဖုတ်၍ စားကြကာ စစ်တိုက်ကြရလေသည်။

"ဟင် - ဦးလေးမြိုးတို့ တင်းဝါးတွေခုတ်ပြီး ထမ်းလာပါလား။ ဘာသုံးမှာလဲ၊ ဦးလေးရ"

"အိုကွာ - ဒီတင်းဝါးတွေကို ဖြတ်တောက်ပြီး နီးဖြာမယ်လေကွာ။ ပြီးတော့ အဲဒီနီးတွေနဲ့ ဆန်ကော၊ ဆန်တာ၊ တောင်း၊ ပလိုင်း၊ ဆန်ဆေးတောင်း ဈေးတွေ ရက်လုပ်ပြီး ရောင်းနိုင်တာပေါ့၊ သံချောင်းရဲ့"

"ဟုတ်လား - ဒါဖြင့် - ကျွန်တော် ဝါးတစ်ထမ်း ထမ်းပို့ပေးမယ်လေ။ ကျွန်တော့်အတွက် နီးပလိုင်းလေးတစ်လုံး ရက်ပေးပါလား - ဦးလေးရ"

> ခေတ်မီလက်နက်ကိရိယာ မပြည့်စုံသည့် ရွာသူရွာသားများသည် ငွေကြေးစုဆောင်းကာ ကျားဖမ်းရန် ပစ္စည်းကိရိယာ ဝယ်ယူပြီး နှိမ်နင်းခဲ့ရပုံ ..





www.burmeseclassic.com

"မင်းတနီးပလိုင်းကို ဘာသုံးမှာလဲ တွ"

"နွားကျောင်းသွားရင်း မျှစ်၊ ဖရစ်၊ လေးတောင်ဝေ့းမှိုတွေ့ရင် ထည့်နိုင်တာပေါ့- ဦးလေးရေ ပြီးတော့- နွားကျောင်းထွက်ရင် ထမင်းထုပ်ပါ ထည့်လွယ်သွားနိုင်ထယ်လေ"

"အေးပါကွာ- မင်းသာ တင်းဝါးတစ်ထမ်း ခုတ်ထမ်းလာခဲ့ပါ။ ဦးလေး မင်းအတွက် နီးပလိုင်းလှလှလေးတစ်လုံး ရက်ပေးပါ့မယ်ကွာ"

သံချောင်း ဝမ်းသာသွားခဲ့သည်။ နောက်ရက်တွင် တောထဲမှ တင်းဝါးချောင့်ချောင့် တစ်ထမ်းခုတ်ထမ်းလာပြီး ဦးလေးပြီးအိမ်ကို ပို့ပေးခဲ့သဖြင့် မကြာမီတွင် သံချောင်းအတွက် နီးပလိုင်းလေးတစ်လုံး ရရှိခဲ့လေသည်။

ရွာသားတချို့က လယ်ယာ၊ လှည်းနွား ပြည့်စုံကြသဖြင့် လယ်ထဲတွင် စပါး၊ ပဲ၊ ပြောင်း၊ နှမ်းများ စိုက်ကြသည်။ တချို့က လယ်ယာမရှိသဖြင့် ဝါးခုတ်ကာ ဈာ၊ တောင်း၊ ဆန်ကော၊ ဆန်ကာများ ရက်လုပ်၍ ရောင်းချအသက်မွေးကြသည်။

ရွာအနောက်ပိုင်းတွင် နေထိုင်သော ကိုလှဒင်ကတော့ လယ်၊ ကျွဲနွား မရှိပေ။ အိမ်တွင် ခွေးတစ်အုပ် မွေးထားကာ ခွေးများနှင့် တောလည်ထွက်ကာ လိပ်၊ ဖွတ်၊ ယုန် စသည့် သားကောင်များ ရှာဖွေအသက်မွေးသည်။ သူ့တွင် သံညှပ်များ ရှိ၏။ ညနေပိုင်းတွင် သံညှပ်များ ထမ်းသွားကာ တောစပ်တစ်လျှောက်တွင် တောကြောင်များ သွားထားသော ခြေရာတွေ့လျှင် သံညှပ်ထောင်၏။ သံညှပ်က ကြွက်ထောင်သည့် သံညှပ် အသေးစားနှင့် တောကြောင်၊ ယုန်၊ ချေ တို့ကို ထောင်သော ခြေနင်းသံညှပ် အကြီးဟူ၍ရှိ၏။ သားကောင်သွားထားသော လမ်းကြောတွင် မြေအနည်းငယ် ယက်ထုတ်ရ၏။ ပြီးလျှင်- သံညှပ်၏ မောင်းတံနှစ်ဖက်ကို ခြေနှစ်ဖက်နှင့် နင်းရ၍ လျှင် မောင်းတံကွေးသွား၍ သံညှပ်နှစ်ခုက သေးနှစ်ဖက်သို့ဖြာ၍ကျလေသည်။

သံညှပ်သေးတစ်ဖက်မှ လျှာတံကလေးနှင့် ပိုက်၍ သံညှပ်အလယ်က လျှာဖျားအစွန်းကလေးနှင့် ခပ်တည်းတည်း ချိတ်ရသည်။ ပြီးလျှင်- မြေတွင်းယက်ထားသော တွင်းခွက်ထဲသို့ သံညှပ်ကို အသာအယာချပြီး သံညှပ်၏ လျှာပြားကို သားကောင် မမြင်နိုင်အောင် မြေမှုန့်များ ဖြူးပေးခဲ့ရ၏။ ညဘက်ရောက်လျှင် သားကောင်က သူ့လာလမ်းအတိုင်း လျှောက်လာသောအခါ ထောင်ထားသော သံညှပ်၏ လျှာပြားကို တက်နင်းမိ သည်နှင့် မောင်းတံပြုတ်ကာ သံညှပ်ကျ ပြီး သားကောင်ခြေကို ညှပ်မိပြီးမိလေ သည်။ သံညှပ်ကြီးဖြစ်၍ သားကောင် ရုန်းထွက်သော်လည်း မလွတ်ချေ။

"ဟာ- ဝါ့သံညှပ်မှာ တောကြောင် ... ကောင် မိနေပါလား"

ကိုလှဒင် ရှေ့လက်တစ်ဖက် သံညှပ် ... ၍ ပြေးနိုင်သော တောကြောင် ... ခဲ့သဖြင့် တောကြောင်ရရှိခဲ့ ... သည်။ တောကြောင်က အလျား ... ကိုယ်ထည်ကြီးသဖြင့် ဖျက်၍ ... ထုတ်ယူလျှင် လေးငါးပိဿာ ရတတ်သည်။ အိမ်စားဖို့ချန်ပြီး ကျန်တာကို ရောင်းနိုင်၍ ဝင်ငွေတချို့ပင် ရလာလေသည်။ သံညှပ်ထောင်လျှင် သားကောင်များ သံညှပ်မိပြီး တောထဲ မပြေးနိုင်အောင် ထောင်ထားသော သံညှပ်အား အနီးရှိသစ်ပင်တွင် သံကြိုးနှင့် ချည်ထားခဲ့ရသည်။

တစ်နံနက်တွင် ကိုလှဒင်သည် သူ ညနေဘက်က တောထဲလာ၍ ထောင်ထားသော သံညှပ်ဆီသို့ သံညှပ်ဖော်ရန် အိမ်မှ စောစောထွက်လာခဲ့သည်။ နှင်းကျ၊ လေအေးများ တိုက်နေသဖြင့် ချမ်းချမ်းစီးစီးနှင့် ထွက်လာခဲ့ရသည်။

သံချောင်းကို ကျားနှစ်ကောင် တိုက်ချိခံရကြောင်း ရွာထဲတွင် တစ်မှုတ်ချင်း သတင်းပျံ့နှံ့ သွားခဲ့တော့၏။ အားကောင်းမောင်းသန် ရွာသား ဆယ့်လေးငါးယောက်တို့သည် တုတ်၊ ဓားလှံ၊ ခက်ရင်းခွ ကိုယ်စီ ကိုင်ဆောင် တာမီးတုတ်များ ထွန်းညှိ၍ တောစပ်သို့လာကြကာ သံချောင်းအလောင်းကို “လိုက်ရှာကြလေသည်။







www.burmeseclassic.com

www.burmeseclassic.com

အေးလွန်းမက အေးလာလျှင် ပုဆိုးခြုံ၍ ပင် လာခဲ့ရလေသည်။ မကြာမီတွင် သူ ထောင်ထားသော သံညှပ်နားသို့ရောက် လာခဲ့သည်။

"ဝေါင်း"

"ဝေါင်း - ဝေါင်း"

"ဟာ - ဒါသံညှပ်မှာ ကျားကြီးတစ် ကောင်ရဲ့ ရှေ့လက်တစ်ဖက် မိနေလို့ ဒါကိုမြင်တာနဲ့ လှမ်းဟိန်းနေပါလား"

ကိုလှဒင်လည်း ကျားကြီးဖြစ်နေ၍ ရှေ့မတိုးရဲခဲ့ချေ။ အနားသို့ ကပ်သွားခဲ့ လျှင် ကျားနာခဲ ခဲခဲ့လျှင် သူခံရမည်ကို ကြောက်ရွံ့မိသည်။ ယုန်တို့၊ တော ကြောင်တို့ဖြစ်ပါက ဝင်ရိုက်ယူဖို့လေ သည်။

"အင်း - ကျားကြီးကတော့ ရှေ့ လက်တစ်ဖက် သံညှပ်မိနေလို့ ပြေးမရပဲ ဇွတ်တုတ်ထိုင် ဆီးပြီးမာန်ဖီနေတယ်။ အနားကပ်သွားရင် ခုန်အုပ်မှာပဲ။ ဒါ ဘယ်လိုလုပ်ရပါ့မလဲ"

ကိုလှဒင်အမျိုးမျိုး စဉ်းစားကြည့်နေ သည်။ အနားသို့လည်း မကပ်ရဲပေ။

"ငါ တစ်ယောက်တည်းနဲ့တော့ ဒီကျားကြီးကို ရဖို့မလွယ်ဘူး။ ရွာပြန်ပြီး လူတွေခေါ်လာပြီး ဝိုင်းရိုက်ယူရမှာပဲ"

ကိုလှဒင် ရွာပြန်လာကာ သူ့အိမ် နားဝန်းကျင်မှ အားကောင်းမောင်းသန် လူလေးငါးယောက် တုတ်၊ ဓား၊ လှံများ နှင့် လိုက်ပါလာကြကာ ဝိုင်းဝန်းထိုးခုတ် ကြသဖြင့် ကျားကြီးကို ရခဲ့တော့သည်။

ထိုစဉ် တောထဲမှ ကျားပေါက် ကလေးနှစ်ကောင် ပြေးထွက်လာခဲ့ သည်။

"ဟာ - ဒီကျားပေါက်ကလေးနှစ် ကောင်ဟာ ဒီကျားမကြီးရဲ့ သားနှစ် ကောင်ဖြစ်မယ်ဟေ့။ သူတို့ မိခင်ကြီး အော်ဟစ်သံကြားလို့ ပြေးလာခဲ့တာပဲ ဖြစ်မယ်ကွ"

ထိုကျားပေါက်ကလေးနှစ်ကောင် မှာ လူအုပ်ကို တွေ့မြင်ကြသောအခါ တောထဲသို့ ပြန်လည်ပြေးဝင်ပျောက် ကွယ်သွားခဲ့တော့သည်။ ကိုလှဒင်လည်း ရွာသားများနှင့်အတူ ဝိုင်း၍ အသက် ပျောက်နေပြီဖြစ်သော ကျားမကြီးကို ထမ်းပိုးနှင့် လျှိုထမ်းကာ ပြန်လာခဲ့ကြ လေသည်။

***

နောက်သုံးနှစ်ခန့် ကြာခဲ့ပြီဖြစ် သည်။ တောင်ခြေရွာကလေးမှာလည်း အပြောင်းအလဲမရှိ၊ လုပ်မြဲကိုင်မြဲဖြင့် အေးချမ်းစွာ ရှိနေခဲ့လေသည်။ သို့သော် တစ်ညနေခင်းအချိန်၌ တောင်ခြေတွင် နွားကျောင်းနေကြသော နွားကျောင်း သားတစ်စုမှာ ကျွဲနွားများကို ရိုက်မောင်း တတ်မောင်းပြုကာ ဒုန်းစိုင်း၍ မောင်းလာ ခဲ့ကြလေသည်။ သူတို့အားလုံး၏ မျက် နှာအမူအရာများမှာလည်း လွန်စွာ ကြောက်ရွံ့နေကြသည့်အလား မျက်နှာ တွင် ပေါ်လွင်နေကြ၏။

"ဟ - နွားကျောင်းသားတွေ - ကျွဲ နွားတွေကို ဘာကြောင့်ဒုန်းစိုင်းပြီး ရိုက် မောင်းလာကြရတာလဲဟေ့"

"ကျား - ကျားနှစ်ကောင် တောစပ် မှာရောက်လာပြီး တောထဲဝင်ပြီး နွား လိုက်ရှာတဲ့သံချောင်းကို ဝိုင်းကိုက်လို့ သံချောင်းတောထဲမှာ သေနေခဲ့ပြီ။ ကျွန် တော်တို့လည်း ကျားကြောက်လို့ ကျွဲနွား တွေ ရိုက်မောင်းပြီး အပြေးပြန်လာခဲ့ကြ တာပဲ"

"ဟင် - ဟုတ်လား။ ဒါဖြင့် - တော ထဲမှာ သံချောင်း ကျန်နေခဲ့တာပေါ့၊ ဟုတ်လား"

"ဟုတ်တယ် - ခုလောက်ဆိုရင် ကျားနှစ်ကောင်စားလို့ သံချောင်းကို အရုပ်တွေ့ရတော့မှာမဟုတ်တော့ဘူး ဗျ"

"အိုး - ဒီလိုဆိုရင် - ဒါတို့ရွာသား တွေ ဒီအတိုင်းနေကြလို့မဖြစ်ဘူး။ သံချောင်းရဲ့အလောင်းကို သွားရှာကြမှ ဖြစ်တော့မပေါ့"

မကြာမီအချိန်တွင် သံချောင်းကို ကျားနှစ်ကောင် ကိုက်ချီခံရကြောင်း ရွာ ထဲတွင် တစ်မဟုတ်ချင်း သတင်းပျံ့နှံ့ သွားခဲ့တော့၏။ အားကောင်းမောင်း သန် ရွာသားဆယ့်လေးငါးယောက်တို့ သည် တုတ်၊ ဓား၊ လှံ၊ ခက်ရင်းခွ ကိုယ်စီ ကိုင်ဆောင်ကာ မီးတုတ်များ ထွန်းညှိ၍ တောစပ်သို့ လာကြကာ သံချောင်း အလောင်းကို လိုက်ရှာကြလေသည်။

"ဟေ့ - သေချာဂရုစိုက်ပြီး ရှာကြ နော်။ ကျားတွေရဲ့ဓလေ့က သားကောင် ကို မိရင် သွေးစုပ်ပြီး ထားခဲ့တတ်တယ်။ ညဥ့်နက်ပိုင်းလောက်ရောက်လာမှ အဲဒီ ထားခဲ့တဲ့သားကောင်အစာကို ပြန်လာ ပြီး စားကြတာကွ"

အသက်ခပ်လတ်လတ်ရှိသော ကိုဖိုးလှက သူကြားဖူးထားသည်ကိုရှင်း ပြခဲ့သည်။

"ဒီလိုဆိုရင် - သံချောင်းအလောင်း ကို ပုံမပျက် တွေ့နိုင်သေးတယ်ပေါ့။ သေချာရှာကြမှပဲ"

www.burmeseclassic.com

မား၊ လှံများ ကိုင်ကာ မီးတုတ်များ အလင်းရောင်ဖြင့် တောနက်ထဲ တဖြည်းဖြည်းဝင်လာကြသည်။

"ဟော - ရှေ့မှာ သံချောင်း - မှောက်ခုံမှောက်အနေအထားနဲ့ လဲနေတာတွေ့ပြီ"

အနီးသို့ရောက်သောအခါ သံချောင်းအလောင်းမှာ ဖြူဖပ်ဖြူရော်ဖြင့် သေဆုံးနေသည်ကို တွေ့မြင်ရ၏။ လည်ပင်းတစ်နေရာတွင် သွေးယိုစီးနေသည်ကိုတွေ့ရခြင်းဖြင့် ကျားနစ်ကောင်မှ သွေးစုပ်ပြီးထားခဲ့ကြောင်း ထင်ရှားလေသည်။

"ကဲဟေ့ - အလောင်းကို ထမ်းစင်တစ်ခုလုပ်ပြီး တင်ထမ်းသွားကြမယ်ဟေ့။ ဝါးခုတ်ပြီး ခပ်မြန်မြန်လုပ်ကြ။ တချို့က ဓားလှံတွေကိုင်ပြီး သေသေချာချာ စောင့်နေကြဟေ့"

သံချောင်းအလောင်းကို ထမ်းစင်နှင့် ညတွင်းချင်း ထမ်းသယ်လာကာ ရွာအပြင်တွင် စင်ဆောက်၍ တင်ထားကြသည်။ သံချောင်း၏မိဘများ၊ ဆွေမျိုးများ ရောက်လာကြပြီး အသေဆိုးနှင့် သေခဲ့ရသော သံချောင်းအလောင်းကိုကြည့်ကာ ငိုကြွေးကြသည်။ သုံးရက်ပြည့်သောနေ့တွင် သံချောင်း၏အလောင်းကို သုဿာန်တွင် သင်္ဂြိုဟ်ခဲ့ကြလေသည်။

ရွာမှ တာဝန်ရှိ လူကြီးများက လူ့သွေးစုပ်သွားခဲ့ကြသည့် ကျားနစ်ကောင်မှာ လူ့သွေး၏အရသာကိုသိသွားပြီဖြစ်၍ ရွာသို့ရောက်လာကြကာ အန္တရာယ်ပေးလာနိုင်ကြောင်း ပြောပြခဲ့ကြပြီး တောထဲတောင်ထဲ သွားကြလျှင်လည်း အဖော်များနှင့် သွားကြရန်နှင့် ညဘက်တွင်လည်း သတိဝီရိယထားကာ လုံလုံခြုံခြုံ ပိတ်ဆို့ပြီး အိပ်ကြရန် သတိပေးခဲ့ကြလေသည်။

***

"ဝမ်းဘဲ - ဝမ်းဘဲ"

"ဟင် - တင်းကုပ်ထဲက နွားမတမ်းမလေးအော်သံပါလား"

အိမ်ရှင်ကိုစံတုတ်က ဓာတ်မီးထိုး၍ တင်းကုတ်ထဲ ထိုးကြည့်ခဲ့၏။ နွားမတမ်းမလေးမှာ ကြောက်လန့်စွာ ရုန်းကန်နေပြီး အော်ဟစ်နေသလို သူ့အနီးတွင် ကျားနစ်ကောင်၏ မျက်လုံးစိမ်းစိမ်းများကို မြင်တွေ့သဖြင့် အော်ဟစ်အကူတောင်းခဲ့ရလေသည်။

"ကယ်ကြပါဦးဗျို့ - ကျုပ်တင်းကုပ်ထဲမှာ ကျားနစ်ကောင် ရောက်လာပြီး နွားမတမ်းမလေးကို တိုက်ရိုက်တော့မယ်ဗျ"



ကိုစံတုတ် အော်ဟစ်အကူအညီ ...တောင်းခံမှုကြောင့် ရွာသားများလည်း ...ဆုံးတီးကြသူတို့က တီးကြသည်။ "...ဟား - ဝါး" စသည့် အော်ဟစ်ခြောက်...ကြသည်။ ဓား၊ လှံ၊ တုတ်များ ကိုင်...ဆောင်ကာ မီးတုတ်များ ထွန်းညှိကိုင်...ဆောင်ပြီး ကိုစံတုတ် ခြံထဲ ဟစ်အော်၍ ...လာခဲ့ကြလေသည်။

"ဟော - ကျားနစ်ကောင်ကို မတွေ့...တော့ဘူး။ လျှင်မြန်လိုက်တဲ့ကျားနစ်...ကောင် ဘယ်အချိန်က လစ်ထွက်သွား...ကြသလဲမသိဘူး"

နောက်တစ်နေ့တွင်တော့ ရွာမှ ...န်ရှိလူကြီးများနှင့် ရွာသူရွာသား...များ စုဝေးကြကာ ရွာ၏လုံခြုံမှုအတွက် ...နွေးညှိနှိုင်းခဲ့ကြလေသည်။

"ဒီကျားနစ်ကောင်ဟာ လူသွေးစုပ်...သွားတော့ တောထဲမှာ အစာမရှာ...ဘဲ ရွာထဲဘက် လှည့်လာတာပဲ။ ပြီး...တော့ - သူတို့ရဲ့ မိခင်ကျားမကြီးကို ရွာ...များက ဝိုင်းသတ်ခဲ့ကြလို့ ဒီရွာက...တွေ ...ဘိရွှာန်တွေကို ရန်ငြိုးဖွဲ့ပြီး ရန်...ခဲ့တာပဲဖြစ်မယ်"

"...ထိတယ် - ဒီလိုဆိုရင် ဒီကျား...ကောင် ရှိနေသေးသမျှမှာ ရွာဟာ ...မှာမဟုတ်ဘူး။ ကျီးလန့်စာစား ဘဝနဲ့ ရင်တထိတ်ထိတ်ဖြစ်နေကြရမှာပဲ"

"ဒီတော့ - ကျုပ်အနေနဲ့ ရွာမှာ တာဝန်ရှိတဲ့လူကြီးတစ်ယောက်အနေနဲ့ ပြောမယ်။ ရွာမှာ လေးဖက်လေးတန်က ကင်းတဲဆောက်ပြီး ညစဉ် ကင်းစောင့်ကြရမယ်။ အိမ်နောက်ဖေးဘက်က ခြံတွေကို ဝါးကပ်ရက်ပြီး လုံခြုံအောင်ကာထားကြရမယ်။ ကင်းသမားများက အရေးကြုံလာရင် သံချောင်းခေါက်၊ သံပုံးတွေ တီးပြီး အချက်ပေးကြရမယ်။ ရွာထဲရှိသမျှ လူရွယ်လူလတ်မကျန် တုတ်၊ ဓား၊ လှံများနဲ့ ဝိုင်းဝန်းပေးကြရမယ်"

ထိုအစီအမံအတိုင်း လုပ်ဆောင်ခဲ့ကြသဖြင့် ကျားနစ်ကောင်မှာ ရွာထဲသို့ မဝင်နိုင်ကြပဲ ရွာအပြင်မှပတ်ကာ ဟိန်းဟောက်ခဲ့ကြလေသည်။

"ဒီကျားနစ်ကောင် အသက်ရှင်လျက်ရှိနေသမျှတော့ ကျုပ်တို့ရွာဟာ အေးချမ်းရမှာမဟုတ်ဘူး။ ဒီကျားနစ်ကောင်ကို ရှင်းပစ်မှ အေးချမ်းမှာပဲဗျ"

"ရှင်းပစ်ရအောင် - ကျုပ်တို့မှာရှိတာက ဓား၊ လှံလောက်ပဲ ရှိကြတာဆိုတော့ ခက်နေတာပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခြေအနေကြောင့် ကျားနစ်ကောင်ကို သုတ်သင်ရန် အခက်တွေ့နေချိန်တွင် ကိုလှဒင်က အကြံပေးလာလေသည်။

"အင်း - ကိုလှဒင်ပေးလာတဲ့အကြံကမဆိုးဘူး၊ ကျုပ်တို့ရွာသားတွေတက်ညီလက်ညီနဲ့ စုပေါင်းပြီး ဆောင်ရွက်ကြမယ်ဆိုရင် ဒီရွာကို အန္တရာယ်ပေးနေတဲ့ ကျားနစ်ကောင်ကို သုတ်သင်နိုင်လိမ့်မယ်ဗျ"

"ဘာပဲဖြစ်ဖြစ်လေ - ကျုပ်တို့မှာ သေနတ်၊ လက်နက်က ရှိတာမဟုတ်တော့ ကိုလှဒင်ပေးတဲ့နည်းလမ်းနဲ့ပဲ ကျားသောင်းကျန်းနစ်ကောင်ကို ရှင်းကြရမှာပဲဗျ"

နောက်တစ်နေ့တွင် ရွာထဲမှ ငွေတချို့လိုက်လံကောက်ခံခဲ့သည်၊ ရလာသောငွေကြေးဖြင့် မြို့ဈေးသို့သွားကာ သံနန်းကြိုး ခပ်တုတ်တုတ်တွေကို ဝယ်လာကြသည်၊

"ဒီကျားနစ်ကောင်ဟာ ရွာရဲ့ အနောက်ဘက်တောထဲမှာပဲ ခိုကပ်နေပြီး ညဘက်ကျမှ ရွာထဲကို လာလာချောင်းတာဆိုတော့ သူထွက်လာတတ်တဲ့လမ်းကြောင်းကို လိုက်ရှာကြမယ်၊ လမ်းကြောင်းမှန်သမျှမှာ သံနန်းကြိုးကွင်းတွေထောင်ကြမယ်၊ ပြီးတော့ - ရွာနဲ့ခပ်လှမ်းလှမ်းက ကျင်းမြန့်တစ်ခုထဲမှာ နွားမတမ်းမတစ်ကောင်ကို ချည်နှောင်ထားပြီး ပတ်ပတ်လည်မှာ သံညှပ်တွေထောင်ထားကြမယ်။ လူတချို့က မားလုံများနဲ့ အဲဒီကျင်းမြန့်နံဘေးက သစ်ပင်တွေပေါ်မှာ လင့်စင်ထိုးပြီး တက်ချောင်းနေကြရမယ်၊ နွားမတမ်းချည်ထားတဲ့နေရာကို ကျားတွေ လာခဲ့လို့ သံညှပ်မှာ ညှပ်မိတာနဲ့တစ်ပြိုင်နက် သစ်ပင်လင့်စင်မှ ဆင်းလာပြီး သံညှပ်မိထားတဲ့ကျားကို ဝိုင်းဝန်း ထိုးခုတ်ကြမယ်"

တစ်ည၊ နှစ်ည၊ သုံးညတိုင်တိုင် စောင့်ခဲ့ကြသော်လည်းကျားနစ်ကောင် ရောက်မလာခဲ့ကြပေ။ သံနန်းကြိုးကွင်းများတွင်လည်း မမိခဲ့ချေ။ ရွာသားများလည်းထိုကျားသောင်းကျန်းနစ်ကောင် သေမှစိတ်အေးကြရမှာဖြစ်၍ဇွဲသန်သန် ထားကာ ညစဉ်မပျက် အိပ်ပျက်၍ စောင့်ခဲ့ကြသည်။ တစ်ညလယ်ပိုင်းတွင် ကျင်းမြန့်အလယ်၌ ချည်ထားသော နွားမတမ်းမမှာ အော်ဟစ်၍ ရုန်းကန်နေ… "ငြိမ်ငြိမ်သက်သက်စောင့်ကြည့်ကြပေ့၊ နွားမတမ်းမဟာ ကျားနဲ့ရလို့ ကြောက်ပြီး ရုန်းနေတာဖြစ်မယ်"

လရောင်မှုန်ပျပျအောက်တွင် ခပ်ရေးရေး လှုပ်ရှားလာသောသဏ္ဍာန်နှစ်ခုကို တွေ့မြင်ရပြီး မကြာမီ "ချောက်" ဟူသော သံညှပ်မြုတ်ထွက်သံကြားလာတာ ကျားနစ်ကောင်၏ ရှေ့လက်တစ်ဖက်ကိုမိခဲ့ကာ ကျားနာကဟိန်းဟောက်ပြီး ရုန်းထွက်နေ၏၊ ကျန်တစ်ကောင်က တောထဲသို့ပြေးထွက်သွားခဲ့လေသည်၊ လင့်စင်ပေါ်မှလူများလည်း ဆင်းလာကာ သံညှပ်မိပြီး မပြေးနိုင်သောကျားကို လှံနှင့်ထိုး၊ ဓားနှင့် ဝိုင်းရိုက်၊ ဓားနှင့် ဝင်ခုတ်ခဲ့ကြ၍ နေရာမှာပင် သေဆုံးသွားခဲ့သည်။

"ဟော - ဟိုတောထဲက ကျားတစ်ကောင် နာနာကြည်းကြည်းနဲ့ အော်နေတဲ့အသံပါလား၊ ဒါဆိုရင် - သံနန်းကွင်းတစ်ခုမှာမိခဲ့လို့ရုန်းတာနဲ့ လည်ပင်းအစ်ပြီးအော်နေတဲ့အသံပဲဟော့၊မီးတုတ်တွေထွန်းပြီး ရှာကြမယ်"

မီးတုတ်ကိုင်သူက ကိုင်မြှောက်ပြသည်၊ ဓား၊ လှံ အသင့်ကိုင်သူများက အသင့်အနေအထားနှင့် တောထိုးလာခဲ့ကြသည်၊

"ပေါ်ဟေး"

"ဟာ - ကျားလည်ပင်းမှာ သံနန်… ကြိုးကွင်းမိနေလို့ မရုန်းနိုင်ပဲ အော်… နေတာပဲကွ၊ လှံနဲ့ ဝိုင်းထိုးကြစို့"

ရွာသားများလည်း လှံများနှင့် ဝိုင်း… ထိုးသူကထိုးသည်၊ ဓားနှင့်ဝင်ခုတ်သူ… ခုတ်သည်၊ ဓေါင်းကို သစ်သားတုတ်… ဝင်ရိုက်သူက ရိုက်ကြသဖြင့် ထ… သောင်းကျန်းလည်း အသက်ပျော… လေတော့သည်၊

"အင်း - ဒီကျားနစ်ကောင်ဟာ … တစ်ခါက ကျားမကြီးကို သတ်ခဲ့စဉ်… ကျန်ခဲ့တဲ့ ကျားညီနောင်ပဲ ဖြစ်မှာပဲ… တို့မိခင်ကြီး သေခဲ့ရလို့ ရွာသားတွေ… ရန်ငြိုးဖွဲ့ပြီး လက်တုံ့ပြန်ခဲ့ကြတာ… ဒါပေမဲ့ - ဝါတို့ရွာသားတွေရဲ့ အစီအ… ဖွဲ့ရှိပြီး ညီညွတ်တဲ့အားကို မခံနိုင်… နောက်ဆုံးတော့ အသက်ပျောက်ခဲ့… ပြီးရွာလည်းကျားသောင်းကျန်းညီနော… ရဲ့အန္တရာယ်မှ ကင်းဝေးငြိမ်းချမ်း… တော့တာပဲ"

ရွာသားများလည်း ကျားသေ… ကောင်ကိုထမ်းကာ နွားမတမ်းတ… ကိုကြိုးနှင့်ဆွဲ၍ ရွာဆီသို့ စိတ်လက်… ပါးစွာပြန်လာခဲ့ကြလေတော့သည်…

>> တင့်ရှူး (ဇေယျာ…


www.burmeseclassic.com

www.burmeseclassic.com

# မုဒိတာ ရေဆန် မောင်ညိုမှိုင်း

**အချိန်က** ည(၉)နာရီကျော်ကျော်ခန့်၊ ကိုစစ်ဆောင် ကားသိမ်းပြီးမှ အိမ်ပြန်ချင်ဇောနဲ့ ဘူ့ကားကို အရှိန်မြှင့် မောင်းလာခဲ့လိုက်တယ်။ မဟာဗန္ဓုလလမ်းမကြီးပေါ်မှာ ကားသွားကားလာက ညဥ့်ဦးလောက် အသွားအလာ မရှုပ်ထွေးတော့။ ရန်ကုန်ကနေ သန်လျင်ကို ပြေးဆွဲနေတဲ့ ခရီးသည်တင်လိုင်းကားတွေလည်း အတော့်ကို ကျဲသွားပြီ၊ ဒီရုံးကြီးရှေ့မှာ ခရီးသည်များ ရှိဦးမလားလို့ စောင့်နေခဲ့သေးတယ်။ အပြန်စရိတ် ရလိုရငြား‌ပေါ့။ သို့သော် ခရီးသည် တစ်ဦးမျှမရ၊ ဒါကြောင့် ခရီးသည်မပါပဲ တက္ကစီကို မောင်းပြီး အိမ်ပြန်လာခဲ့တယ်။

**[illegible]**



www.burmeseclassic.com

www.burmeseclassic.com

သူ့မိန်းမ မရင်စိုးကလည်း "မောင် ဒီနေ့ စောစောပြန်ခဲ့နော်၊ ကြည့်စွေ ကောင်းကောင်းလေး ရထားတယ်၊ အတူကြည့်ရအောင် - မောင်" တဲ့၊ ဖုန်းဆက်ရဲ့။

မရင်စိုးက ဗီဒီယိုအခွေကောင်းကောင်းရရင် သူမတစ်ယောက်တည်း လုံးဝမကြည့်။

မရင်စိုးက ရင်သိမ့်တုန်ဖွယ်ကားလေးတွေဆို တရှိုက်မက်မက် ခံစားကြည့်ရှုလေ့ရှိတယ်၊

ကြည့်ရင်လည်း ဆိုဖာပေါ်မှာ နှစ်ဦးသား ဖဲ့ရှာတွယ်သလို ပူးကပ်ဖက်ပြီး ကြည့်တာလေ၊

ကိုစစ်ဆောင် သူ့မိန်းမ မရင်စိုးကို အရမ်းချစ်တယ်၊ မရင်စိုးက လုံးကြီးပေါက်လှ ဖွံ့ဖွံ့ထွားထွား ဖွင့်ဖွင့်ကားကားကြီး။

မျက်လုံးရွဲကြီးနဲ့များ ညို့ပြုံးလေး ကြည့်လိုက်ရင် အူတွေ၊ အသည်းတွေ ကြွေကျသွားလုဖြစ်ပြီး ရင်တလှပ်လှပ်ဖြစ်ခဲ့ရရဲ့။

မရင်စိုးနဲ့ ကိုစစ်ဆောင်တို့ညားခဲ့တာ တစ်နှစ်ကျော်ခဲ့ပြီး သားသမီး လုံးဝမရသေး၊

မရသေးတာလည်း ကောင်းတယ်လေ၊ မရင်စိုး အလှမပျက်ဘူးပေါ့၊

ပြောရရင်တော့ မရင်စိုးက တက်ကြွတယ်၊ သူမရဲ့နုပျိုတဲ့အလှနဲ့ နိုးကြွတဲ့စိတ်ကြောင့်လည်း ကိုစစ်ဆောင် မရင်စိုးကို စွဲခဲ့ရတာပေါ့၊

အမှန်က မရင်စိုးက သူ့နဲ့ အိမ်ထောင်ကျတော့ အပျိုမဟုတ်ဘူး၊

မုဆိုးမလေး၊

သူမရဲ့ ပထမအိမ်ထောင်က ကွယ်လွန်သွားတာ တစ်နှစ်ရှိသွားပြီ၊

သူ့ကားကို ငှားစီးရင်းက ရှုပြုံး ထစ်ညို့အားကောင်းတဲ့ သူမနဲ့ ရင်းနှီးသွားရင်း နောက်ဆုံး ချစ်သူဘဝရောက်ရာက နှစ်ဦးသဘောတူ အိမ်ထောင်ပြုလိုက်ကြတာ၊

ကိုစစ်ဆောင်ကလည်း လူပျိုမဟုတ်ဘူး၊ မုဆိုးဖို၊

တစ်ယောက်က အသိုက်ပျက်တဲ့ငှက်၊ တစ်ယောက်က အရွက်မဲ့တဲ့သစ်ပင်၊ ညားတဲ့နေ့မှာပဲ ကိုစစ်ဆောင် မရင်စိုးကို အသေအကြေ စွဲလမ်းခဲ့ရတယ်၊

မရင်စိုးက အပြုအစု အယုအယကောင်းတယ်၊ ကျွမ်းကျင်တယ်၊ စိတ်ကြွတယ်၊ ပညာပုံတာကိုး၊

ကိုစစ်ဆောင်ကလည်း သူ့ချစ်ဇနီးရဲ့ လိုအင်ဆန္ဒတွေကို နေ့နေ့ညည အစွမ်းကုန်ဖြည့်ဆည်းပေးနိုင်တာမို့ ဒီသမုဒ္ဒရာ ချေပြင်ကြီးလေသာ ရှောင်းလယ်မှာ တက်ချော၊ ရွက်ရော အစုံဖွင့်နိုင်ခဲ့တော့၊

တက္ကစီမောင်းအလုပ်လုပ်တဲ့အချိန်ကလေး ဝေးတာကိုပဲ ချစ်ဇနီး မရင်စိုးက အသသတလွမ်းလွမ်းဖြစ်နေသတဲ့လေ၊ ကိုနှစ်မှီမောင်နဲ့လို နှစ်(၇၀၀)လွမ်းသတဲ့၊

ဒါကြောင့် - ကိုစစ်ဆောင် ချစ်ဇနီး မရင်စိုးကို ချစ်တယ်၊ စွဲတယ်၊ အချိန်တိုင်း သတိရနေတယ်၊

မျက်လုံးထဲမှာ မိရင်စိုးရဲ့ကောက်ကြောင်း ဖုထစ်အိအိမို့မို့အလှတွေကို မြင်ပြီးရင်ခုန်နေတယ်၊ သူ့အိမ်ကိုအမြန်ရောက်ချင်နေပြီ၊ ရေမိုးချိုး၊ သနပ်ခါးလူးပြီး ညို့ပြုံးလေးနေ ပြေးကြိုဖက်မည့် ချစ်ဇနီးရဲ့ကိုယ်ငွေ့ရနံ့ကို သူ ကြိုရနေပြီ၊ သူ သီတာတို့ မြင့်လိုက်တယ်၊ သူ့ပရိဘောဂ်ကားလေးက မြားတစ်စင်းလို ပြေးနေတော့။

"တာ - ဟာ"

"ဖောင်း"

"တာ"

"ဝုန်း"

"ကျွိ - ကျွိ - ဂျွန်း"

အရှိန်နဲ့ပြေးနေတဲ့ကားလမ်းမပေါ်ကို အမျိုးသမီးတစ်ဦး အမြန်ဖြတ်အကူး ဘရိတ်ကို အလျင်အမြန် နင်းလိုက်ပေမယ့် နောက်ကျသွားပြီ၊

သူ့ကားရဲ့ရှေ့မှာ ဖောင်းခနဲ အသံနဲ့အတူ အမျိုးသမီးတစ်ယောက် လွင့်စဉ်ပြောက်တက် ပြန်ကျလာလွန့်တုန်ခါနေတာကို သူရင်ထိတ်ကြီးစွာမြင်လိုက်ရပြီး တစ်ကိုယ်လုံး တုန်ရီနေပြီ၊ ဘာလုပ်ရမလဲ၊

ကားတံခါးဖွင့် ဆင်း၊ သူ့ကားနဲ့ အတိုက်ခံရတဲ့အမျိုးသမီးကို နီးစပ်ရာ ဆေးရုံပို့ပေး၊ ဟင့်အင်း - သူမလုပ်ရဲဘူး၊ ဒီလိုလုပ်လိုက်ရင် သူဦးစွာ အဖမ်းခံရမှာ၊ ပြီးရင် - ထောင်ကျမှာ၊

သူ ယာဉ်တိုက်မှု၊ လူသေမှုနဲ့ အဖမ်းခံ ထောင်ကျလို့မဖြစ်ဘူး၊

သူ အဖမ်းခံ ထောင်ကျသွားခဲ့ရင် သူချစ်မြတ်နိုးရတဲ့လှပနိုးကြွချစ်ဇနီးတစ်ယောက်တည်း အပြင်မှာ ဒုက္ခရောက်မှာ၊

သူလည်း ဒီဇနီးသည်နဲ့ တစ်ညတခွဲမနေနိုင်၊

ဟော - လူအချို့ ပြေးလာကြလာနေပါလား၊

www.burmeseclassic.com

သူထောင်ကျသွားရင် စားဝတ်နေရေးအရရော၊ ကာမဂုဏ်အရရော မရင်စို့နောက်ထပ်အသစ်ရှာမှာ။ မဖြစ်ဘူး။ သူမရင်စို့ကို အသက်တမျှချစ်တယ်။ သူ့ဇနီး မရင်စို့က သူ့အသက် သူ့အသည်း၊ သူ့နှလုံး၊ သူ့ရဲ့ဘဝခရီးဖော်။ မရင်စို့ကို အဆုံးမခံနိုင်ဘူး။ သူလည်း ထောင်ထဲမသွားနိုင်ဘူး။



တိုစစ်ဆောင် ကားပေါ်က မဆင်းတော့ဘူး။ လမ်းကြောင်းပေါ်မှာ ဘယ်ကားမှလည်း မလာသေးဘူး။ သူ လီဗာကိုဖြုန်းပြီး ကားကိုတရကြမ်းမောင်းထွက်ခဲ့လိုက်တယ်။

နာရီဝက်နီးပါးခန့် မောင်းပြီးနောက် သူနေတဲ့အိမ်ကို ရောက်ခဲ့တယ်။

ကိုစစ်ဆောင်တစ်ကိုယ်လုံး ဖောချွေးတွေ စိုရွှဲပြီး ကတုန်ကယင် ဖြစ်နေပြီ။

"မောင်"

"မောင်"

"အင်း - အင်"

"ဘယ်လိုဖြစ်နေတာလဲ - တအင်အင်နဲ့၊ အင်္ကျီကလည်း ချွေးတွေလည်း စိုရွှဲနေတာပဲ။ ကျွန်မချွတ်ပေးမယ်၊ လာ"

မရင်စို့က သူ့အင်္ကျီကကြယ်သီးတွေကို တစ်လုံးချင်းဖြုတ်ပြီး အင်္ကျီကို ချွတ်ပေးနေတယ်၊

ကိုစစ်ဆောင်ရဲ့မျက်လုံးထဲမှာတော့ သူ့ကားရှေ့မှာ ကြောက်လန့်တကြား မျက်လုံးနဲ့ လွင့်စဉ်လူးလိမ့်နေတဲ့အမျိုးသမီး၊

ကတ္တရာလမ်းပေါ်မှာ သွေးသံရဲရဲ ဆံပင်ဖရိုဖရဲနဲ့ လူးလွန့်ပြီးငြိမ်ကျသွားတဲ့ မြင်ကွင်း၊

"မောင်"

မရင်စို့က သူ့ခါးကို နောက်ကနေ ဖက်ပြီးရင်ဘတ်နဲ့ကပ်မိထားတယ်၊ သူ့နောက်ကျောမှာ အိဖွဲ့ဖွဲ့အထိအတွေ့ ...ဖွတ်ဖွတ်ဖိဖိ ကလူနေတယ်၊

သူ့သွေးကြောတွေ အိပ်ပျော်ရာက ...တ်ဝင်လူးလွန့်လာခဲ့တယ်၊

ကိုစစ်ဆောင်ကိုယ့်ကိုယ်ကိုယ်တစ် ...တ်လှည့်ပြီး ချစ်ဇနီး မရင်စို့ရဲ့ ခါးကျဉ် ...ကျဉ်လေးကို သန်မာတဲ့လက်အစုံနဲ့ ဆွဲ ...ညှစ်ပြီး နှုတ်ခမ်းချင်း ထိမလို့လုပ် ...ရော-

"ဟိုး - ဟိုး - မောင် ကလည်း ...တွေစိုရွှဲနေတာဥစ္စာ၊ ရေချိုးလိုက်ဦး ...၊ ပြီးမှ - ဟင်း - ဟင်း - ဟင်း - လာ ...ချိုးခန်းကို သွားစို့ - နော် - နော်၊ ...င်တလီမွှာပါတယ်ကွယ်။ စို့ကလည်း ...ခင့်တို စောင့်နေတာပါ - နော် - ခစ် ... - ခစ်"

***

ဒီနေ့ သူ့ကား မထွက်ဘူး၊ ကား ...ရှုမှာ ကြောက်နေတယ်၊ သူ့သက် ...တစ်လျှောက်မှာ တကွ္ကစီမောင်းရင်း ...တစ်ယောက် သေစေနိုင်လောက်တဲ့ ...ဉ်တိုက်မှုမျိုး တစ်ခါမျှ မဖြစ်ဖူးဘူး ...

ဒီကိစ္စကို ဇနီးသည်ကိုလည်း ထုတ်မပြောရဲဘူး။ မရင်စို့သာသိသွားခဲ့ရင် လန့်ဖျပ်သွေးကြောင်သွားနိုင်တယ်၊

"မောင် - ဘာလို့ ကားမထွက်တာလဲ ဟင်"

"ခေါင်းနည်းနည်းမူးနေလို့ပါ - စို့"

"အေးလေ - နားလိုက် - အားဆေးလေးသောက်၊ အိပ်ရေးဝအိပ်လိုက်၊ စို့ - ထမင်းချက်လိုက်ဦးမယ်"

မရင်စို့မီးဖိုဆောင်ထဲဝင်သွားတော့ သူ မနေ့ညက ယာဉ်တိုက်မှုကို ပြန်စဉ်းစားပြီး တွေးလန့်နေတယ်၊

အိမ်ရှေ့ကိုလည်း ဂနာမငြိမ်မျက်လုံးနဲ့ လှမ်းကြည့်ရတာ အကြိမ်ပေါင်းမနည်း။

ရဲတွေများ မြို့ထဲဝင်လာလေမလား။

သူ့ကားနံပါတ်ကိုများ တစ်စုံတစ်ဦးက မှတ်မိပြီး သတင်းပေးလိုက်လေမလား။

သူ့ကားကိုတော့ မနေ့ညကတည်းက ရေဆေးသန့်စင်ပြီးပြီ၊ ကားမှာ ပွန်းပဲ့ရှိနေတာမရှိ၊ သွေးစသွေးန မရှိ၊

ကားဘီးတွေအားလုံးပါ သဲလွန်စ မရှိ မကျန်ရအောင် ဆေးကြောသန့်စင် စစ်ဆေးပြီးပြီ၊

www.burmeseclassic.com

သို့သော် - သူကြုံခဲ့တဲ့ကံက သူ့ကို ပြန်ခြောက်လှန့်နေသလို ဖြစ်နေတယ်၊ သူ့ကားနဲ့ အတိုက်ခံရတဲ့အမျိုးသမီးက အပျိုလား၊ အိမ်ထောင်သည်လား။ အိမ်ထောင်သည် ဆိုရင် သားသမီးတွေ၊ ကလေးတွေ ရှိမှာပဲ။ ဘုရား၊ ဘုရား သေများသွားရင် ...။

ဥမမည် အရွယ်မရောက်သေးတဲ့ ရင်သွေးလေးတွေ အမေတပြီး ငိုနေကြတော့မှာပဲ။ သူမရဲ့အမျိုးသား(လင်သား) ကရော လက်လုပ်လက်စားပဲလား။ အစိုးရဝန်ထမ်းပဲလား။

ချမ်းသာတဲ့အသိုင်းအဝိုင်းကလား။ ဆင်းရဲတဲ့အသိုင်းအဝိုင်းကလား။

ဇနီးမယား ကားတိုက်အသက်ဆုံးသွားလို့ ရင်ဆူကွဲအက် ပွေ့ဖက်ငိုကြွေးရှာတော့မဲ့ဖြစ်နေရော့လား။ ဒါမှမဟုတ် တောက်တခေါက်ခေါက်နဲ့ သူ့ဇနီးကိုအသေတိုက်သွားတဲ့ကားသမားကို ဒေါသတွေပေါက်ကွဲ ဆဲရေးကျိန်စာ တိုက်နေမှာလား။

မိန်းကလေးရဲ့ မိဘဆွေမျိုးသားချင်းတွေလည်း ခုဆို ဆို့နင်ရှိုက်ငင် ငိုနေကြမှာပဲ၊ မိန်းကလေး အသက်ဆုံးသွားလေရော့လား။ မသေပါစေနဲ့။

ဒဏ်ရာမျှသာရရှိပြီးမိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင် နေကြ၊ ရှိကြပါစေ၊

ကိုစစ်ဆောင်ရင်ထဲမှာကရုဏာရိပ်တွေ အုံ့ဖွဲ့လာနေတယ်၊

ငါ့အပြစ်ကိုငါရဲရဲဝံ့ဝံ့ဝန်ခံပြီး အဖမ်းခံလိုက်ရင်ရော၊ အို - မဖြစ်သေးဘူး။ ယေ်ရွယ်လှပနုစိုတဲ့ ချစ်ဇနီးကိုမျက်ရည်စိုရွှဲနဲ့ တစ်ယောက်ထဲကျန်ရစ်မှာ သူမလိုလားဘူး၊

ပြီး - မိန်းမဆိုတာကကာမဘုံသား။ သူ ထောင်ထဲမှာရှိနေတုန်း အပြင်မှာ သူမ၊ သူ့မိန်းမအကြောင်း သူအသိဆုံး။

သူထောင်ကျသွားရင် စားဝတ်နေရေးအရရော၊ ကာမဂုဏ်အရရော မရင်စို့ နောက်ထပ်အသစ်ရှာမှာ၊ မဖြစ်ဘူး၊ သူ မရင်စို့ကို အသက်တမျှ ချစ်တယ်၊ သူ့ဇနီး မရင်စို့က သူ့အသက် သူ့အသည်း၊ သူ့နှလုံး၊ သူ့ရဲ့ဘဝဖရိုးဖော်၊ မရင်စို့ကို အဆုံးမခံနိုင်ဘူး၊ သူလည်း ထောင်ထဲ မသွားနိုင်ဘူး၊

ဟိုမိန်းမကလေး ကားတိုက်ခံရလို့ သေရလည်းအထုံပါလို့ဖြစ်ရတာပဲလေ၊ အသေဆိုးနဲ့ သေရတာ၊ ဟိုဘဝက ကံပါလို့သူ့ဒီလိုဖြေသိမ့်ကြည့်တယ်၊ သူ့တွေးရင်း စဉ်းစားရင်း ရင်တုန်နေတုန်း -

"အစ်ကို"

"ဟာ - လန့်လိုက်တာကွာ - မောင်သောင်းရော"

"သတင်းစာ လာပို့တာပါဗျ - ရော့"

"အေး - အေး - ကျေးဇူးပဲ - မောင်သောင်းရေ"

"အစ်ကိုရေ - ယာဉ်တိုက်မှုသတင်း နေ့နေ့တိုင်းကို ပါနေတာပဲဗျ"

"ဟေ - ဟုတ်လား"

"မရမ်းကုန်း၊ ချော်တွင်းကုန်းမီးပွိုင့် (၄၃)ကားဘရိတ်ပေါက်ပြီး ရပ်နေတဲ့ ကားတွေကိုဝင်ဆောင့်လို့ကားလေး(၆) စီး အတော်ပျက်စီးသွားသတဲ့ဗျ၊ မနေ့ညတုန်းက မဟာဗန္ဓုလလမ်းမှာ ယာဉ်တိုက်ပြီး ထွက်ပြေးသွားသတဲ့ ဗျ၊ အတိုက်ခံရတဲ့ ..."

"မောင်သောင်း"

"ဗျာ - အစ်ကို"

"မင်းပြန်တော့ - ငါ ဖတ်လိုက်ဦးမယ်ကွာ"

"ဟုတ် - ဟုတ်ကဲ့"

သတင်းစာလာပို့တဲ့မောင်သောင်း ညတ ယာဉ်တိုက်မှုအကြောင်းကို ပြောလို့ကိုစစ်ဆောင်ရင်ထဲမှာဒိန်းခနဲ ဖြစ်သွားတယ်။

သူ(... ... ... ... ...)သတင်းစာကို အမြန်လှန်ဖတ်လိုက်ရော၊ တွေ့ပါပြီ၊

"မဟာဗန္ဓုလလမ်းပေါ်မှာ ယာဉ်တိုက်ထွက်ပြေးအတိုက်ခံရသူ သေဆုံး"

ဘုရား - ဘုရား။

စာလုံးမည်းခေါင်းစီးကိုဖတ်ရင်းသူ့ ရင်တွေ တုန်ခါစပြုလာတယ်၊ သူ တုန်တုန်ရီရီနဲ့ သတင်းကို ဆက်ဖတ်လိုက်တယ်၊

ဖြစ်စဉ်မှာ (၂၀ - ၃ - ၂၀၁၅)ရက် နေ့ညရ(၉)နာရီခန့်အချိန်ကမဟာဗန္ဓုလ လမ်းနှင့် ဘိုကလေးဈေးလမ်းထောင့် လမ်းမပေါ်မှာ အမျိုးသမီးတစ်ဦး ယာဉ်တိုက်ခံရ၍ သေဆုံးနေကြောင်း လာရောက်သတင်းပေးပို့၍ (................) ရဲစခန်းမှာ တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့သည်၊

ယာဉ်တိုက်ခံရ၍ သေဆုံးသူမှာ ဒေါ်ခင်သစ် အသက်(၃၀)နှစ် (.......) မြို့နယ်နေသူဟု စုံစမ်းသိရှိရပြီး ယာဉ်မောင်းမှာ ယာဉ်တိုက်ပြီးယာဉ်နှင့် ထွက်ပြေးသွားခဲ့သဖြင့် (...............)ရဲစခန်းမှ ယာဉ်(ပ)၂၀၁၅ ပြစ်မှုပုဒ်မ (.......) အရ တရားခံအား စုံစမ်းလျက်။

ကိုစစ်ဆောင် သတင်းစာကိုဖတ်ရင်းလက်တွေတုန်နေတယ်၊ ရဲတပ်ဖွဲ့က စုံစမ်းနေသတဲ့။

သူ တိုက်တာကိုမြင်တဲ့သူ ရှိနေသလား။





www.burmeseclassic.com

www.burmeseclassic.com

သူ့ကားအရောင်နဲ့ နံပါတ်ကိုမှတ်မိ
သူ ရှိနေမလား။

ဘုရား - ဘုရား - မရှိပါစေနဲ့၊ မမြင်ပါစေနဲ့၊ မမှတ်မိကြပါစေနဲ့၊ သူ သတင်းစာကို လုံးချေပြီး လွှင့်ပစ်လိုက်တယ်၊ ဒါနဲ့အတူခြံဝရှိရာကိုလည်းခါတိုင်းထက် အကြိမ်များစွာ လှမ်းလှမ်းကြည့်နေမိတယ်။

★★★

ကိုစစ်ဆောင် ကားမထွက်တာ နှစ်ရက်ရှိသွားပြီ၊ ရန်ကုန်မြို့ထဲကားမမောင်းဖြစ်ဝေမင့်ဟိုနားဒီနားတော့အင်ဂျင်နွေးအောင် မောင်းတာပဲ ရှိတယ်၊ စိုးကတော့ မေးတာပေါ့၊

"မောင် - ဘာလို့ကားမထွက်တာလဲ ဟင်"

"တင်ပါးဆုံရိုး အဆိုင်များလို့ တူရဲ့ကွာ၊ နာနာနေတယ်၊ ဒါကြောင့် မထွက်တာပါ - စိုးရာ"

"ဟုတ်တာပေါ့ - မောင်၊ တစ်နေကုန် ကားပေါ်ထိုင်နေရတော့အညောင်းမိ၊ ခါးနာ၊ အရိုးနာဖြစ်တာပေါ့၊ ငိုစားရယ်စားမရှိပါဘူးလေ၊ နားနားနေနေသာ လုပ်ပါ - မောင်"

"တစ်ပတ်လောက် နားလိုက်ရင် ပုံမှန်ပြန်ဖြစ်သွားမှာပါကွာ"

"မောင့်ကို ပြောစရာရှိတယ်"

"ပြော - ဘာလဲ - ပြော"

"ကျွန်မ စာတိုက်ကြီးကို သွားစရာရှိတယ်၊ မောင် - လိုက်ခဲ့ပါလား"

"ဘာကိစ္စရှိလို့လဲ - စိုးရဲ့"

"စိုး - ညီမလေးက စာတိုက်ကြီးမှာ အလုပ်လုပ်နေတာ မောင်ရဲ့၊ မြစ်ဝကျွန်းပေါ်သူလေ၊ ရွာက ငါးခြောက်တွေ အစ်မအတွက် လူကြုံပါးလို့ ယူလာတယ်တဲ့၊ အစ်မလာယူမည့်နေ့ကိုကြိုပြောတဲ့၊ ကြိုပြောရင် အလုပ်ထဲကို ယူလာခဲ့မယ်လို့ ပြောတယ်၊ အဲဒါ - သွားယူရုံပဲလေ"

"မင်းတစ်ယောက်ထဲတော့ မသွားနဲ့ ..."

"ဘာလို့"

"ကားသမားတွေက လမ်းပေါ်မှာ အမောင်းကြမ်းတယ်ကွ၊ မင်းကို စိုးရိမ်လို့ ..."

"ဒါဆို - မောင် လိုက်ခဲ့ပေါ့"

"လိုက်မှရမှာပေါ့"

"ဒါကြောင့် မောင့်ကိုချစ်ရတာ"

မူလကတော့ ကိုယ့်ကားနဲ့မသွားဘဲ အခြားအငှားကားနဲ့သွားဖို့ပါ။



သို့သော် - ကိုယ့်ကားကို "အော်ဒါ" လာငှားတယ်၊ ကားခကလည်း မြိုးမြိုးမြက်မြက်ရမှာဖြစ်နေတော့လက်ခံလိုက်တယ်၊

ခရီးသည်က တစ်ယောက်တည်းသမားပါ၊

လိုက်ပို့ရမည့်နေရာက ကုန်သည်ကြီးများဟိုတယ်၊ ဇနီးသည်အတွက် သည်းလမ်းကြောင်းကကြုံနေတော့ခေါ်ခဲ့လိုက်တယ်၊

ဒီလိုနဲ့ လမ်း(၅၀)ကိုကျော်လာပြီး -

"မောင်"

"ပြော - စိုး"

"ကျွန်မကို ဘိုကလေးဈေးမှာ ကားခပ်ပေး"

"စာတိုက်ကြီးဆို ..."

"ဝမုန်းပွင့်ကုန်တိုက်ကို ခဏဝင်ရမယ်၊ မိန်းမသုံးပစ္စည်း ဝယ်စရာရှိလို့၊ ပြီးမှ စာတိုက်ကြီးကိုသွားမယ်၊ ညီမလေးကိုသည်း ကြိုဖုန်းဆက်ထားပြီးပြီ"

"ဒါဆိုမောင်လာကြိုမယ်၊ စာတိုက်ကြီးမှာပဲ စောင့်နော်"

"လာမကြိုပါနဲ့ - မောင်၊ ထိရုံးကြီးရှေ့မှာ ဝိတ်ထိုးမှာမဟုတ်လား၊ ကျွန်မဘတ်စ်လျှောက်လာခဲ့မယ်"

"တားတွေက ..."

"မောင်ရယ် - ကျွန်မ ရန်ကုန်မြို့မှာ အရွယ်ရောက်ခဲ့တာပါ၊ မစိုးရိမ်ပါနဲ့နော်"

"ဒါဆို - မောင် - ခရီးသည် လိုက်ပို့လိုက်မယ်"

"ဟုတ်ကဲ့ပါ - ညီမလေးနဲ့ စကားကောင်းလို့ အချိန်လွန်သွားရင်လည်း မောင့်ကိုဖုန်းလှမ်းဆက်လိုက်မယ်၊ ခရီးသည်မရရင် လာကြိုပေါ့ - ဟုတ်လား"

"အေး - အေး - မောင် - သွားပြီ"

ကိုစစ်ဆောင် ဇနီးသည်ကို ဝမုန်းပွင့်ကုန်တိုက်ရှေ့မှာ ရပ်ချပေးပြီး ကုန်သည်လမ်းအတိုင်း ရှေ့ရှုမောင်းလာခဲ့လိုက်တယ်၊

ရန်ကုန်မြို့ထဲရောက်တော့ သူချော်သွားခဲ့ပြီ၊ တက္ကစီမောင်းသမားဆိုတာ ခရီးသည်အငှားကို ရှာရ၊ စောင့်ရ၊ ကြည့်ရတာ၊

ကားတွေ များပန်းခတ်သွားနေ ရပ်နေ၊ ရွေ့နေတာ မြင်ရတော့ ကားသမားစိတ်က လူကို ဖုံးလွှမ်းသွားခဲ့ပြီ၊

ဟိုတစ်နေ့က . . . ယာဉ်တိုက်မှုအကြောင်း၊၊ သူ့ခေါင်းထဲမှာ မရှိတော့၊

သောကများပျောက်သလိုဖြစ်သွားတယ်၊

သူ ခရီးသည်အငှားသမားကိုကုန်သည်ကြီးများဟိုတယ်(ယခုကရီလာဟိုတယ်)ရှေ့မှာချပေးလိုက်ပြီးပြန်ထွက်

www.burmeseclassic.com

လာတော့ ခရီးသည်မိန်းမကြီးတစ်ဦးက လတ်ပြတားတယ်။ ပုံပန်းက နွမ်းနွမ်းပါးပါးပုံ။

"လူလေးရယ် - အမေကြီး သံယာ့ဆေးရုံ သွားချင်လို့"

"မအားပါဘူး - အမေကြီး"

"ကူညီပါ - လူလေးရယ်၊ ဟောဒီသမီးလေးဒီနေ့ မျက်စိခွဲဖို့ချိန်းထားလို့ပါ။ အချိန်လွန်သွားမှာစိုးလို့ပါ - လူလေးရယ် - နော် - နော်"

မျက်စိကို လက်ကိုင်ပုဝါနှင့် အုပ်ထားတဲ့မိန်းကလေးတစ်ဦးကို ထိန်းကိုင်ပြီး အကူအညီတောင်းနေတာ၊

"အခြားကားကို ခေါ်ပါ၊ အမေကြီး"

"သားရယ် - သူတို့ပြောတဲ့ ဈေးအမေကြီးမပေးနိုင်လို့ပါကွယ်၊ အမေကြီးတို့က ဆင်းရဲ ..."

"သုံးထောင်တော့ပေးပါ"

"နှစ် - နှစ်ထောင်ပဲ - ယူ - ယူပါသား"

"မရဘူး"

"ကဲ - ကဲ - ဒါဆိုလည်း ပေး - ပေးပါ့မယ် - လူလေးရယ်၊ သမီး - လာ၊ ဖြည်းဖြည်းလှမ်းနော်"

ပြောရရင်တော့ ဆူးလေကနေ သံယာ့ဆေးရုံကို ထောင့်ငါးရာ၊ နှစ်ထောင်ကျပ်နဲ့ ပို့နိုင်ပါတယ်၊

ခရီးသည်ဆိုတာက ကားခနဲ့ပတ်သက်လာရင်ငိုပြည့်ပြတာများတယ်၊ ရှိလည်းမရှိဘူး၊ ဆင်းရဲလို့ပါပြောတာပဲ၊

ဆင်းရဲလို့ပါပြောတိုင်းလျှော့ဈေးနဲ့လိုရာခရီးလိုက်ပို့ရင်တက္ကစီသမားဘယ်တွက်ခြေကိုက်မှာလဲ၊ ငွေရှာနေကြတာ၊

လူတိုင်း ငွေနောက်ကို အမောတကော လိုက်နေရတာ၊ ငွေကြောင့်အချိန်ပေးနေရတာ၊ စီးပွားရှာရင်အားနာစရာမလိုဘူး၊

သုံးထောင်ဆိုတာ ပိုတောင်းလိုက်တာ၊

တောင်းနိုင်၊ ပြောနိုင်ရင် ကိုယ့်အတွက်ပဲ၊

သနားနေရင်အရင်းထဲကပဲ့ပါသွားမယ်လေ၊ ကိုစစ်ဆောင် ရွှေတိဂုံဘုရားလမ်းအတိုင်း သံယာ့ဆေးရုံကိုဝင်ပြီး ခရီးသည်သားအမိကို ချပေးခဲ့တယ်၊

ဖွေရှာနေရလို့မရင်စို့ကိုကြိုဖို့စောင့်ဖို့အချိန်တောင် လွန်နေပြီ၊

တော်ကြာ - မိန်းမက စိတ်ဆိုးမှာလည်း စိုးရတယ်၊

ဒါနဲ့ ဖုန်းဆက်မေးရရော၊


"ဗို့ - မင်း စာတိုက်ကြီးမှာလား၊ မောင် - အခုလာကြိုနေပြီ၊သမ္မတရုပ်ရှင်ရုံနား ရောက်ပြီ - စို့ရေ"

ကိုစစ်ဆောင် လူအုပ်ကို တအားတိုးပြီး ဝင်ကြည့်တယ်။

အမျိုးသမီးတစ်ဦး။ သွေးအိုင်ထဲမှာ မှောက်လျက်။ ဆံပင်တွေက သွေးလူးနေတဲ့မျက်နှာကို ဖုံးလို့။ ထမီက အဝါနုရောင်။

အင်္ကျီက လက်စက အဝါနု။ သူမရဲ့နံဘေးမှာ

ငါးရုံ့ဖြောက်ပြားတွေ ပြန့်ကျဲလို့။ ၆၆



"မောင် - ကျွန်မ စာတိုက်ကြီးကနေ လမ်းလျှောက် လာနေပြီ၊ မောင် လာကြိုနဲ့တော့၊ ထီရုံးကြီးရှေ့ကားစုရပ်က စောင့်နေ - ဒါပဲနော်"

"ဗို့ - ဗို့ - ခဏလေး"

စို့က ဖုန်းပိတ်လိုက်တယ်၊

ခနီးသည် စာတိုက်ကြီးကနေ ထီးဆိုင်တန်းထိအောင် လမ်းလျှောက်ရအောင် နည်းနည်းဝေးတယ်လေ၊ သူ ဖုန်းပြန်ဆက်လိုက်တယ်၊

"မောင် - ကျွန်မမဟာဗန္ဓုလလမ်းနဲ့ ဆိပ်ကမ်းသာလမ်း၊ လူကူးမျဉ်းကျားရှေ့ ရောက်နေပါပြီ၊ ရောက်တော့မယ်၊ စောင့်နေနော် - ဘိုင့်ဘိုင်"

စို့က ဖုန်းကိုပိတ်လိုက်တယ်၊

ဒီလူကူးမျဉ်းက အန္တရာယ်များတယ်လေ၊

ပြီး - ဒီနေရာက ပန်းဆိုးတန်းမီးပွိုင့်ကိုဖြတ်ပြီး လာကြရတာ၊ အရှိန်များသလို၊ လူကူးမျဉ်းကျားပါလား၊ ခရီးသွားလမ်းကူးနေပါလား၊ ကားကိုအရှိန်လျှော့ပေးမယ်ရယ်လို့ ဘယ်ကားသမားမှစိတ်ကူးမရှိ၊

လူကူးမျဉ်းကျားမှန်းသိလို့လည်း ဂရုမစိုက်၊

မော်တော်ပီကယ်လည်း မရှိ၊

ခရီးသည်လည်းအသေခံစွန့်စားကြရတာ၊

www.burmeseclassic.com

သူ့ဖနီးသည်အတွက် စိတ်ပူသွား ပြီး(၃၇)လမ်းကနေ ဆိပ်ကမ်းသာလမ်း ကိုရောက်တို့ ခပ်သုတ်သုတ် လှမ်းလာခဲ့လိုက် တယ်။

ဆိပ်ကမ်းသာလမ်းနဲ့ မဟာဗန္ဓုလ လမ်း လူကူးမျဉ်းကျားရောက်တော့ သာဦတိုက်လို့တဲ့၊ လူတွေအုံဖွဲ့ဝိုင်းကြည့် နေကြတာ မြင်ရော။

ကိုစစ်ဆောင်ရင်ထဲ ဒိန်းခနဲဖြစ် သွားပြီးဝိုင်းကြည့်နေတဲ့လူအုပ်ကိုတွန်း တိုးဝင်ကြည့်ဖို့ကြိုးစားရော၊

"အတိုက်ခံရတာ ကလေးလား၊ လူကြီးလားဟေ့"

"လူကြီးဗျ - အမျိုးသမီးတစ်ဦးပဲ"

"ပွဲချင်းပြီးပဲဗျာ"

ကိုစစ်ဆောင်လူအုပ်ကိုတအားတိုး ပြီးဝင်ကြည့်တယ်၊

အမျိုးသမီးတစ်ဦး၊ သွေးအိုင်ထဲမှာ မှောက်လျက်၊

ဆံပင်တွေက သွေးလူးနေတဲ့မျက် နှာကို ဖုံးလို့၊ ထမီက အဝါနရောင်၊

အင်္ကျီက လက်စက အဝါန၊

သူမရဲ့နံဘေးမှာ ငါးရံ့ခြောက်ပြား တွေ ပြန့်ကျဲလို့၊

"စို့ - စို့"

သူ့ဖနီးသည်ရဲ့အသက်မဲ့ သွေးလူး ခန္ဓာကိုယ်ကို တိုးပွေ့ပြီး "စို့ - စို့" နဲ့ ဝမ်း နည်းရင်နင့် အော်ခေါ်နေတယ်၊

သူ့ရဲ့ခန္ဓာကိုယ်ပေါ်က အင်္ကျီနဲ့ ပုဆိုး လည်း ဖနီးသည် "စို့"ရဲ့ ခန္ဓာကိုယ်က သွေးတွေ ပေကျံစွတ်စိုနေပြီ၊

ကိုစစ်ဆောင်ဖနီးသည်ရဲ့သွေးချင်း ချင်းရဲ့မျက်နှာကို ရင်ခွင်ထဲ ဖက်ရင်းရှိုက် ကြီးတငင်ငိုချလိုက်တယ်၊ သူ့ကိုလူတွေ က ဝိုင်းမေးကြ၊

"ခင်ဗျားနဲ့ သိလို့လား"

"ဘယ်ကမိန်းကလေးလဲ ဟင်"

"ခင်ဗျားနဲ့ ဘာတော်လဲ - နောင် ကြီး"

"ကျွန် - ကျွန် - တော့် - ဇ - ဇနီးပါ ဗျာ - ဟီး"

"အို - ဖြစ်ရလေဗျာ"

"မိန်းကလေးက အထုပ်ကြီးဆွဲပြီး ကားရှင်းတယ်ဆိုကူးတာဗျ၊ ဒီမှာ အရှိန် နဲ့မောင်းလာတဲ့ကားက မရှောင်နိုင်ပဲဝင် တိုက်လိုက်တာ"

"ဘာကားနဲ့ တိုက်တာလဲ ဗျာ၊ ဟင် - ဟင်"

"ပါဂျဲရိုးဗျ"

"အို"

"ပါဂျဲရိုးက တိုက်ပြီး ... တစ်ခါထဲ မောင်းပြေးတာ၊ ကားနံပါတ်တောင် မှတ်မိလိုက်ဘူး"

ကိုစစ်ဆောင်ဖနီးသည်ရဲ့အလောင်း ကိုတင်းကြပ်စွာဖက်ပြီး ရှိုက်ရှိုက်သည်း သည်း ငိုချလိုက်တယ်၊ တိုက်ပြီး ကား မောင်းပြေးတာတဲ့၊

မြန်လွန်းလို့ ကားနံပါတ်တောင် မှတ်မိလိုက်ဘူးတဲ့၊ ရက်စက်တဲ့လူဗျာ၊ အပြစ်မဲ့ လူတစ်ဦးကို ကားနဲ့တိုက်ပြီး မောင်းပြေးသတဲ့၊

ဒီမှာ အပြစ်မဲ့ဖနီးသည် ကွယ်လွန် သွားပြီဗျာ၊

မင်းတို့ လူစင်စစ်မှ ဟုတ်ရဲ့လား၊

မင်းတို့ ကားအကောင်းစား စီးကြ ပေမင့် မင်းတို့ရင်ဘတ်မှာ လူ့ သည်းနှလုံး ရှိကြရဲ့လား၊

ခင်ဗျားတို့ လူစာရင်းထဲမှာ ပါပြီရဲ့ ဟင်၊

ယောကျ်ားမဟုတ်ကြဘူးလား၊

တိုက်မိတာကိုလွန်မိတဲ့အပြစ်ကို ရဲရဲ ခံရဲကြဘူးလား၊

ကားနဲ့တိုက်ပြီး သေသေကြေကြေ ကျောခိုင်းထွက်ပြေး၊ မောင်းပြေး သွားတဲ့လား၊ လူတဲ့လား၊

ယောကျ်ားတဲ့လား၊ ယောကျ်ားတဲ့ လား။

သူ အရူးလို အော်ဟစ်နေတယ်၊ သူ့ ရင်ဘတ်ကို လက်သီးနဲ့ထုထုပြီး ခေါင်း ယမ်းလို့ အော်ဟစ်နေတာ၊

ဟုတ်ကဲ့၊

သွေးအလူးလူးနဲ့ အသက်ပျောက် နေတဲ့ဖနီးသည်ကိုပွေ့ဖက်၊ အရူးလိုအော် ဟစ်ငိုကြွေး၊ ဒေါသတွေပေါက်ကွဲနေတာ တက္ကစီမောင်းသမား ကိုစစ်ဆောင်ပါ။

တကယ့်ယောကျ်ားပါ၊ ချစ်တတ်သူ ကြီးပါ။

သူ ကိုယ်ချင်းစာတရားကို နေဝှူ မဟာဗန္ဓုလလမ်းမ လူကူးမျဉ်းကျားပေါ် မှာ အော်ဟစ်ပြောဆိုနေတာပါ။

ဒီမုဒိတာတရားကိုသူမကြားခင်စစ် စစ်မှန်မှန် သိရှိနားလည်လာတော့မှာပါ။

(လူကို ကားနဲ့တိုက်ပြီး ထွက်ပြေး နေကြ၊ မသိချင်ယောင်ဆောင်နေကြတဲ့ ကားမောင်းသမားများကိုအထူးသီးသန့် ရည်ညွှန်းဂုဏ်ပြုပါသည်။)

➢➢ မောင်ညီမြိုင်း(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com



**ကျော်စိုးတို့နှင့်** ခင်မင်ရင်းနှီးစွဲရှိသော ရွာသားတချို့က ခေါ်၍သာ လိုက်ခဲ့ရသော်လည်း ရွာခံမုဆိုးများကတော့ ကျော်စိုးတို့ကို သိပ်ကြည်လင်ပုံမရ။ သူတို့ ပြောဆိုဆက်ဆံပုံအရ အကဲခတ်မိခြင်းဖြစ်ပါသည်။ မုဆိုးချင်းဆိုတော့ ညီးတော့ စောင့်ရမည်။ လာခေါ်သည့် ရွာသားတစ်ယောက်ဖြစ်သည့်ကိုတိုးစိန်တို့ –

"ကိုတိုးစိန် – ခင်ဗျားတို့ ရွာခံမုဆိုးတွေ ကိုင်ကြတာ ဘာလက်နက်တွေလဲ"

"ဆရာလေးတို့ရယ် – လက်နက်တွေက မီးကျိုးမောင်းပျက်တွေပါ။ ရွာမှာ မုဆိုးနှစ်ယောက်ရှိတယ်။ တစ်ယောက်က တူမီး၊ တစ်ယောက်က (၁၂)ဘို့နှစ်လုံးပြူး။ တူမီးကိုင်တဲ့ ဦးသင်းမောင်က ရောဂါသည်။ ပိန်ချုံးနေတာ ငှက်ဖျားသမား။ (၁၂)ဘို့ကိုင်တဲ့ စောလယ်မူးကတော့ သူ့ရှုသနတ်က ခဏခဏပျက်နေတာ၊ ချက်ကောင်းဆို ကျည်က မထွက်တော့ဘူး။ တောကောင်နဲ့တွေ့ရင် သူ့သေနတ်ကြောင့် ထွက်ပြေးရပေါင်းများပြီ၊ အခုလည်း တောဝက်ကိုပစ်တာ ပထမတစ်ချက်က ထွက်ပြီးနောက် တစ်ချက်က မထွက်တော့ တောဝက်လိုက်ပက်လို့ စောလယ်မူး သေပြေးရှင်ပြေး ပြေးလာခဲ့ရတာ"

"ဒါတောင် စောလယ်မူးက ကျွန်တော်တို့ကို စကားပြောတာ သူပဲတတ်သလို သူပဲ ကျွမ်းကျင်သလိုမျိုး စကားပြောပုံက တစ်မျိုးဗျ"

"ဝက်က ဝက်တောင်းကြီးလို့ပြောတယ်။ အဲဒါကြောင့်မို့ သူ လက်မလွှတ်ချင်တာ နေမှာပေါ့"

"ဝက်တောင်းကြီးလို့ဘယ်သူပြောလဲ"

"စောလယ်မူး ပြောတာပဲ"

"ဪ – ဪ – ဒါထက်ကိုတိုးစိန် ခင်ဗျား စောလယ်မူးကို စည်းရုံးပေးပါ

မုဆိုး၏ မာန်မာနဖြင့်
မိမိပစ်ခဲ့သော တောဝက်ကို
နောက်တစ်ကြိမ် လိုက်ရောက်
ရှာဖွေပစ်ခတ်သောအခါ ..

www.burmeseclassic.com

www.burmeseclassic.com

လား။ သူ့သေနတ်က မကောင်းတော့ သူ ဝက်တောင်းကြီးကို ဘယ်လိုနည်းနဲ့မှ ပစ်လို့ရမှာမဟုတ်ဘူး။ (၁၂)ဘိုနဲ့ပစ်ရင် တောင် ဝက်တောင်းမှန်ရင် သူ့ကိုဆွဲပေး သလိုနေမှာပဲ။ သေလောက်အောင် ထိ မှာမဟုတ်ဘူး။ အဲဒီတော့ - သူက ဒီနယ် သား၊ တောကျွမ်းတော့ အဖော်လိုက်ခဲ့ ပါလို့၊ ပစ်လို့ရရင် တစ်ဝက် သူ့အတွက် ပေးပါမယ်လို့"

"ဒါဆိုရင် - ဖြစ်နိုင်တယ် - ဆရာ ဝင်း။ သူတလည်း နေရာပြရုံလေးပြပေး ရမှာ။ ဘာပင်ပန်းတာမှတ်လို့၊ သူ့သေ နတ်နဲ့လည်း ပစ်လို့ရတာမှမဟုတ်ပဲ၊ ကောင်းပြီဆရာဝင်း - ကျွန်တော်စည်းရုံး ကြည့်မယ်"

ကိုတိုးစိန် ထွက်သွားပြီးနောက် ကျော်စိုးနှင့် တင်ဝင်းတို့နှစ်ယောက် ခေါင်းချင်းဆိုင်လိုက်ကြသည်။ ကိုတိုးစိန် နှင့် အခြားခင်မင်သောရွာသားများက အတူအညီတောင်း၍ ကျော်စိုးတို့စခန်း ချရာနေရာမှ ငါးမိုင်ကျော်ကျော်ဝေး သောကိုတိုးစိန်တို့ရွာကိုလိုက်ခဲ့ကြခြင်း ဖြစ်သည်။ ရွာက ခပ်သေးသေး၊ စပါးစိုက် တာတာ သိပ်မရှိ၊ မရှိရတဲ့ကြားထဲ တော ဝက်ဖျက်သောကြောင့် သုံးလေးရက် တစ်ခါလောက် စပါးခင်းတွေ ပျက်စီးနေ လို့ဝက်ပစ်ပေးရန် ကိုတိုးစိန်တို့က အကူ အညီလာတောင်းကြခြင်းဖြစ်သည်။

မုဆိုးသက်ဝါရင့်သော ကျော်စိုးကို ဆရာတင်ကာ ကိုတိုးစိန်တို့ရွာကို ချီ တက်လာကြသည်။ တင်ဝင်းက -

"ကျော်စိုး - ဝက်တောင်းဆိုတာ ဘာကိုပြောတာလဲကွ"

"အသက်ကြီးနေတဲ့ဝက်ထီးကြီး ပေါ့ကွာ၊ ဒီကောင်တွေမှာ သုံးလေး လက်မလောက်ရှည်တဲ့အစွယ်တွေ ရှိ တယ်၊ အပေါ်သွားကတော့ အသုံးမဝင် ပါဘူး၊ အောက်သွားကတော့ ထက်မြ နေတာကွ၊ အပေါ်သွားကြောင့်လည်း အောက်သွားက ထက်မြနေတာပါ၊ အဲဒီ အောက်သွားနဲ့ လူရယ် သူရယ်သူတွေကို လိုက်ပက်တာပေါ့ကွာ၊ အထင်တော့ မသေးနဲ့၊ ဗိုက်ပွင့်ပြီး သေနိုင်တယ်"

"ဝက်တောင်းတွေဆိုရင် ပိဿာ ချိန် ငါးဆယ်၊ ခြောက်ဆယ်ကနေ ကိုး ဆယ်တစ်ရာလောက် ရှိတတ်တယ်၊ အကောင်ကြီးလာတာနဲ့အမျှ ဒီကောင် တွေက အခေါက်နဲ့ အသားပဲရှိတာ၊ အခေါက်က တချို့ဆိုရင် တစ်လက်မနီး ပါးလောက်တောင် ထူတာ၊ (၁၂)ဘိုတို့၊ ကိုးလုံးတို့၊ ခြောက်လုံးတို့ ကျည်မျိုးက တော့ အခေါက်မြုပ်ရုံပဲ ရှိမယ်၊ အသေ သတ်ဖို့လည်း မလွယ်ဘူး။ အခုလည်း စိုးရိမ်နေတာက စောလယ်မှုက (၁၂) ဘို နှစ်လုံးပြူးနဲ့ ပစ်ထားတာဆိုတော့ ဝက်တောင်းကြီးက ဒဏ်ရာရပြီး ဝက်နာ ဖြစ်နေရင် ကြောက်ရတယ်။ ဟင်းမျိုးတို့ သတ်တို့က မြေတိုမျိုးဆိုပေမယ့် လျှင်မြန် ဖျတ်လတ်တဲ့နေရာမှာ အင်မတန်အံ့ဩ နိုင်တောင်းတာ၊ ဒီကောင်တွေက ဒဏ်ရာ ရသွားရင် ချုံကောင်းကောင်းကိုရှိပြီး အမှုမဟုတ် ကျင်းတူး၊ ဝပ်နေပြီး သူတို့ နောက် လိုက်လာမယ့်မုဆိုးကို အသင့် စောင့်ဆိုင်းနေတတ်တာ၊ ရောက်လာ တာနဲ့ ချက်ကောင်းကိုကြည့်ပြီး ပြေးပက် တော့တာ၊ အရှောင်မမြန်လို့ကတော့ သေရင်သေ၊ မသေလို့ကတော့ ဒဏ်ရာ ရမှာပဲ၊ အဲဒီလောက်ထိ ကြောက်စရာ ကောင်းတာ"

ကျော်စိုးနှင့် တင်ဝင်းတို့နှစ် ယောက် စကားကောင်းနေတုန်း ကိုတိုး စိန် ပြန်ရောက်လာသည်။ တင်ဝင်းက -

"ကိုတိုးစိန် - ဘယ့်နှယ်လဲ"

"အခြေအနေမကောင်းဘူး - ဆရာ ဝင်း။ သူ မအားဘူးတဲ့၊ မြို့ကို သွားစရာ ရှိလို့တဲ့၊ ဆရာဝင်းပြောသလို တစ်ဝက် ပေးမယ်ဆိုတာတောင် စိတ်မဝင်စား ဘူး"

"ဒါဆိုလဲ သဘောပေါ့ကွာ၊ ဟဲ - ကျော်စိုး၊ တို့ဒီညတော့နားပြီး မနက်ကျမှ ထွက်ကြတာပေါ့၊ မကောင်းဘူးလား။ အုပ်လိုက်မဟုတ်ဘူး။ ဝက်တောင်းကြီး တစ်ကောင်တည်း ဝင်မွှေတာဆိုတော့ လိုက်ရတာသိပ်မခက်ဘူးလို့တော့ထင် ပါတယ်"

★★★

တင်ဝင်းက သူ့ဆရာ စောရိုင်ထံမှ ငှားလာသော (.၅၀၀) နှစ်လုံးပြူးရိုင် ဖယ်ကြီးကိုစစ်ဆေးနေချိန်တွင် ကျော်စိုး က သူ့ကိုင်နေကျ (၃၀.၀၆) ရိုင်ဖယ်ကြီး ကို ဖင်ပြန်ခေါင်းပြန် စစ်ဆေးနေသည်။

ကောက်ညှင်းငချိပ်ပေါင်း၊ ဆိတ် သားခြောက်မီးဖုတ်နှင့် ရေဘူးတို့ကို စစ် သုံးလွယ်အိတ်တစ်လုံးတွင်ထည့်ကာ လိုရမည်ရ ဓားမြှောင်တစ်ချောင်းခါး ထည့်လိုက်သည်။

ရွာအနောက်ဘက် လယ်တွင်းထဲမှ ဖြတ်လာကြပြီး ဝက်တောင်းကြီးဖျက်ဆီး ထားသောစပါးခင်းများကို လျှောက် ကြည့်ကြသည်။ စပါးခင်းထဲတွင် ဓနိမဲ့ ဖြစ်နေအောင် ဝက်တောင်းကြီးက စား သောက် ဖျက်ဆီးသွားခဲ့ သည်မှာ ထောင်းလမောင်းထအောင်ကြွနေ သည့်မြင်ကွင်းက သက်သေခံနေသည်။

www.burmeseclassic.com

တစ်နေရာအရောက်တွင် -

"တင်ဝင်းရေ - အချိန်ငါးဆယ် အထက်မှာရှိလိမ့်မယ်ပေါ့"

"ကျော်စိုး - မင်းဘာကိုကြည့်ပြောတာလဲ"

ကျော်စိုးကတစ်နေရာကိုလက်ညှိုးထိုးပြရင်း -

"ဟိုရှုံ့ပေါ်မှာ ထင်ကျန်နေတဲ့ခြေရာတိုတွေ့တယ်မဟုတ်လား၊ လက်ဖက်ရည်ကြမ်းပန်းကန်လုံးကို မှောက်ပြီးချထားသလိုပဲ၊ ရှုံ့ပေါ်မှာအထင်သားပေါ်နေတဲ့ခြေရာအပိုင်းကြီးက သက်သေခံနေတယ်တွ၊ နစ်ဝင်သွားတဲ့အတိမ်အနက်ကိုကြည့်ရင် အချိန်ငါးဆယ်ကျော်မယ်လို့တွက်မိတာပြောတာပါ"

"မင်းကတော့ ကျွမ်းသပေါ့၊ ငါကမင်းဆီက ပညာတွေ ယူရဦးမယ်"

"ဒီရာသီမျိုးကတော့ဒီကောင်တွေဒီလိုပဲ၊ စပါးသီးနှံတွေကိုဖျက်ဆီးနေကျပဲ၊ စပါးရိတ်သိမ်းစပြာသိုလလောက်ဆိုရင်တော့မိတ်လိုက်ကြတာပဲ၊ မိတ်လိုက်တဲ့အချိန်ကျရင်လည်းတစ်ကောင်နဲ့တစ်ကောင် တိုက်ခိုက်ထိုးပက်နေကြတာ၊ လယ်ကွင်းထဲမှာရှုည်နေတာပဲ၊ စပါးပင်ကိုလည်းစား၊ စပါးခင်းကိုလည်းဖျက်၊ မိတ်လိုက်ရင်လည်းနှေ့သအိပ်တဲ့ကောင်တွေမဟုတ်ဘူး၊ သိပ်ဆိုးတဲ့ကောင်တွေ"

လယ်ကွင်းစပ်မှလွန်၍ကျော်စိုးတို့နစ်ယောက် တောစပ်ကို တဖြည်းဖြည်းဝင်လာကြသည်၊ နဘူးချုံများ၊ ပိစပ်ချုံများကို တိုးဝေ့ကာ နစ်ယောက်သားသတိကြီးစွာဖြင့် ရှိတက်လာကြသည်၊ ကျော်စိုး၏အတွေ့အကြုံအရကျည်သင့်ထားသောတောဝက်သည်အနာခံခဲကာပြန်၍ရန်မူတတ်ကြောင်းသတိပေးထားသောကြောင့်ဖြစ်သည်၊

ရှေ့ကိုက်သုံးဆယ်အကွာလောက်တွင်သပြေပင်ကြီးတစ်ပင်ကိုတွေ့လိုက်ကြရသည်၊ ပင်ခြေအောက်ကို လှမ်းကြည့်လိုက်ချိန်တွင် ဒရယ်တစ်ကောင်နှင့်ချေ(ဂျီ)ပေါက်တစ်ကောင်က သပြေသီးမှည့်များကောက်စားနေရာမှ ခြေသံကြားသောကြောင့် ဝရုန်းသုန်းကားဖြင့်တောထဲသို့ဝင်ပြေးသွားကြသည်၊

ကျော်စိုးနှင့်တင်ဝင်းတို့၏ရည်ရွယ်ချက်က ဝက်တောင်းကြီးနောက်ကိုခြေရာခံလိုက်နေသောကြောင့် ဒရယ်နှင့်ချေ(ဂျီ)နစ်ကောင်ကို လျစ်လျူရှုလိုက်ကြရသည်၊ သူတို့နစ်ကောင်နောက်လိုက်နေလျှင်ဝက်တောင်းကြီးကအနံ့ရသွားနိုင်သောကြောင့်ဖြစ်သည်၊

သပြေပင်ကိုလွန်ပြီး ခြေခင်းလက်[illegible]ခြေအနေကိုကြည့်ကာ ကျော်စိုး[illegible] -

"ခပ်ဝေးဝေးက ရေသံကြားရတယ်[illegible] စမ်းချောင်း ဒါမှမဟုတ် လျှိုရှိနိုင်[illegible]လာ - တို့အရှေ့ဘက်ကပန်းတက်[illegible]ခြေရာတွေကလည်းအဲဒီဘက်[illegible]နေတယ်၊ ဝက်တောင်းကြီးက လျှို[illegible]ကို ဝင်ခိုနေပြီး အားမွေးပြီးမှ တို့ကို[illegible]နေနိုင်တယ်၊ သတိတော့ ထား[illegible]"

"အေးပါ"

ခပ်ဝေးဝေးက ရေသံသဲ့သဲ့ကို[illegible]ဖြည်းဖြည်း နီးကပ်စွာ ကြားလာရ[illegible]ဝင်လာခဲ့ကြသော ဝါးတော၊ ငှက်[illegible]တောနှင့်မြောင်ထဲတွင်ပေငါးဆယ်[illegible]တ် နက်သောနေရာ၌ စမ်းချောင်း[illegible]လေးတစ်ခု ရှိနေသည်၊

ထိုနေရာတွင်ရေသောက်ဆင်းလာ[illegible]ကြသောဒရယ်၊ ချေ(ဂျီ)၊ ဆတ်နှင့်[illegible]ဝက်တို့ရှဲ့ရာဖုံးကြသည်၊ မြောင်ထဲမှ[illegible] ထိုးတက်ကာ ပေါက်နေကြ[illegible]ဝါးပင်၊ ကွမ်းသီးပင်နှင့် ကနစိုးပင်[illegible]သည် ရေကောင်းစွာရသောအပင်[illegible]ဖြစ်၍ သန်မာထွားကျိုင်းကာ[illegible]တ်တွင် လျှိုရှိသည်ဟု မထင်ရ[illegible]င်တောကောင်းလျက်ရှိသည်၊

မရောက်သည်မှာ ဆယ့်ငါးနစ်ခန့်ကြာပြီဖြစ်၍ကျော်စိုးနှင့်တင်ဝင်းတို့နစ်ယောက်လျှိုထဲသို့ဆင်းရန်လမ်းစကိုရှာမတွေ့နိုင်အောင် ဖြစ်နေကြသည်၊ ကျော်စိုးက တစ်စုံတစ်ခုကို သတိရ၍လျှိုအစပ်တွင်ပေါက်နေသောကနစိုးပင်ကြီးဆီကိုချဉ်းကပ်လိုက်သည်၊ တောပစ်ထွက်ခဲ့စဉ်က ထိုကနစိုးပင်မှကနစိုးသီးများကိုအားရပါးရထိုင်စားခဲ့ကြသည်ကိုသတိရသောကြောင့်ဖြစ်သည်၊

ကနစိုးသီးများက အလုံးအတော်ကြီးကာ စားမည့်သူလည်း မရှိသောကြောင့် အပင်အောက်မှ အပေါ်အထိအတွဲလိုက် အပြွတ်လိုက် အားရစွာသီးနေသည့်အမြင်စားကြည့်သောအခါတွင်လည်း လုံးဝမရျဉ်သောအပင်ကြီးဖြစ်သည်၊ ထိုအပြင်ကို အပင်ခြေရင်းမှ တောင်စောင်းလမ်းကလေးအတိုင်းလျှိုထဲသို့ ဆင်းနိုင်သောကြောင့် ဖြစ်သည်၊

ကျော်စိုးတို့နစ်ယောက် တောင်စောင်းလမ်းကလေးအတိုင်း လျှိုထဲသို့ဆင်းလာကြရာ ဝါးပင်၊ ကိုင်းပင်နှင့်ပိစပ်ချုံများကြောင့် အောက်ဘက်သို့ တော်တော်နှင့်မရောက်နိုင်ကြပေ၊ မြေပါးတင်းပါးလည်း ကြည့်၍ရှောင်ရသေးသည်၊ [illegible]ရွေ့ရွေ့ ဆင်းလာကြရင်း [illegible]ထဲသို့ တဟီးဟီးနှင့်ညည်းသံလိုမြည်ကြားလိုက်





www.burmeseclassic.com

www.burmeseclassic.com

ဝါးတောကြီးတစ်ခုလုံး သိမ့်ခနဲလှုပ်ရှားသွားသလို ဝါးပင်အောက်ရှိ ချုံများထဲမှ လှိုင်းလုံးကြီး ရွေ့လာသလို ချုံများ လှုပ်ရှားသွားပြီးနောက် ခေါင်းမည်းမည်းကြီးက ချုံတောထဲက ဘွားခနဲ ထွက်လာသည်။ ဝက်တောင်းကြီးဖြစ်သည်။ ခေါင်းမည်းမည်းကြီးမှာ

၆၆

အစွယ်နှစ်ချောင်းက ဖွေးနေသည်။



ကြရသည်။ အသံက ပြတ်တောင်းအသံ မျိုးဖြစ်သည်။

နှစ်ယောက်စလုံး ကြားကြသော ကြောင့် တစ်ဦးနှင့်တစ်ဦး မျက်ရိပ်မျက်ခြည်ပြကာ လျှိုအောက်ခြေသို့ နီးလာသည်နှင့်အမျှ သေနတ်များကိုလည်း အသင့်အနေအထားဖြင့် ကိုင်လာခဲ့ကြသည်။

တဟီးဟီးအသံက တစ်ချက်တစ်ချက် ကြားနေရဆဲ။

လျှိုအောက်ခြေသို့ ရောက်လာပြီး တိုင်းပင်များအကြားမှ အသံလာရာဆီသို့ နှစ်ယောက်သား တရွေ့ရွေ့ချဉ်းကပ်လာကြသည်။ လျှိုထဲတွင်တောငှက်ပျောပင်များက ပေနှစ်ဆယ်ခန့်လောက်ထိ မြင့်အောင် သန်စွမ်းစွာ ပေါက်နေကြသည်၊ တချို့အပင်များက ငှက်ပျောသီးများဝင်းမှည့်ကာ အောက်ကိုပင်ပြုတ်ကျနေသည်၊

ဝါးပင်များကလည်း ရှုပ်ယှက်ခတ်နေအောင် ပေါက်နေကြ၍ တချို့ဝါးပင်များအောက်တွင် ဝါးရွက်ခြောက်များက ကော်ဇောခင်းထားသလို ရှိနေသောကြောင့်လှဲ၍အိပ်ချင်လောက်အောင်ပင် ရှိနေတော့သည်၊ တဟီးဟီးအသံက ကြားနေရဆဲ၊

"တင်ဝင်း - နေခင်းကြောင်တောင် သရဲခြောက်တာတော့ မဖြစ်နိုင်ပါဘူး နော်"

"ပေါက်ကရကွာ၊ ဒီအသံက လူသံလို့ ငါထင်တယ်"

ဆယ်ပင်ခန့်လောက်စုရုံးပေါက်နေသောဝါးရုံပင်အုပ် (၃၊ ၄) ခုကိုပတ်၍ သွက်လိုက်သည်နှင့် သွေးများအိုင်ထွန်းသာ ခွေခွေကလေး လဲနေသောလူတစ်ယောက်။

"ဟော - ဟိုမှာ လူတစ်ယောက်တော့"

မျက်နှာက မြေပြင်ကို ခေါင်းစိုက်သူတ်မှောက်ခုံအနေအထားဖြင့် လဲနေသော လူတစ်ယောက်ဖြစ်သည်၊ ပတ်ဝန်းကျင်ဝါးရုံများနှင့် ဝါးရွက်ခြောက်များပေါ်တွင်လည်း သွေးစသွေးနများ တွေ့ရသည်၊ ကျော်စိုးက ကိုင်ကြည့်လိုက်သည်၊

"ဟာ - ကိုယ်ငွေ့ရှိသေးတယ်ကွ၊ သွမ်းလိုက်ရအောင်"

"ဟာ"

ဗိုက်က ပွင့်၍ အူများက အထွေးလိုက်ထွက်နေသည်၊ ကျော်စိုးကတော့ သာမှုမဖြစ်၊ တင်ဝင်းအကြည့်က ခေါ်ဆော်ဆန်နေသည်၊ ကျော်စိုးတို့အနားရောက်မှ ညည်းသံပျောက်သွားခြင်းဖြစ်သည်၊ ကျော်စိုးက လက်တိုတိုင်၍သွေးစမ်းကြည့်လိုက်သည်၊

"အသက်ကတော့မရှိတော့ဘူးကွ၊ ဒီဒဏ်ရာက ဝက်ပက်ထားတာဖြစ်နိုင်တယ်၊ ဆီးစပ်ကနေ ရင်ညွှန့်အထိ ဟက်တက်ကွဲနေတာကွ"

သွေးများ ပေကျံနေသောမျက်နှာကို မြင်ဖူးသည့် မျက်နှာတစ်ခုမှန်း တင်ဝင်းက တွေးမိလိုက်၍ သေသေချာချာကြည့်လိုက်သောအခါ -

"ဟာ - ဒါ စောလယ်မှူးပဲကွ"

"ဘယ်သူ"

"စောလယ်မှူးလေ၊ မနေ့တတင်တိုးစိန်က သူ့ကို တောထဲလိုက်ဖို့ခေါ်တဲ့သူပေါ့၊ မလိုက်ဘူးတဲ့၊ မြို့ကို သွားစရာရှိတယ်လို့ ပြောတဲ့လူလေ"

"မှတ်မိပြီ၊ မြို့သွားမယ့်လူက ဘယ့်နယ် တောထဲရောက်နေရတာလဲ"

"ဒါတော့ - ငါလဲ မသိဘူးလေ"

ထိုကဲ့သို့ ကျော်စိုးနှင့် တင်ဝင်းတို့ နှစ်ယောက် အရှီအရှစကားပြောနေချိန်တွင် ငှက်ပျောတောထဲမှ ဝှမ်း၊ ဝှမ်း၊ ဝှမ်း ဟူသောအသံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရသည်၊ ကျော်စိုးက လျင်မြန်သွက်လက်စွာပင် သူ့ရိုင်ဖယ်ကြီးကို မောင်းတင်လိုက်တာ -

www.burmeseclassic.com

"ဟော့ - ဒါဝက်တောင်းကြီးအစွယ်ချင်းခတ်ပြီး မာန်သွင်းနေတဲ့အသံတွေ၊ တို့ရောက်နေတာ ဒီကောင်ကြီး အနံ့ရသွားပြီ၊ အသင့်သာ ပြင်ထားပေတော့"

တင်ဝင်းက စောရှိမ်းထံမှ ငှားလာခဲ့သော (၅၀၀) နစ်လုံးပြူးရိုင်ဖယ်ကြီးကို မောင်းတင်လိုက်ကာ ဝါးရုံကိုကပ်၍ အသင့်စောင့်နေလိုက်သည်၊

ဝါးတောကြီးတစ်ခုလုံး သိမ့်ခနဲလှုပ်ရှားသွားသလို ဝါးပင်အောက်ရှိ ချုံများထဲမှ လှိုင်းလုံးကြီး ရွေ့လာသလို ချုံများ လှုပ်ရှားသွားပြီးနောက် ခေါင်းမည်းမည်းကြီးက ချုံတောထဲက ဘွားခနဲ ထွက်လာသည်၊ ဝက်တောင်းကြီးဖြစ်သည်၊ ခေါင်းမည်းမည်းကြီးမှာ အစွယ်နှစ်ချောင်းက ဖွေးနေသည်၊

အကွာအဝေးက ဆယ့်ငါးကိုက်လောက်ပင်ရှိမည်၊ သို့သော်ဝက်တောင်းကြီးနှင့် ကျော်စိုးတို့နှစ်ယောက်ကြားတွင်ဝိစပ်ချုံများကဟိုတစ်စုသည်တစ်စုရှိနေသည်၊ ကျော်စိုးတို့က အပေါ်စီးဆင်ခြေလျှောမှ မြင်နေရသောကြောင့် မြင်ကွင်းက ရှင်းနေသည်၊

တစ်ကိုယ်လုံးထွက်လာပြီးနောက် တစ်ကြိမ် ဂွမ်း၊ ဂွမ်း၊ ဂွမ်း ဟု အစွယ်ချင်းခတ်သံကြားလိုက်ချိန်တွင် ကျော်စိုးထံမှ "ဘောင်း" ခနဲအသံကြီးနှင့်မရှေးမနှောင်းပင် တင်ဝင်းထံမှ "ဒိန်း" ခနဲ အသံကြီးပါ ဆက်တိုက်ထွက်လာပါတော့သည်၊

ဝက်တောင်းကြီးက တုံ့ခနဲဖြစ်သွားပြီး "ဂျီ" ခနဲအော်သံကြီးက ရှည်သွားသည်၊ တင်ဝင်းက နောက်တစ်ချက်မောင်းကွင်းကို မနှိပ်မီ ကျော်စိုးထံမှ "ဘောင်း" ခနဲအသံကြီးတစ်ချက်ကို ကြားလိုက်ရပြန်သည်၊ ထိုအခါကျမှ ဝက်တောင်းကြီးသည် နောက်ဘက်ကို နောက်ပြန်လည်ကာ "ဗုန်း" ခနဲ ပစ်ကျသွားသောအသံကြီးကို ကြားလိုက်ရပါတော့သည်၊

ကျော်စိုးက ကျည်တစ်ချက်ပြန်ထိုးပြီး တင်ဝင်းကို လက်ကာပြလိုက်သည်၊ လုံလောက်ပြီဆိုသည့်သဘော၊ ကျော်စိုးတို့နှစ်ယောက် သတိအနေအထားဖြင့် ဝက်တောင်းကြီးရှိရာသို့ ကပ်သွားသောအခါ ဝက်တောင်းကြီးက အကြောဆွဲလျက် ငြိမ်သက်သွားပါတော့သည်၊

ပွဲသိမ်းကျည်ပင်ပစ်ရန်မလို၊ မေးအောက်မှဝင်၍လည်ပင်းကိုဖောက်ကာ ကုပ်ပိုးမှ ထွက်သွားသောကျည်များက ကျော်စိုးကိုင်သော (၃၀.၀၆) ရိုင်ဖယ်ကျည်ရာများဖြစ်သည်၊ တင်ဝင်းပစ်ချက်က တင်ပါးနေရာတွင် တွေ့သည်၊ သေလောက်သောပစ်ချက်မဟုတ်၊

"တင်ဝင်းရေ - ဝိသသာချိန်ကတော့ ...င်တဲ့အတိုင်း ခြောက်ဆယ်လောက် ...ယ်တွေ၊ ဆင်သတ်အရပ်ဝေဆိုသလို ...ခတ်ပြီး တစ်ရွာလုံးတောင် စားလို့ ...န်မှာမဟုတ်ဘူး၊ ဒါပေမဲ့ - စိတ် ...တောင်းစရာကတော့ ဝက်တောင်းကြီး ...ယ်ပေါ်မှာ (၁၂) ဘိုကျည်သုံးနေရာ ...ာတ်ဝင်ထားတာ တွေ့တယ်၊ ဒီကျည် ...ာတ်ကတော့ ဝက်တောင်းကြီးကို ...ပေးသလိုပဲနေမှာပေါ့၊ ဒါကြောင့်မို့ ...နာခဲခဲသလိုဖြစ်နေတဲ့ ဝက်တောင်း ...ာ စောလယ်မှုးလာမယ်ဆိုတာသိ ...ဆောင့်ပြီး ဆော်ထည့်လိုက်တာပဲ"

"ကိုတိုးစိန်သွားခေါ်တုန်းက မလိုက် ...တာ စောလယ်မှူးကသူပစ်ထားဖူးတဲ့ ...ကို သူပဲပြန်ပြီးပစ်ချင်လို့ တို့နဲ့မလိုက် ...ဖြစ်မယ်၊ မြို့ကိုသွားမယ်ဆိုပြီး တစ် ...လှည့်နဲ့ ဝက်တောင်းကြီးနောက်ကို ...တာဖြစ်မယ်"

"အေး - ဟုတ်တယ်၊ ဒါဆိုရင် သူနဲ့ ...သူကိုင်တဲ့ (၁၂) ဘိုကြီးလည်း ရှိရ ...တွေ"

"ဟုတ်တယ်"

ကျော်စိုးက ဝက်တောင်းကြီး၏ ...ကြီးကို လှီးထုတ်လိုက်သည်၊ ...ကြောင်းရင်းက ဝက်တောင်းကြီးသေ ...ပြီးနောက် သိုတဲ့ကြောင့် အနံ့နံပြီး ဝက်တစ်ကောင်လုံး စားမရမှာစိုးသောကြောင့် ဖြစ်သည်၊

ကျော်စိုးတို့နှစ်ယောက် စောလယ်မှူး သေဆုံးသည့်နေရာတစ်ဝိုက်ကိုသေသေချာချာရှာလိုက်တော့မှ အပိုင်းပိုင်းကျိုးနေသော သူ့(၁၂) ဘိုကြီးကို တွေ့လိုက်ရသည်၊ ကျည်အိမ်ထဲမှာတော့ ကျည်က အပြည့်၊ တစ်ချက်မျှ မပစ်ရသေး၊

မုဆိုးဆိုသည်မှာ မိမိပစ်ပြီးသော သားကောင်ကိုမရမနေပြန်ပစ်ချင်သည်မှာ မုဆိုးတို့ရဲ့မာန်ပဲ ဖြစ်သည်၊ ဒါ့အပြင် ဝက်တောင်းကြီးက အရှိန်ခြောက်ဆယ်လောက်ရှိသောကြောင့် အကောင်ကိုဖျက်၍အသားပေါ်ရောင်းပါက အိမ်တစ်လုံးကောင်းကောင်းဆောက်လို့ဝင်ရနိုင်လောက်သည်မဟုတ်ပါလား၊

အရင်းခံက လောဘပဲ ဖြစ်သည်၊ လောဘကြောင့်ပင် မိမိအန္တရာယ်ကို မမြင်ခဲ့သည်မှာ မုဆိုးတို့၏အားနည်းချက်ကလေးတစ်ခုပင်ဖြစ်သည်၊

ကျော်စိုးနှင့်တင်ဝင်းတို့နှစ်ယောက်၏ အပြန်လမ်းက သာယာသလောက် စောလယ်မှူးအတွက်တော့စိတ်မကောင်းစရာတစ်ခုပင်မဟုတ်ပါလား၊ ■

>> မောင်မြင့်မား (ဒိုလ်ကလေး)

www.burmeseclassic.com



**တိရစ္ဆာန်**တို့တွင် လူသားတို့ကဲ့သို့သော တစ်ဦးနှင့်တစ်ဦး အပြန်အလှန် သဘောပေါက် နားလည်စေနိုင်သည့် ဘာသာစကားတစ်မျိုး ရှိပေ၏။ ထိုဘာသာစကားကို “မာဂဓ” ဘာသာဟူ၍ပါဠိကျမ်းဂန်များ၌ ဖွင့်ဆိုသည်။ “မာဂဓ” ဘာသာသည်တိရစ္ဆာန်များတစ်ကောင်နှင့်တစ်ကောင် ပြောတတ်သောစကားဖြစ်သည်ဟုဆိုလျှင်စဉ်းစားစရာအချက်များ တိရစ္ဆာန်အမျိုးအစားမတူသော အသံပင်ဖြစ်၏။ ခွေးက ခွေးလို၊ ကြောင်ကကြောင်လို၊ ကြွက်က ကြွက်လို အော်သံကို ဘာသာပြန်ရန် မဖြစ်နိုင်ဟု အနောက်တိုင်းပညာရှင်များက လက်တွေ့ကောက်ချက်ချသည်။ သို့ရာတွင်လည်း မြန်မာ့ကျမ်းဂန်များဖြစ်သော ရွှေပင် ငါးရာ့ငါးဆယ်နိပါတ်နှင့် အခြားသုတ္တတ ကျမ်းဂန်များတွင်မူ မာဂဓဘောသာနှင့် စပ်လျဉ်းသည့် လူနှင့်တိရစ္ဆာန်တို့ အပြန်အလှန်ပြောဆိုသည့် ဇာတ်ကွက်များစွာရှိပေရာ ထိုကိစ္စကို ယနေ့၌ အငြင်းပွားဆဲပင်ဖြစ်၏။

ဆရာတော်တစ်ပါးကတော့ ရှင်းရှင်းလင်းလင်း ဟောပြ၏။

“လူမျိုးဟူသမျှဟာ ဥပပတ်ဖြစ်လာသော ကပ်ဦးဗြဟ္မာကနေ ဆင်းသက်လာတာကြောင့် အဲဒီဗြဟ္မာတို့ပြောမြဲဖြစ်သော မာဂဓဘာသာတစ်ခုကနေပဲ ခွဲထွက်ပြီးအရပ်ဒေသအလိုက်ဘာသာတွေ့တွေဖြစ်လာကြရတယ်။ ဒါကြောင့်ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာတို့မှာ မာဂဓဘာသာဟာ မူလဘာသာဖြစ်လို့ မြတ်စွာဘုရားဟာလည်း တရားဟောရာမှာ မာဂဓဘာသာဖြင့်ပင် ဟောတော်မူခဲ့တယ် – ဒကာကြီး”

ဤသို့ ဆိုလျှင် လူသားတို့သည် မာဂဓဘာသာစကားကို တတ်ကျွမ်းနိုင်ပါသေး၏လောဟု ယူဆတွေးတောဖွယ်ရာရှိ၏။

အကယ်၍မြန်မာပြည်တွင်ရှိသည်ဆိုပါလျှင် မည်သူယုံပါအံ့နည်း။

တိရစ္ဆာန်များ၏ သဘောသဘာဝ
စိတ်မာတ်ကို သိရှိရင်းနှီးပြီး တိရစ္ဆာန်စကားကို
နားယဉ်သည့် ထူးဆန်းသောလူငယ်ကလေး
တစ်ယောက်အကြောင်း ..

www.burmeseclassic.com

ကျွန်ုပ် ရှေ့နေဖြစ်ခါစက လွန်စွာမှ အမှုလိုက်ချင်နေမိ၏။ လူငယ်တို့ဘာသာဘာဝ ထုံးစံအတိုင်း ထူးထူးဆန်းဆန်း အမှုစွန့်စားရသောအမှုမျိုးကို မျှော်လင့်နေမိ၏။ သာမန်အိမ်ထောင်ရေး၊ ခိုးမှု၊ သတ်မှုများကိုမူ သိပ်စိတ်မဝင်စားလှပေ။ ထိုသို့မဖွယ်မရာ မသင့်သည်ကို မျှော်လင့်နေမိသော ကျွန်ုပ်သည် များမကြာမီမှာပင် တံတောင်ခြင်းနှင့်ကြမ္မာဆိုးသည် အိမ်တိုင်ရာရောက် ဆိုက်ရောက်လာပါတော့သည်။

ထိုနေ့က မိုးသဲသဲမဲမဲ ရွာနေသည်၊ အဖြူရောင်ဆလွန်းကားလှလှတစ်စီးသည် ကျွန်ုပ်နေထိုင်ရာ တိုက်ခန်းအနီးသို့ထိုးဆိုက်လာပြီး ကားပေါ်မှ အသက် (၅၀)ခန့် အစိုးရယူနီဖောင်းဝတ်အရာရှိ တစ်ဦးနှင့်၎င်းနှင့်ရွယ်တူအမျိုးသမီးကြီး တစ်ဦးအပါအဝင် ကျွန်ုပ်၏ မိတ်ဆွေ လုပ်ဖော်ကိုင်ဖက် ကိုတင့်တယ်သည် ထီးကိုယ်စီဆောင်းလျက် ဆင်းလာပြီး ကျွန်ုပ်ရှိရာတိုက်ခန်းသို့ တက်လာကြလေ၏။ ကျွန်ုပ်လည်း နေရာထိုင်ခင်းပေးပြီးမုန့်များနှင့်ရေနွေးဖြင့်ဧည့်ခံကာ လောကဝတ်ပြုရသည်။

"မိုးကြီးလေကြီးထဲမှာလာကြရတာ ပင်ပန်းနေမှာပေါ့ - အန်ကယ်တို့၊ ကျွန်တော် ဘာများကူညီပေးရမလဲ ခင်ဗျ"

ကျွန်ုပ်ကမေးရာထိုပုလိပ်ကြီးသည် ရေစိုနေသော သူ၏နဖူးပြောင်ပြောင်ကို လက်ဖြင့်သပ်ရင်း -

"လာရင်းကိစ္စကတော့အမှုအပ်ချင်လို့ပါ။ မောင်ရင်လေးက ထူးထူးခြားခြား ခက်ခဲတဲ့အမှုတွေ လိုက်ရတာ ဝါသနာပါတယ် ကြားလို့ပါပဲ"

ဟုပြောရာ မိတ်ဆွေကြီး ကိုတင့်တယ်က ဝင်၍ -

"ဒီလိုပါ ကိုဥက္ကာ - ဒီက အန်ကယ်ကြီးက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးစီးအရာရှိပါ။ ဒီဘက်ကတော့ သူ့ဇနီး အန်တီ ဝင်းဝင်းခင်ပါ။ အန်ကယ်ကြီးနာမည်ကဦးစိုးဝဏ္ဏလို့ ခေါ်ပါတယ်၊ လာရင်းကိစ္စကတော့ လူသတ်မှုပါပဲ"

ဟုပြောသဖြင့် ကျွန်ုပ် အနည်းငယ် မျက်လုံးကျယ်သွား၏။

"ဘယ်လိုလူသတ်မှုမျိုးလဲဗျ - ပြောပြပါဦး"

"တိရစ္ဆာန်က လူကို သတ်တဲ့အမှုပါ"

"ဗျာ - ဘယ်လို"

ဦးစိုးဝဏ္ဏ၏စကားကြောင့် ကျွန်ုပ်မှာ အူကြောင်ကြောင်ဖြစ်သွားရ၏။ သူက ဆက်ပြောသေးသည်။



“ဒီကလေးကို ဒီသစ်တောကြီး ဝိုင်းဝန်းကျင်မှာပဲ မွေးမြူထားခဲ့တယ်။ သူဟာ မွေးရာပါဉာဏ်မမီဘူးကွ။ ရူးနေတာတော့ မဟုတ်ဘူး။ သူ့ဦးနှောက်မှတ်ဉာဏ်က တိရစ္ဆာန် တစ်ကောင်လိုပါပဲ။ စာတွေ အများကြီးလည်း မကျက်နိုင်သလို မှတ်စရာတွေကိုလည်း အများကြီး မမှတ်နိုင်ဘူး။

"ဟုတ်ပါတယ်၊ ဦးရဲ့သမီးကို ကျားတစ်ကောင်က ကိုက်သတ်လိုက်လို့ပါကွယ်၊ ဦးမှာ သိပ်ချစ်ရတဲ့ သမီးလေး နှင်းဝတီဆိုတာ ရှိပါတယ်၊ အခုတော့ ကျားကိုက်ခံရပြီး သေဆုံးသွားပါပြီ - သူ - အီး - ဟီး - ဟီး"

ဦးစိုးဝဏ္ဏမှာ စိတ်မထိန်းနိုင်၍ ငိုချလေပြီ။ ဒေါ်ဝင်းဝင်းခင်ကလည်း မျက်ရည်လေး တစမ်းစမ်းဖြင့် သူ့ယောကျ်ားကို နှစ်သိမ့်နေရှာ၏။ သို့သော် ကျွန်ုပ်က ဝင်၍ -

"ကျားကိုက်တဲ့အမှုကို ဘယ်လိုကျွန်တော်က ရှေ့နေလိုက်ပေးရမှာလဲ ခင်ဗျ။ ဒါမျိုးက မရှိဘူးလေ ..."

ဟု ပြောရာ ဦးစိုးဝဏ္ဏက ချက်ချင်း ပင် ပြန်လည်တည်ငြိမ်သွားပြီး -

"ကျားကိုက်ခံရတယ်ဆိုတာ ရိုးရိုး သားသား မဟုတ်ပါဘူး။ လူက ကျားကို ကိုက်ခိုင်းတာပါ"

"ဗျာ"

လူက ကျားကို ကိုက်ခိုင်းသည်ဆိုတော့ ဂေါ်ဇီလာ ဆပ်ကပ်အဖွဲ့က ကျားများလား။ သို့မဟုတ် အောက်လမ်းပယောဂနည်းဖြင့် စေခိုင်းသော တိုက်ကျားများလားဟုတွေးမိ၏။ ထိုအတွေးကိုကိုတင့်တယ်က ဝင်၍ပြောလေ၏။

"ကိုဥက္ကာတွေးနေတာကို ရိပ်မိပါတယ်၊ ကျွန်တော်တို့ အောက်လမ်းမဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com

ဖုံမယ်။ ကဲ - အန်ကယ်ကြီး ဇာတ်လမ်းစုံသာ ပြောပြလိုက်ပေတော့”

ထိုသို့ပြောရာ ကျွန်ုပ်လည်း မှတ်စုစာအုပ်နှင့် ဘောလ်ပင်ကို ယူလိုက်ရ၏။ ဦးစိုးဝဏ္ဏသည် သူ၏ဖြစ်စဉ်ကို စပြောလေသည်။

“ဦးတို့မိသားစုက ရန်ကုန်ကိုတာဝန်နဲ့ ပြောင်းလာတာ မကြာသေးပါဘူး၊ အရင်ကတော့ ရွှေဘိုမြို့ပေါ်မှာ နေကြတာပါ၊ ဦးသမီးလေးက zoology နဲ့ ကျောင်းပြီးတော့ တိရစ္ဆာန်လေးတွေကို လေ့လာချင်တယ်ဆိုတာနဲ့ ရန်ကုန်က လော့ကားတို့၊ တိရစ္ဆာန်ရုံတို့ကို လိုက်ပြပါတယ်၊ ဒါပေမဲ့ - သူက ဗာကယ့်တောအစစ်ထဲက တိရစ္ဆာန်တွေကိုမှ တွေ့ဖူးချင်တယ်ဆိုလာတော့ ရွှေဘိုအနောက်ရိုးမတောဝိုင်းက ဦးသူငယ်ချင်းသစ်တောဦးစီးအရာရှိတစ်ယောက်ကို သွားသတိရမိတယ်၊ သူ့နာမည်က ဦးခင်မောင်စိုးရာတဲ့၊

သူတို့ကအဲဒီတောတောင်နယ်တစ်ဝိုက်မှာ မွေးကတည်းက မျိုးရိုးအဆက်ဆက် အရာရှိဖြစ်လာတဲ့ မိသားစုတွေပဲ၊ သူ့ကို လှမ်းဖုန်းဆက်တော့ သူက လာခဲ့ဖို့ပြောတော့ဦးတို့လည်းသွားကြတာပေါ့။ တိုရောက်တော့ သူ့မှာ လင်းသော်တာဆိုတဲ့ သားတစ်ယောက်ရှိနေတာ တွေ့ရတယ်၊ လင်းသော်တာဟာ ဦးသမီးနဲ့ အသက်ရွယ်တူတယ်၊ ဒါပေမဲ့ - ထူးဆန်းတာက သူဟာ တောရိုင်းတိရစ္ဆာန်တွေနဲ့ အရမ်းရင်းနှီးတယ်၊ တာဇံတစ်ကောင်လိုပဲ၊ ဗလကတောင့်တောင့်၊ ခါးရှည်ရှည်နဲ့၊ ဦးသမီးဟာ အဲဒီလင်းသော်တာနဲ့ သူငယ်ချင်းတွေဖြစ်ပြီး တောပျော်ခဲ့တယ်၊ အချိန်ကလေးနည်းနည်းကြာလာတော့ ဦးလဲရန်ကုန်ပြန်လိုက်၊ တခြားနယ်တွေကို တာဝန်အရသွားလိုက်၊ နေပြည်တော်ဝင်လိုက်နဲ့ မအားတော့ မကြည့်ဖြစ်တော့ဘူး၊ နောက်ပိုင်း သတင်းကြားရတာက ဦးသမီးဟာ လင်းသော်တာနဲ့ ချစ်ကြိုက်နေပြီဆိုတာပဲ၊ ဒီလိုဆိုတော့လည်း သူငယ်ချင်းရဲ့သားမို့ပေးစားချင်ပါတယ်၊ သို့ပေမယ့် ကောင်လေးက ခေတ်ပညာမတတ်တော့ မိဘတစ်ယောက်အနေနဲ့ ကိုယ့်သမီးရဲ့နောင်ရေးကိုစိတ်ပူမိတယ်၊ တစ်နေ့တော့ သူငယ်ချင်း ဦးခင်မောင်စိုးရာဆီ ကိုယ်တိုင်သွားပြီး ဆွေးနွေးမိတယ်ဆိုပါတော့”

ဦးစိုးဝဏ္ဏသည် သူ၏လွယ်အိတ်ထဲမှ လွန်စွာချောမောလှပသော မိန်းမငယ်လေးတစ်ဦး၏ဓာတ်ပုံကို ထုတ်ပြလေ၏။ ကျွန်ုပ်သည် ထိုပုံကိုကြည့်ရင်း သက်ပြင်းချမိသည်။ ဦးစိုးဝဏ္ဏက ဆက်ပြောလေ၏။

***

ရွှေဘိုအနောက်ရိုးမသစ်တောကြီးဝိုင်းအတွင်း ဝန်ထမ်းအိပ်ရာသည် လွန်စွာသာယာလှပနေ၏။ တောနင့်နီးသလို တိရစ္ဆာန်များ ရောက်၍ရောက်၍လာတတ်၏။ သာမန်အားဖြင့် လူတို့ထံ မည်သည့်တိရစ္ဆာန်မျှ လာမည်မဟုတ်သော်လည်း လင်းသော်တာဆိုသော တောပျော်ကလေးကြောင့် တိရစ္ဆာန်ကလေးများ လာနေကြခြင်းပင်တည်း၊ ကွပ်ပျစ်တွင် လက်ဖက်သုပ်စားရင်း . . . လင်းသော်တာကို ကြည့်နေကြသော ဦးစိုးဝဏ္ဏနှင့်ဦးခင်မောင်စိုးရာသည် ရင်းနှင့်ပတ်သက်သမျှ ဆွေးနွေးနေကြ၏။

“ငါ့သမီးနဲ့ မင်းသားကို သဘောတူပါတယ်၊ ဒါပေမဲ့ - ဒီကလေးက ခေတ်ပညာ ဘာလို့မသင်လဲ၊ မင်းကတော့ အရာရှိကြီးဖြစ်နေပြီး သူက ဘာလို့တာဇံတစ်ကောင်လိုဖြစ်နေရတာလဲ၊ ငါတော့ နားမလည်ဘူးကွာ”

ဦးစိုးဝဏ္ဏစကားကို ဦးခင်မောင်စိုးရာက သက်ပြင်းချ၍ -

“မင်းပြောလည်းခံရမှာပဲ၊ ဒီတာလေးဟာတကယ်တော့ ငါ့သားအရင်းတော့ဘူးကွ၊ တောထဲမှာ သူများစွန့်ပစ်သွားလို့ ငါကယ်ဆယ်ထားတာ၊ ငါက အဲဒီအချိန်အိမ်ထောင်ကျပြီးလို့ ပတ်ဝန်းကျင်အထင်အမြင်လွဲမှာမှာ ကြောက်တာနဲ့ ဒီကလေးကို ဒီသစ်တောကြီးဝိုင်းဝန်းကျင်မှာပဲ မွေးမြူထားခဲ့တယ်၊ သူဟာ မွေးရာပါ ဉာဏ်မမီဘူးကွ၊ ရူးနေတာတော့ မဟုတ်ဘူး၊ သူ့ဦးနှောက်မှတ်ဉာဏ်က တိရစ္ဆာန်တစ်ကောင်လိုပါပဲ၊ စာတွေ အများကြီးလည်း မကျက်နိုင်သလိုမှတ်စရာတွေကိုလည်းအများကြီး မမှတ်နိုင်ဘူး”

ဟု ပြောရာ ဦးစိုးဝဏ္ဏ လွန်စွာမှ အံ့အားသင့်သွားလေသည်။

“မင်းဆိုလိုတဲ့သဘောကဒီတာလေးက ပညာသင်လို့ မရနိုင်ဘူးပေါ့”

“ဟုတ်တယ်၊ ဒါပေမဲ့ - ထူးခြားတာက သူဟာ မွေးကတည်းက တောထဲမှာ တိရစ္ဆာန်လေးတွေနဲ့ နီးလာလို့လားမသိဘူး၊ သူဟာတိရစ္ဆာန်စကားကိုနားလည်တယ်”

“ဟေ - ဟုတ်ရဲ့လား”

အထက်ပါစကားကြောင့် ဦးစိုးဝဏ္ဏ အံ့အားသင့်သွားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပင် တောစပ်တစ်နေရာမှ ရေနွေးလင်းသော်တာသည်ကျားကြီးတစ်ကောင်ကို စီးလာရာ ဦးစိုးဝဏ္ဏ ထိတ်ထိတ်ပျာပျာဖြင့် ထပြန်ရန် ပြင်လိုက်၏။ ဒါကို ဦးခင်မောင်စိုးရာက -

"မလန့်ပါနဲ့ကွာ။ အဲဒီကျားက သူ့သူငယ်ချင်းပါပဲ။ ကျားပေါက်ကလေး အရွယ်တတည်းက သူနဲ့ဆော့လာတာ။ အခုလိုမင်းမြင်တဲ့အတိုင်းပဲ ငါ့သားလေးဆောမှာ မျောက်တွေ၊ လှုဝံတွေ၊ သမင်၊ ဒရယ်နဲ့တကွအစုံပါပဲ။ ကြည့်ရတာ စိတ်မချမ်းသာဘူးလား။ တစေယ်တော့ ငါ့သားနဲ့ တိရစ္ဆာန်တွေကြားမှာ ဘာသာစကားတစ်ခုရှိတယ်ကွ။ ငါတပေတွေထဲမှာ ဖတ်ဖူးသလောက်ဆိုရင် မာဂဓဘာသာလို့ခေါ်တယ်။ ငါတို့လိုလူသာမန်တွေ မသိနိုင်ဘူး။ ငါ့သားဟာ ဒီပညာမှာ မွေးရာပါပါရမီရှိခဲ့တယ်၊ ဒီသားရိုင်းတိရစ္ဆာန်တွေကို အန္တရာယ်မပေးအောင် သူ့ဘာသာသူ ပါးစပ်နဲ့ ထိန်းသွားနိုင်တယ်။ ငါ့သားဟာ လူတော်ပါကွာ"

တုံ၍ ရှည်လျားစွာ ရှင်းပြလေ၏။ ဦးစိုးဝဏ္ဏလည်း လွန်စွာမျှ ခန္ဓာကိုယ် တောင့်တင်းပြီး ပေါ့ပါးဖျတ်လတ်သော လင်းသော်တာကို သဘောတော့ ကျမိချေသည်။ သို့သော် ...။

"အင်းလေ - ဒါပေမဲ့ - ငါ့သမီးကို စီးပွားရှာကျွေးနိုင်တဲ့ယောက်ျားနဲ့ပဲစိစဉ် ပေးချင်တယ်ကွာ။ အခုလိုဆိုရင်တော့ မင်းသားနဲ့ ငါ့သမီး မဖြစ်ဘူး။ ဒီတော့ သူတို့ကိုနည်းနည်းဖျောင်းဖျပြီး ခေါ်သွားမယ်။ မင်းလည်း မင့်သားကို ထိန်းပေါ့"

"ငါ့ဘက်ကတော့ငါ့သားကိုမထိန်းတတ်ဘူး။ သူကငယ်ငယ်လေးကတည်းက လွတ်လွတ်လပ်လပ်နေလာခဲ့သလို အရမ်းလဲ လိမ္မာတယ်၊ ဒါကြောင့် သူ့သဘောပဲ။ မင့်သမီးက မခွဲနိုင်ရင်တော့ ငါလဲမသိဘူး - သူငယ်ချင်း၊ ကံစီမံရာပဲ"

ထိုစကားကြောင့် ဦးစိုးဝဏ္ဏသည် တရှူးရှူး တရှဲရှဲဒေါသဖြစ်ကာ ထပြန်သွားတော့၏။ သူ့သမီး ရွှန်းဝတီကမူ ခေတ္တအကြာလာမြဲအတိုင်းရောက်လာပြီး လင်းသော်တာနှင့် ဆော့ကစားခြင်း၊ တိရစ္ဆာန်ကလေးများနှင့် ဆော့ကစားခြင်းပြုသည်၊ လင်းသော်တာသည်ကျားကြီး နီတိုးကို သွားလေရာ ခေါ်သွားလေ့ရှိပြီး အခိပ္ပာယ်ဖော်ရခက်သောစကားမျိုးဖြင့်လည်း ပြောသေး၏။ ကျားကြီးနီတိုးသည် လင်းသော်တာကိုခင်သလို ရွှန်းဝတီကိုပါ ခင်သေးသည်၊ မသိလျှင် လင်းသော်တာကသင်ပေးထားသကဲ့သို့ ရှိ၏။

အခြားသတ္တဝါကလေးများဖြစ်သော မျောက်များ၊ ရှဉ့်များ၊ ဝက်ဝံ၊ လှုဝံသည်တို့မှာ ဝဲကာဝဲကာဖြင့် သေးမဲ့ ဖြစ်နေကြ၏။ ထိုအကောင်လေးများနှင့်သည်၊ လင်းသော်တာသည် မာဂဓဘာသာစကားဟု မှတ်ရသောစကားမျိုးဖြင့် ပြော၏၊ အနီ တိရစ္ဆာန်လေးများမှာ လင်းသော်တာခိုင်းသမျှအကုန်လုပ်ပေး၏။ အသီးအနှံများ ရှာပေးခြင်း၊ ရေခပ်ပေးခြင်းတို့ကို လူသားတို့ပင် လက်ဖျားခါရလောက်အောင် လိမ္မာစွာပြုလုပ်ပေးကြ၏။ ရွှန်းဝတီမှာလည်း ခေတ်ပညာတတ်သမ်ဖြစ်လင့်ကစား တိရစ္ဆာန်ကလေးများနှင့် လင်းသော်တာကို မခွဲနိုင် မခွာရက်ဖြစ်နေရချေပြီ။

တစ်ညတော့ ဖခင် ဦးစိုးဝဏ္ဏက အကြောင်းမရှိဘဲ သူမကို ခေါ်ဆူ၏။

"သမီး - နောက်နေ့ကစပြီး ကြီးဝိုင်းဆဲသွားရတော့ဘူး။ ရန်ကုန်ကို မကြာခင်ပြန်ရမယ်"

"အို - ဖေဖေကလဲ - သမီးနဲ့ကိုလင်းသော်တာနဲ့ ကြိုက်နေတာ သိရက်နဲ့၊ ဘာလို့ဒီလိုလုပ်ရတာလဲ၊ ဖေဖေဖြစ်စေချင်တာကို သမီး နားလည်တယ်၊ သူက ပညာမတတ်လို့မဟုတ်လား၊ ဒါပေမဲ့ သမီး သူ့ကိုပဲယူမယ် - ဖေဖေ၊ သမီးကို မတားပါနဲ့"

"တယ် မိုက်တဲ့ သမီးပေပဲ" ဟု ဦးစိုးဝဏ္ဏ တက်ခေါက်ရုံမှတစ်ပါး ဘာမျှ မတတ်နိုင်။ မကြာခင် ရန်ကုန်ပြန်ဖို့သာ စီစဉ်ရပေတော့မည်။

★★★

သို့သော် တစ်မနက်ခင်းတွင်မှာတော့ ရွှန်းဝတီသည် တည်းခိုရာအိမ်မှ ပျောက်သွား၏။ ဦးစိုးဝဏ္ဏမှာ ချက်ချင်းပင် လင်းသော်တာထံ လိုက်သွားပြီတို့ သဘောပေါက်လိုက်ပြီး ရဲကိုအကြောင်းကြားလိုက်သည်။

အစကတည်းကသူငယ်ချင်းဖြစ်သူ ဦးခင်မောင်စိုးရာက မွေးစားသားဖက်တိုရွှန်းကို တာဝန်မယူသလိုပြောခဲ့ပြီမို့ ယခုလို အခြေအနေမျိုးတွင် ရဲကိုခေါ်တာ မိမိပိုင်ချက်ကားဖြင့် သစ်တောကြီးပိုင်း အစွန်တောစပ်ထဲသို့ မောင်းလေတော့၏။

ထိုအချိန်တွင် သစ်ပင်လင့်စင်ပေါ်၌ လင်းသော်တာနှင့် ရွှန်းဝတီသည် သစ်သီးဝလံများ စားသုံးလျက်ရှိနေပြီ။ ထိုလင့်စင်အောက်၌ကား ကျားကြီးနီတိုး





www.burmeseclassic.com

www.burmeseclassic.com

ဝက်ဝံမလေးလူလူးနှင့်မျောက်များသည် စောင့်လျှက်ရှိကုန်၏။ အဝေးမှ ဂျစ်ကား လာသောအခါ တိရစ္ဆာန်ကလေးများ အသံပေးလိုက်သည်။ ထိုအခါလင်းသော်တာသည် ရွှန်းဝတီကို ခေါ်၍ ဆင်းလာတော့၏။ ဦးစိုးဝဏ္ဏသည် ရဲများနှင့်အတူ ဂျစ်ကားပေါ်မှ အော်ပြော၏။

"ဟေ့ကောင် - လင်းသော်တာ မင်း ငါ့သမီးကို ပြန်လွှတ်လိုက်ပါ။ ငါ မင်းနဲ့ သဘောမတူဘူး။ မင်း ပြန်မလွှတ်ရင် ငါ မင်းရဲ့တိရစ္ဆာန်တွေကို ပစ်ခတ်ရလိမ့်မယ်။ ငါ့မှာ အမဲပစ်လိုင်စင်ရှိတယ်"

ထိုစကားကြောင့် လင်းသော်တာသည် ရွှန်းဝတီအား -

"ရွှန်းရယ် - မင်းကိုတော့ ချစ်ပါတယ်။ ဒါပေမဲ့ - ကိုယ်တို့ကိစ္စလောက်နဲ့ အပြစ်မဲ့တဲ့သတ္တဝါလေးတွေကို မသေစေချင်ဘူး။ မင်း ပြန်ပါတော့"

ဟု ရှော့မော့ပြောသည်။ သို့သော် ခေါင်းမာသောရွှန်းဝတီသည် မပြန်ဘဲ ပေတတ်နေ၏။ ဤသည်ကို ကြည့်၍ စိတ်မရှည်သော ဦးစိုးဝဏ္ဏသည် လက်ထဲမှ ရိုင်ဖယ်ဖြင့် ရမ်းသမ်းပစ်လိုက်တော့၏။

"ဒိုင်း"

"ဂါ..."

ပစ်ခတ်လိုက်သောကျည်ဆန်သည် ဝက်ဝံမလေးလူလူကိုထိသွား၏။ လင်းသော်တာသည် ခါးမှ ဓားမြှောင်ကို ထုတ်၍ ဒေါသမီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ဦးစိုးဝဏ္ဏထံသို့ ပြေးသွားလိုက်၏။ အနောက်မှနေ၍ ကျားကြီးနီတိုးနှင့် အခြားတိရစ္ဆာန်များ ကပါ ညာသံပေး၍ ပြေးဝင်လာကြလေသည်။ ဦးစိုးဝဏ္ဏသည်ကြောက်အားလန့်အားဖြင့် ရမ်းသမ်းပစ်လေတော့ရာ ထပ်မံ၍ကျည်တစ်ချက်သည် သမင်ကလေးတစ်ကောင်ကို ထိသွားပြန်၏။ ထိုအခါ ကျားကြီးနီတိုးကိုလင်းသော်တာက ၎င်းတို့ နားမလည်နိုင်သော ဘာသာစကားဖြင့် အမိန့်ပေးလိုက်ရာ ကျားကြီးနီတိုးသည် ဦးစိုးဝဏ္ဏအား ခုန်အုပ်လိုက်လေ၏။ သို့သော် ထိုသို့သောအချိန်တွင် ကျားနှင့်လူကြားထဲသို့ ဝင်လာသူမှာ -

"ဖေဖေ့ကို မလုပ်ပါနဲ့ - တော်ပါတော့"

ဟူသောအသံနှင့်အတူ ရွှန်းဝတီဖြစ်သည်။ နီတိုးသည် သခင်၏ စေခိုင်းချက်ကြောင့်ဘာကိုမျှမမြင်ဘဲကုတ်ခြစ်ကိုက်ခဲရာမည်သူမျှဆွဲမနိုင်လွဲမနိုင်ဖြစ်ပြီး ဂျစ်ကားပင် မှောက်သွား၏။ (၁၀)

ဒီနှစ်ခန့်အကြာတွင် ဝတ်ဝန်းကျင်တစ်ခုလုံး ဇုန်တထောင်းထောင်း ထသွားပြီး သွားအိုင်ထဲ ကျန်ခဲ့သူမှာကား ရွှန်းဝတီပင်တည်း။

"တင် - သမီး - သမီးလေး"

ရဲများမှာ မှင်တက်အံ့သြနေ၏။ သူတို့သည် သစ်တောကြီးဝိုင်းရဲများဖြစ်သဖြင့် လင်းသော်တာကိုဖမ်းရန်း၊ ကျားကြီး ဝင်ဖမ်းရန်းဖြစ်နေ၏။ ဦးစိုးဝဏ္ဏမှာ သမီးအလောင်းကိုပွေ့လျက် ငိုရှာချေပြီ။ ထိုသို့သောအချိန်တွင် လင်းသော်တာသည် ထူးဆန်းသော စကားတစ်ခွန်းကို ပြော၏။

"ဒီလိုဖြစ်ရတာ ခင်ဗျားကြောင့် ...။ ကျုပ်နဲ့ဘာမှမဆိုင်ဘူး။ ကျုပ်ကိုဖမ်းလို့ ဘဲ ရေသလို၊ ကျုပ်ကျားကိုလဲ ဖမ်းဖို့ ကြိုးစားနဲ့၊ ဒီနေ့ကစပြီး ကျုပ်တို့ ဒီမှာ မနေတော့ဘူး"

ထိုသို့ပြောပြီးသည်နှင့် လင်းသော်တာသည်ကျားကြီးကိုစီးကာ တောအုပ်ထဲသို့ အခြားတိရစ္ဆာန်များနှင့်အတူ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

★★★

ကျွန်ုပ်ရှေ့နေကလေး ဥတ္တာသည် ဦးစိုးဝဏ္ဏပြောပြသောဇာတ်လမ်းကို အစအဆုံးနားထောင်ပြီးနောက်တွင်နား လည်စေရန် အောက်ပါအတိုင်းပြောပြရလေသည်။

"ဒီကိစ္စကို အမှုဖွင့်ဖို့မလွယ်ဘူး။ ဥပဒေမှာက တိရစ္ဆာန်မပြောနဲ့ ရှားနေတဲ့ လူက လူသတ်ရင်တောင် ပလပ်လိုက်ရတာမျိုးရှိတယ်။ အခုကိစ္စမှာက တိရစ္ဆာန်ဆိုတော့ ပိုဆိုးတာပေါ့။ ဦးက ဘယ်သူ့ကို တရားစွဲမှာလဲ၊ တရားစွဲတယ်ထားဦး။ တရားခံက သူသတ်ဖို့ စီစဉ်တာပါလို့ ဝန်ခံမှဖြစ်မှာ၊ မျက်မြင်သက်သေတွေ ကောရှိလား"

"မျက်မြင်သက်သေတော့ သစ်တောကြီးဝိုင်းက ရဲတွေပါပဲ၊ ခင်မောင်စိုးရာကတော့ နေပြည်တော် ရောက်နေတယ် - အခု၊ ဒီတော့ - ဦးတို့ လိုက်သွားပြီး ဒီကောင်ကလေးကို ဖမ်းမယ်၊ ပြီးမှ ရုံးတင်စစ်မေးပြီး ထောင်ချချင်တယ်။ ရှေ့နေကလေး ကူညီပေးပါကွယ်"

"မဖြစ်နိုင်ဘူး"

ကျွန်ုပ်မှာ တစ်ခွန်းတည်းပြတ်ပြတ် ပြောလိုက်သည်။ ထိုစကားကြောင့် ကိုတင့်တယ်က ကျွန်ုပ်အားဝရန်တာသို့ ခေါ်၍တီးတိုးတိုင်ပင်သည်။

"ကိုဥတ္တာက ရှေ့နေတင်မဟုတ်ဘူး ထူးခြားဆန်းပြားတဲ့ကိစ္စတွေမှာ စွန့်စား





www.burmeseclassic.com

www.burmeseclassic.com

ရထားပါသနာပါတယ်လို့ကြားဖူးတယ်။ ဒီကိစ္စမှာလည်း ဖြစ်နိုင်ရင် ကူညီပေးပါ လားများစရိတ်စကအားလုံးတာဝန်ယူပါတယ်။ အောင်မြင်ရင်လည်း အန်ကယ်ကြီးတို့က သိန်းဆယ်ဂဏန်း ကန်တော့မှာပါ။ လုပ်ပါ - လက်ခံပေးပါ"

ကိုတင့်တယ်၏စကားကြောင့် ကျွန်ုပ်သည် စိတ်ဝင်စားသွားမိ၏။ တိရစ္ဆာန်စကား နားလည်သော ကောင်လေးတစ်ယောက်၊ ထူးခြားလှသည့်ရွှေဘိုအနောက်ရိုးမတောမှသားရဲတိရစ္ဆာန်များတို့တွေ့ရင်းကျွန်ုပ်သည်နောက်ဆုံး၌ခရီးထွက်ရန် ခေါင်းညိတ်လိုက်ပါတော့၏။

***

များမကြာမီပင် ကျွန်ုပ်သည် ရွှေဘိုသို့ ရောက်ပြီး ဟိုတယ်တစ်ခု၌ ခေတ္တတည်းခိုကာ အနားယူ၏။ လမ်းတစ်လျှောက်လုံး ကားလမ်းတွေက ကြမ်းလှ၏။ ယခင်ကတည်းက ကြမ်းလာသော လမ်းသည် ယခုလည်း ကြမ်းနေဆဲမို့ အံ့ဩမိသည်။ မည်သူ့ပြင်ပါအံ့နည်း။

ညဦးပိုင်း၌ ရွှေဘိုမြို့ဟောင်းစေတီသို့ဝင်ကာ ဘုရားဖူးပြီး ထိုညကို ကောင်းစွာအိပ်စက်ခဲ့၏။ နံနက်လင်းသော် ဦးစိုးဝဏ္ဏတို့ရောက်လာပြီး ကျွန်ုပ်အား -

"ဦးကအဲဒီ့သစ်တောကြီးပိုင်းအထိ မလိုက်တော့ဘူး။ ဘာလို့လဲဆိုတော့ ဦးလိုက်လာရင် ခင်မောင်စိုးရာက သူ့သားနဲ့ပတ်သက်တဲ့ပြဿနာဆိုပြီး သူ့သားကိုရှောင်ပုန်းခိုင်းနေမှာ။ ဟိုကောင်က တောထဲမှာနေပေမယ့် သူ့အဖေနဲ့တော့အဆက်အသွယ်ရှိမှာပဲ။ ဒါကြောင့် ရွှေနေကလေးနဲ့ မောင်တင့်တယ်ပဲ သွားကြပါ။ လမ်းပြဖို့ မုဆိုးတစ်ယောက် ခေါ်လာတယ် - ဒီမှာ"

ဟုဆိုကာ သူ့နောက်မှအသားညိုညို ခန္ဓာကိုယ်တုတ်တုတ်လူတစ်ယောက်ကို မိတ်ဆက်ပေး၏။ ထိုသူက ကျွန်ုပ်အား ဦးညွှတ်အရိုအသေပေး၍ -

"ကျွန်တော့်နာမည်က မင်းဟန်ပါ။ ဒီခရီးရဲ့လုံခြုံရေးအတွက် ဘာမှမပူပါနဲ့။ ကျုပ် ဒီတရားခံကို ရအောင်ဖမ်းနိုင်အောင် စီစဉ်ထားပါတယ်၊ ဒီကောင် လင်းသော်တာကို ကျုပ်ကိုယ်တိုင်က မုန်းနေတာဗျ"

ဟု ဆိုရာ ကျွန်ုပ်က စိတ်ဝင်စားစွာ ပြန်မေးလိုက်၏။

"နေပါဦး - ခင်ဗျားက ဘာလို့ ဟိုကောင်ကို မုန်းနေရတာလဲ"

"ဟာ - ဒီကောင်က ကျုပ်သား ကောင်ဖမ်းတိုင်း ဝင်ဝင်နှောင့်ယှက်နေတာလေ၊ သူက တိရစ္ဆာန်ချစ်တဲ့သူ၊ ကျုပ်က မုဆိုး။ ဘယ်တည့်မလဲဗျာ။ ခဏခဏ ပြဿနာတက်ခဲ့တာပေါ့၊ ကျုပ်လဲ အခွင့်ရမှ ဆော်မယ်ဆိုပြီး မှတ်ထားတာ ... အခုမှပဲ - ဟင်း - ဟင်း"

ကိုမင်းဟန်စကားကြောင့် ကျွန်ုပ် ... ပြုံးလိုက်မိ၏။ ရန်သူသည် တကယ်တော့ လောကသဘောအရကြည့်လျှင် အဖြစ်မဲ့သောတိရစ္ဆာန်လေးများ၏ မိတ်ဆွေသူတော်ကောင်းပင် ဖြစ်နေပေပြီ၊ ... တယ်တော့ . . . ကျွန်ုပ်တို့ကသာ ... သိုလ်တွေကြီးနေခြင်းဖြစ်၏။ တစ် ... သားမှာမူ တောထဲတောင်ထဲ အေး ... နေရာနေပြီဖြစ်၏။ မည်သို့ပင်ဖြစ် ... ကျွန်ုပ်တို့ ခရီးဆက်ခဲ့ကြလေ၏။

များမကြာမီကာလမှာပင် သစ် ... ဦးစီးအရာရှိ ဦးခင်မောင်စိုးရာ၏ ... သို့ ရောက်ရှိပြီး ၎င်းနှင့် တွေ့ဆုံ ... သည်။ ဦးခင်မောင်စိုးရာသည်ကျွန်ုပ် ... သိရာ သူ့သားအတွက် စိုးရိမ် ... တော့ အနည်းငယ်ဖြစ်ပြီး ညှိနှိုင်း ... ပြောသည်။

"ဒီကိစ္စမှာဦးရဲ့သားကမှားတယ်လို့ ... သလိုမုန်းတယ်လို့လည်းမမြင်ပါဘူး။ ဥပဒေအရ အရေးယူနိုင်ပါတယ်။ သို့ပေမဲ့ - ဦးရဲ့သားလေးဟာ သူတော်ကောင်းလေးပါ။ မောင်ရင်လေးအနေနဲ့ မှုမှုတတ လုပ်ပေးဖို့ ဦးက တောင်းဆိုချင်ပါတယ်။ ဦးလည်း နေပြည်တော်ပြန်လာတာ မကြာသေးဘူးကွဲ့"

ထိုအခါ ကျွန်ုပ်က ပြန်၍ -

"ဟုတ်ပါပြီလေ၊ အဲဒါဆို - သူရှိမယ့်နေရာကို ပြောပြနိုင်မလား၊ ကျွန်တော် သူနဲ့တွေ့ပြီးစကားပြောချင်ပါသေးတယ်။ ရှန်းဝတီသေဆုံးတဲ့ကိစ္စအတွက် အမှန်တရားကို သိချင်တာပါပဲ"

ဟု ပြောရာ မုဆိုး ကိုမင်းဟန်သည် အံတကြိတ်ကြိတ်ဖြင့် ကျွန်ုပ်ဘေးမှ ပွစ်ပွစ် ရေရွတ်နေ၏။

"တွေ့လို့ကတော့ သင်း မလွယ်ဘူး မှတ် - ဟင်း - ဟင်း။ အရှင်ဖမ်းလို့မရရင် အသေဖမ်းမယ်"

ထို့ကြောင့် ကျွန်ုပ်က ၎င်းအား သတိပေးရသေး၏။

"ကိုမင်းဟန် - ကျုပ်တို့က အမဲလိုက်ထွက်လာတာမဟုတ်ဘူးနော်၊ တရားခံရှာမှာ၊ ခင်ဗျား ဒေါသတွေ အသာလျှော့စမ်းပါဗျာ၊ တစ်မှုကနေ နှစ်မှုဖြစ်နေပါမယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ပြောလိုက်မှသာ ကိုမင်းဟာန်လည်း ငြိမ်သွားတော့၏။

ထို့နောက်ပင် ဦးခင်မောင်စိုးရာသည် သူ့သားလင်းသော်တာရှိသည့်အရပ်သို့ ညွှန်လိုက်ရာ ကျွန်ုပ်တို့မှာ ခရီးဆက်ခဲ့ကြပြန်၏။

တောသို့ဝင်၊ တောင်သို့တက်၊ ချောင်းကိုကူးပြီး လင်းသော်တာကို ရှာကြရသည်။ အမှန်တော့ ကျွန်ုပ်၏ရှေ့နေ အလုပ်နှင့် ဘာမှမဆိုင်ပါချေ။ ဝါသနာပါ၍သာ ဤစွန့်စားခန်းထွက်နေရခြင်းပင်ထည်း။ တောတောင်သဘာဝ ကျေးငှက်သာရကာများကို မြင်ရ၍ တစ်မျိုးတစ်ဖုံ တော့ စိတ်ချမ်းမြေ့မိသည်။ ရန်ကုန်တွင် နေ့စဉ်နှင့်အမျှ ဘတ်စ်ကားလမ်းများ ပိတ်ဆို့ခြင်း၊ ဆီကြော်နံ့မျိုးစုံကို ရှူရင်း ကြီးပြင်းလာခဲ့သူအဖို့ တောကားလွန်စွာ မှပင် အေးချမ်းလှတော့သည်။ ကျွန်ုပ်တို့သည် (၆)နာရီမျှ ခရီးနှင်ပြီးသော် လွန်စွာ မှကြီးမားသော လှိုဏ်ဂူကြီးတစ်ခုကို တွေ့ရ၏။ ထိုလှိုဏ်၏အောင်းတွင် သစ်လုံးအိမ် တလေးတစ်လုံးကို တွေ့ရပြီး ထိုသစ်လုံး အိမ်ရှေ့တွင်အသက်(၂၀)ကျော်ကောင် လေးတစ်ယောက်သည် တိရစ္ဆာန်များ နှင့် ဆော့ကစားသတ်ပုတ်နေသည်ကို တွေ့ရ၏။ ၎င်းသည် လင်းသော်တာပင် ဖြစ်လိမ့်မည်ဖြစ်ပြီး ကျွန်ုပ်တို့ကို တွေ့သောအခါ မျောက်များကို တစ်စုံတစ်ရာ ပြောလိုက်၏။ မျောက်များသည် ကျွန်ုပ် တို့ရှိရာသို့ သစ်ပင်များပေါ်မှ လွှားခနဲ ခုန် ပျံလာကြပြီး ကျွန်ုပ်၏ရှေ့၌ ရပ်နေကြ သည်။ ပြီးသော်–ကျွန်ုပ်လက်ထဲမှ ခရီး ဆောင် အိတ်ငယ်လေးကို ဆွဲယူကာ လင်းသော်တာထံသို့ ပြေးသွားသည်။ ဧကန္တ–ကြိုဆိုသည့်သဏ္ဍာန်ပြုပုံရ၏။ အင်မတန်လိမ္မာလှသော သားရိုင်း တိရစ္ဆာန်လေးများပင်တည်း။

"ညီလေးက လင်းသော်တာမှတ် တယ်"

"ဟုတ်ပါတယ် ခင်ဗျ၊ အစ်ကိုတ ဘယ်သူပါလဲ၊ အဖေလွှတ်လိုက်တာ လား"

သူ၏အောင်တွင် (၄)တောင်ခန့် ကျားကြီးတစ်ကောင်ကကြောင်ကလေး ပမာ ငုတ်တုတ်ထိုင်လျက် ကျွန်ုပ်နှင့် ကိုမင်းဟာန်ကို ကြည့်နေသည်။ မုဆိုး ကိုမင်းဟာန်သည် ရိုင်ဖယ်ကိုလက်မှမချ ဘဲ ပြူးတူးပြဲတဲ ထိတ်လန့်နေ၏။ ကျွန်ုပ် သလာရင်းကိစ္စကို ပြောပြရာ လင်းသော် တာက တွပ်ပျစ်ပေါ် ထိုင်စေပြီး သစ်သီး များဖြင့် ဧည့်ခံ၏။

"အခု လာရတဲ့ ကိစ္စ ကတော့ ဦးစိုးဝဏ္ဏရဲ့သမီး ရွှန်းဝတီကို ကျားနဲ့ ကိုက်သတ်တဲ့ကိစ္စပါပဲ"

ကျွန်ုပ်သည် ထိုသို့အစချီလျက် ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြရာ လင်းသော်တာသည် မျက်မှောင်ကြုတ် လျက် အံကိုကြိတ်တာ ခေါင်းငိုက်စိုက် နားထောင်နေ၏။ မုဆိုးမင်းဟာန်က ကျွန်ုပ်နားအနီးသို့ကပ်၍–

"ဒီကောင်ယီးတီးယားတားလုပ်ရင် ချုပ်ပစ်လိုက်မှာနော်–ရှေ့နေလေး"

ဟုပြောရာကျွန်ုပ်ကလက်ကာပြပြီး ရှေ့ရသေး၏။ လင်းသော်တာသည် ခင် ဦးစိုးဝဏ္ဏပြောပြခဲ့သော အတ် ကြောင်းအစုံကို နားထောင်ပြီးနောက်–

"ခင်ဗျား ဇာတ်လမ်းမှားနေပြီ၊ ရှေ့နေလေးစိုးဥက္ကာ"

ဟုပြောရာကျွန်ုပ်လည်းမတော်တတ် လိုက်ပါ၏။

"ဘာမှားလို့လဲ၊ ညီလေး။ ဦးစိုးဝဏ္ဏ ဆိုမင်းရဲ့ကျားက ကိုက်သတ်တာ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ကျုပ်ရဲ့ကျားကကိုက် သတ်တာ မှန်တယ်။ ကျုပ်ကိုယ်တိုင် သတ်ခိုင်းတာပဲ။ ဒါပေမဲ့–ရွှန်းဝတီဟာ ဦးစိုးဝဏ္ဏရဲ့သမီးမဟုတ်ဘူး။ သူ့ရဲ့မယား ငယ်ပဲ"

"ဘာ"

ကျွန်ုပ်နှင့်မုဆိုးကြီးမှာ လွန်စွာမှအံ့ အားသင့်သွားရ၏။ ကျားကြီးနီတိုးသည် တစ်ချက်မျှဟိန်းလိုက်ရာလင်းသော်တာ က ကျွန်ုပ်တို့နားမလည်သော တိရစ္ဆာန် အသံဖြင့်၎င်းနီတိုးကိုတခြားတစ်နေရာ တွင် သွားထိုင်ခိုင်းလိုက်၏။ ထိုအခါ ကျားကြီးမှာ ကြောင်ကလေးပမာ ထွက် ခွာသွားလေ၏။ လင်းသော်တာက ဆက် ပြောသည်။

"ဖြစ်ရပ်အမှန်က ဒီလိုဗျ။ လွန်ခဲ့တဲ့ (၂)လလောက်က ကျွန်တော်က အဖေ့ရဲ့ သစ်တောကြီးပိုင်းထဲမှာပဲ နေခဲ့တယ်။ တစ်နေ့တော့ ရွှန်းဝတီဆိုတဲ့ကောင်မ လေးတစ်ယောက် တောထဲကိုရှာနီးရှာ စပ်တာအဖော်တွေဖြံ့ပြီးအလည်ရောက် လာတယ်။ ကျွန်တော်နဲ့ရင်းနှီးသွားတော့ လိုရင်းပြောရရင် သူမနဲ့ ကျွန်တော် ချစ် သူဖြစ်ခဲ့တယ်။ အဲဒီ့အချိန်ထိ ရွှန်းဝတီ ဟာ အိမ်ထောင်ရှိမှန်း ဖွင့်မပြောခဲ့ဘူး





www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုယ်သူ အထိုလိုဟန်ဆောင်ပြီးနေခဲ့တယ်။

တစ်နေ့တော့ ကျွန်တော်ဟာ သူမနေတဲ့အိမ်ကို လိုက်လည်မယ်လို့ပြောတော့ ကျွန်တော့်ကို အကြောက်အကန် တားတယ်ဗျ။ ဒါနဲ့ - ကျွန်တော်လည်း မသင်္ကာဖြစ်ပြီး တစ်ညတော့ ကိုယ့်ချစ်သူကိုတွေ့ချင်တဲ့စိတ်နဲ့ကျားကြီးနီတိုးကို ခေါ်ပြီးအသွား ဦးစိုးဝဏ္ဏနဲ့ ရွှန်းဝတီဟာ အိပ်ရာထဲမှာ ဖောက်ပြန်နေတာ တွေ့လိုက်ရတော့ ကျုပ်လဲ ဒေါသထွက်ပြီး အရှန်းရှုတ်သွားတာပေါ့။ ဒါကို နီတိုးက လည်းမြင်တော့ ထကြိုး ဟိန်းတယ်လေ၊ သူတို့လန့်ပြီး အိမ်ထဲက ထွက်အလာ ကျုပ်တာ အဝတ် ကပိုကရိုဖြစ်နေတဲ့ အသိုးကြီးနဲ့ရွှန်းဝတီကိုကြည့်ပြီး ဒေါသ အလျောက် နီတိုးကို စေခိုင်းမိပါတယ်။ ဒီလိုနဲ့နီတိုးဟာ ရွှန်းဝတီကို ကိုက်သတ်လိုက်တော့တယ်။ အဲဒီ့အဖြစ်လဲဖြစ်ပွားပြီးရော ကျွန်တော်လည်း ရှာစွန်ကနေ တောအုပ်ထဲ ပြောင်းရတော့တာပါပဲ။ ဦးစိုးဝဏ္ဏကရဲတိုင်ပြီး ကျုပ်ကျားကို ဖမ်းသတ်မယ်ပေါ့။ ဒီလိုတော့ ဘယ်ဖြစ်မလဲဗျ ပြီးတော့ - ကျုပ် သိရသလောက်ဆို ဦးစိုးဝဏ္ဏမှာ မယားကြီးရှိသေးတယ်တဲ့၊ သူနဲ့ကျွန်တော့် အဖေဟာ ဘာမှမရင်းနှီးပါဘူး။ သူကလုပ်ကြံဖာတ်လမ်းဆင်တာပါ။ ဒါပါပဲ။ ဦးစိုးဝဏ္ဏလိုလူမျိုးတွေဟာ မယားတွေ ထပ်ယူဦးမှာပါပဲ။ ကျုပ်က တော့ မျက်နှာများတဲ့မိန်းမတစ်ယောက်ကို ပညာပေးလိုက်တာပါ၊ ဖမ်းမယ်ဆိုလည်း မျက်မြင်သက်သေနဲ့ ဥပဒေလို အပ်တယ်လေ”

လင်းသော်တာ စကားဆုံးသော အခါသူ့စကားကိုမျောက်ကလေးများက တတွတ်တွတ်နှင့် ထောက်ခံသမှုပြုနေကြ၏။ ဤကိစ္စကို တရားစွဲရန်မှာ မလွယ်ချေ။ ပြီးတော့ - သဘာဝအရကြည့် လျှင် ဦးစိုးဝဏ္ဏတို့ဘက်မှ မှားခဲ့ခြင်းပင်တည်း။ ကိုယ့်မယားကိုယ် နိုင်အောင်မထိန်းနိုင်သဖြင့်တစ်ပါးသူ၏သားသမီးဒုက္ခရောက်ရခြင်းဖြစ်၏။ ဒီတော့ ကျွန်ုပ်က -

“အေးလေ - မင်းအခုလိုဝန်ခံတော့လဲ အစ်ကို့အနေနဲ့ စီစဉ်စရာရှိတာ စီစဉ်ရတာပေါ့။ ဒါပေမဲ့ - အမှုဖွင့်မယ်ဆိုမင်းရဲ့ တိရစ္ဆာန်လေးတွေ အဖမ်းခံရပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ပို့မှာနော်”

ဟုပြောရာ လင်းသော်တာက တဟားဟားရယ်၍ -

“အဲဒီ့လိုဆိုရင် ခင်ဗျားတို့ပြန်လမ်းရှိတော့ဘူးလေ”

ဟု ပြောရာ မုဆိုးမင်းဟန်မှာ သေသတ်မောင်းရှိန်ပြီး လင်းသော်တာကိုထိုးချိန်လိုက်တော့၏။

“ဟာ - ကိုမင်းဟန် - မလုပ်နဲ့၊ လုပ်နဲ့ - မှားမယ်”

“အသာနေ - ကိုဥက္ကာ။ ဒီကောင် တိရစ္ဆာန်စိတ်ပေါက်နေတာ ကြာပြီ။ မှားမှား - သေပေတော့”

“ဒိန်း - ဒိန်း”

ရုတ်တရက်ဆိုသလိုပင်ကိုမင်းဟန်မှ သေနတ်သံနှစ်ချက် ထွက်သွား၏။ သော် တစ်ချိန်တည်းမှာပင် ကျားကြီးက ကိုမင်းဟန်ကို ခုန်အုပ်လိုက်ရာ ညည်ဆန်မှာ လွဲသွားလေ၏။

“ဝေါင်း - ဂရူး”

ကျားနှင့် လူသည် လုံးထွေးသတ်ပုတ်ရင်း နောက်ဆုံး ကိုမင်းဟန်သည် ဒဏ်ရာရခဲ့ဖြင့် စုတ်ပြတ်သတ်သွား၏။ လင်းသော်တာက -

“ရှေ့နေလေး - ပြန်ပါတော့။ ကျုပ် ကောင်တွေက ရှေ့နေလေးကို ရန်မူမယ်။ ကျုပ်လဲ တောပြောင်းတော့မယ်”

ဟု ဆိုကာ နီတိုးကို ခေါ်လိုက်၏။ ပါးစပ်၌ သွေးများစွန်းနေသော နီတိုးသည် ကျွန်ုပ်ကိုပါ ကိုက်ရန် မာန်ဖီနေ၏။

“ဝေါင်း”

“အမယ်လေး”

လင်းသော်တာက ဝင်ထိန်းပြီး နီတိုး၏ ကျောကုန်းပေါ် စီးလိုက်၏။ အခြားတိရစ္ဆာန်ကလေးများပါ သူ့နောက်လိုက်သွားကြကုန်၏။

“သွားပြီဗျို့ ကိုဥက္ကာရေ။ ခင်ဗျားလို စိတ်ကောင်းရှိတဲ့ရှေ့နေတွေ များများပေါ်ပါစေဗျာ။ ကံမကုန်ရင် ဆုံဦးမှာပေါ့”

လင်းသော်တာသည် နှုတ်ဆက်စကားပြောပြီး ကျားကြီးကိုစီးကာ လှိုဏ်ကြီးထဲ ဆင်းသွားလေတော့သည်။ ကျွန်ုပ်သည် သည်းထိတ်ရင်မောဖြစ်ရပ်များကို မြင်လိုက်ရသဖြင့်ကတုန်ကယင်ဖြစ်ကာ ဘာမျှမပြောနိုင်တော့ဘဲ အရိုင်းတောင်လေးများနှင့် လူသားအရိုင်းလေး လင်းသော်တာကိုသာ ငေးကြည့်ကုန်ခဲ့မိ၏။

တောကားပုံမှန်ပင်အေးချမ်းနေ၏။ ကျွန်ုပ်၏မျက်လုံးထဲတွင် မယားထိ မားကြည့်ဆိုသော ဦးစိုးဝဏ္ဏ၏လှည့်ကွက်ကို မြင်မိပြီး သက်ပြင်းချလိုက်သည်။ အဝေးသို့ ရောက်သွားသော တိရစ္ဆာန်

www.burmeseclassic.com

အရှိုင်းလေးများနှင့် လူသားတို့မေတ္တာတရားကို ကြည့်ရင်း ကြည့်ရင်း မေတ္တာတရား၏ကြီးမားကျယ်ပြန့်ပုံကိုယုံကြည်မိတော့သည်။

အဝေးသို့ ရောက်သွားသော ကျားကြီးနီတိုးသည်တောင်ကမူကလေးတစ်ခုပေါ်အရောက်၌ ကျွန်ုပ်အား ငေး၍ပြန်ကြည့်နေပါသေးတော့သည်။

(သဒ္ဒါအားဖြင့် အမြင်ရှင်းပါစေ။)

➢➢ ဝေယံသိန်း

## ဆေးမြီးတိုများ

▶ ဒူလာသရောနာ

ဆီးဖြူသီး၊ နနွင်းဥကြီးနှစ်ပါး အမှုန့်ကြိတ်၍စားပါ။ (ဆီးသွားရာ အခါခါ ကိုက်ပြီး အဖြူဖတ်များပါသော ရောဂါ)

▶ ဒူလာသွေးဝမ်းကျ

ဆီးဖြူသီးခြောက်ကို ငါးရှဉ့်သားနှင့် ချက်စားပါ။

▶ ဒူးခေါင်းကြီးရောဂါ

ခရာရွက်ကို ဆီသုတ်၍ မီးကင်ပြီး ခပ်နွေးနွေးကပ်၍ စည်းပေးပါ။

▶ နားကိုက်

ပင်လယ်ကသစ်ပွင့်သတ္တုရည်ကို နားထဲသို့ခတ်ပါ။



ဘဝဒုခမော

www.burmeseclassic.com

**နံ့နက်** စောစောစီးစီး အေးအေးချမ်းချမ်းနှင့် အိပ်လို့ကောင်းနေတုန်းမှာပဲ ထောင်ဖွင့်ဝင်ရဦးမှာပါလားဆိုသည့် အတွေးဝင်လာသည်ကြောင့်အိပ်နေရာ တနေ ကပျာကသီထလို့ မျက်နှာသစ်၊ သွားတိုက်ပြီး ကျောက်ပျဉ်ပေါ်မှာသနပ်ခါးသွေးလို့ မျက်နှာပြင်ပေါ်မှာ ခပ်ကြမ်းကြမ်းလေး ပွတ်တိုက်လူးလိုက်တယ်။

နံ့နက်စောစောပေမယ့် ကိုယ်က သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်းနေတတ်သူဆိုတော့ ဖြစ်ကတတ်ဆန်း မနေတတ်၊ မထိုင်တတ်ဘူးလေ၊ ခုလို မျက်နှာပြောင်မှာ သနပ်ခါးရည်ကြဲလေးတို့သွားပွတ်တဲလေးနဲ့ညီညာအောင်ညှိလိုက်ပြီး မှန်နဲ့သာ ခြယ်ကာသလိုက်တယ်ဆိုတော့ ကြည့်ကောင်းသွားတာပေါ့။

နောက် ယူနီဖောင်းအကျီလေး တောက်ဝတ်ပြီး အောက်ပိုင်းကို ကာကီရောင်စကတ်လေးစွပ်လိုက်တယ်၊ အားလုံး အဆင်သင့်ဖြစ်သွားတော့မှ ဖိနပ်ချွတ်မှာလေဒီရှူးလေးကို ကောက်စီးပြီး ထောင်ရှေ့တန်းစီကွင်းဆီ ကတိုက်ကရိုက် အပြေးအလွှား သွားခဲ့ရတယ်။

လက်မှာပတ်ထားသည့် ရိုးလက်စ်မိန်းမပတ်နာရီလက်တံကို ကြည့်လိုက်တော့ နံ့နက်ငါးနာရီထိုးဖို့ ဆယ့်ငါးမိနစ်လိုနေသေးတယ်၊ ဒါကြောင့်လည်းအချိန်ရှိတုန်း လှဲ့လစ်ကိုက်နိုင်မှ တန်ကာကျမယ်၊

ထောင်ရှေ့မှာဖွင့်ထားသည့်ထောင်ကင်တင်းဆိုင်ထဲကို အပြေးလေး ဝင်သွားပြီး လက်ဖက်ရည်ပါဆယ်နှစ်ထုပ်မှာလိုက်ပြီးပလာတာနှစ်ချပ်ကိုအလျင်အမြန်မှာလိုက်တယ်၊ပြီးမှထောင်ရှေ့အားမှာ ရောင်းနေသည့် . . . ပဲပြုတ်သည် ဒေါ်အုန်းဆီက ပဲပြုတ် အစိတ်သား ဝယ်လိုက်တယ်။

နံ့နက်ထောင်ဖွင့်ချိန်မှာထောင်ရှေ့တန်းစီကွင်းနေရာဝယ် ဝန်ထမ်းများတန်းစီကြဖို့နေရာယူစောင့်ဆိုင်းနေကြတယ်။ နံ့နက်ငါးနာရီအချိန်မှာတာဝန်မှူးက ဦးဆောင်ပြီး နိုင်ငံတော်အလံကိုအလေးပြုလို့သစ္စာလေးချက်ဆိုရတယ်။

အားလုံးပြီးစီးသွားတော့မှ တန်းစီနေသည့် ဝန်ထမ်းအားလုံးသည် နှစ်ယောက်တစ်တွဲစီ တန်းစီလျက် (Fall-ing)ထောင်တံခါးကြီးထဲကို ဝင်ရောက်ကြတယ်၊ အကျဉ်းထောင်တံခါးကြီးနှစ်ချပ်ကိုဖွင့်လိုက်ပြီး နံ့နက်ထောင်ဖွင့်အဖွဲ့ ဝန်ထမ်းအားလုံးတံခါးကြီးထဲဝင်ရောက်သွားကြတယ်။

ထောင်တံခါးမကြီးထဲကို ဝန်ထမ်းအားလုံး စုံစုံညီညီ ရောက်သွားချိန်မှာ ထောင်တံခါးကြီးကိုပိတ်လိုက်ပါတယ်၊ အကြောင့်လည်းဆိုတော့ ထောင်ကြီးထဲကိုဝင်ရောက်ကြမည့် လူအားလုံးကို နေ့စဉ် တံခါးကြီးအတွင်းမှာ ရှာဖွေရေး (ဘလာစီခြင်း)ကိုပြုလုပ်ဆောင်ရွက်ပါတယ်။

တံခါးကြီးတာဝန်ကျဝန်ထမ်းများက ထောင်ထဲကို ဝင်ရောက်ကြမည့် အမျိုးသားဝန်ထမ်းများကို အမိကထားဘလာစီကြပါတယ်၊ အမျိုးသမီးတာဝန်ကျဝန်ထမ်းများမှာ လေးငါးခြောက်ယောက် သာရှိ၍ အင်အားများသောယောက်ျားဝန်ထမ်းများကိုသာ အမိကထားရှာဖွေကြပါတယ်၊

ဒီလို တံခါးကြီးထဲမှာ ရှာဖွေကြရတာလည်း အကျဉ်းထောင်ထဲတို့ တားမြစ်ထားသည့်ပစ္စည်းများ မဝင်ရောက်နိုင်အောင် တားဆီးကာကွယ်ခြင်းဖြစ်ပါတယ်၊ တရားမဝင် တားမြစ်ပိတ်ပင်ပစ္စည်းဆိုတာကလည်း ဘိန်း၊ အရက်၊ စာရေးစက္ကူ၊ဘောလ်ပင်၊ငွေကြေးတို့တို့ တရားမဝင် သွင်းယူခြင်းကို တားဆီးသည့်အနေဖြင့် ရှာဖွေရေးပြုလုပ်ခြင်းပါ။

ခုလိုနံ့နက်စောစော ထောင်ဖွင့်ဝင်ရချိန်မှာ ထောင်ပိုင်ကြီးက တာဝန်မဝင်ရသေးတော့တာဝန်မှူးတို့ကပဲဦးဆောင်ကြီးကြပ် ဆောင်ရွက်ပါတယ်၊ နေ့စဉ်ထောင်ဖွင့်ထောင်ပိတ်ကို နှစ်ဆိုင်းခွဲထားပြီး ထောင်မှူးကြီးတစ်ဦးစီနှင့် ထောင်မှူးများ အကြပ်တပ်သားများပါဝင်ပါတယ်၊

ယမန်နေ့ညနေပိုင်းကထောင်ပိတ်သွားသည်ကိုယနေ့နံ့နက်မှာထောင်ဖွင့်မည့် အဖွဲ့က တာဝန် ယူရပါတယ်၊ ဒါကြောင့်ထောင်ဖွင့်ထောင်ပိတ်တာဝန်ကို တစ်ရက်ခြားစီ တာဝန်ထမ်းဆောင်ကြရပါတယ်၊

ခုလို ထောင်ဖွင့်ဝင်ရသည့်နေ့ဆို ထောင်တံခါးကြီးအတွင်းမှာ ဗိုလ်စိစ်တိုက်ရှာကြတာ၊ တံခါးဝန်ထမ်းတွေက

ထောင်ကျပြစ်ဒဏ်သမားကဲ့သို့ပင်
ထောင်ထဲမှာပင် တစ်နေ့ကုန်ခဲ့ရသည့်
ထောင်ဝန်ထမ်းအမျိုးသမီးတို့၏
တစ်စိတ်တစ်ဒေသဘ၀ ..

www.burmeseclassic.com

ဒီပစ္စည်းတွေကိုထောင်ထဲမှာ
ငွေမသုံးရဲ့ရဘဲနဲ့ဘယ်လိုလုပ်
ရောင်းမှာတဲ့လား။ ဟင်း … ဟင်း …
စောပေတို့က နောကြပြီးသား။
လွယ်သမှသိပ်ကိုလွယ်သပေါ့ရှင်။
သူတို့အတွက် ထောင်ထဲမှာ
တရားဝင်သုံးစွဲလည်ပတ်ခွင့်ရှိနေတဲ့
ငွေကြေးက အဆင်သင့်ရှိပြီး
သားလေ။ ချက်လက်မှတ်ပြ
**၆၆** ထုတ်လိုက်ရုံပဲ။



လည်း ဘယ်လောက်စေ့စပ် သေချာ သလဲမှတ်လဲ၊ ချောင်ကြိုချောင်ကြား မချန် နိုက်နိုက်ချွတ်ချွတ် လှန်လှော ရှာဖွေကြတာလေ၊

ခင်းတို့ရှာဖွေနေတဲ့ပစ္စည်းတွေက ဥပဒေနဲ့ မလွတ်ကင်းတော့ ယူမသွင်းရဲ့ ပေါင်၊ တော်ကြာ ကွဲခနဲ မိသွားလို့က တော့ ကိစ္စပြတ်ပြီ၊ အမှုဖွင့်တရားစွဲဆိုခံ ရလို့ ထောင်တန်းကျနေလျှင် အလုပ်လည်း ပြုတ်ပြီ၊

အို … ကိုယ်ယူလာခဲ့တဲ့ပစ္စည်းက တားမြစ်ပိတ်ပင်ပစ္စည်းထဲမှာ ပါတာမှ မဟုတ်တာ၊ ဘာရင်တုန်ကြောက်ရွံ့နေ စရာလိုမလဲ၊ ဟန်ကိုယ့်ဖို့လုပ်ပြီးတော့ ခပ်တည်တည် မှင်သေသေနေလိုက်တယ်၊

"ဆရာမ - လက်ထဲကဘာထုပ်ကြီး ဆွဲလာတာလဲ"

"ဟီး - ဟီး - ထောင်ရှေ့ကင်န်တင်းဆိုင်က လက်ဖက်ရည်ထုပ်ပါ"

"ဘာလုပ်ဖို့ ထောင်ထဲကို ယူသွင်းလာခဲ့တာလဲ၊ ဆိုင်မှာပဲ သောက်ခဲ့ရောပေါ့"

"ဟို - ဟို - ထောင်ဖွင့်ဝင်ဖို့ ဖောလင်းစီနေတာ မမီမှာစိုးလို့ ပါဆယ်ထည့်လာတာပါ"



"နောက်တစ်ခါထောင်ထဲကိုသွင်း …ာနဲ့နော်၊ ဒီတစ်ခါတော့ ခွင့်ပြုလိုက် …ယ်"

တံခါးတာဝန်ကျကိုမျက်နှာရှုံ့သွား …း တားရောဖောရော ပြောလိုက်ရ …ယ်၊ တော်သေးတာပေါ့ရှင်၊ ကျွန်မ …ကိုယ်ပေါ်မှာသာ ရှာဖွေရေးလုပ်လို့များ …တော့ သွားခနဲ ကွက်ကွက်ကွင်းကွင်း …း တွေ့သွားမှာပဲ၊

ဟင်း - ဟင်း - သိတယ်မဟုတ် …၊ အိပ်ဆောင်ထဲက အပ်ထည်တွေ …နံနက်စာကိုစားဖို့ လက်ဖက်ရည်နဲ့ …လာတာ စားချင်လှချည်ရဲ့ဆိုလို့ …နှာရေစီးကမ်းပြို သဒ္ဒါစိတ်တွေနဲ့ …တာနစ်ချပ်ကို တစ်ဖက်တစ်ချပ်စီ …ထည့်ဝှက်ယူလာခဲ့ရတာလေ၊

ကြည့်စမ်းပါဦး၊ စောစောစီးစီး ချမ်း …ိုက်ခိုက်အချိန်ကြီးမှာတောင် မျက် …ပြင်တစ်ခုလုံး ချွေးစေးတွေပြန်နေပြီ၊ …တာပူပူနွေးနွေးကြီးရဲ့ အပူလောင် …နေတာကြောင့် ချွေးစေးတွေပြန်နေ …ပေါ့၊ လှုကလည်း ခိုးဝှက်သွင်းလာရ …ဆိုတော့ လှုသိမှာလည်း စိုးရသေး၊ …ထဲမှာ -

"တင် - ဆရာမမျက်နှာကဘယ်လို …း စောစောစီးစီး ချမ်းအေးနေတာ တောင် ချွေးတွေပြန်နေပါလား"

"ဟီး - ဟီး - အပူဟပ်လို့ပါတော်၊ အဲတော့"

ကံကောင်းပေလို့ နှုတ်တလည်း လျှတ်ခနဲ ပြောမိတော့မလို့၊ ဒါပေမဲ့ ဝန်ထမ်းအချင်းချင်းအတူတူ သဘော ပေါက် နားလည်သွားလို့လားမသိဘူး မသိကျိုးကျွံပြုသွားတယ်၊

တချို့ဝန်ထမ်းတွေဆိုတာအတူတူ လုပ်စားနေကြသူ ဘဝတူချင်းတို့ ချွန် တွန်းလုပ်ပြီး အတို့အဖော်မှုလုပ်ပြီး အာဝင်ရောင်နေကြသေးတယ်၊

"ဟဲ - ဟဲ - ဆရာမကစောစောစီးစီး ပရိုမိနာလိမ်းပြီး အလှဆင်လာလို့နေမှာပေါ့"

တောက် …. ခင်းတို့တွေက သူတို့လည်း သူတို့ဟန်နဲ့ ထောင်ထဲကိုပစ္စည်း သွင်းပြီး လုပ်စားနေကြတာများ၊ ဆိန်း စားချင်းအတူတူ ဘိန်းတစ်လုံး ပိုရှုရှင် ကြတယ်၊

ဒါ - သက်သက်မဲ့ လူကို တလိ သလိုလို စနောက်နေခဲ့ကြတာလေ၊ တော်ကြာ တာဝန်မှူးက စိတ်အရှုပ် ပေါက်ပြီး လူကိုယ်ပေါ်မှာသာ တလာစီ ခိုင်းရင် သေပြီဆရာပဲ၊ ကျွန်မတာလည်း ကျွန်မပဲ၊ လူကိုယ်ပေါ်မှာတတ်သီးတတ်



www.burmeseclassic.com

www.burmeseclassic.com

သတ်ထည့်သိုပြီးတော့ ဝှက်ယူလာခဲ့တဲ့ ပစ္စည်းက နည်းမှ မနည်းပဲ၊ လက်ထဲမှာသာ ဟန်ပြ လက်ဖက်ရည်ထုပ် ပါဆယ်နှစ်ထုပ်ဆွဲလာခဲ့တာ၊

ကျွန်မရဲ့ပုနီဖောင်းအင်္ကျီအောက်မှာ ရှိုင်းကြားတစ်ဖက်မှာက ဒူးယားထစ်ဘူး၊ တစ်ဖက်မှာက ပဲပြုတ်တစ်ဆယ်သားထုပ်၊ ဗိုက်ပေါ်မှာတ ဖားလိုးမုန့်နဲ့ ပေါင်မုန့်ချပ်တွလည်း ပါသေး၊ စဉ်းစားသာကြည့်၊ ကျွန်မရဲ့ခန္ဓာကိုယ်အတွ သောကြီးမှာအတွင်းပစ္စည်းတွေကြောင့် ဖောင်းကားနေတာပေါ့၊

ဘာ ... ဒါတွေ ထောင်ထဲသွင်းပြီး ဘာလုပ်ဖို့လဲ ... ဟုတ်လား၊ ဟင်း ... တင်းပြောပြန်ရင်လည်းအောင်မင်းလွှန် ရာကျမယ်ပေါ့ရှင်၊ ဒီပစ္စည်းတွေဆိုတာ ထောင်ထဲကို ရောက်သွားတာနဲ့ အပ်ချလောင်းဆိုတစ်ဆကနေ ဆယ်ဆတက်သွားရော၊

ဘာဖြစ်လို့လဲဆိုတော့ အပြင်ဈေးတွက်မှာလက်ဖက်ရည်ပါဆယ်တစ်ထုပ်ကို သုံးရာ့ငါးဆယ်က ထောင်ထဲ ရောက်သွားရင် ထောင့်ငါးရာလောက်ကတော့ အသာလေး၊ ထောင်ထဲက မှောင်ခိုဈေးတွက်မှာတော့ စားရခဲတဲ့ ရှားပါးပစ္စည်းတွေလေ၊

ဒီပစ္စည်းတွေကို ထောင်ထဲမှာ ငွေမသုံးစွဲရဘဲနဲ့ ဘယ်လိုလုပ်ရောင်းမှာတဲ့လား၊ ဟင်း ... ဟင်း ... စောဖေတို့က နောကြေပြီးသား၊ လွှယ်သမှ သိပ်ကို လွှယ်သပေါ့ရှင်၊ သူတို့အတွက် ထောင်ထဲမှာ တရားဝင် သုံးစွဲလည်ပတ်ခွင့်ရှိနေတဲ့ ငွေကြေးက အဆင်သင့် ရှိပြီးသားလေ၊ ချက်လက်မှတ်ပြထုတ်လိုက်ရုံပဲ၊

ဘာဖြစ်လို့လည်းဆိုတော့ ထောင်ဘူးဝထဲက ထောင်မှူးကြီးထံမှာ ထောင်ထဲလိုအပ်ရင်သုံးစွဲလို့ရအောင်တရားဝင် အပ်နှံထားတဲ့ ငွေကြေးတွေကလည်း စာရင်းနဲ့အင်းနဲ့ ရှိပြီးသား၊ ကာယကံရှင်ကသာ အသုံးလိုလို့ပစ္စည်းဝယ်ချင်လို့ပါဆိုပြီး စာလေးတစ်ကြောင်းလောက်ရေးပေး၊ လက်မှတ်ထိုးပေးလိုက်လို့ကတော့ ချက်စာရွက်ကိုပြပြီး ငွေအမောင့်ကို ထုတ်လို့ရတယ်၊

ဒီတော့ ... ကျွန်မတို့လို ဆန်နီကြီးဈေးသည်တွေကဖောက်သည်ကိုရှာဖွေ တတ်ဖို့ပဲ လိုတယ်၊ ထောင်ထဲကနေ ပစ္စည်းမှာမယ့်လူကို ချော့မော့ပေါင်းသင်းထားရတာပေါ့၊ မျက်နှာသာ ပေးထားရတယ်၊ အပ်ထည်လက်ခံထားရတာပေါ့၊

ဒီလိုအလိုက်သင့် ပေါင်းသင်းထားနိုင်မှလည်းကိုယ့်အတွက် ဖောက်သည်တိုးတာပေါ့၊ သူတို့ကလည်း ငွေကြေးအတတ်နိုင်သူတွေဆိုတော့အပြင်လောကဈေးကွက်ထဲမှာ သိပ်စားချင်လွှန်းနေတဲ့အနံ့ဘာဂါကိုမစားရသော်လည်းထောင်ထဲမှာ မှောင်ခို ဈေးကွက်ထဲကခိုပလာတာနဲ့ လက်ဖက်ရည်ကို တခုတ်တရမှာ စားပြီး နတ်သုဒ္ဓါလို မှီဝဲနေခဲ့ကြတာလေ၊

★★★

ခုတော့ တံခါးရှာဖွေရေးဂိတ်ကိုကျော်ဖြတ်နိုင်ခဲ့ပြီ၊ အိပ်ဆောင်ထဲကိုအောင်နိုင်သူအပြုံးနဲ့ ကြော့ကြော့မော့မော့ ဝင်လာခဲ့တယ်၊ အိပ်ဆောင်ကိုဖွင့်ဖို့ ထောင်မှူးမမဆီက အိပ်ဆောင်သော့ကိုယူပြီး အဆောင်ဖွင့်လိုက်ရတယ်၊

အိပ်ဆောင်တန်းစီးနဲ့ညကင်းဗာရာတွေက နံနက်ထောင်မဖွင့်မီလေးနာရီခွဲလောက်ကတည်းက အိပ်ရာမှ နိုးပြီး နှစ်ယောက်တစ်တွဲစီ တန်းစီထိုင်ခိုင်းထားပြီးပြီ၊ တချို့ကောင်မတွေများ အိပ်မှုန်စုံဖွားနဲ့ ငိုင်တိငိုင်တိုင် ငိုက်နေကြသေးတယ်၊

ဒါကြောင့် မိန်းမတစ်ယောက်ရဲ့အလုအယက်ကို ကြည့်ချင်၊ မြင်ချင်ရှင်မနက်အိပ်ရာထပုံစံကိုကြည့်ပြီး အတဲခတ်လို့ရတယ်၊ တစ်ညလုံး ဝိုးစိုးဝါးစက်အိပ်ထားသည့်မျက်နှာ အော်ရှင်ဂျီနယ်ကို အတိုင်းသား မြင်နိုင်တယ်၊ ထောင်မှူးမမကနေ ဦးဆောင်ပြီး အိပ်ဆောင်ကြီးထဲကို ဝင်လိုက်ချိန်မှာတော့ -

"အမျိုးသမီးထောင်ကျအဆောင်လူပေါင်းနှစ်ရာ့ငါးဆယ်ယောက်တန်းစီပြီးအသင့်"

လို့နံနက်ဝေလီဝေလင်းမိုးတောင်စင်စင်မလင်းချိန်ကြီးမှာ စူးစူးဝါးဝါးအော်ပြီး သတင်းပို့လိုက်သံဟာ တိတ်ဆိတ်ငြိမ်သက်နေသည့်အိပ်ဆောင်ဝန်းကျင်ထဲမှာ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာတယ်၊

"ကဲ - တန်းစီးသတင်းပို့ချက် မှန်ကန်မှုရှိ၊ မရှိညည်းတို့ဝန်ထမ်းတွေသေချာချာ ထပ်ရေကြည့်ကြစမ်း"

ဒီတော့မှပဲ ကျွန်မတို့ဝါဒါမတွေ ပျာပျာသလဲဖြစ်သွားပြီး အိပ်ဆောင်ထဲမှာရှိနေသည့် အကျဉ်းသူများကို တန်းစီထိုင်ထားသည့်အတိုင်း တစ်တွဲချင်းစီလိုက်လံရေတွက်စစ်ဆေးကြည့်ခဲ့တယ်၊

www.burmeseclassic.com

"ဟုတ်ပါတယ် - ဆရာမ၊ လှူဖေါင်း တစ်ရာ့နှစ်ဆယ့်ငါးပြူးပါ"

လို့ ရေတွက်ပြီး သတင်းပို့တော့မှ ထောင်မှူးမက သူမလက်ထဲမှာ ကိုင်ထားသည့် ဇာရာချပ်ကိုကြည့်ပြီး ညပိုင်းက ထောင်ပိတ်သွားခဲ့သည့် လူဦးရေ အတိုင်းမှန်ကန်မှုရှိနေသဖြင့် လက်မှတ်ရေးထိုး အတည်ပြုလိုက်တယ်။

ပြီးမှ မိန်းဂျေး (MAIL JAIL) ရုံးမှာ ရှိသည့် ထောင်ဖွင့်တာဝန်ခံ ထောင်မှူးကြီးထံ အမျိုးသမီး ထောင်ကျဆောင် လှူဖေါင်းစာရင်းကို သွားရောက်ပို့ခဲ့တယ်။

ထောင်ကြီးတစ်ထောင်လုံးမှာ ရှိနေသည့် လူဦးရေစာရင်းကို မိန်းဂျေးလ်မှာရှိသည့် ထောင်ဖွင့်စာအုပ်ကြီးနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ပြီး မှန်ကန်မှုရှိမှသာ ထောင်ဖွင့်သံချောင်းခေါက်လိုက်တယ်။

အဲဒီလိုထောင်ဖွင့်သံချောင်းခေါက်ပြီးသွားရင်တော့ အိပ်ဆောင်ထဲမှာရှိနေကြသည့်အကျဉ်းသူများအပြင်ဘက်ကို အလုအယက်ပြေးထွက်သွားခဲ့ကြတော့တယ်။ ဒင်းတို့တွေက တစ်ညလုံးအောင့်အည်းသည်းခံနေလာသမျှတစ်ခါတည်းဖွင့်ထုတ်ပစ်နိုင်ဖို့ စိုင်းပြင်းနေကြပြီ၊ သက်ဆိုင်ရာလုပ်ငန်းတွေမှာ ရှိနေသည့် ဇာရာတွေကို စောစောစီးစီး ကြိုတင်ပြင်ဆင်ထားနိုင်အောင် ကြိုဖွင့်ပေးထားရတယ်။ ဒီလိုမှလည်း အိပ်ဆောင်ထဲမှာရှိနေကြသည့်အကျဉ်းသူများအားလုံး ဖောင်းထဲက လွှတ်လိုက်သည့်မြင်းတွေလို ဝရုန်းသုန်းကား ပြေးထွက်သွားတာကို ချုပ်ထိန်းထားလို့ရမယ်၊

***

အထူးသဖြင့် နံနက်ဝေလီဝေလင်း အလင်းရောင်ကလည်း ပီပီပြင်ပြင် မရှိသေးတော့ မီလ္လာချောင်ဘက်ကို ပြေးသူတွေက ဂန်ဖလားထဲ ဖွဲပြာကျဲးထည့်ပြီးတော့ မီလ္လာခုံမှာ အခင်းကြီးသွားနေကြတယ်။ အခင်းလေးသွားသူတွေကတော့ မီလ္လာဆောင်ဘေးနားက ကွက်လပ်မှာ ထမီလှန် ရှူးရှူးပန်းနေကြတော့တာပဲ၊ မိန်းမသားတွေချည်း စုဝေးထားသည့်နေရာမျိုးမှာအရှက်အကြောက်မရှိ လုပ်ကိုင်ဆောင်ရွက်နေကြတာများ အဆိုးဆုံးပဲ၊ သူ့ပစ္စည်း ကိုယ့်ပစ္စည်းရယ်လို့ကြည့်မနေဘူး။ အတူတူပဲလေ၊

ဗဟီရိဒြဗ္ဗပဝါရာနည်းပြီး အရှက်အကြောက်နည်းကြတာကမိန်းမဆောင်ထဲ၊ ဟိုး ... နိုင်ငံခြားကလာသည့် ပလေးဘွိုင်စာအုပ်ထဲက ဖော်ချွတ်ပြနေတဲ့ပုံတွေကမှသူ့နေရာနဲ့သူအရှက်လုံအောင်ကာတာရှိသေးတယ်၊ ဆင်ဆာရှိသေးသယ်၊

အို ... ကျွန်မတို့အုပ်ချုပ်နေရတဲ့ မိန်းမဆောင်ထဲမှာတော့ အရှက်တရားကမ်းကုန်အောင် နေကြ၊ ထိုင်ကြ၊ ဝတ်ကြ၊ စားကတယ်။ မိန်းမအချင်းချင်းပဲဆိုပြီးတော့ဘာရှက်နေစရာလိုသေးလို့၊ ခစ်စလက်စတ်နေပုံ၊ ထိုင်ပုံတွေများကိုရှေ့ ယောကျ်ားတွေ မြင်သွားလို့ကတော့ လဝ်စိတ်၊ သားစိတ်တောင် ကုန်ဆာအကြောင်းရှိမယ်၊

တလေးအမေတွေဆို ပိုဆိုးသေး၊ အလေးကတစ်ဖက်၊ ထောင်က ခိုင်းတဲ့အလုပ်က တစ်ဖက်နဲ့ဆို ခါးက ထမီဆောင်ကျွတ်လုလုနဲ့ထမီကျွတ်၍လွှတ်ထိုက်သည်များ ဖြစ်နေမလားပဲ၊

ဒီကြားထဲ ဘားလမ်းက မသန်းတို့ အဝ်စုတွေဆို ပိုဆိုးသေး၊ သူတို့ကိုယ်သူတို့တော့ အမျိုးလို့သာ ဝပ်ကြွားနေကြသာ။ ထောင်ထဲမှာတော့ အတူတူနဲ့ အနေတွေမို့ ပြင်းလို့မရဘူး။

အားလုံး ကိစ္စဝိစ္စတွေ ပြီးသွားမှပဲ မနက်ပိုင်း အဆာပြေကျွေးမွေးသည့် ဂံဇီခေါ် ဆန်ပြုတ်ရည်ကြဲကို အလုအယက်တန်းစီတိုးဝှေ့သောက်နေကြရပြန်တယ်။ ထောင်ထဲမှာတော့ မသောက်ချင်လည်း သောက်ရမှာပဲ၊ အငတ်မှ မခံနိုင်ဘဲကိုး။

"ဟိုကောင်မ - ဘာဖြစ်လို့ ဇလုံနှစ်လုံး ကိုင်ထားရတာလဲ၊ နင့်လင်ဖို့ပါ သယ်ဦးမလို့လား - ဟင်း"

ဆန်ပြုတ် ဝေပေးနေသည့် ယောကျ်ားလျာမတွေကလည်း ခပ်ကဲကဲ၊ ခပ်ကြမ်းကြမ်းတွေ။ နို့တစ်လုံးစိန်စိန် ဆိုသည့် ယောကျ်ားလျာမတတန်းစီနောက်သူတွေကို ဆန်ပြုတ်ဝေနေရင်း လှမ်းဟောက်နေခဲ့တာပါ။

အမှန်တော့ ဒီလိုဆန်ပြုတ်ရည်ကြဲကိုပိုက်ဆံဝါလားရှိနေကြသည့်အကျဉ်းသူတွေက ယောင်လို့တောင် လှည့်မကြည့်ဘူး။ သူတို့က ဝါဒါမတွေနဲ့ပေါင်းပြီးတော့ အပြင်ဘက်က စားစရာတိုအော်ဒါမှာထားပြီးသားလေ၊ ဒါ့ဝေခဲ့သူတို့အတွက် ရမယ့်ကိုယ်တာကို သူတို့ခိုင်းဖက်တွေကို ပေးစားထားတာပေါ့၊

ငွေကြေးတတ်နိုင်သူတွေဆိုတော့လည်း ထောင်ထမင်း၊ ထောင်ဟင်းကိုမစားကြတာ များတယ်၊ ကျွန်မတို့လိုဝါဒါမလေးတွေနဲ့ပေါင်းပြီးရှိုင်းဆွဲလာပေး



www.burmeseclassic.com

www.burmeseclassic.com

မှာစားကြတာပေါ့။ နံနက်စာကို ဘာစားချင်သလဲသာ မင်နှူးပေးလိုက်လို့တတော့အပြင်ဘက်မှာတစ်ဆေတန်ပစ္စည်းတာ ထောင်ထဲမှာ ဆယ်ဆတက်သွားတယ်။ သူတို့ကတော့ အိမ်ကို မှာလိုက်တာနဲ့ ငွေက အော်တိုရောက်လာကြသူတွေလေ့။

သူတို့တွေက ငွေကြေးချမ်းသာပြီးထောင်ကျလာကြတာ။ ဘယ်လိုအမှုတွေနဲ့များထောင်ထဲကိုဝင်လာကြတယ်မသိပါဘူး။ ငွေကြေးချမ်းသာနေပါလျက်လောဘကိုမသတ်နိုင်ကြတော့ ခက်သား။ သူတို့က ကျွန်မတို့ရဲ့ဖောက်သည်တွေပေါ့။ အပြင်ဘက်လောကမှာတော့နေနိုင်စားနိုင်သူတွေဆိုတော့ အိမ်ကထောင်ဝင်စာလာလျှင် ဂိတ်ဝရုံးခန်းကထောင်မှူးကြီးထံမှာ ငွေအပ်နိုင်းထားတာ။

သူတို့ယောကျ်ားတွေ ဆိုတာကလည်း အိမ်မှာ ထိန်းသိမ်းမယ့်မိခင်ကထောင်ကျနေတော့ သူတို့ပဲအဖေ၊ သူတို့ပဲအမေ လုပ်နေရတာပေါ့။ ကလေးတွေရဲ့တိစ္စတွေနဲ့ ဗျာများနေရတဲ့ကြားထဲထောင်ဝင်စာကလည်း တစ်ပတ်တစ်ခါမှန်မှန်ကို လာတွေ့နေရသေးတယ်။

ထောင်ဝင်စာ မအားမလပ်လို့ မလာခဲ့နိုင်တာနဲ့ ထောင်ဝင်စာရုံထဲမှာ ပတ်ကြမ်းတိုက်ပြီး အော်ဟစ်ဆူပူပြောဆိုခံရသေးတယ်။

"ဘာလဲ – နင်က ငါ့ကို ထောင်ထဲရောက်နေလို့ ပစ်ထားတာလား။ နင်အပြင်မှာနေတုန်း ငါမရှိတာနဲ့ နောက်တစ်ယောက်ကိုများ ခြေပုန်းခုတ်နေတာလား။ ဟုတ်လို့ကတော့ နင့်ကို ငါ သတ်ပစ်မယ်။ ငါကထောင်ကျဖူးနေမှ ထောင်ကျမှာကို မကြောက်ဘူးဟေ့။ ကြပ်ကြပ်သတိထားနေ"

★★★

အဲဒီလို အပြင်က ထောင်ဝင်စာမှန်မှန်လာတွေ့နေသူကိုလည်း အထဲကနေ ပြဿနာရှာချင်ရှာ၊ ရန်တွေ့ချင် တွေ့နေတတ်တာလေ။ ဒီတော့လည်း အပြင်ကယောကျ်ားလုပ်သူမှာတော့ မျက်နှာငယ်လေးနဲ့ ကြည့်နေရုံကလွဲလို့ ဘာမှနှုတ်မလှန်ဝံ့ဘူး။

သူတို့ကတော့ ထောင်ထဲမှာ ဇိမ်ကျကျနေကြတယ်။ ဆရာမတွေကိုကပ်ပေါင်းပြီးမှ စားချင်တာ မှာစား၊ ဝတ်ချင်တဲ့အဝတ်အစား ခန္ဓာကိုယ်ပေါ် ကြိုးနဲ့တိုင်းပြီး ချုပ်နိုင်းလို ချုပ်နိုင်းကြတာလေ။

သူတို့ရဲ့ သီးခြားကမ္ဘာလေးထဲမှာ နေချင်သလိုနေ၊ စားချင်သလိုစားနဲ့ အတုတ်ကြီးကို ဟုတ်နေကြတာပေါ့။ ထောင်ကျနေတာကမှ သူတို့အတွက် အေးအေးလူလူ နေလို့စားလို့ရပြီး ဇိမ်ကျနေခဲ့ကြတာ။

ထောင်ထဲမှာဆိုတာကလည်း ရေ(ငွေ)ရှိမှ အဆင်ပြေမှာလေ။ ရေရှိနေလို့ကတော့ အစစအရာရာ အားလုံးအဆင်ပြေတယ်။ အိပ်ဆောင်ထဲမှာ လိုအပ်တဲ့ပစ္စည်းမှန်သမျှ စင်ပြိုင်တင်ဒါခေါ်စရာလိုအဲ သူတို့ပဲ ဒိုင်ခံပံ့ပိုး ကူညီပေးနေတော့ ဘယ်သူတွေက သူတို့တွေကို ဆန့်ဆန်ရဲပါ့မလဲ။

အဲဒီလိုပဲ ကျွန်မတို့ဝန်ထမ်းတွေဆိုတာတာလည်း ကိုယ်တာဝန်ကျနေသည့် အိပ်ဆောင်ကြီးထဲမှာ လူအမျိုးမျိုး၊ အမှုအမျိုးမျိုးနဲ့ ဆက်ဆံပေါင်းသင်းနေကြရတာလေ။ ခုလည်း ဘောက်ဆင်းကောင်တွေ အလုပ်လုပ်တဲ့နေရာဆီ လှည့်လည်စစ်ဆေးနေရသေးတယ်။

ဒီတောင်မတွေ ဆိုတာကလည်း လူရှိနေတုန်းတော့ အလုပ်ကို ကြိုးကြိုးစားစားလုပ်နေကြပါရဲ့။ အဲ – လူလစ်တာနဲ့ ထိုင်ပြီး အတင်းပြောချင် ပြောနေတတ်ကြတာ။ ဒါကလည်း မိန်းမတို့ဘာသာဘာဝပဲ။ ဘယ်နေရာကိုပဲရောက်ရောက် သူတို့ဝသီကိုက စုပြီး အတင်းချတတ်ကြတာလေ။

တစ်နေ့တစ်နေ့ ထောင်ထဲမှာပဲ မိုးလင်းက မိုးချုပ် အချိန်ကုန်နေရတော့ ကိုယ်လည်း သူတို့နဲ့ တူတူထောင်ကျခံနေရသလိုပဲ၊ သူတို့ကတော့အပြင်ထွက်ခွင့်မရှိတာပဲရှိတယ်။ ကျွန်မတို့ဝန်ထမ်းတွေမှာတော့ မိုးမလင်းခင် အစောကြီးကတည်းက ထောင်ဖွင့်ဝင်လာလိုက်ရတာ မိုးစုန်းစုန်းချုပ်မှပဲ အိမ်ပြန်ခွင့်ရတယ်။

အိမ်ထောင်သည်မိခင်တွေဆိုကလေးမနိုးခင်အချိန်ကတည်းကနံနက်ဂျူတီဝင်လာရတာညဘက်ကလေးအိပ်ချိန်ရောက်မှပဲ အိမ်ပြန်ရောက်ကြတယ်။ တကယ်တော့ မိဘနဲ့ သားသမီး တူတူဆုံတွေ့ကြည်နူးနေနိုင်ခွင့်ဆိုတာ ဝေးရောပဲ။

ကျွန်မတို့လို လူလွတ်တွေကပြန်တော့လည်း နံနက်ထောင်ဖွင့်ဝင်လာကတည်းက သနပ်ခါးရည်ကျဲလေး လူးပြီးယူနီဖောင်းဝတ်ဆင်လို့ထောင်ထဲကို ဝင်သွားလိုက်ရတာမနက်(၁၀)နာရီကနေ(၁၂)နာရီထမင်းစားပြန်ချိန်လောက်မှာ အိမ်ဆီပြန်နေတဲ့ မျက်နှာခြေကြီးနဲ့ အိမ်ပြန်ရတာလေ။

www.burmeseclassic.com

အိမ်မှာထမင်းစား ရေမိုးချိုးပြန်ချိန်ပဲ မိန်းမတို့ဘာသာဘာဝ အလှအပကို နှစ်ခြိုက်စုံမင်ကြတော့ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းပြီး အလှဆင်ရတာ၊ နေ့လယ်(၁၂)နာရီထိုးတာနဲ့ ဂျူတီပြန်ဝင်ရတော့ အပြင်မှာ နှစ်နာရီပဲ နားခွင့်ရတာ။

အဲဒီလိုဘဝမျိုးနဲ့ ဘယ်လိုလုပ်ရည်းစားထားပြီး ချစ်သူဘဝ လည်ချင်တော်ချင်လို့ရနိုင်မှာလည်းလေ၊ ရည်းစားထားချင်ဦးတော့ ဘယ်သူက ကျွန်မပုံစံတိုကြည့်ပြီးကြိုက်ချင်ပါဦးမလဲ၊ မိုးလင်းတာ မိုးချုပ်ချိန်ထိ ဂျူတီဝင်နေရသည့် ကျွန်မတို့ဘဝ ချစ်သူထားဖို့တောင် ခပ်ခက်ခက်ရယ်၊

ဒီတော့လည်း ထောင်ဝဲဩယသံသရာထဲမှာပဲ တဝဲလည်လည်နေနေရတာပဲ၊ လူမှုရေးအရမ်းခုံရှုံးတဲ့နေရာဌာနမှာ၊ ကိုယ့်မိတ်ဆွေအပေါင်းအသင်းဓိတ်လို့ အလှူမင်္ဂလာပွဲတောင် သွားဖို့လှေ့ယ်ဘူး၊

ထောင်ထဲကိုဝင်ရပြန်တော့လည်း ပြဿနာပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းနေရတယ်၊ မိန်းမသားတွေချည်းရှိတဲ့နေရာမို့လို့ ဗစီပစပ်များကြတာလည်း လွန်ပါလေရော၊ တစ်ဦးနှင့်တစ်ဦးမကျေနပ်လို့စကားများရန် ဖြစ်ကြပြီဆို မရှက်မကြောက်တစ်တစ်ခွခွပြောဆိုထိမပြီး ဆဲနေတတ်တဲ့ဟာတွေ၊

ကျွန်မတို့လို အပျိုမလေးတွေအတွက် ဘယ်လောက်နားရှက်စရာကောင်းလဲ၊ သူတို့ကတော့ သူတို့လောက အနေအထိုင်အတိုင်း ဘာမှမဖြင်ဘူး၊ ပိုးစိုးပက်စက်ကို ဆဲနေကြတာ၊ ကျွန်မတို့မှာသာ ပြဿနာမကြီးထွားအောင် ဝင်ပြောဆို ထိန်းသိမ်းပေးလို့ ရချင်ရ၊ မရလျှင်တော့ တစ်ခါတည်း ထောင်မှူးမရုံးကို တင်ပေးလိုက်တာပဲ၊

တစ်ခါတစ်ရံ ညနေစောင်း ထောင်မပိတ်သေးခင်အချိန်မှာ အားလပ်ခွင့်ရနေချိန်ပေါ့၊ အဲဒီအခါမျိုးမှာ မိန်းမအချင်းချင်း ဝိုင်းဖွဲ့စကားပြောနေတဲ့အုပ်စုတွေရှိသလို အိမ်က ဝယ်ချုပ်ပေးလိုက်တဲ့ နောက်ဆုံးပေါ် ခေတ်မီဒီဇိုင်းတွေနဲ့ အဝတ်အစားတွေဝတ်လို့ ရှိုးတပြုပြုလမ်းသလားနေကြတဲ့လူတွေကလည်း ရှိသေး၊

သူတို့မို့လို့ ဒီလိုအဝတ်အစားကောင်းတွေကိုဝတ်ပြီး ဘယ်သူ့ကိုများ ရှိုးထုတ်ပြနေမလဲ၊ ဘယ်သူတွေကတော ကြည့်ရှုနေမှာလည်းလို့၊ ကိုယ့်ကိုယ်ကိုယ်တော့ဟုတ်လှပြီထင်ပြီးဟန်ကြီးတစ်ခွဲသားနဲ့ ဟန်ရေးပြနေကြတယ်လေ၊ သူတို့အမူကိုကြည့်တော့ ဗိုးတွမ်တီးမတွေ့မှန်း သိရတော့တယ်၊

အပြင်လောကမှာတော့ စိန်၊ ရွှေအရောင်းအဝယ်လုပ်ပြီး တစ်ဦးနှင့်တစ်ဦးယုံကြည်မှုနဲ့အလုပ်လုပ်နေခဲ့ကြတာ၊ ဒါတို့ တလိမ်ခေ့ငြမ်းဆင် ဖြောင်လိမ်ဖြောင်စားလုပ်ကြတော့ အမှုဖြစ်ပြီး ထောင်ထဲ ရောက်လာတာတောင် မှတ်သေးဘူး၊ ထောင်ထဲမှာ ဘယ်သူ့တိုများ လိမ်စားရမလဲ ကြံချင်ကြံနေကြဦးမယ်၊

★★★

တိုဘက်ကပြည့်တန်ဆာအုပ်စုကတော့ သူတို့ဝသီအတိုင်း ကာရာအိုကေသီချင်းတွေကို ကေတီဗွီမှာ သွားမဆိုကြရတော့ ထောင်ထဲမှာပဲ အသာပြေသီဆိုနေကြလို့လေ၊ ဒီအချိန် စားသောက်ဆိုင်မှာ လူစည်နေလောက်ပြီလေ၊ ကိုကိုသို့ဖဲလာမလား၊ ဦးဦးတို့ပဲ လာမလားဆိုပြီး ရွှေလည်တိုင်ဖော့ရှိး ကျူးလုအောင်မျှော်နေခဲ့ကြတာ အမောပေါ့၊

တိုကများ ရောက်လာလို့ကတော့ အခဲရှက်သလို ဝိုင်းဖျက်နေကြမှာ၊ စင်ပေါ်မှာ သီချင်းတစ်ပုဒ်ကို အညှာအခွဲလေးတွေနဲ့ သီဆိုပြနေတာကို အောက်ဝိုင်းကနေ နွားပြာကြီး သွားဖြဲသလိုသဘောကျနေကြတာ၊ စင်ပေါ်တက်ပန်းကုံးစွပ်သူက စွပ်၊ အနားတိုးကပ်လို့ အမှာစကား ရွှေသွားတာကို အဟုတ်ထင်ပြီး စင်ပေါ်က ဆင်းသွားတာနဲ့ ဘီယာဝိုင်းထဲ ရောက်လာရော၊

သူတို့အဖွဲ့နဲ့ သူတို့ကတော့ ဟုတ်နေကြတာပဲ၊ သီချင်းဆိုသူက ဆို၊ အဓိပ္ပါယ်သနာပါသူကလည်းမြန်မာအကရော၊ ဒွေကိုအကရော ကခုန်ပြီး ပျော်မြူးလို့ဘေးက လက်ခုပ်လက်ဝါးတီးပေးသူတွေကလည်း အရှူးဘုံမြောက် အားပေးနေကြတယ်၊

သူတို့ကိုယ်သူတို့ ထောင်ထဲကိုရောက်နေပါလားဆိုတာကို မေ့နေကြတယ်ထင်ပါရဲ့၊ ခဏတော အပျော်လေးကိုပဲ ကြံဖန်ပြီး ဖန်တီးပျော်နေခဲ့ကြရတာလေ၊ သူတို့တွေရဲ့ညနေခင်းတီးဆည်းဆာလေးဟာ ထောင်အုတ်ရိုးကြီးအတွင်းက မိန်းမဆောင်ဘေးမှာ စီစီညံညံ ထွက်ပေါ်နေတယ်၊

ဘာပဲဖြစ်ဖြစ် ကျွန်မတို့လိုဝန်ထမ်းတွေဘက်ကတော့ ပြဿနာမဖြစ်လျှင်ပြီးရောဆိုပြီး ခွင့်ပြုထားကြတာလေ၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့တာဝန်က အကျဉ်းသူတွေအားလုံးကို နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးအစစ အဆင်မပြေအောင် စီစဉ်ပေးနေရတာဆိုတော့ ဒီလောက်တော့ ခွင့်လွှတ်ရမှာပေါ့ရှင်။

တစ်ခါတစ်ခါတော့လည်း သူတို့လေးတွေ ခုလို စိတ်လွတ်ကိုယ်လွတ် ပျော်မြူးနေကြတာကိုကြည့်ပြီး ကျွန်မတို့ရဲ့ဘဝအမောတွေကို ဖြေသိမ့်ပေးနေရတယ်။ ထောင်ထဲမှာ ပဋ္ဌာန်းဆက်ပါလာလို့ ဆုံစည်းခဲ့ကြရတာဆိုတော့ သူတို့ဘဝအခက်အခဲလေးတွေကိုလမ်းညွှန်သွန်သင် ဆုံးမရင်း မဟုတ်မဟတ်တွေမဖြစ်ကြရလေအောင်စည်းရုံးသိမ်းသွင်းပေးနေရတာပဲမဟုတ်ပါလား။

တစ်ခါတစ်ရံမှာ သူတို့ဘဝလေးတွေကိုကြည့်ပြီး စာနာစိတ်နှင့် မေးမြန်းစပ်စု ကြည့်သည့်အခါ သူတို့ ကျူးလွန်လာခဲ့ကြတဲ့အမှုအခင်းတွေကလည်း တကယ်တြေကွဲစရာ ကောင်းလှတယ်၊ လူဆိုတာ ဆင်းရဲငတ်ပြတ်နေခဲ့ကြတဲ့အချိန်မှာ ဘာဘာညာညာ စဉ်းစားဆင်ခြင်မနေတတ်တော့ဘဲ ပိုးဖလံမျိုး မီးကိုဝင်တိုးခဲ့ကြရတဲ့ဘဝမျိုးတွေ။

***

ဒီအခါမှာ ငွေရပေါက်ရလမ်းကို ရှာဖွေကြရင်းနဲ့ ရေတိမ်နစ်ကိန်း ကြုံခဲ့ရတာပဲ။ ကိုယ့်မှာကစားဖို့တောင် အနိုင်နိုင်ဖြစ်နေရတဲ့ဘဝမှာ သားသမီးလေးတွေက နေထိုင်မကောင်းဖြစ်တော့မိခင်ပီပီ စိုးရိမ်သောကဖြစ်လာကြမှာပေါ့။

သူတို့လို မရှိဆင်းရဲသားတွေအတွက် အားကိုးယုံကြည်စရာဆိုလို့ ပြည်သူ့ဆေးရုံကြီးဆီ အားကိုးတကြီးပြေးသွားလို့ဆေးရုံတင် ဆေးကုသခံယူပေမယ့် ဆရာဝန် ညွှန်ကြားလိုက်တဲ့ဆေးတွေက တန်ဖိုးကြီးမြင့်နေတော့ ဘယ်ကငွေနဲ့ ပေးဝယ်နိုင်မလဲ၊ စရိတ်မျှပေးကျန်းမာရေးဆိုသည့်ဆောင်ပုဒ်ကြီးတွေကို လူမြင်ကွင်းမှာ ချိတ်ဆွဲထားပေမယ့် ဆေးရုံမှာ ဂွမ်း၊ ပတ်တီးလိပ်ကအစ ငွေနဲ့ ပေးဝယ်မှ ရတာလေ။

ဒီလိုမရှိနွမ်းပါးသူတွေခမျာ သားသမီးဇောနဲ့ ငွေကိုရှာဖွေပြန်တော့ သူတို့လိုလူတန်းစားမျိုး ဘယ်သူက ယုံကြည်စိတ်ချပြီး ငွေအလွယ်တကူ ချေးငှါးမလဲ၊ ဒီလို ငွေကျပ်ရခက်နေတော့ ငွေကိုအလွယ်တကူ ရှာလို့ဖွေလို့ ရနိုင်မယ့်လမ်းကို ရွေးချယ်ရတော့တယ်၊

သူများထံမှငွေကိုချေးငှားဖို့မလွယ်တော့၊ ဈေးကြီးထဲတို့၊ ဘတ်စ်ကားကြပ်ကြပ်ပေါ်တွေမှာတက်ပြီးငွေရှာပြန်တော့ ကိုယ်မကျွမ်းကျင်တဲ့အလုပ်တို့သွားလုပ်မှ ကွိခနဲမိပြီး အချုပ်ထဲ၊ ထောင်ထဲရောက်ကုန်ကြရတာပဲ၊

ထောင်ဆိုတာ အမြင်က ဆိုးပေမယ့် ထောင်ထဲ ဝင်လာရတော့လဲ စားရေး၊ နေစရာ အဆင်သင့်ရှိနေတော့ သူတို့ရဲ့အပူမီးကို ခေတ္တခဏ ငြိမ်းအေးစေတာပေါ့။ ခုလို ထောင်ပိတ်ခါနီးအချိန်မှာ ကျွန်မနဲ့ စကားလက်ဆုံ ကျနေသည့် ခါးပိုက်နှိုက်မှုနဲ့ ထောင်ဒဏ် (၃)နှစ်ကျခံလာရတဲ့ တာရာအေးကြည်မရဲ့စကားတွေကလည်း ဟုတ်နေသလိုလိုပဲ၊

တကယ်တော့ လောကကြီးကိုက မျှမတအခြေအနေမျိုးဖြစ်နေတော့ငွေရှိတဲ့ သူတွေမှာ ထားစရာမရှိအောင် တောင်ပုံရာပုံရှိနေချိန်မှာ မရှိလို့ ချို့တဲ့ကြသူတွေမှာတော့ ငွေဆိုတာ ကုန်းကောက်လို့မရအောင် ရှားပါးနိုင်လွန်းပါတယ်၊

ဒီတော့လည်း ငွေအလွယ်တကူရှာလို့ရနိုင်မယ့်အလွယ်လမ်းကိုလိုက်ခဲ့ကြတော့ အမှုအခင်းတွေဖြစ်ပြီး ထောင်ထဲဝင်လာရရော၊ ဒါကြောင့် သူမတို့လိုဘဝအမောမပြေနိုင်ကြသူများမှာတော့ ထောင်ထဲမှာပဲ သံသရာလည်နေကြဦးမည်၊

➢➢ ထောင်မှူးမမ

## နှာပြည်ယို

- ကြောင်ပန်းရွက်သတ္တုရည်ကိုနှမ်းဆီဖြင့် ရော၍ထည့်ပါ။ နှာကျပ်ပါ၏။
- ကြက်သွန်နီအရည်ညှစ်၍ တစ်နေ့(၃)ကြိမ်ထည့်ပါ။
- ကြိတ်မှန်ရွက်အခြောက်ကို အမှုန့်ပြု၍ နှမ်းဆီဖြင့်ဖျော်ကာ နှာတေ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



# တောခြောက်တာလား

[illegible] (ကဒုံကနီ)

**တောသည်** နက်ရှိုင်းသည်၊ ကျယ်ဝန်းသည်၊ မာယာများ၍ လှည့်စားတတ်သော သဘောသဘာဝရှိသည်၊ တော၏သဘာဝသည် စိတ်၏ကြည်နူးမှုကို ဖြစ်စေသကဲ့သို့ တုန်လှုပ်ချောက်ချားမှုများကိုလည်း ဖြစ်စေတတ်သည်၊ ထို့အပြင် တောထဲတွင် ကျက်စားနေထိုင်ကြသည့် တောရိုင်းတိရစ္ဆာန်များ၏ ဘေးအန္တရာယ်များနှင့်လည်း ကြုံတွေ့ရတတ်သည်၊ အဆိုပါ တော၏ မာယာပရိယာယ်များကြောင့် တောကျွမ်းသူများပင်လျှင် တောစမ်းရဲကြ၊ ဤကဲ့သို့ အခြေအနေများကြောင့်ပင် "တောမကျွမ်းဘဲ တောမဝင်ရဲ" ဟူသော စကားများ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပါသည်၊ ထို့ကြောင့် တောနှင့် ဆက်နွယ်ပတ်သက်သူများသည် တောထဲသို့ တစ်ဦးတစ်ယောက်တည်း သွားလေ့မရှိ၊ အပေါင်းအဖော်များနှင့် အုပ်စုဖွဲ့သွားလာလှုပ်ရှားလေ့ရှိသည်၊ [illegible]ခွ၊ သစ်ခုတ်သွားသူများပင်လျှင် အပေါင်းအဖော် လူစုလူဝေးနှင့် စုပေါင်းသွားလာလှုပ်ရှားကြသည်၊

သို့သော် ဦးလှသန်းသည် တောထဲသို့ တစ်ယောက်တည်း ထင်းခွေထွက်လာခဲ့သည်၊ ဦးလှသန်းသည် ဘိုကလေးမြို့နယ်၊ ပင်လယ်ကမ်းခြေဒေသ "လစတစ်ပင်ချောင်း" အလယ်ပိုင်းတွင် စခန်းချနေထိုင်သော ပင်လယ်ရေလုပ်သားတစ်ဦးဖြစ်သည်၊ ဘိုကလေးမြို့နယ်၊ ပင်လယ်ကမ်းခြေဒေသရှိ ရေငန်ပိုင်ဦးရှင်ကြီး ဖာတ်လမ်းစခဲ့သော မိန်းမလှကျွန်းနှင့် ပတ်ဝန်းကျင်ဒေသ တောများကို ကျွမ်းကျင်သူတစ်ဦးဖြစ်သည့်အပြင် သရဲတစ္ဆေကိစ္စများကိုလည်း ယုံကြည်သူမဟုတ်၊ ထိုသို့ တောကျွမ်းပြီး သတ္တိသူဖြစ်နေသော်လည်း မိန်းမလှကျွန်းသို့ ထင်းခွေလာသည့်အခါ အများနည်းတူ အပေါင်းအဖော်များနှင့်သာ စုပေါင်းထင်းခွေလေ့ရှိသည်၊ ဦးလှသန်းသည် ပတ်ဝန်းကျင်ရှိ ရေကျော်ကြီး

တစ္ဆေခြောက်သည်၊
တောခြောက်သည်ဟု စိတ်က
ထင်ယောင်ထင်မှား ဖြစ်နေကြသော်လည်း
အမှန်တကယ် ဖြစ်ရပ်မှန်မှာကား ..

www.burmeseclassic.com

တော၊ လဇတစ်ပင်တောနှင့်မရမ်းချောင်တောများသို့ ထင်းခွေသွားလျှင် တစ်ယောက်တည်းသာ သွားလေ့ရှိသော်လည်း မိန်းမလှကျွန်း၊ ဒီရေတောကြီးကိုမူ တောကြမ်းသည်ဟု နာမည်ကြီးနေသည့်အပြင် မိန်းမလှကျွန်းပေါ်တွင် တောခြောက်၊ တောမှောက်ခံခဲ့ရသည့်အကြောင်းအသင်းများလည်းတစ်ယောက်တည်းမသွားရဲခြင်းဖြစ်သည်၊

ယခုတော့ ခရီးသွားရန်ကိစ္စ ရှိနေသည့်အပြင် ထင်းခုတ်အဖော်များကလည်းအခြားတောများသို့ထင်းခုတ်သွားနေခဲ့ကြသဖြင့် အဖော်စောင့်နေလျှင် နောက်ထပ် သုံးလေးရက် ထပ်စောင့်နေရဦးမည် ဖြစ်သည်၊ ထို့အပြင် မိမိထင်းခုတ်ရမည့်ကိစ္စကို တစ်ရွာလုံးကလည်း သိရှိနေကြသဖြင့် ထင်းခုတ်သွားလျှင် ကြောက်သည်ဟု အထင်ခံရမည်ဖြစ်သည်၊ ဦးလှသန်း ဒီလိုတော့ အထင်မခံနိုင်၊ ထို့ကြောင့် ထင်းခုတ်အဖော်များကို စောင့်ဆိုင်းမနေတော့ဘဲ လှေငယ်တစ်စင်းဖြင့် တစ်ယောက်တည်းထင်းခွေထွက်လာခဲ့ခြင်းဖြစ်သည်၊ ဦးလှသန်းသည် တောထဲတွင် တစ်ညအိပ် ထင်ခွေးရမည်ဖြစ်သည်၊

***

သရဲခြောက်တာလား၊

တောခြောက်တာလား

ဦးလှသန်းသည်လှေငယ်ကိုတောစပ်တစ်နေရာတွင် ဆိုက်ကပ်ကာ တစ်ယောက်တည်း အေးဆေးစွာ ထင်းခုတ်နေခဲ့သည်၊ ညနေ သုံးနာရီခန့်တွင် ခုတ်ယူထားသောထင်းများကို ကမ်းခြေတွင် စုပုံကာ ညစာအတွက် ချက်ပြုတ်လုပ်ကိုင်နေခဲ့ရာ မှောင်စပျိုးချိန် ထမင်းဟင်းများ ချက်ပြုတ်ပြီးစီးသွားသဖြင့် ညစာစားသောက်ပြီး လှေပေါ်တွင် တစ်ယောက်တည်း အေးအေးဆေးဆေး အနားယူမှိန်းနေလိုက်သည်၊ သို့နှင့် တဖြည်းဖြည်းနှင့် အမှောင်ထုစိုးမိုးလာပြီးဖြစ်သည်၊ လရောင်ရှိနေသဖြင့် ပတ်ဝန်းကျင်ကို ဝိုးတဝါး အလင်းရောင်အောက်တွင် မသဲမကွဲ တွေ့မြင်နေရသည်၊

ထိုစဉ် ....၊

“ဒုတ်...ဒုတ်...ဒုတ်”

နားထဲတွင် သစ်ခုတ်သံသဲ့သဲ့ကို ကြားနေရသဖြင့် တစ်ယောက်တည်း ရေရွတ်ပြောဆိုလိုက်သည်၊

“မှောင်မှောင်မည်းမည်းထဲမှာ ဘယ်ရွာသားတွေများထင်းလာခုတ်နေကြပါလိမ့်၊ မနက်ကျမှ မြင်မြင်ထင်ထင်



သို့သော် မာတ်မီး၏အလင်းကြောင့် ညည်းမည်းတုံးကြီး၏အပိုင်းအစများမှာ ကမ်းခြေသို့ကပ်လာကြပြီး ရှည်ရှည်မည်းမည်းတုံးကြီးအဖြစ် ပြန်လည်စုစည်းသွားပြီး တောထဲသို့ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ ထိုစဉ် ရေပွက်သံများလည်း ဆူညံစွာ ထွက်ပေါ်လာခဲ့တော့သည်။ ရှည်မည်းမည်း တုံးကြီး တောထဲသို့ဝင်ရောက်သွားသည်နှင့် တောပြိုသံများ ဆူညံစွာ ထွက်ပေါ်လာခဲ့ပြန်သည်။

ခုတ်ကြတာမဟုတ်ဘူး၊ ဘယ်လောက်များအရေးကြီးနေကြလို့ ညကြီးမိုးချုပ်အချိန်မတော် သစ်ခုတ်နေကြတာပါလိမ့်”

ဦးလှသန်းက တီးတိုးပြောဆိုပြီး ပြန်မှိန်းနေလိုက်သည်၊ သူသည် ဤတောတွင် မကြာခဏ လာရောက်ထင်းခုတ်နေကျဖြစ်သော်လည်း ယခုကဲ့သို့ တစ်ယောက်တည်း ညအိပ်ထင်းခွဲဖူးခဲ့ခြင်းမရှိ၊ နေ့လယ်ထင်းခုတ်နေစဉ်က အလုပ်ထဲတွင် စိတ်ဝင်စားနေသဖြင့် ဘာကိုမှ မစဉ်းစားခဲ့၊ ယခု တစ်ယောက်တည်း အေးအေးဆေးဆေးနားနေမှ စိတ်က ဟိုတွေးဒီတွေးနှင့် မငြိမ်မသက်ဖြစ်လာခဲ့သည်၊ ဤကျွန်းပေါ်ရှိတောကြီးထဲတွင် သူငယ်ချင်းများ တောခြောက်ခံခဲ့ရသည့်ဖြစ်စဉ်ဖြစ်ရပ်တွေကိုပြန်လည်သတိရလာခဲ့ပြန်သည်၊ ထိုစဉ်ထင်းခုတ်သံသဲ့သဲ့လေးကိုလည်း နားထဲမှာ ကြားနေရပြန်သည်၊ ညအမှောင်ထဲတွင်ထင်းခုတ်နေကြပုံကိုတွေးတောစဉ်းစားနေရာမှ တစ်စုံတစ်ခုကို သတိရသွားသဖြင့် အနည်းငယ် တုန်လှုပ်သွားမိသည်၊ ထို့ကြောင့်တစ်ယောက်တည်းရေရွတ်ပြောဆိုလိုက်သည်၊

www.burmeseclassic.com

"မှောင်ထဲမှာ ထင်းရုတ်တာ လုံးဝမဖြစ်နိုင်ဘူး။ ညဘက် မှောင်မှောင်မည်းမည်းထဲမှာ ဘယ်လိုလုပ် ထင်းရုတ်လို့ရမှာလဲ၊ ဒီလိုဆို ဒီထင်းရုတ်သံကို ဘာဖြစ်လို့ ငါကြားနေရတာလဲ၊ ငါ့စိတ်ကထင်နေတာလား။ သရဲခြောက်နေတာလား။ ဒါမှမဟုတ် ငါ့တောခြောက်ခံနေရတာလား"

ဦးလှသန်းသည် စိုးရိမ်သောကဖြစ်နေသော်လည်း သတ္တိနည်းသူမဟုတ်သဖြင့် ချင့်ချင့်ချိန်ချိန် တွေးတောစဉ်းစားကြည့်နေမိသည်။ သစ်ရုတ်သံလဲ့လဲ့ကိုမူ တစ်ချက်ထစ်ချက် ကြားနေရဆဲပင်ဖြစ်သည်။

***

အမှောင်ထဲမှ သွေးပျက်ဖွယ်

ဦးလှသန်းသည် ထိုသို့ တွေးတောစဉ်းစားနေစဉ် ...။

"စွပ်...စွပ်...စွပ်...စွပ်"

လတာပြင်ပေါ်တွင် လမ်းလျှောက်နေသောအသံများကို ပီပီပြင်ပြင် ကြားလိုက်ရသဖြင့် ငုတ်တုတ်ထထိုင်ပြီး အသံလာရာသို့ လှမ်းကြည့်လိုက်ရာ ဦးလှသန်းမှာ တုန်လှုပ်ချောက်ချားစွာ အော်ဟစ်လိုက်မိသည်။

"မြတ်စွာဘုရား ကယ်တော်မူပါ"

တစ်ကြိမ်တစ်ခါမှ တွေ့မြင်ဖူးခြင်းမရှိသည့်မြင်ကွင်းကို တွေ့မြင်လိုက်ရသဖြင့် ဦးလှသန်း ဘုရားတလိုက်မိသည်။ လှေငယ်မှ ပေတစ်ရာခန့်အကွာတွင် အရှည်နှစ်လုံ (၁၂ပေ)ခန့်နှင့် မြင့်နှစ်ပေဘာသာရှိသော မည်းမည်းတုံးကြီးတစ်တုံးသည် တောအုပ်ဆီမှ လတာပြင်ကို ဖြတ်ကျော်၍ ရေထဲသို့ တရွေ့ရွေ့သွားနေသည်ကို တွေ့မြင်လိုက်ရသဖြင့် ဦးလှသန်း ဘုရားတလိုက်မိခြင်းဖြစ်သည်။ ဦးလှသန်းသည် သတ္တိနည်းသူမဟုတ်သဖြင့် ကိုယ့်စိတ်ကို တည်ငြိမ်အောင် ထိန်းကာ ရှည်ရှည်မည်းမည်းတုံးကြီးကို သေသေချာချာ စူးစိုက်ကြည့်လိုက်သည်။ ရှည်ရှည်မည်းမည်းတုံးကြီးမှာ ရေထဲသို့ရောက်သွားသောအခါ တစ်စစီ ကွဲထွက်သွားပြီး အပိုင်းအစများမှာ ရေထဲမှာ မြုပ်လိုက်ပေါ်လိုက် ဖြစ်နေကြသည်ကို မှောင်ထဲတွင် ဝိုးတစ်ဝါး တွေ့မြင်နေရသည်။ ဦးလှသန်းသည် အဆိုပါဖြစ်စဉ်အား တအံ့တဩ ငေးမောကြည့်ရှုနေစဉ် ရှည်ရှည်မည်းမည်းတုံးကြီး၏ အပိုင်းအစများမှာ တစ်ခုနှင့်တစ်ခု ပြေးကပ်လိုက်၊ ကွာသွားလိုက်၊ မြုပ်သွားလိုက်၊ ပေါ်လာလိုက်ဖြစ်နေပြီး ရေပန်းများမှာလည်း ဖွားခနဲ၊ ဖွားခနဲ ဖြစ်ပေါ်ပြီး ရေသံများလည်း ဆူညံစွာ ပေါ်နေသည်။

"ဗလုံး...ဝုန်း...ဗလုံး"

"ဒါ သရဲခြောက်နေတာနဲ့တူတယ်၊ သရဲခြောက်တာဆိုရင်တော့ ကြုံတုန်း မြင်ဖူးအောင်ကြည့်လိုက်ဦးမယ်"

ဦးလှသန်းမှာ တောထဲသို့ မကြာခဏ သစ်ရုတ်လာနေသော်လည်း တစ်ကြိမ်တစ်ခါမှ သရဲခြောက်ခံရခြင်း မရှိခဲ့။ ရွာသူရွာသားများနှင့် သူငယ်ချင်းတွေ သူရဲခြောက်ခံခဲ့ရသော်လည်း ဦးလှသန်းမှာ ဒီအသက်ဒီအရွယ်အထိ သရဲခြောက်မခံဘူးသေး၊ နဂိုကတည်းက သရဲတစ္ဆေကို ယုံကြည်မှုမရှိ၊ ကြောက်သန့်မှု မရှိခဲ့သဖြင့် လက်နှိပ်ဓာတ်မီးကို ယူကာ ထိုနေရာသို့ ဓာတ်မီးဖြင့် လှမ်းထိုးလိုက်သည်။ အလှမ်းကွာဝေးနေသဖြင့် လက်နှိပ်ဓာတ်မီး၏ အလင်းရောင်မှာ ထိုနေရာသို့ မရောက်။ သို့သော် ဓာတ်မီး၏ အလင်းကြောင့် မည်းမည်းတုံးကြီး၏အပိုင်းအစများမှာ ကမ်းခြေသို့ ကပ်လာကြပြီး ရှည်ရှည်မည်းမည်းတုံးကြီးအဖြစ် ပြန်လည်စုစည်းသွားပြီး တောထဲသို့ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ ထိုစဉ် ရေပွက်သံများလည်း ဆူညံစွာ ထွက်ပေါ်လာခဲ့တော့သည်။ ရှည်မည်းမည်းတုံးကြီး တောထဲသို့ဝင်ရောက်သွားသည်နှင့် တောပြိုသံများ ဆူညံစွာ ထွက်ပေါ်လာခဲ့ပြန်သည်။

"ဗလုံး...ဝုန်း...ဗလုံး"

"ဝေါ...ဝရော...ဝေါ...ဝေါ"

တစ်တောလုံး တောဖြိုသံများ ကျယ်လောင်စွာ မြည်ဟည်းထွက်ပေါ်လာသဖြင့် သရဲကို ကြုံတုန်း မြင်ဖူးအောင်ကြည့်ထားမှဟုဆိုသော ဦးလှသန်းသည် သွေးပျက်စပြုလာပြီဖြစ်သည်။ သို့သော် သရဲမကြောက်တတ်သည့် အမြင် အသိတရားရှိသူတစ်ယောက် ဖြစ်နေသဖြင့် ဦးလှသန်းသည် စိတ်ကို တည်ငြိမ်အောင်ကာ ထင်းရုတ်ဓားကိုယူ၍ ထိုနေရာသို့ ထွက်လာခဲ့သည်။ ထိုနေရာတွင် နှစ်ဝေခန့်ကျယ်ဝန်းသော စွတ်ကြောင်းကြီးတစ်ခုကို တွေ့မြင်လိုက်ရသည်။ (စွတ်ကြောင်းဆိုသည်မှာ မူလတာပြင်ပေါ်တွင် တစ်စုံတစ်ရာ သွားလာထားသဖြင့် ဖြစ်ပေါ်နေသော လမ်းကြောင်းအရာ ဖြစ်သည်)

ဦးလှသန်းသည် ထိုစွတ်ကြောင်းကြီးကို ကြည့်၍ ဝေခွဲမရဖြစ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘံသာယစိတ်များဖြင့်တွေးတောစဉ်းစားနေစဉ် တောစပ်တစ်နေရာသို့ အမှတ်မထင် လှမ်းကြည့်မိလိုက်ရာ...

"ဟာ... ငါတော့ တောခြောက်ခံရပြီ"

ဦးလှသန်းသည်သတ္တိမနည်းသော်လည်း သွေးပျက်မတတ် တုန်လှုပ်ချောက်ချားသွားခဲ့ သည်။ တောစပ်တစ်နေရာသို့ အမှတ်မထင်လှမ်းကြည့်မိလိုက်ရာ ရှုရှုတောက်ဝသော မျက်လုံးများက တောစပ်တစ်နေရာမှနေ၍သူ့ကိုစိုက်ကြည့်နေသဖြင့် သွေးပျက်မတတ်တုန်လှုပ်ချောက်ချားသွားခဲ့ရခြင်းဖြစ်သည်။ ခန္ဓာကိုယ်ကိုမတွေ့ရဘဲမျက်လုံးများကို သာ တွေ့ မြင်နေရသဖြင့် ဦးလှသန်း သတိမရှိနိုင်တော့၊ ထိုစဉ် တောခြောက်ခံလိုက်ရပြီဟူသောအသိဝင်လာသဖြင့်သတိလက်လွှတ်ဖြစ်သွားတာ်အော်ဟစ်ပြောဆိုပြီးမျက်လုံးများကို ထင်းခုတ်ဓားဖြင့် ပြေးခုတ်လိုက်လေတော့သည်။

"ဒီလောက်ခြောက်ချင်တဲ့ဟာတွေ သေပေတော့"

ဦးလှသန်းမှာ အော်ဟစ်ပြောဆိုကာ မျက်လုံးများကို ထင်းခုတ်ဓားဖြင့် ပြေးခုတ်လာရာ...

"မြတ်စွာဘုရား..."

သို့သော် ဦးလှသန်း၏ခြေထောက်နှစ်ချောင်းမှာ လုံးဝလှုပ်ရှား၍မရတော့၊ ခြေထောက် တစ်ခုလုံးမှာ အေးစက်တောင့်တင်းစွာ ခံစားလိုက်ရသည်။

"ဟာ...ငါ့ခြေထောက်တွေကို သရဲဆွဲထားပြီ၊ အခုနေ ငါ့ဆီကို ဟိုမျက်လုံးကြီးတွေ ရောက်လာရင်..."

ဦးလှသန်းလုံးဝသွေးပျက်သွားခဲ့ပြီဖြစ်သည်၊ တောစပ်မှ မျက်လုံးတွေကလည်း ယိမ်းယိုင်လှုပ်ရှားနေကြသည်၊ အမှောင်ထဲမှာမျက်လုံးတွေကိုသာ တွေ့မြင်နေရပြီး ခန္ဓာကိုယ်တွေကို မတွေ့ရသဖြင့် ဘယ်လိုသတ္တဝါတွေမှန်းမသိ၊ မျက်လုံးတွေ သူ့ဆီကိုရောက်လာခဲ့ရင် သူ့ဘဝကြွမှာ ဘယ်လိုဖြစ်လာမည်မသိ၊ ထိုသို့ တွေးမိလိုက်ပြန်သဖြင့် တုန်လှုပ်ချောက် ချားလာကာ ဆောက်တည်ရာမရ ဖြစ်သွားခဲ့တော့သည်၊ အသိတိုပြန်လည်ထိန်းချုပ်နိုင်ခြင်း မရှိတော့ဘဲ ဖော်ချွေးများပင် ပြန်လာပြီဖြစ်သည်၊ ထို့ကြောင့် မျက်လုံးနှစ်လုံးအား ထင်းခုတ်ဓားနှင့် ဝိတ်ပစ်လိုက်ပြီး ဓာတ်မီးနှင့် လှမ်းထိုးလိုက်သည်၊ ထင်းခုတ်ဓားနှင့် ဓာတ်မီးအလင်းရောင်မှာ မျက်လုံးကြီးများဆီသို့ မရောက်၊ သို့သော် ဓာတ်မီး၏အလင်းရောင်ကြောင့် မျက်လုံးကြီးများမှာ ယိမ်းထိုးလှုပ်ရှားကာ ရွေ့ရှားပျောက်ကွယ်သွားခဲ့ သည်၊ မျက်လုံးကြီးနှစ်လုံး ပျောက်ကွယ်သွားသည်နှင့် တောထဲမှ ရှူညည်သံများ တစ်တောလုံးပွဲ့တင်ရိုက်ခတ် မြည်းဟည်း ထွက်ပေါ်လာခဲ့ပြန်သည်၊

"ဝေါ...ဝရော...ဝေါ...ဝေါ"

ဤတစ်ကြိမ်တွင်မူ ဦးလှသန်း သတ္တိမကောင်းနိုင်တော့ပေ၊ သရဲဆွဲထားသောခြေထောက်များကို အားကုန်လှုပ်ရှား ရုန်းကန်၍ လှေငယ်ဆီသို့ ပြန်လည် ပြေးလာပြီးညတွင်းချင်းပင် စခန်းချနေထိုင်ရာသို့ပြန်လည်ထွက်ပြေးလာခဲ့သည်၊ ဦးလှသန်းသည် လဗတစ်ပင်သို့ပြန်ရောက်ရှိလာခဲ့သော်လည်း လန့်ဖျားဖျား သွားသဖြင့် (၁၀)ရက်ခန့် ဆေးကုသမှုခံယူခဲ့ရသည်၊ ဦးလှသန်းမှာ ယခုတိုင် လဗတစ်ပင်တွင် နေထိုင်လျက်ရှိသည်၊

★★★

ထင်မိထင်ရာ

ဦးလှသန်း၏ဖြစ်စဉ်နှင့်ပတ်သက်၍ တောခြောက်သည်၊ တောမှောက်သည်၊ အပမှီသည်၊ သရဲခြောက်သည် ဟု အမျိုးမျိုး တွေးထင်ယူဆပြောဆိုခဲ့ကြသည်၊ မယုံကြည်သူများတမူ ဦးလှသန်း၏ ဖြစ်စဉ်များသည် တောခြောက်ခြင်း၊ တောမှောက်ခြင်း၊ အပမှီခြင်း၊ သရဲခြောက်ခံရခြင်းမဟုတ်၊ တော၏ ဖြစ်စဉ်သဘာဝများကို မဆင်ခြင်ဘဲ ကြောက်စိတ်လွှမ်းကဲကာ ထင်မိထင်ရာများကို တွေးထင်ကာ အထင်တိုအမြင်ဟု ထင်မှတ်မှားမိခဲ့သဖြင့် ထွက်ပြေးလာခဲ့ ရခြင်းဖြစ်သည်ဟု ဆိုကြသည်၊ မယုံကြည်သူများ၏ကြောင်းကျိုးဆက်နွယ်၊ တွေးထင်မှုများကလည်း သဘာဝကျပြီး စိတ်ဝင်စားဖွယ်ဖြစ်သည်၊ ဦးလှသန်း၏ဖြစ်စဉ်များနှင့် ပတ်သက်၍ မယုံကြည်သူများ၏ ကြောင်းကျိုးတွေးထင်ဝေဖန် ပြောဆိုမှုများမှာ ဤသို့ဖြစ်သည်၊

ညဘက် သစ်ခုတ်သံများ ကြားနေရခြင်းမှာတစ်နေကုန်သစ်ခုတ်နေသဖြင့် ထိုအသံများ နားထဲတွင် ပဲ့တင်ကြားနေရခြင်းဖြစ်သည်၊ အသံတစ်သံကို တစ်နေကုန် အဆက်မပြတ် ကြားနေရပါက ထိုအသံ တိတ်ဆိတ်သွားသော်လည်း နားထဲတွင်ဆက်လက်၍ပဲ့တင်ကြားနေရသည်ကိုတွေ့ကြုံဖူးကြမည်ဖြစ်သည်၊ လတာပြင်တွင် လမ်းလျှောက်သံများမှာ






www.burmeseclassic.com

www.burmeseclassic.com

တောဝက်အုပ် ရေဆင်းသောက်သော အသံများဖြစ်နိုင်သည်။ မိန်းမလှကျွန်း သစ်တောကြီးထဲတွင် တောဝက်များစွာ ရှိနေသည်။တောဝက်များသည်ညဘက် များတွင် ရေသောက်ဆင်းလေ့ရှိသည်။ ညအမှောင်ထဲတွင် တောဝက်အုပ်များ တို့အဝေးမှ လှမ်းမြင်ရသဖြင့် ရှည်ရှည် ချည်းချည်းတုံးကြီးတစ်တုံးဟု တွေးထင် ခဲ့ခြင်းဖြစ်သည်။ တောဝက်များ ရေထဲ တွင် ဆော့တစားနေသည်ကို ရှည်ရှည် ချည်းချည်းတုံးကြီးတစ်တုံးဟု တွေးထင် ခဲ့ခြင်းဖြစ်သည်။ တောဝက်များ ရေထဲ တွင် ဆော့တစားနေသည်ကို ရှည်ရှည် ချည်းချည်းတုံးကြီး တစ်စစီ ကွဲထွက်ပြီ မြုပ်လိုက်၊ ပေါ်လိုက် ဖြစ်နေသည်ဟု တွေးတောထင်မြင်ခဲ့ခြင်းဖြစ်သည်။ ခါတ်မီးနှင့် ထိုးလိုက်သဖြင့် တောဝက် များလန့်ပြီး တောထဲသို့ပြန်ဝင်ပြေးသွား ကြသည်ကို ချည်းချည်းတုံးကြီး၏အပိုင်း အစများပြန်လည်စုစည်းပြီး တောထဲသို့ ဝင်သွားသည်ဟု ထင်မိခဲ့ခြင်းဖြစ်သည်။ တောပြိုသံများနှင့် ဆူညံသံများမှာ တောဝက်အုပ်ပြေးလွှားမှုကြောင့် တော ငှက်တိရစ္ဆာန်များ လန့်ပျံပြေးလွှားသံ များဖြစ်သည်။ တော၏ သဘာဝအရ ပဲ့ တင်သံများ ဖြစ်ပေါ်လာပြီး ညဘက်ဖြစ် နေသဖြင့် ပိုမိုကျယ်လောင်စွာ ကြားနေ ရခြင်းဖြစ်သည်။ ဗွတ်ကြောင်းကြီးမှာ တောဝက်အုပ် သွားလာခဲ့သောလမ်း ကြောင်းဖြစ်သည်။ မျက်လုံးများမှာ လည်းတောကြောင် (သို့မဟုတ်) တော ခွေးများ၏မျက်လုံးများဖြစ်သည်။ ဓာတ် မီးနှင့်ထိုးလိုက်သဖြင့် တောကြောင်များ ၏ မျက်လုံးများ ဝင်းခနဲ လက်ခနဲသာ ဖြစ်ရခြင်းဖြစ်ကာ မည်သည့်အမှောင့် ပယောဂမျှ ပါဝင်ခြင်းမရှိပါကြောင်း၊ မိမိ စိတ်က ထင်မြင်နေခြင်းသာတည်း။

➢➢ မင်းသစ္စာလှိုင်(ကဒုံကနီ)




နှာ:လေထွက်

▶ တရုတ်စကားပွင့်အပွင့်ကို လက်သုပ် သုပ်စားပါ။
▶ သဘော်ရွက်ကို အတို့အမြှုပ်လုပ်စားပါ။

www.burmeseclassic.com



သာဆိုက်မုဆိုးတစ်စုတောကောင်လိုက်သည့်
တွေ့အကြုံကိုစာရေးဆရာကမုဆိုးစာရေးဆရာပီပီ
ထူးခြားသောအတွေ့အကြုံများဖြင့်
ရေးဖွဲ့ထားခြင်းဖြစ်..



# မုဆိုးလသာ ဝံပါလမိုက်

## ရွှေလသား

"**ရှာပုံတော် မင်းသားကြီး** ××× မကွာပ်ထကာ ရောက်ခဲ့ပြီ ×××
ဘယ်အရပ်သူ၊ ဇာတိမှန်းလည်း မသိတော့ အခက်တွေ့ပြီ ×××
မနှစ်ကပေးတဲ့ မင်းလိပ်စာ၊ ရေတွေစိုလို့ ပျက်ကုန်ပြီ ×××
မမှတ်မိတော့ အခက်သားလား ဒေဝီ ×××
အရပ်လေးမျက်နှာ ××× ခြေရာထပ်အောင် သွားခဲ့ပါသည် ×××
ဟိုနေရာ တွေ့နိုးနိုး၊ ဒီနေရာ တွေ့နိုးနိုး ××× မင်းသားကြီးအလွမ်းဇာတ်က
နှစ်သစ်ကူးလေပြီ ××× အတာမင်းသမီးလေး တွေ့ဖို့ အလွန်ခက်သည် ×××
တီပွီဖန်သားပြင်ပေါ်မှ သကြန်မင်းသားကြီး ဇော်ဝမ်း၏ သီဆိုသံနှင့်
သကြန်မင်းသမီးကလေးများ၏ ထိုးမှု၊ နန်းဟန်၊ မန်းဆန်ဆန်
တဟန်ကလေးများက ကျွန်တော်၏ မျက်စိပသာဒနှင့် နားသောတအာရုံကို
ဖမ်းစားနေကြသဖြင့် အပြင်ပတ်ဝန်းကျင်လောကနှင့် ခွဲခွာအဆက်ပြတ်

www.burmeseclassic.com

တိုလွန်သော ကျောင်းသားဘ၀က သကြင်္န်တွင်းမှာ မြှူးခဲ့၊ ပလူးခဲ့၊ ရူးခဲ့ကြပုံများတို့ ပြန်လည်မြင်ယောင်၊ ကြားယောင်နေမိပါသည်။

"ဗျို့-ဆရာကြီး"

"ဗျို့-ဆရာကြီး"

အိမ်ရှေ့ကျောက်လမ်းမှ ခေါ်သံလိုလိုတော့ တစ်ချက်ကြားလိုက်မိသလိုရှိသည်။ သို့သော် သကြင်္န်တွင်း နောက်ကြူ၊ ပြောင်ကြူ၊ အော်ကြူ၊ ဟစ်ကြူတတ်သည့်အကျင့်များကို သိထားသော ကျွန်တော်က ဂရုမထား၊ အရေးမစိုက်။ ကိုယ့်အတွေးအာရုံတွင်သာ ဆက်လက်စီးမျောနေမိသည်။

"ဗျို့-ကိုမင်း-ကိုဘမင်း-ခေါ်တြား။ အော်မကြားလောက်အောင် ဘာတွေများ ဒီလောက်တောင် စိတ်ဝင်စားနေသတုန်း"

နာမည်ကိုပါခေါ်သံကြားမှ ကိုယ့်ကိုခေါ်နေမှန်း သိရကာ တံခါးပေါ်မှ အဆို၊ အတာတွေကိုမျက်နှာလွှဲလျက်အသံလာရာသို့ လှည့်ကြည့်မိလိုက်သည်။

အိမ်ရှေ့တံခါးမကြီးအဝတွင် မုဆိုးသူငယ်ချင်းများဖြစ်ကြသော ကိုညွန့်ခင်နှင့် ရစ်ချဒ်တို့နှစ်ယောက်က အော်ခေါ်နေကြခြင်းဖြစ်သည်။

"အား-လာပြီ-လာပြီ-ခဏ်ဒါတို့"

ကျွန်တော်က ကဗျာကယာထိုင်ရာမှ ထလျက် သူတို့ရှိရာသွားပြီး တံခါးဖွင့်ပေးလိုက်ပြီးအိမ်ထဲခေါ်လာလိုက်သည်။

"ဒီလောက်အော်မကြားခေါ်မကြား ဘာတွေများ စိတ်ဝင်စားနေတာတုံး။ ကျုပ်တို့ခေါ်နေတာ မကြားဘူးလား"

"ကြားတော့ ကြားမိသလိုလိုပဲ၊ ခင်ဗျားတို့က "ဗျို့ဆရာ-ဗျို့ဆရာ" ဆိုတော့ ကျုပ်ခေါ်တယ် မထင်ဘူး။ လမ်းပေါ်က စ၊ နောက်၊ ပြောင်လှောင် ခေါ်နေကြတာမှတ်တာ၊ နောက်ပြီး-ဇော်ဝင်းသကြဲန်သီချင်း နားထောင်ပြီး ငယ်အကြောင်းတွေ ပြန်ပြောင်းသတိရပြီး စီးလိုတတ်နေလို့ဗျ"

"ငယ်ကအကြောင်းတွေ ခေါက်ထားလိုက်စမ်းပါ။ ပြီးခဲ့တာတွေ စဉ်းစားမနေစမ်းပါနဲ့။ ပြန်ရနိုင်တာမှ မဟုတ်တာ"

ကိုညွန့်ခင်က ဆက်တီတွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။

"ဟုတ်တယ်-ကိုမင်း။ ပြီးခဲ့တာတွေက လွန်ခဲ့ပြီဆိုတော့ စဉ်းစားနေလဲ အပိုပါပဲဗျာ"



ရစ်ချဒ်ကလည်း ကိုညွန့်ခင်အဆိုကို ထောက်ခံချက်ပေးလိုက်ပြန် သည်။

"နှစ်ယောက်စလုံးက ဒီလောက်ပြောနေမှတော့ ကျုပ်ဖီလင်ကို ဒီမှာပဲဖြတ်လိုက်ပါပြီ"

ကျွန်တော်က ပြောပြောဆိုဆို တီဗွီဆ သကြဲန်သီချင်းကို ထပိတ်လိုက်ပြီး နေရာတွင် ပြန်ထိုင်ကာ -

"ကဲ-ဆိုကြစမ်းပါဦး။ ကျုပ်ဆီရောက်လာကြတာသကြဲန်လည်ကြမလို့လာခေါ်တာလား"

"ဟာ-ဘယ်ကလာ။ သကြဲန်လည်ဖို့ လာခေါ်ရမှာလဲ-ကိုဘမင်းရ။ အဲဒီသကြဲန် ဆူဆူညံညံ၊ အော်သံဟစ်သံ၊ လူသံသူသံ၊ ကားသံတွေကို မခံနိုင်လို့ နားစိကွယ်ရာ၊ နားကွယ်ရာ တောထဲသွားအနားယူရင်းတောပစ်မလို့ဗျ၊ အဲဒါခင်ဗျားဝင်ခေါ်တာ၊ လိုက်မယ်မို့လား"

"ဟုတ်တယ်-ကိုမင်းရ။ ဦးညွန့်ခင်က ကျုပ်ဆီ ရောက်လာပြီး လာ,လာ သကြဲန်တွင်းတောသွားမယ်ဆိုပြီး ဖွတ်ခေါ်လာလို့ ပါလာတာ၊ ကျုပ်က တစ်ခါတောသွားမှာဆိုရင် နှစ်ယောက်တည်း မဖြစ်ဘူး။ သုံးယောက် ဖြစ်အောင် "ကိုမင်း" ပါ ဝင်ခေါ်မယ် ဆိုပြီး အခု ဒီရောက်လာကြတာ။ တောသွားဖို့လိုက်မယ်မို့လား။ လုပ်ဗျာ-ပစ္စည်းတွေသတွေယူ၊ ရှာမီး (Search Light)လည်း ယူခဲ့ဦး။ ကျုပ်ဆီက လက်နှိပ်ဓာတ်မီးပဲ ပါခဲ့တာ"

"အေးပါ-တောအသုံးအဆောင်ပစ္စည်း သေနတ်၊ ယမ်းတောင့်၊ တားရှာမီး(Spot Light)တွေအတုန့်ပဲဆိုမှာ ရှိပါတယ်-မပူပါနဲ့။ ဒါပေမဲ့-ဒီနေ့တာ ဘာနေ့လဲ၊ သတိထားမိကြရဲ့လား"

"ထားမိပါတယ်။ ဒီနေ့ ဧပြီလ(၁၄) ရက်၊ သကြဲန်အကျနေ့လေ။ အဲဒါ ဘာဖြစ်လဲ။ အခါကြီး၊ ရက်ကြီးလို့ ပြောမလို့လား"

"မဟုတ်ပါဘူး။ အခါကြီး၊ ရက်ကြီးက မုဆိုးတွေအတွက် ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့-ဒီနေ့အကျနေ့မှာ လပြည့်နေ့ကြီးဖြစ်နေတာ ပြောချင်တာ"

"ဟာ-ကိုဘမင်းကလည်း လပြည့်နေ့ကြီးဖြစ်တော့ရော ဘာဖြစ်ဖုံး။ လပြည့်နေ့မို့ လသာလို့ တောသတ္တဝါတွေ ဥပုသ်စောင့်ပြီး အစာစား၊ အစာရှာမထွက်ဘဲမနေပါဘူး။ စကားပုံတောင်ရှိသား "မုဆိုးလသာ၊ တံငါမှိုက်" တဲ့လေ။ လသာလေ တောင်းလေပေါ့"

www.burmeseclassic.com

"ခင်ဗျားပြောတာလည်း မှန်ပါတယ်။ ဒါပေမဲ့ - လသာရင် မီးရှာလို့ မပေါက်တော့ သားကောင်တွေဖို့ပစ်ရဖို့ အခွင့်အရေး နည်းတာပေါ့"

"အဲဒါတွေ တွက်မနေစမ်းပါနဲ့ ကိုဘမင်းရာ၊ သေနေ့စေ့တဲ့အကောင်တော့ တွေ့မှာပါ၊ တွေ့တဲ့အကောင် ရအောင်ပစ်နိုင်ဖို့ အရေးကြီးတာပါ၊ လသာလို့အကောင်မတွေ့မပစ်ရလည်း အကြောင်းမဟုတ်ပါဘူး၊ ဒီကပါသွားတဲ့ ရိက္ခာတွေနဲ့ အေးအေးဆေးဆေး တောထဲမှာ နပ်နေရရင် တော်ပါပြီ၊ အဓိကကတော့ ဒီသကြံန်တွင်းမှာ မူးကြ၊ ရူးကြ၊ ရူကြ၊ ညံကြ၊ ဝူးဝူးဝါးဝါး၊ အော်ကြ၊ ဟစ်ကြတဲ့အသံတွေနဲ့ ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ ရှုပ်ယှက်ခတ်တဲ့မြင်ကွင်းတွေ မမြင်ချင်၊ မကြားချင်တာပဲ၊ ကိုင်း - လုပ်ပါ၊ ယူစရာပစ္စည်းတွေယူ ကြ၊ သွားကြရအောင်"

အပေါင်းအသင်းရောင်းရင်းဘော်ဒါတွေဆိုတော့ မငြင်းသာ၊ ကိုယ်ကိုယ်၌ကလည်း ဝါသနာပါဆိုတော့ နှစ်ခါမပြောရ၊ လိုအပ်သော တောအသုံးအဆောင်ပစ္စည်းများကို ကိုညွန့်ခင်၏ (Austin Summer set) အော်စတင်ဆန်းမား စက် ဆလွန်းကားပေါ်တင်ကာ (၃၄) လမ်း ကျွန်တော့်နေအိမ်မှ ထွက်ခဲ့ကြသည်၊ (၃၁)လမ်း ရောက်သောအခါ ကိုညွန့်ခင်က ဆိုလာပြန်သည်၊

"ဟိုရက်ကကျုပ်ကိုဖိုးကျော်ဝင်းက တောသွားရင် သူ့ခေါ်ပါဦးလို့ ပြောထားတာရှိတယ်၊ အဲဒါ ခေါ်ရရင် မကောင်းဘူးလား"

"ဟာ - ကောင်းတာပေါ့၊ ကျော်ဝင်းလည်း ဘော်ဒါပဲ၊ ပါလာရင် လူစုံပြီး ပိုအဆင်ပြေတာပေါ့"

"ဒါဖြင့်၊ သူ့အိမ်ဝင်လိုက်မယ်နော်"

"ဝင်လိုက် - ဝင်လိုက်၊ ကျုပ်တို့ပါရင် သူ အပြေးလိုက်မှာပါ"

ရစ်ချဒ်က အပိုင်အနိုင် ပြောလိုက်သည်၊

ကျော်ဝင်းအိမ်မှာ (၈၃)လမ်း၊ (၃၀ × ၃၁)ကြား၊ မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံ မြောက်ဘက်တွင် ရှိသဖြင့် ဝင်ဖို့ လမ်းသင့်ပါသည်၊ သို့သော် သူ့အိမ်ရှေ့တွင် အမျိုးသမီး ရေပက်အသင်းက ရှိနေသဖြင့်ရေစိုမှာကြောက်သောကိုညွန့်ခင်က လမ်း(၃၀)ထိပ်မှာပင် ကားကို ရပ်တန့်ပြီး ရစ်ချဒ်ကို ဆင်းအခေါ်လွှတ်လိုက်သည်၊

ခဏနေတော့ရစ်ချဒ်နှင့်ကျော်ဝင်းတို့ အထုပ်အပိုးပစ္စည်းပစ္စယများနှင့် ကားရပ်ထားရာ ရောက်လာကြသည်၊ နှစ်ယောက်စလုံးအဝတ်များက သင်္ကြန်ရေဖြင့် ရွဲရွဲစိုနေကြပေပြီ၊

"ကိုင်း - တက်ကြ - တက်ကြ၊ သွားကြမယ်"

ကိုညွန့်ခင်က ဆိုလိုက်သဖြင့် ရစ်ချဒ်နှင့်ကျော်ဝင်းကားနောက်ခန်းက တက်လိုက်ကြသည်၊ ကားပေါ်ရောက်သည်နှင့် ကျော်ဝင်းက -

"ကိုင်း - ဆိုကြစမ်းပါဦး၊ အခု၊ ဘယ်သွား၊ ဘာလုပ်ကြမှာတုံး၊ ကျုပ်က ဘာသိ၊ ညာမသိနဲ့ "ဘုတ်ချဒ်" (ရစ်ချဒ်ကိုချစ်စနိုးခေါ်သောအမည်)က လုပ် - လုပ်သေနတ်ယမ်းတောင့်ယူပြီး မြန်မြန်လာ၊ ဒီလမ်းထိပ်မှာ ကိုညွန့်ခင်နဲ့ ကိုဘမင်းတို့ စောင့်နေကြပြီဆိုလို့ ထွက်လိုက်ခဲ့တာ"

"တ - ဖိုးကျော်ဝင်းရ - ဒါ သင်္ကြန်ကျနေလေကွာ၊ သင်္ကြန်ရက်ထွက်မှတော့ ရေပက်ခံဖို့ပေါ့ကွ၊ မေးနေရသေးလား"

ကျွန်တော်က ကျော်ဝင်း မမြင်အောင် ရစ်ချဒ်ကို မျက်စိတစ်ဖက် မှိတ်ပြီး ပြောလိုက်သည်၊

"ဒါဖြင့် - ဘုတ်ချဒ်က ဘာလို့ သေနတ်နဲ့ယမ်းတောင့်အသုံးအဆောင်ပစ္စည်းတွေ ယူခိုင်းရတာလဲ"

"အဲဒါက သင်္ကြန်လည်ရင်း ရန်ဖြစ်ရင် ကာကွယ်ဖို့၊ ပစ်ဖို့ လိုရမည်ရ ယူခိုင်းတာနေမှာပေါ့ဟ"

"ရန်ဖြစ်ရင် ပစ်ဖို့ - ဟုတ်လား၊ ဒီကောင် တော်တော်ဆိုးတဲ့အကောင်၊ ကျုပ် ကောင်းကောင်းနေတာ မမြင်ချင်ဘူးနဲ့တူတယ် - ဟင်း"

"အလကား နောက်နေတာပါ ကျော်ဝင်းရာ၊ အခု - တောပစ်သွားမလို့ နင်ဟိုရက်က တောသွားရင် ခေါ်ပါဆိုလို့ အခု ဝင်ခေါ်တာ၊ လိုက်မှာမို့လား"

"ဟာ - တောပစ် ဆို လို့ကတော့ လိုက်မှာပေါ့၊ ဒီလူတွေ ပါမှတော့ ပိုတောင်လိုက်သေး၊ ဒါနဲ့ - ဘယ်တော သွားမှာလဲ၊ ရွှေဘိုဘက်၊ ယမနေရွာကြီးလှတိုဆီလား"

"ယမနေရွာကြီးလှတိုဆီ မဟုတ်ပါဘူးကွာ၊ နီးနီးနားနား ဆည်တော်ကြီး ဓွေးချောင်း၊ နုံးအလ်ဘက် သွားမှာပါ"

"ဒီကားနဲ့ဆည်တော်ဓွေးချောင်းထဲ သွားမှာမဟုတ်လား၊ ဟုတ်မှလည်း လုပ်ပါ - ကိုညွန့်ခင်ရာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ဒီကားက ဘာဖြစ်လို့လဲ ကိုးကျော်ဝင်းရ၊ သွားလို့ရပါတယ်ကွ၊ အထင်မသေးလိုက်နဲ့၊ ဒါ - အင်္ဂလန်လုပ်ကားပါကွ"

"သွားလို့ရ မောင်းလို့ရတာ ကျုပ်သိပါတယ်၊ ဒါပေမဲ့ - ဆလွန်းကားဆိုတော့ ဘယ်နယ်လုပ်မီးရှာမှာလဲ၊ အပေါ်က ကာလိုက်သလည်း မပါဘဲနဲ့၊ ကားရှေ့မီးထဲတွေ့တဲ့အကောင် ပစ်မှာလား"

"အဲဒါအတွက်မပူပါနဲ့ဟာ၊ ငါအကုန်စဉ်းစားစီမံပြီးသားပါ၊ ကားနောက်ဖုံးဖွင့်လှန်ပြီး မီးသမားက နောက်က ရှာတွား၊ အကောင်တွေ့တော့ အမိုးခေါက်အချက်ပေးပစ်မယ့်သူက အောက်ဆင်းပစ်ရုံပေါ့"

"အင်း - ပြောတော့ လွယ်လိုက်တာ၊ နောက်ဖုံးထဲက မီးရှာမယ့်သူက ဘယ်သွားကိုင်ပြီး လိုက်ရမှာလဲ"

"အော် - ခက်လှပါလား၊ ကျွန်တော်ချိန်ပြီး အားလုံးစီမံပြီးသားပါဆို၊ ကားအတွင်းမှ မှန်ပြတင်းဘက်နဲ့ အမိုးကိုနိုင်လွန်ကြိုးနဲ့ ခိုင်ခိုင်သိုင်းချည်ပြီး အဲဒီကြိုးကို ကိုင်ပြီး မီးရှာရုံပေါ့"

"ရှာတဲ့သူ လိမ့်ကျပြီး သေအောင်တော့ လုပ်နေပါပြီ"

"အောင်မာ - သူများအသက်သတ်တဲ့ မုဆိုးလုပ်နေပြီး ကိုယ်သေမှာတော့ကြောက်သလား - ကျော်ဝင်းရ၊ မုဆိုးဝေါဟာရတစ်ခု ရှိတယ်မဟုတ်လား၊ ဘာတဲ့ - အဲ - အဲ - သူ့အသက်သတ်ချင်၊ ကိုယ့်အသက်တစ်ဝက်အရင်စပေါ်တင်ဆိုတာလေ"

"ဟုတ်လိုက်လေ - ကိုညွန့်ခင်ရာ၊ မီးရှာမှာ သူ မဟုတ်တော့ ပြောအားရှိတာပေါ့ - ဟင်း"

"ဟုတ်တယ်လေ - ကျုပ်တာဝန်က ကားမောင်းပဲ၊ မီးရှာမဟုတ်တော့ လိမ့်ကျလို့သေလည်း ကျုပ်သေမှာမှ မဟုတ်တာပဲ"

"အော် - ကောင်းလိုက်တဲ့ စိတ်ရင်းစေတနာ မှတ်သားစရာပဲဗျာ"

ပြောရင်းဆိုရင်း ကျွန်တော်တို့အဖွဲ့ကားကလေးမှာ ကျုံးနံဘေး ရောက်ခဲ့ကြသည်၊ ကျုံးလမ်းတစ်လျှောက်တွင် ကား ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေပက်သင်းများ၊ ရေပက်ခံကားများ၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေကျင်တို့က ကြိတ်ကြိတ်တိုး၊ တိုးမပေါက်အောင် စည်ကားလှသည်၊

သီချင်းသံ၊ ကက်ဆက်သံ၊ စည်တိုသံ၊ လင်းကွင်းသံ၊ အော်သံ၊ ဟစ်သံ၊ အသံသေး၊ အသံကြောင်များက ဘဝင်အထိ ကြွက်ကြွက်ညံနေတော့သည်၊ သကြိန်ပိုးရှိသူများအတွက် ဒီအသံဗလံများက နားဝင်ပီယံတွင် အရသာ ခံစားနိုင်ကြမည်ဖြစ်သော်လည်း ကျွန်တော်တို့လို မုဆိုးများအတွက်မူကား ဒီအသံအသံတွေကို နားဝင်ပီယံတွင် မခံစားသတ်၊ မခံစားနိုင်ကြသဖြင့်လည်း အေးအေးတိတ်ဆိတ်မည့်နေရာ ဆည်တော်ကြီးတောမဟာသို့ ရှေးရှုထွက်ခွာခဲ့ကြခြင်းဖြစ်သည်၊

အော် - လောက - လောက လောကကြီးမှာလူအမျိုးမျိုး၊ စိတ်အတွေ့အကြုံရှိရာ အကြိုက်စရိုက်ချင်းလည်း အမျိုးမျိုးကွာခြားကြပါဘိတကား။

***

ကျွန်တော်တို့အဖွဲ့နေ့(၁၂)နာရီထိုးသော့မတ္တရာမြို့မရောက်ခင်လမ်းခွဲ၊ ချောက်တံတားရွာ၊ ထမင်းဆိုင်တွင်နားနေ၊ ထမင်းစားလိုက်ကြသည်၊ ထမင်းဆိုင်တွင် စားပွဲထိုးကလေးမလှလှကလေးများရှိရာ ကျွန်တော်တို့အဖွဲ့တွင် အသက်အငယ်ဆုံးဖြစ်သော ရစ်ချဒ်ကချိတ်တတ်၊ ပျော်တတ်သူပီပီ ကလေးမများ၏ ဦးခေါင်းထက်တွင် ပန်ဆင်ထားသော ပိတောက်ပန်းခက်ကို ရေလောင်းရင်း မရမက တောင်းယူနိုင်လိုက်သည်။ (ရစ်ချဒ်မှာ ရုပ်ရှင်မင်းသားအောင်လွင်နှင့် ဆင်သူဖြစ်သည်။)

ကျော်ဝင်းကလည်း အားကျမခံ၊ ကောင်မလေးတွေကို သူတို့ရေဖြင့် သူတို့ကို ပြန်လောင်းရင် အကြည်ဆိုတ်အဖွဲ့ကျသည်၊ ဒီတော့ - ကလေးမများကလည်း ရစ်ချဒ်နှင့် ကျော်ဝင်းသာမက ကျွန်တော်တို့ကိုပါ ရေလောင်းကြတော့ ရာရေမစိုချင်၊ ရေကြောက်သော ကိုညွန့်ခင်ပါ မလွတ်တော့၊ အားလုံး ရွှဲရွှဲစိုတုန်တော့သည်၊

အော် - သင်္ကြန်ဆိုသည်က ပျော်တတ်၊ ဝေါတတ်သူများအတွက်တော့ ကြည်နူးစရာ၊ အချစ်ကမ္ဘာလေးဆိုရင် မမှားပါလား၊

ချောက်တံတား ထမင်းဆိုင်မှ ထွက်လာတော့ တစ်လမ်းလုံး ကိုညွန့်ခင်က ရေစိုလို့တဖျစ်တောက်တောက်ရှိနေသလောက် ရစ်ချဒ်နှင့် ကျော်ဝင်းက တော့ ကောင်မလေးတွေအကြောင်း စမြုံ့ပြန်ပြီး တဟီးဟီး တဟားဟားနှင့် ကြည်နူးစကားတွေက မဆုံးကြ။





www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာအရောက် ဗုန်းလုံးတွေ
ကြားကပင် ကျွန်တော့်အမြင်တွင်
ဝါးပင်ရိပ်အောက်မှာ အိပ်နေသော
နီညိုညိုသတ္တဝါတစ်ကော[illegible]
မြင်လိုက်ရသဖြင့် ဘာကော[illegible]
အသေအချာမပြောနိုင်။ ချေလား[illegible]
အရယ်လား၊ နွားကလေးလား၊
တစ်ကောင်ကောင်ကတော့
၆၆ သေချာသည်။



ကျွန်တော်ကတော့ ကိုညွန့်ခင်နဲ့ ရစ်ချဒ်တို့ကြား စကားအတို့အထောင်တလေးတွေ လုပ်လိုက်သည်၊

"အေး - မင်းတို့ကသာ တဟီးဟီး၊ ထဟားဟား ကြည်နူးစကားတွေ ဆိုနေကြ၊ ကိုညွန့်ခင်ကတော့ မြို့ထဲတုန်းက တောင်ရေမစိုအောင် ရှောင်နေနိုင်ခဲ့တာ၊ ဒီ ဘာမဟုတ်တဲ့ ဆတ်စလူးတောသူမတွေကျမှ ရေစိုရမလားဆိုပြီး ဒေါစီးနေတာဗျ။ တကယ်တမ်း တရားခံက မင်းတို့နှစ်ယောက်ပဲ၊ မင်းတို့ ပိတောက်ပန်းတောင်း၊ ရေလောင်းကြလို့ သူတို့ကပြန်လောင်းရဲတာ၊ နို့မဟုတ်ရင် ကိုညွန့်ခင် ရေစိုစရာကို အကြောင်းမရှိဘူး။ ခုတော့ ကြွက်စုတ် ရေမွန်းထားသလိုဖြစ်နေပြီး ဒီအထဲကကို မင်းတို့က အပြန်ဝင်ကြဦး မယ်ပြောနေတော့ သည်းလွန်း၊ ကဲလွန်းတာပေါ့"

"ဟုတ်တယ် - ကိုဘမင်းပြောတာ မှန်တယ်၊ ဒီနှစ်ကောင် မြို့မှာ မိန်းမတွေ ရေမှာမကဲရဲတော့ ဒီတောကျမှ ကဲလွန်းနေကြတာ သိမယ်၊ အပြန် သူတို့မိန်းမတွေ ဝင်ထောင်ပေးရအောင် ကိုဘမင်း"

"ဟာ - အိမ်ကဟာမတွေ တော့ မထောင်လိုက်ကြပါနဲ့၊ တော်ကြာ မိုးမီးလောင်ကုန်ပါဦးမယ်၊ နဂိုကမှ မယုံချင်[illegible]ဖြစ်နေကြတဲ့အထဲ၊ ကဲ - တော်ပြီ - တော်[illegible]ပြီ အပြန်လည်းမဝင်တော့ပါဘူး၊ တော[illegible]တားတော၊ တောင်စကား တောင်မနော်"

"ဒီလိုဆိုတော့လည်း ဒို့လူတွေက [illegible]နဲ့မကြောက်သားပဲ"

"ကြောက်တာ မဟုတ်ပါဘူး၊ [illegible]ညွန့်ခင်ရာ - ချစ်လို့ပါ"

"အောင်မာ - အောင်မာ - ကြား[illegible]ကောင်းအောင် အသံကောင်းဟစ်မနေ[illegible]နဲ့ကွာ၊ အကြောင်းမသိတဲ့လူတွေကျ[illegible]တာပဲ၊ ဘာချစ်လို့ပါလဲ၊ စိတ်ကောက်[illegible]း မှောက်အိပ်နေမှာ ကြောက်ရင်[illegible]ကြောက်တယ်ပေါ့"

"အဲဒါလည်းပါတာပေါ့ - ကိုမင်းရာ[illegible]-ဟဲ-ဟဲ"

"အေး - အဲဒီလို ယောက်ျားပီပီ [illegible]ညိုရှိရှိ ဝန်ခံလိုက်စမ်းပါ"

"ကိုင်း - အဲဒီစကားတွေ ခဏဖြတ်၊ [illegible] - ရေနံ့သာရွာ ရောက်လာပြီ၊ ရေ့[illegible]ခွဲဆို တောဝင်ရတော့မယ်၊ ဘယ်[illegible]တည်းပြီး ဘယ်မှာစခန်းချကြမယ်[illegible]တုန်း"

ကိုညွန့်ခင်က စကားလမ်းလွှဲလိုက်[illegible]မေးခွန်းထုတ်လိုက်သည်၊

"ဓွေးချောင်း - ကိုအုန်းမောင်တို့[illegible]ကြီးစခန်းရောက်မှ မီးစင်ကြည့်ကပြီးစီစဉ်ကြတာပေါ့၊ ခုတော့ - ဆောင်းသာမောင်း - ဘော်ဒါကြီးရေ"

ကျွန်တော်က ကိုညွန့်ခင်အမေးကို အဖြေပေးလိုက်ပြီး ကားကိုဆက်မောင်းနှင်းလိုက်သည်၊

ရေနံ့သာရွာလွန်၍ လမ်းခွဲ တွေ့ဝင်ပြီး ရေမြောင်းကို ကျော်လိုက်သည်နှင့် ရေနံ့သာအင်းကို လှမ်းမြင်တွေ့လိုက်ကြရသည်၊ ရေနံ့သာအင်းကား ဟင်တျိုး၊ အော်ရာ၊ ဝမ်းဘဲ၊ စစ္စလီ၊ မယ်ညို၊ ရေကြက်၊ ကုလားကွက်အမြင့် ချည်ခင်စွပ်ငှက်နှင့် ဗျိုင်း အလွန်ပေါသောအင်းဖြစ်သလို ဗေဒါ၊ ကြာမျိုးစုံနှင့် မှော်ပေါသောအင်းလည်းဖြစ်သည်၊

"ကိုင်း - ဘော်ဒါတို့ - ညနေစာဟင်းစားလေးအတွက် အင်းထဲဆင်း၊ ငှက်ပစ်ကြဦးမလား၊ ပစ်မယ်ဆိုရင် ဟောဟိုသစ်ပင်ရိပ်မှာ ရပ်လိုက်မယ်"

"နေဖူးပါတယ် လုပ်မနေနဲ့တော့၊ အချိန်လည်းဖင့်နေမယ်၊ ဟိုကိုစောစောရောက်ရင် အေးအေးဆေးဆေး နားနားနေနေ စားသောက်ချိန်ရတာပေါ့"

ကျွန်တော့်စကားကြောင့် ကားကို မရပ်တော့ဘဲ ကိုညွန့်ခင်က အရှိန်[illegible]ဖွင့်ကာ မောင်းနှင်သွားခဲ့သည်၊ နေ့ရှိန်[illegible]ကာလ တန်ရှူးလမ်းပတ်ဝန်းကျင်[illegible]လယ်

www.burmeseclassic.com

www.burmeseclassic.com

တွင်းများက ရှင်းလင်းခြောက်သွေ့နေသည်၊ ကားအရှိန်မြန်လာသည်နှင့် လယ်ကွင်းပြင် နေပူတစ်ကြောမှာ ဖြတ်တိုက်လာသော လေပူများက ကားပေါ်မှ လူတွေကို ထိတို့ကစားသွားကြသည်၊

လယ်ကွင်း လယ်ကွက် ရိုးပြတ်များတိုဖြတ်သန်းတိုက်ခတ်လာသော လေမို့ တောက်ရိုးနှံ၊ ရိုးပြတ်နှံကလေးက သင်းပျံ့မြန်မြန်၊ ပဲခင်းပြောင်းခင်း၊ နှမ်းခင်းရိုးဖြတ်ခင်းများကိုလမ်းဘေးတစ်လျှောက် တွက်ကျားကွက်ကျား တွေ့နေရသည်၊ လူတို့၏ စိုက်ကွင်းစိုက်ကွက်များကို ကျော်လာသောအခါတွင် အင်ပင်ပေါက်တော၊ ဝါးတော၊ သက်ကယ်တောများကို ကားကလေးက ဖုန်တထောင်းထောင်းကြားက ဖြတ်ကျော်ခဲ့သည်၊

တစ်နေရာအရောက် ဖုန်လုံးတွေကြားကပင် ကျွန်တော့်အမြင်တွင် ဝါးပင်ရိပ်အောက်မှာ အိပ်နေသော နီညိုညို သတ္တဝါတစ်ကောင် ရိပ်ခနဲမြင်လိုက်ရသဖြင့် ဘာကောင်ရယ်ဟု အသေအချာ မပြောနိုင်၊ ခွေးလား၊ ဒရယ်လား၊ နွားကလေးလား၊ တစ်ကောင်ကောင်ကတော့ သေချာသည်၊

မြင်မြင်ချင်းတော့ နွားကလေးတစ်ကောင် နေမှုလို့ ဝါးရုံရိပ်အောက် အိပ်နေသည်ဟုပင် တွေးထင်မိသည်၊ သို့သော် ပတ်ဝန်းကျင်တွင် တဲလည်း မရှိ၊ တခြားနွားကြီးများလည်း အစအနမမြင်သဖြင့် တောကောင်များလားဟူသော အသိတရားက ဝင်သွားပြန်သည်၊

ဒါကြောင့် ကားမောင်းသူအား –

“ရပ် – ရပ် – ရပ် – ခဏလောက် ရပ်စမ်းပါ၊ ကျုပ် ဝါးပင်ရုံရိပ်မှာ သားကောင်တစ်ကောင် အိပ်နေတာ မြင်လိုက်လို့”

ကားက ချက်ချင်းရပ်သွားသည်၊ ကျွန်တော်က ကားပေါ်မှ တစ်လုံးထိုး ကျွန်တော့်သေနတ်နှင့် ယမ်းတောင့်ယူလျက် မြင်ကွင်းရှိရာသို့ တစ်လှမ်းချင်း သွားလိုက်သည်၊

တွေ့ရသည်က ဝါးရုံခြေနေရိပ်တွင် အေးအေးဆေးဆေး ကျောပေးအိပ်နေသော ရှိုးတောင်တောင်ဒရယ်ပေါက်တစ်ကောင်၊ သားကောင် သေချာသွားသည်နှင့် ပြောင်းတန်းကာ လက်နောက်ဆီသို့ ရှိန်လျက် ဆန်တွန်းပစ်ထည့်လိုက်သည်၊

“ဒိုင်း” ဟူသော သေနတ်သံနှင့် အတူ သားကောင်က တစ်ချက်ခုန်ကာ ထွက်ပြေးသွားတော့သည်၊

ကျော်ဝင်းနှင့် ရစ်ချဒ်တို့ ကျွန်တော့် အနား ရောက်လာပြီး –

“ထိတယ် – ကိုမင်း – ထိတယ်၊ အသာလိုက်ကြည့်ကြရအောင်”

ဟုပြောပြောဆိုဆို သားကောင်ခုန်ထွက်ပြေးရာသို့ လိုက်ကြည့်ကြသည်၊ သွေးများက တောက်လျှောက်ကျပြီး တိုက်(၃၀)လောက်တွင် လဲနေတာတွေ့ရတော့သည်၊ ရစ်ချဒ်နှင့် ကျော်ဝင်းတို့အားရဝမ်းသာနှင့်ပြေး၊ လည်လှီးလုပ်ပြီး ကားဆီသို့ နစ်ယောက်သား မ,သယ်လာကြပါတော့သည်၊

“ကိုင်း – ဘယ့်နှယ်ရှိစ – ကိုဘမင်း၊ လပြည့်နေ့ညတောင်မရောက်သေးဘူး၊ အခု – သားကောင်ကရနေပြီ၊ သေနေ့စေ့တဲ့အကောင် ရမှာပါလို့ ကျုပ် ပြောတယ်ခို့လား”

“အင်း – သားကောင်ကရထားပြီဆိုတော့ ပြောတိုင်း တင့်တယ်နေတာပေါ့လေ၊ ညပိုင်း ဆက်ပြီးရဖို့ပဲ လိုတော့တယ်”

ရရှိသောဒရယ်ကို ကားနောက်ဖုံးခွင်တင်ပြီး ရှေ့ခရီး ဆက်ခဲ့ကြပြန် သည်၊ “ဆဲဖြူချောင်း” ကားဖြတ်ကူးလိုက်သောအခါ ချောင်းတွင်း ရေချိုးနေသော ရွာခံမုဆိုး “လှအေး” နှင့် တန်းတိုးနေသဖြင့် –

“ဟာ – ဦးညွန့်ခင်တို့ဦးဘမင်းတို့ပါလား၊ ဒါက ဘယ်သွားကြမလို့လဲ၊ ကျုပ်တဲ လာလည်ကြတာလား”

“အမှန်အတိုင်းပြောရရင်တော့ နင့်ဆီလာတာ မဟုတ်ဘူး၊ ဆည်တော်ကြီးရွှေချောင်းထဲ တန်းသွားမလို့ပဲ၊ အခုနင့်တွေ့မှတော့ နင့်ဆီ ဝင်ရတော့မှာပေါ့လေ”

ကိုညွန့်ခင်က ရှင်းရှင်းဘွင်းဘွင်း သမားကြီးအားမနာတတ်သူပီပီ၊ အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း ပြောလိုက်သည်၊

“ဆည်တော်ထဲ သွားလို့မှ ကျုပ်ဆီ မဝင်ရင် အားလုံးသေခန်းဖြတ်ပဲပေါ့ဗျာ”

လှအေးကလည်း လူရင်းမုဆိုးပီပီ အားရပါးရ ပြန်ပြောချလိုက်သည်၊

“ကဲပါ – လှအေးရာ၊ ကားပေါ်သာ မြန်မြန်တက်စမ်းပါ၊ နင့်တဲကျမှ ပြောကြဆိုကြတာပေါ့”

ကျော်ဝင်းက ဝင်ပြောလိုက်မှ လှအေးလည်း ရေချိုးရာမှ ကားပေါ် တက်လိုက်ခဲ့တော့သည်၊ လှအေးတို့ ခြံရောက်မှ ဒရယ်ကို ကားပေါ်မှ ချ ချာ ချက် တန် ချက်၊ ခြောက် တန်ခြောက်၊

www.burmeseclassic.com

အမြောက်လုန်းဖို့ မျှင်းတန်မျှင်းပြီး စား
သောက်ဝိုင်းစလိုက်ကြသည်။

"တဲ - တပည့်ကြီးလည်းအစီအစဉ်
လေးပြောဦးများ"

လှအေးက ဖန်ခွက်အသီးသီးတွင်
(Rum)ရမ်အနည်းငယ်စီထည့်ရင်းမေး
လိုက်သည်။

ဒီနေ့သကြန်အတျနေ့၊ နားပူ၊ နား
ဆူ၊ ချုတ်စိနေတက်တာ မခံချင်လို့ တော
ထွက်ခဲ့ကြတာပဲ၊ အစီအစဉ်ကတော့
ငွေချောင်း၊ဖွဲ့တူနန်း၊ နန်းအလ်ဘက်တက်
လည်ဖလို့ စိတ်ကူးတာပဲ၊ အခြေအနေ
ဘယ်နှယ်တုံး"

"အခြေအနေကတော့ ကောင်းပါ
တယ်၊ ဒါပေမဲ့ - လပြည့်ညဆိုတော့
လကြီးက သာလွန်းတယ်"

"လာပြန်ပြီတစ်ယောက်၊ ဒီလပြည့်
လသာတာပဲ ယိုးမယ်ဖွဲ့နေကြတယ်၊
လပြည့်လို့ လသာရင် သားကောင်တွေ
က အစာရှာမစားတော့ဘူးလား၊ အိပ်
တျင်းက မထွက်ကြတော့ဘူးလားကွာ"

"အဲလိုတော့ ဘယ်ဟုတ်မှာလဲ၊
ဦးညွှန့်ခင်ရာ၊ လသာတော့ရှာမီးမထိုးလို့
အခွင့်အရေးနည်းတာပေါ့"

"အဲဖြင့် - ရှေးမုဆိုးကြီးတွေက ဘာ
လို့ "မုဆိုးလသာ" ဆိုခဲ့ကြတာတုံး"

"အဲဒါကတော့ သူတို့ခေတ်က အခု
ခေတ်လို ဓာတ်မီးတွေ မပေါ်သေးတော့
အလင်းရောင်ဆိုလို့ လသာတဲ့အလင်း
ရောင်ပဲ အားကိုးရလို့ ပြောတာနေမှာပါ
များ"

"ဒါဆို - နင်မလိုက်ချင်ဘူးပေါ့"

"အဲလိုတော့ မကျိစားနဲ့များ၊ လိုက်
မှာပေါ့"

"ကဲ - ဒါဖြင့် - လသာ၊ လမိုက်၊
စကားမပြောနဲ့တော့၊ သောက်စရာရှိ
တာ သောက်၊ သောက်ပြီး စားပြီးတာနဲ့
ထွက်ကြမယ်၊ စောစောထွက်၊ စောစော
ပစ်၊ များများရအောင်"

ဦးညွှန့်ခင်စကားကြောင့် အားလုံး
ငြိမ်သွားကြပြီး သောက်လက်စ ကိုယ့်
ခွက်ကို ကိုယ်တိုင်မော့လိုက်ကြတော့
သည်။

***

ဆည်တော်၊ ငွေချောင်းသစ်ထုတ်
ရေးကားကြီးစခန်းရောက်ကြသောအခါ
မိတ်ဆွေ ဘော်ဒါတွေ ဖြစ်ကြသော
ကိုအုံးမောင်း၊ ကိုလှဆောင်တို့ထံ ခေ
ဝင်နှုတ်ဆက်ရင်း သူတို့အတွက် ဟင်း
စားယူခဲ့သော ဒရယ်နံချပ်(၂) ချပ်ကို
ပေးလိုက်သည်။

သူတို့ကလည်း သကြန်အတွင်း
ဘားနားသဖြင့် အားနေကြောင်း တား
လိုက ရကြောင်း ပြောကြားကြသည်။
နောက်ပြီး "ကြိမ်ချောင်း" ဘက် သွား
လည်ရန် အတန်တန်မှာကြားသည်။
အဲဒီဘက်တွင် မုန်ကျလို့ လူသတ်သွား
သော ဆင်ကြီးက မြင်မြင်သမျှ ကား
နောက်လိုက်နေကြောင်း ပြောကြသည်။

သူတို့ ပြောသမျှ အလေးထား
နားကြားပြီး ကျွန်တော်တို့အဖွဲ့လည်း
ဖွဲ့တူနန်း"၊ "နန်းအလ်" ဘက် ဆက်ထွက်ခဲ့
ကြသည်။ လူသတ်ဆင်မှာ အချိန်မရွေး၊
နေရာမရွေး တွေ့နိုင်၊ ဒုက္ခပေးနိုင်သဖြင့်
ကျွန်တော်တို့အားလုံး ပေါ့ပေါ့တန်တန်
သဘောမထားနိုင်ကြတော့ဘဲ မိမိတို့ပါ
သမျှ သေနတ်လက်နက်တွေကို အရန်
သင့် ကျည်ထိုးထားလိုက်ကြသည်။

ကိုညွှန့်ခင်က သူ့ရဲ့(၂၂)ပစ္စတို
မဂ္ဂဇင်းတွင် ကျည်ဖြည့်ထည့်၊ မောင်း
တင်၊ သော့ပိတ်၊ ခါးကြားထိုးထားလိုက်
သလို ရစ်ချဒ်ကလည်း သူ့(Brno.2)
ဘရူနိုတူး၊ဗိုင့်(၂၂)ရိုင်ဖယ်၊မဂ္ဂဇင်းတွင်
ကျည်(၁၀)တောင့် ဖြည့်ပြီး ကျည်ထိုး
မောင်းတင် (Safe)လုံခြုံရေးခလုတ်ကို
ပိတ်ထားလိုက်သည်။ ကျော်ဝင်းနှင့်
ကျွန်တော်လည်းနှစ်လုံးပြူး၊တစ်လုံးပြူး
များကို စိတ်အချရဆုံး (Original)
အော်ရီဂျင်နယ် ခဲကြီးယမ်းတောင့်များ
ကို ထည့်ပြီး အသင့်ပြင်ထားသည်။

လှအေးကိုလည်း အကယ်၍ ဆင်
တွေ့ပါက မီးမှိတ်မပစ်ရန် အထပ်ထပ်
မှာကြားထားရသလို ကားမောင်းသော
ကိုညွှန့်ခင်ကိုလည်း ကားရပ်လျှင် စက်
သတ်မရပ်ရန် ပြောထားရသည်။ အား
လုံး စည်းဝါးရိုက်ပြီးသည်နှင့် ခရီးဆက်
ခဲ့ကြသည်။

မီးသမားလှအေးက ကားနောက်ခုံ
ကိုဖွင့်ပြီး သိုင်းထားသောနိုင်လွန်ကြိုးကို
ကိုင်လျက် မီးရှာသည်။ သေနတ်သမား
ကျွန်တော်တို့ကတော့ သေနတ်အသီး
သီးကိုင်ပြီး ကားတွင်းကပင် လိုက်ခဲ့ကြ
သည်။

နွေမိန်းခါသမယ၊ တန်ခူးလမို့ချော်ခါ
ရွက်တို့က လေအတိုက် ကြွေလိုက်ကြ
သည်မှာ တဖြုတ်ဖြုတ်၊ တချို့အပင်များ
မှာ အပင်ပေါ်ထက်တွင် တစ်ရွက်မျှ
မကျန်၊ ရှိုးတံတပြိုင်းပြိုင်းနှင့် ဘယ်ညာ
ညာနွဲ့ရှိနေကြသည်မှာ သိုင်းလေးနေသည့်
နယ်ပင်။

www.burmeseclassic.com

www.burmeseclassic.com

(12V)မာကျရှိရာမီးအလင်းတန်းတ အရှေ့ပြဖွာမှ စတင်ထွက်လာသော လပြည့်ဝန်း၏အလင်းရောင်ကိုပင်လွှမ်းနေသဖြင့် ဝမ်းသာအားရမိသေးသည်။ အောက်ခြေရှင်းသောတောတောင်တွင် မီးသွမ်းက အပေါက်အကြားမကျန်အောင် စေ့စေ့စပ်စပ် ရှာနေသည်။

တားတလေးက "ကမ်းပါးနီး" ကျော်၍ "ချောင်းတာရှည်" ချောင်းရောက်လာသည်။ ချောင်းရိုးတစ်လျှောက်နှင့် တစ်ဇက်ကမ်းပါးတစ်လျှောက်တွင် ဝင်းဝင်းလက်လက် ပိုးစိမ်းဖြူ (ပိုးစုန်းကြူး) မျက်လုံးများက တစ်ခါတစ်ခါ သားကောင်မျက်လုံးများလားဟုပင် ထင်မှတ်မှားစေခဲ့တော့သည်။

ချောင်းတာရှည်ချောင်းဖျားရောက်လာသောအခါတွင်တော့ မီးသမားက တားအမိုးကို တဒေါက်ဒေါက် ခေါက်လိုက်သည်။ အကောင်တွေ့နေပြီ၊ ကားရပ်ဦးဟူသော သင်္ကေတပင်။

ကားက ချက်ချင်း ရပ်ပေးလိုက်သည်။ သေနတ်သမား ကျော်ဝင်းနှင့် ရစ်ချဒ်တို့နှစ်ယောက်ကားနောက်ခန်းမှ ဆင်းပြီး မီးသမားဆီ ရောက်သွားကြသည်။

"ဘာကောင်လဲဟ - လှအေးရ"

"ချေ - ချေကွ။ ချောင်း ဟိုဘက်ကမ်းမှာ"

ချောင်းမှာ ချောင်းဖျားဖြစ်၍ ကိုက် (၃၀) မျှသာ ကျယ်ပြီး နွေမို့ ရေက မရှိ၊ ခန်းခြောက်နေပြီဖြစ်သည်။ သို့သော် ကားအောက်မှသေနတ်သမားများလှမ်းကြည့်၍မမြင်ရ၊ မြက်ပင်၊ ကိုင်းပင်ခြောက်ကလေးများက ကွယ်နေသည်။

"အကောင်က ဘယ်မှာလဲ၊ ငါတို့မမြင်ရဘူးဟ"

သေနတ်သမား နှစ်ယောက်စလုံးက ပြောလိုက်ခြင်းဖြစ်သည်။

"ကားအောက်ကမို့ မမြင်ရတာ၊ ကားပေါ် တက်ခဲ့၊ ငါ့နေရာက ထင်းနေတာပဲ၊ အကောင်လုံး ပေါ်ကြီး"

"ကားနောက်ဖုံးပေါ် နှစ်ယောက်တက်လို့တော့ မရလောက်ဘူး၊ ရော့ - ရော့ - ပွိုင့်တူးတူး၊ နင်ပဲ ပစ်လိုက်တော့"

ရစ်ချဒ်က သူ့လက်ထဲမှ ပွိုင့်တူးတူးသေနတ်ကို ပေးလိုက်သည်။ လက်ထဲ သေနတ်ရောက်သွားသည်နှင့် မကြာလိုက်၊ လှအေးက သူ့မီးနှင့်သူ ချိန်ပစ်လိုက်သည်။ သေနတ်သံက မကျယ်လှ၊ "ဖန်း"၊ "ဘုတ်" ခနဲ ဆက်တိုက်ကြားလိုက်ရသည်။

"မှန်တယ် - မှန်တယ် - ဘုတ်ခနဲကို ကြားလိုက်ရတယ်"

ကိုညွန့်ခင်က ကားထဲမှ အသံနားထောင်ပြီး အားရကျေနပ်စွာ ပြောလိုက်သည်။

ရစ်ချဒ်ရော ကျော်ဝင်းပါ ချောင်းတစ်ဖက်ကမ်း အပြေးလေး ဆင်းသွားကြပြီး ခဏနေတော့ ချေပေါက်ကြီးနှစ်ယောက်သယ်လာကြသည်။ လပြည့်ညအလင်းရောင်တွင် ချေပေါက်ကြီးက ဈေးပေါက်သွားသည်။

"ကိုင်း - ငါ့လူတို့ - ချေဈေးဦးပေါက်ပြီဆိုတာ နောက်တွေ့တဲ့အကောင်တွေလည်း ရဦးမှာပဲ၊ တက်ကြ - တက်ကြ - ရှေ့ခရီး ဆက်ရအောင်"

"တဲ - လှအေး - နင် - ကြိုးကိုင်ပြီးနေရတာ လက်တွေကျိန်းနေရောပေါ့၊ တစ်လှည့်ရှာခဲ့မယ် - ပေးမီး၊ ရော့ - ငါ့သေနတ် ယူထား"

ကျော်ဝင်းက (Duty) ဂျူတီလွှဲယူလိုက်ပြီး မီးရှာတာဝန် ပြောင်းယူလိုက်သည်။ ကားတလေးကလည်း ရှေ့ဆက်ထွက်ခဲ့တော့သည်။ ဒန့်ဒင်လမ်းခွဲရောက်လာပြီး "ပွဲကုန်း" စခန်းဝင်ခါနီးအခါ ကျော်ဝင်းမီးက လမ်းဘေးတစ်ပင်တစ်ပင်ပေါ်ထိုးလိုက်၊ ကစားပေးလိုက်လုပ်နေပြီး "ကြောင် - ကြောင် - ပစ်မလား" ဟု မေးလိုက်သည်။

"ဟ - ဘာကြောင်လဲ၊ အိမ်ကြောင်နဲ့ ကြောင်ဥကြည်တလွဲရင် အတုန်စစ် - စားကောင်းတာချည်းပဲ"

ကိုညွန့်ခင်က ကျော်ဝင်းအမေးတိုဖြေရင်း ကားရပ်လိုက်သည်။ နောက်ပြီး ကားမောင်းနေရာမှ ဆင်းတာ -

"ဘယ်မှာလဲ - ကြောင်က၊ ငါ ပစ်မယ်ကွာ"

ဟုပြောရင်း ကျော်ဝင်းနား ရောက်သွားတော့သည်။

ကျော်ဝင်းက လမ်းဘေးသစ်ခွဲပင်ပေါ်မီးထိုးပြရင်း -

"တွေ့လား - ဒီမှာ၊ ကိုင်းများသစ်သီး စားနေတာ"

"အေး - တွေ့ပြီ - မြင်ပြီ"

ဟု ပြန်ပြောရင်း သူ၏ပွိုင့်တူးတူး ပစ္စတိုနှင့် (၃) ချက်ပစ်သော်လည်း ကြောင်ကို မထိသဖြင့် ရစ်ချဒ်တို့ချောင်း (၂၂) ရိုင်ဖယ်နှင့်ပစ်ခိုင်းလိုက်မှ ကြောင်က ကျလာသည်။ ကြောင်မှာ ကြောင်စံပိုက်ဖြစ်ပြီး အတော်ကြီးသဖြင့် ကိုညွန့်ခင်က အားရဝမ်းသာစွာနှင့် ကျော်ဝင်းတို့ဟာလာလုပ်နိုင်းနေသည်။





www.burmeseclassic.com

www.burmeseclassic.com

"ကြံကြီးစည်ရာ - ကိုညွန့်ခင်ရာ၊ ကြောင်တိုဟာလာလုပ်နိုင်းပြီး ကျုပ်တို့ တာနိုင်းဦးမလို့လား"

"အေး - (Sorry) ဆောရီးပဲ၊ ကြောင်သားက ကောင်းလွန်းလို့စားချင်တဲ့ဆန္ဒကြောင့် သတိလွတ်သွားလို့ပါကွာ"

ကိုညွန့်ခင်နှင့် ကျော်ဝင်းတို့အဖြစ်တိုကြည့်ပြီး ကျန် ကျွန်တော်တို့ (၃) ယောက်က ပြုံးနေလိုက်ကြသည်၊ ကျွန်တော်တို့အဖွဲ့ ပွဲကုန်းစခန်းတွင် မနားကြတော့ဘဲ ရှေ့သို့ခရီးဆက်ခဲ့ကြပြန်သည်၊ "ချောင်းငယ်" ကျော်လာသည်အထိ နောက်ထပ် ဘာသားကောင်မှ မတွေ့ရ၊ တောင်းကင်မှ ပြည့်ဝန်းသော လမင်းကြီးတလည်း တိမ်မြုကင်းပြီး ထိန်ထိန်လင်းလှသည်၊ တောတောင်လျှိုမြောင်ကစပြီး အရှင်းသား၊ အထင်းသား မြင်တွေ့နေရသည်၊

"သဲပြင်သာ" ချောင်း ကားဆင်းလိုက်သည်နှင့် ရှေ့ကျွန်းတောပြန့်ဆီက "တရိန်" ဟူသော ဆတ်ထိန်သံက စူးစူးဝါးဝါး ကြားလိုက်ရသည်၊

"ဟော - ကျွန်တောဆီကဆတ်ထိန်သံ ကြားရတယ်ဟေ့၊ ကိုကျော်ဝင်း မီးအသေချာရှာနော်၊ ဒီဆတ်တွေမှာ သေချာတယ်"

လှအေးက မီးကိုင်သော ကျော်ဝင်းကို သတိပေးလိုက်သည်၊

ကားသမား ကိုညွန့်ခင်ကတော့ သဲပြင်သာ၊ သဲချောင်းကြီးကိုလီဗာ ဟဲ၍ လမ်းကြောင်းမလွဲရန် သတိထား မောင်းနေရှာသည်၊ ချောင်းအတက် ရောက်ခါနီးမှ ကားက သဲဝပ်မလို တုံ့သွားသဖြင့် လီဗာကို ခပ်ပြင်းပြင်း နင်းလိုက်ရသဖြင့် ကားသံက ပိုဆူညံသွားသည်၊

ဆူညံသွားသော ကားစက်သံကြောင့်ပင် ထင်သည်၊ ဆတ်မှာ ချောင်းအတက် ကျွန်းတောအစမှာ တွေ့သော်လည်း မီးမစံ၊ ကျွန်းတောအလယ်ဆီသို့ တစ်ချိုးတည်း လစ်ပြေးတော့သည်၊ အောက်ခြေရှင်းသော ကျွန်းတောထဲမို့ ဆတ်တစ်ကောင်လုံးကို လရောင်ဝင်းဝင်းဖြင့်ပင် အထင်းသား မြင်လိုက်ကြရသည်၊

"အရေးထဲကျမှ - ကားကကွာ"

ကိုညွန့်ခင်က မကျေမနပ် ဆိုလိုက်သည်၊

"အေးဗျာ - ကားသံသာ ပုံမှန်ဆိုရင် ဒီဆတ် အနီးကပ် ကျွန်းတောအစပ်မှာကို ပစ်ရမှာ"

ရစ်ချဒ်ကလည်း မကျေမချမ်း၊ မချင့်မရဲ ဆိုလိုက်ပြန်သည်၊

"ဂျစ်ကားတို့၊ လင့်ရိုဗာတို့နဲ့သာဆိုရင် ပြေးသွားတာကိုကားပေါ်က လှမ်းပစ်လို့ရတယ်၊ ဒီကားနဲ့ဆိုတော့ သေနတ်တောင် ထုတ်လို့မလွယ်ဘူး"

လှအေးကလည်း ဆလွန်းကားမို့ သေနတ်အလွယ်တကူထုတ်မရတာကို ရှုံ့မယ်ဖွဲ့ ဆိုလိုက်သည်၊

"ကဲ ပါ - မသေထိုက်သေးတဲ့ အကောင်မို့ မသေတာပါ၊ သေမယ့်ကံပါလာတဲ့အကောင်ကတော့ လမ်းဘေးက စောင့်နေမှာပါ"

ကျွန်တော်က အဖွဲ့သားတွေရဲ့ မခံချိ၊ မခံသာဖြစ်ရပ်ကို ပြေသွားအောင် စကားဆိုလိုက်ရသည်၊ တစ်ဆက်တည်း ကျွန်တော်က ကားကို ဆက်မောင်းနိုင်းလိုက်သည်၊

အချိန်မှာ သန်းခေါင်ယံသို့ ရောက်နေပေပြီ၊ ကောင်းကင်မှ မြူတိမ်ကင်းသော လမင်းကြီးက ပြည့်ပြည့်ဝဝ ထိန်ထိန်ဝင်းဝင်းလင်းနေသည်မှာ စိတ်ကြည်နူးစရာပင် ကောင်းနေတော့သည်၊

"အောက် - အီ - အီး - အွတ်"

"အောက် - အီ - အီး - အွတ်"

ချောင်းတစ်ဖက်ကမ်းဝါးတောဆီမှ သန်းခေါင်ယံကြက်တွန်သံများက အဆက်မပြတ် ကြားနေရသလို ကျွန်းတောအလယ်၊ ကားလမ်းနှင့် မလှမ်းမကမ်း သစ်ပင်ထက်မှ ဒေါင်းတွန်သံ "အိုးဝေ အိုးဝေ - တောက် - တောက် - တောက်" ဆိုသောအသံက ကျွန်တော့်စိတ်ကို ညှို့ယူဖမ်းစားလိုက်သည်၊

"ဟော - ဒေါင်းတွန်သံကွ - မဝေးဘူး၊ ငါ ဆင်းပစ်ချမယ်၊ ဒေါင်းသားမစားရတာ ကြာပြီ"

ကိုညွန့်ခင်က ကားကိုရပ်ပေးလိုက်သည်၊ ကျွန်တော်က (၃)ခဲထိုးမီးနှင့် တစ်လုံးတိုးသေနတ်ကိုယူကာ (4-Buck) ကျည် (၂၈) လုံးပါအမေရိကန် လုပ်သင်းတောင့်ကို ပြောင်းထည့်ရင်း ဒေါင်းတွန်သံကြားရာသစ်ပင်ဆီသို့သွားဖို့ခြေလှမ်း ပြင်လိုက်သည်၊

"နေဦး - ကိုမင်း၊ ကျုပ်လည်းလိုက်ခဲ့မယ်၊ အိပ်တန်းအပင်က မြင့်လွန်းနေရင် ကျုပ် (.၂၂) နဲ့ ပစ်ရအောင်"

"အေး - အေး - ကောင်းတယ်၊ လိုက်ခဲ့၊ ခြေသံမကြားရအောင်ဖဲ့ခြေဖျား အတိုင်းနင်းပြီး ကပ်လိုက်ခဲ့၊ မင်းနဲ့မီးမထိုးနဲ့နော်၊ ဒီကောင်တွေက သိပ်ပါးတယ်"

www.burmeseclassic.com

"အိုဝေ - စိတ်ချ - ကိုမင်း"

ကျွန်တော်က ဓာဓာက ခေါင်းတွန်သံကြားရာသစ်ပင်ဆီသို့ မှန်း၍ အောက်ခြေကိုသာ မီးမှိန်မှိန် ထိုးသွားလိုက်သည်။ ကိုက်(၅၀)လောက် သွားမိသောအခါ ခေတ္တရပ်နားလျက် အသံကိုနားထောင်ရင်း သစ်ပင်များပေါ်သို့ မျှော်စီတစားလိုက်ကြသည်။

သစ်ရွက်ကြွေချိန်ဖြစ်ပြီး လပြည့်နေ့ညသန်းခေါင်ယံမို့ မီးထိုးရန်မလို။ လရောင်နှင့် အမြင်က ရှင်းလှသည်။ သို့သော် ကျွန်တော်တို့ ရောက်နေသောနေရာက အဝင်များပေါ်တွင်တော့ ဘာမှမတွေ့ရ မမြင်ကြ။

ဒါကြောင့်လက်ျာဘက်သို့တဖြည်းဖြည်းရွေ့၍တစ်ပင်ချင်းကြည့်ရှုလေ့လာနေရသည်။ တံကောင်းသည်ပဲ ဆိုရမလား။ ယခုကြည့်ရှုလေ့လာနေသောသစ်ပင်၏ ရှေ့တစ်ပင်လောက်က "အိုးဝေ-အိုးဝေ" ဟု ခေါင်းတွန်သံက ထပ်မံပေါ်ထွက်လာသဖြင့် နေရာအတိအကျသိလိုက်ရသည်။

ရစ်ချဒ်နားနားကိုကပ်၍ သေနတ်အရှိန်သင့်လုပ်ထားရန်နှင့်အကောင်ကိုနှစ်ယောက်ပြိုင်တူ ဝမ်း၊ တူး၊ သရီး ခေါ်ပြီးပစ်ရန် ပြောလိုက်ရသည်။ ကျွန်တော်ကရှေ့ဆောင်၍အသံကြားရာသစ်ပင်ဆီသို့မီးမထိုးဘဲဖြည်းဖြည်းချင်း ကပ်သွားလိုက်သည်။ ပင်ခြေကပ်မိမှ အပေါ်သို့မော့ကြည့်လေ့လာလိုက်ရာ အပင်၏ ခြောက်ဘက်ကိုင်းဖျားတွင် အမြီးတန်းလန်းနှင့်ခေါင်းတစ်ကောင်၏ပုံစံကောက်ကြောင်းကြီးက လရောင်ထဲတွင် ထင်းထင်းကြီး မြင်နေရသည်။

ကျွန်တော်ရော၊ ရစ်ချဒ်ပါ ခေါင်းရှိရာသို့ သေနတ်များ ထိုးချိန်လိုက်ကြပြီးပါးစပ်မှ ဝမ်း၊ တူး၊ သရီး ရွတ်ဆိုကာမောင်းခလုတ်များကို အသီးသီး ဖြုတ်ချလိုက်ကြသည်။

"ဖျန်း"၊ "ဒိုင်း" ဟူသော ပွိုင့်တူးတူးသေနတ်သံနှင့် တစ်လုံးထိုးသေနတ်သံက တစ်ပြိုင်တည်းလိုလို ပေါ်ထွက်သွားပြီး အပစ်ခံရသော သတ္တဝါမှာ ပင်ပေါ်ထက်မှ အဝတ်ထုပ်ကြီး ပြုတ်ကျလာသလို မြေကြီးနှင့် ထိတွေ့ပြီး "ဗုန်း" ခနဲမြည်သွားတော့သည်။

ကျွန်တော်တို့ပင် အကောင်ကိုမကောက်ရသေး၊ နောက်မှ ကျော်ဝင်းရောက်လာပြီး ဟာလာလုပ်ကာ ပါးစပ်မှလည်း ခေါင်းသားစားရချေသေးရဲ့ဟု ဝမ်းသာအယ်လဲပြောလျက် ပွေ့ချီယူလာတော့သည်။

မီးထဲတွင်မြင်လိုက်ရသည့် ချိုကအဖြူအမည်း နှစ်ရောင်တွဲ၊ သိစိုက်စိုက်၊ ကိုယ်လုံးက တုတ်ခိုင်ခိုင်၊ အရောင်က ခပ်မွဲမွဲ၊ ခြေလေးဖက်က ခပ်ဖြူဖြူ ခြေအိတ်များစွပ်ထားသည့်နှယ်။ မြင်လိုက်ရမှ ကျွန်တော်က အရေးတကြီး 'ပြောင်ဟ-ပြောင်။ ကျွဲမဟုတ်ဘူး-ပစ်-ပစ်' ဟု ဖဖ လောဆော်လိုက်ရသည်။



"ကိုင်း - ဘော်ဒါတို့ - သေကံပါလာတဲ့အကောင်က လမ်းဘေးက စောင့်နေတာပါဆိုတဲ့ ကျုပ်စကား၊ ယုံကြပြီလား"

"ယုံပါပြီတဲ့ဗျာ - ယုံပါပြီ"

ကိုညွန့်ခင်က အရင်ဆုံး ထောက်ခံချက် ပေးလိုက်သည်။

"ကိုင်း - ဒီတစ်ခါတွေ့တဲ့အကောင်ကိုတော့ ကျော်ဝင်း မင်းပစ်ပေတော့၊ ငါ တစ်လှည့် မီးရှာပေးမယ်" ဟု ကျွန်တော်က မီးပြောင်းကိုင်လိုက်သည်။

ကျွန်တော်တို့အဖွဲ့ "မအူကျစ်" ဘက်မသွားဘဲ "ညောင်အိုင်" ကွင်းဘက်တွေ့ဝင်ခဲ့ကြသည်။ ချောင်းတစ်ဖက်ဖြတ်ကျော်လျက် ခင်ရိုးတောင်တရှုနှင့်ယှဉ်လျက် တားကလေးတ တဖြည်းဖြည်း လိမ့်နေသည်။ "လမ်းလယ်တချော်" ကျော်လာသည်နှင့်ဝါးတောကြီးတို့တွေ့ကြရသည်။ ဝါးတောကြီးမှာလည်း အရွက်များ ကြွေကျမီးလောင်ထားပြီးဖြစ်သဖြင့် အောက်ခြေရှင်းနေသည်။ လရောင်က လွှမ်းမိုးထားသဖြင့်အလင်းရောင်ဝင်းဝင်းက တစ်ကွက်၊ ဝါးဝင်ရိပ်မည်းမည်းက တစ်ကွက်နှင့်ကြည့်၍ဝင်ခပ်ကောင်းကောင်း။

"မိုးကျော်ဝင်း - မင်းနှစ်လုံး[illegible] ခဲကြီးနဲ့ (Ball)ဘော ထည့်[illegible]

www.burmeseclassic.com

ဒီသတ်တောမှာတွေ့ရင် ဆတ်ကြီးကြီး (ဆတ်ဖားကြီး)တွေနဲ့ပြောင်၊ နွားနောက်တွေတောင် တွေ့နိုင်တယ်"

ကျွန်တော်က သတိပေးပြီး မီးကို အသေအချာ ဘယ်၊ ညာ အပြန်အလှန် ရှာသည်။ သိပ်မကြာလှ၊ ဝါးတောတစ်နေရာ ရှေ့ကိုက်(၇၀) လောက်တွင် မျက်လုံးကျယ်ကျယ်ဝင်းဝင်းကြီး တွေ့လိုက်ရသဖြင့် ကျော်ဝင်းကို သေနတ် အရန်သင့်လုပ်ထားရန်နှင့်ကားကိုဖြည်းဖြည်း မှန်မှန် တန်မပျက်ရန် သတိပေးလိုက်ရသည်။

သားကောင်က ငြိမ်ချက်သား ကောင်းလှသည်။ မျက်လုံးကျယ်ပုံကြည့်ပြီး ပြောရပါလျှင် ဆတ်ဖားကြီး (ဒါမှတော့တ်) နွားနောက်နှင့်ပြောင်လည်းဖြစ်နိုင်ကြောင်း ပြောလိုက်ရသည်။

ကျော်ဝင်းက နှစ်လုံးပြူးပြောင်းကို ကားမှန်ပြတင်းပေါက်မှ အပြင်ထုတ်၍ အရန်သင့်ကိုင်ထားလိုက်သည်။ ကားကလည်း စက်သံကို အညင်သာဆုံးဖြစ်အောင် မောင်းပေးနေရှာသည်။ ကျွန်တော်တလည်း သားကောင် လန့်မပြေးစေရန် မီးကို မျက်လုံးအထက် ဦးခေါင်းပေါ်မှ ရုပ်တာ ပွတ်ကာ ကစားပေးထားသည်။ သားကောင်က နည်းနည်းမှ မလှုပ်၊ ကျောက်ရုပ်။ အကွာအဝေး အတော်လှမ်းသေးသဖြင့် အကောင်တမသဲမကွဲ၊ မျက်လုံးကျဲကျဲနှင့်မည်းမည်းကြီးသာမြင်နေရသည်။ မျက်လုံးကျယ်ပုံ အကောင်ကြီးပုံထောက်လျှင် ဆတ်ဝင်မဟုတ်နိုင်၊ ပြောင်၊ နွားနောက်နှင့် ကျွဲတစ်ကောင်ကောင်သာ ဖြစ်နိုင်သည်ဟု တွေးလိုက်မိသည်။

ဒီအချိန်မှာပင် လှအေးက –

"ချိုပိုက်ပိုက်၊ ကားကားကြီး မြင်တယ်။ ဆတ် မဟုတ်ဘူး။ ဒီနွား ကျွဲပိုင်းက ကျွဲကြီးထင်တယ်၊ မီးအသေချာ ထိုးကြည့်ပါဦး"

သူ့စကားကြောင့် ကျွန်တော်က မီး ရုပ်ထိုးနေရာမှ အကောင်ကြီးကို တိုက်ရိုက်မီးထိုးကြည့်လိုက်သည်။ မီးထဲတွင် မြင်လိုက်ရသည်မှာ ချိုက အဖြူအမည်းနှစ်ရောင်တွဲ၊ ခပ်စိုက်စိုက်၊ ကိုယ်လုံးတုတ်နိုင်နိုင်၊ အရောင်က ခပ်မွဲမွဲ၊ ခြေလေးဖက်က ခပ်ဖြူဖြူ ခြေအိတ်များ စွပ်ထားသည့်နှယ်။ မြင်လိုက်ရမှ ကျွန်တော်က အရေးတကြီး "ပြောင်ဟ – ပြောင်။ ကျွဲမဟုတ်ဘူး – ပစ် – ပစ်" ဟုလော်ဆော်လိုက်ရသည်။

ကားကလည်းသားကောင်နှင့်လှည့်လျက်ရောက်သွားပြီး ဘေးတိုက်အနေအထား ကိုက်(၂၅)လောက်သာ ကွာတော့သည်၊ လရောင်အောက် မီးထဲမှာ ပြောင်ကြီးက ထီးတည်းရှင်းရှင်းမြင်ကြရမှ သေနတ်သံ(၂)ချက်က "ဒိုင်း – ဒိုင်း" ဟု ရှေ့ဆင့်နောက်ဆင့် ကြားလိုက်ရသည်၊ အပစ်ခံရသော ပြောင်ကြီးမှာ တွန့်သွားပြီး "ထွီး" ခနဲ နှာတစ်ချက်မှုတ်ကာ ဦးခေါင်းတည်ရာသို့ ပြေးသွားပါတော့သည်၊ အတော်လှမ်းလှမ်းအထိ သစ်ဝင်ဝါးပင်များကို တိုက်လှဲ၊ တိုက်ခွဲသွားသံက အထင်းသား ကြားလိုက်ကြရသည်။

စေတ္တတော့ ကားပေါ်မှ အဖွဲ့သားအားလုံး ငြိမ်ကျသွားကြပြီး ခဏနေမှ ကိုညွှန့်ခင်အသံက အရင်ထွက်လာသည်၊

"ကြီးလိုက်တဲ့အကောင်ကြီးကွာ၊ ပြောင်ကို ဒီတစ်ခါ စ,မြင်ဖူးတာပဲ၊ ကျွဲနဲ့ဘာဆိုင်လဲ၊ ကျွဲနှစ်ကောင်စာလောက်တောင် ရှိမယ်ထင်တယ်"

"ဟုတ်တယ် – ကျုပ်လည်းဒီတစ်ခါ မြင်ဖူးဒီတစ်ခါပစ်ဖူးလိုက်တာပဲ၊ မရလည်း တော်နပ်တယ်"

ကျော်ဝင်းကလည်း ကြည်နူးကျေနပ်သည့်အသံနှင့် ပြောလိုက်သည်၊

"ကျော်ဝင်း – မင်း ဘယ်နေရာချိန်ပစ်လိုက်တာလဲ၊ (Ball)ဘောနဲ့လား"

ကျွန်တော်က ကျော်ဝင်းကိုမေးခွန်း ထုတ်လိုက်သည်၊

"လက်ပုံပေါ် အသေချာ ချိန်ပစ်လိုက်တာပဲ၊ ဘောနဲ့တော့ မဟုတ်ဘူး။ (LG) ခြောက်လုံးခဲနဲ့ပဲ"

"ဟာ – ဘောနဲ့ပစ်ရမှာ တ၊ ဒါ အတန်တန် သတိပေးလျက်နဲ့"

"ကျုပ်ဆီမှာ ဘောမှမပါဘဲတာ၊ အကြီးဆုံး (LG)ပဲပါတာ"

"မပါရင် ပြောပါတော့ဟ၊ ငါ့ဆီမှာ (Sperical Ball)ဘောအလုံးရော (Slug))အခွက်ဘောရော ပါတယ်ဟ"

"အင်းလေ – ဒီလိုပြောင်ပစ်ရလိမ့်မယ်လို့မှ မထင်မိတာ၊ အကြီးဆုံး ဆတ်ဖားကြီးလောက် ပစ်ရမယ် ထင်ခဲ့တာကိုး"

"ဒါနဲ့ – လှအေးကရော ဘယ်နေရာ ဘာကျည်နဲ့ ပစ်လိုက်တာလဲ"

"ကျုပ်ကတော့ ပြောင်မှန်းသိတဲ့အချိန် ကျည်လည်း ချိန်မရလို့ ထည့်ပြီးသား (SG)ကိုးလုံးခဲနဲ့ မနေနိုင်လို့ ပစ်လိုက်တာပါ"

"အင်း – သတ္တဝါ အင်[illegible]လိုက်တာ သက်သက်ပါလားကွာ"

www.burmeseclassic.com

ပြောင်အတွေ့အကြုံရှိသော ကျွန်တော်က ညည်းညည်းတွားတွား စိုးရိမ်စိတ်နဲ့ပြောလိုက်မိသည်။

"ပစ်တဲ့နေရာ ဆင်းမကြည့်ကြတော့ဘူးလား"

ကိုညွှန့်ခင်က မကျေမနပ်သော စိတ်နှင့် မေးလိုက်သည်။

"ဘာလို့ဆင်းကြည့်နေတော့မှာလဲ။ ဒီလောက်ကြီးတဲ့ အကောင်မလွဲတာ သေချာသလို၊ မလဲတာလည်း သေချာသိနေတာဥစ္စာ"

ရစ်ချဒ်က ကိုညွှန့်ခင်အမေးကို အဖြေပေးလိုက်သည်။

"တိုင်း - ဒါဖြင့် - ငါတို့ ဘာဆက်လုပ်ကြမှာတုံး"

ကျွန်တော်က လက်မှနာရီကိုကြည့်လိုက်သည်။ နံနက်(၃)နာရီ ရှိနေပေပြီ။ ဒါကြောင့် -

"တဲ - ဦးညွှန့်ခင်ရေ - ရှေ့စခန်း "ဥသျှစ်ဝင်" မြန်ထိအောင် ဆက်မောင်း။ ဒီကြားထဲ တွေ့တဲ့အကောင်ပစ်ပြီး အဲဒီစခန်းမှာပဲ အနားယူ အိပ်ကြတာပေါ့"

"ကိုင်း - ဒါဖြင့် - ထွက်မယ်၊ ကံကောင်းရင် လင်းပိုင်းအိပ်တန်းပြန် ချေလေး ဘာလေး ပစ်ရချင် ပစ်ရဦးမှာပါ"

ရစ်ချဒ်က မျှော်လင့်ချက် မကုန်သေးသောစကားကို ဆိုလိုက်သည်။

"ဝေါင်း - ဝေါင်း - ဝုတ် - ဝုတ်"

"ဝေါင်း - ဝေါင်း - ဝုတ် - ဝုတ် - ဝုတ်"

နံနက်ခင်းအိပ်တန်းပြန် ချေဟောက်သံများက နေရာအနှံ့မှ ကြားနေရသည်။

"ဥဩ - ဥဩ"

သံသာရှိအေးလွှမ်းတေးကို သီကျူးနေသော အဖော်ကွဲ ဥဩငှက်ငယ်ကလေး၏ အသံကလည်း ပင်ယံထက်မှ အဆက်မပြတ်ကြားနေရသည်မှာ လွှမ်းမောဖွယ်ရာ ဖြစ်နေသလို နွေဦးသရုပ်ကို ပီပီပြင်ပြင် ဖော်ကျူးပေးနေသလိုပင်။

ဖေ့ဗိုက် တိုက်ခတ်လိုက်သော နံနက်ခင်းလေနုအေးကလေးနှင့်အတူ ပါလာသော တောတွင်း ပိတောက်ရနံ့ သင်းမြန့်မြန့်ကလေးက သကြြန်ကာလ၏ သရုပ်ကို ဖော်ကျူးနေပြန်သည်။

"ဟာ - မွှေးလိုက်တဲ့ ပိတောက်ပန်း အနံ့လေးကွာ။ ဘယ်ကများပါလိမ့်"

ရစ်ချဒ်က ဟန်မဆောင်နိုင်၊ သူ ခံစားရသမျှ ရင်ထဲကစကားကို ပါးစပ်မှ ဖွင့်ဟလိုက်သည်။

ကျွန်တော်က ရှာမီးဖြင့် ပတ်ဝန်းကျင်တစ်ဝိုက် ထိုးပြီးရှာကြည့်လိုက်သည်။ မလှမ်းမကမ်း ဝါးပင်တန်းများနောက်မှ ပင်လုံးကျွတ်မျှ အုပ်အုပ်ဆိုင်းဆိုင်း၊ အဆုပ်အဆုပ်၊ အခိုင်အခိုင်နှင့် ပွင့်ချင်တိုင်း ပွင့်၊ တင့်ချင်တိုင်း တင့်နေသော ရွှေဝါရောင် ပိတောက်ပန်းများကို ဆော်မောဖွယ် မြင်တွေ့လိုက်ရသည်။

မည်း၍မည်းမျှပင် တင့်တယ်၊ ရနံ့ကြွယ်နေပေမယ့် မြို့အရပ်မဟုတ်။ တောအရပ်မို့ ယုယပိုက်ထွေး၊ အလေးထားညှိသူမရှိရှာ။ အပယ်ခံဘဝနှင့် ရှင်သန်နေရရှာသော တောပိတောက်ပန်းကလေးများ၏ဘဝကို တွေးဆ၊ စိတ်မကောင်းဖြစ်လိုက်မိသည်။

အော် - ဘဝဆိုတာ သူ့နေရာနှင့်သူ မှန်ကျမှ တန်ကြေးရှိတာပါလားဟု အသိတရား ရလိုက်မိသည်။

မွှေးပြန့်သော ပိတောက်ပန်းကလေးများကို မီးထိုးကြည့်ရင်း စိတ်မကောင်းဖြစ်မိရာမှ မီးကို ပြန်လည်ရှော်လိုက်၊ ဝါးပင်မိုက်မိုက်ကို ထိုးမိလိုက်သည်။ မီးထဲတွင် မြင်တွေ့လိုက်ရသည့် ကရဲရဲပြောင်နေသည့် ကြက်ဖတစ်ကောင်။

ဘာကိုရပ်နိုင်းလိုက်ပြီး "ကြက်ပစ်မလား" ဟု မေးလိုက်သည်။ အမေးမဆုံးသေး။ "ပစ်မယ်၊ ပစ်မယ်၊ ကျုပ်ပစ်မယ်" ဟု ကိုညွှန့်ခင်က ဆိုရင်း ကားစက်သတ်ပြီး ကျွန်တော်ရှိရာသို့ သူ့ ပစ္စတိုသေနတ်ကိုင်ပြီး ဆင်းလာသည်။

"ဘယ်မှာလဲ ကြက်၊ ကျုပ်သေနတ်နဲ့ ပစ်မယ်"

ကျွန်တော်က ဝါးရုံပေါ်မှ ကြက်ကို ထိုးပြလိုက်သည်။ ကြက်က ကျွန်တော်တို့နှင့် ဘေးတိုက်အနေအထား။ ဝါးတိုင်းပေါ်တွင် အရှင်းသား။

"မြင်ပြီ - မြင်ပြီ - ကိုမင်း၊ ဘီလာဘူး ခွံတောင် မှန်တဲ့လက်၊ ဒီကြက်လောက်တော့ မှန်ကို မှန်ရမယ်"

ကိုညွှန့်ခင်က သူ့ကိုယ်သူ အားပေး ကြွေးကြော်ရင်း ကြက်ကို လက်တန်းထိုး အသေချာချိန်လိုက်သည်။ စိတ်ထဲက သေချာပြီဆိုမှ အေးအေးဆေးဆေး မောင်းခလုတ်ကို အညင်သာဆုံး ညှစ်လိုက်သည်။

(.၂၂)ပစ္စတိုသံက မကျယ်လှ။ "ဖန်း" ခနဲ ထွက်သွားသည်။ သို့သော် ဝါးကိုင်းပေါ်မှ ကြက်ဖနီနီကြီးမှာ အရုပ်ကြိုး ပြတ် အောက်ကို ကျသွားသဖြင့် ကျော်ဝင်းက အမြန်ပြေးကောက်သွားလာသည်။

"ကိုညွှန့်ခင် - ခင်ဗျား ဘယ်လိုချိန်လိုက်တာလဲ - ဝိုင်းသဗျာ"

www.burmeseclassic.com

www.burmeseclassic.com

ရစ်ရှစ်က ရိုးကျူးစကား ဆိုလိုက်ရာ-

"ကြက်လောက်တော့ မှန်ပါတယ် တွေးသေးတိုက်ဆိုတော့ တောင်ပံဖုံး ချိန် ပစ်လိုက်တာလေ"

"တောင်ပံဖုံး ချိန်ပစ်လိုက်တာ၊ ဟုတ်လား။ ဒါကြောင့် ခေါင်းမှန်တာ"

ဟုကျော်ဝင်းက ရယ်ကျဲကျဲနဲ့ ပြောပြောဆိုဆို ကြက်ဖကြီးကို ပစ်ပေးလိုက်သည်။

ဘာပဲပြောပြော ကိုညွန့်ခင်ကတော့ သူပစ်လို့ရသော ကြက်ဖကြီးအတွက် ဂုဏ်ယူမဆုံး တပြုံးပြုံး။

ဤသို့ဖြင့် ရှေ့ဆက် ကားမောင်းခဲ့ကြပြန်သည်။ မီးသမား ကျွန်တော်ကလည်း မြေမြင်တစ်လျှောက် မြေလေးချောင်းသားတောင် အရင်ရှာပြီး မမြင်စေတွေ့ပါက ဝါးပင်များပေါ်သို့ ဝေ့ယမ်းရှာလိုက်ပြန်သည်။ မျှော်လင့်ထားသလို ဝါးပင်ပေါ်တွင် ကြက်ဖ၊ ကြက်မတစ်စုံကို တွေ့လိုက်ရသဖြင့် ကားရပ်နိုင်းလိုက်ရပြန်သည်။

ကိုညွန့်ခင်က စောစောကလို ဆင်းလာပြီး ကြက်လားဟု မေးနေပြန်သည်။

"ဟုတ်တယ်။ ကြက်က (၂)ကောင် တွဲပြီး ကျောပေးအိပ်နေတော့ ခင်ဗျား (၂၂)နဲ့ မသေချာဘူး။ ကျော်ဝင်းနစ်လုံးပြူးစရိုက်ခဲနဲ့ ပစ်နိုင်းမယ်"

ကျွန်တော့်စကား ကြားသည်နှင့် ကျော်ဝင်းကလည်း သူ့နှစ်လုံးပြူးနှင့် ဆင်းလာပြီး "ဘယ်မလဲ - ကိုမင်း။ မီးထိုးလိုက်" ဆိုသဖြင့် ကျွန်တော်က မီးထိုးပြထားလိုက်သည်။ ကျော်ဝင်းက သေနတ်ပြောင်းတန်း၍ မောင်းခလုတ်ကို အမြန်ဖြုတ်ချလိုက်သည်။

"ဒိုင်း" ဟူသော နှစ်လုံးပြူးသေနတ်သံက တစ်တောလုံး ဟိန်းသွားသည်။ အပစ်ခံရသော ကြက်နှစ်ကောင်တအရပ်ကြိုးပြတ် မြေပြင်ထက်သို့ "ဘုတ်ဘုတ်" ဟု ပြုတ်ကျလာသလို၊ ပတ်ဝန်းကျင်ဝါးပင်များမှ တခြားကြက်များမှာလည်း သေနတ်သံကြောင့် လန့်ဖျပ်ပြီး ဦးတည်ရာသို့ တဖြုန်းဖြုန်း တဖြန်းဖြန်း ထပျံကုန်ကြသည်။

ဒီတစ်ခါတော့ ကိုညွန့်ခင်ကကြက်များကို သွားကောက်ပြီး ကျော်ဝင်းဆီ ပေးလိုက်သည်။ ပါးစပ်မှလည်း "အေ ကွာ၊ ငါ့သေနတ်နဲ့ပစ်ရင် နှစ်ကောင်စလုံး ရဖို့ မရှိဘူး။ နှစ်လုံးပြူးနဲ့မို့ နှစ်ကောင်စလုံးရတာ။ ကိုဘခင်း၊ တော်တယ်ဗျာ"

"နှစ်ကောင်စလုံးရတာနဲ့ ကျော်ဝင်း တော်တယ်လို့ ဆိုရအောင် ဘာဆိုင်လို့လဲ။ ပစ်သူကျော်ဝင်း တော်တယ်ဆို၊ ဟုတ်သေး"

"ဒါက ဒီလိုလေ။ ကျုပ်ပစ်မလို့ဟာ၊ ကိုဘခင်းက မပစ်နိုင်းဘဲ ကျော်ဝင်း နှစ်လုံးပြူးနဲ့ ပစ်နိုင်းလိုက်လို့ (၂)ကောင်စလုံးရတာဆိုတော့ ကိုဘခင်း စီမံတာ ကောင်းလို့ တော်တယ်လို့ ပြောတာ၊ ဟုတ်ဘူးလား"

"ဟုတ်တာပေါ့ - ဟုတ်တာပေါ့။ ကိုညွန့်ခင်ပြောတာ မှန်တာပေါ့"

ကျွန်အဖွဲ့သားအားလုံးကလည်း အသံချင်းစွာနဲ့ ဝိုင်းဝန်းထောက်ခံမဲပေး လိုက်ကြသည်။

ဘာပဲပြောပြော၊ ဒီတစ်ခေါက်တော့လည်း သွားသည်မှာ သကြံန်အတ္တ။ လပြည့်နေ့ညပင် ဖြစ်စေကာမူ မမျှော်လင့်ဘဲ ကြက်၊ ကြောင်၊ ချေ၊ ဒရယ်၊ ခေါင်း၊ ပြောင် အကောင်မျိုးစုံ ပစ်ရသည့် အတွေ့အကြုံက ရှေးမှဆိုကြီးများ ပြောကြားထားခဲ့သော "မှဆိုးလသာ၊ တံငါလမိုက်" ဟူသောစကားကို အကြွင်းမဲ့ ထောက်ခံလိုက်ရာ ရောက်သည်ဟုသာ ဆိုရပါချေတော့မည်တကား။

(ကွယ်လွန်ခဲ့ပြီးသော ရှောင်းရင်းမုဆိုး ကိုညွန့်ခင်အား အမှတ်တရ)

➤➤ မန္တလာသား

## ဆံပင်နက်ဆေး

➤ ဆူးပန်းစေ့နှင့် ဆူးဖြူခေါက်တို့ကို အညီအမျှ ယူ၍ မီးရှို့ပြာချ၊ ထိုပြာကို အုန်းဆီနှင့် ရော၍လိမ်းပါ။ ဆံပင်များ နူးညံ့ပျော့ပျောင်း၍ ဆံပင်နက်မှောင်ကာ ဆံပင်သန်သည်။

➤ ဆံပင်ဖြူလျှင် ကြိတ်မှန်ရွက်၊ နမ်းနက် ဆတူ အမှုန့်ပြု တစ်လပြည့်အောင်စား၍ နွားနို့ကို မှိဝဲလျှင် ဆံတေသာ နက်မှောင်၍ အင်အားပြည့်ဖြိုးလာမည်။

www.burmeseclassic.com



ဂါမြဝတီ

# သည်မှာဘက်ကမ်း

**ဆောင်းဦးပေါက်စ** တစ်ခုသော နေ့တစ်နေ့တွင်ကျွန်တော်ထိုရွာကလေးသို့ စတင်ရောက်ရှိခဲ့ခြင်းဖြစ်သည်၊ ထိုရွာဆိုသည်က အေးလှကန်ကျေးရွာ။ ရွာ၏အရွယ်အစားက အိမ်ခြေ(၁၀၀)ခန့်ရှိ ကြီးလွန်း၊ မငယ်လွန်းသောကျေးရွာမျိုး။

ရွာ၏အိမ်ခြေအဆောက်အအုံများသာမက ရွာတွင်းလမ်းများကိုပါ စနစ်တကျအကွက်ချပြီး တည်ဆောက်ထားသည်။ ရွာတွင် ဆန်စက်ရှိသည်၊ ဆီစက်ရှိသည်၊ အဝီစိစက်ရေတွင်းလည်းရှိသည်။ ရွာ၏ ဘေးပတ်ပတ်လည်ကို အလှယ်ဝန်းပြန့်ပြူးသော လယ်ကွင်းများက ဝန်းရံထားသည်၊ လယ်ကွင်းများ၏ ဟိုမှာဘက်တွင်မူ ခပ်နိမ့်နိမ့်တောင်တန်းအချို့နှင့် ညိုမှောင်သောတောအုပ်များရှိသည်၊ သာယာသောရွာကလေးပင်ဖြစ်သည်။

ရွာအဝင် လမ်းမကြီးဘေး၊ ညီညာသော အုတ်တံတိုင်းများနှင့် ဆီးပင်အုပ်အုပ်များကြားတွင်တည်ရှိသောတောရွာအလယ်တန်းကျောင်းကလေးတကော့ ကျွန်တော့်အတွက် အထူးပင် မျက်စိပသာဒ ဖြစ်စေလျက်ရှိသည်၊ ကျောင်းကလေး၏ သန့်ရှင်း၊ သာယာ၊ လှပပုံကို စတင်မြင်တွေ့လိုက်ရကတည်းက ကျွန်တော့်စိတ်ထဲ၌ နှစ်မြိုက်ရွှင်လန်းခြင်းဖြစ်မိခဲ့ရသည်၊ အမှန်ပြောရပါကလည်း ကျွန်တော် ဤရွာသို့ရောက်ရှိလာရခြင်းတို့က ဤကျောင်းကလေးကို အကြောင်းပြု၍ ရောက်ရှိလာရခြင်းဖြစ်သည်။ အကြောင်းမှာ ကျွန်တော်က ကျောင်းဆရာတစ်ယောက်ဖြစ်နေသောကြောင့်ပါတည်း။

★★★

"ဗျို့- ဆရာကြီး ဦးမြတ်လင်းတို့၊ အဆင်သင့် ဖြစ်ကြပြီလားဗျို့၊ ဖြစ်ရင် သွားကြရအောင်"

အထက်ပါအတိုင်း ထွက်ပေါ်လာသောအသံကြောင့်ကျွန်တော်ကမြတင်း

လူသည် ဆင်းရဲကြပ်တည်း
ဒုက္ခရောက်နေစဉ် ကမ္ဘာမီးလောင်
သားကောင်ချုနင်းပမာ
အများကျူးလွန်တတ်ပုံကို ..

www.burmeseclassic.com

ဝေါက်မှ ခေါင်းပြူ၍ ကြည့်လိုက်မိသည်။ မြစည်းရိုးအစပ် ကုက္ကိုပင်အောက်တွင် လှည်းတစ်စီး ရောက်နေသည်၊ လှည်းပေါ်တွင် ရွာတာလသားခေါင်း ချစ်ထူးအားလှည်းသမားတစ်ယောက်နှင့်အတူ တွေ့ရသည်။ ကျွန်တော်က ပြန်၍ အသံပြုလိုက်သည်။

"လာပြီဗျာ့ - မောင်ချစ်ထူး၊ သွားကြရအောင်"

ပြောပြီး ကျွန်တော်က အပြင်သို့ ထွက်လိုက်သည်၊ အိမ်တံခါးကိုပါပိတ်၍ သော့ခတ်လိုက်သည်။ ပြီးလျှင် - လှေခါးမှတစ်ဆင့်အောက်သို့ဆင်းလိုက်သည်။ ရှေ့မနောင်းမှာပင် ကျောင်းဆရာများ ဖြစ်ကြသည့် ကိုမြင့်စိုးနှင့် ကိုခင်လတ်တို့ပါသူတို့အိမ်အသီးသီးမှထွက်လာကြသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်တို့အားလုံး လှည်းပေါ် ရောက်သည်နှင့် လှည်းတစတင်မောင်းထွက်လိုက်သည်။

"ကျွန်တော့်အိမ်တံခါးက သော့ပျက်နေတယ်ဗျ၊ သော့ကို ခတ်တောင် မခတ်ခဲ့ရဘူး၊ ဒီအတိုင်း ချိတ်ရုံကလေး ချိတ်ခဲ့ရတယ်"

"အို - ဘာမှမပူပါနဲ့ - ဆရာရဲ့၊ ဒီမှာ ဘာသူခိုးမှ မရှိဘူး၊ တတ်နိုင်လို့ အိမ်တံခါးဖွင့်ထားခဲ့တောင် ဘာမှပူစရာမရှိဘူး"

လှည်းထွက်ထွက်ချင်း ကိုခင်လတ်ပြောလိုက်သောစကားကို ကာလသားခေါင်းချစ်ထူးက ပြန်လည်ချေပလိုက်ခြင်းဖြစ်သည်။ ရပ်ဝေးမှ ပြောင်းရွှေ့လာသောကျောင်းဆရာများအတွက်နေအိမ်များကိုကျောင်းဒေသရှိမြေကွက်လပ်မှာပင် အစီအရီဆောက်လုပ်ပေးထားရာ ကျွန်တော်တို့က မိမိရရှိသော နေအိမ်တွင်နေထိုင်ကြရင်း မိမိအစီအစဉ်နှင့်မိမိကိုယ်ထူကိုယ်ထ ချက်ပြုတ်စားသောက်ကြသည်။

ကျွန်တော်တို့ ကျောင်းဆရာ သုံးယောက်စလုံးအိမ်ထောင်သည်များဖြစ်ကြသော်လည်း လောလောဆယ် မည်သူမျှ မိမိအိမ်ထောင်ကို ခေါ်မလာကြသေး၊ တာဝန်ကျရာ ဤရွာသို့ လူလွတ်ထွက်လာခဲ့ကြသူချည်းဖြစ်သည်၊ ကျွန်တော်တို့ အဆင်ပြေစေရေးအတွက် ကျေးရွာမှ ထင်း၊ မီးသွေး၊ ဟင်းသီးဟင်းရွက် အစရှိသည်တို့ကို မကြာမကြာထောက်ပံ့ပေးလေ့ရှိပါသည်၊ ယခုကျွန်တော်တို့ ထွက်လာသောခရီးမှာ ဤရွာနှင့် လေးမိုင်ခန့်အကွာတွင်ရှိသော မြောင်းကျိုးကျေးရွာ၏ အလှူပွဲသို့ဖြစ်သည်၊ ထိုအလှူတွင် ပါဝင်သော ကျောင်းသားမိဘတချို့က ကျွန်တော်တို့ကို ဖိတ်ကြားထားခြင်းကြောင့်လည်း ဖြစ်သည်။

လှည်းက ရွာလယ်လမ်းအတိုင်း ဆင်းလာခဲ့သည်၊ မကြာမီ ရွာလယ်ရှိ ကုန်စုံဆိုင်ကြီးတစ်ဆိုင်ရှေ့သို့ ရောက်သည်နှင့် လှည်းသမားက လှည်းကို ရပ်လိုက်သည်၊ ထိုကုန်စုံဆိုင်မှာ ကြီးမားသောနစ်ထပ်တိုက်ကြီး၏အောက်ထပ်တွင် ဖွင့်လှစ်ထားခြင်းဖြစ်သည်၊ ဈေးဝယ်သူများဖြင့် စည်ကားနေသည်ကို လည်းတွေ့ရသည်၊ လှည်းသမားလူငယ်က လှည်းပေါ်မှ ခုန်ဆင်းကာ ထိုဆိုင်အတွင်းသို့ ဝင်သွားသည်၊ နွားကြိုးများကိုတော့ ချစ်ထူးလက်ထဲ ထိုးထည့်ထားသည်။

ကျွန်တော်က မေးလိုက်မိသည်။

"သူက ဘယ်သွားတာလဲ - မောင်ချစ်ထူး၊ ဈေးဝယ်စရာရှိလို့လား"

"မဟုတ်ဘူးဗျ၊ နွားတွေကို အလှဆင်ဖို့အောင် ခြူလုံးတို့၊ ပန်းကုံးတို့ သွားယူတာပါ"

"ဪ - ဒါက သူ့အိမ်လား"

"အာ - ဘယ်လာဟုတ်ရမှာလဲ သူဌေးကြီးကလဲ၊ သူ့အိမ်က ရွာတောင်ဘက်များမှာ - အိမ်သေးသေးလေးပဲ၊ ရှေ့မှာ ဆရာကြီး တွေ့ရပါလိမ့်မယ်"

ထိုသို့ပြောပြီး မောင်ချစ်ထူးက လှည်းသမားလူငယ်အကြောင်း ကျွန်တော်တို့အားလုံး ကြားသာအောင် လေသံကိုးတိုးဖြင့် ဆက်ရှင်းပြသည်။

"ဒီကောင့်နာမည်က အောင်မင်းတဲ့ဗျ၊ ဆရာကြီးတို့က ရွာကိုရောက်တာ မကြာသေးတော့ ရွာသားတွေကို လူစုံအောင် ဘယ်သိဦးမလဲ၊ ဒီကောင်က ကျွန်တော့်သူငယ်ချင်းပါပဲ၊ ငယ်ငယ်ကတည်းက ကစားဖော်ကစားဖက်ပေါ့။

ဒီတိုက်ကြီးက ဦးလှကြူးရဲ့တိုက်ပဲ၊ ဦးလှကြူးကတော့ ဆရာကြီးတို့ သိပြီးသားဖြစ်မှာပါ၊ သူက မိဘဆရာအသင်းမှာလည်း ဥက္ကဋ္ဌပဲလေ၊ ဒီတော့ ဒီအောင်မင်းဆိုတဲ့ကောင်က ဦးလှကြူး သမီးခင်ထွေးစိန်နဲ့ ကြိုက်နေသဗျ၊ ဝဝထဲမတော့ ဦးလှကြူးက သူ့သမီးကို အောင်မင်းဆိုတဲ့ကောင်နဲ့ ဘယ်လိုမှ သဘောမတူပါဘူး၊ အောင်မင်းတို့ဘက်က တစ်တော်ဆင်းရဲတယ်လေ၊ နောက်တော့ အောင်မင်းကရုပ်ကလေးကလည်းရှိရှိ သားကြီးစားမှုကလည်းရှိ၊ ခင်ထွေးစိန်ကိုလည်း ဖွဲ့ကောင်းကောင်းနဲ့ ဆက်ပိုးနေတာဆိုတော့ ခင်ထွေးစိန်က အောင်

www.burmeseclassic.com

www.burmeseclassic.com

မင်းကို ပြန်ကြိုက်သွားသလို ဦးလှကြူးကလည်းသမီးဆန္ဒကိုလိုက်လျောလိုက်တယ်ဆိုပါတော့၊ သူတို့နောက်နှစ်ထဲမှာ မင်္ဂလာဆောင်ဖြစ်ကြမယ်ထင်တာပဲ ခင်ဗျ"

"အခုယောက္ခမလောင်းအိမ်ကနေ တိုက်ပစ္စည်းတွေ သွားငှားတယ်ဆိုပါတော့"

"ဟုတ်တယ် - ယောက္ခမတွေက ကြည်နေပြီဆိုတော့ သူ့ကို ဝင်ခွင့်ထွက်ခွင့်ပါ ပေးထားတဲ့သဘောပေါ့။ ဟော၊ ပြောရင်းဆိုရင်းဒီကောင်ပြန်လာနေပြီ"

အောင်မင်းကလည်းဆီသို့လျှောက်လာနေလေသည်။ လက်ထဲတွင် မြူသံတည့်ညံ့နှင့်အတူတပြောင်ပြောင်တဝင်းဝင်းရှိလှသော နွားအလှဆင်ပစ္စည်းများ ဆွဲလာသည်ကိုတွေ့ရသည်။ အောင်မင်း၏အရုပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက်နှင့်မျက်နှာကျပုံကပါအတော်ကြည့်ပျော်ရှုပျော် ရှိလှပုံကို ကျွန်တော် သတိပြုမိလိုက်သည်။

နွားနှစ်ကောင်ကို လိုအပ်သလို ဆွဲဆင်မွမ်းမံခြင်း ပြုလုပ်ပြီးသည်နှင့် ကျွန်တော်တို့၏ လှည်းယာဉ်ကြော့က မြူသံတလွင်လွင်ပေးကာ ဆက်လက်ထွက်ခွာခဲ့တော့သည်။

***

တသင်နှစ်အသစ်ကို စတင်ခဲ့ပြီး နောက် မိုးရာသီ၏ တစ်ခုသောနေ့တစ်နေ့တွင် ကျွန်တော် အောင်မင်းနှင့် ပြန်လည်ဆုံတွေ့ရပြန်သည်။ ထိုလအတွက် လစာထုတ်ရန် မြို့ပေါ်သို့အသွား လိုင်းကားပေါ်၌ အောင်မင်းနှင့် ဆုံတွေ့ရခြင်းဖြစ်သည်။ အောင်မင်းကလည်း ဈေးဝယ်ရန် (သို့မဟုတ်) အခြားကိစ္စတစ်ခုခုဖြင့် မြို့တက်ခြင်းဖြစ်ဟန်တူပါသည်။ ထိုအချိန်တွင် ကျွန်တော်နှင့်က လူချင်းခင်မင်ရင်းနှီးနေပြီးဖြစ်ရာ သူကကားမထွက်ခင် ကျွန်တော့်ဘေးတွင်ထိုင်ကာ ကျွန်တော်နှင့်စကားစမြည်ပြောဆိုနေပါသေးသည်။

သို့သော် ကားထွက်ခါနီး၌ ကားဆရာက ဟွန်းတီးလိုက်သည်နှင့် … မိန်းကလေးတစ်ချို့က ကားပေါ်သို့အပြေးအလွှား တက်ရောက်လာကြရာ ထိုမိန်းကလေးအဖွဲ့တွင် ခင်ထွေးစိန်က ပါဝင်လာလေသည်။ သို့နှင့် ထိုမိန်းကလေးများ ကားပေါ်တက်ပြီး၍ ကားစထွက်ပြီဆိုလျှင်ပင်ကျွန်တော့်ဘေးမှအောင်မင်းက ခင်ထွေးစိန်ဘေးသို့ ဖျတ်ခနဲ နေရာပြောင်းထိုင်လိုက်တော့သည်။

လမ်းတစ်လျှောက်လုံး သူတို့နှစ်ယောက်ကာပူးကပ်ထိုင်ပြီးစကားတွေ ဖွတ်ထိုးလာခဲ့ကြသည်။ ကျွန်တော်က သူတို့ကိုတမင်စေ့စေ့မကြည့်သော်ငြား အခြေအနေကိုတော့ ကောင်းကောင်း မြင်တွေ့နေရသည်သာ။ သူတို့က သမီးရည်းစားများပီပီတစ်ဦးနှင့်တစ်ဦး "ချစ်၍ သေ" ဖြစ်နေကြမှန်းသိသာလျက်ရှိသည်။ ကျွန်တော် မြင်ရသလောက်ဆိုလျှင် ခင်ထွေးစိန်ကလည်း အတော်လေး ရုပ်ရည်ချောမောလှသည်ပင်။ မျက်နှာကျ လှပပုံ၊ ကိုယ်ဟန်အချိုးကျပုံတို့အပြင် အသားလေးဖြူဝင်းနေပုံတို့ဖြင့် သူမက ကြည့်မရှုံ ညီညွတ်လျက်ရှိသည်။ အထူးအားဖြင့် သူမ ဝတ်ဆင်ထားသော ရွှေထည်ပစ္စည်းများကြောင့် သူမ၏ကိုယ်ဆောင်ကိုယ်ဝါက ပို၍တောက်ပလျက်ရှိသည်။ သူမ၏လက်နှစ်ဖက်စလုံးတွင် ဝတ်ဆင်ထားသော လက်ကောက်များ တစ်ဖက်လျှင် (၁၅)ကွင်းထက် နည်းမည်မဟုတ်ပေ။ ကျေးရွာအတွင်း၌ ချမ်းသာသူဖြစ်မှန်း၊ စီးပွားရေး ပြေလည်ကြောင်းမှန်း အလိုလို သိသာနေစေသော အချက်ပင်။

မည်သို့ဆိုစေ၊ ကျွန်တော်က ဤလူငယ်တို့ချစ်သူနှစ်ဦး၏စိုပြေလန်းဆန်း နေတယ်ပုံကိုကြည့်လျက်စိတ်ထဲက ကြည်နူးနေမိသည်။ မေတ္တာတရား၏ ချမ်းမြေ့ခြင်းရှိပုံကို သိရှိနားလည်မိခြင်းနှင့်အတူ အကြိမ်ကြိမ်ပင် မုဒိတာဖြစ်နေမိရသည်။

***

တစ်နေ့ …။

ညနေပိုင်း ကျောင်းဆင်းပြီးချိန်လောက်တွင် အနောက်တောင်ထောင့်အရပ်ရှိ နီရဲနေသော မိုးသားပြင်ကိုကျွန်တော်က စတင်သတိပြုမိသည်။ ထိုနေ့ကတစ်နေကုန် နေပူခဲ့သည်။ အပူရှိန်က ချစ်ချစ်တောက်နေသည်။ ထိုသို့တစ်နေကုန်အပူကဲနေရာမှညနေစောင်းလောက်ရောက်တော့ ရုတ်တရက် လေငြိမ်သွားသည်။ ထို့နောက် ဆိုခဲ့သည့်အတိုင်း အနောက်တောင်ထောင့်ဆီတွင် နီရဲသောအစုအဝေးတစ်ခုက စတင်ဖြစ်ပေါ်လာသည်။ ဤအရပ်က မိုးဦးလေဦးအဝင်ကြမ်းသောဒေသ ရှိတတ်သည်ဟု ကျွန်တော် ကြားဖူးထားရာ ယခုလတွေ့ကာက ထိုကဲ့သို့ ဖြစ်တော့မည်မှာ သေချာလျက်ရှိသည်။

မကြာပါ၊ ကျွန်တော်မျှော်မှန်းသည့်အတိုင်း ဖြစ်လာသည်။ ဝန်းကျင်တာ တဖြည်းဖြည်းမှိုင်းမှုန်လာသည်။ အလင်းရောင်ကပါနည်းလာသည်။ လေစာလေး

www.burmeseclassic.com

www.burmeseclassic.com

တဖြုံးဖြုံးတိုက်လာခြင်းနှင့် အတူ အအေးဓာတ်ကပါ တစိမ့်စိမ့်ဖြစ်ပေါ်လာသည်။ ထို့နောက် အဝေးမှ ပြေးလာနေသော လေသံတဝုန်းဝုန်းနှင့် အတူ အရောင်ထုကပါ ကြောက်မက်ဖွယ် ဖုံးလွှမ်းစပြုလာသည်။

မကြာမီကြီးမားသောမိုးပေါက်ကြီးများက ခုန်ဆင်းကျရောက်လာသည်။ ဆက်လက်၍ တစ်ခဏအတွင်း မိုးက ဒလဟောသွန်ချလိုက်ကာ မိုးနှင့်အတူ မိုးသီးကြီးများပါ လိုက်ပါလာသည်။ ထိုသို့ မိုးပေါက်မိုးသီးများဖြင့် ပြင်းထန်စွာ ဝစ်ဝစ်လျက်ရှိဆဲတွင် လေကပါ ခပ်ကြမ်းကြမ်း ဆောင့်ရမ်းလာသည်၊ ရိုက်ခတ်လာသည်။ ဝန်းကျင်တစ်ခုလုံး လေသံမိုးသံတို့ဖြင့်သာလျှင် တအုန်းအုန်း ထချုန်းချုန်းဖြစ်သွားတော့သည်။ ပထမတွင်လူနှင့်တိရစ္ဆာန်တို့၏ အော်ဟစ်ခေါ်ငင်သံတချို့ကို ကြားလိုက်ရသေးသော်လည်း နောက်ပိုင်းတွင် မိုးသံလေသံက လုံးဝဖုံးလွှမ်းသွားတော့သည်။

ကျွန်တော်က အိမ်တံခါးများကို ဆွဲပိတ်ထားလိုက်သည်၊ လေက ဖိတွန်းထားသဖြင့် တံခါးရွက်များကို အတော်ပင် ဆွဲပိတ်ယူရသည်။ လေဒဏ်ကြောင့် အိမ်ကလေးက သိမ့်သိမ့်တုန်လျက်ရှိသလို တဖြုန်းဖြုန်း ထိုးပက်နေသောမိုးကြောင့် တစ်ခဏအတွင်း တစ်အိမ်လုံး စိုရွှဲသွားတော့သည်။ စာအုပ်များနှင့် အဝတ်အစားများပေါ်သို့ ပလတ်စတစ်စဖြင့် ဖုံးဖိထားလိုက်ရသည်။

လေရောမိုးရော အပြင်းအထန် ရိုက်ခတ်သွားချိန်က (၁၅)မိနစ်မျှသာ ကြာသည်။ ထို့နောက် အရှိန်တဖြည်းဖြည်းလျော့သွားပြီးမိုးရောလေပါပါသွားသည်။ ဆက်လက်၍ နောက်ထပ်နာရီဝက်ခန့် ပုံမှန်အနေအထားဖြင့် ရွာသွန်းတိုက်ခတ်နေပြီးနောက် လုံးဝနီးပါး ရပ်နားသွားသည်၊ ငြိမ်ကျသွားသည်။ ဝန်းကျင်ကပါပြန်လည်၍လင်းလင်းချင်းချင်း ဖြစ်လာသည်။ ကျွန်တော် အိမ်တံခါးများကို ဆွဲဖွင့်လိုက်သောအခါ ဖရိုဖရဲ ရှုပ်ပျက်ဆင်းပျက်ဖြစ်နေသော အပြင်အထဲ မြင်ကွင်းကို တွေ့လိုက်ရတော့သည်။

"တော်တော်ကြမ်းတဲ့လေမျိုးမိုး... လည်း ကြီးတယ်၊ ကျွန်တော့်အိမ်တော... အားလုံးစိုရွှဲသွားတာပဲ၊ ဆရာ့အိမ်ရော"

"ကျွန်တော့်အိမ်လည်း ဘာထူး... ရွှဲတာပဲပေါ့"

ဆရာ ကိုမြင့်စိုး လှမ်းအော်ပြီး ... လာသည်ကိုကျွန်တော်ကပြန်ဖြေလိုက်... သည်။ ရွာဘက်သို့လှမ်းမျှော်ကြည့်လိုက်... ...ရာအမိုးလန်နေသောအိမ်တချို့နှင့် သွပ်...များ ပွင့်ထွက်နေသောအိမ်တချို့ကို မြင်တွေ့လိုက်ရသည်။ ရွာလယ်လမ်း...ပ်လျှောက်တွင်လည်း ရေက ချောင်း...ပေါက်လျက်ရှိပြီး မြဲစည်းရိုးတချို့တွင် ...စ်ကိုင်းကျိုးများ၊ အမှိုက်များ ချိတ်ဆွဲ...ယ်တင်လျက်ရှိသည်ကိုတွေ့ရသည်။ ...မှုသည်မှအုပ်စုလိုက်ပြေးလွှားနေကြ...သောကလေးများကိုပါ တွေ့ရသည်။ ...လေးများမှာ လေဒဏ်ကြောင့် ကြွေ...သောသရက်သီးများကိုလိုက်ကောက်...နေကြဟန်တူပါသည်။

ကျွန်တော်တို့က အိမ်တွင်းအိမ်ပြင်...၍ သန့်ရှင်းရေးပြုလုပ်ကြရသည်။ အိမ်...ထဲမြန့်ကျဲသွားသောပစ္စည်းပစ္စယများ...ကောက်ယူသိမ်းဆည်းခြင်းပြုရသလို ...အပြင်ဘက်တွင် တင်ကျန်ခဲ့သော ...ခိုက်သရိုက်များကိုပါရှင်းလင်းခြင်းပြု...ရသည်။ သန့်ရှင်းရေးကိစ္စများ ပြီးစီး...မှပင် ချက်ရေးပြုတ်ရေးကိစ္စကို ...သည့်ပေးနိုင်တော့သည်။ အချိန်မှာ ...စပျိုးနေလေပြီ။ ရွာတွင်းရှိ မီးကြိုး...ပါ ပြတ်တောက်သွားရာ ယနေ့ည ...ဓာတ်မီးမပေးနိုင်တော့ပေ။ ဖယောင်း...ကိုသာအစားထိုးလိုက်ကြရသည်။ ...ညာခ်ိ အခြားဆရာနှစ်ယောက်က ထမင်း၊ ဟင်းပန်းကန်များကိုင်ဆောင်ပြီး ရောက်လာကြတော့ရော ကျွန်တော်တို့၏ညစာထမင်းဝိုင်းကို စတင်လိုက်ကြရသည်။ ကျွန်တော်တို့ကကိုယ့်အိုးနှင့်ကိုယ် ချက်ပြုတ်လေ့ရှိကြသော်လည်း ထမင်းစားသောအခါတွင်မူ ယခုကဲ့သို့ဝိုင်းဖွဲ့စား သောက်လေ့ရှိကြသည်။

ကျွန်တော်တို့ ထမင်းစားပြီးချိန် လောက်မှာပင်အိမ်အောက်မှလှမ်းအော် လိုက်သော ကာလသားခေါင်း ချစ်ထူး၏ အသံက ပေါ်လာသည်။

"ဗျို့ ဆရာတို့ - ဆရာတို့ရှိကြလား"

"မောင်ချစ်ထူးလားဟေ့၊ တို့ ရှိပါ တယ်၊ တက်ခဲ့လေကွာ"

ကျွန်တော်က ပြန်အော်ပြောလိုက်သည်၊ ကာလသားခေါင်းချစ်ထူးမှာ ဤ ရွာသို့ ကျွန်တော်တို့ စတင်ရောက်ရှိကတည်းက ဆက်သွယ်ရေးတာဝန်ခံ တစ်ဦးသဖွယ်ဆောင်ရွက်ပေးနေသူဖြစ်သည်။ ကျွန်တော်တို့နှင့် ကျေးရွာလူထု အကြား လိုအပ်ချက်မှန်သမျှကို ချစ်ထူးမှတစ်ဆင့်သာ ပြုလုပ်ဆောင်ရွက်ကြရသည်။ သို့သော် ချစ်ထူးမှာ အရေး အကြောင်းကိစ္စရှိမှသာမဟုတ်၊ အသည်း သက်သက်အားဖြင့်လည်း ကျွန်တော်တို့ ထံ မကြာခဏ လာရောက်လေ့ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com

ချစ်ထူးကအိမ်ပေါ်တက်လာသည်၊ ကျွန်တော်တို့နှင့်အတူ ဝိုင်းထိုင်သည်၊ ဤတွင် ဖယောင်းတိုင်မီးရောင်အောက်၌ ချစ်ထူးတစ်ယောက် မျက်နှာများပျက်သွင်းလျက်ရှိသည်ကို ကျွန်တော်တို့က ကောင်းစွာသတိပြုမိလိုက်သည်၊

"တောက် - သတင်းဆိုးတစ်ခုတော့ ဆရာတို့ကို ပြောပြရဦးမှာပဲဗျာ၊ ပြောရမှာလည်း စိတ်တော့ မကောင်းပါဘူး"

"ဟင် - ဘာသတင်းများလဲ - မောင်ချစ်ထူးရ"

ထိတ်ခနဲ ဖြစ်သွားခြင်းနှင့်အတူ ကျွန်တော် ချစ်ထူးကို ပြန်မေးလိုက်မိသည်၊ အခြားဆရာနှစ်ယောက်ကပါ စိတ်ဝင်တစားနားစွင့်လိုက်မိကြသည်၊

"တခြားမဟုတ်ပါဘူး - ဆရာ၊ ညနေက လေပြင်းကျတော့ ရွာထဲကလူနှစ်ယောက် သစ်ပင်ပိပြီး ဆုံးသွားတဲ့အကြောင်း ပြောပြမလို့ပါ"

"ဟာ - ကျွတ် - ကျွတ်၊ ဖြစ်မှ ဖြစ်ရလေ၊ ဘယ်လိုဖြစ်တာလဲ၊ ဖြစ်တာက ရော ဘယ်သူတွေလဲ"

"အဲဒါကိုပြောရမှာ မချိလွန်းလို့ပါ ဆရာရယ်၊ ဖြစ်တာက ရွာထဲမှာမဟုတ်ဘူး - ဆရာရဲ့၊ ရွာပြင်လယ်ကွင်းထဲမှာ ဖြစ်တာ"

ချစ်ထူးအသံက မချိတင်ကဲဖြစ်နေဟန်မျိုး ပေါ်လွင်နေသည်၊ စိတ်အတော်ထိခိုက်နေဟန်တူသည်၊

"သူတို့က မိုးကြီးလေကြီးလာတော့ အဲဒီ့ညောင်ပင်အောက်မှာ မိုးဝင်ခိုဟန်တူပါတယ်၊ အဲဒါ လေဒဏ်ကြောင့် ညောင်ပင်ရဲ့ ဆွေးမြည့်နေတဲ့အပိုင်းက အောက်ကို ပဲ့ပြီးကျိုးကျလာတာ၊ နှစ်ယောက်လုံး သစ်ကိုင်းပိတာပါ၊ သစ်ကိုင်းညှပ်တာ ညှပ်ပြီး သေကြတော့တာ၊ သေတဲ့သူနှစ်ယောက်ထဲက တစ်ယောက်က ဒေါ်အုန်းမြတဲ့၊ ကျွန်တော့်ဒွေးလေး တစ်ဝမ်းကွဲတော်တယ်၊ နောက်တစ်ယောက်ကဘယ်သူလဲဆိုတော့ တခြားသူမဟုတ်ဘူး၊ ဦးလုကြူးသမီး ခင်ထွေးစိန် ခင်ဗျ၊ ခင်ထွေးစိန်"

"ဟာ - ခင်ထွေးစိန် - ဟုတ်ရဲ့လား ဘုရား - ဘုရား"

ကျွန်တော့်နှုတ်မှ လွှတ်ခနဲထွက်သွားသည်၊ ကျွန်တော့်တစ်ကိုယ်လုံးတွင်လည်း ထိတ်လန့်ခြင်း၊ အံ့ဩခြင်း ကြက်သီးထခြင်းများက တစ်ပြိုင်တည်း ဖြစ်ပေါ်သွားသည်၊ ကျွန်ဆရာနှစ်ယောက်တဝါပါးစပ်အဟောင်းသားနှင့် မင်တက်နေမိကြသည်၊

"ဟုတ်တယ် - ဆရာရယ်၊ ဟုတ်တယ်၊ ခင်ထွေးစိန်ပဲ၊ သူ သေရှာပြီ"

"နို့ - ဘယ်လိုဖြစ်ကြတာတဲ့လဲ၊ သူတို့က ဘာကြောင့် အဲဒီ့သစ်ပင်အောက်ကို မိုးသွားခိုကြတာတဲ့လဲ"

"ဖြစ်ပုံက သူတို့က မြောင်းကျိုးကနေ ပြန်လာကြတာ၊ ဟိုတစ်လောက ဆရာတို့ကို အလှူဖိတ်တဲ့ မြောင်းကျိုးလေ၊ အဲဒါ - ခင်ထွေးစိန်က မြောင်းကျိုးမှာ ရေးကြွေးတောင်းစရာရှိလို့ ဆိုပြီးသွားတာ၊ ကျွန်တော့်ဒွေးလေး ဒေါ်အုန်းမြကိုတော့ ခင်ထွေးစိန်က အဖော်အဖြစ်ခေါ်သွားတာ၊ အဲဒီက အပြန် ညောင်ပင်အောက်မှာ မိုးဝင်ခိုကြတုန်း အကိုင်းကပဲ့ကျလာတော့ ဒေါ်အုန်းမြက ဆင်ပေါင်လောက်ရှိတဲ့ အကိုင်းတစ်ကိုင်းအောက်ရောက်သွားတယ်၊ ခင်ထွေးစိန်ကတော့ ထပ်ကျိုးကျလာတဲ့ အကိုင်းတစ်ကိုင်းနဲ့ အညှပ်ခံလိုက်ရသလို ဖြစ်သွားတယ်၊ နှစ်ယောက်လုံးပွဲချင်းပြီးတာပဲ၊ နွားသိမ်းလာတဲ့ ကောင်လေးတစ်ယောက်က သူတို့ကိုတွေ့ပြီး အူယားဖားယားနဲ့ ရွာကိုလာပြန်ပြောလို့ အားလုံးကသိကြရတာ"

"စိတ်ထိခိုက်စရာကြီးပါလား မောင်ချစ်ထူးရာ၊ နို့ - အလောင်းတွေကိုတော့ သယ်ခဲ့ကြပြီပေါ့"

"မသယ်ဘူး - ဆရာ၊ ရွာပြင်မှာပဲထားတယ်၊ ရွာပြင်မှာသေရင် ရွာထဲပြန်မသွင်းရတဲ့ထုံးစံရှိတယ်၊ ပြီးတော့ အစိမ်းသေဆိုတော့ ရွာထုံးစံအရ ရုပ်ညပဲ သင်္ဂြိုဟ်လိမ့်မယ်၊ အဲဒါပြောရဦးမယ် - ဆရာရေ့ သူတို့အလောင်းတွေကို သစ်ကိုင်းတွေ ဖယ်ပြီး ဆွဲထုတ်လိုက်တော့ ခင်ထွေးစိန်မှာ လက်ချောင်းတွေက မရှိတော့ဘူး၊ ပြတ်နေကုန်ပြီ၊ ပြတ်တာက သစ်ကိုင်းကြောင့်ပြတ်ရတာမဟုတ်ဘဲ တစ်စုံတစ်ယောက်က တမင်ခုတ်ဖြတ်ထားလို့ပြတ်နေတာမျိုး ဖြစ်နေတယ် - ဆရာရဲ့"

"ဟာ - ထူးဆန်းလှပါလား၊ ဘယ်လိုဖြစ်ရတာလဲ"

"ဘယ်လိုဖြစ်ရမလဲ၊ တစ်ဦးဦးက လက်ချောင်းတွေကိုဓားနဲ့ခုတ်ဖြတ်သွားတာပေါ့၊ ပထမဆုံး ခင်ထွေးစိန်တို့ သေနေတာကို လူတစ်ယောက်က တွေ့သွားပါလိမ့်မယ်၊ တွေ့တော့ ခင်ထွေးစိန်လက်ချောင်းတွေမှာ ဝတ်ထားတဲ့ လက်စွပ်တွေကိုလည်း သတိပြုမိသလေ၊ အဲဒီလက်စွပ်တွေကိုဝင်ဖြုတ်ရာက နေရှည်လွယ်နဲ့ဖြုတ်မရတော့ ဓားနဲ့ဖြတ်ယူသွားတဲ့သဘောပေါ့ - ဆရာ"

www.burmeseclassic.com

"တောတ်၊လုပ်ရက်လိုက်တာကွာ၊
သဖြီးတဲ့လူကိုတောင်ထပ်ပြီးအကျည်း
ာန်အောင် လုပ်ရသေးတယ်လို့၊ ဒါနဲ့
ခရင်နေ့တွေမှာ ဝတ်ဝတ်နေတဲ့ လက်
တောတ်တွေရော ပါသွားသေးလား"

"လက်ကောက်တွေတော့ ဒီနေ့
တ်သွားလို့ ပါမသွားဘူးတဲ့၊ ဒါပေမဲ့
လက်စွပ်တင်းကွင်းလောက်ရယ်၊ဆွဲကြိုး
ာတစ်ကုံးရယ်၊အားလုံးပေါင်း သုံးကျပ်
ာအကျော်ကျော်လောက်ပါသွားတာဆို
တော့ ဘယ်နည်းပါ့မလဲ – ဆရာရယ်၊
တာ – ပြောရင်းဆိုရင်း ကြေးစည်ရိုက်
ာကြပြီးဘုန်းကြီးပင့်လာပြီထင်တယ်၊
အသုဘပို့ ဆရာတို့ လိုက်ဦးမလား"

"တာ – လိုက်မှာပေါ့ – လိုက်ရမှာ
ပေါ့"

ကျွန်တော်တို့ကပျာကယာထိုင်ရာ
ထလိုက်ကြသည်၊ ထို့နောက် သူ့အိမ်
ကိုယ့်အိမ် တံခါးများပိတ်၍ ချစ်ထူးနှင့်
တူ လိုက်ပါသွားလိုက်ကြသည်၊
ဝတ်အစားဟူ၍ ထူးထူးထွေထွေ လဲ
နေတော့ဘဲ ခါးတတ်ခါးစားနှင့်ပင်လိုက်
သွားလိုက်ကြသည်၊ ကျွန်တော်တို့ ရွာ
ခါးနားအရောက်တွင် ရွာထဲမှ ထွက်
ာသော အသုဘပို့အဖွဲ့နှင့် ဆုံမိကြ
ည်၊ ဘုန်းတော်ကြီးများက ရှေ့ဆုံးမှ

ကြွချီလာသည်၊ ကြေးစည်သံ တဝေဝေ
နှင့်အတူ ငိုကြွေးသံတချို့ကပါ စီစီညံညံ
ထွက်ပေါ်လျက်ရှိသည်၊

မကြာမီ အလောင်းစင်များရှိရာ ရွာ
ပြင်သို့ ရောက်ကြသည်၊ ဘုန်းတော်ကြီး
များ ရှေ့ဆောင်၍ ဆက်လက်ထွက်ခွာခဲ့
ကြရာ သုသာန်သို့ရောက်ကြလေသည်၊
သုသာန်တွင် အလောင်းများကို မြေမချ
မီ ပရိသတ်များအား ဆရာတော်တစ်ပါး
က သရဏဂုံ တရား ဟောကြားသည်၊
ဆရာတော် တရားဟောကြားနေစဉ်
ကြိတ်၍ရှိုက်လိုက်သော အသံတချို့က
ထွက်ပေါ်လာရာ ကျွန်တော်က အသာ
စောင့်ငဲ့ကြည့်လိုက်မိသည်၊ ထိုအသံမှာ
ဦးလုကြူးတို့ မိသားစုအတွင်းမှ ထွက်
ပေါ်လာသောအသံပင်ဖြစ်သည်၊ ရာသီ
ဥတုကြောင့် ဝန်းကျင်က ထိုင်းမှိုင်းအုံ့
ဆိုင်းလျက်ရှိသော်လည်း အောက်လင်း
ဓာတ်မီးကြီးနှစ်လုံး၏အလင်းရောင်ဖြင့်
ပရိသတ်အားလုံးကို ရှင်းလင်းစွာ မြင်
သာလျက်ရှိသည်၊

ကျွန်တော့်မျက်လုံးများက ခင်ထွေး
စိန်၏အလောင်းစင်ဘေးမှ အောင်မင်း
ကို ကောင်းစွာမြင်တွေ့လိုက်ရသည်၊
အောင်မင်းမှာ ဖူးတုပ်ထိုင်ရင်း မျက်နှာ
ကို အောက်ငုံ့ထားလျက်ရှိသည်၊ ခုလို

အရိုင်းရိုင်း၍ သူ့ခရာ မဖော်ပြနိုင်လောက်
အောင်ခံစားနေရလေမည်ကိုကျွန်တော်
သိပြီးသားပင်၊ ဤမြင်ကွင်းကို မြင်ရ
သည့်အတွက် ကျွန်တော့်ရင်ထဲတွင်
ကျင်ခနဲ၊ နင့်ခနဲပင် ဖြစ်မိရပါသည်၊

ကြမ္မာဆိုးဖြင့် ကြွေလွင့်ရရှာသော
ခင်ထွေးစိန်အတွက် ယူကြုံးမရဖြစ်မိ
သလို မပေါင်းလိုက်ရသော ချစ်သူ
အတွက် ရင်ကွဲမက်လက်ဖြစ်ရရှာမည့်
အောင်မင်းအပေါ်လည်း လွန်စွာမှကိုယ်
ချင်းစာမိသည်၊ ထိုမျှမက ကျေးရွာ၏
အဖိုးတန် တက်လူငယ်လေးများဖြစ်ကြ
သော ဤလူငယ်ကလေးများအပေါ်
တံကြမ္မာ၏ ရိုင်းစိုင်းစွာ မွှေနှောက်ခဲ့မှု
အားဖော်မပြနိုင်အောင် နာကြည်းမိခြင်း
နှင့်အတူ ကျွန်တော် တမြည့်မြည့်ပင်
ကြေကွဲမိရပါတော့သည်၊

***

ခင်ထွေးစိန်နှင့် ဒေါ်အုန်းမြတို့
အတွက်ရက်လည်ဆွမ်းသွတ်ပြီးနောက်
တစ်လခန့်အကြာတွင်သတင်းထူးတစ်ခု
ဟာ ဗုန်းခနဲ ထွက်ပေါ်လာသည်၊ ထို
သတင်းကအခြားမဟုတ်ပါ၊ခင်ထွေးစိန်
၏လက်ချောင်းများကိုဓားဖြင့် ခုတ်ဖြတ်
တာ လက်စွပ်များ ရယူသွားသူအား

ရဲစခန်းမှ ဖမ်းဆီးမိလိုက်ပြီ ဆိုသည့်
သတင်းပင်ဖြစ်သည်၊ ထိုသတင်းကို
အေးလှကန်၌သာမက အနီးအနားရှိ
ကျေးရွာများတွင်ပါ စိတ်ဝင်တစားပြော
ဆိုနေကြသည်၊ ဝေဖန်နေကြသည်၊

လူတိုင်းပါးစပ်များတွင် ရေပန်းစား
နေသော ထိုသတင်းက ကျွန်တော်တို့
အားအဆင့်ဆင့်သောခံစားမှုကိုဖြစ်ပေါ်
စေခဲ့သည်၊ ပထမတွင် တရားခံမိပြီဟု
ကြားရသည်နှင့် ကျွန်တော်တို့က
ဝမ်းသာကြရသည်၊ သို့သော်ထိုတရားခံ
ကိုမည်သူမည်ဝါမှန်း သိရှိလိုက်ရသည်
နှင့် အံ့ဩခြင်း၊ တုန်လှုပ်ခြင်းများက
ဆက်လက်၍ ဖြစ်မိကြရပြန်သည်၊
အကြောင်းကား တစ်ရွာလုံး စောင့်မျှော်
သိရှိလိုနေကြသောတရားခံ၊ တစ်နည်း
အားဖြင့် သေသူ ခင်ထွေးစိန်၏ လက်
ချောင်းများကိုဖြတ်တောက်သွားလေသူ
ထိုတရားခံမှာ အခြားသူမဟုတ်ဘဲ
အောင်မင်း၏ ဖခင်ကိုယ်တိုင် ဖြစ်နေ
သောကြောင့်ပင်တည်း။

ထိုသတင်းကို ထုံးစံအတိုင်း ကျွန်
တော်တို့၏ဆက်သားဖြစ်သော ချစ်ထူး
ထံမှပင် သိရှိကြရခြင်းဖြစ်သည်။

"ဟာ – ဒါဆိုရင် – အောင်မင်းတာ
နစ်ခါကွဲတဲ့အသည်းကိုလိုဖြစ်ရတော့

www.burmeseclassic.com



ဝထာစတော့ သူကလဲ လက်စွပ်တွေကို ရိုးရိုးပဲ ဆွဲချွတ်ကြည့်တာပါတဲ့။ ဘယ်လိုမှ ချွတ်လို့မရလို့သာ ကြံရာမရဘဲ ခုလိုလုပ်မိသွားတာပါတဲ့။ အဲဒီ့အချိန်မှာ နွားသိမ်းပြီးပြန်လာတဲ့ ကောင်လေးတချို့တလည်း အဲဒီ့ဘက်ကို လာနေကြပြီ။ သူ့ကို ဘယ်သူမှ မမြင်စေချင်ဘူး။ လက်စွပ်တွေကလည်း ချွတ်လို့မရဘူး။ ဒါနဲ့ – အဲဒီ့နည်းအတိုင်း လုပ်မိသွားတာပါတဲ့ – ဆရာတို့ရဲ့။

၆၆

ရာပဲ။ သူ့အဖေကြောင့် တော်တော်လည်း ရှက်ရှာပဲ"

"သေချာတာပေါ့ – ဆရာရယ်။ ညီတေးက ဖြတ်ခနဲ သေသွားလို့ ခံစားရတာတစ်မျိုး၊ အယုတ်တမာအမှုကို ကျူးလွန်သူက ကိုယ့်အဖေကိုယ်တိုင် ဖြစ်နေတာကတစ်မျိုးနဲ့ ဒီကောင်လဲ သေလိုက်ရင်စိတ်တောင် ပေါက်နေတော့မှာပေါ့ဗျာ"

"တောက် – ကြံကြံဖန်ဖန်ကွာ။ ကြံကြီးစည်ရာကွာ။ ကြားသားမိုးကြိုးကွာ။ ပါတော့ – ဒီအဖြစ်ကို ဘယ်ဥပမာနဲ့ နှိုင်းရမှန်းတောင် မသိတော့ဘူး။ ဒီလူကြီးကဘာကြောင့် ဒီလိုလုပ်ရတာတဲ့လဲ။ ရဲစခန်းမှာရော အားလုံးဝန်ခံပြီးပြီလား"

"ဝန်ခံပြီးပြီ – ဆရာ။ ဝန်မခံလို့လည်း မရဘူးလေ။ သူ ရွှေသွားရောင်းတဲ့ ရွှေဆိုင်ပိုင်ရှင်ကရော သူ့လယ်တို့ အပေါင်ခံထားတဲ့သူကပါ သက်သေတွေ ထွက်ထားမှပဲဟာ။ အားလုံးဘူးပေါ်သလို ပေါ်တော့တာပေါ့။ ဖြစ်ပုံက ဒီလိုဆရာ။ ပြောရရင် အောင်မင်းအဖေ ဦးတိုးမောင်က ဟိုတုန်းက ဖဲသမားရယ်။ ခုတော့ ဖြတ်လိုက်ပါပြီ။ အဲဒါ – လူက ဖဲကိုဖြတ်လို့ ဖြတ်သွားပေမယ့် အကြွေးတွေကတော့ ဖြတ်မသွားဘူး။ ကျန်နေသေးတယ်။ သူ ရမ်းခဲ့တုန်းက ပေါင်နှံထားတဲ့ လယ်မြေတွေကိုလည်း ပြန်မရွေးနိုင်သေးဘူး။ အဲဒါ ဟိုတစ်လောကတော့ ဦးတိုးမောင်ရဲ့လယ်ကို အပေါင်ခံထားတဲ့ ဆည်တော်ရွာက လူက ပေါင်ထားတာတွေကိုပြန်ရွေးရင်ရွေး၊ မရွေးရင် ရောင်းပစ်လိုက်တော့မယ်လို့ ပြောသတဲ့။

ပေါင်ထားတာတွေက ကြာပြီဆိုတော့ ဟိုလူက ငွေအနာမခံတော့ဘဲ ရှင်းထုတ်ပစ်ချင်တဲ့ သဘောပေါ့ – ဆရာ။ ဒါပေမဲ့ – ဦးတိုးမောင်က ဘယ်လိုမှပြန်ရွေးနိုင်ဘူး။ မရွေးနိုင်လို့ ဟိုက ရောင်းစားလိုက်ရင် သူ့ပဲ နာမယ်။ သူ့လယ်တွေက မြေကောင်းတွေ – ဆရာ။ တန်ဖိုးတော်တော်ရှိတယ်။ အဲဒါ – သူ့မှာ ဘာလုပ်ရမှန်းမသိဘဲ ကြံရာမရဖြစ်နေတော့တာပေါ့။

လေတွေ လာတဲ့ နေ့ကတော့ ဦးတိုးမောင်က ကြံချိုကို သွားတယ်။ ကြံချိုမှာ သူ့ဆွေမျိုးတွေရှိတယ်။ အဲဒီမှာ သူက ငွေသွားလှည့်တယ်ပြောတာပဲ။ ဒါပေမဲ့ – အဲဒီမှာလဲ အဆင်မပြေခဲ့လို့ စိတ်ညစ်ညစ်နဲ့ပြန်လာရင်း လမ်းရောက်တော့ လေကျတာနဲ့ ကြုံတော့တာပဲ။ ကြုံတော့ – သူလဲ နီးရာသစ်ပင်အောက် ခင်ခိုနေတယ်။ မိုးလဲ တိတ်သွားရော ဆက်ထွက်လာခဲ့တယ်။ ဆက်ထွက်လာခဲ့ရင် ခင်တွေးစိန်တို့ သစ်ပင်ဝိနေတဲ့နေရာနားလည်း ရောက်တယ် ဆိုရင်ဝဲ ခင်တွေးစိန်လက်က ရွှေတွေကိုမြင်ပြီး လောဘတွေ၊ အကြံရိုင်းတွေ ဝင်မိရာက ဒီအမှုကြီးကို ကျူးလွန်လိုက်တော့တာပဲ"

"အဲဒီနောက် ရွှေရောင်းပြီး သူ့လယ် ပြန်ရွေးရာက အမှုက ပေါ်လာတာဆိုပါတော့"

"ဟုတ်တယ် – ဆရာ။ ဒီလူကြီးက အရက်လည်းနည်းနည်းချတယ်။ အရက်မူးမူးနဲ့ စွပ်လုပ်ရာကနေ ပေါ်သွားတာ။ သာမန်လူဆို ဒီရွှေတွေကို ခုလို တစ်လလောက်အတွင်းမှာ ဘယ်ထုတ်ရောင်းဦးမလဲဗျ။ ဖုံးထား၊ ဖွက်ထားဦးမှာပေါ့။ တော်တော်ကြာမှ ခပ်ဝေးဝေးမှာ သွားထုတ်ရောင်းမှာပေါ့။ ခုတော့ – သူကလည်းအရက်မူးနေတဲ့အချိန်ကိုရောပေါင်ခံထားတဲ့သူကလည်း မြေပြန်ရွေးဖို့လာပြီးလောဆော်နေတဲ့အချိန်နဲ့ တိုက်ဆိုင်သွားရာက ခပ်ပေါ့ပေါ့နဲ့ မြို့ထဲက ရွှေဆိုင်မှာ သွားရောင်းလိုက်မိတာ။ ဆိုင်ရှင်က သူ့ကို မသင်္ကာဘူး။ ပြီးတော့ – အဲဒီဆိုင်ကလည်း ရဲက ကြိုတင်အစီအစဉ်ဆောင် လုပ်ထားတဲ့ဆိုင် ဖြစ်နေတာ။ ပုံမှန်

www.burmeseclassic.com

ရွှေလာရောင်းတာမျိုးရှိရင် သတင်းပို့ပါ ဆိုပြီး ပြောထားတာမျိုးပေါ့၊ ဘာပြော ကောင်းမလဲ – ဆရာရယ်၊ ဟိုက ရဲကို ချောင်ရင်းသွားလက်တို့လိုက်တာမှာ အမှု ကတန်းခနဲပေါ်သွားတော့တာပေါ့"

"ဖြစ်မယ်၊ ဖြစ်မယ်၊ ဒီလိုလူမျိုး ဒီလို ဖြစ်ရမှာပဲ၊ ဒါနဲ့ – သူက ခင်တွေးစိန်ရဲ့ လက်ချောင်းတွေကို ဘာကြောင့်ဖြတ် ရတဲ့အထိဖြစ်သွားတာတဲ့လဲ၊ ဒါကတော့ တော်တော်ရိုင်းလွန်းတယ်လေ"

"သူ့ရဲ့စခန်းမှာ ထွက်ဆိုတဲ့အတိုင်း ဆိုရင် ပထမတော့ သူကလဲ လက်စွပ် တွေကို ရိုးရိုးပဲ ဆွဲချွတ်ကြည့်တာပါတဲ့၊ ဘယ်လိုမှ ချွတ်လို့မရလို့သာ ကြံရာမရ ဘဲ ခုလိုလုပ်မိသွားတာပါတဲ့၊ အဲဒီ့အချိန် မှာ နွားသိမ်းပြီးပြန်လာတဲ့ ကောင်လေး တချို့ကလည်း အဲဒီ့ဘက်ကို လာနေကြ ပြီး သူ့ကို ဘယ်သူမှ မမြင်စေချင်ဘူး၊ လက်စွပ်တွေကလည်း ချွတ်လို့မရဘူး၊ ဒါနဲ့ပ – အဲဒီ့နည်းအတိုင်း လုပ်မိသွား တာပါတဲ့ – ဆရာတို့ရဲ့"

"အေးကွာ – မကြုံဖူးတာတွေကြုံရ၊ ကြားဖူးတာတွေကြားရနဲ့ လောကကြီး ကတော့ ဘာတွေ ဆက်ဖြစ်ဦးမယ် တောင် မသိပါဘူး၊ ကြောက်စရာပဲပေါ့၊ ကြောက်စရာပဲ"

ထိုစကားက ကျွန်တော်၏ အဆုံး သတ်စကားပင်ဖြစ်သည်၊ ထိုစကား အတိုင်းပင် ထိုဖြစ်ရပ်နှင့်ပတ်သက်ပြီး ကျွန်တော် လတ်လတ်ဆတ်ဆတ် ခံစား နေရသေးသည်၊ ကျွန်တော်သာမဟုတ်၊ အခြား ဆရာများဖြစ်ကြသော ကိုခင်လတ်တို့၊ ကိုမြင့်စိုးတို့သည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်နေကြဦး မည်ထင်သည်၊

***

ညပိုင်းရောက်တော့ ကျွန်တော်တို့ ကထပ်မံပြီး စကားဝိုင်းဖွဲ့မိကြရာ ထိုကိစ္စ ထိုအကြောင်းကပြန်လည်၍ပါရှိလာပြန် သည်၊ ယနေ့ည စကားဝိုင်းသို့ ကျေးရွာ ဘုန်းကြီးကျောင်းမှ ဦးပဉ္စင်း ဦးဝိမလပါ ရောက်ရှိနေသည်၊ ဦးဝိမလက ကျွန် တော်တို့ထံမကြာမကြာ ရောက်လာကာ စာအကြောင်း၊ ပေအကြောင်း၊ တိုင်းရေး ပြည်ရာအကြောင်းများကိုဆွေးနွေးပြော ဆိုလေ့ရှိသည်၊

ယနေ့ညစကားဝိုင်းတွင် ဦးတိုးမောင်အကြောင်းကိုသာ ဦးတည် ပြီး အမြင်အမျိုးမျိုးဖြင့် ပြောဆိုနေမိကြ ရာ ဆရာ ကိုခင်လတ်က –

"အေးဗျာ – ဒီကိစ္စက လူတွေရဲ့စိတ္တ ဗေဒသဘောတရားအတိုင်းပြန်စဉ်းစား ကြည့်မယ်ဆိုရင်တော့ ဦးတိုးမောင်ကို လည်း သိပ်အပြစ်မဆိုနိုင်ဘူးဗျ၊ သူ့မှာ ငွေကလည်းလို၊ ကြံရာကလည်းမရဖြစ် နေချိန်မှာ ခုလို ရွှေသုံးလေးကျပ်သား လောက်ကို တွေ့လိုက်ရတော့ လောဘ ဖြစ်မိမှာပဲ၊ သူ့နေရာမှာ တခြားသူဆို လည်း သူ့လိုပဲ လုပ်မိမယ်ထင်တာပဲ"

ကျွန်တော်က –

"လူတိုင်းတော့ မလုပ်ပါဘူးဗျာ၊ ဘယ်ဗျာ – ဒီလောက်အရုပ်ဆိုးလှတဲ့ အလုပ်ကို ခပ်ဗျားဗျား လုပ်နိုင်သလား၊ ကျွန်တော်တော့ မလုပ်နိုင်ဘူး၊ ကိုယ့် ဘာနဲ့ရမယ့် ကိုယ့်ချွေးမလောင်းတစ် ယောက်ပဲဗျာ၊ ချွေးမကို သမီးလိုပဲ သဘောထားရမှာပေါ့ဗျ"

ကိုမြင့်စိုး –

"ကျွန်တော်ကတော့ လူတွေရဲ့စိတ် ပြောင်းလဲတတ်ပုံ သဘောအရ ကိုခင် လတ်စကားကိုပဲ ပိုပြီးထောက်ခံချင်ပါ တယ်၊ ဆရာပြောသလို ပထမတော့ ဦးတိုးမောင်က ကိုယ့်ချွေးမလောင်းတစ် ယောက်အပေါ် ဒီလိုမလုပ်အပ်မှန်း သိ မှာပဲလို့ထင်ပါတယ်၊ ဒါပေမဲ့ – အခြေ အနေတကို ဒီလိုလုပ်ဖြစ်အောင် သူ့ကို တိုက်တွန်းနေပြီလေ၊ ဘာကြောင့်ဆိုတို့ က သေလူဖြစ်နေပြီ၊ အသက်မရှိတော့ ဘူး၊ ပြီးတော့ – ရွှေတွေကလဲ တဝင်းဝင်း နဲ့ဖြစ်နေတယ်၊ သူ့နေရာမှာ တခြားသူ တစ်ယောက်ဆိုရင်လည်း ဒီလိုလောဘ စိတ်ဝင်မိဖို့က တယ်ပြီး မခဲယဉ်းလှဘူး ဗျ၊ ဒီတော့ – ဦးတိုးမောင်က တရော ကယာနဲ့ လက်စွပ်တွေကို ချွတ်ယူပါလိမ့် မယ်၊ ဒါပေမဲ့ – ဒဏ်ရာကြောင့် လက်တ ပွရောင်းပြီး ရောင်ကိုင်းနေပေလိမ့်မယ်၊ ဘယ်လိုမှ ချွတ်လို့မရဘူး၊ ဒီအချိန်မှာ နွားကျောင်းသားတွေကလည်း သူ့ဘက် ကို လာနေကြပြီ၊ ဒီအချိန်မှာပဲ ဒီလက် စွပ်တွေကိုတော့ ရအောင်ယူရမှာပဲဆို တဲ့ စိတ်ရိုင်းတွေက ဦးဆောင်မိသွားပြီး ဒီအမှုကို ကျူးလွန်မိသွားတာပဲဗျ"

သည်လိုနှင့်ပင် ကျွန်တော်တို့က တစ်ယောက်ကို အမြင်တစ်မျိုးစီ ထင်မြ ရင်းအပြန်အလှန်ပြောဆိုနေမိကြသည်၊ အတန်ကြာသော် ကျွန်တော်တို့ပြော စကားကို တစ်ချိန်လုံး မျက်နှာပြုံးစေ့စေ့ ဖြင့် ငြိမ်ပြီးနားထောင်နေသော ဦးဝိမလ က အောက်ပါအတိုင်း ဝင်ရောက်ပြော ဆိုလိုက်သည်၊

"ဒကာကြီးတို့ ကိုယ့်အမြင်နှင့်ကိုယ် ပြောဆိုနေကြတာ ဘယ်သူမှ မမှားပါ

www.burmeseclassic.com

www.burmeseclassic.com

ဘူး အားလုံးမှန်ပါတယ်၊ ဦးတိုးမောင်
အနေနဲ့လည်း ဒီလိုလုပ်မိတဲ့အတွက်
သဘာဝကျတာ၊ မကျတာကို အပထား
လို့ ခလောလောဆယ်တော့ သူလည်း
အစီရင်တဲ့အတိုင်း ခံယူသွားရတော့
ပဲ။ ဒီတော့ – ကျုပ်တို့အနေနဲ့က အား
လုံးကိုတရားသဘောနဲ့ လွှမ်းခြုံပြီးကြည့်
ဘာတ အကောင်းဆုံးလို့ပဲ ထင်ပါတယ်။

အဓိကကတော့ဗျာ၊ လောကကြီး
မှာ မဖြစ်သေးတာသာရှိမယ်၊ မဖြစ်နိုင်
တာ ဘာမှမရှိဘူးဆိုတဲ့အချက်ကို စိစစ်
သုံးသပ်ပြီးမြင်တတ်ကြဖို့ပဲဗျ။ လူတွေ
ဘာ နောက်ပိုင်းရောက်လေ၊ မှောက်မှား
ကြလေပဲ။ မှောက်မှားကြလေ၊ မကြုံဘူး
ကြားဘူးတာတွေက ပိုဖြစ်ရလေပဲ။ ခုပဲ
နိုင်ငံခြားသတင်းတစ်ခုမှာ ကျုပ်တို့ကြား
လိုက်ရတယ်မဟုတ်လား။ သားဖြစ်တဲ့
သူက အမေအရင်းကို သေနတ်နဲ့ ပစ်
သတ်လိုက်တယ်ဆိုတဲ့သတင်းလေ။

ဗျာနယ်မှာ ဖတ်လိုက်ရတယ်
မဟုတ်လား။ ဒါ – ဥပမာလောက်ပဲ ပြော
တာ။ ကျန်တာတွေက အများကြီးရှိသေး
တယ်။ ဒီ့ပြင့် မျက်စိရှက်၊ နားရှက်စရာ
တွေ၊ မကြားဝံ့ မနာသာတွေ၊ အများကြီး
ရှိသေးတယ်။ ကျုပ်တို့လိုတောသူတောင်
သားတွေအနေနဲ့ ဦးတိုးမောင်အပေါ်

လုပ်ရက်လှပါလားလို့ အံ့ဩဘနန်းဖြစ်ကြရပေမယ့် ကမ္ဘာ့အရပ်ရပ်က တခြားဖြစ်ရပ်တွေနဲ့ ယှဉ်ကြည့်လိုက်ပြန်တော့ သူ့ဟာက သေးသေးကလေး ဖြစ်သွားတယ်။ ဘာမှမပြောပလောက်တော့ဘူး။

ဒီတော့ဗျာ။ ဒီအဖြစ်အပျက်မျိုးတွေကအကြောင်းတိုက်ဆိုင်လာတာနဲ့ဆက်ပြီး ဖြစ်ပျက်နေကြဦးမှာပဲ။ အထူးသဖြင့် အထိန်းအကွပ်မဲ့တဲ့ ပတ်ဝန်းကျင်တွေမှာ ဆက်ဖြစ်နေကြဦးမှာပဲ။ ဒါကြောင့် ကျုပ်တို့ အဓိကလုပ်သင့်တာက ကိုယ်နေထိုင်တဲ့ အဝန်းအဝိုင်းအတွင်းမှာ နောက်ထပ် ဒါမျိုးတွေ ထပ်ဖြစ်မလာအောင်၊ လိုအပ်သလိုထိန်းသိမ်းပေးတာတို့၊ ကာကွယ်ပေးတာတို့ လုပ်ကြရမှာပေါ့။

ဒါဆိုရင် – အားလုံးအကျိုးရှိတာပေါ့ဗျာ။ ဒီလိုဖြစ်ရပ်မျိုးတွေက ကံကြောင်းဝဋ်ကြွေးကြောင့်သာဆိုရင် ဘယ်လိုမှတားမရနိုင်ဘူးဆိုပေမယ့် စောစောကလို မြင်ပ ပယောဂကြောင့် ဖြစ်ရတာတွေကိုတော့ အားလုံးရဲ့သတိရှိမှု၊ ထိန်းသိမ်းမှုတွေနဲ့ အများကြီး တားဆီးနိုင်ပါတယ်ဗျ။ လောကမှာ လူတွေ ယဉ်ကျေးလေ၊ အပြစ်နည်းလေပဲ မဟုတ်လား"

ဦးဝိမလစကားကြောင့် ကျွန်တော်
တို့အားလုံး ငြိမ်သွားကြသည်။ အမှန်
တော့လည်း ဦးဝိမလစကားက တကယ့်
နှစ်ချုပ်သဘောမျိုး ဖြစ်နေသည်။ ထို
စကားနှင့်ပတ်သက်ပြီး ကျွန်တော်တို့
တွင် စောဒက တက်စရာမရှိ။ စောဒက
တက်ဖို့လည်း မလိုပေ။ အားလုံးအတွက်
မှတ်ချက်စရာ၊ ဘဝင်ကျစရာစကားများ
သာဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့
တိတ်ဆိတ်နေမိကြခြင်းဖြစ်သည်။

မကြာမီပင် ဦးဝိမလက သူ့အာဘော်
ကို ဆက်လက်၍ မိန့်ဆိုလိုက်ရာ ထို
စကားများကတော့ ကျွန်တော်တို့
အတွက် ပို၍ပင် ဘဝင်ကျစရာ ကောင်း
နေပါလေတော့၏။

"ဗျာ – ပြောရရင်တော့ ရှိရှိသမျှ လူအားလုံး ဟိုဘက်ကမ်းကိုမှ မရောက်သေးရင် ဘယ်လိုမှ စိတ်မအေးနိုင်သေးဘူး။ ဒီဘက်ကမ်းမှာ နေရသေးသမျှလည်း ဘာမှ စိတ်မချနိုင်သေးဘူး။ ဒီဘက်ကမ်းကလူတွေမှန်သမျှ ကိုယ်လည်းဒီလိုပဲ၊ သူလည်းဒီလိုပဲ။ ဘယ်သူမှ အထင်ကြီးစရာမရှိဘူး။ ဘယ်သူ့ကိုမှလည်း အားကျစရာမရှိဘူး။ အားလုံးဒီပုတ်ထဲက ဒီပဲတွေချည်းပဲ၊ ဒီတော့ ဒီသံသရာကနေ တကယ်သာလွတ်ချင်ရင်၊ ဒီအရှုပ်တွေနဲ့ တကယ်သာတင်းချင်ရင် ဟိုဘက်ကမ်းကို မြန်မြန်ရောက်အောင်၊ အရိယာပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားကြပေတော့ဗျို့ – ကြိုးစားကြပေတော့။

➤➤ ရဲမြတ်တင်

## နားကိုက်

➤ မြန်မာကုက္ကိုရွက်ကို အရည်ညှစ်၍ မီးဖြင့် နွေးပြီး နားတွင် ထည့်ပါ။

➤ တောင်မရိုးအစေးကို နှမ်းဆီဖြင့်ရော၍နားကျပ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



# လှည့်ကွက်

**တက်လူ တစ်ယောက် . . .**

ဒီနေ့အပြင်မထွက်တော့ဟုဆုံးဖြတ်ပြီး ဧည့်ခန်း၌ထိုင်ရင်း ဝယ်စဉ်က တန်းမြင့်ကျောင်းတွင် သင်ခဲ့ရသည့် "Who did is first" ဆိုသည့်စာအုပ်ကို အေးအေးဆေးဆေး ဦးနှောက်ဆေးသည့်သဘောဖြင့် ထိုင်ဖတ်နေ၏။

တစ်နေ့တစ်နေ့ မအားလပ်သည့်အလုပ်တွေကြောင့်လုပ်ငန်းတာဝန်အရ ဆက်ဆံကြရသူတွေမှအပ သူငယ်ချင်းအပေါင်းအသင်းမိတ်ဆွေတွေနှင့်မတွေ့ရသည်မှာ ကြာပြီ။

ဒီနေ့တော့အားလပ်ရက်အပြင်ထွက်သူငယ်ချင်းတွေနှင့်တွေ့ဦးမည်ဟု စိတ်ကူးပြီးမှ စီရိုအတွင်းလိုအပ်သောစာရွက်စာတန်းများရှာရင်း ငယ်စဉ်က သင်ခဲ့ရသောစာအုပ်လေးကိုအမှတ်မထင်တွေ့လိုက်ရသည့်အတွက်အပြင်မထွက်တော့ဘဲဧည့်ခန်း၌ထိုင်ရင်းအေးအေးဆေးဆေးထိုင်ဖတ်နေလိုက်ခြင်းဖြစ်သည်။

ထိုစဉ် —

ခြံဝန်းအတွင်းသို့ဆိုင်ကယ်တစ်စီးဝင်လာသည်။

တက်လူစာအုပ်ကိုစားပွဲပေါ်တင်ပြီးဆိုင်ကယ်စီးလာသူကိုတဲကြည့်လိုက်၏။

သူတို့မြို့၌ စီးပွားရေးအလုပ်အကိုင်ဖြေနေသည့် ဦးသတ္တ။

ဆိုင်ကယ်ပေါ်က ဆင်းသည်နှင့် ဦးသတ္တကခေါင်းတွင်ဆောင်းထားသောသတ္တုလက်ဦးထုပ်ကို ဟန်ပါပါ ချွတ်လိုက်ကာ အိမ်ဆီ လျှောက်လာရင်း —

"ဆရာတက်လူ - ရှိလား" ဟု မေးလိုက်သည်။

"ဟုတ်ကဲ့ - ရှိပါတယ် ခင်ဗျာ"

တပည့်ဖြစ်သူ၏ပြန်လည်ဖြေကြားသံနှင့် မရှေးမနှောင်း ဦးသတ္တအိမ်ထဲဝင်လာသည်။

"ကြွပါ - ဦးသတ္တ"

တက်လူက ဧည့်ခန်းပေါက်ဝမှ ဆီးကြိုရင်း ဦးသတ္တကိုနေရာချပေးလိုက်၏။

အမှုကိစ္စ၊ လုပ်ငန်းကိစ္စများ
တစ်ဦးတည်း အပိုင်စီးလိုစိတ်ဖြင့်
လူသတ်မှု ဖြစ်ပေါ်ခဲ့ရာမှ
နောက်ဆုံးတွင် ..

www.burmeseclassic.com

www.burmeseclassic.com

"ထိုင်ပါ - ဦးသတ္တ"

ဦးသတ္တက တက်လူနှင့် မျက်နှာချင်းဆိုင်ရှိ ဆိုဖာတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

★★★

"ကျွန်တော်လာတဲ့အကြောင်းကတော့ ဆရာတက်လူကို အမှုတစ်ခု အပ်ရေရှိလို့ပါ။ ဆရာက အလွတ်စုံထောက်လောကမှာတော့ နာမည်ကြီးတစ်ယောက်မဟုတ်လား။ နောက်ပြီး - ခုကျွန်တော်အပ်မည့်အမှုက ဆရာနဲ့ပဲ ထိုက်တန်မှာပါ"

ဦးသတ္တက ရောက်မဆိုက် ပြောလိုက်သည်။

"ဒီလောက်လည်း မဟုတ်ပါဘူး"

တက်လူက ပခုံးတစ်ချက် တွန့်ရင်း ပြန်ပြောလိုက်၏။

"ထားပါတော့လေ"

"ကဲ - ဦးသတ္တ အပ်ချင်တဲ့ အမှုအကြောင်းလေးက ခုကစ သိခွင့်ရမယ်ဆိုရင်"

"ဟာ - ရပါတယ်။ ဆရာ မသိလို့ ဘယ်ရမှာလဲ၊ ဒီအမှုက ဆရာကိုအပ်မှာလေ၊

"ဟုတ်ကဲ့ - ဆိုပါဦး"

"ဒီလို ဆရာတက်လူရဲ့ - ကျွန်တော့်သားတစ်ယောက်ဟာ မြို့စွန်မှာရှိတဲ့ ရှေးဟောင်းအိမ်ကြီးတစ်လုံးကို ကျွန်တော်မသိဘဲ ဝယ်လိုက်တယ်။ အိမ်ကြီးက သရက်တိုက်ကြီးအတွင်းမှာ အလုပ်သမားနေတဲ့အိမ်နောက်ဘက်က တန်းလျားကလွဲလို့ ထီးထီးကြီး၊ ခပ်ဝေးဝေးကကြည့်ရင် ရဲတိုက်ကြီးတစ်တိုက်လိုပဲ"

"ဒါဆို ခံ့ခံ့ညားညားကြီးနေမှာပဲနော်"

"ဟုတ်ကဲ့ - အိမ်ကြီးကတော့ ခံ့ညားပါတယ်။ ဒါပေမဲ့"

"ဒါပေမဲ့ - ဘာဖြစ်သလဲဗျ"

"ဒီလိုဆရာတက်လူ - အိမ်ကြီးရဲ့ သမိုင်းကြောင်းက မကောင်းဘူးဗျာ။ ဒီအိမ်ကြီးမှာ ဟိုတုန်းက ဘာတွေဖြစ်ခဲ့တယ်ဆိုတာထက် ကျွန်တော့်သားဝယ်ပြီးနောက် ဒီဘက်မှာတော့ တော်တော်သမိုင်းဆိုးခဲ့တယ်။ အန္တရာယ်များတဲ့ မနေသင့်တဲ့အိမ်ဆိုးကြီး ဖြစ်ခဲ့တယ်"

"ဆက်ပါဦး - ဦးသတ္တ၊ စိတ်ဝင်စားစရာပါ"

"ဟုတ်တယ် - ဒီအိမ်ကြီးကို ကျွန်တော့်သားက ဒီမှာလာဝယ်တာတော့ဘူး၊ အိမ်ကြီးရဲ့ပုံစံကို Viber ကနေပြီး



ကျွန်တော့်သမီးရော၊ သားရော ဒီပြတင်းပေါက်ကနေ ခုန်ချပြီး သူတို့ကိုယ်သူတို့ အဆုံး စီရင်ခဲ့ကြတာ။ အိမ်ကြီးကပဲ ချောက်ချားစေခဲ့တာလား။ ဒါမှမဟုတ်...။

Online ပေါ်မှာပဲ အရောင်းအဝယ်လုပ်ခဲ့ကြတာ"

"ဒါဆို - ဦးသတ္တသားက ဘယ်ကနေ ဝယ်တာလဲ"

"စင်္ကာပူမှာ သူက နေပါတယ်၊ သူတို့ဇနီးမောင်နှံနှစ်ယောက်စလုံး ကုမ္ပဏီကြီးတစ်ခု ထူထောင်ပြီး စီးပွားရေးလုပ်နေကြတာပါ"

"ဒါဆို - ဒီအိမ်ကြီးက"

"သူတို့က နောက် နှစ်လသုံးလလောက်ကြာမှ ပြန်လာကြမှာပါ၊ ဝယ်ပြီးပြီးချင်း သူတို့မရောက်ခင် အိမ်ကြီးကို စောင့်ရှောက်ဖို့ ကျွန်တော့်သမီးအငယ်မကို တာဝန်ပေးပါတယ်၊ ဒါပေမဲ့ ဆရာတက်လူရေ - သမီး အိမ်ကြီးဆီ ပြောင်းသွားတဲ့နေ့ ညမှာပဲ ကျွန်တော့်သမီး ရေချိုးခန်းပြတင်းပေါက်က ခုန်ချပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့တယ်ဗျာ"

"ဘယ်လိုဖြစ်တာလဲ - ဦးသတ္တ"

တက်လူက သိချင်စောနှင့် အလောတကြီး မေးလိုက်၏။

ဦးသတ္တကစိတ်မကောင်းစွာ စကားကို ခေတ္တရပ်ထားလိုက်ပြီး အတန်ကြာမှ -

"ဘယ်လိုဖြစ်တာလဲဆိုတာ ခုထိ အဖြေမပေါ်ဘူးဗျာ၊ ရာဇဝတ်ကြောင်းအရလဲ ဘာအထောက်အထားမှ မတွေ့ရဘူး၊ နောက်ဆုံး ဆေးစာချက်ကတော့



www.burmeseclassic.com

www.burmeseclassic.com

ပြတင်းပေါက်က ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်သွားတယ်ဆိုတာပါပဲ"

"အော်"

"မအော်နဲ့ဦး - ဆရာတက်လူ၊ ဇာတ်လမ်းက ဒီမှာတင် မပြီးသေးဘူး"

"လုပ်ပါဦး"

"သမီးသေပြီး မကြာခင်မှာပဲ သားအလတ်ကို သားကြီးက အိမ်ကြီးစောင့်ရှောက်ဖို့ တာဝန်ပေးပြန်တယ်၊ ဒါပေမဲ့ သားလတ်လည်း အဲဒီအိမ်ကြီးကိုပြောင်းသွားတဲ့ညမှာပဲ၊ သူလည်း သမီးလိုပဲ အိမ်ကြီးပေါ်က ခုန်ချသေခဲ့တယ်"

"စိတ်မကောင်းစရာပဲဗျာ၊ ဒါ သဘောရိုးကော ဖြစ်နိုင်ပါ့မလား"

"အဲဒါပေါ့ - ဆရာတက်လူ၊ ဒီအိမ်ကြီးနဲ့ပတ်သက်လို့ ကျွန်တော့်သားနဲ့ သမီး သေခဲ့ရတယ်၊ နောက်ပြီး စက်ဘုက သားကြီးကလည်း မကြာခင် ဒီအိမ်ကြီးကိုပြန်လာတော့မယ်ဆိုတော့ ..."

"သူတို့ အသက်အန္တရာယ် စောင့်ရှောက်ရမယ်၊ လုံခြုံမှု ပေးရမယ်ဆိုပါတော့"

"ဒါတင်မကဘူး - ဆရာ၊ ဖြစ်နိုင်ရင် အဲဒီအိမ်ကြီးရဲ့သမိုင်းဆိုးကို ဖော်ထုတ်ပေးဖို့ပါ၊ ခုတော့ - အိမ်ကြီးက စိတ္တဇဆန်လွန်းနေပါတယ်"

တက်လူက ဦးသက္ကစကားအဆုံး ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

***

ညက လမိုက်ည၊ မှောင်မိုက်နေသည်။

တက်လူနှင့်ဦးသက္ကတို့အိမ်ကြီးပေါ်သို့အိမ်နောက်ဘက်လှေကားမှတက်ခဲ့ကြ၏။ ဦးသက္ကက အိမ်ကြီးနှင့်ပတ်သက်သမျှ တက်လူ သိလိုသည်များကို လိုက်လံပြသခြင်း ဖြစ်၏။

"ဆရာ့ဆန္ဒကြောင့်သာ ခုလိုအချိန်မတော် လိုက်လံပြရတာ၊ ကျွန်တော့်သဘောဆိုရင်တော့ မနက်ခင်း၊ နေ့လယ်ခင်းလောက် လာချင်တာ၊ ဒါမှ ပြတ်ပြတ်သားသား မြင်နိုင်တယ်လေ"

ဦးသက္ကက ခပ်တိုးတိုး ပြောလိုက်သည်။

"ကျွန်တော်တို့ ဒီအိမ်ကြီးလာတဲ့အကြောင်း မည်သူ့မှ မသိစေချင်လို့ပါ"

သူတို့ အိမ်ကြီး၏အတွင်းခန်းများကို တစ်ခန်းပြီးတစ်ခန်း ဖြတ်သန်းခဲ့ကြ၏။

"ဒါက ဧည့်ခန်း၊ ဒါက ဘုရားခန်း၊ ဒါက စာကြည့်ခန်း၊ ဒါက နားနေဆောင်၊ ဒါက အထူးဧည့်သည်တွေအတွက် တည်းခိုခန်း၊ ဒါက သာမန်ဧည့်သည်တွေအတွက် အိပ်ခန်း၊ ဒါက အိမ်ရှင်တွေအတွက် အိပ်ခန်းတွေ"

အိမ်ကြီး၏ဖွဲ့စည်းပုံတွေကများလှ၏၊ အခန်းတိုင်း၌ တံတောင်သာသာ ဆိုင်းဘုတ်လေးများ ချိတ်ထားသည်၊ တက်လူ သတိထားကြည့်တော့အိမ်ကြီးက နေချင်စဖွယ်၊ အခန်းတွေက လှလပ၊ အခန်းပေါက်ဝတိုင်းတွင်လည်း စိမ်းလဲ့လဲ့ ဖာခန်းဆီးလေးတွေ ကာရံထားကြသည်။

"ဒါက ထမင်းစားခန်းပဲ - ဆရာတက်လူ၊ ဒီကနေ နောက်ဘက်ထွက်ရင် သန့်စင်ခန်းနဲ့ ရေချိုးခန်းဗျ"

ဦးသက္ကကပြောရင်းရှေ့မှလျှောက်သွားသည့် တက်လူက အခန်းအနေအထား သွင်ပြင်လက္ခဏာအားလုံးကို စိတ်ထဲက မှတ်ရင်း နောက်မှ လိုက်ခဲ့သည်။

ရေချိုးခန်းကရေကန်၏အခြားတစ်ဘက်၌ကိုယ်လုံးပေါ်မှန်ကြီးတပ်ထား၏။ မှန်ဘေး၌ ပြတင်းပေါက်တစ်ခုရှိပြီး ပြတင်းပေါက်ကိုတော့ သာမန်ကျွန်းသားတံခါးရွက်သာ တပ်ထားပြီး ဖွင့်ရပိတ်ရ လွယ်ကူသောအနေအထား ဖြစ်သည်။

"ကျွန်တော့်သမီးရော၊ သားရော ဒီပြတင်းပေါက်ကနေ ခုန်ချပြီး သူတို့ကိုယ်သူတို့ အဆုံးစီရင်ခဲ့ကြတာ၊ အိမ်ကြီးကပဲ ချောက်ချားစေခဲ့တာလား ဒါမှမဟုတ် ..."

အိမ်ကြီး၏အပေါ်ထပ် ပြတင်းပေါက်နှင့် အောက်က အတောင်(၂၀)ခန့်မျှလောက် မြင့်၏၊ အောက်တည့်တည့်တွင် အမြိန့်ကျယ်သည့် သစ်တလင်း ခင်းထားသည်၊ အပေါ်မှ ကျလိုက်တော့ အသက်ရှင်စရာမရှိ။

အိမ်ကြီးပေါ်က အဆင်း၌ ဦးသက္ကက - "ဆရာ - ဘာထူးခြားတာများ တွေ့မိသလဲဗျ" ဟု မေးသဖြင့် တက်လူက -

"ခုထိတော့ ဘာမှထူးခြားမှု မရှိသေးပါဘူးဗျာ၊ အနေအထားသိရတဲ့ သဘောလောက်ပါပဲ" ဟု ပြန်ဖြေလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အဖြစ်မှန်တစ်ခုပေါ်ပေါက်အောင်တော့ ကြိုးစားပေးပါ ဆရာ"

"အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ ဒါထက် - ဦးသက္ကမှာ ဒီအိမ်ကြီးရဲ့ သော့

www.burmeseclassic.com

…များရှိရင် ကျွန်တော့် ပေးထားလို့ရလား"

"ဒါတော့ သည်းခံပါ – ဆရာ၊ ကျွန်တော့်မှာဒီအိမ်ကြီးရဲ့သော့ပိုလည်းမရှိပါဘူး။ နောက်ပြီး ကာယကံရှင်မဟုတ်တဲ့အတွက် ပေးပိုင်ခွင့်လဲ မရှိပါဘူး။ ဒါပေမဲ့ ဆရာလိုရင် လိုတဲ့အချိန်ခေါ်ပါ။ ဆရာနဲ့ ကျွန်တော်နဲ့က ကင်းကွာနေကြမည့်သူတွေမှ မဟုတ်တာ – ဆရာရယ်"

"ကျေးဇူးပါပဲဗျာ"

ထို့နောက် နှစ်ယောက်သား လမ်းခွဲလိုက်ကြသည်။

ဦးသက္ကတ မြို့ပြင်မှ စောင့်နေသည့် လင့်ခရူဇာကားပေါ် တက်လိုက်၏။ ဦးသက္ကကားပေါ်ရောက်သည်နှင့် ၎င်း၏ တပည့်ဖြစ်သူ ဒရိုင်ဘာက ကားကို စက်နှိုးလိုက်သည်။

"good night – ဆရာတက်လူ"

"ဟုတ်ကဲ့ – good night ပါ ဦးသက္က"

ဦးသက္က၏ကားလေးက ငြိမ့်ငြိမ့်လေး ထွက်သွား၏။

တက်လူ ကားလေး လမ်းချိုးထဲ တွေ့ဝင်ပျောက်ကွယ်သွားသည်အထိ ကြည့်နေလိုက်သည်။ ကားလေးကို လုံးဝမမြင်ရတော့မှ လမ်းဘေးသစ်ပင်ကြီးအောက်၌ ရပ်ထားသော ဆိုင်ကယ်ဆီ လျှောက်လာသည်။

ထို စဉ် သစ်ပင်ကွယ်မှ လူတစ်ယောက် ထွက်လာ၏။

"အားလုံး OK လား"

ထိုသူကို တက်လူက လေသံမျှနှင့် မေးလိုက်သည်။

"OK ပဲ – ဆရာ၊ အားလုံး OK ပဲ"

ထိုသူကလည်း လေသံမျှနှင့် ပြန်ဖြေလိုက်၏။ ထို့နောက် ဆိုင်ကယ်ကို နှစ်ယောက်စီး၍ ပြန်ခဲ့ကြလေသည်။

***

နောက်တစ်နေ့မှစတင်၍ တက်လူနှင့် တပည့်ဖြစ်သူ မောင်လွင်တို့ကို အိမ်ကြီးနှင့်ပတ်သက်၍ စတင်အလုပ်ရှုပ်လေတော့၏။

ဦးသက္ကကလည်း အမှုအပ်ထားပြီးဖြစ်သဖြင့် တက်လူမှာ အမှုနှင့်ပတ်သက်နိုင်စရာအကြောင်းတို့ကို မြို့နယ်ရဲမှူးထံ တင်ပြ၍ မှုခင်းမှန် ပေါ်ပေါက်ရေး ဦးသက္က၏ မကြာမီ စင်္ကာပူမှ ပြန်လာတော့မည့် "သား" ၏လုံခြုံရေးအတွက် တာဝန်ယူ ဆောင်ရွက်ရလေတော့သည်။ သတင်းအချက်အလက်များကို လည်း တိကျနိုင်သမျှ တိကျစေရန် စိစစ်စုစည်းရလေ၏။

ထိုသို့နှင့် တစ်ပတ်ခန့်အကြာ တက်လူထံသို့ ဖုန်းဝင်လာသည်။

"ဟလို – ဆရာတက်လူလား၊ ကျွန်တော် သက္ကပါ"

"ဟုတ်ပါတယ် – ဦးသက္က၊ ကျွန်တော် တက်လူပါ"

"ဟုတ်ကဲ့ – ခင်ဗျာ့၊ ခုဆို အမှုအပ်ထားတာ တစ်ပတ်ပြည့်ပါပြီ၊ အမှုအခြေအနေ သိချင်လို့ပါ။ ဘာများထူးသလဲလို့"

"ခုချိန်အထိတော့ ဘာမှမထူးသေးပါဘူးဗျာ၊ သတင်းအချက်အလက်တွေထဲ အစပျောက်နေကြပါတယ်"

"ဒါဆို သေမှုသေခ္ခင်းပဲပေါ့နော်"

"အခြေအနေအရကတော့ ဦးသက္ကယူဆသလိုပါပဲ"

"ဟာ – ဒါဆို – ကျွန်တော့်အတွက် သမီးတစ်ယောက်၊ သားတစ်ယောက် ဆုံးရှုံးရတာ အဖတ်တင်ပြီနဲ့တူတယ်၊ ကြိုးစားပေးပါဦး။ ဒီအတိုင်းကြီး အမှုပိတ်မှာတော့မှာလား"

"သိပ်တော့ စိတ်ပူမနေပါနဲ့ဦး။ ဆရာနတ်စောင့်ပါတယ်"

"ဟုတ်ကဲ့ – ကျေးဇူးတင်ပါတယ်၊ ကြိုးစားပေးပါဦး – ဆရာ၊ စင်္ကာပူက သားတာလဲ မကြာခင် ပြန်လာတော့မှာ"

တစ်ဖက်က ဖုန်းချသွားသည်။

တက်လူ ဦးသက္ကဖုန်းချသွားသည်နှင့် တစ်နေရာသို့ ဖုန်းလှမ်းခေါ်လိုက်၏။

"ကျွန်တော် လင်းယုန်ပါ – ဆရာတက်လူ၊ ငှက်ပျောသီးတွေ မှည့်လုနေပါပြီ၊ ငှက်ပျောခိုင်က နည်းတဲ့အခိုင်ကြီး မဟုတ်ဘူး။ ဖီးခြမ်းခိုင် – ဖီးခြမ်းခိုင်"

တစ်ဖက်မှအသံ –

"မြန်မြန်မှည့်အောင် ဖီးကူအုပ်ထား"

တက်လူက လျှို့ဝှက်စကားများဖြင့် တိုရှင်းလိုရှင်းကို ပြောပြီး ဖုန်းချလိုက်၏။

ထို့နောက် စိတ်လက်ပေါ့ပါးစွာဖြင့် လေချွန်ရင်း သူ့ရှေ့ရှိ စာအုပ်များမှ စာအုပ်တစ်အုပ်ကိုယူပြီး ဟိုလှန်ဒီလှန် နေလိုက်သည်။

ထို စဉ် အခန်းဝမှ တပည့်ကျော် မောင်လွင် ပေါ်လာ၏။

"ဆရာ – မင်္ဂလာပါ"

"မင်္ဂလာပါကွာ – စတ်ာပူသတင်း ဘာထူးလဲ"

"ဒီအပတ် တနင်္ဂနွေ ပြန်မည့် သတင်း အတိအကျရတယ်"

"OK – OK"

***

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေနေ့နံနက် (၁၀)နာရီလောက်၌ တက်လူထံသို့ ဦးသက္ကထံမှ ဖုန်းဝင်လာသည်။

"ဆရာ - ကျွန်တော်သက္ကပါ၊ အခြေအနေ ဘယ်လိုရှိပါသလဲ"

"အခြေအနေကတော့ မထူးသေးပါဘူးဗျား၊ ထူးရင် ပြောပါ့မယ်၊ ဒါထက် ဦးသက္ကသားဘယ်တော့လောက်မြန်မာပြည်ပြန်မယ်ကြားသလဲ"

"အတိအကျမသိရသေးဘူး ဆရာတက်လူ၊ သိရင် သတင်းပို့ပါ့မယ်၊ ခုတော့ ကျွန်တော်ပြင်ဦးလွင်ကိုအလုပ်ကိစ္စတစ်ခုနဲ့ ရောက်နေတယ် - ဆရာ၊ ပြင်ဦးလွင်ကပြန်မှပဲ ဆရာနဲ့လာတွေ့ပါဦးမယ်"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်"

တက်လူလည်း ဦးသက္ကနှင့် ဖုန်းပြောပြီးသည်နှင့် ရဲစခန်းသို့ ထွက်ခဲ့၏။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူး၊ နယ်ထိန်းအဖွဲ့တို့နှင့် တိုင်ပင်ညှိနှိုင်းသင့်၊ ဆွေးနွေးသင့်သည်များကို တိုင်ပင်ညှိနှိုင်းဆွေးနွေးကာ မိမိတာဝန်ယူရသည့် ပုဂ္ဂိုလ်တစ်ဦး အသက်မဆုံးရှုံးစေရန် အပြန်ပြန် အလှန်လှန် စဉ်းစားရင်း ဦးနှောက်ကို အလုပ်ပေးထားလိုက်၏။

သည်သို့ဖြင့် အချိန်တို့က တဖြည်းဖြည်း ကုန်ဆုံးလာသည်။

***

ည(၁၀)နာရီ။

အိမ်ကြီး၏အတွင်း၌ မီးရောင်များ ထိန်လင်းလျက်ရှိ၏။

အိမ်ကြီးက ခါတိုင်းညများနှင့်မတူ၊ ခါတိုင်းညများ၌ အိမ်ကြီးတစ်ခုလုံး အိပ်မောကျပြီးငြိမ်သက်နေလေ့ရှိသော်လည်း ယနေ့ညတွင်မူ ထူးထူးခြားခြား သက်ဝင်လှုပ်ရှားလျက်ရှိနေသည်။

လူနှစ်ဦးကို လူဆယ်ဦးလောက်က ဝတ်ရုံရှည်ကြီးများ ဝတ်ဆင်ပေးပြီး အိမ်ကြီး၏ရေချိုးခန်းဆီသို့ အတင်းချုပ်နှောင်ဆွဲခေါ်နေသော ပုံရိပ်များကြောင့်လည်း အကျည်းတန်သလို ဖြစ်နေခဲ့သည်။

ချုပ်နှောင်ခံလူနှစ်ဦးမှာ အသက်သုံးဆယ်ကျော်အရွယ် အမျိုးသားတစ်ဦးနှင့် အသက်သုံးဆယ်ခန့် လှပချောမောသည့် အမျိုးသမီးငယ်လေးတစ်ဦး ဖြစ်၏။

သူတို့ကိုဖမ်းဆီးခေါ်ဆောင်သူများကဝတ်ရုံနက်ကြီးများကိုဝတ်ဆင်လျက် မျက်နှာဖုံးများ စွပ်ထားကြသူများဖြစ်၏။

တဖြည်းဖြည်း ရေချိုးခန်းနား ရောက်လာကြပြီ။

"ဟော့ ကိုကြီး - ရေချိုးခန်းနား ရောက်လာကြပြီ"

အသံတစ်သံက စပ်အုပ်အုပ်ထွက်ပေါ်လာသည်။

"ဟုတ် - အာစရိ"

ထိုစဉ် ရေချိုးခန်းတံခါး ပွင့်သွားသည်။ တံခါးပွင့်သည်နှင့်ပြတင်းအသင့်ဖွင့်ထားသော ရေချိုးခန်းထဲသို့ သူတို့နှစ်ဦးကို ဆွဲသွင်းလိုက်ကြ၏။ အနေအထားအရ ယင်းအမျိုးသားနှင့် အမျိုးသမီးကို ပြတင်းပေါက်မှ အောက်သို့ တွန်းချကြတော့မည့်သဘောမျိုး။

"ခင်ဗျားတို့ လူတွေမှ ဟုတ်ကြသလား၊ ကျုပ်ညီမလေးနဲ့ ညီလေးကို ခင်ဗျားတို့ ဘာကြောင့်သတ်ခဲ့ကြတာလဲ၊ အစက သူတို့စိတ်တွေ ကယောင်ကတမ်းဖြစ်ပြီး သူတို့ဟာသူတို့ ရေချိုးခန်းပြတင်းပေါက်က ခုန်ချသေခဲ့ကြတာလို့ထင်ခဲ့တာ၊ ခု ကျုပ်တို့လင်မယားကို တစ်ခါရေးလူတွေသေတဲ့ပုံစံမျိုးနဲ့ သတ်ဖို့ကြံစည်နေတယ်"

လူငယ်လေးက နားမလည်နိုင်စွာ ပြောလိုက်သည်။

ထိုအခါလူတစ်ယောက်က တဟားဟားရယ်ရင်း သူ၏ဝတ်ရုံနက်ကြီးကို ချွတ်လိုက်သည်။

လူငယ်က ထိုလူကြီးကိုကြည့်ပြီး အံ့အားသင့်သွား၏။ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"ဟင် - ဖေဖေ"

လူငယ်၏နှုတ်မှအာမေဍိတ်သံထစ်စုပွင့်အံထွက်ပေါ်လာသည်။

"ဖေ - ဖေ"

ထိုလူကြီးက တဟားဟားထပ်၍ ရယ်မောလိုက်ပြန်သည်။

"ဟား - ဟား - ဟားဟား - ဟား"

ရယ်မော၍အားရလောက်မှလူကြီးကနောက်ထပ်စကားတစ်ခွန်းကိုပြော၍ သူ့မျက်နှာပေါ်မှ မျက်နှာဖုံးစွပ်တို ဆွဲချွတ်ပြလိုက်၏။

"ပါမင်းအဖေဟုတ်ဘူး၊ မင်းတို့က သေရမည့်ဆဲဆဲဆိုတော့ ဒါဘယ်သူလဲဆိုတာ ဒီမှာကြည့်၊ မသေခင် သိအောင်ကြည့်သွားကြ"

"ဟင် - ခင်ဗျားဦးလာဘ၊ ဦးလာဘ ခင်ဗျား ဘာကြောင့် ကျုပ်တို့ကိုအဖေအယောင်ဆောင်ပြီးကျုပ်တို့ကို သတ်ဖို့ကြံစားခဲ့တာလဲ"

www.burmeseclassic.com

"ဟား - ဟားဟား - ဟားဟား
ရှင်းပါတယ်ကွာ၊ ဒါက ရှင်းရှင်းလေးပါ၊
ဒီအကြောင်းတွေ မင်းတို့ကို ပြောလို့
လည်း ငါ့အတွက် ဘာအန္တရာယ်မှ မရှိ
နိုင်တဲ့အတွက် ပြောပါ့မယ်"

"ဒီလိုကွ - မင်းအဖေနဲ့ ငါက လုပ်
ငန်းရှယ်ယာတွေဆိုတာ မင်းသိပါတယ်၊
နယ်စပ်ကုန်သွယ်ရေးတွေလုပ်ရင်း ငါတို့
ကြီးပွားလာကြတာ၊ ဒါပေမဲ့ - မင်းအဖေ
ဟာ ငါလုပ်တာတွေကို သဘောမတူဘူး၊
အမြဲကန့်ကွက်တယ်၊ ဒါပေမဲ့ - အကျိုး
အမြတ်ကိုတော့ အတူတူခွဲယူတယ်၊
ဒါကို ငါက မကျေနပ်ဘူး၊ တိုတိုပြောရရင်
တော့ သူရတဲ့အကျိုးအမြတ်တွေ ဒို့ရှယ်
ယာလုပ်လို့ ကြီးပွားလာတဲ့ ကြီးပွားချမ်း
သာမှုတွေကို ငါမပေးချင်တော့ဘူး၊ ငါပဲ
ပိုင်စိုးချင်တယ်၊ ဒါကြောင့် မင်းအဖေနဲ့
အမေကို သတ်၊ ငါ့အမျိုးသမီးကို ဆာကျီ
တယ်အတုနဲ့ မင်းအမေယောင်ဆောင်
ခိုင်း၊ ငါက မင်းအဖေယောင်ဆောင်၊ မင်း
တို့အားလုံးကို သတ်ပြီး ပစ္စည်းအားလုံး
ပိုင်သိမ်းဖို့ပဲ၊ ဒါကြောင့် ဒီအိမ်ကြီး
ယ်မှီအထိ ငါ ဇာတ်လမ်းဆင်ခဲ့တာ၊ ငါ့
အလုပ်တိုကော မင်းမသိချင်ဘူးလား -
ဟားဟား - ဟား - ဟား - ဟားဟား၊

ငါ့အလုပ်က ငွေရလည်း ချောင်၊ ငွေလဲ
မြက်မြက်ရတဲ့ ဘိန်းဖြူလုပ်ငန်း၊ မူးယစ်
ဆေးဝါးလုပ်ငန်းကွ - မသေခင် - မှတ်
သွား"

ထိုစဉ် ...

မီးဆလိုက်ကြီးများက ၎င်းတို့
အပေါ်သို့ ရုတ်တရက် ထိုးကျလာသည်၊

"ဦးလာဘ - ခင်ဗျားတို့ လက်
မြှောက်ထားပါ၊ ခင်ဗျားတို့အဖွဲ့တစ်ဖွဲ့လုံး
ကို ကျုပ်တို့ရဲတပ်ဖွဲ့က ဝိုင်းထားပြီ၊ တစ်
ယောက်မှ မလှုပ်ပါနဲ့" ဟူသောအသံကြီး
တစ်သံက အိမ်ကြီးအတွင်း ဟိန်းထွက်
သွား၏၊ အားလုံးလည်း လှုပ်လှုပ်ရွရွဖြစ်
သွားကြ၏၊

ဦးလာဘ အသံလာရာသို့ သေနတ်
ကို ထိုးချိန်လိုက်သည်၊

သို့သော် "ဖောက်" ဆိုသည့်အသံ
တစ်သံနှင့်အတူ ဦးလာဘ၏ ကိုင်ထား
သောပစ္စတိုလေးမှာ လွင့်စဉ်ထွက်သွား
၏၊

ထို့နောက် အလျှိုလျှို ရဲတပ်ဖွဲ့ဝင်
များနှင့်အတူ တက်လူ ပုန်းကွယ်နေရာမှ
ထွက်လာကြပြီး ဦးလာဘနှင့်အဖွဲ့ကို
ဖမ်းလိုက်ကြလေသည်၊

ဦးလာဘတို့လည်း လျှပ်တစ်ပြက်
အငိုက်အမိခံလိုက်ကြရသဖြင့် မည်သို့မျှ
ဆောင်နိုင်ကြပဲ အဖမ်းခံလိုက်ကြရလေ
တော့၏၊

★★★

"တကယ်တော့ မျက်ခြေပြတ်မလို
ဖြစ်နေတဲ့ အမှုတစ်ခုလုံးကို ပိုင်ပိုင်နိုင်
နိုင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တာဟာ ကျွန်
တော်တို့ မှုခင်းတပ်ဖွဲ့က အလွတ်စုံ
ထောက်အသွင်ဆောင်ထားတဲ့ ဒုတိယ
ရဲမှူးလေး ဝေလွင်ကြောင့်ပါ၊ ပိပိရိရိနဲ့
အလွတ်စုံထောက် တက်လူအဖြစ် ပါဝင်
သရုပ်ဆောင်ခဲ့တဲ့ ဒုရဲမှူးလေး ဝေလွင်ရဲ့
ဟန်ဆောင်နိုင်မှု၊ သတင်းအချက်
အလက်တွေကို စုစည်းပြီး ပီပီပြင်ပြင်
ဖော်ထုတ်နိုင်မှုတွေကြောင့် ခုလိုရက်တို
တိုအတွင်း အလွယ်တကူ ဖမ်းဆီးနိုင်ခဲ့
တာပါ"

"ကျွန်တော့်ဆီ တက်လာတဲ့
Report တွေအရ ဆရာဝေလွင်ဟာ
ဦးသဏ္ဍာအမှုအပ်စဉ်ကတည်းက သမီး
တစ်ယောက်၊ သားတစ်ယောက် သေ
သွားပါတယ်ဆိုတဲ့ ဦးသဏ္ဍာရဲ့ခံစားမှုမရှိ
တဲ့မျက်နှာပေါ်မှာ လတ်တလော အကဲ
ခတ်မိပြီး အိမ်ကြီးဆီ ဝင်နိုင်တဲ့အခွင့်
အလမ်း ရှာခဲ့ပါတယ်၊ အိမ်ကြီးဆီ ည

အချိန် သွားဖို့ ဦးသဏ္ဍာကို ပြောပြီး ည
အချိန်သွားခဲ့တာကလည်း အရေးပါသည့်
နေရာတွေ၊ လိုအပ်တဲ့နေရာတွေမှာ လျှို့
ဝှက် CCTV Camera တွေ တပ်ဆင်
နိုင်ဖို့ပါပဲ"

ရဲမှူးက တက်ရောက်လာကြသည့်
သတင်းထောက်များကို လူသတ်မှုကြီး
များအား အကြိမ်ကြိမ် ကျူးလွန်ခဲ့ကြ
သော မူးယစ်ဂိုဏ်းကြီးတစ်ခုကို ဖမ်းဆီး
ရမိမှုနှင့်ပတ်သက်၍ သတင်းစာ ရှင်း
လင်းပွဲ ပြုလုပ်နေခြင်းဖြစ်သည်၊

"ဦးသဏ္ဍာ အယောင်ဆောင်
ဦးလာဘ၊ အလွတ်စုံထောက်တက်လူဆီ
အမှုလာအပ်တဲ့ ရည်ရွယ်ချက်ကတော့
အိမ်ကြီးပေါ်ရှိ ရေချိုးခန်းပြတင်းတနေ
ခုန်ချသေပါတယ်ဆိုတဲ့ အကြောင်းကို
သာမန်သေမှုသေစဉ်းအဖြစ် ထောက်ခံ
အတည်ပြုနိုင်ဖို့ပါပဲ၊ ဒါပေမဲ့ - တာဝန်သိ
ပြီး တာဝန်ရှိတဲ့ ရဲတပ်ဖွဲ့ဝင်တစ်ယောက်
အနေနဲ့ ဒုရဲမှူးဝေလွင်က အမှုမှန် ပေါ်
ပေါက်ဖို့ ကြိုးစားခဲ့ပါတယ်၊

ဆရာဝေလွင် တပ်ဆင်ခဲ့တဲ့
Camera တွေက ဦးသဏ္ဍာ အယောင်
ဆောင်ထားတဲ့ ဦးလာဘရဲ့ အဖွဲ့ရဲ့ လှုပ်
ရှားမှုပုံရိပ်တွေကို ဖော်ထုတ်ပေးခဲ့ပါ
တယ်၊ နောက်ဆုံး ဦးလာဘတို့ သူ့ခင်

www.burmeseclassic.com

www.burmeseclassic.com

ဦးသက္ကထင်နေတဲ့ စက်ာပူက သားကြီး တာ ဖြန်မယ့်ရက်တွေ ကြိုတင်ဖုန်းဆက် လို့ သိနေတဲ့ ဦးသက္ကအယောင်ဆောင် ဦးလာဘဟာ အဲဒီရောက်တဲ့နေ့ညမှာပဲ လုပ်ငန်းလုပ်ဖို့ အိမ်ကြီးပေါ်မှာ တိုင်ပင် ခဲ့ကြ၊ အစီအစဉ် ဆွဲခဲ့ကြတာတွေကို သီထိတျကျ Camera တွေကတစ်ဆင့် ဖော်ထုတ်နိုင်ခဲ့ပါတယ်"

"ဦးသက္ကအယောင်ဆောင် ဦးလာဘဟာ သူတို့လုပ်ရှားမည့်ညက သူဖြင်ဦးလွင်ရောက်နေတဲ့အကြောင်း၊ အိမ်ကြီးနဲ့ ဒုရဲမှူးဝေလွင်ကို အဆက် ဖြတ်ထားပေမယ့် ဆရာဝေလွင်ရဲ့ပါးနပ် လိမ္မာမှုတွေ၊ ရဲအတတ်ပညာကြွယ်ဝမှု တွေကြောင့်ဦးလာဘအဆက်မဖြတ်နိုင် ခဲ့ပါဘူး၊ ဒါကြောင့် - မှူးယစ်ဂိုဏ်းကြီး တစ်ခုလုံးနဲ့ ပိပိရိရိ အကွက်ဆင်သတ် ဖြတ်ခဲ့တဲ့ လူသတ်မှုကြီးတွေကို ဖော် ထုတ်နိုင်ခဲ့တာပါလို့ပြောကြားရင်းဒီအမှု မှာစွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တဲ့ ဒုရဲမှူး ဆရာဝေလွင်နဲ့အဖွဲ့ကိုလည်း ဂုဏ်ပြု ပြောကြားလိုပါတယ်"

>> နေဝန်းနီ

## ဆုံဆို့နာ

▶ တမာခေါက်၊ ကွမ်းသီး၊ ထုံး၊ ရှားစေး တစ်ကျပ်သားစီ ကြိတ်၍ ကွမ်းရွက်တွင် သင့်ရုံထည့်ပြီး ငုံပေး ပါ။

▶ သင်္ဘောသီးအစိမ်းကို လက်သုပ်လုပ်စားပါ။ အခွံကို လှီးမပစ်ရပါ။ သို့မဟုတ် သင်္ဘောသီးစိမ်း သင့်လျော်ရုံမျှ အခွံပါလှီးပြီး ဆားထည့်၍ မီးဖုတ်၊ ပြာကျလျှင် ညက်စွာ ထောင်း၍ မကြာခဏ လျက်ပေးပါ။

▶ ဆံပင်ဖြူလျှင် ကြိတ်မှုန့်ရွက်၊ နမ်းနက် ဆတူ အမှုန့်ပြု၍ တစ်လပြည့်အောင်စား၍ နွားနို့ကို မှီဝဲလျှင် ဆံကေသာ နက်မှောင်၍ အင်အားပြည့်ဖြိုးလာမည်။

# အဲဒီသက
# သူဟာသက်ရှိကလို့
## လူရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

**အိမ်သားအားလုံး** ရက်ရှည်ခရီး ထွက်သွားကြပါသည်။ ဆွေမျိုးအရင်း ခေါက်ခေါက်ဖြစ်သော ကျွန်တော်သည် သူတို့အိမ်မှာညစောင့်တာဝန်ကျပါတော့သည်။

ကြိုတင်ဝန်ခံထားချင်ပါသည်။ ကျွန်တော်သည် ညအမှောင်တွင် အရာရာကို ကြောက်တတ်သူတစ်ဦး ဖြစ်ပါသည်။

***

"ခတ်..."

ထိဗွီကြည့်နေစဉ်မှာပင် မီးပျက်သွားပါသည်။

လက်နှိပ်ဓာတ်မီးကိုယူကာ ခြံထဲသို့ဆင်းလာခဲ့၏။ မှောင်သောနေရာမှန်သမျှကို ဓာတ်မီးနှင့် လိုက်ထိုးကြည့်၏။ ထူးခြားမှုလုံးဝမတွေ့ရ။ ခြံဝင်းကသော့ခတ်ပြီးသား။ ဝိတောက်အိုကြီးမှ အကိုင်းအခက်များသည် လက်ကြမ်းကြီးနယ် အိမ်ပေါ်ဖြာကျနေလေ၏။

ဝိတောက်ပင်ကြီးကို ဓာတ်မီးနှင့် ထိုးလိုက်သည်။ ကိုင်းကူးသွားသောရှဉ့်ကလေးတစ်ကောင်ကို တွေ့ရလေ၏။ လမိုက်ညမှာ မီးပျက်တာဆိုတော့ စဉ်းစားတာကြည့်။ ဝန်းကျင်သည် အမှောင်ဖတ်ကို စိတ်ပါလက်ပါ ကနေလေပြီတကား။

အိမ်အပေါ်ထပ်သို့ တက်လာခဲ့၏။ ကျွန်တော်က ဝရန်တာမှာ အိပ်တာ။ ဇယောင်းတိုင်ထွန်းလိုက်သဖြင့် ဝရန်တာတစ်ဝိုက်တွင် အနည်းငယ် လင်းသွား၏။ အိပ်ရာဘေးတွင် ထားနေကျ ပစ္စည်းအချို့ကို စစ်ကြည့်လိုက်၏။

လေးခွ၊ ဓာတ်မီး၊ ဆေးလိပ်ပြာခွက်၊ မီးခြစ်၊ ရေသန့်ဘူး၊ အိုကေ အားလုံးကွက်တိ။ ကျွန်တော်ခြင်ထောင်ထဲ ဝင်လိုက်ပါတယ်။ ဇယောင်းတိုင်ကို လက်ဖြင့် မှုတ်လိုက်၏။ လောကသည် မှောင်အတိ ကျသွားလေတော့၏။

"ဒေါင် - ဒေါင် - ဒေါင်"

> ညအမှောင်အောက် မီးပျက်နေချိန်တွင်
> အိမ်ထဲ၌ တစ်ယောက်တည်း ရှိနေသည့်
> လူတစ်ယောက် စိတ်က ခြောက်လှန့်
> နေပေရာ နောက်ဆုံးတွင် ...

သံချောင်းခေါက်သံများသည် လေနှင့်အတူ တရှုတ်တိုက် ပါလာလေ၏။ (၁၂)ချက်တိတိ၊ သန်းခေါင်ကျော်လေပြီတကား။ ကြက်တွန်သံများ။

"အောက် - အီး - အီး - အွတ်"

ကြားရလေ၏။

"ဟား"

လက်ဖက်ရည်ကျဆိမ့်ကြောင့် လားမသိ။ ခြင်ထောင်ထဲမှာ ကျွန်တော့်မျက်လုံးတွေကြောင်တောင်တောင်ဖြစ်နေပါသည်။

ပက်လက်လှန်ကာ မမြင်ရသော ခြင်ထောင်အမိုးကို ငေးကြည့်နေမိသည်။

"ဂစ် - ဂီး - ဂီး"

ဖြတ်ပျံအော်ပြေးသွားသောငှက်ဆိုးထိုးသံကြောင့်စိတ်ထဲမှာမသိုးမသန့်ကြီး ခံစားရလေ၏။ စောင်ကို ရင်ခေါင်းအထိ ဆွဲခြုံကာ မျက်လုံးကို စုံမှိတ်ထားလိုက်၏။

"ဂျစ် - ဂျစ်"

"ဟာ - ဘာ သံ တွေ လဲ ဟ" ဟု စိတ်ရင်းစုန်စွာဖြင့် အသုကို နားစွင့်နေမိ၏။

"ဂျစ် - ဂျစ်"

အသံများကရပ်မသွား။ ဆက်တိုက်ဆိုသလို ထွက်နေ၏။ အိမ်ခေါင်မိုးက လာတာ။ သွပ်ပြားကို ကုတ်ခြစ်နေတဲ့ အသံတွေပါ။ ကြောင်တုတ်တာလား။ ဟင့်အင်း၊ သွပ်ပြားက ကြောင်စာရမဟုတ်တာ၊ ကြောင်အော်သံလည်း မကြားရ၊ ခက်တော့ ခက်နေပါပြီ။

"ဘုရား - ဘုရား"

ဆိုးကွဲ၊ ဘုရားတတာတောင်အသံမထွက်ရဲ။ နာနာဘာဝအကောင်ကြီးဟာ ခေါင်မိုးပေါ် ခွထိုင်ပြီး သွပ်ပြားတွေကို ကုတ်ဖဲ့နေတာလား။

ညမည်းမည်းကြီးမှာပေါ့။

သံချောင်းမခေါက်ပဲ ရောက်လာသော ညည့်ဆိုးကြောက်စိတ်ကြောင့် ကျွန်တော့်ဘဝ တိုင်ပတ်နေရပါပြီ။

"ရှဲ - ရှဲ"

"ဖလပ် - ဖလပ်"

လေသံသဲ့သဲ့မှာ သစ်ရွက်တွေတို့၏ ရှာပနေသည့် လွှန်စွာမှ တိတ်ဆိတ်လွန်းလှပါချေ၏။

"ဂျစ် - ဂျစ်"

အနေအစားမတတ်သော ဝိတောက်ကိုင်းတွေက သွပ်ပြားတွေကို လက်ကညော့နေတာဟု တွေးတွေးတော့ မိလေ၏။ စိတ်ထဲမှာ ပေါ့သွားသလိုတော့ ရှိပေမယ့် ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

ခြံဝမှာထိုင်ပြီး ဆေးလိပ်သောက်နေတာလား။ ဝရန်တာ အိပ်မီသောကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိပါတော့သည်။ အသုဘလိုက်ပို့စဉ်က အခေါင်းထဲမှ သံချောင်းကို ငေးကြည့်မိသည်။ သံချောင်းရဲ့ ဖောသွပ်သွပ်ရှပ်ကြီးက မျက်လုံးထဲမှ လုံးဝမထွက်။



စိတ်ထဲက ရှုတ်မိသော ဘုရားစာတွေကြောင့်လားမသိ၊ အသံဗလံများ ကြားရတော့ပါ။ အဲ့ - ဒါပေမဲ့။

"ဖျတ် - ဖျတ် - ဖျတ်"

ဟော - ခြေသံတွေ လာနေပြီ၊ လာနေပြီ။

"ဖျတ် - ဖျတ်"

သဲသဲကွဲကွဲကို ကြားရတာ။ ဟစ်တစ်ပြီး ငိုလိုက်ချင်ပါတော့တယ်။ နီးလိုက် ဝေးလိုက်ဖြစ်နေသော ထိုအသံများက ကျွန်တော့်ကို သက်သက်မဲ့ ချောက်ချားအောင် လုပ်နေတာလား။

ဝုန်းဒိုင်းကြဲနေသော ကျွန်တော့်အသက်ရှူသံတွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ကာ -

"ချက် - ချက်"

အသံတွေကို နားစွင့်၏။ အသံတွေ အသံတွေ။ ဘယ်ကလာတာလဲ။

"ဟာ ..."

ကျွန်တော် အိပ်ရာမှ ထလိုက်၏။

"ချက် - ချက် - ချက်"

နာရီအစုတ်ပလုတ်၊ စားပွဲတင်နာရီကလေးက အော်နေတာပါလား။

"ကဲဟာ ..."

မာတ်ခဲကိုထုတ်ကာ နာရီကလေးကို ဝရန်တာမှ ကန်ချလိုက်၏။ နာရီကလေး၏အော်သံကို -

"အား"

ကြားမိလိုက်သလိုလို။

"ဟား ...

ဘာပဲပြောပြောပေါ့။ ကြောက်စိတ်တွေ အတော်ပေါ့ပါးသွားပါသည်။ လောကသည် မှောင်၍ကောင်းဆဲ၊ တိတ်ဆိတ်ဆဲ၊ မီးပြန်လာလျှင် ကောင်းလေစွ၊ လင်းလင်းထင်းထင်းနှင့် ကော်ဖီပူပူလေးတစ်ခွက်လောက် သောက်လိုက်ရမည်ဆိုပါက ကျွန်တော့်စန္ဒာကိုယ်ထဲ တွယ်ကပ်နေသော ကြောက်စိတ်များ ပွင့်သွားနိုင်ပါသည်။

ဒါပေသိ၊ ကျွန်တော် ခြင်ထောင်ထဲမှ ထွက်ရမှာကို ဝန်လေးနေမိပါသည်။ မျက်လုံးတွေ မှေးလာစဉ် -

"အု - အူ - အူး"

ဟာ - သောက၊ ခွေးအူသံတွေက သေမျက်ဖွယ်ပါကလား။ ကြောက်အားကြီးနေသော ကျွန်တော့်နားထဲမှာ ပဲ့တင်ထပ်နေပါတော့သည်၊ နာနာဘာဝတွေမြင်ချင် ခွေးတွေက ဆွဲဆွဲငင်ငင်အူတတ်သတဲ့။

"ဘုရား ..."

ကြောက်စိတ်နှင့်အတူ ကျွန်တော့်ကျောတို့ယ်သည် ကျိုးသထက် ကျုံ့လာပါတော့သည်၊ ကြောက်လို့ ရှောသွားတဲ့ သောဆိုလျှင် ရှက်စရာကြီး။

ကျွန်တော် ရေငတ်၊ အသက်ရှူကျပ်လာပါပြီ။ ခေါင်းကိုခြင်ထောင်အပြင်ထုတ်ကာ အသက်ရှူလိုက်၏။

"ဟင် - ဟာ"

အနံ့၊ ဒီအနံ့၊ ဒါ - ဒါ - ဆေးပြင်းလိပ်အနံ့၊ သံချောင်း၊ ဘော်ဒါဘော်တွတ် သံချောင်း။ သံချောင်းတေိတ ဆေးပြင်းလိပ် သိပ်ကြိုက်တာ။ သံချောင်းသေတာ တစ်လတောင် မပြည့်သေးဘူး၊ ဆေးလိပ်နံ့ပေးပြီး လာနှုတ်ဆက်တာလား။

ခြံဝမှာထိုင်ပြီး ဆေးလိပ်သောက်နေတာလား၊ ဝရန်တာ အိပ်မီသော ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိပါတော့သည်၊ အသုဘလိုက်ပို့စဉ်က အခေါင်းထဲမှ သံချောင်းကို ငေးကြည့်မိသည်၊ သံချောင်းရဲ့ ဖောသွပ်သွပ်ရှပ်ကြီးက မျက်လုံးထဲမှ လုံးဝမထွက်။

သံချောင်း ကျွန်တော့်ကို လာခြောက်နေတာလား။ ဆေးပြင်းလိပ်အနံ့က ပိုပြင်းလာပါသည်။

"ဝုန်း - ဒိုင်း"

"ဟာ ..."

အောက်ထပ်မှ အသံဗလံတွေ ကြားရ၏။ သံချောင်းချောက်နေပြီလား။ ကျွန်တော့်ကို လိုက်ရှာနေတာလား။ ဟင့်အင်း၊ မဖြစ်နိုင်ပါဘူး။ ခြံစောင့်နတ်၊ အိမ်စောင့်နတ်တွေက ဝင်ခွင့်ပေးမှာ မဟုတ်ပါဘူး။

လမ်းထိပ်ကမိုးအလင်းဖွင့်သောတဲ့ စားသောက်ဆိုင်မှာ သွားထိုင်နေရင်

www.burmeseclassic.com

ကောင်းမလား၊ ဒါလည်း မဖြစ်နိုင်ပါ။ နာနာဘာဝတွေနဲ့ လမ်းမှာ ပက်ပင်းတိုးရင်း ကျွန်တော် အသက်ထွက်သွားမှာပါ။

"ဂုန်း-ဂွမ်း"

သံချောင်း မီးဖိုချောင်ထဲ ရောက်နေပြီလား၊ တတ်မီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော်လည်း မထိုးရဲ၊ ကျွန်တော်ရှိတဲ့နေရာကို သိသွားမှာပေါ့။

တံခါးဖွင့်သံများ -

"ကျွီ"

လဲပြိုသံများ ကြားနေရပါသည်၊ အသံတွေ နီးသထက် နီးလာပါပြီ၊ ကျွန်တော် ခြေဖျားလက်ဖျားများလည်း အေးစက်နေပါပြီ၊ ဝရန်တာခြင်ထောင်ထဲတွင် ရှိနေသော ကျွန်တော်သည် သွေးပျက်နေပါပြီ၊

သံချောင်း ဘာကြောင့် ကျွန်တော့်ကို လိုက်ရှာနေတာလဲ၊

"ဖျတ်-ဖျတ်"

ဟော-ဟော-ခြေသံတွေ နီးလာပါပြီ၊ ကျွန်တော့်ဆီ တန်းတန်းကြီး လာနေတာပါ၊

"ဖျတ်-ဖျတ်"

ကျွန်တော် မျက်လုံးကို စုံမှိတ်ကာ စိတ်ကို လျှော့ချထားလိုက်ပါတော့တယ်၊

"ဒေါက်-ဒေါက်"

တံခါးခေါက်သံတွေက မိုးကြိုးပစ်သည့်အလား၊

"ဒေါက်-ဒေါက်"

ဘာလုပ်ရမှာလဲ၊ ဝရန်တာမှ တံခါးကို ဖွင့်နိုင်းနေပါပြီ၊ ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်၊

"ဒေါက်-ဒေါက်"

တံခါးခေါက်သံတို့သည် အဆက်မပြတ်၊ နာနာဘာဝ သံချောင်း၏ လက်ထဲမှာ ကျွန်တော့်ဘဝကို ထိုးမကျွေးနိုင်ပါ၊ ခြင်ထောင်ထဲမှ အသာထွက်လိုက်သည်၊

"ဒေါက်-ဒေါက်"

ဖြစ်ချင်ရာဖြစ်၊ ဝရန်တာမှ ခုန်ချရန် ပြင်လိုက်စဉ် -

"လာပြီ-သမီးရေ-လာပြီ"

"ဖယ်ရီကားက လမ်းမှာပျက်နေလို့ အမေရဲ့"

ခြေရင်းအိမ်မှထွက်လာသောအသံများပင် ဖြစ်၏၊ စက်မှုဇုန်တွင် ညဘက်အလုပ်ဆင်းသော ကောင်မလေး အလုပ်မှပြန်လာတာ၊

မီးပြန်လာချေပြီ၊ လင်းထိန်သွား၏ သားအမိနှစ်ယောက်သည် ဝရန်တာတွင် ကားရားကြီးဖြစ်နေသော ကျွန်တော့်ကို ငေးလို့၊

>> လှရှိန်အောင်




www.burmeseclassic.com

www.burmeseclassic.com

**တစ်** ကိုယ်လုံး နာကျင်လှသည့် ဝေဒနာကြောင့် အသိမဲ့အမှောင်တွင်းမှ အလင်းသတိရလာခဲ့သည်ဟုသာ ဆိုရပါမည်။ မိမိကိုယ်ကိုပြန်လည်သတိထားမိသည်နှင့် ကျွန်တော့်တစ်ကိုယ်လုံး အက်ရာအက်ချက်တွေနှင့်သာဖြစ်နေချေသည်။ မျက်နှာကိုစမ်းကြည့်လိုက်သည့်အခါ မျက်နှာဝယ် သွေးတို့က ဖုံးအုပ်စီးကျနေသည်။ မျက်စိတစ်ဖက်ကလည်း ရောင်နေသည်ကို သတိထားလိုက်မိပါလေ၏။ မိမိကိုယ်ကို လှုပ်ရှားမည်လုပ်တော့လည်း လှုပ်၍မရပဲ ဖြစ်နေသည်။

နာကျင်ခြင်းဝေဒနာကြောင့် စိတ်နှင့် ကိုယ်ခန္ဓာ တစ်စစီဖြစ်နေသည်ပဲထင့်။ ကျွန်တော် ဘာဖြစ်နေသည်ကို စဉ်းစားမရသလို ဘယ်ရောက်နေသည်မှန်းလည်း ပြောမပြနိုင်အောင်ပင်၊ စိတ်တိုတည်ငြိမ်အောင်ဘာမှမစဉ်းစားတော့ပဲ တစ်ခဏတာအနားပေးရင်း နာကျင်နေသည့်ဝေဒနာအား သက်သာအောင် ငြိမ်နေလိုက်ရတော့သည်။ စိတ်ကိုသာ အနားပေးခဲ့သော်လည်း မျက်လုံးများကမူ ကျွန်တော်ရောက်နေသည့်နေရာအား စူးစမ်းလေ့လာကြည့်လိုက်မိပါသည်။ စင်စစ် ကျွန်တော့် ခန္ဓာကိုယ်သည် လူရျမ်းသာများသာစီးသည့် ကားလေးတစ်စင်း၏ ရှေ့ခန်းအတွင်းဝယ် ရောက်ရှိနေသည်ကို သိလိုက်ရတော့၏။ ထိုအခါမှ ကားတစ်စီးလုံးကို ဝေ့ဝိုက်ကြည့်လိုက်သည်။

"အလို - မြတ်စွာဘုရား - ကားနောက်ခန်းမှာလဲလူတစ်ယောက်ပေါက်ပြဲရှနာအက်ရာတွေနဲ့ သွေးအလိမ်းလိမ်းထွက်ပြီး ထိုင်နေရက်သား မရှုမလှ သေဆုံးနေပါရောလား"

ထိုအမြင်အာရုံကြောင့် ကျွန်တော့်စိတ်များ ထိန်းမရနိုင်လောက်အောင် တုန်လှုပ်ချောက်ချား မျက်လုံးများပင် ပြူးသွားရပါတော့သည်။ ကျွန်တော်ကားထဲမှထွက်ရန် ထိုင်နေရာမှထလိုက်ပါသည်၊ ဗုဒ္ဓေါ - ကျွန်တော့်ခြေထောက်တစ်ဖက်မှာ လှုပ်မရပါလေတော့၊ ကြည့်လိုက်တော့ ခြေတစ်ဖက်က ကားကြားတွင်ညှပ်နေတာပါပဲလား၊ သည်တော့မှ အဖြစ်မှန်ကို သတိထားလိုက်မိတော့သည်။ ကျွန်တော်တို့ စီးလာသောကားလေးသည် ကားလမ်းဘေးချောက်ကမ်းပါးအောက်သို့ တိမ်းမှောက်ထိုးကျနေခြင်းပင် ဖြစ်ပါလေ၏၊ ထိုအဖြစ်ကို သိလိုက်ရမှ ကျွန်တော့် စိတ်ထဲဝယ် ဆောက်တည်ရာမရအောင် စိတ်လှုပ်ရှားသွားခဲ့ရပါတော့သည်။

ထို့ကြောင့် ကားအတွင်းမှအပြင်သို့ထွက်ရန် လှုပ်ရှားကြိုးစားကြည့်လိုက်ရပြန်သည်၊ မရပါချေ၊ ကျွန်တော့်ခြေတစ်ဖက်ကား မည်သို့မျှ ထုတ်နုတ်မရပဲ ဖြစ်နေသည်လေ၊ ကိုယ်လှုပ်ရှားမှုရအောင် ကားတံခါးအားဖွင့်ကြည့်လိုက်တော့လည်း တံခါးက စိုက်ကျသောအရှိန်ကြောင့်ဖွင့်မရပဲဖြစ်နေပြန်သည်၊ နောက်တွင် အကူအညီပစ္စည်းတစ်ခု ရလိုရငြား ခတ်ရှိ ဘုတ်အံဆွဲများအား ဆွဲဖွင့်ကြည့်လိုက်ပြန်၏၊ အတွင်းမှ လက်နှိပ်ဓာတ်မီးတစ်လက်ကို တွေ့လိုက်သဖြင့် ယူထားလိုက်ပြီး နောက်အံဆွဲတစ်ခုကို ဖွင့်၍ ကြည့်လိုက်ပြန်ရာ မျှော်လင့်သောပစ္စည်းတစ်ခုအား တွေ့လိုက်ရပါသည်၊ ထိုအရာကားပစ္စတိုသေနတ်တစ်လက်ပင်ဖြစ်ပါသည်၊ ထိုအရာတားသခုကဲ့သို့တစ်ဦးတည်းဒုက္ခဖြစ်နေရှိန်ဝယ်အားကိုးပြုရမည့် ပစ္စည်းတစ်ခုဝင် မဟုတ်ပါလား၊

ကျွန်တော့်အတွက် မျှော်လင့်ချက်မှာ ကားအတွင်းမှ ထွက်ရရန်သာဖြစ်နေသည်၊ တတ်အားသမျှ ခြေထောက်ကို ဆွဲထုတ်ရအောင် ကြိုးစားကြည့်သော်လည်းအရည်းအနှီးသာဖြစ်တော့သည်၊ ကြာတော့ စိတ်ဓာတ်နှင့် နာကျင်မှုတို့ကြောင့် မထင်မှတ်ပဲ အိပ်မောကျသွားခဲ့ရပါတော့သည်၊

***

တဖြောက်ဖြောက်နှင့် ကျလာသောမိုးရေစက်များကြောင့် အေးမြသော ရာသီဥတုက ကျွန်တော့်အားလှုပ်နှိုးလိုက်ဘိသကဲ့သို့နိုးထလာခဲ့ရပါတော့သည်၊ မိုးဓာတ်ကြောင့် ကျွန်တော် ချမ်းတုန်လာခဲ့သဖြင့် လွှမ်းခြုံရန်အတွက် တစ်စုံတစ်ရာကို ရှာကြည့်လိုက်သော်ဆိုဘာမျှမရှိ၊ နောက်ဆုံးတွင်တော့ မျှော်စိတ်ထဲဝင်ရောက်လာသည်က ...

ဝေဒနာပြင်းထန်စွာဖြင့်
ကားမှောက်အကျဲရာ ရနေသော်လည်း ငွေကြေး
မြောက်မြားစွာ ပါသည့် ငွေထုပ်ကို ပိုင်ရှင်ထံ
ပြန်အပ်သင့်၊ မအပ်သင့် တွေဝေနေရာမှ ..





www.burmeseclassic.com

www.burmeseclassic.com

ခန်းတွင် သေဆုံးနေသောလူ၏ အပေါ် အင်္ကျီကို ယူဝတ်ရုံမှတစ်ပါး အခြားမရှိတော့သဖြင့်လူသေကောင်၏အင်္ကျီအား ဆွဲချွတ်၍ အအေးဓာတ်ကို ကာကွယ်လိုက်ရပါတော့၏။ သူ့အင်္ကျီအိတ်ကပ်ထဲ နှိုက်ကြည့်လိုက်မိရာ စာရွက်အပိုင်းအစများကိုသာ တွေ့လိုက်ရသဖြင့် သိမ်းဆည်းထားလိုက်မိပါသည်။ ထို့နောက် ဝတ်ဝန်းကျင်အား ကူညီမည့်သူ ရှိလိုရှိငြား လှမ်းမျှော်ကြည့်လိုက်ပါသည်။ မြင့်မားသောသစ်ပင်တို့အကြား လူသားဟူ၍ တစ်ကောင်တစ်မြီးမှ မတွေ့ရပါချေ။ ညှပ်မိနေသောခြေထောက်အား ဆွဲနုတ်ကြည့်ပြန်တော့လည်း နာကျင်မှုခံစားရသည်မှအပ အကျိုးမဖြစ်ထွန်းသဖြင့် စိတ်ဓာတ်ကျစွာ မိန်းမောနေရပါတော့၏။

နာကျင်မှု၊ စိတ်ဓာတ်ကျဆင်းမှုတို့ကြောင့် ထိုင်ခုံပေါ်မှာပင် မျက်စိစုံမှိတ်ရင်း ငြိမ်သက်စွာ မိန်းမောနေမိပါတော့သည်။ ဆဌမအာရုံ၏ နှိုးဆော်မှုကြောင့် ကျွန်တော့်အနီးသို့ တစ်စုံတစ်ဦးရောက်လာသည်ဟု ခံစားလိုက်မိသဖြင့် မှိတ်ထားသောမျက်လုံးအစုံအား ဖြည်းညင်းစွာဖွင့်ကြည့်လိုက်၏။ အမှန်တကယ်ပင် ကားတံခါးအပြင်ဘက်ဝယ် မိန်းကလေးတစ်ဦး ရောက်နေသည်ကို တွေ့လိုက်ရပါသည်။ သူမ၏အကြည့်မျက်လုံးများက ကျွန်တော့်အပေါ် စာနာသနားနေသည့်ပုံကိုလည်း မြင်လိုက်ရပါလေ၏။ သူမအနေဖြင့် ကျွန်တော့်အား ကူညီနိုင်မည့်ပုံမရပါချေ။ ကျွန်တော်ကလည်း သူမအား ကြည့်ကာ မည်သို့မည်ပုံ အကူညီတောင်းရမည်ကို စကားလုံးရှာမတွေ့အောင် ဖြစ်နေခဲ့ရပါတော့သည်။ ကျွန်တော်က စိတ်ဓာတ်ကျစွာ ဦးခေါင်းအားငုံ့ထားလိုက်မိ၏။ ထို့နောက် ချက်ချင်းဆိုသလို ပြန်မော့ကြည့်လိုက်သည်။ မိန်းကလေးမှာ ဘယ်ရောက်သွားလေသည်။ မိန်းကလေးကား ပျောက်ခြင်းမလှ ပျောက်ကွယ်သွားပါပကောလား။ ထိုထူးခြားလှသည့်အဖြစ်က ကျွန်တော့်စိတ်ကို တုန်လှုပ်ချောက်ချားသွားရသည်ကတော့ အမှန်ပင်။

သေချာစွာ စဉ်းစားကြည့်လိုက်သောအခါ ကျွန်တော့်အဖြစ်မှာ ကားပျက်ထဲဝယ် ငုတ်တုတ်ထိုင်ရင်း သေဆုံးသွားရန်သာ ရှိနေပါတော့သည်။ ဖွဲ့ဝီရိယနှင့် ကြိုးစားအားထုတ်မှုသည် အရှုံးအနိုင်မဖြစ်ဟူသောစကား ရှိနေသည်မို့ကားတံခါးကိုအားရှိသရွေ့ကိုယ်ခန္ဓာပုံးပေါင်းလျက် တွန်းဖွင့်ကြည့်ပါသေးသည်၊ မရ။ တံခါးက တုတ်တုတ်မျှ မလှုပ်ပါချေ။ ကျွန်တော် စိတ်ဓာတ်မကျသေးပဲ ကြိုးတစ်ကြိမ် နည်းလမ်းရှာသို့တစ်ဖက်ကားတံခါးတွင် ကျိုးပျက်နေသော သံတိုသံချောင်းတစ်ခုအား မရမက ဆွဲဖြုတ်လိုက်ရာ သံချောင်းတိုတစ်ခု ကျွန်တော့်လက်ထဲ ပါလာသဖြင့် ထိုသံချောင်းဖြင့် ကျွန်တော့်ဘက်မှ ရှေ့ခန်းတံခါးကို ကလန့်၍ အင်အားသုံးလျက် တွန်းဖွင့်လိုက်ပါသည်။ ဆိုရိုးစကားတား မှန်ကန်လှပါဘိတောင်း။ ဖွဲ့နှင့် ကြိုးစားခြင်းကြောင့် ညှပ်ပိတ်နေသောတံခါးမှာ ပွင့်ထွက်သွားရပါတော့သည်။

ကျွန်တော့်အပေါ်ခန္ဓာကိုယ်ကြီးမှာ ကားအပြင်ဘက်သို့ ရောက်ရှိသွားခဲ့သည့်တိုင် ကျွန်တော့်ခြေတစ်ဖက်မှာ ညှပ်လျက်ပင် ရှိနေပါသေးသည်။ ထိုခြေတစ်ဖက်ကြောင့်ကျွန်တော့်လွတ်မြောက်မှုကို အဆုံးရှုံးမခံလိုပါ။ သို့အတွက် ခြေထောက်ကို အနာခံကာ လှည့်ပတ်လှုပ်ရှားရင်း ဆွဲထုတ်လိုက်ပါ၏။ ခြေတစ်ဖက်မှာ နာကျင်လိုက်သည့်ဖြစ်ခြင်း။ သို့လင့်ကစား အနာခံရကျိုးနပ်သွားခဲ့သည်ဟု ဆိုရပြီမည်။

လူတစ်ကိုယ်လုံး ပျက်စီးယိုယွင်းနေသော ကားပျက်အတွင်းမှ ခွေခေါက်ရင်း လွတ်တင်းထွက်အန်ကျလာခဲ့ရပါတော့သည်။ ထွက်ကျလာသည့်အတိုင်း မလှုပ်ရှားပဲ ငြိမ်သက်စွာဖြင့် အသက်ကိုဝအောင်ရှူရှိုက်နေလိုက်ပါသည်။ သည်အတိုင်းနေ၍မဖြစ်ပါ။ စက္ကန့်မိနစ်တိုင်း ကျွန်တော့်အတွက် အရေးကြီးနေပါသည်။ ထို့ကြောင့် နာကျင်စွာ ခံစားနေရသောခြေထောက်ကို ငုံ့ကြည့်လိုက်၏။ ကျွန်တော့်ဘယ်ဘက်ခြေထောက်မှာ ညှပ်မိသောဒဏ်ကြောင့် ပေါက်ပြဲသောင်တိုင်းနေသည်ကို တွေ့လိုက်ရတော့သည်။ ခြေထောက်ဒဏ်ရာအတွက် ဆေးကုသရန် လိုအပ်သောကြောင့် ကားနောက်ခန်းအတွင်းမှသေလူတစ်ဦး၏အနီးရှိ လက်ဆွဲအိတ်ကြီးတစ်လုံးကို ဆွဲဖွင့်ကြည့်လိုက်ရသည်။ အားငါးငါး လက်ဆွဲအိတ်ကြီးအတွင်းမှာငွေစတွေတ ထောင်၊ သောင်း၊ သိန်း၊ သန်းတွေပါလား။

***

"ဝါ - ဒီကားပျက်ကြီးပေါ် ဘယ်လို ရောက်လာခဲ့လဲ။ ကားထဲမှာဒဏ်ရာတွေနဲ့ သေနေတာတော ဘယ်သူလဲ။ ... ပေါ်မှာ သူနဲ့ငါ့အပြင် ဘယ်သူတွေ... သေးသလဲ။ လက်ဆွဲအိတ်... ငွေ... ကရော ဘယ်ကရလာ...

www.burmeseclassic.com

ကတွေမြင်လိုက်ရတဲ့ကောင်မလေးကရော ဘယ်သူလဲ၊ ဘာ့ကြောင့် ရုတ်တရက် ချက်ချင်းပျောက်သွားရတာလဲ၊ ကောင်မလေးဆိုတာငါ့စိတ်အတွေးထင်ထဲက အမြင်လား၊ ဒါမှမဟုတ် တောထဲကနာနာဘာဝဝိညာဉ်များလား" စသည်မေးခွန်းတွေက ကျွန်တော့်ခေါင်းထဲသို့ အစီအရီဝင်ရောက်လာတော့သည်၊ သို့သော်ငြားလည်း ထိုအဖြေအနေအရ ဒါတွေကို ကျွန်တော် တွေးမနေပါလေတော့၊ လတ်တလော ဆက်လက်လှုပ်ရှားနိုင်အောင် ကျွန်တော့်ခြေထောက်ကို ပြုစုရန်ကို ရှေ့တန်းတင်ရမည်သာ ဖြစ်ပါသည်၊

ညှပ်မိထားသောခြေထောက်အား သစ်တိုင်းစနှင့် စညှပ်၍ ကားထဲမှ တွေ့လိုက်ရသောအဝတ်စတစ်စအား ဆုတ်ဖြဲကာကြပ်စည်းလိုက်ရသည်၊ သစ်ကိုင်းစတစ်စကို အထောက်အကူပြုလျက် မတ်တတ်ရပ်ကြည့်လိုက်၏၊ သည်အတိုင်းဆိုလျှင် ဖြည်းဖြည်းချင်း ခရီးဆက်လို့ရနိုင်မည်ဟု ထင်မိပါသည်၊ ဤသို့ဖြင့် ချောက်ထဲ ကျနေသောကားမှ ကားလမ်းရှိမည်ထင်သော ကုန်းတက်ဘက်သို့ ခြေတစ်ဖက်၊ လက်နှစ်ဖက်တို့ကို အားပြုလျက် ဖြည်းဖြည်းချင်း တက်လာခဲ့ရတော့သည်၊ ငွေများကိုလည်း လိုချင်စိတ် မရှိပါလေတော့၊ ထိုငွေများနှင့်ပတ်သက်၍သည်အဖြစ်မျိုးဖြင့် တွေ့ကြုံရခြင်းဟု စိတ်ထဲတွင် သံသယတွေဝင်လာခဲ့ခြင်းကြောင့် ထိုငွေများအား တပ်မက်ခြင်းမရှိပါတော့၊

ကျွန်တော် အားပြုတွယ်တက်နေရာမှ ဆယ်ကိုက်လောက်အရောက်၌ လူတစ်ယောက်ကို တွေ့လိုက်ရပါသည်၊ သို့ရာတွင် ထိုလူမှာ အသက်မရှိ အလောင်းတစ်လောင်းသာဖြစ်နေသည်ကိုအံ့အားသင့်စွာတွေ့မြင်လိုက်ခြင်းသာ ဖြစ်ပါလေ၏၊ ထိုအလောင်းမှာလည်း ထိခိုက်ရှနာဒဏ်ရာများစွာနှင့်ရယ်လေ၊

အံ့သြဖွယ် ကောင်းလေစွ၊ လက်ရှိပစ္စုပ္ပန်ကာလအတွင်းဝယ် ကျွန်တော်ကိုယ်တိုင်က ဒဏ်ရာများဖြင့် ကမ်းပါးချောက်အတွင်းသို့ ထိုးကျခဲ့သော ကားထဲရောက်နေခဲ့ရုံသာမက တွေ့လိုက်ရသည့်လူသားနှစ်ဦးမှာလည်းမြင်မကောင်းလှသောအလောင်းနှစ်လောင်းသာဖြစ်နေပြန်ပါသည်၊ ကျွန်တော့်အထင်ပြောရလျှင် ထိုအလောင်းသည်ပင် ကျွန်တော်တို့ကားထဲမှလွင့်စဉ်ထွက်ကျလာသော လူသေအလောင်းတစ်လောင်းသာ ဖြစ်ပေလိမ့်မည်၊

သို့ဆိုလျှင် ကျွန်တော်နှင့် ထိုအလောင်းကောင်များ မည်ကဲ့သို့ပတ်သက်နေဘိသနည်း၊ ထိုအတွေးများက ကျွန်တော့်ခေါင်းကို ရှုပ်ဝေနောက်ကျိနေစေပါသည်၊ ထို့ကြောင့် ရှုပ်ထွေးသော ပဟေဠိအတွေးများအား မတွေးတော့ပဲ အန္တရာယ်များမှ လွတ်ကင်းရေးကိုဦးစားပေးရန် ဆုံးဖြတ်လိုက်ပါသည်၊ သို့ပေမင့် အလောင်းကောင်၏ အကျႌအိတ်အတွင်းသို့ နှိုက်ကြည့်လိုက်ရာ အင်္ကျီနာဂျက်ဆင်အတိုက်ခံပျောက်ဆေးတစ်ဘူး၊ ဘာမီတုန်ဆေးတစ်ဘူးကိုသာ ရှာတွေ့ခဲ့သဖြင့် ယူလာခဲ့ပါသည်၊ ထိုစဉ်မှာပင် ကုန်းမြင့်ပေါ်၌ စောစောက တွေ့မြင်လိုက်ရသော အမျိုးသမီးက စူးရှတောက်ပြောင်သောမျက်လုံးများဖြင့် ကျွန်တော့်အား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရပြန်ပါသည်၊

"ဟေ့-မိန်းကလေး-ဒီမှာ ဒုက္ခရောက်နေလို့-ငါ့ကို ကူညီပါလားကွာ"

ကျွန်တော်က သူမအား အကူညီအော်တောင်းလိုက်မိပါ၏၊ ရေနစ်သူတစ်ယောက် မြက်တစ်ပင်ကိုဆွဲလိုက်ဘိသို့ပင် ဆိုရမည်လား၊ မည်သို့ပင်ဆိုစေ အခက်အခဲဖြစ်နေရသူမို့ အော်ဟစ်အကူညီတောင်းလိုက်ခြင်းသာ ဖြစ်ပါသည်၊ သို့စဉ်တိုင် သူမက နားမကြားသည့်အလား၊ ငုံ့ကြည့်ရုံမျှသာ တန်ပြန်တုံ့ပြန်မှုကား မရှိပါချေ၊

သူမကိုတွေ့လိုသောဆန္ဒဖြင့်ဆက်လက်အားထည့်ကာ ကုန်းမြင့်ပေါ်သို့ရောက်ရန် အတော်လေး ကြိုးစားရှင်းတက်လာခဲ့ရပါသည်၊ ကုန်းမြင့်ထက်သို့ တက်ရန် လက်များဖြင့် ကုပ်တွယ်ခဲ့ရသဖြင့် လက်များတွင်လည်း ပေါက်ပြဲရနာခဲ့ရဘိဖြစ်ခြင်း၊ သည်အဖြစ်မျိုးကို မည်သို့မည်ပုံ ရောက်လာခဲ့ရသည်ဆိုသည့် အကြောင်းရင်းအား ထရုတိုင်အဖြေရှာမရခြင်းက ကျွန်တော့်ကိုယ်ကျွန်တော် ဒေါသဖြစ်ရပါသည်၊

ဤသို့ဖြင့်ကုန်းမြင့်ထက်သို့ရောက်လာခဲ့တော့၏၊ ကုန်းမြင့်ထက်မှတစ်ဖက်သို့မျှော်ကြည့်လိုက်သည်နှင့်ကျွန်တော် စိတ်ပျက်သွားခဲ့ရပြန်ပါသည်၊ စဉ်းစားကြည့်လေ၊ စောစောက ကျွန်တော်မြင်တွေ့လိုက်သည့်အမျိုးသမီးကို မတွေ့ရပါလေတော့၊ တောင်တုန်းကြီးများက အထပ်ထပ်၊ ချောက်ကမ်းပါးတွေက အသွယ်သွယ်၊ဘယ်ဝယ်တောင်ကြားကိုမှန်းဆလို့ပင် မရနိုင်ပါလေတော့၊ သည်များစွာ ငုံ့ကြည့်လိုက်တော့ တောင်ကုန်းအောက်ဝယ် ချောင်းကလေးချောင်းက စီး

www.burmeseclassic.com

ဆင်းနေရျေသည်ပဲ၊ ချောင်းရေကို မြင်လိုက်ရမှ ရေငတ်နေသည်ကို သတိရလိုက်ရတော့၏။ မည်သို့ပင်ဖြစ်စေ ရေငတ်၍တော့ မနေနိုင်တော့၊ အတက်လမ်းတွင် ခက်ခဲသလောက် ကုန်းဆင်းတွင်သစ်ကိုင်းထောက်ကိုအားပြုလျက် သတိဖြင့် ဆင်းလာခဲ့ရတော့၏။

ချောင်းစပ်ရောက်သည်နှင့်ချောင်းရေကို အငမ်းမရ သောက်လိုက်သည်၊ ဝမ်းတွင်းသို့ ရေခတ်ဝင်သွားသဖြင့် အတော်လေးအားရှိသလို ခံစားလိုက်ရပါသည်၊ ထို့နောက်မှ ကိုယ်လက်သန့်စင်ခြင်းကို ပြုလုပ်ပြီး ပင်ပန်းနွမ်းနယ်မှုကြောင့် ရေစပ်မှာပင် လှဲချလိုက်မိပါတော့သည်၊ တောင်စဉ်ရေမရ စဉ်းစားရင်းမှ စောစောက တွေ့လိုက်ရသော အမျိုးသမီးအပေါ်စိတ်ရောက်သွားတော့၏။ ကျွန်တော့်စိတ်ထဲ၌ ထိုအမျိုးသမီးအား မြင်ဖူးသလိုလို ထင်လာသည်၊ သို့သော် ဘယ်သူဘယ်ဝါ ဘယ်နေရာတွင် တွေ့မြင်ဖူးသည် ဆိုသည်ကို တော့ အတပ်မသိပါချေ၊ ဒါတွေတွေးနေလို့ အဓိပ္ပါယ်ပဲဟု စိတ်ထဲ တွေးလိုက်မိသည်နှင့်တစ်ပြိုင်နက် ကျွန်တော် အန္တရာယ်ကြားမှ လွတ်မြောက်ရေးအတွက်အကြံတစ်ခု ခေါင်းထဲ ပေါ်လာတော့သည်၊ ထိုအတွေးမှာ လူသေထံမှ တွေ့ခဲ့သော နာကျင်မှုသက်သာစေရန် ဆေးပြားအားသောက်၍ အသက်သာဆုံး ခရီးပေါက်နိုင်သည့် ချောင်းရေအတိုင်း မျောလိုက်ရန် ဆုံးဖြတ်လိုက်ခြင်းသာ ဖြစ်ပါသတည်း။

★★★

ကျွန်တော် ကံကောင်းသည်ကချောင်းက ရေစီးသန်ပေမယ့် နက်ကျောခြင်းမရှိသဖြင့် ရေဖော့ကာ လိုက်ပါလာခဲ့ရပါသည်၊ ချောင်းရေအတိုင်း လိုက်လာခဲ့ရသဖြင့် ကျွန်တော့်ခန္ဓာကိုယ်မှာ ရေပေါ်ဝယ် လူးကာလွန့်ကာဖြင့် ရေစီးအတိုင်းလိုက်ပါရင်းမျောပါခဲ့ရင်းမြေနိမ့်ပိုင်းဆီသို့ ဦးတည်ရွေ့လျားလာခဲ့ပါသည်၊ သို့သော်ငြားလည်း ချောင်းရေစီးကြောင်းက ကွေ့ကာ ပိုက်ကာ စီးဆင်းလာခဲ့ရသဖြင့် ဘယ်ဆီဘယ်ဝယ် ဦးတည်ခဲ့သည်ကို မမှန်းဆနိုင်အောင်ဖြစ်နေပါတော့သည်၊ ချောင်းရေထဲတွင် မျောပါလာရင်း မြေနိမ့်ပိုင်းရောက်သည်နှင့် ချောင်းရေမှာ တဖြည်းဖြည်း တည်ငြိမ်လာခဲ့ပါတော့၏၊ ဒဏ်ရာများကချောင်းရေဖြင့်ထိမိုက်မိခြင်းများကြောင့်ကာ နာကျင်လာသဖြင့် အနိမ့်ပိုင်းတစ်နေရာအရောက် ကုန်းမြေပေါ်သို့ တက်ရောက်ရန် ဆုံးဖြတ်လိုက်ပြီးကမ်းစပ်ပေါ်သို့ တက်လာခဲ့ရပါတော့သည်၊ ချောင်းကမ်းစပ်၏တစ်ဖက်တွင်မူ တောင်ကုန်းမြင့်တစ်ခုက ထီးထီးကြီး ကာဆီးနေပြန်ပါသည်၊

ပင်ပန်းနွမ်းနယ်လွန်းသဖြင့် ကမ်းစပ်မှာပင် လဲလျောင်းအနားယူနေလိုက်ရတော့သည်၊ ကျွန်တော့်အဖြစ်ကားသခုတိုင် လွတ်လမ်းမမြင်သေးပါတကား၊ အနည်းငယ် အမောပြေမှ ကာဆီးနေသော တောင်ကုန်းမြင့်ပေါ်ရောက်ရန် လက်နှစ်ဖက်ရှိလက်ချောင်းများနှင့်ကောင်းနေသေးသော ခြေတစ်ဖက်ကိုအားပြုရင်း ခက်ခက်ခဲခဲ တက်လာခဲ့ရပါတော့၏၊ ကုန်းထိပ်ပေါ်သို့ ရောက်သည်နှင့် ကုန်ခန်းသွားသောအားအင်တို့ကို ထပ်မံဖြည့်တင်းသည့်အနေဖြင့်အသက်ကို ဝအောင်ရှူရှိုက်လိုက်သည်၊ ခဏအကြာမှရောက်ရှိနေသောတောင်ကုန်းတစ်ဖက်သို့ မျှော်လင့်ချက်တစ်စုံတစ်ရာဖြင့် မျှော်ကြည့်လိုက်ပါ၏၊ တစ်နေရာဆီသို့အရောက်ဝယ် ကျွန်တော့်မျက်လုံးများကိုပင်မယုံကြည်နိုင်အောင်ဖြစ်သွားရပါတော့သည်၊တကယ့်ကိုမယုံနိုင်စရာတော့ အမှန်ပင် ဖြစ်ပါလေ၏၊

ဝဉ်းစားကြည့်လေ၊တားရောတ်ထဲ ထိုးတချို့ သည့်နေရာမှ တားလမ်းရှိ လောက်မည့် တောင်ကုန်းအား တျော်လွှားဖြတ်သန်းခဲ့ပြီး မြစ်ရေယာဉ်ကြောတွင် စီးမျောလိုက်ပါခဲ့ပါမှ အဘယ့်ကြောင့် နဂိုမူလနေရာ တားချတ်တူရာသို့ပြန်လည်ရောက်ရှိလာနှဲပြန်ပါသနည်း။ ကျွန်တော် တက်လာခဲ့သည့် ကုန်းမြင့်မှ ကြည့်လိုက်လေလျှင် ချောတ်အတွင်းဝယ် ထိုးကျပျက်စီးနေသော တျွန်တော် ခက်ခက်ခဲခဲထွက်လာခဲ့သည်၊တားချတ်အားမြင်တွေ့လိုက်ရခြင်းကြောင့်ပင်ဖြစ်ပါလေ၏၊

"ဘုရား - ဘုရား - ငါ ဘယ်တိုရောက်နေပြန်တာလဲ၊ဒီလိုတောင်တုန်းတွေနဲ့ သစ်တောတွေ ဘာလို့များပြားနေရတာလဲ၊ဒီတောတောင်သစ်ဝင်တွေကို ငါ ဘယ်လိုကျော်လွှားအောင် လုပ်ရပါမလဲ၊ မြတ်စွာဘုရား - တယ်ခက်ပါ"

မတတ်နိုင်တော့ပြီ၊ကျွန်တော့်အားကျွန်တော်ကိုယ်တိုင် လွတ်အောင် ရုန်းရမည်သာ ဖြစ်သည်၊ လူ[illegible] ကယ်မည့်သူ တင်းဝေနေသည်[illegible] က ကျွန်တော့်ကို စိတ်[illegible] အစား ဖြစ်ထည်[illegible]

www.burmeseclassic.com

www.burmeseclassic.com

တောင်းလှသောအခြေအနေအားတွန်းလှန်ရန်းကန်ရင်း အသက်ရှင်နိုင်ရေးအတွက်အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်ရန် ဆုံးဖြတ်ချက်ကို ချလိုက်ခဲ့မိလေတော့သည်။ ခြေထောက်ဒဏ်ရာအတွက်ရလာခဲ့သောဆေးများကလိုက်လျောညီထွေ အထောက်အကူဖြစ်နေသည်တကျွန်တော့်အတွက်ကံကောင်းသည်ဟု ဆိုရမြိမ့်မည်။ သို့အတွက် အားမွေးရပေလိမ့်မည်။

အစာမစားရသဖြင့် ဝမ်းဟာနေသော်ငြားရေသောက်ခဲ့ရသည့်အတွက်တော်သေးသည်။ပင်ပန်းမှုအားအိပ်စက်အနားယူခြင်းဖြင့် အားမွေးခြင်းကအကောင်းဆုံးပင် မဟုတ်ပါလား။ နေခင်းကြီးက မကြာမီ ကွေကွင်းပေရော့မည်။ အအေးဓာတ်နှင့် သားရဲတိရစ္ဆာန်တို့ရန်မှ ကင်းဝေးရန် သစ်ကိုင်းခြောက်များဖြင့် မီးဖိုလိုက်ပါသည်။ မီးဖို၏အလင်းက ပတ်ဝန်းကျင်သို့ ဖြာဆင်းသွားပါတော့သည်။

သည့်နောက်ဝယ်စိတ်အားလူအားစိတ်သစ်လူသစ်ဖြစ်စေရန် သစ်ပင်တို့၏အရိပ်အာဝါသအောက်၌ လှဲအိပ်လိုက်တော့သည်။ ပင်ပန်းနွမ်းနယ်ခြင်းကအိပ်ပျော်ခြင်းကိုအသာတကြည်ပင်ခေါ်ဆောင်သွားပါလေတော့သည်။

***

လူသားတွေထက် ဝီရိယရှိသောကျေးငှက်တို့အိပ်တန်းထ အော်မြည်သံများကြောင့် အိပ်နေရာမှ နိုးလာရတော့သည်။ မျက်စိမှုန်ပါးဖြင့် ပါးစနဲ တစ်ချက်သန်းကာဟိုသည်လှမ်းမျှော်ကြည့်လိုက်၏။ ချောက်အတွင်းကားအနီးတွင်အမျိုးသမီးအား မြင်လိုက်ရသည်။ သို့သော်ချက်ချင်းဆိုသလို အမြင်အာရုံမှ ပျောက်ကွယ်သွားပြန်သည်။ မျက်လုံးများအားပွတ်သပ်ကြည့်လိုက်သော်လည်း မမြင်ရပါလေတော့။ စိတ်ကြောင့်ပင်လားမပြောနိုင်ပါချေ။ ထိုအမျိုးသမီးနှင့် ကျွန်တော်တစ်နေရာရာ၌ကျွန်တော်နှင့်ပတ်သက်မှုရှိနေလိမ့်မည်ဟုထင်လွှာမိသည်ကတော့ အမှန်ပင်။ အချိန်ကလည်းအရုဏ်လင်းနေပြီ။ ခြေထောက်ဒဏ်ရာကလည်း သက်သာမှု ရလာသည်မို့ဆက်လက်လှုပ်ရှားရန်အတွက် အသင့်ဖြစ်လိုက်ရတော့သည်။ ကျွန်တော့်အတွက် အချိန်သည် အရေးကြီးနေပါသည်။ သို့အတွက် ကားပျက်ရှိရာသို့ပြန်ဆင်းခဲ့ပြီးနောက် တစ်ဖက်ကုန်းမြင့်ကိုသာတက်ရန် ကြိုးစားခဲ့ရတော့သည်။ ကားပျက်အတွင်း၌ လူသေအလောင်းနှင့် ငွေပါသည့်လက်ဆွဲအိတ်ကား ရှိနေဆဲပင် ဖြစ်နေပါသည်။ ကျွန်တော်ကယခင်တက်ရောက်ခဲ့သော ကုန်းမြင့်၏ဆန့်ကျင်ဘက် တောင်ကုန်းဆီသို့ဦးတိုက်လျှက် တက်လာခဲ့ရပါတော့သည်။

ကြိုးစားခြင်း၏ရလာဘ်ကားအချည်းအနှီးမဖြစ်ပါလေ။ ဆန့်ကျင်ဘက်တောင်ကုန်းရောက်သည်နှင့်ကျွန်တော့်အတွက် အားတက်ဖွယ်ရာတစ်ခုကို မြင်လိုက်ခဲ့ရပါသည်။ ကျွန်တော့်အတွက်အားတက်ဝမ်းသာလိုက်ဘိဖြစ်ခြင်း။ ကျွန်တော် မြင်လိုက်သည့်အရာကားအခြားမဟုတ်၊ ကားလမ်းမများတွင်စိုက်ထူထားလေ့ရှိသော မိုင်တိုင်တစ်ခုကိုတွေ့လိုက်ရခြင်းပင်ဖြစ်ပါလေ၏။ သို့ဆိုလျှင်ကားလမ်းမရှိနေသည်ဟုညွှန်ပြနေဘိသို့ရှိနေချေသည်လေ။ ကားလမ်းမပေါ်သို့ရောက်လျှင် ကျွန်တော်၏အခက်အခဲများအဆင်ပြေချောမွေ့သွားမည်ဟုလည်းတွေးထားပြီးဖြစ်သဖြင့်အားတက်သွားရပါသည်။ စိတ်ဓာတ်သက်ကြွသွားခဲ့ပြီဖြစ်သောစိတ်ကြောင့်ကားလမ်းမပေါ်သို့ ရောက်အောင်သွားနိုင်ခဲ့ပါသည်။ ကြိုးစားခြင်း၏ အသီးတရားဟုပင် ဆိုရမြိမ့်မည်။ ထိုမိုင်တိုင်နားရောက်သည်နှင့် ကားတစ်စီးထဲလေရောက်လာလိမ့်မည်ဟုလည်းမျှော်လင့်ထားခြင်းဖြင့် အနားယူစောင့်ဆိုင်းနေလိုက်တော့၏။ သို့သော် ကားဆောင်းလာသည့်အသံ မကြားရသဖြင့် ခြေထောက်ဒဏ်ရာအားဥပေက္ခာပြုလျှက်ကားလမ်းမပေါ်သို့ လျှောက်လာခဲ့တော့သည်။ သည်မှာပင် မထင်မှတ်သောအရာတစ်ခုအား တွေ့လိုက်ရပြန်သည်။ ထိုအရာကားအခြားမဟုတ်၊ လမ်းဘေးဝယ် အသက်ကင်းမဲ့နေပြီဖြစ်သောလူသေအလောင်းတစ်လောင်း။

ကျွန်တော့်အတွက်တော့အခက်ထဲများဖြင့်သာ ဆုံတွေ့နေရခြင်းကြောင့်စိတ်ဓာတ်ကျသွားမိပြန်ပါသည်။ သို့သော်လည်း ထိုအလောင်းအနီးသို့ရောက်သွား၍ ကြည့်လိုက်သောအခါအမျိုးသားတစ်ဦး၏အလောင်းဖြစ်နေသည်ကိုတွေ့လိုက်ရပါသည်။ ကျွန်တော်က ကားတစ်စီးတလေမှ မရောက်လာမီအလောင်းဖြင့် ဝေးနိုင်သမျှ ဝေးဝေးသို့ရွှေ့လျားလာခဲ့ရတော့သည်။

***

www.burmeseclassic.com

နာရီဝက်မျှ အချိန်ယူ စောင့်နေလိုက်သည်နှင့် ကားတစ်စီး မောင်းလာသံကိုကြားလိုက်ရတော့သည်။ ကားအင်ဂျင်အား မောင်းနှင်လာနိုင်စွမ်းရှိသည့်လူဆိုလျှင် ကျွန်တော် တွေ့လာခဲ့သောအလောင်းကောင်များလို မဖြစ်နိုင်သည်ကတော့ သေချာနေသည်လေ။ သို့အတွက်စိတ်အားတွေ တက်ကြွသွားခဲ့ရသည်ကတော့ အမှန်ပင်။ တစ်မိနစ်ပင်ကြာလိုက်၊ ကားလမ်းမပေါ်တွင် ကားလေးတစ်စီးကို တွေ့လိုက်ရပါသည်။ ကျွန်တော်က ခြေထောက်ကို အားပြုထောက်၍ မတ်တတ်ရပ်ရင်း လက်ပြတားလိုက်ရပါတော့၏။ ကားမောင်းသူက ကျွန်တော့်အခြေအနေကိုကြည့်ကာ အနီးသို့ ကားကို အရှိန်လျှော့ချလိုက်ပြီး နောက် ရပ်ပစ်လိုက်တော့၏။ နောက်ပြီးမှ ကားထဲမှ ခေါင်းထွက်ကြည့်လိုက်ပြန်သည်။

"ကိုဘက်ချောက်ထဲ ကျွန်တော့်ကားမတော်တဆ တိမ်းမှောက်သွားလို့ ကူညီပါဗျာ။ မြို့ထဲကို လိုက်ပါရစေ"

ကျွန်တော့်မှာလည်း ဒဏ်ရာဒဏ်ချက်တွေနှင့်မို့ ထိုလူက ယုံကြည်သွားဟန်တူပါသည်။ သူ့အား အန္တရာယ်ပေးမည့်သူမဟုတ်ဟုလည်းသတ်မှတ်လိုက်ပုံ ပေါ်ပါသည်။ သူ့ရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်ပါလေ၏။ ကျွန်တော်ကလည်း နောက်ထပ်စကား ထပ်မပြောတော့ပဲ သူဖွင့်ပေးလိုက်သော ရှေ့ခန်းတံခါးကိုအားပြုကာ ဝင်ထိုင်လိုက်ရပါသည်။ ထိုလူက ကားကို ထိုနေရာမှ ခရီးဆက်လာခဲ့တော့၏။ လမ်းမအတိုင်း ကားမောင်းလာသည့်တိုင် တစ်ဦးနှင့်တစ်ဦး စကားမပြောမိပဲနေခဲ့ကြသည်။ ကျွန်တော့်စိတ်ထဲတွင် ကျွန်တော့်အဖြစ်ကို ကျွန်တော်ပြန်လည်စဉ်းစားမရအောင် ဖြစ်နေမိပါသည်။ ယခုစီးလာသောကားလေးအား စေ့စေ့စပ်စပ် ကြည့်လိုက်မိ၏။ ထူးခြားဆန်းပြားလှပါဘိတောင်း။ လက်ရှိကျွန်တော် စီးလာသောကားနှင့် ချောက်ထဲကျခဲ့သောကားမှာ တစ်မျိုးတစ်စားတည်းဖြစ်နေသည်ကို အံ့အားသင့်စွာ တွေ့လိုက်ရပြန်သည်။

ကျွန်တော့်စိတ်တွေ ထွေပြားဝေဝါးလာရာကမျက်လုံးများ၏အမြင်အာရုံက ကားမောင်းနေသူ၏ စတီယာရင်ပေါ် ကိုင်ထားသည့်လက်အစုံဆီသို့အကြည့်ရောက်သွားမှတော့သည်။ စိတ်၏ ဆန်းကြယ်မှု ကား အံ့မခန်းပါတကား။ စတီယာရင်ပေါ်မှ လက်အစုံပေါ် မျက်စိရောက်သွားသည်နှင့် ကျွန်တော်၏



" တိမ်းမှောက်သွားသော ကားလေးအတွင်းမှ ကျွန်တော် သတိရလာသည့်အချိန်ဝယ် ရုတ်ခြည်းတွေ့ မြင်ပျောက်ကွယ်သွားခဲ့သော အမျိုးသမီးပုံရိပ်မှာ ဂျာနယ်ဖတ်နေရာမှ ကျွန်တော့်အား အော်ဟစ်သတိပေးလိုက်သောအမျိုးသမီးပင် ဖြစ်နေသည်ကိုလည်းပြန်၍ သတိရလာမိတော့သည်။ "

အတိတ်မှ စိတ်အစဉ်မှာ ဖြုန်းခနဲဆို အသိဝင်လာတော့သည်။

မနေ့က ရုံးအလုပ်ဆင်းသည်နှင့် သမီးလေးမှာလိုက်သော ချော့ကလက်ထုပ်ဝယ်အပြီး ကားမှတ်တိုင်ရှိရာသို့ လမ်းလျှောက်လာခဲ့သည်လေ။ ကားဆိတ်တိုင်မရောက်မီ အစိုးရဘဏ်တိုက်ရှေ့အရောက်ဝယ် ဘဏ်တိုက်ရှေ့ရပ်လျက် ဂျာနယ်တစ်စောင်ဖတ်နေသော အမျိုးသမီးတစ်ဦးကိုတွေ့လိုက်ရပါလေ၏ ထိုအမျိုးသမီးမှာ ဗိုသတ္တဝါတွေ စွဲဆောင်နိုင်စွမ်းရှိသည့်အရည်အချင်းကြောင့် ကျွန်တော့်အကြည့်က သူမအပေါ် စူးစူးရဲရဲ ရောက်သွားခဲ့ပါသည်။ ရုတ်တရက်ဆိုသလို သူမက ကျွန်တော့်အား စိုးရိမ်ထိတ်လန့်ဖွယ်အကြည့်မျိုးဖြင့်ကြည့်လျက် -

"ရှင် - ရှင် - ဆက်မသွားနဲ့ - ရှင်ဆက်မသွားနဲ့။ ဟိုမှာ ဘဏ်ဓားပြတိုက်လာတဲ့လူတွေထွက်လာပြီ - နောက်ပြန်ပြေးတော့"

သူမအသံ ကြားလိုက်သည့်အချိန်တွင် ကျွန်တော် နောက်တုသွားချေပြီ ဘဏ်တိုက်ထဲမှ ထွက်လာသူနှစ်ယောက်က ကျွန်တော့်အား ဆွဲခေါ် အကာအကွယ်ယူကာ ... အား ပြန်လည်တိုက်ခိုက်ရင်း ... တွင် အသင့်ရပ်ထား ...

www.burmeseclassic.com

လေးအတွင်းသို့ကျွန်တော့်အားအတင်းဆွဲသွင်းရင်း မောင်းနှင်လာခဲ့လေတော့၏။ ကျွန်တော်မှာ ဘာမဆိုင် ညာမဆိုင် လက်ပံသားဓားနှင့် ချိန်ဆိုဘိသို့ ဓားစာခံတစ်ဦးအဖြစ် လိုက်ပါလာရင်း မြို့အပြင်သို့ မောင်းထွက်ခဲ့သည့်ကားလေးပေါ်ဝယ် လိုက်ပါလာခဲ့ရပါတော့သည်။ ကားနောက်ခန်းတွင် လူနှစ်ယောက်ပါလာပြီး သူတို့လက်ထဲဝယ် သေနတ်ကိုယ်စီ ကိုင်ထားသည်ကိုမြင်တွေ့လိုက်ရသည်။ သူတို့နှစ်ယောက်ကြား၌မှုဘဏ်အတွင်းမှ ထိုက်ယူလာခဲ့ကြသော ငွေထည့်ထားသည့် လက်ဆွဲအိတ်ကို ချထားရင်း ပြူးတူးပြတဲ စိုးရိမ်သည့်မျက်နှာများဖြင့် နောက်သို့ကြည့်ရင်း လိုက်ပါလာသည်ကို တွေ့လိုက်သည်။ ကျွန်တော့်မှာ ကြောင်စီစီဖြစ်ကာ မြို့အပြင်ရောက်သည်အထိ လိုက်ပါလာခဲ့ရတော့သည်။

ကျွန်တော့်ရင်ထဲတွင် မဆီမဆိုင် ဓားစာခံအဖြစ် လိုက်ပါလာခဲ့ရခြင်းအား ဒေါသဖြင့် လိုက်ပါလာခဲ့ရာမှ ဘာလုပ်ရင်ကောင်းမလဲဟုစိတ်ထဲမှ တွေးလိုက်မိပါလေ၏၊ နောက်ဆုံးရှေ့ခန်း ကားမောင်းလာသူ ကိုင်ထားသော စတီယာရင်ဆီသို့ မျက်စိရောက် သွားသည်။ သည်မှာပင် မခံချင်စိတ်ဖြင့် အရဲစွန့်ရန် ဆုံးဖြတ်ချက်အားချလိုက်မိတော့သည်။ ကျွန်တော့်လက်နှစ်ဖက်မှာ လွတ်နေသည်မို့ ကားမောင်းသူ၏ စတီယာရင်အား ဆွဲယူလိုက်ပါလေတော့သည်။ မထင်မှတ်ဘဲ အတိုက်အခိုက်ခံလိုက်ရသောကားမောင်းသူမှာမျက်လုံးများပြူးရင်း ကျွန်တော့်လက်များအား ဆွဲဖယ်နေရသဖြင့် ကားလေးမှာ ဟိုသည်ယမ်းခါရင်း လမ်းမပေါ်သို့ ပြေးလွှားနေတော့သည်၊ နောက်ဆုံးမထူးသည့် အဆုံး ကျွန်တော့်လက်များဖြင့် အမိအရ ဆုပ်ကိုင်မိထားသော စတီယာရင်အား လမ်းတစ်ဖက်သို့ အားကုန်ဆွဲလှည့်လိုက်လေတော့သည်။ ကားလေးမှာ မည်သို့မျှထင်မှတ်မထားခဲ့ကြသော လမ်းတစ်ဖက်ရှိချောက်အတွင်းသို့ ထိုးဆင်းတိမ်းမှောက်သွားခဲ့ရတော့သည်၊

တိမ်းမှောက်သွားသောကားလေးအတွင်းမှ ကျွန်တော် သတိရလာသည့် အချိန်ဝယ် ရုတ်ခြည်းတွေ့မြင်လျှောက်ကွယ်သွားခဲ့သောအမျိုးသမီးပုံရိပ်မှာ ဂျာနယ်ဖတ်နေရာမှ ကျွန်တော့်အား အော်ဟစ်သတိပေးလိုက်သောအမျိုးသမီးပင် ဖြစ်နေသည်ကိုလည်း ပြန်၍ သတိရလာမိတော့သည်၊ ကျွန်တော်၏ အတိတ်မှဖြစ်စဉ်များကိုပြန်လည်အသိရလာချိန်တွင် ကျွန်တော်စီးလာသော ကားလေးမှာမြို့တွင်းသို့ဝင်လာခဲ့ရပြီ။

"ကဲ - မြို့ထဲကိုရောက်ပြီ၊ ခင်ဗျားကို ဆေးရုံကို လိုက်ပို့ပေးရမလား"

ကူညီခေါ်ဆောင်လာသော ကားမောင်းသူ၏မေးလိုက်သည့်အသံကြောင့် ကျွန်တော့်စိတ်အစဉ်တို့ ပစ္စုပ္ပန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာတော့၏၊ ကျွန်တော်က ထိုသူ၏အမေးကိုစဉ်းစားမနေတော့ပဲ ရုတ်ခြည်းပင် ပြန်ဖြေလိုက်ပါသည်၊

"ဆေးရုံကို မပို့နဲ့တော့ဗျာ - ကျေးဇူးပြုပြီး ရဲစခန်းကိုသာ ပို့ပေးပါတော့"

မည်သို့ပင်ဖြစ်စေ၊ တာဝန်သိပြည်သူတစ်ဦးအနေဖြင့် နိုင်ငံပိုင်ငွေများ ပြန်လည်သိမ်းဆည်းနိုင်ရန်နှင့် မကောင်းမှုစရိုက်လူတစ်စုအား အဖမ်းခံရသူ ဆောင်ရွက်နိုင်စေရန်က ကျွန်တော့်ဆေးကုသရေးထက်ပိုမိုအရေးကြီးသည်ပင်မဟုတ်ပါလား။

➤➤ **သိဏ်းသန်းအောင် (မြင်းခြံ)**

**ဆေးမြီးတိုများ**

- **ထိနိုတ်ရှုနာ**

  ကုက္ကိုမြစ်ခေါက်တို့ အနိုးသဲမှာ သွေးစေ၍ အမှုန့်ပြု၊ အက်ရာကို လိမ်းပါ၊ အမြန်ပျောက်သည်။

- **ထိပ်တပ်နာ**

  ကြိတ်မှန်ရွက်သတ္တုရည်တို့ ကျော ခကာ ရှုပေးပါ။

- **ထုံကျဉ်ကိုက်ခဲ**

  ချင်းနှစ်ကျပ်သား၊ ငရုတ်ကောင်း (၁၂)ပဲသား၊ ဆားတစ်ကျပ်သား အမှုန့်ပြု၍ နှမ်းဆီနှင့်ချော်လိမ်းပါ။

**နားရောဂါ**

- တင်းလေလာနားတကျပ်ဆီတို့ သုံးပါ။
- ဆင်တုံးမနွယ်တို့ ထုချေ၍ ကြိတ် သီးချေးမှု ပြုတ်ပြီး ထိုမြိတ်ရည်တို့ နား၌ ဆေးကြောပေးခဲ့သော် နားတွင်းရှိ အညစ်အကြေးများ တင်းစင်၍ နားတိုက်နားရောဂါများ ပျောက်၏။



www.burmeseclassic.com

www.burmeseclassic.com

ငြိနေကလေးတစ်ယောက်ကို
လူရိုးသားတစ်ယောက်က
ဆိုးနှင့်ပြည့်စုံ ရက်စက်
ဝင်လာသူတစ်ယောက်
ခေါ်လာသည့်လူကား
တောင်ပြာလဲ့မှ ကိုညိုသည် ..

**တောင်ပို**တောင်ခြေတောစပ်သို့ ဝင်မိသောအခါတွင်ကား လုံမပျိုသည် ဟိုဟိုသည်သည်သို့ ခေတ္တမျှ ရပ်၍ကြည့်သေးသည်။ ယင်းလုံမပျိုသည် အသက်ဆယ့်ကိုးနှစ်၊ နှစ်ဆယ်ခန့်ရှိသည်။ အသားမှာ ညိုစိမ့်စိမ့်ကလေးဖြစ်ပြီး ဆံပင်မှာ ဆင်ယင်ထုံးဖွဲ့ထားခြင်း မရှိသည့်အပြင် အပြေးအလွှားကလေး လာရသဖြင့် တွဲရရွဲကျကာ လက်ဝဲဘက် ပခုံးထက်မှတစ်ဆင့် လက်ဝဲရင်အုံပေါ်တွင် ခုန်ပျံလှုပ်ရှားနေသည်။ အပေါ်က ထိုင်မသိမ်းအကျီ၊ အတွင်းတွင် ပလာထမီကို ရင်လျားထားသော်လည်း ရင်ပေါ်တွင် ဘယက်ဒွါဒရာများ အုပ်ဖုံးထားခြင်း မရှိသောကြောင့် ညိုစိမ့်သောရင်ခွင်ထက်ဝယ် ပြည့်ဖြိုး၊ ကြွမောက်သောရင်သား အစပ်အစွန်းတို့သည် ထမီအထက်ဆင့်ကို တိုး၍ရုန်းကန် ထွက်ပေါ်နေကြ၏။ ပြေးလာ၍ မောပန်းသည့်ကြားတွင် ရင်ဖိုစရာကလေး ရှိပုံရသည်။

# တောင်ပြာလဲ့မှ ကိုညိုသည်

နန္ဒသူ ၇



www.burmeseclassic.com

တစ်ဝက်တစ်ပျက် ပေါ်ထွက်နေသောဖွံ့ဖြိုးသည့် ရင်သားအစိတ်အပိုင်းများသည် ဖြိုးကယ်ကြွမောက်ပြီး ထမီစွန်းမှ လွတ်အောင်ရှန်းတော့မယောင် ပြုလိုက်၊ ရှိုးတိုးရှန့်တန့်နှင့် ရှက်သလိုလို နှိမ့်လျှိုးပျပ်ဝပ်၍ ထမီထဲသို့ ပြန်ဝင်ကြတော့မည် ပြုလိုက်သည်နှင့် မတည်မငြိမ် ရှိလှသည်။

နတ်မောင်သန်စွမ်းပြီး တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော မျက်ခုံးနှစ်ခု၏ အောက်မှ ကျယ်ဝန်းတောက်ပသော မျက်လုံးအစုံတို့သည် အရှေ့ဘက်တောလမ်းကလေးတစ်လျှောက်သို့ မျှော်ငေးကြည့်လိုက်သည်။ ကော့ညွတ်သော မျက်တောင်ကလေးများကိုတဖျတ်ဖျတ်ခတ်လိုက်သည်။ ထို့နောက် နားသယ်စမှ စီးကျလာသော ချွေးစက်များကို အင်္ကျီလက်ကလေးဖြင့် သုတ်လိုက်ပြီး တောလမ်းကလေးအတိုင်းပြေးသွားပြန်သည်။

တောလမ်းကလေး၏ တစ်နေရာတွင် မြားဆေးကန်ကလေးသည် ငြိမ်သက်သာယာစွာ တည်ရှိနေ၏။ တောသည်လည်းတိတ်ဆိတ်နေသည်။ တောငှက်များသည် အိပ်တန်းဝင်ရန် အနည်းငယ်စောနေသေးသည့်အသွင်ဖြင့် များစွာ ရှုပ်ညံခြင်း မပြုကြသေးဘဲ ညစာကိုသာ ဖိ၍ရှာနေကြသည်ဟု ထင်ရ၏။

လုံမျိုမသည် ရေအိုင်ကလေး၏ ဘေးသို့အပြေးကလေး ချဉ်းကပ်လာပြီးသော် ဘေးပတ်ဝန်းကျင်သို့ မျှော်ကြည့်ပြန်၏။ အောက်နှုတ်ခမ်းကလေးကိုတစ်ချက်ကိုက်လိုက်ပြီးသော်ခေတ္တထိုင်စရာ ရှာသလို မြေပေါ်သို့ လျှောက်ကြည့်၏။ ထိုအခိုက်တွင် -

"ဟား - ဟား - ဟား - ဟား - ဒီကိစ္စမျိုးကျတော့ မိဖုန်းနေတို့က အင်မတန် ဝီရိယကောင်းပါကလား ကွယ်တို့"

ဟူသောအသံဝါကြီးသည် ထွက်ပေါ်လာလေရာ အိုဖုန်းနေမှာ မိုးကြိုးပစ်ချခံလိုက်ရသလိုတစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားပြီးသော် အသံထွက်လာရာဆီသို့ ရှာခနဲ လှည့်ကြည့်မိတော့သည်။

လမ်းဘေး ချုံတစ်ခုနောက်မှမြင်းစီးလျက် ထွက်လာသူကား လက်ျာဘက် ပါးပြင်ပေါ်တွင် ကန့်လန့်စင်းအမာရွတ်ကြီးနှင့် အရုပ်ဆိုးလှသည့်အသက်လေးဆယ်ခန့်လူတစ်ဦးဖြစ်၏။

"ဟင် - ဦးရီးရင်စည်း"

အိုဖုန်းနေသည် နှုတ်မှ လွှတ်ခနဲ ထွက်သွားသည်၊ ပြီးတော့ - မြင်းနှင့် တစ်လှမ်းချင်း ချဉ်းကပ်လာသည်ကိုမြင်သောအခါ ပို၍ပင် တုန်လှုပ်သွားတော့သည်။

"ဦးရီး - ဦးရီး - မိဖုန်းနေကို ချမ်းသာပေးပါရှင်"

ရင်စည်းသည် အော်၍ရယ်လိုက်ပြန်ကာ မြင်းပေါ်မှ ဆင်းလိုက်ရာ လွယ်ထားသောဓားရှည်၏ လက်ကိုင်မှာ မကြာမီဝင်တော့မည့်နေရောင်ပြိုးပြောက်ပြောက်တွင် လက်ခနဲ ဖြစ်သွား၏။ ဓားရှည်ကို လွယ်ထားရုံမက ခါးတွင်လည်း ဓားမြှောင်ကို ချိတ်ထားသည်။

အိုဖုန်းနေ၏စိတ်သည် အန္တရာယ်နံ့ကို ရလာဘိသည့်အလား မျက်လုံးကလေးများသည် ဝိုင်းလာကြကုန်၏။ ရင်စည်းကို စက်ဆုပ်သလိုကြည့်ပြီး ရှာခနဲ လှည့်ကာ လာလမ်းအတိုင်း ခေါက်၍ ပြေးမည်ပြု၏။

သို့သော် နောက်ကျရှာလေပြီတော့။

လာလမ်းဘက်ဆီမှ ချုံတစ်ခုကို ကျော်၍ မြင်းနှင့် လူတစ်ယောက်သည် လမ်းကို ပိတ်ဆို့ရပ်ထားသည်၊ သူ့တွင်သည်း ဓားလွယ်ကြီးတကားကားနှင့် ဖြစ်၏။

တစ်ဖန် ဘေးဘက်ဆီမှလှုပ်လှုပ်ရှရှဖြစ်သွား၍အိုဖုန်းနေသည်လှည့်ကြည့်ပြန်သည်ရှိသော် မြင်းပေါ်မှ လူတစ်ယောက်သည် ဆင်း၍ သူ့ကို လက်ပိုက်ကြည့်နေ၏။ မြင်းပေါ်မှ လွှားဆင်းလိုက်သည့်အရှိန်ကြောင့် သူလွယ်ထားသော ဓားပင် ခါယမ်းနေသေးသည်။

၎င်းဓားလွယ်ကိုယ်စီနှင့် လူနှစ်ယောက်ကား ရင်စည်း၏ အပေါင်းပါတွေဖြစ်သည်ကို အိုဖုန်းနေ သိရသည်။ သို့ဖြင့် သူသည် ရင်စည်းဘက်သို့ ရှာခနဲလှည့်ပြီး ရင်ဆိုင်ရ၏။ တစ်လှမ်းချင်း ချဉ်းကပ်လာသော ရင်စည်းသည် သူ့နားသို့ ရောက်ခဲ့ပေပြီ။

"လက်ချလိုက်တော့ - မိဖုန်းနေ၊ မယ်မင်းရည်းစားလည်း မရောက်နိုင်ပါ ဒါဟာ တို့အကြံတွေပဲ၊ ဒီတော့ - အေးအေးသက်သာ လိုက်ခဲ့လေတယ်"

"ဘယ်ကိုလိုက်ရမှာလဲရှင်"

"မသိကျိုးကျွံ ပြုမနေပါနဲ့ တယ်၊ အချိန်ကုန်ပါတယ်၊ နင်ချစ်တဲ့ ထေက်ဝန်းက ဘာများ လူရေးလူစ ရှိလို့လဲ၊ အခု နင့်ကို ထေက်ဝန်းထက်လည်း ပိုပြီး ချစ်သနားတဲ့သူ၊ ထေက်ဝန်းထက်လည်း ပိုပြီး လူရေးလူစရှိတဲ့သူ၊ အဲ - သူ့ဆီခေါ်သွားရပေါ့၊ နင် ဆင်စီးပြီး မြင်းရံရတော့မှာပါ"

"အော် - နားလည်ပြီ၊ ဦးရီးရင်စည်းတို့က ဦးရီးတို့ရဲ့အရှင်သခင် မြို့စား[illegible] ဆီကို ကျွန်တော်မတို့ သွား[illegible] သမယ်ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်သပေါ့ - မယ်မင်းရယ်၊ မြို့တော်ဝန်ကတော်ဆိုတာ မသေးတဲ့ ဂုဏ်ထူးပါတဲ့၊ နင်လို မုဆိုးမသမီးများ အိပ်မက်မမက်ဝံ့တဲ့ဂုဏ်ထူးလေဟယ်"

အိုဖုန်းနေသည် မဲ့ရွဲ့၍ ထွီခနဲ တံတွေးတစ်ချက် ထွေးလိုက်၏။

"မြို့တော်ဝန်ရဲ့ရှက်ပုန်းမယားဆိုတဲ့ ဂုဏ်တာ မဟာဆိုက်တယ်ထင်ရင် ဦးရိုးရဲ့သမီးတို ဆက်သလိုက်ပေါ့ရှင်၊ မိဖုန်း နေတဲ့ ဇအေအရွယ်ကို အကြံမရှိဘူး ဦးရိုးရေ၊ မုဆိုးမသမီးလည်း မုဆိုးမသမီး သိတွာနဲ့ပါပဲ"

ပြောပြောဆိုဆိုနှင့်အိုဖုန်းနေသည် ဆတ်ခနဲ ပြေးရန် ပြုလိုက်၏။ သို့သော် လတ်မြန်လှသောရင်စည်းသည်လက် ဝဲလက်ဖြင့် အိုဖုန်းနေ၏ လက်ကောက် ဝတ်တို ဆတ်ခနဲ ဖမ်းဆုပ်ထားလိုက်ရာ အိုဖုန်းနေမှာ တွန့်ခနဲ ဖြစ်သွားရသည်။

"လွှတ် - လွှတ်နော်၊ ခွေးလိုမယုတ် မာနဲ့ - လွှတ်"

အိုဖုန်းနေသည် အားနှင့်ရုန်းနေ သော်လည်း အားအင်ချင်းမမျှသည်ဖြစ် သောကြောင့် လက်ကောက်ဝတ် တလေးပင် နီမြန်းလာသည်။ ထိုအထဲ တွင် အပေါင်းပါနစ်ယောက်ကလည်း မြင်းများပေါ်မှ ဆင်း၍ ခပ်သုတ်သုတ် လေး ချဉ်းကပ်လာပြန်သည်။

တောစပ်ထဲတွင်လည်း ဖြစ်ပြန်၊ ယောကျ်ားရင့်မကြီးသုံးဦးနှင့်မိန်းမသား တစ်ယောက်တည်းလည်းဖြစ်ပြန်ရကား အားကိုးရာသည့် ရွာလေမဲ့ဖြစ်နေလေ သည်တွင် မျက်ရည်ပူများသည် အိုဖုန်း နေ၏ပါးပြင်များပေါ်သို့ တသွင်သွင် စီး ဆင်းလာကြတော့သည်။ မာန်ကို လျှော့ လိုက်ရပြီဖြစ်ရကား ရုန်းကန်ခြင်းပင်မပြု တော့ချေ။

ရင်စည်းသည် ကွမ်းစားလွန်း သဖြင့် မည်းရိုတ်နေသော သွားကြီးများ ပေါ်အောင် တစ်ချက်အော်ရယ်လိုက်ပြီး အိုဖုန်းနေကို မသိမသာ သိမ်းဆွဲရင်း စကားပြောသည်။

"နတ်ဘုံပေါ်တက်မယ့် လှေကား ရင်းမှာ ခြေဆင်းငိုတယ်ဆိုတာ မယ်မင်း လိုလုံမမျိုးပဲ၊ ကဲ၊ လာ - မြင်းပေါ် - အလို"

သူ့စကားသည် တွန့်ခနဲ ရပ်သွား၏၊ တစ်စုံတစ်ခုသောပစ္စည်းသည် သူ၏ ဦးခေါင်းပေါ်မှပဝါကိုဖြတ်ထွင်း၍ယောင် တွင်တန်းလန်းတည်နေသလိုခံစားလိုက် ရသဖြင့်လက်ျာလက်ကလှမ်းစမ်းသည်။ ချောမွတ်သောကျွဲချိုကိုစမ်းရသလိုဖြ ၍ ရုတ်တရက် မျက်လုံးပြူးသွားတော ဆတ်ခနဲ ဆွဲနုတ်၍ကြည့်မိသည်။

ဖြန့်လိုက်သော သူ၏လက်ဝါးပေါ် တွင်ကား ကျွဲချိုလက်ကိုင်နှင့် အဖျား ကော့ဓားမြှောင်ကလေးသည် တလက် လက် တောက်ပြောင်နေ၏၊ ရင်စည်း သည်ဖြန်းခနဲကြက်သီးတွေထသွားကာ ဓားမြှောင်လာရာဖြစ်သော လမ်းအရှေ့ ဘက်ပိုင်းဆီသို့ မှန်း၍ကြည့်လိုက်မိ သည်။

နက်ကျောတောက်ပြောင်သော မြင်းနက်ကြီးပေါ်မှ လှရွယ်သည့် မြင်း ဘက်ကိုလွှတ်၍ မြင်းစီးလျက်ပင် ခါး ထောက်၍ သူတို့ကို မီးထွက်လုမတတ် မျက်စိများနှင့် ကြည့်နေသည်။ သူ၏ ဘက်ဝဲဘက်ခါးတွင်ဓားလွယ်ကိုတွေ့ ရ၏၊ သို့သော် ဓားမှာ စစ်သုံးဓားတွေ လောက်မရှည်သည့်အပြင်အပြားလည်း သေးပုံရသည်။

လေးဖက်ခြေစုံရပ်လျက်ကရှိသော မြင်းနက်ကြီးမှာ ထွားကျိုင်းလှ၍ရင်အုပ် တွင်လည်း ဖောင်းကြွဖုထစ်နေသော ကြွက်သားကြီးများသည် ဝင့်ထည်နေ သည်၊ သူ့သခင်မှာလည်း ဤမြင်းကြီး နည်းတူပင် အငြိမ်မနေ၊ လှုပ်ရှားသွား သမှုကို ခင်တွယ်သူဖြစ်ပုံရ၏၊ အဘယ့် ကြောင့်ဆိုသော်ကြွယ်သီးတပ်၍ နေသော ရင်ဖုံးအကျႌတို့၏ ရင်အုပ်ကြွက်သားတို့သည် ခပ်ဖုဖုပ် အရပ်နှင့်ဝင်မလိုက်အောင်ကြွထတ်နေ ကြသည်၊ ဖြူဖွေးသောရင်အုပ်ပေါ်တွင် နက်မှောင်သည့်ဆေးမင်ကြောင်အချို့ နှင့်နီလွင်သောအင်းကွက်အချို့မှာအရာ အပ ဆင်ယင်သောတန်ဆာများသဖွယ် ထည်ထည်ဝါဝါပင် တစ်စွန်းတစ်စ ပေါ် လွင်နေကြ၏၊ သူ၏ဦးခေါင်းပေါ်တွင် ဆောင်းထားသော ပျော့ခမောက်မှာ ဆေး သိုင်းကြိုးကို တင်းကြပ်စွာ ချည်နှောင် ထား၍ အနားနှစ်ဖက်မှာ ကုပ်ကျနေ၏၊ သူသည် ပုဆိုးကို ဝတ်ထားခြင်းမရှိဘဲ မည်းပြာရောင်ဘောင်းဘီရှည်ကိုသာ ဝတ်ဆင်ထားသည်။

ရင်စည်းသည် အကျည်းတန် သောမျက်နှာကို ပို၍ အရုပ်ဆိုးသွား အောင်ပင် တစ်ချက်မဲ့လိုက်ပြီး -

"ဟော့ - မောင်မင်းတ ဘယ်တာလဲ၊ ကျုပ်ကို ဘယ်သူမှန်းမသိလို့ ဝင်ငြီး စွက်ဖက်သလားဟင်"

ဟု နက်ကြောသောအသံနှင့် မေး သည်။

လူရွယ်သည်နီရဲသောနှုတ်ခမ်းများ ကို လှုပသွားအောင်ပြုံး

www.burmeseclassic.com

"နော်ကြီးတို့ကဘယ်မင်းဘယ်စိုး တွေလဲဆိုတာ အမိန့်ရှိရင် ခန့်ညားတန် ခန့်ညားရတော့မှာပလေ"

"မသိရင် သိအောင် မှတ်ထားဘိ၊ ကျုပ်တာ ပုဂံမြို့ဝန်မင်းမဟာပိတ်စည်း ရဲ့လုလင်တော် ငရင်စည်းပဲဟေ့ - သိ လား"

လူရွယ်သည် အသံမထွက်သော် လည်းပို၍ရယ်ပြန်၏။

"တိုတာက လုံမငယ်မို့ ကြောက် မယ်ထင်ပ့ါ၊ ကျွန်ုပ်ကျွန်ကတော့ ဒီမျှ လောက်နဲ့ မကြောက်သေးဘူး - ကိုရင်၊ ဒီတော့ - ကျွန်ုပ်ကျွန်ကိုကြောက်အောင် အသားမပါတဲ့ စကားဗလာတွေနဲ့ ခြောက်ဘဲ အသွားထက်တဲ့ ဓားလက် နက်နဲ့ခြောက်ကြည့်တာကကောင်းမယ် ထင်စ"

သူ၏အသံမှာ ဝဲတဲတဲကလေးရှိ သော်လည်း မြန်မာစကားကိုတော့ ပီပီ သသ ပြောနိုင်သည်၊ ဗျူလော၊ သက် လော၊ရှမ်းလောတနွယ်နွယ်ဖြစ်ကောင်း သည်။

သူ၏စကားဆုံးသည်နှင့်တစ်ပြိုင် နက် ငရင်စည်းသည် လက်ထဲမှ ဓား မြှောင်နှင့်ဆတ်ခနဲ လှမ်းပစ်လိုက်သည်။ ငရင်စည်း၏ လက်မြန်သည်ကို ဝန်ခံရ မည်၊ သို့သော် လူရွယ်၏လက်တာ အနည်းငယ်သာသည်ဟု ဆိုရချေတော့ မည်။

လူရွယ်သည် ခါးထောက်လျက် ရှိသော လက်များကို လျင်မြန်စွာ လွှင့် လိုက်သည်နှင့် တစ်ပြိုင်နက် လက်ဝဲ လက်ထဲတွင် ဓားမြှောင်သည် အဒိမ်မှ ကျွတ်၍ဖောက်ထိုးပါလာ၏၊ တစ်ဆက် တည်းပင် လူရွယ်သည် ငှက်ကြီးတောင် ပံဖြန့်သလို ပြုလုပ်လိုက်ရာ ဓားဦးသည် သူ၏လက်တံတစ်တောင် အောက်မှ လက်ခနဲ ပေါ်ပါးစွာ ငေ့ထွက်လာပြီးသော် ဝင်လာသောဓားမြှောင်ကလေးကို ခတ် ထုတ်မိတော့၏၊ ဓားမြှောင်ကလေး သည် လည်၍ တက်သွားကာ အထက် နားဆီက သစ်ကိုင်းတွင် စိုက်နေသည်။

လူရွယ်သည် လက်ဝဲလက်က ဓား ကို ဦးစောက်ပင် ကိုင်ထားရာက ငရင် စည်းထံသို့ ပြုံး၍ မေးကို ဆတ်ပြ၏၊ ထို အခါ ငရင်စည်းသည် တပည့်များသို့ လှည့်ကြည့်သည်။

"ဒီကောင်တွေ ဘာငိုင်နေကြတာ တုံး"

ငရင်စည်း၏အသံ ထွက်ပေါ်လာ သည်နှင့်တစ်ပြိုင်နက်တပည့်နှစ်ယောက် သည်လူရွယ်၏တစ်ဖက်တစ်ချက်ဆီသို့ ဓားလွတ်များနှင့် ဝင်ကြတော့သည်။

ငရင်စည်း၏ ချုပ်ကိုင်မှု လွတ်ကင်း နေပြီဖြစ်သော်လည်း အိုဖုန်းနေသည် ထွက်ပြေးရန် ကြံရွယ်နိုင်ခြင်းမရှိဘဲ ရပ် တည်မိရာဌာနတွင် ကျောက်ရုပ်သဖွယ် ခြေစုံရပ်၍ လူရွယ်ကိုဓားကြည့်နေမိရာမှ ရင်တွေ ခုန်လှလွန်းသဖြင့် လက်တစ် ဖက်ဖြင့် ဖိထားမိ၏၊ စိတ်ထဲတွင်ကား "ဘုရား - ဘုရား - ငါ့ရဲ့တစ်ယောက် တည်းသောအားကိုးရာ အမည်မသိ လုလင်သည် အန္တရာယ်ကြားမှ လွတ် မြောက်နိုင်ပါ့မလား" ဟု တထိတ်ထိတ် ဖြစ်နေရှာသည်။

စလောင်းက ပုသိမ်ရွှေအိုးကတော့ ဘုရှိမြွေရလှချေသည်၊

လူရွယ်သည်လက်ဝဲလက်မှဓားကို လှည့်၍အဖြောင့်ကိုင်လိုက်သည်၊ တစ် ချိန်တည်းတွင်ပင် လက်ျာလက်က ဘျယ်ပြန့်စွာဖြန့်ဝင်းထားသော ကဏ္ဍိပါ နီတုန်းနီးခင်းအောက်သို့ နှိုက်ထုတ် လိုက်ရာ ငှက်ကြီးတောင် စစ်ဓားတစ် လက်သည် လက်ျာလက်တွင်ပါလာပြန် လေသည်။

ထိုခဏတွင် တစ်ဖက်တစ်ချက်ဆီ မှ ဝင်လာကြသော ငရင်စည်း၏ တပည့် နှစ်ဦးသည် ပြိုင်တူလိုလိုပင် ဓားများကို မိုး၍ စလွယ်ခုတ်ကြလာသည်၊ လူရွယ် ကား ခြေနစ်ဖက်ကို ဆတ်ခနဲတင်တာ မြင်းပေါ်တွင် မတ်တတ်ခြေစုံရပ်၏၊ လက်ဝဲလက်က ဓားဖြင့် ရန်သူ၏ ဓား လက်ကိုင်ဦးကို ပက်ထုတ်လိုက်သည်၊ လက်ျာလက်ကိုကား ရစ်ငိုက်၍ ဓားဓား ချင်း ခုတ်ချလိုက်၏၊ လက်ျာဘက်က ရန်သူ၏ဓားသည် လွင့်စဉ်သွားသည်၊ လက်ဝဲဘက်ကလူ၏ဓားကိုင်ထားသော လက်မှာ ဓားလက်ကိုင်ဦးကို ပက်ထုတ် လိုက်သည်၊ လက်ျာလက်ကိုကား ရစ် ငိုက်၍ ဓားဓားချင်း ခုတ်ချလိုက်၏၊ လက်ျာဘက်က ရန်သူ၏ဓားသည်လွင့် သွားသည်၊ လက်ဝဲဘက်ကလူ၏ ဓား ကိုင်ထားသောလက်မှာ ဓားနောက်ပါ၍ ပြောက်တက်သွားသဖြင့် လူမှာလည်း ကော့လန်လန်ဖြစ်သွားသည်၊ ထိုအခိုက် တွင် လူရွယ်၏ သားရေခြေနင်းစီးထား သောလက်ဝဲခြေသည်ကြွခနဲတက်လာ ပြီးထိုသူ၏မေးရိုးကိုခတ်မိလေရာလက် ဝဲဘက်ကဝင်လာသူသည်မြေပေါ်သို့ပုံ၍ ကျသွားသည်၊

မြင်းနက်ကြီးကား နေသည်လှုပ်သော ကျော့သားကို ရနေပုံရှိ၏၊ သူလည်းပဲ သခင်သည် မတ်တတ်ရပ်၍ ရန်များကို

www.burmeseclassic.com

လှုပ်ရှားတွန်းလှန်နေသည်ကို တစ်ချက်မျှ ထိမ်းထိန်းခြင်းမရှိ ကြံ့ကြံ့ခံရပ်နေဘိသည်။

လူရွှယ်သည် လက်ျာဘက်က လူဆီသို့ လှည့်ကြည့်၏။ ထိုလူမှာ တော်တော်ဝေးဝေးသို့ လွင့်စဉ်သွားသောဓားကို လိုက်ကောက်ရန် ပြေးနေသည်။ ထိုအခါ လူရွှယ်သည် လက်ဝဲလက်ကဓားကိုဖစ်၍ ဦးဖောက်ပြန်ဖမ်းကာ ခါးတွင်လွယ်ထားသော အအိမ်ထဲသို့ ပြန်သွင်းပြီး မြင်းပေါ် ပြန်ခွထိုင်၏။ ပြီးနောက် လက်ဝဲလက်က ကုန်းနှီးခင်းအောက်သို့ နှိုက်ပြီး ပြန်ထုတ်လိုက်ရာ ကျွဲချိုရိုးနှင့် ဓားမြှောင်တစ်လက် ပါလာပြန်သည်။

လူရွှယ်သည် ဓားကို ပြေးကောက်နေသောလူဆီကို မျက်မှောင်ကုတ်ကာ ကြည့်ရင်း စိတ်ထဲက အကွာအဝေးကို ချိန်ဆနေပုံရ၏။ ရန်သူသည် ထိုခဏတွင် မြေပေါ်မှဓားကို ကုန်း၍ကောက်လိုက်သည်။ သူ၏လက်သည် ဓား၏လက်ကိုင်ပေါ်သို့ အုပ်၍ကိုင်မိလုဆဲဆဲတွင် ဝိုးခနဲ မြည်သံနှင့်အတူ ဓားမြှောင်ကလေးသည် လက်ဖမိုးပေါ်သို့ လာ၍စိုက်လေတော့ရာ "အောင်မယ်လေးဗျ" ဟု အော်၍ ထိုလူသည် မြေကြီးပေါ်သို့ ဖင်ထိုင်လျက် ကျသွားလေသည်။

လူရွှယ်သည် ရေဝင်စည်းဘက်သို့ ချာခနဲ ပြန်လှည့်၏။ ရေဝင်စည်းကား သူ့မြင်းရှိရာသို့ သွားရန် လမ်းဘေးမြေအမြင့်ကလေးကို ကုန်းတက်စ ပြုနေလေသည်။

"အလို - မဟာပိတ်စည်းရဲ့ လှုလင်ကျော်မဟာ အကြောက်သည်း ကျွန်ုပ်ကျွန်ရဲ့လက်က မလွတ်သာဘူးလေ"

လူရွှယ်က ဝဲဝဲကလေး ပြောလိုက်သည်တွင် ရေဝင်စည်းသည် ကုန်းကုန်းကွကွအနေအထားကပင် ခေါင်းကိုငုံ၍ ချိုင်းအောက်ကပြန်ကြည့်သည်။

မြင်းကုန်းနှီးအောက်က ပြန်ထုတ်လိုက်သောလူရွှယ်၏လက်ဝဲလက်တွင် ကျွဲချိုဓားမြှောင်ကလေးသည် တလက်လက်နှင့်အရောင်ထွက်နေ၏။ ရေဝင်စည်းကား နှမ်းလျစွာ ပြန်လှည့်သည်။

"ဒီမှာ - မိတ်ဆွေ - ကျုပ်တို့နဲ့ ကိုရင်နဲ့ဟာ ရန်သူတွေ မဟုတ်ပါဘူး။ ဒီတော့ ကျုပ် တောင်းပန်ပါတယ်၊ မိတ်ဆွေကို ရန်မပြုပါဘူး၊ ကျုပ်ကိုလဲ ပြန်ခွင့်ပေးပါ"

လူရွှယ်သည် မျက်မှောင်ကုတ်ဆဲရာက မြေကြီးပေါ်မှ သတိရ၍ ပြန်ပြီး လူးလဲထထိုင်သောလူကို တစ်ချက်ကြည့်သည်။ ထိုနောက် ပြုံးရွှင်စွာပြင်ပင် ရေဝင်စည်းကို ပြန်၍ကြည့်၏။

"လုံမ မပါရင် ပြန်ခွင့်ပေးမယ်"

ရေဝင်စည်းသည် အိုဖုန်းနေကို တစ်ချက်ကြည့်ပြီး မဲ့ရွဲ့ကာ လူရွှယ်ကို ပြန်ကြည့်ရင်း ပြော၏။

"ကောင်းပါပြီ - ဒီကောင်မကို ထားရစ်ပါ့မယ်၊ ဒါပေမဲ့ - မိတ်ဆွေ တစ်ခု သတိပြုပါ၊ ဒီကောင်တော့ အခိုက်ကြီးတယ်၊ သူနဲ့အတူရှိနေသရွေ့ မိတ်ဆွေရဲ့ အသက်ဟာ ဆံချည်ထည့် ထားသလောက်ပဲ မြဲတော့တယ်ဆိုတာတော့ သတိပြုပါလေ"

လူရွှယ်သည် ပြုံးရွှင်သွားပြန်၏။

"ကျွန်ုပ်ကျွန်က သူ့ကို ခေါ်မထားပါဗျာ၊ သွားလိုရာ ချက်ချင်းလွှတ်မှာပါ၊ ဒါပေမဲ့ - အဲသလိုလွှတ်တာက လူလူချင်း ရှိသေလို့ လွှတ်တာပါ၊ နောင်ကြီးတို့ စကားနဲ့ ခြောက်တာကို ကြောက်လို့ မဟုတ်ပါဘူး။ ကျွန်ုပ်ကျွန်ရဲ့မိခင်က ကျွန်ုပ်ကျွန်ကို မွေးလိုက်စဉ်မက နောင်ကြီးတို့မှာလို ကြောက်မွေးစိုက်မပေးလိုက်ဘူးလေ"

လူရွှယ်၏စကားများမှာ ခံပြင်းစရာကောင်းလှသော်လည်း သူ၏တိုက်ရည်ခိုက်ရည်မှာ ခန့်ညားစရာဖြစ်သဖြင့် ရေဝင်စည်းတို့မှာ ဘာတစ်ခွန်းမျှပြန်မပြောတော့ဘဲ မြင်းများတိုစီး၍ သရုပါအရပ်ဘက်ဆီသို့ ဦးတည်၍ အပြင်းနှင်ကာ ပြန်သွားကြတော့သည်။

လူရွှယ်သည် လက်ျာလက်က ဓားရှည်ကို ကုန်းနှီးအောက် ပြန်သွင်း၏။ ထိုနောက် မြင်းပေါ်မှပင် အဝေးသစ်ပင်တွင် စိုက်နေသောဓားမြှောင်ကို ဆွဲနုတ်သည်။ တစ်ဖန် မြင်းပေါ်က ဆင်း၍ မြေကြီးပေါ်တွင် ရေဝင်စည်း၏ တပည့်ကျော် ချပစ်ထားခဲ့သော သွေးလူးဓားမြှောင်ကို ကောက်ကာ ဓားမြှောင်လေးနှစ်စင်းကို လက်တစ်ဖက်ဆီက ကိုင်ရင်း အိုဖုန်းနေဆီသို့ လျှောက်လာသည်။

အိုဖုန်းနေသည် လူရွှယ်လုပ်တိုင်းနေသရွေ့ကို အရုပ်ပမာ ငေးကြည့်နေရာက ငေးကြည့်နေရာက သူ့နှားသို့ ချဉ်းကပ်လာမိသောအခါတွင် ဓားရှက်လွှာကို ချကာ ခေါင်းကို ငုံ့ထားမိလေတော့သည်။ လုံမငယ်တို့၏ဘဝတွင် အချစ် အကြောက်၊ အရှက်၊ အရှင် စသော စိတ်ခံစားမှု ပြင်းပြင်းထဲက တစ်ခုခုသည် ထာဝစဉ် အလှည့်ကျကြီးစိုးနေသည်ဟု ဆိုရပေတော့မည်။

"အမည်က အိုဖုန်းနေလို့ ထား...နှငယ်"

www.burmeseclassic.com

အိုဖုန်းဖနေသည် သူစိမ်းလူရွယ်၏ မျက်နှာကို မော့မကြည့်ဝံ့သဖြင့် လက်များဆီသို့သာ ကြည့်နေသည်။ လူရွယ်သည်အင်္ကျီလက်တိုကိုဝတ်ထားသည်ဖြစ်သောကြောင့် ဖြူဖွေးသောလက်မောင်းသားများသည် ထင်ရှားစွာ ပေါ်လွင်နေ၏။ လက်ကောက်ဝတ်နစ်ဖက်တွင်တား လက်တစ်ဝါးခန့်ရှိသော သားရေလက်ကျပ်များကို စည်းနှောင်ထားသည်ကို တွေ့ရသည်။

"ဩ – မိဖုန်းနေပါ။ အရှင့်အမည်ကိုလဲ နည်းတော့သိပါရစေသား"

လူရွယ်သည် ခပ်တွေတွေဖြစ်သွားပြီးမှ နီရဲသောနှုတ်ခမ်းလွှာကိုပွင့်အောင် ပြုံးလိုက်လေ၏။

"မိတ်ဆွေကို အတွေ့လာတာ ရန်သူနဲ့ တွေ့ခင်နေတော့ ကျွန်ုပ်အမည်ကို မပြောဦးသေးဘဲ ထားတာက တော်မယ်ထင်ပါ့ – နမငယ်၊ ဒီအရပ်မှာ ညှို့သည်မို့ ညှို့သည်လို့ပဲ အမှတ်ထားပါ"

သူ့စကားကိုကြားသောအခါအိုဖုန်းနေသည်ပြုံးရယ်မိပြီး ဖျတ်ခနဲ တစ်ချက် မျက်နှာကို မော်၍ကြည့်၏။

"ဩ – ကိုရင်ညှို့သည် – အခုလို ကျွန်တော်မကိုကယ်ဆယ်တာ ကျေးဇူးပါဥပကာရအင်မတန်တင်ပါရဲ့ – အရှင်"

"ဒါထက် – မယ်မင်း – ဒီကို ဘာလာလုပ်သလဲ။ ဒီနေရာမျိုးဟာ သာယာအေးချမ်းတဲ့ဒေသမျိုးမှာတော့အတွက်မရှိလှပါဘူး။ ဒါပေမဲ့ – အခုတွင်ကလို လူယုတ်မာတွေ ပုဂ်နေပြည်တော်တစ်ဝိုက်မှာ အုံခြစဖွယ် ကျက်စားနေတဲ့ ကာလမျိုးမှာတော့ လုံမပျိုတွေနဲ့ လားလားမှ မလျော်ဘူး မှတ်ပါတယ်"

"ဩ – ဒါပေမဲ့ – အမှုကလေးရှိလို့ ကျွန်တော် မ,လာရတာပါ"

"အမှုကိစ္စကို ကျွန်ုပ်သိပါရစေလား"

အိုဖုန်းနေသည်မျက်လွှာကိုချလိုက်၏။ ပြီးတော့ – သူ့ရင်တွေဖြိုးကြွ ချည်းနှိမ့်ကျချည်ဖြစ်လာသည်။

"ကျွန်ုပ်ကို မောင်ကြီးသဖွယ် မှတ်ပိုက်ပါ။ ရဲရဲသာ ဖွင့်ပြီးပြောပါ – နမငယ်။ ကျွန်ုပ်ဟာ သူတော်စင်ကြီးမဟုတ်ပေမဲ့ လူစဉ်တော့ မိတဲ့လူပါ။ ခွေးလိုမယုတ်မာတတ်ပါဘူး"

"ဩ – အားကိုးပါတယ် – မောင်ကြီးညှို့သည်။ အခွင့်သင့်တိုင်းလဲ အားကိုးပါရစေ"

လူရွယ်သည် ပြုံးပြန်သည်။

"ကျွန်ုပ်မှာ သံသရာက ရှည်လှတယ်။ တစ်ဘဝနစ်ခါရောက်ခဲ့ပါဘိ။ ကြုံတောင့်ကြုံခဲ တစ်ဖန်ဆုံကြဦးမယ်ဆိုရင်တော့ အားကိုးပါ။ ကူညီဖို့ထာဝရအသင့်ပါပဲ၊ နမအကြောင်းတွေသာ သိပါရစေတော့"

အိုဖုန်းနေသည် သက်ပြင်းရှည်ကလေးကို ချလိုက်သည်။ လူရွယ်၏ပြန့်ကားသောနားရွက်နှင့် ကျယ်ပြန့်သောနဖူးတို့က အားကိုးလောက်သည်ကို ဖော်ပြနေသည်ဟု သူ ယူဆလိုက်ကာ ခပ်တိုးတိုးပင် ပြန်ပြောမိလေ၏။

"ကျွန်တော်မ ရည်ငံသူက စကားထည့်လိုက်လို့ဒီဒေသကိုလာစောင့်တာပါ။ လူယုတ်မာတွေက ဘယ်ပုံရောက်လာတယ်မသိ"

"နမရဲ့ရည်းစားသူက နမကို ကိုယ်တိုင်မှာသလား"

"မဟုတ် – ကျွန်တော်မကို အကြားစကားသယ်သူ အိုပိုက်ဆိုတာ ရှိပါတယ်၊ အိုပိုက်နဲ့ စကားထည့်လိုက်လို့ပါ"

လူရွယ်က တွေသွား၏။

"မယ်မင်းရဲ့ရည်းစား . . . သူက ဓားသမားတွေ တွေ့ဦးသွားလို့ ရှုံသွားတယ် ထင်ပါ့"

အိုဖုန်းနေသည် တလက်လက်တောက်ပသောမျက်လုံးများဖြင့် လူရွယ်ကို ဆတ်ခနဲ မော့ကြည့်သည်။ ပြီးတော့ သူ့အသံတွေ မာကြောလာ၏။

"ဒီစကားမျိုးတော့ လားလားမှ မစေချင်ပါ။ ကိုရင် ထက်ဝန်းဟာ သူလိုငါလို ဓားကိုသာ ကိုင်ရမယ်ဆိုရင် ဒီဒေသမှာ သူကြောက်ရမယ့်လူမရှိလို့ ထင်ပါတယ်၊ ခုတော့ ..."

လုံမပျိုသည်မျက်လွှာကိုပြန်ချလိုက်သည်၊ ကျလာသော မျက်ရည်ပွင့်ကြီးများသည်မြေပေါ်သို့တောက်ခနဲ တောက်ခနဲ ခုန်ဆင်းသွားကြ၏။ လူရွယ်သည် ရုတ်ခြည်းပင် အားနာသွားပုံရသည်။

"အို – နမငယ် – မငိုလေနဲ့။ ကျွန်ုပ် စကား စော်ကားရာ ရောက်သွားတယ် ထင်ပါ့။ တောင်းပန်ပါတယ်လေ။ ကိုရင် ထက်ဝန်းဆိုတာက ဘာဖြစ်လို့ဓားမကိုင်နိုင်တော့သလဲ၊ ခြေလက်အင်္ဂါ"

"မဟုတ်ပါ – မောင်ကြီး၊ သူဟာ မိမွေးတိုင်းဖမွေးတိုင်း အကောင်းပကတိပါ။ မင်းမီးအာဏာတော်က သူ့ကို ချုပ်ခြိမ်နေပါတယ်"

မင်းမီးဆိုသည်မှာ လက်ရှိအုပ်ချုပ်နေသော ဘုရင်အနော်ရထာကိုပင် ဆိုလိုသည်ကို လူရွယ်ကလည်းကောင်းစွာ သဘောပေါက်သည်၊ သို့သော် ... စကားတွေတိုတော့ သိပ်ပြီးသဘော ပေါက်ပုံမရချေ။

www.burmeseclassic.com

"ပိုပြီးရှင်းလင်းအောင်ဆိုမိန့်စေချင်ပါသေးတယ်"

"ကိုရင်ထက်ဝန်းဟာ အရည်းတွေရဲ့တပည့်ပါ။ ဒါကြောင့် - အခုအခါမှာ ဆင်တင်းကုပ်လှလင်ဘဝနဲ့နေရပါတယ်။ အရည်းတပည့်တပန်းတွေဟာ ရပ်ထဲရွာထဲမှာ ဓားလက်နက်စွဲကိုင်ခြင်းမရှိစေရ – ဆိုတဲ့မင်းမိန့်ရဲ့အာဏာတော်ကြောင့် ဓားတို ကိုင်ရုံနဲ့ သူပုန်သူကန်ဖြစ်ရမယ့် အရေးပါ။ ကိုရင်ထက်ဝန်းဟာ မင်းမိန့်ကို ချစ်တတ်သူမို့ အာဏာတော်ကို ဦးထိပ်ရွက်နေပါတယ်။ အရည်းရဲ့တပည့်ဆိုရင် ဓားရေးလှံရေး၊ ကာရေး၊ ဒိုင်းရေးတွေမှာ ထစ်ဖက်ကမ်းခတ်ကြတာကို နေပြည်တော်တစ်ဝှမ်း သိပြီးဖြစ်ပါတယ်။ ကိုရင်ထက်ဝန်းဟာ ဓားသာစွဲခွင့်ရှိရင် စုတွင်တမြို့တော်ဝန်ရဲ့မင်းအလင့်(မင်းလုလင်)တွေဟာ ပြောရပါစေတော့ - မောင်ကြီးကြောက်သေးဖျန်းဖျန်းယိုကြမှာပါရှင်"

လူရွယ်သည် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်၏။

"ကိုင်း - အချိန်နည်းနေပြီ။ နေဝင်တော့မယ်။ ဘယ်ကိုပြန်မလဲ။ ကျွန်ုပ်မြင်းနဲ့ လိုက်ပို့ပေးမယ်"

အိုဖုန်းနေသည် ဦးခေါင်းကို တွင်တွင်ခါယမ်း၏။

"ရှိစေတော့ - မောင်ကြီးစည့်သည်ရယ်။ ကျွန်တော်မ ဖြတ်လမ်းက ပြန်တတ်ပါတယ်၊ သရပါကိုပဲ ပြန်မှာပါ။ ဒါထက် - မောင်ကြီးစည့်သည် ဘယ်တလာလို့ ဘယ်ကိုသွားမှာပါလဲ"

လူရွယ်သည်နီရဲသောနှတ်ခမ်းလွှာကို ပွင့်အောင်ပြုံးပြန်၏။

"တောင်ကြီးတွေအထပ်ထပ်ကျော်ရတဲ့လမ်းခရီးက လာခဲ့တာပါ။ သွားမှာကတော့ ပုဂံနေပြည်တော်ဆီကိုပဲ"

"ဒါဖြင့် - နေပြည်တော်အဝ သရပါအရပ်ကာ မိဖုန်းနေဆီကိုလဲ အခွင့်ကြုံရင် ရောက်ခဲ့ပါ။ မှဆိုးမကြီးအိုအိမ်ရဲ့အိုးဈေးဆိုင်ကိုရှာရမခဲလှပါဘူး - မောင်ကြီးစည့်သည်။ ကဲ - ခွင့်လွှတ်ပါ - ကျွန်တော်မ သွားပြီ"

ပြောပြောဆိုဆိုနှင့်အိုဖုန်းနေသည် ချာခနဲ လှည့်ပြေးသည်။ ခဏမျှသာ တောလမ်းကလေးအတိုင်း ပြေး၏။ သို့သော် ဆယ်လှမ်းခန့်အရောက်တွင် လမ်းကြားရှုံသေးများသို့ဝင်ရန်ပြင်တာ တစ်ချက်လှည့်ကြည့်သေးသည်။

လူရွယ်သည်မြင်းကုန်းနှီးကိုပြင်၍ အုပ်ရန် ဖြန့်၍မ၏။ မြင်းကုန်းနှီး၏ အောက်မြင်း၏ကိုယ်တွင် သားရေ ပတ်ကြီးပတ်ထားပြီးထိုခါးပတ်ပေါ်တွင် သားရေအအိမ်များနှင့် စီရရီတန်းနေသောဓားမြောင်များကို ခြောက်စင်းထက်မနည်း တွေ့မြင်နိုင်ပေ၏။

အိုဖုန်းနေကားတစ်ချက်မျှသာလှမ်းကြည့်ပြီးလျှင် လမ်းသေးချုံကြားများအကြားကို ကွေ့ဖြတ်၍ ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။

လူရွယ်ကား မြင်းကို အသားကျ စီးလာရင်း အတွေးနယ်ချဲ့၍ လာခဲ့လေရာ ပုဂံနေပြည်တော်၏ အစပ်သရပါအရပ်သို့ ရောက်ရှိလာလေသည်။ နေဝင်ဆဲတာလဖြစ်၍ လုံးဝမမှောင်သေးဘဲ နွားရိုင်းသွင်းချိန်သာ ရှိသေးသော်လည်း သရပါရပ်မှာ နေပြည်တော်နှင့် စပ်နေသည်ဖြစ်သောကြောင့် မီးတိုင်များ ဖြိုးဖြိုးဖြောက်ဖြောက် ထွန်းညှိထားပြီးဖြစ်၏။

မကြာမီပင် လူရွယ်သည် သေဆိုင် (အရက်ဆိုင်) တစ်ခုကိုမြင်မိ၍ ချိုးဝင်ခဲ့၏။ အိမ်ဆိုင်မှာ နှစ်ထပ်အိမ်၏ အောက်ထပ်တွင် ဖွင့်ထားသည့်ဆိုင်ကြီး ဟု ခေါ်ရည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သေးအက်တွင်မြင်းတင်းကုပ်ရှိပြီးမြင်းတင်းကုပ်၏အစပ်တွင် မီးတိုင်ကို ထွန်းညှိကာ ချည်နှောင်ထားသောကြောင့် ဖြစ်သည်။ လူကြီးလူကောင်းများ ဝ... ထွက်ရာ သေရည်ဆိုင်ဖြစ်ပေ၏။

လူရွယ်သည်မြင်းတင်းကုပ်ရောက်... သောအခါ လုလင်ငယ်တလေးတစ်... ယောက်သည်ပျာပျာသလဲထွက်လာ၍... လက်ကမ်း၏၊ သို့သော် လူရွယ်က... ဦးခေါင်းယမ်းပြသည်။

"နေရာသာပြပါ - ညီငယ်၊ ငါ့မြင်းက... သူစိမ်းအကပ်မခံဘူး"

လူရွယ်သည် လုလင်လေးပြသော... နေရာတွင် မြင်းကို ချည်နှောင်ထား၍... ကုန်းနှီးကို ဝမ်းအောက်မှ ကြိုးဖြေများ... အချင်းချင်းတင်းကြပ်စွာချည်နှောင်ထား... သည်။

"နောင်တော် - အစာတွေးရင်... တော့ ရမှာပေါ့နော်"

"ဟုတ်ပါ့၊ မြင်းနွား သိပ်တော်နဲ့... အရေ့ကသာ အစာစွတ်ရပေး ရော... အသပြာ"

ပြောပြောဆိုဆိုနှင့် လူရွယ်သည်... ငွေဒင်္ဂါးတစ်ပြားကို လုလင်ငယ်ဆီသို့... ပစ်ပေး၏။ ကျင်လည်သောလုလင်... သည် ငွေစကို ဖမ်းလင့်သည်။

လူရွယ်သည်ပြုံးရင်ပြီး ဆိုင်ရှေ့... ဘက်ဆီသို့လျှောက်... ဆိုင်၏အရှေ့...

www.burmeseclassic.com

သမ်း၏တစ်ဖက်တွင် ကုလားတို့၏ ဘုရားဝတ်ကျောင်းအဟောင်းကြီး တစ်ခုညည်းမှောင်စွာတည်ရှိနေသည်ကို သတိပြုမိသည်။ ထိုနောက်တွင်ကား လူရှယ်သည် ဆိုင်ထဲသို့ အလယ်ဝင် ပေါက်ကြီးမှ ဝင်သွားလေ၏။

အောက်ထပ်သည်ကား မြေကြီး သာရှိ၍ ကြမ်းပြင်မရှိသဖြင့် ခြေသံတို့ ကြည်မြိုင်းမရှိချေ။ အထပ်ထပ်သို့တက် သောလှေကားသည် အဆုံးဘက်တွင် မြင်နေရ၏။ လူရှယ်သည် ဝင်ပေါက်၏ လက်ျာဘက် ထောင့်ကျကျ ပြတင်းနား တခုံတွင် ဝင်ထိုင်သည်။ သူ့ဘေးက ပြတင်းမှာ တလားကိုဝါးလုံးဖြင့်ထောက် ၍ ဖွင့်ထားသည်။ လူရှယ်ကား မျော့ အောက်ကြီးကို ဆောင်းထားဆဲဖြစ်၍ သူ့မျက်နှာမှာ မှောင်ရိပ်ကျနေ၏။ သူ ကားအေးအေးဆေးဆေးပင်ကြွက်ပေါင် ကြော်နှင့် သေတစ်ခွက်ကို ဝါးခွက်ဖြင့် အရသာခံ၍ သောက်နေလေသည်။

သေဆိုင်ပီပီ လူတို့သည် ဝင်လိုက် ထွက်လိုက်နှင့် ရှိနေကြ၏။ သို့သော်များ ကြောမီဝင်လာသော လူတစ်ယောက် ကြောင့် လူရှယ်၏ မှောင်ရိပ်ထဲမှ မျက် လုံးများသည် တဖိတ်ဖိတ်တောက်သွား တော့သည်။ သူ့မျက်နှာကိုလည်း ဟို ဝရိပ်ထဲသို့ ဝိုး၍ရောက်အောင် ရွှေ့ပြီး မမိုတ်မသုန် စိုက်ကြည့်နေသည်။ ဝင် လာသူကားအေးဘီကို သိပ်ဂရုမစိုက်ဘဲ အပေါ်ထပ်သို့ တက်သည့်လှေကားဆီ သို့သာ တန်းတန်းမတ်မတ် လျှောက် သွားနေသည်။

သူကား လက်ျာဘက်ပါးပြင်ပေါ် တွင် ကန့်လန့်စင်းအမာရွတ်နှင့် ကိုရုပ် ဆိုးကြီးပင် ဖြစ်ချေ၏။ သူကား တစ် ယောက်တည်းပင်ဖြစ်ပြီး လှေကားမှ တက်သွားသည်။

လူရှယ်သည် နောက်ထပ်ကြွက် သားကြော်များနှင့် သေရည်တစ်ကျည် တောက်ထပ်၍မှာကြားကာ အချိန်ဆွဲ၍ စားသောက်နေသည်။ သူ၏အပြုအမူ မှာအေးစက်တည်ငြိမ်သလောက် သူ၏ ဦးနောက်ကား အကြီးအကျယ် လှုပ်ရှား ကစားနေသည်ကိုတော့ တလက်လက် နှင့်ဟိုသည်လူးလာနေသည့်မျက်စိမျက် ဆံတို့က ဖော်ပြနေပေ၏။

***

အပေါ်ထပ်တွင်ကား မြို့ဝန်ကြီး မဟာပိတ်စည်းသည် ကော်ဇောကြီးပေါ် တွင် လဲလျောင်း၍ အုံးဝန်းကိုတံတောင် ဖြင့်ထောက်၍ လက်ဝါးက ခေါင်းကို ထောက်ထားသည်။ သူ၏ဆင်းထား သော ခြေသလုံးနှစ်ဖက်ကို လက်ပါးစေ နှစ်ဦးက နှိပ်နယ်ပေးနေကြ၏။ မြို့ဝန်ကြီး အနီးတွင် သေဆိုင်ပိုင်ရှင်လည်း ဖြစ်၊ မြို့ဝန်ကြီး၏ညီလည်းဖြစ်သော ဦးပြည့် သင် ထိုင်နေသည်။

ထိုအခိုက် ပျာယီးပျာယာနှင့်တက် လာသော ရေင်စည်းကို မြင်သောအခါ မြို့ဝန်ကြီးက -

"ဘယ့်လိုလဲဟေ့ - လုံမကို တွေ့ခဲ့ လား"

ဟု အမြောက်ပင် မစောင့်နိုင်တော့ သလို ဆီးကြို၍ မေးလင့်၏။ ရေင်စည်း သည် သင့်လျော်ရာနေရာတွင် ဝင်ထိုင် လိုက်ရင်းစားလွယ်ကိုဖြုတ်၍ဘေးတွင် အလျားလိုက်ချထားသည်။

"မှန်ပါ - မြို့ဝန်မင်း၊ ကျွန်တော်မျိုး ကြီး ပုန်းကွယ်ပြီး စောင့်ကြည့်နေတဲ့ အခိုက်မှာပဲ အိုဖုန်းနေဟာ အိမ်ကို ပြန် ရောက်ပါတယ်။ ပုပ်နံးကို အကဲခတ်ရ တာဖြင့်သူဟာ ထေက်ဝန်းနဲ့ တွေ့ခဲ့ပုံမရ သေးပါဘုရား"

မြို့ဝန်ကြီးသည် ဦးခေါင်းကို တခေါက်ခေါက် ညိတ်လိုက်၏။

"အိမ်း - ဒီလိုဆို သိပ်ဟန်ကျသပ၊ ထေက်ဝန်းကို ဒီကိုခေါ်ဖို့လိုနေပြီ"

မြို့ဝန်၏စကားကို ကြားသောအခါ ရေင်စည်းရော ဦးပြည့်သင်ပါ အံ့အော သင့်သွားကြပါလေ၏။ ထိုအခါရေင်စည်း က ဘာမျှပြန်မပြောသော်လည်း ဦးပြည့် သင်ကမူ အစ်ကို၏စကားကို သဘော မပေါက်သည့်အသွင်ဖြင့် ပြန်မေး၏။

"ဒီကို ဘာလုပ်ဖို့ခေါ်မှာလဲ - ကိုရင် ရဲ့ နို့ပြီး ခေါ်တော့ကော ဒီကောင်လေး လာမတဲ့လား။ ကိုရင် ဘာကြံ့တယ် တာ ကျုပ်တော့ မတွေးတတ်အောင် နေပြီကော"

မြို့ဝန်ကြီး မဟာပိတ်စည်းသည်ညီ ဖြစ်သူကိုကြည့်ရင်းပြုံးလိုက်လေသည် ပြီးတော့ - လက်တစ်ဖက်ဖြင့် နုတ်ခမ်း မွေးတားတားကြီးကို သပ်သည်။

"မြည့်သင်တို့များ ကြံရည်ဖန်ရည် တယ်ညံ့သကိုး။ ဒါကြောင့်လည်း ချော စောကိုတွေ့ရှိတဲ့မင်းမှုထမ်း မဖြစ်တာ ရေင်စည်း အစီရင်ခံ တင်လျှောက်တဲ့ အတိုင်းဆိုရင် သူစိမ်းတစ်ယောက် ဝင် လာပြီမဟုတ်လား။ ဝင်ဝင်ချင်း ထောက် နဲ့တွင်းတာပဲ။ ငါတို့နဲ့ ရန်သူဖြစ်သွားပြီး အကယ်၍ဒီညသည်တစ်ရက်ထဲ သားဟာ ထေတ်ဝန်းနဲ့ ချောင်း ဖြစ်ပြီး အခု ထေတ်ဝန်း ရောက်တယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

အတွက် ရန်ပွားမလာဘေဘူးလား။ အနှောင့်အယှက် ကြီးမားမလာပေဘူးလား–စဉ်းစားပါ"

ဦးပြည့်သင်နှင့် ရေင်စည်းတို့နှစ်ယောက်သားသည်ငိုင်ကျသွားကြတော့သည်။ ပြီးမှ –ရေင်စည်းက ခေါင်းကို တဆတ်ဆတ် ညိတ်၏။

"အဲဒီလိုသာဆိုရင် အင်မတန်ကြောက်စရာကောင်းတဲ့အန္တရာယ်ကြီးပါဘဲ –မြို့ဝန်မင်း။ ညွှသည်က မားရေးသိပ်တောင်းတယ်၊ ထေက်ဝန်းကို မမီတောင် လက်ရည်တူလောက်ကို ရှိနိုင်တယ်"

"အိမ်း–ဟုတ်သပ–ရေင်စည်း။ ထေက်ဝန်းလက်ရည်ကောင်းတာတော့ထားဘိ၊ သူက မားလက်နက်စွဲကိုင်နိုင်တဲ့တောင်မှမဟုတ်တာ၊ အဲ–ဒီညွှသည်က လက်ရည်ကောင်းရာမှာ မားကိုပါကိုင်စွဲနိုင်တော့–အို–ကြာရှည်ဆွဲနေလို့မဖြစ်ချည်ဘူး၊ ထေက်ဝန်းကို ဒီကိုခေါ်လိုက်၊ သူနဲ့ ညွှသည်နဲ့ မတွေ့မီခင်ခေါ်မှဖြစ်မယ်၊ ရေင်စည်းအိုပိုက်ကိုသွားခေါ်စမ်း၊ မြင်းလှည်းနဲ့ ခေါ်ခဲ့၊ မောင်မင်းရဲ့လက်စွဲတော် ဖြေစ်တို့၊ ဆေန်းတို့ကိုပါ တစ်ပါးတည်း ခေါ်ခဲ့၊ နို့ပြီး–ငါ့အိမ်က နလင်ကျော် (လုလင်ကျော်) တွေဖြစ်တဲ့ ဖေနှံးတော်နဲ့ရွှေက်ပုန်းကိုပါဝင်ခေါ်ခဲ့ဘိ၊ ဒီကျတော့ ငါစီမံမယ်၊ ဒီကပြန်တော့ အိုပိုက်တစ်ယောက်ထဲပြန်လွှတ်လိုက်မယ်၊ ရထားမောင်းသူကိုပါအသေအချာမှာခဲ့ဘိ"

ဤတွင်ဦးပြည့်သင်ကဖြတ်မေးမြန်သည်။

"ထေက်ဝန်း ရောက်လာရင် ဘာလုပ်မလို့တုံး–ကိုရင်ရဲ့"

"နံ လှ ပါဘိ –ဖြေည့်သင်ရယ်၊ ငါ့နလင်ကျော်တွေနဲ့ ဖြေစ်တို့ပါပေါင်းပြီး သူ့ကို ရန်စကြရမယ်၊ ထိုးကြိတ်သတ်ပုတ်ရမယ်၊ အဲဒီ့အခိုက်မှာ ငါက စစ်ကဲကြီးသတိုးယောမာပတိကိုသွားခေါ်ငင်ခဲ့မယ်၊ ဒီမှာ နလင်ကျော်တွေက ထေက်ဝန်းကိုသုတ်သင်နှင့်၊ ပြီးတော့ သူ့လက်ထဲမားထည့်ထားပေး၊ စစ်ကဲကြီးရောက်လာရင် ထေက်ဝန်းဟာ မားကိုင်စွဲလို့ အနိုင်နိုင် သုတ်သင်ရကြောင်း လျှောက်ကြ၊ ရာဇဝတ်သင့်နိုင်ပါဦးမလား"

ဦးပြည့်သင်သည်ငိုင်ကျသွားတော့သည်။ မြို့ဝန်ကြီး၏ အကြံအစည်မှာ အကွက်စေ့လှ၏။ သူသည် စစ်ကဲကြီးသတိုးယောမာပတိနှင့် ခင်မင်၍ ဤနေရာသို့ မကြာခဏ ပင့်ဖိတ်ပြီး သေဖြင့်ညှိခံလေ့ရှိသည်၊ စစ်ကဲကြီး သတိုးယောမာပတိသည်ကားကျော်စောကိတ္တိရှိလှပေသောလုံ့လယ်ဖယ်ပင်တည်း။ သူသည်ဖြောင့်မတ်တည်ကြည်၏၊ ရဲရင့်၍အစွမ်းကောင်း၏၊ မင်းကြီးနော်ရထာထံပေါက်ရောက်သူဖြစ်ရုံမက မင်းကြီး၏ လက်ရုံးကြီးတစ်ဆူလည်းဖြစ်ပေသည်၊

ဤထောင်ချောက်အတိုင်းသာ ဝင်ခဲ့ပါမူ ခရမ်းသီးပိန် မားတုံးဘဝတွင် ရောက်ရှိနေသော ထေက်ဝန်း(ခေါ်) အညာကြက လေးသည် သမုဒ္ဒရာထဲ ကျအပ်သော ရှူစက်ကလေးကဲ့သို့ လောကလူ့ခွင်မှအမှတ်မထင်ပျောက်ကွယ်သွားရတော့မည်သာဖြစ်ရျော၏၊

"ကဲပါလေ–ရေင်စည်း။ မြန်မြန်သွားဘိ–ဖြေည့်သင်ကလည်း ဆိုင်ကိုစောစောပိတ်မယ်ဆိုပြီး ဝယ်သူတွေကိုနှင်လေတော့"

***

မြို့ဝန်ကြီးတို့ စိုးရိမ်ပူပန်ပြီး ပျာယာခပ်နေသလောက် သူတို့၏အောက်ထပ်အခန်းဝင်ရှိနေသော ညွှသည်လူရွယ်ကားတည်တည်ငြိမ်ငြိမ်အေးအေးဆေးဆေးပင်ချောင်ထဲကမှောင်ရိပ်တွင်ကုပ်သာစားသောက်နေသည်၊

နေဝင်သွားပြီဖြစ်၍ ဆိုင်ထဲတွင်မီးတိုင်တို့သာ အားဖြင့်နေရသော အခါ သမယဖြစ်နေသည်နှင့်အညီ ညွှသည်၏နေရာမှာ ချောင်ကောင်းလှ၏။ မီးတိုင်သုံးလေးခုမှာလည်း လှေကားဆီသို့ဦးတည်သော အလယ်ခန်းလမ်းကိုသာ အဓိကထား၍ချည်နှောင်ထားသည်ဖြစ်ရာ လမ်းကလှသည် ညွှသည်ကို ရုတ်တရက် သတိမမူနိုင်စေကာမူ လူရွယ်ကားအာရုံသိပ်မစိုက်ဘဲနှင့်ပင် လှေကားလမ်းကို မြင်နိုင်နေပေသည်၊

ရေင်စည်းသည် ဗျာများများနှင့် လှေကားမှ ဆင်းလာပြီး အပေါက်ဝသို့ တန်းထွက်သွား၏၊ ခဏအကြာတွင် ဦးပြည့်သင်ဆင်းလာကာ ယနေ့ဆိုင်စောစောသိမ်းမည်ဖြစ်ကြောင်းပြော၍ စားသောက်နေသူများကိုအလျင်အမြန်ပင် ပြီးစီးအောင် နှိုးဆော်သည်၊

တစ်စုံတစ်ခုတော့အကြောင်းထူးပြီကို ညွှသည်သည် ရိပ်မိပေ၏။ သို့ဖြင့်သူသည် ကျသင့်သောငွေကို ရှင်းပေးခဲ့ကာ မြင်းတင်းကုပ်သို့ သွားသည်၊ လုလင်ငယ်ထံမှမြင်းကို ပြန်ယူကာ လမ်းတစ်ဖက်ရှိ တုလားလူရှိ ဈေးပေါင်းကျောင်းများ ပြန်သို့ ဝင်ရောက်သွားသည်၊



www.burmeseclassic.com

www.burmeseclassic.com

သူမျှော်လင့်သည့်အတိုင်းပင်အထဲတွင် မှောင်မည်းနေပြီး လူသူလေးပါးကင်းရှင်းနေ၏။ သူသည်ကျေနပ်လောက်အောင် အတဲစေ့ကြည့်ရှုပြီးနောက် တိုင်တစ်ခုတွင် သူ့မြင်းကျော်ကို ချည်နှောင်ထားလိုက်သည်။ ပြီးနောက် ကုန်းနှီးအောက်မှ လက်နက်များကို စစ်ဆေးပြီး ငုတ်ကြီးတောင် ဓားကို အအိမ်နှင့် တကွယူကာ ကျောတွင် လွယ်လိုက်သည်။ သူ့ခါးတွင်လည်း ခါးချပ်ဓားငယ်လေးလွယ်လျက်ရှိထားသည်။ ပို၍စိတ်ချရအောင် ဓားမြှောင်တစ်လက်ကို အအိမ်နှင့်တကွ ခါးစည်းတွင် ထိုးထည့်လိုက်၏။

နတ်ကျောင်းပျက်ရှေ့ချုံငယ်တစ်ခု အကွယ်တွင် နေရာယူကာ လမ်းတစ်ဖက်မှ သေရည်ဆိုင်ကို မမှိတ်မသုန် ကြည့်လင့်နေတော့သည်။

အတော်ကလေးကြာမြင့်လာသော အခါတွင် လူရွှယ်သည် ကွယ်နေရာမှ ထ၍ သေရည်ဆိုင်သို့ သွားရောက်ရန် မတ်တတ်ရပ်လိုက်စဉ် မြင်းလှည်း တလေးတစ်စီးသည် အပြင်းမောင်းနှင် လာသည်ကို တွေ့ရသဖြင့် ပြန်ထိုင်၍ ချောင်းမြောင်းပြန်လေ၏။

လှည်းပေါ်မှ မိန်းမတစ်ဦးနှင့် ယောက်ျားသုံးလေးဦးတို့ ဆင်းသွားကြပြီးသောအခါတွင် မြင်းလှည်းကလေးသည် တော်ရာသစ်ပင်တစ်ခုနားတွင် သွား၍ရပ်နေ၏။ လူရွှယ်သည် အခြေအနေကို စောင့်ဆိုင်းကြည့်ရှုနေသည်။

သေရည်ဆိုင်ပိတ်ပြီဟူသော အထိမ်းအမှတ်ဖြင့် ကဲလားတံခါးများ အားလုံးကိုပိတ်ထားလေရာ လှည်းပေါ်မှ ဆင်းသွားကြသောလူအုပ်သည်ကဲလား တံခါးရွက်ကို မ၍ဝင်သွားကြသည်ကို မြင်ရသဖြင့် တံခါးရွက်များကို အတွင်းမှ သံကောက်ချိတ်ခြင်း၊ သော့ပနောက် ခတ်ခြင်းမပြုထားဟု သိရရုံမက အတွင်း ဘက်မှမီးတိုင်များကိုလည်း မငြိမ်းသတ်ဘဲ ထားသည်ကိုပါ သိနိုင်ပေ၏။

အခြေအနေအရပ်ရပ် ငြိမ်သက် သွားသောအခါ လူရွှယ်သည်မြင်းလှည်း ကလေးဆီသို့ တောကြောင်တစ်ကောင် ကဲ့သို့ ပေါ့ပါးဖျတ်လတ်စွာ မှောင်ရိပ်ခို၍ ရောက်ရှိခဲ့သည်။ လှည်းဦးတွင် ငိုက် မြည်းနေသော လှည်းမောင်းသမားကို ဆတ်ခနဲ သိုင်းဖက်လိုက်သည်။ သူ၏ လက်မှာ လှည်းသမား၏ပါးစပ်ကို ပိတ် ထားပြီးဖြစ်နေ၏။ ထိုနောက် လူရွှယ် သည် လှည်းသမားကို မြေပေါ်သို့ လျင် မြန်စွာဆွဲချရာ လှည်းသမားသည် မြေ ပေါ်သို့ ပက်လက်ကျ၏။ လူရွှယ်သည် လှည်းသမားရင်ညွန့်ဆီသို့ ဒူးတစ်ဖက် ဖြင့်ထောက်ကာ လက်တစ်ဖက်က ဇက် ကို မယူသည်။ ပြီးသော် - လမ်းစောင်း ဘက်ဆီသို့ ဒရွတ်တိုက် အနည်းငယ်ဆွဲ ယူ၍ မြေထဲမှ တစ်ဝက်တစ်ပျက် ပေါ် ထွက်နေသောကျောက်ခဲစွန်းဖြင့် လှည်း သမား၏ ဦးခေါင်းကို နှစ်ချီသုံးချီခန့် မ၍ မ၍ရိုက်ဆောင့်ရာ လှည်းသမားမှာ ပျော့ ခွေမေ့မြောသွားလေတော့သည်။

လူရွှယ်သည် ပေါ့ပါးစွာပင် လှည်း သမားကို ပခုံးပေါ် တင်ထမ်းပြီး နတ် ကျောင်းပျက်ထဲသို့ ဝင်ခဲ့၏။ အထဲသို့ ရောက်သောအခါ လှည်းသမား၏ပါးစပ် ထဲသို့အဝတ်များဆို့ပြီး သူ၏ပုဆိုးဖြင့်ပင် သူ့တစ်ကိုယ်လုံးကို တိုင်တစ်တိုင်နှင့်ပူး ၍ရစ်ပတ်ချည်နှောင်ထားခဲ့ပြီးမှ ပြန် ထွက်လာခဲ့သည်။ အပြင်သို့ ရောက် လာအခါ သေရည်ဆိုင်နားသို့မှောင်ရိပ် ခိုပြီးတစ်လှမ်းချင်း ချဉ်းကပ်သည်။ သေ ရည်ဆိုင်မှာ ဝါးကပ်များဖြင့် ကာရန်ထား သည့်ဖြစ်သောကြောင့်အထဲက အလင်း ရောင်ကို ပြိုးပြိုးပြက်ပြက် တဖြောက် ဖြောက် တွေ့နေရသည်။

သူသည် အလယ်ပေါက်ကြီး၏ [illegible]များတွင်ရပ်၍ အလယ်ပေါက်ကြီး [illegible]တွင် နေရကောင်းနီး၊ ပြတင်းတစ်ခု နားတွင် နေရကောင်းနီးဖြင့် ခေတ္တရှု တွေ့၍ စဉ်းစားနေမိ၏။ အပေါက်တံခါး ရွက်များကား အားလုံးပိတ်ဆို့ထား သည်။ အပြင်ဘက်တွင်သုံးရက်လကွေး ကလေးသည် အားနည်းရသည့်အထဲ ဝင်လုဆဲဆဲ ဖြစ်နေ၍ ကြယ်ရောင်မျှ လောက်သာရှိပေရာ အတွင်းနှင့်အပြင် အမှောင်ပကတိ ဖြစ်နေသည်။

ထိုခဏတွင် အတွင်းဘက်တွင် လူရိပ်သဏ္ဍာန် လှုပ်ရှားပေါ်လွင်လာ သဖြင့် လူရွှယ်သည် ဘေးနားက ဝါးချုံ သို့ ကပ်လိုက်ရသည်။

အတွင်းမှထွက်လာသူကား မိန်းမ သားတစ်ဦးဖြစ်၍ စောစောက ဝင်သွား သည့်မိန်းမပင် ဖြစ်ပုံရ၏။ ကဲလားတံခါး ရွက်မှာ ပြန်ငြိမ်ပြီး ပိတ်လျက်သားနေ သဖြင့် ဤမိန်းမ၏နောက်မှ မည်သူမျှ လိုက်ပါမလာကြောင်းကို သိနိုင်သည်။

လူရွှယ်သည်မိန်းမ၏နောက်ပါးသို့ ခြေသံမကြားအောင် ချဉ်းကပ်လိုက်၏။ မိန်းမမှာမြင်းလှည်းကို ဘယ်မှာရပ်ထား သလဲဟု မျက်လုံးများဖြင့် ရှာဖွေနေစဉ် နောက်မှသိမ်း၍ ဇက်ခြင်းကို ခံရပြီး ပါးစပ်ကို လက်ဝါးနှင့် အပိတ်ခံရတော့ ခေါင်းမှာ မော့လန်လန် ဖြစ်လာ၏။

လူရွှယ်သည် လက်ဝဲလက်ဖြင့် မိန်းမကို ချုပ်ဖမ်းထားပြီး လက်ယာလက်မှ



www.burmeseclassic.com

www.burmeseclassic.com

ဓားမြှောင်ဖြင့် လည်မျိုကိုတေ့ထားလိုက်ရာ မိန်းမမှာ မေယာင်၍ လက်နှစ်ဖက်ဖြင့် လူရှယ်၏ ဓားကိုင်ထားသော လက်ကောက်ဝတ်ကို ဆွဲချသည်၊ သို့သော် အားချင်းကား လုံးဝမမျှတပါချေ။

"မယ်မင်း - အသက်ချမ်းသာချင်ရင် ကျုပ်မေးတာတွေသာ မှန်မှန်ဖြေပါ။ မယ်မင်းရဲ့အသက်ကို ရန်မရှာဘူး၊ ကျုပ်မေးလိုတာတွေက မေးလို့ သိရပြီရင် မယ်မင်းကို မွဲ့တစ်ပေါက် မစွန်းစေရဘူး ပြန်လွှတ်မယ်"

လူရှယ်က ဤသို့ပြောလိုက်သောအခါ မိန်းမသည် မရုန်းတော့ဘဲ လက်များကို ပြန်ချထားလိုက်လေတော့၏၊ ဤတွင်မှ လူရှယ်သည် ပါးစပ်ကို အုပ်ထားသောလက်ကို သာ အနည်းငယ် လျှော့ဖွင့်ပေးလျက် မေးခွန်းကို မေးတော့သည်။

"ကျုပ်မေးတာကို မှန်မှန်မဖြေရင်ဖြစ်စေ၊ မဖြေဘဲ ထွက်ပြေးဖို့ အားထုတ်ရင်ဖြစ်စေ အဲဒီလိုပြုရင်တော့ မယ်မင်းရဲ့ အသက်ကို စတေးရပြီမှတ်၊ ကဲ - ဖြေပါ။ အပေါ်မှာ ဘယ်သူနဲ့တွေ့ခဲ့သလဲ"

"မြို့ဝန်ကြီးမဟာဝိတ်စည်းပါ"

"ကောင်းပြီ၊ မယ်မင်းအမည် ဘယ်သူလဲ"

"အိုပိုက်"

လူရှယ်သည် ခေတ္တတွေသွား၏၊ ယနေ့ညနေ သူတွေ့ဆုံရသမျှသည်ကား အိုဖုန်းနေနှင့်ပတ်သက်နေသူတွေကိုချည်း တွေ့နေရချေပြီကော၊ အိုပိုက်ဟူသည် အိုဖုန်းနေနှင့် ထေက်ဝန်းတို့အကြားတွင် စကားသယ်ပို့နေသူပင် မဟုတ်လော။

"သိပြီ၊ မြို့ဝန်ကြီးက ဘာတွေကြံစည်သလဲ"

အိုပိုက်သည်ရုတ်တရက် ဘာမျှပြန်မဖြေချေ၊ လူရှယ်၏ ဓားကိုင်ထားသောလက်တွင် ကြွက်သားများ လှုပ်ရှားသွား၏၊ ဓားမြှောင်ဦးကလေးသည် လည်မျိုတွင် ပို၍နစ်လုလု ဖိစီးလာသည်၊

"မောင်ကြီး - ချမ်းသာပေးပါ၊ ပြောပါ့မယ်၊ အခု ကျွန်တော်မဟာ မောင်ရှင်ထေက်ဝန်းကို သွားခေါ်ပေးရမယ်၊ ဒီအထဲမှာ အိုဖုန်းနေ ဒုက္ခရောက်နေလို့ အမြန်လာခဲ့ဖို့ သွားပြောပြီး လှည်းကိုပါ ခေါ်လိုက်ရမယ်၊ ကျွန်တော်မှာကတော့ အိမ်ကိုပြန်ရုံပဲ၊ ဒီကိုပြန်လာဖို့မလိုအပ်တော့ဘူး"

"ဒီအမှုအတွက် အခကြေးငွေရသလား"

"အခုကိစ္စအတွက် လက်စွပ်တစ်ချည်ရပါတယ်"

"ထေက်ဝန်းဆိုတဲ့သူ ဒီရောက်လာရင် သူတို့ ဘာလုပ်ကြမလဲ"

"ဒါတော့ - ကျွန်တော်မျိုးမ မလျှောက်တတ်ပါ"

"ကောင်းပြီ - နှုတ်လုံ လုံနေပြီး ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ပါ၊ မယ်မင်း မြင်းလှည်းမောင်းတတ်သလား"

"မောင်းသူ ပါပါတယ်"

"မောင်းသူကိုကျုပ်ဖမ်းထားလိုက်ပြီ၊ ဒါကြောင့်မေးတာ"

"ဩ - မောင်းတတ်ပါတယ်ရှင့်"

လူရှယ်သည် အိုပိုက်ကိုမြင်းလှည်းပေါ်အထိ တင်ပေး၏၊

"ကဲ - သွားချည်တော့၊ ဒီလိုသာ သစ္စာမဲ့နေရင် မယ်မင်းတော့ လူညွှန့်တုံးတော့မှာပဲ"

မြင်းလှည်းကလေးသည် ခပ်သွက်သွက်ကလေး ထွက်သွားလေ၏၊

လူရှယ်သည် ဆိုင်ဘက် ပြန်လှမ်းကြည့်ပြုစဉ် ဆိုင်တွင်းမှလူထွက်လာတော့ ယောင် လှုပ်ရှားမှုကို တွေ့သဖြင့် သစ်ပင်အစ်စုတွင် ကပ်၍ ပုန်းနေရပြန်၏၊

ဆိုင်တွင်းမှ ထွက်လာသူများကား မြို့ဝန်ကြီးနှင့် လက်စွဲတော်နှစ်ယောက် ဖြစ်ကြသည်၊ သူတို့သည် မြင်းဇောင်းတွင်သို့သွားပြီး မြင်းကိုယ်စီ စီးလာကြကာ စောစောက မြင်းလှည်းကလေးသွားသည့်လမ်းအတိုင်းပင် သရေခေါ်ရပ်ဘက်ဆီသို့ ဦးတည်၍ နှင်သွားကြလေ၏၊

လူရှယ်သည် မြို့ဝန်ကြီးတို့တို့ မျက်စိတစ်ဆုံးကြည့်ကာ တစ်ကိုယ်တည်းပြုံးလိုက်မိသည်၊ ရတတ်သရွေ့အလင်းရောင်အားကို အသုံးချကာ မြို့ဝန်ကြီးတို့ မြင်နိုင်သရွေ့ကြည့်လိုက်ရသည်၊ မြို့ဝန်ကြီးနှင့် အိုဖုန်းနေဆိုလျှင် သခင်မတာချေ ဦးခန့်ပင် ရှိလောက်ပေမည်၊ ထို့ကြောင့်လည်း သူပြုံးမိခြင်းဖြစ်တန်ရာ၏၊

ထို့နောက် လူရှယ်သည် ဆိုင်အနားဆီသို့ မှောင်ရိပ်ခို၍ ပြန်ရောက်သွားလေ၏၊

★★★

အိုဖုန်းနေသည် ထိုင်နေရာမှ ရုတ်တရက် ထလိုက်ပြီး ဝင်လာသော အိုပိုက်ကို ခရီးရောက်မဆိုက်ဝင်စတ်၍ [illegible] တင်ငံ ဒိုတော့သည်၊

"အစ်မ - အစ်မ - [illegible]

တယ်နော်၊ မိဖုန်းတာ [illegible]





www.burmeseclassic.com

www.burmeseclassic.com

ထက်ဝန်းသည် ဒူးနှစ်ဖက်ကို ကွေးရုံကလေး ကွေးလိုက်ရာ မားမှာ သူ့ခေါင်းပေါ်မှ လက်တစ်ဝါးခန့်တွင် ဖြတ်သွားပြီး အနီးမှတိုင်တွင် စိုက်ဝင်၏။ ထိုအခါတွင် ထက်ဝန်းသည် ကိုယ်ကို လက်ျာဘက်သို့ အနည်းငယ်တိမ်းပြီး လက်စွဲ ခြေဖြင့် ဖြစ်၏ ဆန့်နေသော တံတောင်ဆစ်ကို ခတ်ထည့်လိုက်ရာ ဂျွတ်ခနဲ မြည်သံနှင့်အတူ 'အား...' ဟု အော်၍ ဖြစ်သည် တံတောင်ဆစ်ကို

၆၆

ကိုင်ကာ ထိုင်ကျသွားလေ၏။



ချစ်ခဲ့တယ်၊ နောင်လာလတ္တံ့သော တာလတွေမှာလည်း ချစ်နေဦးမှာပါပဲ၊ ဒါပေမဲ့ - အစ်မက သိပ်ရက်စက်တယ်"

အိုပိုက်သည် မျက်နှာမကောင်းစွာနှင့်ပင် အိုဖုန်းနေကို လက်တစ်ဖက်ဖြင့် ပြန်၍ဖက်ပြီး အသာအရာ ထိုင်ချလိုက်ကြသည်၊ အိုဖုန်းနေသည် အိုပိုက်၏ ရင်ခွင်ထဲမှ မျက်နှာကို ခွာထုတ်လိုက်ပြီး အိုပိုက်၏မျက်နှာကို မျက်လုံးရွဲကြီးများနှင့် ငေးကြည့်သည်၊

"အစ်မရယ် - မိဖုန်းက ချစ်သလို မိဖုန်းကို ပြန်မချစ်ချင်နေပါ၊ ဘောက်မဲ့ ကြောင့် မုန်းပင်ကို ပျိုးတာတုံး - အစ်မ ခွင့်မလွှတ်နိုင်လောက်တဲ့ အပြစ်တာ မိဖုန်းမှာ ရှိသလား - အစ်မရယ် - ဟင်"

"ညီမငယ် - ဘယ်ကိစ္စနဲ့ အစ်မတို့ စွပ်စွဲရသလဲ"

"နေ့လယ်စောင်းတကိစ္စပေါ့၊ ကိုရင်ထက်ဝန်းက အမှာထားပါတယ် ဆိုတဲ့ မြားဆေးကန်ကိစ္စလေး အစ်မ

ကိုရင်ထက်ဝန်းက အမှာထည့်တယ်ဆိုတာကို မိဖုန်း သံသယရှိနေပြီ"

"အို - ဘာဖြစ်လို့လဲ - ညီမငယ်၊ သူ မလာဘူးလား"

"မသိကျိုးကျွံ မပြုရက်ပါနဲ့တော့ အစ်မရယ်၊ ဦးစီးရင်စီးရဲ့စကားတွေက ခြေရာပြလှပါတယ်၊ အစ်မဟာ ရက်ရက်စက်စက် မိဖုန်းကို သူတို့လက်မှာ ဝကွက်အပ်ရော့သလား - ဟင်"

အိုပိုက်သည် တွေသွားတော့သည်၊ မမှန်တာလုပ်သူ၏ လိပ်ပြာသည် မသန့်နိုင်ပါ၊ လိပ်ပြာမသန့်လျှင် သိက္ခာလည်း မမြဲ၊ သိက္ခာမမြဲသဖြင့် ခေါင်းမဖော်ဝံ့အောင် ရှိရသည်၊

"အစ်မ - မိဖုန်းချစ်တာကို မယုံလို့ မိဖုန်းကို မုန်းဆဲရှိနေတာလား - ဟင်"

အိုဖုန်းနေသည် ကလေးလေးလိုပင် အိုပိုက်၏ မေးဖျားလေးကို ကိုင်၍ မေးနေသည်၊

အိုပိုက်၏ သက်ပြင်းချသံနှင့်အတူ မျက်ဝန်းတွင် မျက်ရည်စများ ရစ်ဝဲလာကြတော့သည်၊ သူသည် မိဖုန်းနေ၏ လက်ကလေးကို အသာအရာ ဆုပ်ကိုင်၍ ပေါင်ပေါ်သို့ တင်ထား၏၊

"ညီမ - မိဖုန်းနှင့်ကိုအစ်မတကယ် ချစ်ပါတယ်ကွယ်၊ ညီမက အစ်မကို ချစ်တာလည်း သံသယမရှိပါဘူး၊ ဒါပေမဲ့ မိဖုန်း၊ အစ်မဟာ သီလထက်တို့အစ္စကို အသားပေးလိုက်ရပါတယ်ကွယ်"

"အစ်မ - အဲဒါ ဘာပြောတာလဲ ဟင်"

"ရှင်းရှင်းပြောရရင် မြို့ဝန်ကြီးက အစ်မကို လက်ကောက်တစ်ဖက်ပေးလို့ အစ်မဟာ ညီမကို လှည့်စားပြီး စားဆိုလိုက်ရတာပဲ"

"ဟင် - မိဖုန်းထင်ထားသလို ကိုရင်ထက်ဝန်းက တကယ်မမှာဘူးပေါ့"

အိုပိုက်သည် လက်ဖမိုးဖြင့် မျက်ရည်ကို သုတ်ပစ်ရင်း ခေါင်းခါပြသည်၊

"အစ်မရယ် - ဘုရားလဲ ပေါ အများလည်း ပြောကြပါတယ်၊ မေတ္တာဆိုတာ အနက်အစောက် မတွက်ဆနိုင်ဘူးဆို၊ ခုတော့ - မိဖုန်းရဲ့မေတ္တာဟာ လက်ကောက်တစ်ဖက်မျှ တန်ဖိုးမရှိတော့ဘူးနော်၊ ဒီမှာ - အစ်မ - မုဆိုးမသမီးမို့ ရှိတဲ့ ပစ္စည်းတွေ အဖိုးမတန်နိုင်ပေမဲ့ မုဆိုးမသမီးရဲ့မေတ္တာဟာ မြင့်ပါတယ် အစ်မရယ်၊ မိဖုန်းရဲ့မေတ္တာကို မေတ္တာနဲ့ မတုံ့ပြန်နိုင်ကပဲ၊ သစ္စာတရားလေး ရှိကောင်းပါတယ် - အစ်မ ခုတော့ ခေါက်ခေါက်ရက်ရက် ပြုရက်ပါပေ့"

www.burmeseclassic.com

အိုဖုန်းနေသည် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်၍ ရှိုက်ငိုပြန်သည်။ အိုပိုက်၏နားထဲတွင် ပူပူနွေးနွေး ကြားခဲ့သောစကားများကို ယခုတစ်ဖန် ပြန်လည်ကြားယောင်မိပြန်လေ၏။

"ဒီလိုသာ သစ္စာမဲ့နေရင် မယ်မင်းတော့ လူညွန့်တုံးတော့မှာပဲ"

အလွန်မှန်သောစကား ဖြစ်ချေ၏။ မိမိကိုအားကိုးလာသောသူကို ရက်စက်စွာ ချောက်ထဲသို့ တွန်းချမိခဲ့ပြီး လူသားတစ်ယောက်တွင် အညွန့်အဖူးဖြစ်သော သစ္စာတရားကို မိမိသည် ဥစ္စာပစ္စည်း မက်မောမှုကြောင့် မိမိဘာသာပင် ချိုးဖဲ့ခြွေချခဲ့ပြီကော။

အိုပိုက်သည် အိုဖုန်းနေကို ရင်ခွင်ထဲသို့ ဆွဲသွင်းသည်။

"ညီမ - အစ်မရဲ့သစ္စာမဲ့မှုကြောင့် ရေတိမ်မှာ နစ်ခဲ့ရပြီလား ဟင်"

"မဟုတ် - ဝက်ကြီးလို့ သာပေါ့။ သားရေ - လက်ကျပ်နဲ့ ကိုညို့သည်ကြီးတယ်ပေလို့သာပဲ"

အိုပိုက်သည် သူ့ကို မော့ကြည့်နေသော အိုဖုန်းနေ၏မျက်နှာလေးကို ငေးကြည့်မိတော့သည်။

"ဒါဖြင့်ရင် မြန်မြန်သွားချေ။ ဦးရီးပြည့်သင်ရဲ့သေရည်ဆိုင်ကိုသွား။ မောင်ရင်ထက်ဝန်းကို အစ်မပဲ အဲဒီကို လွှတ်ခဲ့ရတယ်။ ဟိုမှာ မြို့စန့်ကြီးရဲ့လူ တွေရော ဦးရီးရင်စည်းနဲ့ သူ့လူတွေရော ရှိနေကြတယ်။ သွား - မြန်မြန်"

အိုဖုန်းနေသည်ဆက်ခနဲမတ်တတ် ရပ်လိုက်မိ၏။

"အို - ဟုတ်လား။ သူ့ခများ ဓားမကိုင်ရရှာဘူး။ ခက်ပြီ - ဓားမကိုင်နိုင်တဲ့ လူတစ်ယောက် ဓားကိုင်နိုင်တဲ့လူတစ်အုပ်က အို၊ မြတ်စွာဘုရား ကယ်တော်မူပါ"

အိုဖုန်းနေသည် ကိုးကွယ်ရာမဲ့သူပမာ နှုတ်မှအော်ပြီး ပြေးထွက်ရန်ပြင်၏။

"ညီမ - အဲဒီ့နားတစ်ပိုက်မှာတော့ သားရေလက်ကျပ်နဲ့ လူရှိနေလေရဲ့"

"ဒါဖြင့် - သူ့ကို မြန်မြန်သွားတွေ့။ သူဟာ မိဖုန်းရဲ့အားကိုးရာပါပဲရှင်"

အိုဖုန်းနေသည် အပြင်ဘက် အမှောင်ထုထဲသို့ လျင်မြန်စွာ ပြေးဝင်ပျောက်ကွယ်သွားလေတော့၏။ ပရိဒေဝမီးကားမညှာမတာလောင်ကျွမ်းနိုင်ပါသိ၏။

***

ထက်ဝန်းသည် ကဲလားတံခါးရွက်ကို ဟ၍ အတွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်ယောက်တစ်ကွဲစီ ထိုင်နေကြသောလူလေးငါးယောက်တို့သည် ရုတ်ခြည်းမတ်တတ်ရပ်လိုက်ကြလေ၏။ သူတို့၏လက်အသီးသီးတွင် ဂုဏ်ကြီးတောင်ဓားလွတ်ကိုယ်စီနှင့်ဖြစ်ကြသည်။

ထက်ဝန်းသည် ရုတ်တရက်ရပ်၍ ငေးကြည့်မိ၏။

"အလို - ကိုရင်တို့က ကျုပ်ကို ရန်ပြုကြတော့မှာပါလား"

ဧရင်စည်းသည် အရုပ်ဆိုးရသည့် အထဲတွင် မဲ့ပြုံးကြီးပြုံးသည်။

"ဘာလဲ - မောင်မင်းက အပူဇော်ခံရမယ်မှတ်လို့ကြွလာတာလား"

"ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ ကိုရင်ရယ်"

"အိမ်း - မင့်အပြစ်က အိုဖုန်းနေကို မေတ္တာရှိနေလို့ပဲ။ အိုဖုန်းနေဟာ မြို့စန့်ကြီးရဲ့ဘဏ္ဍာတော်ကွ"

သူတို့သည် ပြောပြောဆိုဆိုနှင့် တစ်လှမ်းချင်းတက်လာကြတော့သည်။ ထက်ဝန်းသည် ဘေးဘီသို့ကြည့်ရင်း နေ့ရာသို့ရွှေ့နေ၏။ ထိုအခိုက်တွင် လက်ဗိုက်၌ အဝတ်စည်းထားသောဖြစ်သည် လွှားခနဲ ခုန်၍ထက်ဝန်းကျောင်၏လက်ကို ပိုင်းသည်။ ထက်ဝန်းသည် ဒူးနှစ်ဖက်ကို တွေးရုံကလေး တွေးလိုက်ရာ ဓားမှာ သူ့ခေါင်းပေါ်မှ လက်တစ်ဝါးခန့်တွင် ဖြတ်သွားပြီး အနီးမှတိုင်တွင် စိုက်ဝင်၏။ ထိုအခါတွင် ထက်ဝန်းသည် ကိုယ်ကို လက်ျာဘက်သို့ အနည်းငယ်တိမ်းပြီး လက်စွဲ ခြေဖြင့် ဖြစ်၏ ဆန့်နေသော တံတောင်ဆစ်ကို ခတ်ထည့်လိုက်ရာ ဂွတ်ခနဲမြည်သံနှင့်အတူ "အား - "ဟု အော်၍ ဖြစ်သည် တံတောင်ဆစ်ကို ကိုင်ကာ ထိုင်ကျသွားလေ၏။

ထက်ဝန်းသည်အနီးဆုံးခုံဖြင့်တစ်ခုပေါ်သို့ သွား၍ တင်ပါးလွှဲထိုင်လိုက်သည်။ ဖြစ်၏ဓားသည် တိုင်တွင် တန်းလန်းကျန်ရစ်ခဲ့၏။ ထိုဓားကိုထက်ဝန်းက ဖြုတ်ရန် မကြိုးစားခဲ့ဘဲ ခုံဖြင့်ဆီသို့သွားခြင်းဖြစ်သည်။

"ဒီကောင် - ဓားမကိုင်ပဲ့သူ။ ဆေး ဝင်ပါတော့လား"

ဧရင်စည်း၏အသံ ထွက်လာပြီးနောက်တွင်ဆေးဆိုသူသည်ထက်ဝန်းကို ဓားဖြင့် လွှဲခုတ်ရင်း ဝင်လာသည်။ ထက်ဝန်းကား ခြေနှစ်ဖက်လွှဲတာ ခုံဖြင့်၏တစ်ဖက်သို့ ကြောင်ကျလေး ကျသွား၏။ ဓားကား ခုံပေါ်သို့ ချွမ်းခနဲ ကျလာသည်။ လက်မတင်ကလေး လွတ်သွားခြင်းဖြစ်လေသည်။

ထက်ဝန်းသည် ဝင်လာ[illegible] ပါးစွာပြန်ထ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တ်တိုဖမ်းဆုပ်ကာခုံစွန်းနှင့်ကန့်လန့်၍
စ်ထည့်လိုက်ရာ ငဆန်း၏ ခန္ဓာကိုယ်
ကြီးမှာ လေဟုန်စီး၍ လွင့်ပါးသွားပြီး
ခုံတွေကြားတွင် ပုံကျသွားတော့သည်။
အခြင့်ဘက်နံရံပေါက်များမှချောင်း
ကြည့်နေသောလူရွယ်သည်တစ်ယောက်
ဆဲ ကြိတ်၍ပင် ပြုံးလိုက်ပြန်သည်။ သူ
ကား အတွင်းမှ ထက်ဝန်း နေရာရွေ့နေ
သလိုအခြင်ဘက်မှလိုက်ပြီးနေရာရွေ့ယူ
ကာ ထက်ဝန်းနှင့် နံရံတစ်ချပ်ခြားနေရာ
ရောက်အောင် စောင့်နေသည်။
"ငထက်ဝန်း - အားမတန်ဘူး။ မာန်
ကို လျှော့ပါ။ မင်း သေရမှာ မုချ"
"အမှန်တရား ဖော်ထုတ်ဖို့အတွက်
အသက်ကို စတေးဖို့အသင့်ပါ။ လက်က
ားတို ကိုင်ထားရင်လဲ ပါးစပ်က
သော့ကျိုးစကားတွေ ထွက်သင့်ပါ
ာယ်လေ"
ထက်ဝန်း၏စကားကြောင့် ငရင်
ည်းသည် ဓားနှင့်တကွ ဝင်လာလေ၏။
သူ့လူနှစ်ယောက်သည်လည်း တစ်ဖက်
စီမှ ဝင်လာကြလေ၏။ ထက်ဝန်းမှ
ရင်စည်းမှ ခုတ်ချက်များကိုငုံ့ရှောင်တန်
ငုံ့ရှောင်၏။ ခုန်၍ရှောင်တန် ခုန်၍ရှောင်
၏ ရန်သူတွေဝိုင်းလာပြီဖြစ်၍ နံရံတစ်ခု
ကို ကျောပေးထားမှ ဖြစ်တော့မည်။ ဤ

သို့ဖြင့် ထက်ဝန်းသည် နံရံဆီသို့ လုရ
တော့မည်။ သူ့ဘေးနားက ဝင်လာသူကို
ရှင်းနိုင်လျှင် နံရံဘက်သို့ ရောက်နိုင်၏။
ထို့ကြောင့် တီမ်းရင်း ရှောင်ရင်း ပြုနေရာ
မှ လက်ပစ်လက်ထောက်နည်းများကို
သုံးလာရတော့သည်။
လက်ဝဲဘက်မှ ဝင်လာသူ၏ခုတ်
အားပြုလာသောလက်ကောက်ဝတ်ကို
လက်ဝဲလက်ဝါးစောင်းဖြင့် ပင့်တင်ပတ်
ထုတ်လိုက်ပြီးသော် လက်ညှိုးလက်
လယ်နှစ်ချောင်းဖြင့်လည်မျိုသို့ ရိုန်၍ထိုး
သည်။ တစ်ချိန်တည်းတွင် လက်ျာဒူးကို
ရင်ဝဆီသို့ ပစ်သွင်း၍ အားကိုးလောင်း
ပေးလိုက်၏။ ရန်သူကား ပုံ၍ကျသွား
တော့သည်။
ထက်ဝန်းလည်း နံရံကိုကျောပေး
ပြီးဖြစ်၏။ သူ၏လက်ျာဘက်တွင်တဲလား
ချထားသော ပြတင်းပေါက်ရှိ၏။ ပြတင်း
ပေါက်မှာ ကျယ်၍ မြေမှ သုံးတောင်
လောက်သာ မြင့်သည်။
ရင်စည်းတို့ တစ်သိုက် သည်
ပြုံးပြုံးပျာပျာ ဖြစ်သွားကြ၏။
"ဟေ့ - လုပ်ကြလေကွာ။ ပြတင်း
က ထွက်ပြေးတော့မယ်"
"ဟား - ဟား - ကျုပ် မပြေးဘူး
ကိုရင်တို့။ ကျုပ်ရဲ့အသည်း အသက်နဲ့

တူတဲ့ အိုဖုန်းနေကို ထားရစ်ပြီး ကျုပ်
မပြေးဘူး။ ကျုပ်သေရင်တောင်မှ ကျုပ်ရဲ့
ဝိညာဉ်ဟာ အိုဖုန်းနေကို စောက်ပြီး စောင့်
ရှောက်နေမှာပဲ"
ငရင်စည်းနှင့် လူနှစ်ယောက်တို့
သည် ဓားကိုယ်စီနှင့် သုံးဘက်မှ ချဉ်း
ကပ်လာကြတော့၏။ အခြေအနေကား
မလွယ်ကူတော့ချေ။ အနောက်ဘက်
တွင် နံရံက ခံနေသည်။ ပြီးတော့ - လက်
နက်နှင့် လူသုံးဦးကို လက်နက်မဲ့ တစ်
ယောက်တည်းက ခုခံရမည်မှာ စင်စစ်
တွင် ဖြစ်နိုင်မည်မဟုတ်ချေ။ ထက်ဝန်း
အဖို့ ထိန်းနိုင်လျှင် နှစ်ယောက်သာဖြစ်
မည်။
ငရင်စည်းတို့ကား ဓားကိုယ်စီနှင့်
ဖြစ်သည့်တိုင်အောင် ထက်ဝန်း၏ လက်
ရည်ကို ခန့်ညားသွားကြပြီဖြစ်၍ အရမ်း
ဝင်ဝံ့ချေ။ တိုက်ကွက်ကို အသီးသီးစဉ်း
စားရိန်ဆ၍ တရွေ့ရွေ့သာ တက်လာကြ
သည်ဖြစ်သောကြောင့် ယခုအချိန်အထိ
ဓားတော်တော် လှမ်းနေကြသေးသည်။
ထက်ဝန်းသည်လည်း လက်နှစ်ဖက်ကို
ခါးသိုင်းနားတွင် အသင့်ထား၍ ရန်သူများ
ကို မျက်ခြည်မပြတ်ကြည့်နေ၏။ ထိုစဉ်
တွင် -
"မိတ်ဆွေ - ငရင်စည်းဟာ ဓားရေး
ညံ့ဘူးနော်။ လက်နက်မဲ့ မခံပါနဲ့။

ပြတင်းတံလားကြားမှာ ဓား[illegible]
ယူချေပါ"
နံရံ၏အခြင်ဘက်က သူ့ထံ
ယောက် ကြားသောအောက်ရှုံ အသံက
ဝဲဝဲ လေးသည် ထွက်ပေါ်လာခဲ့သည်။
ထက်ဝန်းသည် အသံကိုနားစွင့်၍ ဓွေ
မျှ အကဲခတ်နေ၏။ မျက်လုံးများကို
ထောင့်ကပ်ကာ ပြတင်းတံလားစွန်းကို
တစ်ချက် ဖျတ်ခနဲ ကြည့်လိုက်သည်။
မှောင်ရိပ်ကျနေသော လည်း
တလက်လက်ဖြစ်နေသော ဓားရှည်
လက်ကိုင်စွန်းကို မြင်နေရသည်။ ထက်
ဝန်းကား တစ်စုံတစ်ခုကို သတိပြုမိသည်
ဖြတ်လိုက်ပြီး လက်ျာလက်ကို ဓားလက်
ကိုင်ပေါ်သို့ မသိမသာ တင်လိုက်သည်။
တံလားကြားမှ ဓားသည် လက်ကိုင်ထက်
ဝက်မျှသာ ပေးအောင် ထွက်နေသည်
ဖြစ်ရာ ထက်ဝန်း၏ခါးကလည်း လက်
ကိုင်ဘေးတွင် ကပ်၍ တည်ရှိနေသဖြင့်
ငရင်စည်းတို့သည် ဘာကိုမျှ သတိမပြု
ချေ။ အပြင်ကလူသည် ဓားအိမ်ကို ပြ
ကလေး ကိုင်ထားပေးပုံရ၏။
"ယောက်ျားဘသားတွေ"
ငရင်စည်းသည် ဓားကိုဝင့်၍ ရှုတ်
တရက် ခုန်ဝင်တာ ထက်ဝန်းကိုမှီ၍
ခုတ်ချလိုက်သည်။ ထက်ဝန်းသည် လျင်



www.burmeseclassic.com

www.burmeseclassic.com

မြန်စွာဝင် ညာခြေကို ဝဲခြေအရှေ့သို့ ဆွဲယူပြီး ကိုယ်ကို လက်ဝဲဘက်သို့ ငုံ့ထိမ်းပြီး လက်ျာဝတ်တောင်ဆစ်ကို ခပ်မြှောက်မြှောက်ကလေး သိုင်းယူသည်။ ငှက်ကြီးတောင်ဓားလွတ်ကား သူ့ညာတော်လက်ဖျံတစ်လျှောက်တွင်ဦးစောက်တစ်၍ ပါလာရာမှ သူက လက်ဆုပ်ကို မေးအောက်သို့ သွင်းလိုက်သောအခါ တွင်ဓားဦးသည်ကားထွက်သွားပြီးနုတ်ဝင်လာသော ရေချင်စည်း၏ဓားသွားကို ခါးလယ်မှဖြတ်၍ ချွမ်ခနဲ ခတ်သွားရာ မီးပွားများ ပွင့်ကျလာကြလေ၏။

ရေချင်စည်းသည် သတိကြီးစွာနှင့် လက်ျာခြေကိုဝိုက်ယူပြီး နောက်သို့တစ်ဝက်လှည့်၍ခုန်ဆုတ်လိုက်ရာ ခပ်လှမ်းလှမ်းတွင်ထက်ဝန်းနှင့်မျက်နှာချင်းဆိုင် ပြန်ဖြစ်သွားသည်။ ဓားသွားချင်းခတ်သံ ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် ရေချင်စည်း၏လူနှစ်ယောက်မှာရုတ်ခြည်း တန့်သွားကာ မျက်လုံးပြူးကြီးများနှင့် ကြည့်လိုက်သည်။

ထက်ဝန်းသည် လက်ထဲမှဓားကို လက်လှည့်ကိုင်၍ အဖြောင့်ဖြစ်နေပေပြီ။

လက်နက်မဲ့ဘဝတွင်ပင်ထက်ဝန်းကိုအနိုင်နိုင်တိုက်နေကြရသည်ဖြစ်လေရာယခုကဲ့သို့စစ်သုံးငှက်ကြီးတောင်ဓားလွတ်ကြီးကိုင်လျက်သားဘဝတွင်မည်သို့ယှဉ်နိုင်ပါတော့အံ့နည်း။ အရည်းတို့၏တပည့်များသည် ဓားရေးတွင်အလွန်တော်ကြသည်။ ပုဂံစစ်သည်ကျော်ပေါင်းများစွာသည် အရည်းတို့၏ တပည့်များသည် ဓားရေးတွင် အလွန်တော်ကြသည်။ ပုဂံစစ်သည် ကျော်ပေါင်းများစွာသည် အရည်းကြီးတို့၏ အဋ္ဌာရသ အတတ်ပညာရင်နို့ သောက်စို့ခဲ့ကြသူတွေချည်း မဟုတ်ပါလား။

ရေချင်စည်း၏တပည့်နှစ်ယောက်မှာ ဒူးတွေ တုန်လာကြ၏။ တစ်ယောက်မှာ လက်ထဲကဓားပင် လွတ်ကျ၍ ရုက်ရုက်နှင့် ကမျာကယာ ပြန်ကောက်ရသည်။

“လက်နက် ချင်း အလှမ်းကွာမှ တိုက်ဝံ့တာကို သတ္တိလို့ မခေါ်ပါဘူး။ အကြောက်ကြီးတာလို့ ခေါ်တယ်။ ဟဲ - ကိုရင်တို့ မဝင်ဝံ့ကြရင် ကျုပ်ကပဲ ဝင်ရတော့မှာပလေ”

ထက်ဝန်းသည်ပြောပြောဆိုဆိုနှင့် ခြေတစ်လှမ်း တက်လိုက်ရာ ရေချင်စည်းနှင့် သူ့လူနှစ်ယောက်မှာ တစ်လှမ်းစီ ဆုတ်သွားကြ၏။

ထိုအခိုက်တွင် လူနှစ်ဦးသည် ဝင်ပေါက်ကဲလားကိုဟ၍ဝင်လာခဲ့ကြသည်။ သူတို့သည်ကား မြို့ဝန်ကြီးနှင့်စစ်ကဲကြီး သတိုးယောဓာပတိအမည်ခံဝလုံးလက်ဖယ်တို့ပင် ဖြစ်ကြလေ၏။

မြို့ဝန်ကြီးသည် ရှုခင်းကိုမြင်သော် အံ့ဩဟန် ဖြစ်သွားလေသည်။

“အလို - အနိဋ္ဌာရုံပါကလား။ စစ်ကဲတော်မင်း - ရှုတော်မူဟိုဟာက ဆင်ရေးကျုံး ငထက်ဝန်းပါ။ မင်းမီးက အရည်းတပည့်တွေကိုလက်နက်မကိုင်စွဲရ ထွေတော်ချထားပါလျက်နဲ့ သူ့ဓားကို ကိုင်ထားပါကလား”

စစ်ကဲကြီးသည် ငထက်ဝန်းကို စိုက်ကြည့်၏။

“ဟဲ့ ကောင် - မောင်မင်း - ဘာ့ကြောင့် လက်နက်စွဲရတာလဲ”

“မှန်လှပါ - သင်းတို့က မသေမချင်း သတ်တော့မှာကို ငုတ်တုတ်မစံချင်တာနဲ့ယောကျ်ားတို့လုံ့လနဲ့ စုံရင်းသေမင်းပြည်ကိုအဖော်ရလို့ပြားတစ်ယောက်နှစ်ယောက် ခေါ်သွားချင်လို့ပါ ဘုရား”

ဤတွင် မြို့ဝန်ကြီးက ဝင်မေးသည်။

“မောင်မင်း - ဒီကို ရန်စဖို့ သက်သက်လာတာပဲ၊ မောင်မင်းဟာ ထွေတော်ကိုလွန်ဆန်ပြီး ဓားစွဲတယ် - မောင်မင်းသူ့ပုန်”

“မတရားဆိုင်းသတ်ချို့ မှာပဲ၊ သေပြီးမှ သူပုန်စွဲလည်း မထားလောက်ဖူးထင်ပါရဲ့”

ထက်ဝန်းက တည်တည်ငြိမ်ငြိမ် ပြော၏။

သခင်များ ရောက်လာပြီဖြစ်၍ ရေချင်စည်းတို့မှာ ရဲရင့်လာကြတာ ဝင်ကြတော့သည်။ သို့သော်ထက်ဝန်း လက်ရည်သာမှုကြောင့် ဓားသွားချင်း ခတ်သံတွေဝေဆာသွားပြီးသည့်နောက် တွင် ထက်ဝန်းကား ဂုဏ်မြွေပျက် ရစ်၏။ ရေချင်စည်း၏တပည့်တစ်ယောက် မှာ ဓားလွတ် သွား၏။ ကျန်တစ်ယောက် မှာ ပေါင်တွင် ဒဏ်ရာရသွားသည်။ ရေချင်စည်းတစ်ယောက်သာလျှင် အခံကောင်း ပကတိ ကျန်နေ၏။

စစ်ကဲကြီးက ဝင်၍ တန့်လိုက် သည်။

“ရပ်ကြဦး - ငထက်ဝန်းက ဒီ ဘာလာလုပ်သလဲ - ဆိုစမ်း”

“ဒီမှာ - ကျွန်တော်မျိုးရဲ့ရည်းစား အိုဗုန်းနေကို ချုပ်နှောင်ထားလို့ ရန်ရောက်ခဲ့ရတာပါ။ သို့တိုင်အောင် မပါလက်ချည်းလာခဲ့တာပါ”

စစ်ကဲကြီးသည် မြို့ဝန်ကြီး ခနဲ လှည့်ကြည့်၏။ များများသလဲ

www.burmeseclassic.com

"သင်း - သက်သက်မဲ့ လှည့်ဖျားတာပါ - စစ်တဲမင်း၊ စစ်ကဲမင်းကိုယ်တိုင် တစ်အိမ်လုံး ရှာဖွေလှည့်ပါ၊ အိုဖုန်းနေဆိုထားသိ - သူ့စိမ်းမိန်းကလေးတစ်ဦး မှမရှိပါ၊ ထိုမှတစ်ပါး သူ့လက်ထဲစွဲလျက်ရှိတဲ့ဓားဟာ ကျွန်တော်မျိုးတို့ထဲက ဓားတစ်လက် မဟုတ်ပါဘုရား"

စစ်ကဲကြီးသည် ခဏမျှ တွေဝေသွား၏၊ ယင်းသည့်အခိုက်တွင် ဝင်ပေါက်တဲလား ဟသွားပြီး တစ်စုံတစ်ယောက်သည် အပြေးကလေး ဝင်လာလေရာ အားလုံးသည် သူ့ဘက်သို့ လှည့်ကြည့်မိလိုက်ကြသည်၊

သူကား အိုဖုန်းနေဖြစ်တော့၏၊

အိုဖုန်းနေသည် ဟိုဟိုသည်သည် ကြည့်ရာမှ ငထက်ဝန်းကိုတွေ့သွားလေသည်၊

"ဟင် - ကိုရင်ထက်ဝန်း - ဓားကြီးစွဲလို့ပါလား၊ ပစ်ချထားလိုက်ပါ၊ တွေတော်ကို သတိမလစ်ပါနဲ့လေ"

ငထက်ဝန်းသည် အိုဖုန်းနေကိုငေးကြည့်၍ ကြောင်နေသည်၊ ထိုအခိုက်တွင် မြို့ဝန်ကြီးက တင်လျှောက်တော့၏၊

"စစ်ကဲတော်မင်း၊ အိုဖုန်းနေဆိုတာ ဒါလိုမဝယ်ပါ၊ ထက်ဝန်းရဲ့မှသားဟာ ဝင်းဝင်းကြီး ပေါ်လာပါပေ့ ဘုရား"

သတိုးယောဓာပတိသည် တောက်တစ်ချက်ခေါက်၍ ဓားကို အအိမ်မှ ဆွဲ၍ထုတ်လိုက်သည်၊

"ငထက်ဝန်း - မောင်မင်းက အရည်းတပည့်ဟောင်းဆိုပြီး ဗညာအားကိုးနဲ့ မောက်မာရှင်သပေ့၊ တစ်ပွဲတစ်လမ်း စမ်းကြပါစို့၊ ကျုပ်လည်း အရည်းတွေရဲ့တပည့်ဟောင်းပါပဲကွယ်"

စစ်ကဲကြီး၏ဝင်လာသောဓားချက်ကို ငထက်ဝန်းသည် အသာပက်ထုတ်ရင်းက ဓားကို ချင့်ချင့်ချိန်ချိန် ကစားနေသည်၊ သူ့ရင်ထဲတွင်လည်း ဒွိဟမျိုးစုံသည် ဝဲလှည့်နေကြ၏၊

သူသည် စစ်ကဲကြီးကို ခုခံလျှင် သူပုန်အဖြစ် သေရာတော့မည်၊ ထို့ကြောင့်အည့်ခံသင့်မခံသင့်၊ တကျူးတကမှာကြားပါသော အိုဖုန်းနေသည် အပြင်က ဝင်လာသည်၊ သင်းသည် မိမိအပေါ် သစ္စာရှိနေ၊ မရှိနေ၊ မိမိကိုဓားရိုးကမ်းပေး သူသည် သင်းတို့အုပ်စုထဲမှ တစ်ဦးတစ်ယောက် ဟုတ်၊ မဟုတ်၊

ထိုအခိုက်တွင် ဖရင်စည်းနှင့် အပေါင်းပါတစ်ဦးသည်အခွင့်အကောင်း ယူကာ စစ်ကဲကြီးဘက်မှဝင်ကူတိုက်ကြလေ၏၊ ထက်ဝန်းကား မလွယ်ကူတော့ချေ၊ အာရုံတွေကို သိမ်းစု၍ သတိကြီးစွာနှင့် ခုခံကာကွယ်နေရတော့သည်၊

"စစ်ရည်ဝနေတဲ့ ပုဂ္ဂိုလ်ကြီးက တစ်ယောက်ချင်း မတိုက်ဘဲ လူအုပ်နဲ့ တစ်ယောက်တည်းကိုဝိုင်းတိုက်တာက တော့ အမွှေခေါ်ရတော့မှာပဲ၊ ကိုရင်ထက်ဝန်းမကြောက်နဲ့ - ကျွန်မအကူလာပြီ"

အားလုံးသည် ရုတ်တရက် ထွက်ပေါ်လာသောအသံဆီသို့ လှည့်ကြည့်မိကြတော့သည်၊

သူကား ပြတင်းပေါက်ပေါ်တွင် တင်ပါးလွှဲထိုင်နေသည်၊ ဦးခေါင်းပေါ်တွင် ခမောက်ဖျော့ကိုတင်းကြပ်စွာ ဆောင်းထား၏၊ လက်တစ်ဖက်က ကဲလားတံခါးရွက်ကို ပင့်ထားသည်၊ ပေါင်ပေါ် တင်ထားသော လက်ျာလက်တွင်မူကား သေးငယ်ပါးလျသော ဓားရှည်ကလေး တစ်ချောင်းက တပြောင်ပြောင်တလက်လက် ရှိနေ၏၊ လက်ကောက်ဝတ်နှစ်ဖက်စလုံးတွင်ကား သားရေလက်ကျပ်ကြီးများနှင့်ဖြစ်သည်၊

ပြောပြီးလျှင်ပြီးချင်း လူရွယ်သည် ခြေနှစ်ဖက်ကို လွှဲကာ အတွင်းဘက်သို့ ခုန်ချလိုက်၏၊ ဤတွင် အိုဖုန်းနေသည် လွှတ်ခနဲ အော်ပြောမိတော့သည်၊

"အို - မောင်ကြီးစည့်သည် - ကျွန်တော်မတို့ကိုကယ်ပါဦး၊ ကျွန်တော်မတို့တာ မြို့ဝန်မင်းရဲ့ အဝေ့အမြှောက် အင့်ရောက်နေကြရတဲ့ ဒုက္ခတွေ့ပါရှင့်"

လူရွယ်သည် သွားများပေါ်အောင် ဖြုံးရယ်ပြီး ဦးခေါင်းတို့ ညိတ်ပြ၏၊ စစ်ကဲကြီးသည် လူရွယ်ကိုစိုက်ကြည့်၍

"မောင်မင်းက ဘယ်သူတုံး၊ သတ္တိမနည်းဘူးဆိုရင်လည်း ခမောက်ချွတ်ပြလေ" ဟု ပြောလိုက်၏၊

လူရွယ်သည် ဤတစ်ကြိမ်တွင်တော့ အသံထွက်အောင် ရယ်တော့၏၊

"မိတ်ဆွေတို့က ကိုယ့်ဌာနေရ တော့ တယ်လဲမေ့တတ်သတိုး၊ တောင်ကုန်းအထပ်ထပ် ကျော်လာရတာ မနိုင်ပါလား"

ညည်းညည်းညူညူကလေးပြော ရင်း လူရွယ်သည် မေးသိုင်းကြိုးတွေကို ဖြုတ်၍ ဖျော့ခမောက်ကို ချွတ်ချလိုက်ရာ တစ်ဖက်စအချနှင့် ခေါင်းပေါ်ထား သော လူရွယ်၏မျက်နှာ ဖွေးဖွေးသည် မီးရောင်တွင် ထင်းခနဲ ပေါ်လာလေ၏၊

စစ်ကဲကြီးသည် ဓားကို ချက်ချင်း ပြန်သွင်းလိုက်သည်၊

"ဟာ - အဆွေတော် - ရှုတ်ထား မို့ မမှတ်မိတာတို့ အဖြစ်မှား လာရကျိုးနပ်ပါတယ်၊ တွေ့ရ မပျက်ပါဘူး - အဆွေတော်ရယ်"

www.burmeseclassic.com

စစ်ကဲကြီးသည် လူရွယ်ကိုဖော်လဲ့ တကင်းပြန်၍ မြို့ဝန်ကြီးဘက်သို့ လှည့်၍ ပြောသည်။

"မင်းမီးဟာ စွယ်တော်အပင့်သွားဖို့ စိန့်တိုင်းကို ချီရာမှာ မောပြည်က စော်ဘွားတော်တော်များများ ပါဝင်ခဲ့ကြတယ်၊ သူလည်းပါတယ်လေ၊ သူကတော့ မိုးမိတ်စော်ဘွားကြီးရဲ့သားတော် စောရွှေဆာပေါ့၊ သူတို့ဘာသာစကားနဲ့ ခေါ်ရရင် စောရွှေဆာပေါ့လေ"

စစ်ကဲကြီးသည် တစ်ဆက်တည်း ပင်စောရွှေဆာဘက်လှည့်၍ပြောသည်။

"အဆောင်အယောင်မပါဘဲ လာရသလား - အရွေတော်"

"မေတ္တာမှန်မမှန် သိချင်လို့ တစ်ဦးထဲ ရောက်ခဲ့တာပါ၊ အရွေတော့်ဆီကို မေးမြန်းလာမယ်အပြုမှာဟောဒီက လုံမတီစွန့် ပက်ပင်းတိုးတော့တာပါပဲ၊ ကဲ - ကျွန်ုပ်အားလုံးသိတယ်၊ ဖြစ်ပုံက ဒီလိုလေ - သတိုးကြီးရဲ့"

***

စစ်ကဲကြီးသည် မြို့ဝန်ကို တော်တော်ဝင် အပြစ်တင်သည်။

"မဟာပိတ်စည်း - ဒီအတိုင်းဆိုရင် နားတော်ကိုလျှောက်ပြီး အရာချမှတော်တော့မယ်"

မဟာပိတ်စည်းသည် စစ်ကဲကြီး၏ ခြေကိုဖက်၍တောင်းပန်သည်၊ နောက်နောင်တွင် သိက္ခာသမာဓိနှင့်နေမည့် အကြောင်း၊ နောက်တစ်ကြိမ် ကျူးလွန်ပါက အသက်ကိုပင် သတ်တော်မူပါမည့် အကြောင်းနှင့် တောင်းပန်သည်၊ ဤအထဲတွင်ထက်ဝန်းတို့ကပါဝင်၍တောင်းပန်ပေးသောကြောင့် စစ်ကဲကြီးက အပြစ်မှ ချမ်းသာပေးလိုက်သည်။

စောရွှေဆာသည် စစ်ကဲကြီးကို -

"ဟောဒီက ကိုရင်ထက်ဝန်းဟာ လက်ရည်သိပ်တော်တယ်၊ သူ့ကို ရဲမက်ထဲမှာ ထည့်သုံးသင့်ပါတယ်" ဟု ပြောရာ စစ်ကဲကြီးက ထက်ဝန်းဘက်သို့ ငဲ့၍ကြည့်ရင်း - "သူက သစ္စာမြဲရင်တော့ တောင်းတာပေါ့" ဟု ပြောသည်။

ထက်ဝန်းသည်စစ်ကဲကြီး၏ခြေကို ဖက်၍ "မင်းမီးရဲ့သစ္စာကို ရိုးမြေကျဦးထိပ်ရွက်ပါ့မယ်၊ အမှုတော်ကို ထမ်းပါရစေ ဘုရား" ဟု လျှောက်လေသော် စစ်ကဲကြီးသည် ပြုံးရွှင်စွာနှင့် ထက်ဝန်း၏ဦးခေါင်းကို လက်နှင့်သပ်လေ၏။

အိုဖုန်းနေသည် စောရွှေဆာ၏ အနီးသို့ပြေးလာပြီးလက်ကလက်မောင်းကို ဆွဲယူနမ်းရှုပ်သည်။

"မောင်ကြီးညောင်းသည် ပုဂံရောက်တဲ့အခိုက် ကျွန်တော်မဖို့ထမင်းတစ်နပ် မြုံပါရစေ၊ မဆိုးမအိမ်က ထမင်းဟင်းဝေမယ့် မည့်မစေရပါဘူးရှင်" ဟု ပြောသည်။

"တောင်တန်းတွေ အထပ်ထပ် ဖြတ်ရကျိုးနပ်ပြီ၊ ပုဂံရောက်မှ နမလေး တစ်ယောက် ပုံသကူရတော့တာပဲ"

ထိုအခိုက်စစ်ကဲကြီးက သတိရ၍ -

"အရွေတော် - အပြင်မှာ ဘယ်သူ ပါသေးသလဲ" ဟု မေးသည်။

"အပြင်မှာတော့ မတ်ဟစ်ပဲ ကျန်ရစ်တာပေါ့"

တောင်ပြောလဲ့မှ ကိုညောင်းသည်တ ဤသို့ပြောလိုက်သောအခါ စစ်ကဲကြီး မှာ လွန်စွာအားနာသွားဟန်နှင့် -

"အို - ကျုပ်တို့ စကားကောင်းနေတာ ကြာနေပေါ့ဟာ၊ ခေါ်သွင်းလိုက်ပါလေ၊ ဘယ်သူ - မတ်ဟစ်၊ အေး - မတ်ဟစ်ကို ခေါ်သွင်းပါဘိ" ဟု ပြောသည်။

"အရွေတော် - မတ်ဟစ်ကို ဘာဖြစ်လို့ ခေါ်သွင်းတာလဲ"

"သေလေး . . . ဘာလေးတိုက်ရအောင်ပေါ့"

စောရွှေဆာသည်ရိုတ်လိုက်လဲ့လဲ့ ရယ်မောလိုက်၏။

"ကြုံကြုံဖန်ဖန် ဒေါသကရောက်ပါဘိ - အရွေတော်ရယ်၊ မတ်ဟစ်ဆိုတာ ကျွန်ုပ်စီးလာတဲ့ မြင်းကျော်ကြီးပါလေ"

စောရွှေဆာ (ဝါ) စောရွှေသာ၏ စကားကို ကြားရသောအခါတွင် အားလုံးမှာ ပိုင်း၍ရယ်မိကြလေတော့၏။

ထက်ဝန်းနှင့် အိုဖုန်းနေတို့သည် ပြန်ရန်နှုတ်ဆက်ကြ၏၊ ထက်ဝန်းသည် စောရွှေဆာ၏လက်ကိုလက်နှစ်ဖက်နှင့် ကိုင်၍ အလွန်ချစ်ကြည်စွာပြောသည်။

"ကိုရင်ရွှေဆာ - ကိုရင့်ကျေးဇူးကို ကျုပ် တစ်သက်မမေ့တော့ပါဘူး"

"နောင်ကြီးထက်ဝန်း - နောင်ကြီးရဲ့ လက်ရည်ကိုလည်း ကျွန်ုပ် တစ်သက် မမေ့ပါဘူးလေ၊ ကျွန်ုပ်ရဲ့မျက်စိတလှုလှုတာကိုမမြင်တတ်ဘူး၊ လက်ရည်လှုတာကိုမြင်တတ်တယ်၊ ဓွဲလမ်းတတ်ပါတယ်၊ အခုကြည့်ပါလား - စစ်ကဲကြီးလက်ရည်လှုလို့ ကျွန်ုပ်ဟာ စွဲလမ်းနေပြီး တောင်တန်းတွေဖြတ်ကျော်ပြီးပုဂံကိုအရောက် လာလည်ရတာကို ကြည့်စေတော့"

သတိုးယောဓာဝတီသည် စိတ်ဖြင့် ပြုံးမိတော့သည်။

နိဂုံး



www.burmeseclassic.com